
www.burmeseclassic.com
BURMESE CLASSIC
နေနွယ်ဇင်မြင့်
(ဒုတိယ အကြိမ်)
အောက်ချင်းအချစ် အောက်ချင်းသစ္စာ
L လင်း
www.burmeseclassic.com

www.burmeseclassic.com

# နေနွယ်ဇင်မြင့်

## အောက်ချင်းအချစ် အောက်ချင်းသစ္စာ


စာမူခွင့်ပြုချက်အမှတ် – ၅၀၁၅၂၉၂၀၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၅၄၃၁၀၀၉

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ

ဒုတိယအကြိမ်

တန်ဖိုး – ၁၀၀/–

အုပ်ရေ – ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉–လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉–လမ်း၊ ရန်ကုန်။

၈၉၅.၈၃

နေနွယ်ဇင်မြင့်

အောက်ချင်းအချစ် အောက်ချင်းသစ္စာ/နေနွယ်ဇင်မြင့်–ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၀။

၄၀၀– စာ၊ ၁၂×၁၈ စင်တီ။

(၁) အောက်ချင်းအချစ် အောက်ချင်းသစ္စာ


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူ… ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံ… ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုး…
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော… နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်… တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး… တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံ… တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုး… လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# နေနွယ်ဇင်မြင့်

# အောက်ချင်းအချစ်
# အောက်ချင်းသစ္စာ


(ဒုတိယအကြိမ်)

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အချစ်ဟုန်းဆိုးမြစ် လျှော့လမ်းကြောင်းအစ

ဂျင်းဘောင်းဘီ တီရှပ်၊ ကင်းဗတ်စ်ဖိနပ်အဖြူကို စီးကာ အင်းလျားလမ်းအတိုင်း လျှောက်လာနေပါသော ပြည့်ဖြိုးဝေ။

လက်ကို ဘယ်ညာ ဟန်ပါပါလွှဲ၍ ကိုယ်ကိုမတ်ထားသည်။ အေးမြလတ်ဆတ်သည့် လေများများကို တဝကြီးရှူရှိုက်သည်။ အဆုတ်တွင်းမှာ အောက်စီဂျင်ဓာတ်များ တစ်ကြိမ်ပြည့်ဝင်သွားတိုင်း၊ လူက ပိုလို့ ပိုလို့သာ လန်းဆန်းလာတော့သည်။

စောစောကများဖြင့် ငြီးစီစီကြီး၊ မှုန်နောက်နောက်ကြီးမို့ ခြေလှမ်းများပင် ခပ်ယိုင်ယိုင်ဖြစ်နေသည်။ ခုမှ နေသာထိုင်သာ ရှိလာသည်။ ညကတစ်ညလုံး မိုးလင်းလုနီးပါးထိ စာကျက်သည်။ ရောင်နီပျို့စမှ စာကြည့်စားပွဲမှထသည်။ တစ်ညလုံး မအိပ်ခဲ့ပေမင့် မျက်နှာသစ်သည်။

"ကြီးမေ ဖြိုး လမ်းလျှောက်ထွက်မလို့"

ဖြိုးတို့မိသားစုမှာ ဖေဖေက ခေတ်မီချစ်ပေမင့် မေမေ ဒေါ်ခင်မေလေးနှင့် မေမေ့အစ်မ အပျိုကြီး ဒေါ်ခင်မေကြီးတို့က ရှေးဟောင်း အယူအဆများကို သေတပန်သက်တစ်ဆုံး စွန့်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



ချင်ကြသူများမဟုတ်ပါ။ မွေးချင်း ညီအစ်ကိုမောင်နှမ မရှိသည့် သားတော်မောင် ကိုရွှေဖြိုးကို ကြက်မကြီးများ သားငယ်ကို အတောင်ဖြန့်၍ အုပ်ထားသလို ရင်ခွင်ပိုက် စောင့်ရှောက်လာကြသည်မှာ ဒေသကောလိပ်မှ ဒုတိယနှစ်အောင်ပြီးသည့်အထိပါပေ။

အိမ်မှကျောင်း၊ ကျောင်းမှအိမ် အိမ်ကဂုဏ်နှင့် လိုက်ပို့သည်။ ချည်သည့် သူငယ်ချင်းအိမ်မျှ သွားရောက်လည်ပတ်ခွင့်မရှိ။ ရှိသမျှ သူငယ်ချင်းတွေ အဘယ်မျှပင် များပါစေ၊ ကြိုက်သလောက် လာစမ်း၊ အိမ်မှာသာ ဒိုင်ခံ၍ ကျွေးမွေးသည်။ မျက်စိအောက်မှ တစ်ဖဝါးခွာခွင့်မရခဲ့သော ဖြိုးဘဝဖြစ်ပါ၏။

သည်ခေတ်သည်အခါတွင် သည်အရွယ် ယောကျ်ားကလေးမှာ လွတ်လပ်ခွင့်တွေ သည်မျှခုန့်ရှုံးနေရသည် ဆိုတော့ ကြားသည့်သူတွေက ရယ်ချင်ကြမည်။ သနားစိတ်လည်း ဝင်ကြမည် ထင်သည်။ 'ငတုံး'ဟုဆိုကာ ကဲ့ရဲ့လိုသူများလည်း ပါဝင်ပါမည်။ ဖြိုးဘဝကတော့ ဆယ်တန်းအောင်လို့ ဒေသကောလိပ်မှာသာ နှစ်နှစ်နေခဲ့ရသည်။ ပင်တိုင်စံ မင်းသမီးကလေးနယ် အုပ်ထိန်းစောင့်ရှောက်ခြင်းခံခဲ့ရသည်။

သို့သည်လိုနေနိုင်အောင်လည်း မေမေက ငယ်စဉ်မှစ၍ ပုံသွင်းခဲ့သည်မို့ ဆယ့်ရှစ် ဆယ့်ကိုး လူပျိုသိုးကြီး ဖြစ်လာသည့်တိုင် မေမေ့ပုံစံဘောင်အတွင်းမှာသာ ကျင်လည်ခဲ့ရသည်။ ဒုတိယနှစ်အောင်၍ တတိယနှစ်တက်ရန် မိဖွားသိပ္ပံတက္ကသိုလ်သို့ ပြောင်းသည့်နှစ်ကျမှ ...။

"ယောကျ်ားကလေးတစ်ယောက်ကို ဒီအရွယ်အထိ လိုက်ချစ်တိုင် လွှမ်းမိုးနေရင် မေလေးရဲ့သား ငတုံးကလေးဖြစ်သွားလိမ့်မယ်၊ ပင်ကိုအရည်အသွေးတွေ လုံးဝ ပျောက်သွားပြီး သုံးမရတဲ့ နုလမိန်းတုံးကလေး ဖြစ်သွားလိမ့်မယ်"



ဟု ဖေဖေက အခမ္ဘ တိုက်ပွဲဝင်ပေးခဲ့၏။ ကိုယ့်စိတ်ကိုယ့်သဘောနှင့် သွားလာလည်ပတ်ခွင့်ရခဲ့သည်။ ဒါတောင် အစိုးရိမ်ကြီးလွန်း၊ ပူပန်လွန်း၊ သားကို ချစ်ရှာလွန်းသော မေမေက တစ်ပတ်တစ်ခေါက်လောက် တက္ကသိုလ်ပရဝဏ်အတွင်းမှာ ကားကိုလှည့်ပတ်မောင်းရင်း သားတော်မောင်၏ ခြေလှမ်းများကို လေ့လာတတ်သေးသည်။

ခုတော့ လိမ္မာသော၊ စာကြိုးစားသော၊ မိဘစကားကို ပယ်ရှားလေ့မရှိသော ဖြိုးတစ်ယောက်၊ ရောင်နီပျို့ချိန်မှာ အင်းလျားလမ်းပေါ်တွင် ရင်ကော့၍ လျှောက်နေသည်။ ညက တစ်ညလုံး အိပ်မထားရသောကြောင့် နွမ်းခွေချင်ချင်ပါ။ သို့ပေမင့် လျှောက်ရင်း လျှောက်ရင်း အရှိန်ရကာ စိတ်လက်များ ကြည်လင်လာတော့သည်။

"ဟ ... ဘယ်လိုလဲ"

လူတစ်ယောက်လုံးကို ဝင်တိုက်တော့မတတ် ပွတ်ကပ်၍ မောင်းသွားသော ကားကလေးကို ခုန်၍ရှောင်လိုက်ရသည်။ မီးယက်ထောင့်တစ်ရာ ကားနီနီရဲရဲကလေးက နောက်ဆုံးပေါ် မဟုတ်ပေမင့် စက်အားကောင်းလှသည်။ 'ဝူး'ခနဲ အော်ကာ ကျော်တက်သွားပုံက မာန်ပါလွန်းသည်။ မပီပိုးတဝါး အလင်းရောင်ထဲမှာ ကားမောင်းသူကို သဲသဲကွဲကွဲ မမြင်လိုက်ရပါ။

"ခုနေများ တိုက်သွားရင် အလောင်းကောက်မယ့်လူတောင် အနားမှာမရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ် ရေရွတ်မိစဉ်မှာပင် အင်းလျားကန်ဘက်သို့ ချိုးဝင်သွားသည့် ကားနီနီလေးကို မြင်လိုက်ရသည်။

ကားလေး ဝင်သွားသည့် လမ်းချိုးအတိုင်း ဖြိုး ဝင်လိုက်ခဲ့သည်။ လှေလှော် ရွက်တိုက်အသင်း ဆိုင်းဘုတ်အောက်မှာ ရပ်ထားသည့် ကားနီနီလေး ကိုတွေ့သည်။ ကားဘေးမှာရပ်၍ ကားကိုမှီနေသူက မိန်းကလေး တစ်ဦးပါလား။

"အဟင်း ... ရည်းစားနဲ့ ချိန်ထားတာထင်ပါရဲ့၊ ဒီလောက်စောလွန်းတာတော့ ဝီရိယကြီးလွန်းတယ်"

သူ့ကို ကျောပေးထားသည့် မိန်းကလေးကို ခပ်လှမ်းလှမ်းမှာရပ်၍ အကဲခတ်ကြည့်မိသည်။

ချုပ်ညရီမှာ ဖြတ်ခြည်းမြင်ရခြင်းတော့ မဟုတ်ပါ။ နံနက်သည်းဆဲ၏ ရောင်နီမပျို့တပျို့ချိန်ခါမှာ မပီဝိုးတဝါးသာ မြင်ရခြင်းပါပေ။ နေရာကလည်း လှမ်းသည်မို့ ပို၍မသဲမကွဲ ဖြစ်နေသည်။ မိန်းကလေး၏ လက်တစ်ဖက်တွင်းမှာ အဝတ်စတစ်စကို တိုးလိုးတွဲလောင်း ကိုင်ထားသည်။ ခေါင်းစည်းပဝါကလေးလား၊ ခြုံစောင်ကလေးလား မဝေခွဲနိုင်ပါ။

သည်မိန်းကလေးသည် သူ့ကို ဝင်တိုက်လုနီးပါး ကားမောင်းကြမ်းသည့်မိန်းကလေးပင် ဖြစ်ရမည်ဟု ဖြိုး တွေးမိသည်။ သည်မိန်းကလေး၏ အပြုအမူတို့သည် စိတ်ဝင်စားဖွယ် ဖြစ်ရသည်ကတစ်ကြောင်း၊ အင်းလျားရေပြင်၊ ရေလယ်ကျွန်းနှင့် တံတားဖြူကလေးကို နောက်ခံထားကာ လှပစွာ ခြယ်မှုန်းထားသည့် ပန်းချီကားတစ်ချပ်နှယ် ကြည့်၍မငြီးနိုင်သည်ကတစ်ကြောင်း၊ သည်အချိန်သည်နေရာတွင် မိန်းကလေးတစ်ဦး ရောက်လာရပုံမှာ ထူးထွေ



ဆန်းပြားနေခြင်းကတစ်ကြောင်း အကြောင်းကြောင်းတို့ကြောင့် ဖြိုး ငေးကြည့်မိသည်။

ခြေသံလုံလုံထားကာ၊ နီးကပ်ရာသို့ တဖြည်းဖြည်း လှမ်းလာမိသည်။ ထိုအခိုက်မှာပင် နီနီရဲရဲမကလေးက လှုပ်ရှားမှုတစ်ခုကို ပြုလိုက်သည်။ လက်မှာကိုင်ထားသည့် အဝတ်စကို ဖြန့်သည်။ ပခုံးထက်မှာ မခို့တရို့ မတင့်တတင့်ကလေး ခြုံသည်။ ချင်းစောင်ကလေးဟု ခန့်မှန်းရပါ၏။

ဖြိုးလည်း မသိမသာ တိုးကပ်မိပါ၏။ ဘာလုပ်မလို့ပါလိမ့်ဟူသည့် မိမိမေးခွန်းကို မိမိမဖြေနိုင်သောကြောင့် ထက်ကြပ်မကွာ လိုက်ပါမိပါသည်။ တဖြည်းဖြည်း 'အထင်'တစ်ခုက ရင်ထဲမှာ ပေါက်ဖွားသည်။

"ဟိုက် ... ရေထဲခုန်ချမလို့နဲ့တူတယ်"

အသင်းသားများမှအပ မဝင်ရဆိုသည့် ဆိုင်းဘုတ်အောက်မှ ဖြတ်သန်းကာ တံတားဖြူပေါ်သို့ တက်သွားပါပြီ။ ပတ်ဝန်းကျင်မှာ သက်ရှိသတ္တဝါဟူ၍ ရေထဲမှငါးများ၊ ပိုးကောင် မွှားကောင်ကလေးများမှ လွဲလျှင် ဖြိုးနှင့် နီနီရဲရဲမကလေး နှစ်ဦးတည်းသာရှိသည်။ သည်မိန်းကလေးမှာ တစ်စုံတစ်ခုသော အန္တရာယ်သည် ကပ်ငြိကျရောက်ခဲ့ပါအံ့။ မိမိမှာသာလျှင် ကယ်တင်ရန် တာဝန်ရှိတော့သည်ဟု ဖြိုး ခိုင်ခိုင်မာမာ တွေးတော့မိပါသည်။

"ဟေး ... မလုပ်နဲ့"

ဖြိုး တအားကျုံးအော်သည်။ နီတာရဲမလေးက တံတားဖြူလေးလက်ရန်း မခိုင့်တခိုင့်ပေါ်သို့ပင် တင်ပါးလွှဲတက်ထိုင်နေပါပြီ။ ဤနေရာသည် ရေနက်လှသည်မဟုတ်ပေမင့် သေကြောင်းကြံစည်

www.burmeseclassic.com

www.burmeseclassic.com



ချင်သူတစ်ဦးအဖို့ ရေ၏အနက်အရှိုင်းက လုံလောက်နေပါသည်။ မတော်တဆ လိမ့်ကျမည်ဆိုလျှင်တော့ ကူးခတ်နိုင်စရာ ကမ်းခြေက လက်တကမ်းအလိုမှာသာရှိသည်။ ဖမ်းဆွဲလှမ်းဆွဲစရာ တံတားကြီး တစ်ခုလုံးလည်း ရှိသေးသည်။

မသေချင်သူအဖို့ ဆိုဗါမှ သေနိုင်ဖွယ်မရှိပါ။ သေချင်သူ ဆိုပါက မကူးမခပ်။ မမှီမတွယ်ဘဲ စုန်းစုန်းမြုပ်ခံခဲ့သော် သူမ အသက်ကို မည်သူအာမခံနိုင်မည်နည်း။

ဖြိုးက တအား ကျုံးအော်လိုက်ချိန်မှာပင် တာတိုအပြေး သမားနှယ် ဒုန်းစိုင်း၍ ပြေးသွားခဲ့သည်။

"ဟော့ ..."

နီတာရဲမကလေး၏ တံတောင်ဆစ်ကို လှမ်းကိုင်ကာ လက်ရန်းပေါ်မှဆွဲချသည်။ မိန်းကလေးက လှည့်အကြည့်၊ ဖြိုးက လည်း စေ့စေ့အကြည့် မျက်ဝန်းနှစ်စုံတို့ လမ်းခုလတ်မှာ ဆုံမိသည်။

ဖြိုး၏နှုတ်ဖျားမှ အံ့ဩလွန်းသည့် အာမေဍိတ်တစ်ခု ပွင့် အန်ကျသည်။ မိန်းကလေးထံမှ စကားသံ ထွက်မလာပါ။ ဝင်း စက်နေအောင် လင်းလက်လွန်းသည့် အကြည့်တစ်မျိုးကို အစွမ်း ကုန် ထုတ်လွှတ်လေသည်။ သည်အကြည့်မှာ ...

အားကိုး တွယ်တာမှုကိုလည်း ဖော်ပြသည်။ နာကြည်း ဆွေးမြည့်ရိပ်လည်း လွှမ်းသည်။ အကြင်နာမဲ့ လွင်တီးခေါင်မှာ တွယ်ရာမဲ့နေရသည့်အဖြစ်ကိုလည်း ထင်ရှားစေသည်။ အားငယ်မှု ကလည်း အတိုင်းမသိ စိုးမိုးနေပြန်သည်။ ယင်းသို့ ခံစားချက် မျိုးစုံကို ဖော်ပြနေသည့် ရှုးရှုးရဲရဲအကြည့်မှာ စမ်းချောင်းကလေး တစ်ခု ဖြတ်စီးသွားသည်။



သည်စမ်းချောင်းတစ်လျှောက်မှာ ရေတွေစီးဆင်း မလာ ကြဘဲ 'အချစ်'တွေ မျှောပါလာကုန်ကြဟန်တူပါ၏။

"ကိုကို"

"အာ ..."

ဖြိုး ရင်ခွင်ထဲသို့ ထွေးခနဲ အိကျလာတော့သည်။

"သိပ်လွမ်းတာပဲ ကိုကိုရယ်"

"စုသက်ရည်"

ဖြိုးက ယောင်ယမ်းခေါ်မိသည်။ သည်မျက်နှာကလေးကို ဖြိုး မြင်ဖူးသည်။ သည်မျက်နှာပိုင်ရှင်မကလေး၊ အမည်မှာ 'စုသက်ရည်'ဟု ဖြိုး ကြားဖူးသည်။ လူချင်းတော့ တစ်ခါမျှမကြုံ မဆုံဖူးကြပါ။ မျက်နှာချင်းဆိုင် စကားပြောဖို့ဆိုလျှင် ဝေလာဝေး။

ယခု 'ကိုကို'ဟု ခေါ်ကာ ရှေ့ခါင်းကလေးဝှက်၍ တွယ်ခိုလာ သောမိန်းကလေးကို ဖြိုး ပြန်လည်ထွေးပွေ့ရမည်လား၊ ရင်ခွင်တွင်း မှ တွန်းခွာပစ်ရမည်လား။ အားနာစိတ်ကြောင့် ထွေးပွေ့ရန် မဝံ့ မရဲဖြစ်မိပါသည်။ တွန်းထုတ်ဖယ်ခွာပစ်လောက်အောင်လည်း နှလုံး သားက မရက်စက်ချင်ပါ။

"စုသက်ရည် ... စုသက်ရည်"

သည်နာမည်ကို တတွတ်တွတ်ရေရွတ်ရင်း လက်တစ်ဖက် က ဝဲတက်သွားလိုက် ပြန်ချလိုက်နှင့် ပွေ့ရကောင်းနိုး၊ ဖက်ရ ကောင်းနိုး၊ ပွေ့ဖက်ခြင်းကိုလည်းမပြုရဲ။ ဘာလုပ်ရမှန်းမသိတိုင်း "စုသက်ရည် ... စုသက်ရည်"ဟုသာ ခေါ်နေမိတော့သည်။

"သိပ်ချစ်တာပဲ ကိုကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်နေသော စုသက်ရည် မျက်နှာလေးပေါ်သို့ မိမိ မျက်နှာကြီးကို ငုံ့ချအပ်ထားလိုက်ချင်စိတ်ကို မနည်းကြီး မျိုသိပ်ထားရသည်။

“စုသက်ရည် တို့ကိုသိတယ်လား၊ တို့လေ ... တို့ ဟို တစ်ခါက စုသက်ရည်ကို စာတစ်စောင် ပို့ပေးဖူးတယ်၊ ပြည့်ဖြိုးဝေ_ စုသက်ရည် မှတ်မိလား”

“ဟင့်အင်း ... ဟင့်အင်း ... ကိုကိုက ပြည့်ဖြိုးဝေ မဟုတ်ပါဘူး၊ ညီမလေး ကိုကိုပါ၊ ဘာစာလဲ ... ညီမလေး မသိဘူး”

“နေပါဦး၊ ဒီအချိန်ကြီး ဒီနေရာကို စုသက်ရည်တစ်ယောက်တည်း ဘာလာလုပ်တာလဲ”

“ညီမလေး ဘယ်မှာလာလို့လဲ”

“ဟာကွာ ... လာလို့ပဲရောက်နေပြီ၊ အင်းလျားလမ်းပေါ်မှာ တို့ကို ကားနဲ့ဝင်တိုက်မိမလို့တောင် လုပ်သွားသေးတယ်”

“ဟင့်အင်း ... ညီမလေး ကိုကို့ကို ကားနဲ့မတိုက်ပါဘူး”

“စုသက်ရည် ဘာဖြစ်နေလဲ၊ ဘာလုပ်ချင်လဲ၊ အကူအညီလိုရင် တို့ကိုပြောပါ၊ စုသက်ရည်မှာ ဘာအခက်အခဲရှိလဲ”

“ကိုကိုက ညီမလေးကို ကူညီမယ်လား”

“အေးပေါ့”

“ညီမလေး သိချင်တယ်”

“ဘာကိုလဲ၊ ဘာသိချင်တာလဲပြော”

“ဒီအင်းလျားရေပြင်ကြီးရဲ့ အောက်ခြေမြေလွှာပေါ်မှာ ဘာတွေရှိနေလဲဆိုတာ ဆင်းကြည့်မလို့၊ ကိုကို လိုက်ပို့မလား”

“ဟာကွာ ... နောက်စရာမရှိ နောက်တယ်”



အနည်းငယ် ရဲတင်းရင်းနီးလာပြီမို့ စုသက်ရည် ပခုံးတစ်ဖက်ကို ပိုင်ပိုင်ဆုပ်ကိုင်မိသည်။

ရင်ထဲမှာ နွေးခနဲဖြစ်သွားရသည်။

“ပြန်မယ် ... ပြန်မယ်၊ အိမ်မှာ စိန်တွေရှိတယ် ကိုကို”

“ဘာရယ် ...”

“ဟို ... ညီမလေး အနန်းဆီပုလင်း ဖြူဖြူလေးကျကွဲတော့ စိန်တွေဖြစ်သွားတယ်”

“ဟင် ... စုသက်ရည်”

စုသက်ရည်ကို လှချင်းဆွဲခွာကာ မျက်ဝန်းကို စေ့စေ့ကြည့်မိသည်။ စုသက်ရည်၏ သူငယ်အိမ်က တည်ငြိမ်မှုမရှိပါ။ အဓိပ္ပာယ်မဲ့ ဝေ့ဝဲလှုပ်ရှားနေသည်။ ယင်းအခြေအနေမှာပင် စုသက်ရည် မျက်ဝန်းက အရည်ကြည်များ ရွှန်းလဲ့ကာ လျှံကျလာတော့မလား ထင်ရလောက်အောင် ဝင်းလက်နေသည်။

စုသက်ရည် ဘာဖြစ်နေလဲ၊ ဘာတွေ စိတ်ညစ်နေလဲ၊ သူ့ကိုယ်သူ သေကြောင်းကြံတာလား ... ဆိုသည့် မေးခွန်းများ၏ နောက်ကွယ်မှာ ... စုသက်ရည် စိတ်မှမှန်ရဲ့လား ... ဟူသည့် သံသယတို့ ကပ်ငြိခိုတွယ်လာမိတော့သည်။

ကားတစ်စီး အပြင်းမောင်းနှင်ဝင်လာသံ ကြားရသည်။ ဖြိုး လှည့်ကြည့်ကာ စုသက်ရည်ကိုတွဲ၍ တံတားဖြူလေးပေါ်မှ ပြန်ကူးလာသည်။ စုသက်ရည်က 'ဘယ်သွားမလဲ ကိုကို' ဟူ၍ပင် မမေး။ ဖြိုး၏လက်မောင်းကို လက်နှစ်ဖက်နှင့် စုံကိုင်ရင်း အိအိ ကလေးမှီ၍ လိုက်ပါလာသည်။ မောင်းဝင်လာသည့်ကားက စုသက်ရည်ကားနားမှာ ကပ်၍ရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ငါးဆယ်ကျော်နှင့် ငါးဆယ်နီးပါးခန့်စီရှိမည်ဟု ခန့်မှန်းရသော လူကြီးတစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦးတို့ အလွန်ရေးကြီးသုတ်ပျာနိုင်လှသည့် အမူအရာဖြင့် မျက်ကလဲဆန်ပျာပြေးဆင်းလာကြသည်။

"တွေ့ပြီ ... တွေ့ပြီ၊ အတော်ဒုက္ခပေးတဲ့ ကလေးမ"

အပြေးအလွှား လှမ်းလာဆဲမှာ အမျိုးသမီးကြီးက မကျေမနပ်ရေရွတ်သည်။ ဖြိုးက စူးစမ်းသောအကြည့်နှင့် လှမ်းကြည့်သည်။ ယင်းအကြည့်မျိုးနှင့် မျက်ဝန်းနှစ်စုံကိုလည်း ပြန်လည်ခံယူရရှိသည်။ စုသက်ရည်က ဖြိုးရင်ခွင်တွင်းသို့တိုင် တိုးကပ်ဝင်ရောက်လာသည်။

"ဟဲ့ ... စုသက်ရည်"

ဖြိုးအပေါ် မျက်စိကစားရင်း စုသက်ရည်ကို မညှာမတာ လှမ်းဆွဲသည်။ စုသက်ရည် ပါမသွားဘဲ ကုတ်ကတ်တွယ်ဖက်ထားသည်။

"ဒီမှာခင်ဗျာ"

"မင်းက ဘယ်သူလဲ"

အမျိုးသားကြီးလေသံက မျက်ဝန်းအကြည့်တွေနှင့်ထပ်တူမာကျောသည်။

"စုသက်ရည်နဲ့ မင်းနဲ့ ဒီမှာ ချိန်းတွေ့ကြတာလား"

အမျိုးသမီးကြီး၏ အသံက ရန်လိုမောင်းမဲဖြစ်နေသည်။ နေရင်းထိုင်ရင်း ရန်ထောင်လာလို့ကတော့ ဖြိုးတို့က ငုံ့မခံတတ်ပါ။ မေမေ့ရင်မှာ သိုးငယ်လေးနှယ် နေခဲ့သည်က တစ်ကဏ္ဍ။ မေမေ့ကိုချစ်လို့၊ မေမေ့ကိုသနားလို့၊ မေမေ့ဆန္ဒနှင့်မဆန့်ကျင်လိုလို့။



"ချိန်းလည်းမထားဘူး၊ တစ်ခါမှတောင် မျက်နှာချင်းဆိုင်စကားမပြောဖူးဘူး၊ သူ ..."

တံတားဖြူကလေးဘက်သို့ မေးငေါ့ပြသည်။

"တံတားလက်ရန်းပေါ် ဇောက်ထိုင်နေလို့ ကူညီဖြိုးတွဲခေါ်လာတာ"

"ဒီလိုလား"

အမျိုးသားကြီးက ယုံကြည်ဟန်ပြသည်။

"ဟုတ်တယ်၊ အဲဒီအတိုင်းပဲ"

"ဒါဖြင့်လည်း ကျေးဇူးပါပဲ မောင်ရယ်၊ အန်တီတို့တူမကို ပြန်ခေါ်သွားတော့မယ်နော်၊ သူက ကောင်းကောင်း နေမကောင်းလို့"

ဖြိုးအား ဖက်တွယ်ထားသည့် စုသက်ရည်ကို ခပ်ကြမ်းကြမ်းဆွဲယူဖြန်သည်။ စုသက်ရည်က ခြေကန်၍ရုန်းသည်။

"ကိုကို့အိမ်ကို ပြန်ကြမယ်လေ"

ငုံ့ကြည့်နေသည့် ဖြိုး၏မျက်နှာနှင့် ထိလုနီးပါး မော့ကြည့်ကာ စုသက်ရည်က အားကိုးတကြီး ပြောရှာသည်။

"အလိုတော် ... စိတ်ကသာမမှန်တယ်၊ အနေအထိုင်က ကလက်လိုက်တာလွန်ရော"

"ဟာ ... ဘယ့်နှယ်ပြောလိုက်တာလဲ"

ဖြိုးလေသံမှာ ဒေါသတို့ကဲသွားသည်။ အမျိုးသားကြီးက အမျိုးသမီးကြီးကို တံတောင်နှင့်တွက်၍ ဟန့်သည်။

"ဒီလိုဝါ မောင်၊ အဲ ..."

"ပြည့်ဖြိုးဝေ ... ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အဲ ... မောင်ပြည့်ဖြိုးဝေရဲ့၊ ဦးနာမည်က ဦးသက်အောင်၊ ဒီက မင်းအန်တီက ဒေါ်မိမိထွန်းတဲ့"

"ခင်ဗျာ ... ဒါဖြင့် မျိုးသက်ထွန်းရဲ့ မိဘတွေလား"

"အစစ်ပေါ့ မောင်ရင်၊ မျိုးကို သိလို့လား"

"ကျွန်တော် မျိုးသက်ထွန်း သူငယ်ချင်းပါ"

"ဟန်ကျလိုက်တာကွယ်၊ မောင်ရင့်လို လူကောင်းသူကောင်းနဲ့ ဆုံစည်းတာ ဦးတို့မလေးကို ဘုရားမတာပါပဲ"

ချက်ချင်းကြီး လူကောင်းစာရင်းဝင်သွားရသော ဖြိုးအဖို့ ဦးသက်အောင်၊ ဒေါ်မိမိထွန်းတို့ စုံတွဲကို ကျေနပ်ကြည်ဖြူလှသည် မဟုတ်ပေမင့် သူငယ်ချင်း၏ မိသားစုဆိုတော့ လေးစားဟန်ပြရပါဦးမည်။

"စုသက်ရည်က မင်း အန်တီ ဒေါ်မိမိထွန်းရဲ့တူမလေး၊ သူ့အစ်ကို ဦးချစ်ထွန်းရဲ့သမီးပါ၊ မိဘတွေ မရှိရှာတော့ဘူးကွယ်၊ ဦးပဲ စောင့်ရှောက်ထားရတာ၊ သူက စိတ်ကောင်းကောင်းမနှံ့ရှာဘူး"

"စိတ်ကောင်းကောင်းမနှံ့ရှာဘူး" ဆိုသည့် နောက်ဆုံးဝါကျကို ဖြိုး ယုံကြည်လိုက်မိပါသည်။

"ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ကြားကပဲ မနက်က ဘယ်လို ဘယ်လို အလစ်ထွက်သွားတယ်မသိဘူး၊ မောင်ရင် စဉ်းစားကြည့်လေ၊ စိတ်မနှံ့တဲ့ အမျိုးသမီးကလေးတစ်ယောက်တည်း ကားတစ်စီးနဲ့ အင်းလျားကိုလာတယ်၊ တံတားလက်ရန်းပေါ်တက်ထိုင်တယ်ဆိုတဲ့ အရှက်ကိုရော အသက်ကိုပါ လုံခြုံမှုကင်းမဲ့စေတယ် မဟုတ်လား"



"ဟုတ်ပါတယ်"

"မင်း အန်တီမိမိကလည်း စိတ်ရှည်လက်ရှည် စောင့်ကြည့်ခဲ့ရတာ ရက်ကြာရှည်လာတော့ အိပ်ရေးတွေပျက်၊ စားမဖြောင့် အိပ်မဖြောင့် ဖြစ်လာရတယ်ပေါ့ကွာ၊ တစ်ခါတစ်ခါတော့လည်း ကရုဏာဒေါသလေးတွေ ဖြစ်မိတယ်"

သူ့ဇနီးသည်၏ မယဉ်ကျေးလှပါသော အပြုအမူနှင့် စကားတို့ကို ဖုံးဖိဖာထေးသည့် ဖြေရှင်းချက်စကားကိုဆိုသည်။ ဖြေရှင်းသည်ဆိုကတည်းက မိမိဘက်မှ မလုံခြုံရာရောက်ကြောင်း ဦးသက်အောင် သတိထားမိဟန်မတူပါ။

"စုသက်ရည် ပျောက်နေမှန်းသိတာနဲ့ ချက်ချင်းလိုက်ရှာကြတာပါ၊ မင်းနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့တာ ကံကြီးလွန်းလို့ မှတ်ယူပါတယ်"

သူ့ကို ရှေ့တင်ထား၍ သူ့အကြောင်းကို ပြောနေပါလားဟု၍ သတိထားမိပုံမပေါ်သော စုသက်ရည်က ဖြိုးကိုသာ မော့မော့ကြည့်နေသည်။

"ပြန်စို့လေ ကိုကို"

မှုမှုနဲ့နဲ့ ချွဲချွဲကလေးပြောဟန်မှာ သူ့ဆန္ဒကို ဖြည့်ပေးချင်စဖွယ် ဖြစ်နေရပါတော့သည်။

"မောင်ရင့်မှာ ကားပါသေးလား"

"ဟင့်အင်း ... ကျွန်တော် မနက်စောစော လမ်းထလျှောက်တာ"

"ကောင်းပါလေ့ကွယ်၊ သားတော်မောင် ကိုရွှေမျိုးကပြန့် အိပ်လို့ကောင်းတုန်းရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိထွန်းက လိုက်လျောဖော်ရွေဟန်ကို တမင်ပြု၍ ဝင်ပြောသည်။

"မောင်ရင့်ကို အားတော့နာပါရဲ့၊ ဒီပုံအတိုင်းဆိုရင် မောင်ရင် လိုက်ပို့မှဖြစ်တော့မယ်"

"ရပါတယ်"

"တက္ကသိုလ်ရိပ်သာ လမ်းခွယ်ကလေးတင်ပဲ၊ ဘာဝေးတာ မှတ်လို့ မောင်ရင် ကူညီလက်စနဲ့ ကူပါဦး၊ အိမ်ရောက်တော့ မျိုးကို အိပ်ရာကနိုးပြီး ပြန်ပို့ခိုင်းပါ့မယ်၊ နေတောင်ထွက်လာပြီ၊ လမ်းလျှောက်လို့လည်း မကောင်းတော့ဘူး"

ဖြိုးက စုသက်ရည်ကို ငုံ့ကြည့်မိပြန်သည်။ ဖြိုးမျက်ဝန်းမှာ လျှံတက်နေသည့် အကြင်နာ အခိုးအငွေ့များသည် စုသက်ရည်၏ မျက်ဝန်းများမှတစ်ဆင့် သူမ နှလုံးသားတွင်းသို့တိုင် စီးဝင်ကြလေသည်။

"ပြန်စို့နော် စုသက်ရည်"

"ကိုကိုနဲ့ တူတူလား"

"အင်းပေါ့"

"သွားမယ်လေ"

သည်လိုဆိုတော့ မရွေစုသက်ရည်ကပင် စတင် ခြေလှမ်းသည်။ သူ့ဦးလေးနှင့် အဒေါ်ကို လှည့်စောင်း၍ပင် မကြည့်ဘဲ သူမ ကားပေါ်သွားထိုင်သည်။

"ဩော် ... အန်တီ ဒီကားနဲ့ လိုက်ပါလား"

ဖြိုးက သိတတ်စွာပင် ဖိတ်မန္တကပြုသည်။



"နေပေ့စေ မောင်ရင်၊ ရော့ ... စုသက်ရည်ကို သကြားပြားကလေး အမောပြေကျွေးလိုက်ပါဦး"

ပြောပြောဆိုဆို သူမ လက်ဆွဲအိတ်အတွင်းမှ ပုလင်းကလေး တစ်လုံးကို ထုတ်ယူသည်။ ဆေးပြားဖြူဖြူကလေးတစ်ခုကို လက်ဝါးပေါ်မှောက်ချကာ ဖြိုးနားသို့ကပ်၍ တိုးတိုးပြောသည်။

"အိပ်ဆေးကွယ့်၊ နင့်မို့ဆို မင်းပြန်လို့ရမှာ မဟုတ်တော့ဘူး၊ သူ အိပ်ပျော်သွားမှဖြစ်မယ်၊ မင်းကလည်း မြန်မြန်ပြန်ရဦးမှာမဟုတ်လား"

ဖြိုး ခေါင်းညိတ်ပြသည်။

"ရော့ ... စုသက်ရည်၊ စားနော်"

စုသက်ရည် မငြင်းဘဲ ယူ၍ ဝါးစားသည်။ ဦးသက်အောင် နှင့် ဒေါ်မိမိထွန်းတို့က သူတို့မောင်းလာခဲ့သော အိုမယ်ကားပေါ်သို့ တက်သွားကြသည်။ ဖြိုးက ဗီးယက်နီနီကလေးပေါ်သို့တက်၍ မောင်းထွက်လာခဲ့ရသည်။

"အဲဒီဥစ္စာစားတိုင်း သိပ်အိပ်ချင်တာပဲ၊ ညီမလေး ဘယ်တော့မှ မစားဘူး၊ ကိုကို ကျွေးလို့စားတာ သိလား"

ညည်းညည်းညူညူကလေးပြောကာ ဖြိုး ပေါင်ပေါ်သို့ လှဲချသည်။ ကံမကောင်း အကြောင်းမလှရှာသူကလေးကို ကြင်နာခြင်းကြီးစွာဖြင့်သာ ငုံ့၍ ငုံ့၍ ကြည့်မိတော့သည်။

"ဖြစ်မှဖြစ်ရလေ၊ သကြားပြားနဲ့ အိပ်ဆေးကိုတောင် ခွဲခြား မသိရှာဘူး"

"ငါ့ကို ဘယ်သူများမှတ်ထင်နေသလဲ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဆိုတာ ဘယ်သူပါလိမ့်၊ မျိုးသက်ထွန်းကိုများ ခေါ်တာလား"

"ဟုတ်မယ်မထင်ဘူး၊ ခေါ်မိမိထွန်း စကားအသွားအလာ ကြည့်ရတာ စုသက်ရည်ကို လင်တရူးမကလေးလို့ စွပ်စွဲချင်တဲ့ ပုံစံမျိုး"

"ကိုကိုဆိုတာ စုသက်ရည် ချစ်သူများလားကွယ်"

"ဩော် ... သနားလိုက်ပါဘိတော့ မိန်းကလေးရယ်"

အတွေးလှိုင်းတွန့်ကလေးများပေါ်မှာ ကြင်နာမှု လေပြည်ကလေး ရှပ်တိုက်ပြေးလွှားသည်။ ရင်ထဲမှ အငွေးဓာတ်ကလည်း နှလုံးသားကို ရိုက်ပုတ်ဖိစီးဆဲ။ တံတားလက်ရန်းပေါ်မှာ တက်ထိုင်ခိုက် ဆွဲချလိုက်စဉ်က ပြန်ကြည့်လိုက်သော ခံစားမှုပေါင်းစုံတို့ ရောပြွမ်းယှက်နွယ်သည့် မျက်ဝန်းကလေးများက ကားရှေ့မှန်ပေါ်မှာ ကပ်ငြိလိုက်ပါတော့သည်။

❋ ❧ ❋



## တက္ကသိုလ်မှာ ခြေတစ်လှမ်းအစ

တစ်ချိန်က ဓာတ်ပုံကလေးကို မြင်ရုံမျှဖြင့် နှလုံးသားတွင်းမှာ လှိုင်းထန်အောင်ခံစားမိခဲ့ရသူကလေးက ယခုတော့ မိမိပေါင်ကို ခေါင်းအုံးကာ ခွေခွေခေါက်ခေါက်ကလေး အိပ်ပျော်နေရှာသည်။ ခြေထောက်နှစ်ချောင်းက ကူရှင်အောက်သို့ချကာ ကိုယ်ကလေးတစ်ပိုင်းက ကူရှင်ပေါ်မှာ ပုပုခွေခွေကလေး ဖြစ်နေသည်။ ဖြိုးမှာ ဂီယာထိုးလျှင်ပင် ထိမိခိုက်မိကာ နိုးသွားရှာလေမလားဟု သည့် ကြင်နာစိတ်ဖြင့် ကားကိုတောင် ဖြည်းဖြည်းကလေးမောင်းရတော့သည်။

သည်မိန်းကလေးအပေါ်မှာ လူချင်းမမြင်ဖူးမီကပင် စိတ်ဝင်စားခဲ့ရသည့်အဖြစ်ကို ပြန်ပြောင်းတွေးရပါက ဖြိုးတစ်ယောက် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်သို့ မအူမလည်ပုံစံနှင့် ရောက်ရှိလာခဲ့သည်က စရမည်။

ဖြိုးတို့မျိုးရိုးစဉ်ဆက်က ချမ်းသာကြွယ်ဝလွန်းသည်ဟု မဆိုနိုင်ပေမင့် စားနိုင်သောက်နိုင်တော့ရှိခဲ့ကြသည်။ ဖြိုးတို့မျိုးရိုးကို

www.burmeseclassic.com



ဂုဏ်တင်၍ ပြောကြစတမ်းဆိုပါက စီးပွားဥစ္စာဖြင့်တော့ အမွှမ်းမတင်နိုင်ပါ။

ပညာတတ်မျိုးဟူ၍ ချီးကျူးဂုဏ်ပြုရမည်ဖြစ်ပါ၏။ ဟိုတက်သည်ဘက် မျိုးရိုးနှစ်ဖက်စလုံးမှာ ဘွဲ့မရသူဟူ၍ မရှိခဲ့ပါ။ အချို့ နှစ်ဘွဲ့လောက်ရပြီးသည့်တိုင် အလုပ်တစ်ဖက်လုပ်ရင်း ဟိုစာမေးပွဲဝင်ဖြေ၊ သည်စာမေးပွဲဝင်ဖြေနှင့် အမြီးရှည်သထက်ရှည်အောင် လုပ်ကြသေးသည်။ ပညာပိုင်းမှာ အအောင်မြင်ဆုံးပုဂ္ဂိုလ်က ဖြိုး၏ဘိုးဘိုး။ ဦးထိုက်အောင်ကျတော့ ပါမောက္ခချုပ်ထိဖြစ်ခဲ့သည်။

ကျန်သည့်အမျိုးတွေထဲမှာ ဆရာဝန်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ၊ ဌာနဆိုင်ရာ အကြီးအကဲကြီးတွေချည်း။ ဝညာရေးဗိုင်းမှာ ဝင်ရောက်လုပ်ကိုင်သူမရှိပါ။ ဘိုးဘိုးက အချစ်ဆုံးမြေး "ပြည့်ဖြိုးဝေ"ကို သူ့ခြေရာနင်းစေချင်၏။

"ငါ့မြေးဟာ တက္ကသိုလ်မှာ ဆရာပြန်လုပ်ရမယ်၊ အနည်းဆုံး ပါမောက္ခလောက်အထိဖြစ်အောင် ကြိုးစားရမယ်၊ ဆရာဝန်လည်းမလုပ်နဲ့၊ အင်ဂျင်နီယာလည်းမလုပ်နဲ့၊ ဖြိုးရဲ့ဦးနှောက်ဟာ သာမန်ထဲကမဟုတ်ဘူး" ဟု ပြောခဲ့သည်။

ဖြိုးငယ်စဉ်ကတည်းက ဘိုးဘိုး မိန့်မြွက်ခဲ့သည့်စကားကို ဖေဖေနှင့် မေမေက ကျေနပ်လက်ခံကာ တက္ကသိုလ်ပါမောက္ခဖြစ်ရေးသို့သာ ဦးတည်ထိန်းကျောင်း နားချပုံသွင်းလာခဲ့သည်။

"ပါမောက္ခလုပ်မယ့်သူဟာ လူတကာထက် ပိုတော်ရမယ် ဖြိုး၊ ကျောင်းစာတစ်ခုတည်းမဟုတ်ဘူး၊ ဘယ်စုံ ... ဘက်စုံ"



ဘိုးဘိုး အားပါးတရ နားချခဲ့သောကြောင့် ဖြိုးမှာ စည်းအတွင်း ဘောင်အတွင်းမှာသာ လှုပ်ရှားခဲ့ရသည်။ ကျောင်းတက်ချိန်၊ စာကြည့်ချိန်၊ ကျန်းမာရေး အားကစားပြုလုပ်ချိန်၊ ဗဟုသုတအတွက် အပြင်စာများ ဖတ်ရှုချိန်တို့ကို မေမေက ဇယားချွဲပေးထားသည်။

ဟော့လားဟားလားလုပ်ချိန်၊ ထိုင်ဖြုန်းနေရသောအချိန်ဟူ၍ ဖြိုးမှာ တစ်မိနစ် တစ်စက္ကန့်ပင်မရှိခဲ့ပါ။ သွားလာလည်ပတ်နေချိန်ဆို ဝေလာဝေး။ ကျောင်းနှင့်အိမ်၊ အိမ်နှင့်ကျောင်း သဲသရာလည်ကာ ရှိသမျှ သူငယ်ချင်းတွေကိုလည်း အိမ်မှာသာ ဝိုင်းဖွဲ့လက်ခံသည်။ ဖြိုးကတော့ မည်သည့်အိမ်မှ သွားရောက်လည်ပတ်ခွင့်မရှိ။

ဆယ်တန်းအောင်စဉ်က ဂုဏ်ထူးငါးခု၊ ဒွေသကောလိပ်ပထမနှစ်မှာ လေးခု၊ ဒုတိယနှစ်မှာ ငါးခု ပြန်ရသည်ဆိုတော့ ဆေးတက္ကသိုလ်တက်မည် ဆိုလျှင်တောင် ခုံနံပါတ်တစ်ကနေ တစ်ဆယ်အတွင်းတော့ သာသာကလေးဝင်ပါသည်။

"ပါမောက္ခလုပ်ချင်တာချင်းတူတူမှာ ဆေးတက္ကသိုလ်မှာ လုပ်လို့ကော မဖြစ်ဘူးလားလို့ မေးချင်သလား ဖြိုး"

"ဆရာဝန်ဖြစ်၊ နိုင်ငံခြားဘွဲ့တွေ ထပ်ယူ၊ ဆရာဝန်ထဲမှာ သူများထက်ပိုတော်ရင်လည်း တစ်နေ့တော့ ပါမောက္ခမဖြစ်နိုင်ဘူးလား ဘိုးဘိုး"

"ဆရာဝန်လုပ်မယ့်သူတွေထဲမှာ ဖြိုးလိုပဲ တော်တဲ့သူတွေ အများကြီးမဟုတ်လား ငါ့မြေး၊ ကင်းခြေများရဲ့ခြေထောက်တွေ အများကြီးထဲမှာ ကိုယ်က ခြေတစ်ချောင်းသွားဖြစ်နေလို့ အဲဒီကင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ဘယ်လိုထူးပြီး အကျိုးပြုနိုင်မှာလဲ၊ ဘယ်လို ထင်ပေါ်နိုင်မလဲ၊ ဖြိုးဆိုတဲ့ ခြေထောက်ကလေးတစ်ချောင်းကြောင့် ဒီကင်းကြီးလမ်းလျှောက်နေတာပါလို့ ဘယ်လိုပြောခွင့်ရှိမလဲ၊ ဘိုးဘိုး ပြောတာ နားလည်လား ငါ့မြေး"

"ဟုတ်ကဲ့"

"ဘာသာရပ်တစ်ခုခုမှာ မေဂျာယူပြီဆိုပါတော့၊ အဲဒီမေဂျာမှာ ငါ့မြေးခုံနံပါတ် တစ်ဖြစ်မှာသေချာတယ် မဟုတ်လား၊ ဘာသာရပ် တစ်ခုစီ တစ်ခုစီမှာ ငါ့မြေး ယှဉ်ပြိုင်ဖောက်ထွက်ရမယ့်ပြိုင်ဘက် ဘယ်နှယောက်ရှိမလဲ ဖြိုး"

"ဟုတ်ပါတယ် ဘိုးဘိုး"

"ဒီဦးနှောက်၊ ဒီကြိုးစားမှု၊ ဒီလိုသွန်သင်ထိန်းကျောင်းမှုအတွင်းမှာ ပါမောက္ခဖြစ်ဖို့ဆိုတဲ့ ဦးတည်ချက်နဲ့ လှမ်းတက်လာတဲ့သူ ဘယ်နှယောက်ရှိမလဲ ပြောစမ်းပါဦး"

"ခုခေတ်မှာတော့ စာတော်တဲ့သူတိုင်း ဆရာဝန်လုပ်ကြတာချည်းပါပဲ"

"အေးပေါ့၊ စာတော်တဲ့သူတိုင်း ဆရာဝန်လိုင်းလိုက်သည်၊ ဆရာဝန်ဖြစ်နိုင်အောင် စာကြိုးစားကြသည်လို့တောင် စာတမ်းတင်ရမလိုဖြစ်နေပြီ၊ လူတော်ဆိုတာ ဆေးပညာတစ်ခုတည်းမှာသာ စွတ်လိုနေတာမဟုတ်ဘူးကွယ့်၊ နေရာတိုင်းမှာလိုနေတာ၊ အထူးသဖြင့် ပညာပိုင်းဆိုင်ရာမှာ အလိုအပ်ဆုံးပဲ"

"ဆယ်တန်းအောင်စဉ်က အမှတ်နည်းလို့ မေဂျာလောက်ယူထား၊ ဘွဲ့ရတော့ ကျူတာဝင်လုပ်၊ တဖြည်းဖြည်း လုပ်သက်နဲ့တက်တော့ ကထိကလောက်ဖြစ်၊ ရှေ့က အနားယူသွားကြတဲ့



ပါမောက္ခနေရာမှာ အစားဝင်၊ ဒီအစဉ်အလာကြီးဟာ သိပ်မကောင်းဘူး သား၊ တိုင်းပြည်အတွက်၊ အမိတက္ကသိုလ်ကြီးအတွက် အနာဂတ်ရဲ့ အညွန့်အဖူးကလေးတွေအတွက် ပြောတာ"

ဖေဖေကလည်း ဝင်ပြောသည်။

"အမိတက္ကသိုလ်ကြီးမှာ လူတော်တွေ စုပြုံဝင်နေရမယ်၊ ဒါမှ ရေရှည်မှာလည်း ကောင်းကျိုးဖြစ်မယ်၊ ဖြိုးလို ဘက်စုံတော်အောင် လေ့ကျင့်လာခဲ့တဲ့ လူငယ်တစ်ယောက်ဟာ တက္ကသိုလ်ပညာရေးအသိုင်းအဝိုင်းကလွဲပြီး တခြားကို မသွားသင့်ဘူး၊ မိဘတွေ ဒီအချက်ကို သဘောပေါက်ကြဖို့ကောင်းပြီ"

ဖေဖေ့စကားကို ဖြိုးဘိုးဘိုးက ခေါင်းတဆတ်ဆတ်ညိတ်၍ ထောက်ခံသည်။

ဤနည်းအားဖြင့် ဖြိုး ဆေးတက္ကသိုလ်သို့ မဝင်ဖြစ်တော့ပါ။ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှာ သင်္ချာအဓိကယူဖြစ်တော့သည်။ အဓိကဘာသာကိုတော့ ဖေဖေနှင့်ဘိုးဘိုးက ရွေးမပေးခဲ့ပါ။ "အကြိုက်ဆုံးဘာသာကိုသာရွေး" ဟု ပြောခဲ့သည်။ ဖြိုးက သင်္ချာကိုကြိုက်သည်။ ဖြိုးတစ်ယောက် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်သို့ ပထမဆုံး စတင်တက်ရသည့်နေ့မှာ အပေါင်းအသင်း ခင်မင်ရင်းနှီးသူဟူ၍ တစ်ဦးတစ်ယောက်မျှ ပါမလာခဲ့ပါ။

သူ့သူငယ်ချင်းတွေအကုန်လုံး ဆေးတက္ကသိုလ်ဝင်သွားကြသည်မို့ သည်အသိုင်းအဝိုင်းမှာ သူငယ်ချင်း မရှိသေးပါ။

ဝိဇ္ဇာသိပ္ပံတက္ကသိုလ်သို့ ရောက်လာသည့် ဖြိုးမှာ ယောင်လည်လည်ဖြစ်နေရတော့သည်။

✻ ❧ ✻

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသားဘဝ ပထမဆုံးနေ့မှာ အင်းလျားကို ဝဲ အလျှင်သွားတော့မည်ဟု စိတ်ကူးကာ ဘွဲ့နှင်းသဘင်ခန်းမဘက်သို့ လျှောက်လာသည်။ ခြသေ့ရုပ်ကြီးများကို စူးစိုက်ကြည့်လျှင် မလည်မဝယ်ကောင်လေးမှန်း လူသိမှာစိုးသောကြောင့် မသိမသာ ခိုးကြည့်ရသည်။ ဘွဲ့နှင်းသဘင်ခန်းမ နောက်ဘက်မှာ ထွက်ပေါက်မတွေ့ရသောကြောင့် အနောက်ဘက်မှ ပြန်ပတ်ရပြန်သည်။

စီးပွားရေးတက္ကသိုလ် နောက်ဘက်ဆီမှာ လူတွေဖြတ်သွားနေကြသည့် တံခါးငယ်ကို တွေ့တော့မှ ထိုအပေါက်ကထွက်ကာ အင်းလျားလမ်းကို ဖြတ်ကူးသည်။ အင်းလျားကန်စပ်သို့ လှမ်းကြည့်သောအခါ လူတွေလည်း ရှုပ်နေသည်။ ဝါးထရုံများ၊ အကာအရံများက ရေထဲသို့တိုင် ထိုးကျနေသည်။ တစ်ခါမှ္ လာရောက်မကူးဖူးပေမင့် ရေကူးရန် ရေကူးသင်တန်းဖွင့်သည့်နေရာမှန်း ဖြိုး သိပါ၏။

သံတိုင်ဝင်းထရံကို မဝင်တော့ဘဲ အင်းလျားလမ်းအတိုင်း ဆက်လျှောက်ကာ လူရှင်းသည့်နေရာတချို့ ဝင်လာသည်။

"ဟာ ... ဒီမှာလည်း လူရှုပ်တာပဲ"

အင်းလျားမှာ လူရှင်းသည့်နေရာမှ ရှိသေးရဲ့လား ဟုရှုံ့မင်တွေးမိသည်။ ရန်ကုန်မှာရှိသော ဆယ်ကျော်သက်ထိီး ဆယ်ကျော်သက်မကလေးတို့သည် အင်းလျား၏ ရင်ခွင်ကို ခိုလှုံရမှန်း ကောင်းကောင်းကြီးသိနေကြပါပြီ။ ဖြိုးတစ်ယောက်မှာသာ ...။



ဘူးသီးကြော်ဆိုင်ကလေးနှစ်ဆိုင် အနီးအနား ကန်စပ်သစ်ပင်ခြေရင်းတို့မှာ သပေါ့ဖျာကြမ်းခင်း၍ ခနော်နီခနော်နဲ့ သစ်သားခုံပု စားပွဲကလေးများ၊ ဘူးသီးကြော် ဝယ်စားနေကြသူများကို ဖြတ်လျှောက်လာသည်။

"ဘူးသီးကြော် ဝယ်စားတာပဲကောင်းတယ်"

ဘူးသီးကြော်ကိုစောင့်ရင်း ကန်စပ်သို့ လှမ်းကြည့်မိသည်။ အုတ်တိုက်အဆောက်အအုံ သေးသေး၊လေးဘေးမှာ မော်တော်ကားတာယာကွင်းမှ ကျွတ်များကို လေမှုတ်၍ထားသော ဘောကွင်းများကိုတွေ့ရသည်။ ဘောကွင်းကြီးများကို ရေမှာချကာ ဖက်တွယ်ကူးခပ်နေသူ လူငယ်ကောင်ကလေးတွေ များလှသည်။

"ရပြီ အစ်ကို"

"ဟ ... မင်းဟာက ဘူးသီးကြော်လည်း မဟုတ်ပါလား"

"ငါ့မုံက တက္ကသိုလ်ကျောင်းသားမုံစံ မဝင်သေးတာနဲ့၊ ဒီကောင်လေး ငါ့ကို နပ်ချပြီ" ... ဟူသော အတွေးနှင့် လှမ်းပြောသည်။

"ဘူးသီးကြော်ပဲ အစ်ကို"

"ဂေါ်ရခါးသီးကြော်ကြီးပါကွာ"

"ဂေါ်ရခါးသီးကြော်ဆိုတာ ဘူးသီးကြော်ပဲ"

"ဟော"

ပထမတော့ အံ့အားသင့်သည်။ နောက်တော့ ... အကြော်သည်အဒေါ်ကြီး၏ မလုံမလဲအမူအရာကိုမြင်တော့ ဖြိုး သဘောပေါက်သွားသည်။ ရယ်ချင်ချင်ဖြစ်လာသည်။ စိတ်ထဲမှာလည်း အနည်းငယ် ရဲတင်းလာပြီမို့ နှုတ်စလျှာစ သွက်ချင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေသကောလိပ်မှ ဒုတိယနှစ်အောင်ခဲ့ပြီဆိုတော့လည်း အကြော်သည်မိသားစုရှေ့မှာလောက်တော့ ပြောရဲဆိုရဲရှိပါ၏။

"ကောင်းရောပဲ … ဘော်တနီပါမောက္ခတောင် သိမှာမဟုတ်ဘူး၊ အင်းလျားကန်စပ်မှာ ဂေါ်ရခါးသီးကို ဘူးသီးလို့ခေါ်တယ်ဆိုတဲ့အကြောင်း"

ဖြိုးမျက်နှာ ပြုံးစိစိမို့ အကြော်သည် အဒေါ်ကြီး မျက်နှာထားပြောင်းလဲသွားသည်။ စိတ်သက်သာရာရသွားပုံလည်းရပါ၏။ တစ်မနက်လုံး ကိုယ်ချည်း အနေခက်ခဲ့ရသမျှ၊ ကိုယ့်ရှေ့မှာ အနေခက်နေသူကိုတွေ့ရမှ ကိုယ်က နေသာထိုင်သာရှိလာရတော့သည်။

"ဟောဒီဟာကြီးကို ဂေါ်ရခါးသီးလို့ခေါ်တယ်လား … ဟုတ်လား"

အနီးရှိတောင်းထဲမှ ဘူးသီးထက်ပိုင်းပြတ်ကြီးကို အညာမှ ဆွဲကိုင်မြှောက်ပြရင်းမေးသည်။ ဘေးနားမှာ ဖြိုးနှယ်ပင် ထိုင်၍ စားသောက်နေကြသည့် ကျောင်းသားလေးဦး ဝါးခနဲ ရယ်သည်။

"ကြိတ်ပေး အပေါင်းအသင်းရေ … ဒီကိုယ်တော်လေးကို ဒီလိုချွတ်ပေးမှ"

လူငယ်လူရွယ်ချင်းမို့ တစ်ယောက်တစ်ပေါက် ဝင်ပြောရင်း၊ ချက်ချင်းဆိုသလို အဖွဲ့ကျသွားတော့သည်။ ဖြိုးနှင့် ကျောင်းသားလေးဦးတို့ မိတ်ဖွဲ့ပေးမည့်သူ မရှိဘဲ မိတ်ဆွေဖြစ်သွားရသည်။ ဖြိုး … ပျော်စပြုလာသည်။

ဖြိုးက တောင်းထဲမှ ဂေါ်ရခါးသီးတစ်လုံးကို လှမ်းယူ၍ မြှောက်ပြသည်။



"ချာတိတ်ရ … ဒီဘူးသီးပေါက်စနလေးနဲ့ ကြော်တော့ တစ်ပွဲဘယ်လောက်လဲ"

"နှစ်ကျပ်ပါ"

"ဩော် … ဩော် … ဟောဒီ ဂေါ်ရခါးသီး စုပါစတားကြီးနဲ့ကြော်တဲ့ အကြော်ကျတော့ကော"

ဘူးသီးထက်ပိုင်းပြတ်ကြီးကို ဖြိုး မြှောက်ပြသည်။

"နှစ်ကျပ်ပါပဲ"

"ဟော … ဒီလိုဆိုရင် ဟောဒီ စုပါဂေါ်ရခါးသီးကြီးနဲ့ အကြော်တစ်ပွဲ"

တစ်ယောက်က ထအော်သည်။

"အဲဒါက ဈေးကြီးတယ်၊ သူနဲ့မကြော်နိုင်ပါဘူး၊ သူနဲ့ကြော်ရောင်းရင် တွက်သားမကိုက်ဘူး"

ချာတိတ်ကလေးက ရှင်းပြသည်။

"ဒါဖြင့်ရင် ဒီဟာကြီးကို ဘာလုပ်ဖို့လဲ"

"ပြထားတာ"

ချာတိတ်လေး အဖြေကရှင်းသည်။

"ကောင်းရောပဲ"

ဖြိုးတို့တစ်ဖွဲ့လုံး ဝါးခနဲရယ်ပြန်သည်။

"ဒီစုပါဂေါ်ရခါးသီးကြီးကို … ဟို ဟာစ်ထရီမေဂျာက စုပါနှုတ်ခမ်းမမလာမှ ကြော်ကျွေးမှာထင်ပါရဲ့"

ဟာစ်ထရီမေဂျာမှာ ပါးစပ်ပြပြနှင့် မိန်းကလေးတစ်ယောက်တော့ ရှိပြီးဟု ဖြိုး တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"စုပါနှုတ်ခမ်းကို စုပါနှာခေါင်းက အရမချိုင်နိုင်တာတော့ ညံ့လွန်းတယ်"

သူတို့အချင်းချင်းပြောစကားများကို နားထောင်ရင်း သေသေချာချာကြည့်မိတော့၊ ကျောင်းသားတစ်ယောက်၏ နှာခေါင်းမှာ ကြက်တူရွေးနှုတ်သီးနှယ် ရှည်၍ချွန်ပြီး အောက်သို့ကွေးကျနေသည်ကို တွေ့ရသည်။

"ဒီစုပါနှာခေါင်းက မင်းကြီးတော်၊ စုပါပါးကြီးပေါ်မှာ သနပ်ခါးသွေးဖို့ဟ"

ဖြိုးတ သူတို့အဖွဲ့နှင့် ရောရယ်သည်။

"အပေါင်းအသင်းက တတိယနံ့စ်ထင်တယ်"

"ဟုတ်ကဲ့ ... ခင်ဗျားတို့က ဗိုင်နယ်လား"

"ဟင့်အင်း ... သဘာ်ယီးယားမှာပျော်လို့ အတန်းမတက်သေးဘဲနေနေတာ"

"အောင်မာ ... လူကြားကောင်းအောင် ပြောနေပြန်ပြီ၊ ဖျင်းလို့ကျတာ ရှက်စရာလား"

"ဟဲ ... ဟဲ ... ရှက်လည်းရှက်ပါရဲ့၊ ရှက်လည်းမရှက်ပါဘူး"

အသံကို တမင် ညောင်နာနာဖြစ်အောင် လုပ်ပြောသောကြောင့် ရယ်ဖြစ်ကြပြန်သည်။

"အပေါင်းအသင်းနာမည်က"

"ပြည့်ဖြိုးဝေ"

"ဟ ... ဘုရှာနာမည်ပဲ"



"အဲကိုမေဂျာကလေးယူထားတာနဲ့၊ စကားပြောလိုက်တိုင်း ခေတ်ကြီးငါးခေတ်နဲ့ ကိုင်ကိုင်ပေါက်နေတာပဲ"

စုပါနှာခေါင်း၏အမည်က မျိုးသက်ထွန်း၊ ဖြူဖြူမြင့်မြင့်နှင့် ရုပ်ခပ်ဖြောင့်ဖြောင့်လူက သူရဇော်၊ အသားညိုပြီး အရပ်ရှည်ကာ ပိန်လွန်း၍ ကလန်ကလားဖြစ်နေရသူက သိန်းသန်းအောင်၊ အားလုံးထဲမှာ အပုဆုံးက မိုးမြင့် ... စသည်ဖြင့် သူတို့အမည်များကို သိခွင့်ရလိုက်ပါတော့သည်။

❋ ❧ ❋

www.burmeseclassic.com

www.burmeseclassic.com



## ဖိုးရွှယ်အရုဏ်ဦးပေပို့

စင်စစ် မျိုးသက်ထွန်းတို့အုပ်စုသည် ဖြိုးနှင့် အတွဲညီသည့် အပေါင်းအသင်းမျိုး မဟုတ်ပါ။ ဖြိုးက အိပ်ချိန်၊ စာကြည့်ချိန်၊ ကိုယ်ပိုင်အနားယူချိန်တို့ကို မမေ့ မေ့ ယားဆွဲပေးစရာမလိုတော့ဘဲ ကိုယ့်ဘာသာဆွဲ၍ ဇယားကိုက် နေထိုင်သူဖြစ်သည်။

မျိုးသက်ထွန်းတို့အုပ်စုကတော့ နှစ်ဆယ့်လေးနာရီမှာ အိပ်ချိန်ကို တစ်ခါတစ်ရံ ဆယ်နာရီခန့်အထိယူသည်။ ရံဖန်ရံခါဆိုသလိုလည်း လေးနာရီ ငါးနာရီသာယူသည်။ ပျမ်းမျှကြေး ရှစ်နာရီပဲထားပါ။ ကျန်အချိန် ဆယ့်ခြောက်နာရီမှာ အတန်းတက်ချိန်က သုံးနာရီထက်မပိုပါ။ တစ်နေ့တစ်နေ့မှာ အတန်းဘယ်နှစ်ချိန်ရှိရှိ သုံးချိန်လောက်တက်မိလျှင်ပင် ...

"နားပူတယ်၊ ခါးညောင်းတယ်၊ ဦးနှောက်သိပ်ပင်ပန်းသွားပြီ"ဟူသည့် အကြောင်းပြချက်မျိုးစုံဖြင့် သင်တန်းချိန်များကို လက်လွှတ်ပစ်တတ်ကြသည်ချည်း။ တစ်နေ့တစ်နေ့ ဖြုန်းပစ်သောအချိန်က ဆယ်နာရီပတ်ဝန်းကျင်မှာ အမြဲရှိသည်။ သူငယ်ချင်းတွေစု၊ ဝိုင်းဖွဲ့၊ ဟေးလားဝါးလားလုပ်၊ မိန်းကလေးစ၊ 'လူငယ်



ဘဝကို အကျိုးရှိရှိနေတာ'ဟု ပျက်တီးပျက်ချော်ပြောရင်း အပျော်လွန်နေကြသူများချည်းဖြစ်သည်။

သူတို့အုပ်စုထဲမှ သိန်းသန်းအောင်နှင့် မိုးမြင့်တို့က ဘာသာအဓိကယူကြသူများမို့ ဖြိုးနှင့် အတန်းတူသည်။ မျိုးသက်ထွန်းက သောဂဗေဒ၊ သူရအောင်က ရက္ခဗေဒယူကြသည်။ သူတို့သူငယ်ချင်းလေးဦးမှာ ကိုးတန်းဆယ်တန်းကတည်းက တစ်ကျောင်းတည်းထွက် ငယ်ပေါင်းများမို့ ကိုယ့်အတန်းကိုယ်လစ်ကာ အမြဲဆုံတွေ့နေကျလည်းဖြစ်သည်။

သိန်းသန်းအောင်နှင့် မိုးမြင့်က ကျောင်းပြေးများမို့ အတန်းမှန် စာတော်သူ ဖြိုးကိုတော့ အသေကပ်၍ ပေါင်းရသည်။

အင်းလျားစောင်း ဘူးသီးကြော်ဆိုင်မှာ အမှတ်မထင်ဆုံတွေ့ကြရသည့် မိတ်ဆွေဘဝမှ ဝါသနာချင်း စရိုက်ချင်းမတူဘဲ အပေါင်းအသင်း ဖြစ်ရသည့် သူငယ်ချင်းများ ဖြစ်ကြရတော့သည်။

"ဟေ့လူ ... ကိုစုပါ"

ဖြိုးတို့ကားက အဓိပတိလမ်းမကြီးသို့အဝင် ခြသေ့်တံခါးအလွန်ကလေးမှာ မန္တလေးဆောင်မှ ဆင်းလာသည့် မျိုးသက်ထွန်းကိုတွေ့သောကြောင့် ကားပေါ်မှဆင်း၊ ကားပြန်လွှတ်၊ မျိုးနှင့်ပင်တူတူလမ်းလျှောက်သွားတော့မည်ဟူသည့် စိတ်ကူးနှင့် ဖြိုးကအမီလိုက်ခေါ်ခြင်းဖြစ်ပါ၏။

မျိုးသက်ထွန်းက ခေါင်းကိုငုံ၊ မျက်စိကိုစွေ၍ ပြန်ကြည့်သည်။ 'သည်အမူအရာက လောကကြီးကို ထီမထင်တဲ့ပုံစလေ'ဟု ဂုဏ်ယူစွာပြောလေ့ရှိသေးသည်။ သည်ပုံစံနှင့် ကြည့်တတ်အောင်

www.burmeseclassic.com

www.burmeseclassic.com



"မှန်ရှေ့မှာ တစ်နေကုန်ရပ်ပြီး ကျင့်ထားရတာ"ဟုလည်း ကြွားရာမရှိ ကြံဖန်ကြွားတတ်သည်။

"ကိုရှုပါ"

ဖြိုးက မျိုးသက်ထွန်းကို မီလာသည်။

"နာမည်ကို ဂွတီးဂွစာဖြစ်အောင် ခေါ်တတ်တဲ့သူတွေကိုသာ အကာယ်ဒမီပေးရရင် မင်း နံပါတ်တစ်ရမှာပဲ ဖြိုး"

သိပ္ပံအဆောက်အအုံရှုံးခန်းဆောင်းမှ သံပန်းလှလှကြီးများနှင့် လှေကားကို နှစ်ယောက်အတူတူ တက်လာကြသည်။ ခန်းမကြီးကိုဖြတ်၍ ယာဘက်သို့ ချိုးကွေ့သည်။

"ခင်ဗျား ... ကလပ်စ်မတက်ဘူးလား"

မျိုးသက်ထွန်းက စီးပွားရေးတက္ကသိုလ်မှာ တက်ရမည့်သူဖြစ်နေပါလျက် ဖြိုးနောက်က တကောက်ကောက်လျှောက်လိုက်ဖြစ်သောကြောင့် ဖြိုး မေးမိသည်။

"လောကမှာ အရွယ်သုံးပါးရှိသတဲ့"

"ဒီလူ ဘာမဟုတ်တာတွေ ပြောဦးမလို့လဲ"

"ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ ကုသိုလ်ရှာတဲ့"

"အင်းလေ ... ဒါကြောင့် ပညာရှာရမယ့်အချိန်မှာ ကျောင်းပြေးမနေဖို့ ပြောတာပေါ့ဗျာ"

"ငါက ပထမအရွယ်တည်းက ကြင်ရာရှာတယ်"

"ကောင်းရောပဲ"

"ဒုတိယအရွယ်အထိ ဆက်ရှာရမှာပဲ၊ အခုဆို ငါ့အသက်က အစိတ်ထဲမှာ"



"ခင်ဗျား ကျွန်တော့်ထက် အများကြီးပိုကြီးတာပဲ"

"အဲဒါ သူများတွေ မသိစေနဲ့ကွာ"

ဖြိုးတစ်ယောက် ခွက်ထိုးခွက်လန် ရယ်မောမိတော့သည်။

"ဘာရယ်တာလဲ၊ ငါက သက္ကရာဇ်ဖြိုထားလို့ ပြောတဲ့ဥစ္စာ၊ မင်းက ..."

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ထားပါတော့၊ ကဲ ... ဆိုပါဦး၊ တတိယအရွယ်ကျတော့ ဘာရှာမှာလဲ"

"အဲဒီအရွယ်ကျမှ ပညာရှာမလားလို့"

"ခြောက်ဆယ်ကျော်ရောပေါ့"

"ဘာဖြစ်သလဲကွာ ... ပညာလို အိုသည်မရှိတဲ့"

"ဒါဖြင့် ... ဥစ္စာနဲ့ကုသိုလ်က ဘယ်အရွယ်မှာ သွားရှာမလဲ"

"နောက်ဘဝကျမှပဲ ရှာတော့မယ်"

"ကောင်းရောပဲ"

"မင်းစကားပြောရင် ကောင်းရောပဲ၊ ကောင်းရောပဲနဲ့၊ ဝသီပါနေပြီ၊ မင်းသာ ဝတ္ထုထဲကလူဆိုးဆိုရင် ကွိခနဲ့ အဖမ်းခံရမယ်"

"ဘာဆိုင်လို့လဲ"

"သိဘူးလေကွာ ... ဝတ္ထုတွေထဲမှာ လူဆိုးကို မိဖို့အတွက် လူဆိုးကို ဝသီကလေးတစ်ခု လုပ်ပေးထားရတယ်၊ စာတ်လိုက်က လိုက်ပြီးစုံစမ်းတော့ ရုပ်ဖျက်ထားတဲ့လူဆိုးကို မျက်နှာမမှတ်မိဘဲ ဝသီကလေးကို မှတ်မိသွားရတာကိုး"

"ခင်ဗျားက ဝတ္ထုတွေတော့ တော်တော်ဖတ်တယ်ထင်ပါရဲ့"

www.burmeseclassic.com



"သြော်ကွာ ... ကြင်ရာမရှိသေးတဲ့ ငါ့ဘဝ နံချာလွန်းလို့ ဒါလေးတစ်ခုနဲ့ အပျင်းဖြေရတာ၊ ဝတ္ထုတွေဆိုတာလည်း အပ်ကြောင်းထပ်နေပြီ၊ မင်းသားနဲ့မင်းသမီး ညားမယ် ... လူကြမ်းသေမယ် ဒါပဲမဟုတ်လား"

"ဟာ ... အဲဒါ အဆိုကျော်မင်းယုဉ်ရဲ့ သီချင်းပါ"

"မှတ်ထား ... ပညာဆိုတာ ယူတတ်ရင် စတီရီယိုသီချင်းထဲကလည်းရတယ်"

ဖြိုး ရယ်နေလိုက်ပါတော့သည်။ သူဘာဆက်ပြောရမှန်းမသိတိုင်း မျိုးသက်ထွန်းတို့အုပ်စုကို ရယ်လျက်သာ အရှုံးပေးရပါတော့သည်။

ထင်ထားသည့်အတိုင်းပါပဲ။ စာသင်ခန်းထဲတွင် သိန်းသန်းအောင်ရော မိုးမြင့်ပါ ရှိမနေကြပါ။ အခန်းထဲမှ သူငယ်ချင်းတစ်ယောက်က လှမ်းအော်ပြောသည်။

"ဟေး ကိုဖြိုး ... ကိုမိုးမြင့်က ဂျပ်ဆင်လေ့ကားချောင်ထဲက အတွဲတွေ သွားချောင်းမလို့ ကလပ်စ်မတက်တော့ဘူးလို့မှာသွားတယ်"

"ကောင်းရောပဲ"

မျိုးသက်ထွန်းက ဖြိုးလေသံနှင့် ဝင်ပြောသည်။

"ခက်တဲ့လူတွေပဲ"

ဖြိုးက ညည်းညည်းညူညူပြောသည်။

"ဒီလိုမှန်းသိရင် စောစောကတည်းက အဲဒီဘက် တန်းလိုက်သွားတာပေါ့၊ ခုတော့ ခြေထောက်ညောင်းလိုက်တာ"



မျိုးသက်ထွန်းက သူ့ခြေထောက်ကို ကုန်းကုန်းကွကွလုပ်ရင်း လှမ်းနှိပ်နေသည်။ မျက်နှာကိုလည်း ရှုံ့မဲ့ပြနေသောကြောင့် မိန်းကလေးအချို့ လှမ်းကြည့်ကာ ပြုံးစိပြုံးစိ ဖြစ်ကုန်ကြသည်။

"တွေ့လား ... မျိုးသက်ထွန်းတို့က ရတဲ့အကွက် ဖမ်းထွင်ပစ်လိုက်တာ ကောင်မလေးခုနစ်ယောက်ခွဲက ငါ့ကို လှမ်းကြည့်တယ်၊ ပြုံးကြတယ်"

"ခွဲက ဘယ်လိုဖြစ်တာလဲ"

"တစ်ယောက်က လှည့်ကြည့်ရုံကြည့်ပြီး မပြုံးဘဲ နှာခေါင်းရှုံ့သွားလို့ ရှစ်ယောက်မပြည့်ဘူးလို့ ဆိုရမယ်၊ ခုနစ်ယောက်ခွဲပဲ၊ သချ်ာယူတဲ့ကောင်ကလည်း ငါ့လောက်တောင် အတွက်အချက်မတတ်ဘူး"

မျိုးသက်ထွန်း ထွက်သွားပြီး မကြာမီမှာပင် ဆရာဝင်လာကာ စာသင်သည်မို့ ဖြိုးတစ်ယောက် ရေးရ၊ မှတ်ရ၊ တွက်ရနှင့် စာသင်ခန်းထဲတွင် စိတ်နစ်ဝင်သွားပါတော့သည်။

❋ ❧ ❋

ဖြိုး အသက်နှစ်ဆယ်ပြည့်သော မွေးနေ့တွင် အိမ်မှာ ဖြိုးသက်စေ့ ဘုန်းတော်ကြီးအပါးနှစ်ဆယ်ကို ဆွမ်းကပ်သည်။

"ဟော ... မင်းဖိတ်မယ့် သူငယ်ချင်းတွေကလည်း ယောက်ျားတွေချည်းပဲလား"

မေမေက ရယ်ဟဟ မျက်နှာလေးနှင့်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကလည်း နှစ်တိုင်းလည်း ဒီလိုပဲ၊ ယောကျ်ားလေး သူငယ်ချင်းတွေချည်း ဖိတ်ခဲ့တာပဲဟာ"

"ရီဂျင်နယ်နှစ်နှစ်တက်လာတာတောင် မိန်းကလေး သူငယ်ချင်းမရသေးဘူးလား ... ညံ့တယ်ကွာ၊ ငါ့သားမဟုတ်သလိုပဲ"

မေမေ့မျက်စောင်းက ဖေဖေပေါ်သို့ ဝဲခနဲကျသွားတော့သည်။ မေမေ့အဖို့မှာတော့ သည်သားလေးကို ဘွဲ့ရသည်အထိ ချစ်သူမရှာစေချင်ပါ။ ပညာကိုသာ အပတ်တကုပ် ကြိုးစားစေချင်သည်။ 'ဖအေတစ်ယောက်လုံးလုပ်နေပြီး သားကို မြှောက်ပေးရကောင်းလားဟု' အပြစ်တင်လိုစိတ်ဖြင့် မျက်စောင်းကိုသာ ဖိထိုးနေတော့သည်။

"မေးပြောခေါ်ထူးလောက်တော့ ရှိတာပေါ့ ဖေဖေရဲ့၊ မွေးနေ့ပွဲဖိတ်လောက်အောင်တော့ မရင်းနှီးပါဘူး"

ဖြိုးစကားက မေမေ့အကြိုက် ကျသွားတော့သည်။

"ဆယ်တန်းအောင်တဲ့အထိ ယောကျ်ားလေးကျောင်းမှာ နေခဲ့ရတော့၊ ရီဂျင်နယ်မှာ နှစ်နှစ်သာကုန်သွားရော၊ မိန်းကလေးနဲ့ စကားပြောဝံ့ိုင်း ရှက်ကိုးရှက်ကန်း ဖြစ်နေတယ် ဖေဖေရ ... ဒီတွေ သိပ်လိုချင်နေတော့လည်း သူတို့နဲ့အရောဝင်ဖို့ အချိန်မပေးနိုင်ဘူး"

"ဒီလိုဆိုရင် ... ဖြိုးရဲ့အချိန်ဇယားထဲမှာ မိန်းကလေးများနှင့် အရောဝင်ချိန်ဆိုပြီး၊ တစ်နေ့ကို အနည်းဆုံး နာရီဝက်လောက်တော့ ထည့်ဆွဲသင့်ပြီ"

"ဘယ့်နယ် အဖေလဲ ... ကိုယ့်သားက လိမ္မာနေတဲ့ဟာကို မထော်မနန်းတွေ သင်ပေးနေရလား"



"အဲဒါ ... မမကြီးအဖေက စပေးတဲ့အကြံဉာဏ်ပဲခင်ဗျ၊ ဖေဖေတို့များ အသက်သာခုနှစ်ဆယ်ကျော်တယ်၊ ခေတ်ရှေ့ကကို ပြေးနေတာပဲ"

ဦးသိုက်ထွန်းက ယောက္ခမကို 'ဖေဖေ'ဟုပင်ခေါ်သည်။

"ဟုတ်မယ်မထင်ပါဘူး၊ ဖေဖေကလားပြောမှာ"

ဒေါ်ခင်မေလေးက လက်ဝါးတကာကာနှင့်ငြင်းသည်။

"မေလတ်လာရင် မေးကြည့်လေ၊ ဖေဖေ့ကိုလည်းမေး"

"မေးမယ် ... ပြောလည်းပြောရဦးမယ်၊ ဖေဖေလည်း သူငယ်ပြန်ချင်ပြီလားမသိဘူး"

"ဟေ ... ဘယ်သူလဲ ငါ့ကို သူငယ်ပြန်ချင်ပြီပြောတာ၊ မေလေးလား"

ဘိုးဘိုး ဦးထိုက်အောင်က ဧည့်ခန်းဝမှာ မားမားကြီး။ ဘယ်အချိန်ကရောက်လာသည် မသိပါ။ လူကြီးသာဆို သွက်လက် ဖျတ်လတ်သည့်နေရာမှာ လူငယ်တွေ လိုက်မမီပါ။ လက်ထဲမှာ တုတ်ကောက်တစ်ချောင်းနှင့်ရပ်နေသည်မို့၊ မနက်စောစော လမ်းထလျှောက်ရင်း သမီးကြီးနှင့် သမီးငယ်အိမ်သို့ ဝင်လာခြင်းဖြစ်ဟန်တူပါသည်။

"ဟောတော့ ... ဖေဖေ"

ကြီးကြီးမေက လွှတ်ခနဲ ထွက်သွားသည်။

"အေး ... ငါပဲ၊ မိဘများ အိုမင်းမစွမ်းဖြစ်လာတော့ သမီးတွေက ကွယ်ရာမှာ အတင်းပြောချင်ပြီ"

ပြောပြောဆိုဆိုဝင်လာကာ ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။ တုတ်ကောက်ကို ကုလားထိုင်လက်ရန်းမှာမှီ၍ ထောင်ထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖြိုးက ဖြိုးစီစီလှမ်ကာ မီးဖိုခန်းအတွင်းသို့ ဝင်သွားသည်။ စားပွဲပေါ်မှာ အဆင်သင့်ရှိနေသည့် နံနက်စောစာ ကော်ဖီနှင့် မုန့်များကို ဘိုးဘိုးအတွက် သူကိုယ်တိုင် ပြင်ဆင်ကာ ဗန်းနှင့် တင်၍ယူလာသည်။ ဘိုးဘိုးအတွက်ဆိုလျှင် အိမ်ဖော်များကို နိုင်းလေ့မရှိဘဲ ကြူသည့်သူက ကုသိုလ်ယူကြသည့်ထုံးစံ ရှိပါ၏။

"မဟုတ်ပါဘူး မေမေရဲ့"

"ငါ နားမလေးသေးပါဘူး မေလေး"

ဒေါ်ခင်မေလေး ခေါင်းငုံ့သွားသလို၊ ဒေါ်ခင်မေကြီးလည်း မျက်နှာမဖော်ရဲပါ။ ဦးသိုက်ထွန်းကသာ အဖေနှင့်သမီးများကို တစ်လှည့်စီကြည့်ရင်း ပြုံးစီစီလုပ်နေသည်။ လေးဆယ်ကျော်နှင့် ငါးဆယ်နားနီး သမီးနှစ်ဦးတို့ ခုနစ်ဆယ်ကျော်ဖခင်ကြီးကို ကြောက်ရွံ့နေကြပုံမှာ ဆယ်ကျော်သက်ကလေးများနှယ် ဖြစ်နေတော့သည်။

"ကြည့်စမ်း ... နင်တို့သား၊ ဘယ်လောက် လိမ္မာသလဲ၊ ဘိုးအေအတွက် ပြင်ဆင်လာတာ"

ဦးလိုက်အောင်က 'ကြည့်စမ်း'ဆိုသောကြောင့် နီစွေရွှေ မြင်ဖူးလွန်းလှပါသည့် ဖြိုးကို ကြီးဒေါ်ရော အမေပါ မော့ကြည့်ကြရသည်။

"ချွေးမကောင်းကောင်းမရချင်ကြဘူးလား၊ နင်တို့မှာ မွေးထားတာက တစ်ယောက်တည်း၊ မေလတ်လိုလေးယောက်ဆိုကိစ္စမရှိဘူး၊ တစ်ယောက်မကောင်းရင် တစ်ယောက်ကောင်းလိမ့်မယ်၊ ချွေးသာတယ်၊ ဖြိုးများ ... မလျှပ်ပလာ တစ်ယောက်ယောက်နဲ့ တွေ့သွားစမ်း ... နင်တို့ရင်တွေ တဗျတ်ဗျတ်မြည်အောင်ကျိုးဦးမယ်"



"ဖြိုးက လိမ္မာတာပဲ ... ပေါ်းတီးပေါ့လျှပ်နဲ့ တော်ရုံတန်ရုံ မိန်းကလေးကို စိတ်ကူးမှာမဟုတ်ပါဘူး"

ဒေါ်ခင်မေကြီးက မဝံ့မရဲဝင်ပြောသည်။

"ဘယ်ဟာ ပေါ့တီးပေါ့လျှပ်လဲ၊ ဘယ်ဟာ လေးလေးနက်နက်လဲဆိုတာ မိန်းမအကြောင်း ပေါင်းကြည့်မှသိတော့မပေါ့ဟဲ့ မေကြီးရဲ့ ... နင့်လိုအပျိုကြီး၊ လူပျိုကြီး လုပ်စေချင်လို့လား၊ မိန်းမတွေ အပျိုကြီးလုပ်တာ ငါ မကန့်ကွက်ချင်ပေမယ့် ယောကျ်ားတွေ လူပျိုကြီးလုပ်တာတော့ ငါ အားမပေးဘူး"

"လူပျိုကြီးဖြစ်လည်း ဒုက္ခနည်းတာပေါ့ မေဖေရာ ... ပညာမှာ စောက်ချပြီး မေဖေ့လို ပါမောက္ခချုပ်ထိဖြစ်အောင် ကြိုးစားနိုင်တာပေါ့"

"တော်တော်ကြီးကို ရိုးသားအေးဆေးတဲ့ လူတွေသာ လူပျိုကြီးဖြစ်တယ်၊ နင်တို့သားက လိမ္မာပေမယ့် လူပျိုကြီးလုပ်မယ့် အထိတော့ အေးဆေးမှာမဟုတ်ဘူး၊ ယူမှာပဲ၊ စိတ်သာချ၊ အခု မတွေ့ရင် မကြာခင်တွေ့မယ်"

ဒေါ်ခင်မေလေး ခေါင်းထဲမှာ နောက်ကျိုလာသည်။ မေဖေ့ကိုသာ ဉာဏ်မြူမကြောက်ရလျှင် ရင်ဘတ်ကို စုံဖိထားချင်သည်။ မေဖေ့စကားများက ဒေါ်ခင်မေလေး ရင်ဖို၍ နားရထောင်ရမည့် စကားမျိုးဖြစ်နေသည်။

"နောက်လည်းတွေ့မယ်တူတူ၊ မိန်းမတွေ့ဖူးသေးတဲ့ သားကို မိန်းမရွေးတတ်အောင် လေကျင့်ပေးရမယ်၊ မိန်းမဆိုတာမျိုးကလည်း ငါ့သမီးသုံးယောက်ကစပြီး ငါ့မိန်းမပါ အပါအဝင်

www.burmeseclassic.com

www.burmeseclassic.com



အတဲခေတ်ရအလွန်ခေတ်တဲ့ အမျိုးအစားဟာ ... မိန်းမတွေအကြောင်း ပေါင်းကြည့်ရသိမယ်"

"မေမေ့စကားက ဖြိုးကို ရည်းစားတွေ လျှောက်ထားရမယ် လို့ ဆိုချင်တာလား"

ဒေါ်ခင်မေကြီးက မရဲတရဲ ဝင်ပြောသည်။ သမီးအကြီးဆုံး ဖြစ်၍ မေမေက ထိုက်သင့်သလောက် အခွင့်အရေးပိုပေးခဲ့လေသည်။ အကြောင်းအရာတစ်ခုကို မိသားစုဆုံ၍ ပြောကြတိုင်း ဒေါ်ခင်မေ ကြီးတစ်ယောက်သာ မေမေ့ကို ဝင်ဝင်ထောက်ရဲသည်။

"အဲဒီလို တလွဲတွေ တွေးတတ်လွန်းလို့ နင် အပျိုကြီးဖြစ် နေတာ"

ဒေါ်ခင်မေကြီး မျက်နှာ ရဲခနဲဖြစ်သွားသည်။ ငါးဆယ်နား နီးမှ ရှက်ကိုးရှက်ကန်းဖြစ်နေသည်မို့ ဦးသိုက်ထွန်းရော ဖြိုးပါ ရယ်ချင်စိတ်ကို မနည်းအောင့်ထားရတော့သည်။

"ရည်းစားထားမှပဲ ပေါင်းသင်းနိုင်တော့မှာလား၊ ရိုးရိုး မိတ်ဆွေအဖြစ်ကော ပေါင်းလို့သင်းလို့မရဘူးလား၊ လူဆိုတာ အသိုင်းအဝိုင်း အဖွဲ့အစည်းနဲ့နေတတ်တဲ့ အမျိုးအစားသိလား၊ တစ်ယောက်တည်းနေလို့မရဘူး၊ လူ့အဖွဲ့အစည်းဆိုတဲ့အထဲမှာ အထီးတွေရော အမတွေရော ပါတယ်"

မအောင့်နိုင်တော့သည့် ဖြိုး ရယ်မိတော့သည်။ ဘိုးဘိုးက ဖြိုး ယူလာပေးသော ကိတ်မုန့်တစ်ချပ်ကို ဖဲ့၍စားသည်။

"ဖြိုးကို ဆယ်တန်းအထိ ယောကျ်ားလေးကျောင်းမှာ ထားခဲ့တယ်၊ ရီကျင်နယ်ရောက်တာတောင် တစ်ယောက်တည်းသွား



လာလည်ပတ်ခွင့်မပေးခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အသက်အ ငယ်နေလို့၊ လူ့လောကထဲ ချပေးလိုက်ရင် တို့ လျှောက်စေချင်တဲ့ လမ်းကြောင်းပေါ်က ချော်ကျသွားမှာစိုးလို့"

ဘိုးဘိုးက ကော်ဖီကို တစ်ကျိုက်သောက်သည်။

"လမ်းလျှောက်တတ်ခါစကလေးကို တွဲခေါ်နေရတာ၊ ကောင်းကောင်းလျှောက်တတ်တော့လည်း လွှတ်ပေးရတော့မယ်၊ ဒါမှ ချိုင့်တို့ကျင်းတို့ ခလုတ်ကန်သင်းတွေ့ရင် ရှောင်တတ်ရှားတတ် မယ်"

စောစောက ပဲ့လက်စနှင့် ကျန်သည့်မုန့်တစ်ပိုင်း ကောက်ယူ ဝါးပြန်သည်။ ခုနစ်ဆယ်ကျော်ထိ သွားတစ်ချောင်းမျှမကျိုးဘဲ ဆံပင်အနည်းငယ်သာဖြူသည့် ဘိုးဘိုးမှာ အလွန်စားနိုင်သောက် နိုင်လေသည်။

"မေကြီးတို့များ ခြောက်နှစ်ခုနစ်နှစ်သားကြီးကို ကျောမှာ ပုဆိုးနဲ့လွယ်ပိုပြီး ဘုရားကျောင်းရေအိုးလဲခဲ့တယ်၊ သည်းတာ သည်းတာ၊ အဲဒီတုန်းကလည်း နင့်တူ ချည့်သွားလိမ့်မယ်လို့ ငါ ပြောခဲ့တယ်၊ အခုလည်း ဖြိုးကို နင်တို့ညီအစ်မ သံကွန်ခြာဆက် အုပ်ထားရင် ချည့်သွားလိမ့်မယ်"

ဦးသိုက်ထွန်းနှင့် ဖြိုးတို့ ဝါးခနဲ ရယ်မိကြသည်။ ဒေါ်ခင် မေကြီးရော ဒေါ်ခင်မေလေးပါ ပြုံးမိတော့သည်။

"ရည်းစားထားဖို့ပြောတာ မဟုတ်ဘူး၊ မိန်းကလေးအပေါင်း အသင်းဆိုတာ ရှိရမယ်၊ အဲ ... ပေါင်းတဲ့ သင်းတဲ့သူတွေကိုလည်း အားလုံး မိဘကို အသိပေးရမယ်၊ ဘယ်သူ့ဘယ်ဝါသားသမီး၊

www.burmeseclassic.com

www.burmeseclassic.com



ပညာအရည်အချင်း၊ စိတ်နေသဘောထား၊ အကျင့်စရိုက်၊ ဝါသနာ ထပ်တူ ပြောပြသင့်တယ်၊ မိဘက ဘယ်သူနဲ့ပေါင်း၊ ဘယ်သူနဲ့ မပေါင်းနဲ့လို့ အမိန့်ချစရာမလိုဘူး၊ အပေါင်းအသင်း ရွေးချယ်နည်းကိုသာ လမ်းညွှန်ဖို့"

"မေကြီးတော့ ကြည့်လို့မရပါဘူး၊ ကျောင်းပြေးနဲ့ ပေါင်းရင် ကိုယ်ပါ ကျောင်းပြေးဖြစ်နိုင်တယ်"

"အဲဒါပေါ့ ပေါင်းတာ မပေါင်းတာ မပြောလိုဘူး၊ သူ့အကျင့်ကို ဆန်းစစ်၊ ကောင်းသလား မကောင်းဘူးလားလို့၊ မကောင်းတဲ့အကျင့်ဆိုရင် ကိုယ်က လိုက်မလုပ်နဲ့၊ ကောင်းတဲ့ အကျင့်ဆို လိုက်လုပ်ကြည့်ပေါ့၊ မိတ်ဆွေစစ်တို့ ဝတ္တရားက လမ်းမှားနေရင် ဖျောင်းဖျနားချရသေးတယ်၊ ပြောမရတော့မှ တစ်မျိုးပေါ့"

နက်စိက်ကဖီးနှစ်ပန်းကန် ကိတ်မုန့်လေးချပ်ကုန်မှ ဘိုးဘိုး အစားရပ်ကာ နှုတ်ခမ်းကို လက်သုတ်ပဝါနှင့်သုတ်သည်။ အတွေး အခေါ် အမှုအရာပြောဆိုသည့်စကားမှ စ၍ ခေတ်မီ ပျို့ရွယ်နေသည့် ဘိုးဘိုးကို ဖြိုးရင်ထဲမှာ အားကျကြည်နူးမိလေသည်။

"မိန်းမဆိုတာ လိုက်စားသင့်တဲ့ အမျိုးလည်းမဟုတ်ဘူး၊ ရှောင်ရှားသင့်တဲ့အရာလည်းမဟုတ်ဘူး၊ အထိုက်အလျောက်ပေါ့ ဖြိုး၊ စာရေးဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့စကားနဲ့ ပြောရရင် ယောနိသောမနသိကာရနဲ့ အသင့်အတင့်နှလုံးသွင်းပါတဲ့"

ဘိုးဘိုးက ပြောပြောဆိုဆို တုတ်ကောက်ကိုဆွဲ၍ မတ်တတ်ထရပ်သည်။



"ဖြိုးမွေးနေ့မှာ မိန်းကလေးမိတ်ဆွေ ဖိတ်စရာရှိရင် ဖိတ်သာဖိတ်ပါ၊ ဒါကို မေကြီးနဲ့ မေလေးက မျက်လုံးမျက်ဆန်ပြူး မနေကြနဲ့၊ ငယ်ငယ်တုန်းကလိုပဲပြောရရင် နင်တို့သား ချည့်သွားလိမ့်မယ်"

ဘိုးဘိုးက သူ့စကားကို သူ သဘောကျကာ ရယ်သောကြောင့် အားလုံး လိုက်ရယ်ဖြစ်ကြသည်။

"သွားမယ်"

"ကျွန်တော် လိုက်ပို့မယ်လေ ဖေဖေ"

ဦးသိုက်ထွန်းက ကားနှင့်ပြန်ပို့ပေးမည်ဟု ပြောသည်။

"ခုနစ်မိုင်ခွဲနဲ့ကိုးမိုင်ဆိုတာ တစ်မိုင်ခွဲပဲရှိပါတယ် သိုက်ထွန်းရာ"

"နေထွက်နေပြီ ဖေဖေရဲ့၊ ပင်ပန်းတာပေါ့"

ဦးသိုက်ထွန်းတို့က ခုနစ်မိုင်ခွဲ ပြည်လမ်းမကြီးမှ အရှေ့ဘက်သို့ ဝင်သွားရသည့် လမ်းချိုးကလေးမှာနေသည်။ ဒေါ်ခင်မေလတ်က ကိုးမိုင် ယိုးဒယားလမ်းထဲမှာနေသည်။

"အဲဒီလို အပင်ပန်းမျိုးတွေခံနေလို့ ငါ ဒီလောက်ကျန်းမာနေတာပေါ့၊ ငါ သမီးတွေ ကျေးနိုင်သားပဲ၊ သူတို့ ရာထူးနဲ့ ရုံးကားကလေးတွေကိုယ်စီ ရှိကြသားပဲဆိုပြီး မြေကြီးကို ခြေမချ၊ အခန့်သားထိုင်းစားနေရင် ခုလောက်ဆို မင်းယောက္ခမနှစ်ပတ်လည် သပိတ်တောင် သွတ်ပြီးပြီ"

အပြောပိုင်လှသော ယောက္ခမကြီးစကားကို ဦးသိုက်ထွန်းက တဟားဟားရယ်မိတော့သည်။ အားလုံး မတ်တတ်ထရပ်ကာ အိမ်ပေါက်ဝထိလိုက်ပို့ကြသည်။ ဖျတ်လတ်ပျို့ရွယ်နေသည့် ဘိုးဘိုး

www.burmeseclassic.com

www.burmeseclassic.com



က သူ့ကို ခြံဝထိလိုက်ပို့လျှင် တုတ်ကောက်ကြီးတယမ်းယမ်းနှင့် လှမ်းရိုက်တော့မလောက် စိတ်ဆိုးတတ်သောကြောင့် ငေးကြည့်၍သာ ကျန်ရစ်ခဲ့ကြပါတော့သည်။

❋ ၁၈ ❋

"စိမ်းစုစု၊ သိမ့်သိမ့်သက်၊ ဖင်မိုဆက်၊ ချောစုချော၊ စုဝင်းမြူ၊ ဆောင်းနှင်းဆု ..."

"မမကြီး ဘာတွေရွတ်နေတာလဲ"

"ညည်းသား ဖိတ်လာတဲ့ မိန်းကလေးတွေရဲ့နာမည်လေ၊ ငါနဲ့ မိတ်ဆက်ပေးလို့ နာမည်တွေ တစ်ခုချင်း ပြန်ရွတ်ကြည့်နေတာ၊ ခေါ်ရခက်လိုက်တဲ့နာမည်တွေ၊ မိဘမှည့်တာတော့ ဟုတ်မယ်မထင်ပါဘူးအေ၊ ကောလိပ်ရောက်မှ သူတို့ဘာသာပြောင်းပစ်တာတွေ နေမှာပါ"

"မမကြီးကလည်း မှတ်မိလွန်းတယ်"

"ဘယ်ဟုတ်မလဲ မဖိတ်ခင်ကတည်းက ဖိတ်မယ့်သူတွေ စာရွက်နဲ့ချရေးထားလို့ အဲဒီစာရွက်ကို ယူကျက်ထားတာ"

"သြော် ... မေလေးက ခုမှ မှတ်လိုက်တာလားလို့"

"ဘယ်ကလာ ဒီနာမည်တွေသာ ခုကြား၊ ခုမှတ်မိရင် ငါ အခု အမ်အီးဒီတောင် ဖြေလိုက်ချင်သေးတယ်"

ဒေါ်ခင်မကြီးမှာ ဘီအေ၊ ဘီအီးဒီဘွဲ့ရ ကျောင်းအုပ်ဆရာမကြီးဖြစ်သည်။ ဒေါ်ခင်မကြီးတို့ခေတ်ကတော့ မြန်မာပြည်မှာ ပညာရေးလိုင်းအဆုံးဖြစ်ပါ၏။ အမ်အီးဒီတို့ ပီအိပ်ချ်ဒီတို့ ယူလို



လျှင် နိုင်ငံခြားသွားရသည်။ ယခု ပညာရေးတက္ကသိုလ်မှာ အမ်အီးဒီသင်တန်းများ ဖွင့်လှစ်တော့ သူမက ကျောင်းအုပ်ဆရာမကြီးဖြစ်နေပြီ။

"ငါးဆယ်ပြည့်ဖို့ တစ်နှစ်လိုတော့တာ စာကျက်လို့လည်း ရမှာမဟုတ်တော့ပါဘူး"ဟု ပြောခဲ့ဖူးသည်ကို ရည်ရွယ်ခြင်းဖြစ်ပါ၏။ ဒေါ်ခင်မေလေးက ဘွဲ့ရပြီး နှစ်နှစ်လောက် ကျူတာဝင်လုပ်သေးသည်။ အိမ်ထောင်ကျတော့မှ ခင်ပွန်းသည် နယ်ပြောင်းရာသို့ လိုက်ရသည်မို့ အလုပ်က ထွက်ပစ်ခြင်းဖြစ်သည်။ ဒေါ်ခင်မေလတ်ကတော့ ယခုထက်တိုင် ကလေးလေးယောက်ကို နိုင်နင်းစွာအုပ်ချုပ်ရင်း ဗဟိုအမျိုးသမီးဆေးရုံတွင် တာဝန်ထမ်းဆောင်ဆဲ၊ သူက ဆရာဝန်ဖြစ်ပါ၏။

သံဃာတော်များ ပြန်ကြွသွားပြီးကတည်းက မွေးနေ့ပွဲမှာ လူကြီးများက အေးထွက်ရှောင်နေလိုက်ကြတော့သည်။ လူကြီးများဆိုသည်ကလည်း သူတို့ဆွေမျိုးစုများသာဖြစ်သည်။ ပြန်သူတွေလည်း ပြန်ကုန်ကြပြီ။ လူငယ်များ လွတ်လွတ်လပ်လပ် ပျော်ကြပါစေတော့ဟူ၍ မပြန်သေးသည့် သူများကလည်း သင့်ရာကြံရာမှာ ဝိုင်းဖွဲ့စကားပြောနေလိုက်ကြသည်။

ဖြိုး၏အမေ့ဘက် အဖေ့ဘက် တစ်ဝမ်းကွဲ ညီကိုမောင်နှမများနှင့် ဖြိုးသူငယ်ချင်းများသာ ကျန်တော့မှ ခြံထဲသို့ဆင်း ဖျာခင်း၍ စကားပြောကြ၊ ကက်ဆက်ဖွင့်ကြနှင့် လွတ်လွတ် ပျော်ကြရှင်ကြသည်။

ဖြိုးက မွေးနေ့ရှင်မို့ အားလုံးနှင့်ရောနှော၍ စကားပြောရသည်။ ဖြိုးတစ်သက်မှာ မိန်းကလေးများနှင့် ခွန်းကြီးခွန်းငယ်

www.burmeseclassic.com

www.burmeseclassic.com



များများစားစား စကားပြောဖူးခြင်းမှာ သည်နေ့ ပထမဆုံးဖြစ်လေသည်။ အတွေ့အကြုံအသစ်ကဲ့သို့ ဖြစ်နေသောကြောင့် ပျော်လည်းပျော်သည်။ ရင်ထဲမှာလည်း လှုပ်ရှားသည်။

"ကိုမျိုး သူတို့က ရိဂျင်နယ်မှာ တူတူတက်ခဲ့တဲ့ သူငယ်ချင်းတွေလေ၊ အားလုံး အမ်စီနဲ့ အာအိုင်တီချည်းပဲသွားကြတယ်၊ ကျွန်တော်တစ်ယောက်တည်း ရာဇူးကိုချစ်လို့ လာတာ"

မသိကျွမ်းကြသေးသူများကို ဖြိုးက မိတ်ဆက်ပေးသည်။

"အောင်မယ် ... ရာဇူးကိုချစ်တာလား၊ ရာဇူးက မကကို ချစ်တာလား"

"ဟာ ... ကိုမျိုးကလဲ"

"ဟ ... ငါက ကိုင်ဓာသီချင်းကိုပြောတာ၊ မင်းဘာသာ အတွေးနက်ပြီး ရှက်တာတော့ မတတ်နိုင်ဘူး"

အစကတည်းက သည်ဝိုင်းမှာ လူငယ်ဝိုင်းသတ်သတ်မို့ စိတ်တွေက လွတ်လပ်ကာ ပျော်ရွှင်နေကြသည်။ ရယ်စရာမဟုတ်လည်း ရယ်စရာဟုပင် သတ်မှတ်ကာ ရယ်နေကြသည်မို့ မကြာခဏ ဝါးခနဲ ဝါးခနဲ ပွဲကျနေကြသည်။ မျိုးသက်ထွန်း စကားအဆုံးမှာ ဝါးခနဲ ဝိုင်းရယ်ကြပြန်သောကြောင့် ဖြိုး မျက်နှာ ရဲခနဲ ဖြစ်ရသည်အထိ ရှက်သွားမိသည်။

"မိန်းကလေးတွေစုံတုန်း အလှဘုရင်မတော့ ရွေးချင်သားကွာ၊ စုပါနှာခေါင်းနှမ စုပါနားရွက် ပါမလာလို့ မရွေးတော့ပါဘူး"

သူရဇော်စကားကို ဝိုင်းရယ်ကြပြန်သည်။ စုပါနှာခေါင်းနှင့် စုပါနားရွက်အကြောင်း မသိသေးသူများကို ဖြိုးက ရှင်းပြပြီးသောအခါ ထပ်ရယ်ကြပြန်သည်။



မျိုးသက်ထွန်းနှင့် အနီးစပ်ဆုံးသူမှာ ဖြိုးဖြစ်သည်။ အားလုံးထဲမှာ မျိုးသက်ထွန်း အသံကလည်း အမြည်ဆုံးဖြစ်နေသည်။ ဖြိုးက အတင်းဆွဲ၊ ပါးစပ်ကို အတင်းပိတ်၊ မျိုးသက်ထွန်းက ရုန်း၊ ဆွဲမိဆွဲရာ လှမ်းဆွဲတော့ ရင်ဘတ်ဟပြဲဝတ်ထားသော မျိုးသက်ထွန်း၏ ဂျင်းဂျက်ကက်တွင်းမှ လက်လေးလုံးခန့်သာရှိမည့် မှတ်စုစာအုပ်ကလေးတစ်အုပ်ကို ဖြိုး ရလိုက်ပါလေသည်။

တွန်းထိုးရုန်းကန်ရင်းမို့ မျိုးသက်ထွန်းက မသိလိုက်ပါ။ ဖြိုးက သူ့ရုပ်အင်္ကျီအိတ်ထဲသို့ ကောက်ထည့်လိုက်သည်။ နောက်မှ 'ရွေးရမည်' ဟုဆိုကာ မုန့်ဝယ်ကျွေးခိုင်းဖို့ သိမ်းထားလိုက်ခြင်းဖြစ်ပါ၏။

ဩော် ... ဘဝ၏ အရှက်ဦးဟုဆိုချင်ဆို၊ နံနက်ဆည်းဆာဟုတင်စားလိုလည်း တင်စားပါ။ ပျိုနုရွယ်သည့်အချိန်မို့ သောကဟူသမျှ ကင်းဝေးကြရပါ၏။ ထိုနေ့က ဖြိုး၏မွေးနေ့ပွဲမှာ ပျော်ရွှင်ခြင်းအတိ ပြီးခဲ့ရပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာတက်လင်းအမေမှ နိဒါန်းအဏ္ဏာရီ

လူပျော်တွေ အကုန်ပြန်ကုန်မှ ဖြိုး နားရတော့သည်။ သူ့အခန်းထဲသို့ဝင်လာ လဲလျောင်းအနားယူတော့မည်ဟု စိတ်ကူးသည်။

“အင်း … ပျော်ရတာလည်း ပင်ပန်းသား”

ပျော်ခြင်းမှာ ပျော်နေရစဉ်ကတော့ တကယ် ပျော်စရာကောင်းပါ၏။ ပျော်ပွဲလည်းပြီးရော လူလည်း ပင်ပန်းကျန်ရစ်ခဲ့တတ်ပါ၏။ ဖြိုးက အင်္ကျီကိုချွတ်၍ ချိတ်တွင်ချိတ်လိုက်စဉ်မှာပင် အင်္ကျီအိတ်ထဲမှ မှတ်စုစာအုပ်ကလေးကို တွေ့လိုက်ရသည်။

“ဖတ်ကြည့်ရဦးမယ်”

အခါတိုင်းဆိုလျှင် ဖတ်ဖြစ်ချင်မှဖတ်ဖြစ်မည်။ သူတစ်ပါး စာအုပ် မဟုတ်လား၊ ပိုင်ရှင်၏ခွင့်ပြုချက်ကိုလည်း မတောင်းခံရသေး၊ သူများကိုယ်ရေးကိုယ်တာကို စပ်စုလိုစိတ်လည်း ဖြိုးတွင်မရှိပါ။ ခုတော့ အပျော်ရှိန်ကမရပ်သေး၊ စာအုပ်ကို ခိုးဖတ်ကာ နောက်လိုက်ဦးမည်ဟုပင် တွေးလိုက်မိသည်။



အောက်ခံစွပ်ကျယ်လက်စကမှာ ချွေးတွေရွှဲနေသောကြောင့် ချွတ်ပစ်ကာ ချိုင်းပြတ်တစ်ထည်နှင့် လဲဝတ်သည်။ မျိုးသက်ထွန်း၏ မှတ်စုစာအုပ်ကို ယူလာကာ အိပ်ရာထက်မှာ ပက်လက်လှန်လှဲသည်။ လက်နှစ်ဖက်ကို ထောင်၍ စာအုပ်ကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ဓာတ်ပုံကလေးတစ်ပုံ ဖုတ်ခနဲ ပြုတ်ကျလာသည်။

“ဟိုက် … ဓာတ်ပုံလေးဟ”

ရင်ဘတ်ပေါ်သို့ ကျလာသော ဓာတ်ပုံလေးကို ကောက်ယူကြည့်မိလိုက်သော ဖြိုးရင်ထဲမှာ ဒိတ်ခနဲ ခုန်သွားသည်။ ဒိန်းခနဲ အမြောက်ပစ်သံလိုလို မြည်ဟည်းသွားသည်။ အသက်ရှူပဲ ရပ်သွားမိလေသလား၊ နှလုံးက မခုန်တော့ဘဲ ပင်စင်ယူသွားသလား …။

မိန်းကလေးတစ်ဦး၏ မှတ်ပုံတင် လိုင်စင်ပုံကလေးဖြစ်ပါသတည်း။ လိုင်စင်ပုံမို့ ကိုယ်ရောမျက်နှာပါ ရှေ့တည့်တည့် မပြုံးမရယ် ခပ်တည်တည် တစ်ပိုင်းကလေးပါပေ။ သည့်နှယ် ရိုးရိုးသားသားကလေး ရိုက်ကူးထားသော ဓာတ်ပုံဖြစ်သည့်တိုင် ဓာတ်ပုံရှင်မကလေးက ချောလွန်းလှပွန်းနေတော့သည်။ မြင်ရသူ ငေးသွားရပါ၏။

ဆံပင်က ဆံတိုကလေးဖြစ်သည်။ ဗိုလ်ကေသာသာကလေးမို့ ဘာပုံစံမှန်းတော့မသိပါ။ သို့ပေမင့် ဆံပင်ကျပုံ ကဗျာဆန်လွန်းသောကြောင့် သည်ဆံပင်ကလေးများကို ကိုင်ကြည့်ခွင့်များ ရခဲ့ပါမူ မဟူရာပိုးသားနှယ် နူးညံ့အိထွေးနေမည်ဟု ထင်ရပါ၏။ နဖူးပြေပြေကလေးက ကကြီးပုံ။ မျက်ခုံးက သေးသေးမျှင်မျှင် နက်နက်ကလေး၊ ထားပါတော့ ဓာတ်ပုံထဲက မျက်စိဆိုတော့ ဆွဲဆောင်းကောင်းဆွဲထားပါလေမည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်များ ရှည်လျားကော့ပျံနေပေမင့် အတုများ မဟုတ်ကြကြောင်း ထင်ရှားသည်။ အတုကော့နှင့် အစစ်ကော့တို့မှာ သိသိသာသာ ခြားနားသည်။ မိန်းကလေးများနှင့် ရင်းရင်းနှီးနှီး မရှိလှဘူးဆိုပေမင့် ရုပ်ရှင်မင်းသမီးပုံများကိုတော့ စာအုပ်မဂ္ဂဇင်းများတွင် သေသေချာချာ လေ့လာကြည့်ရှုဖူးပါ၏။ မျက်တောင်အတုများသည် ရှည်လွန်း ထူပျစ်လွန်းကာ သဘာဝအလှမှ ကျော်လွန်နေတတ်သည်။ သည်အလှမျိုးကို လှသည်ဟု ဖြိုး တစ်ခါမျှမထင်ဖူးခဲ့ပါ။

ယခု မျက်တောင်များကျတော့ မထူလွန်း မပျစ်လွန်းပါ။ အတုကဲ့သို့ မျက်ခုံးမွေး အောက်ခြေသို့တိုင်လည်း သွားထိမနေပါ။ မျက်ခွံတစ်ဝက်ခန့်သို့ ရောက်သည်အထိသာ ရှည်လျားကြပါသည်။ သဘာဝအလှ စစ်စစ်ဖြစ်ကြောင်း ယုံမှားဖွယ်မရှိ။

မျက်ဝန်းမှာ မျက်အိမ်ကျယ်သည်။ မျက်သားဖွေးဖွေးကတော့ မာတ်ပုံထဲမှာမို့ ထားပါတော့။ အပြင်မှာဆိုလျှင် ပြာလဲ့လဲ့ကလေးလည်း ဖြစ်နိုင်သည်။ ဝါကြင်ကြင်လည်းရှိနိုင်သည်။ သို့ပေမင့် သည်မျက်ဝန်းများမှ အရောင်များ ဖြာထွက်နေသလား ထင်ရလောက်အောင် မျက်လုံးကလေးတွေက ရီဝေနေသည်။

နှာတံပြေပြေကလေးဆင်းလာပြီး အဖျားနားကျမှ ကော့ကော့ကလေး ချွန်တက်သွားပုံမှာ စွဲမက်စရာကောင်းလှသည်။ အချို့နှာတံအဖျားချွန်ကော့သူများ နှာခေါင်းလန်တတ်သည်။ သည်ဓာတ်ပုံရှင် မိန်းကလေးကျတော့ မလန်ပါ။ နှာခေါင်းပေါက်ကြီးကို စိတ်ပျက်ဖွယ် တွေ့မြင်နေရခြင်းမရှိ။ ချစ်စရာကောင်းရုံကလေး ကော့ချွန်ခြင်းဖြစ်၏။



ဓာတ်ပုံရိုက်စဉ်က နှုတ်ခမ်းကို တံတွေးဆွတ်လိုက်ဟန်တူပါ၏။ နှုတ်ခမ်းသားကလေးများ စိုရွှမ်း၍ လက်လက်ထကာ နှုတ်ခမ်းပုံ တိတိကျကျကလေးကလည်း လှလွန်းသည်။ မျက်နှာပေါ်ရှိ တစ်ခုတစ်ခုချင်းသော အလှအပပစ္စည်းများကို မဝိုင်းမသွယ် မျက်နှာပုံကလေးက တိတိကျကျ ဝိုင်းရံလိုက်သောအခါမှာ အမြင်အာရုံမှ ထုတ်မပစ်ရက်နိုင်လောက်အောင် ပင့်သက်ကို မချနိုင်ဘဲ ငေးစိုက်ကြည့်နေချင်လောက်အောင် လှလွန်းသည့် မျက်နှာလေး ဖြစ်နေပါတော့သည်။

"မျက်နှာက သည်လောက်လှနေမှတော့ အသားဖြူချင်ဖြူ၊ ညိုချင်ညို ဂရုစိုက်စရာမရှိ။ ညိုလျှင် ညိုချော၊ ဖြူလျှင် ဖြူချောဟု ခေါ်ရပါတော့မည်။ အသားအရောင်က သပိတ်ရောင်ထကာ နက်ပြောင်မနေလျှင်ပင် အလှဆုံးသော မျက်နှာလေးဖြစ်ပါပြီ။ ဖြူဖွေးအိသည့် အသားရောင်နှင့်များ ဆိုပါက မဟူရာနွယ်ပင်များကြားမှ လမင်းကြီး သာနေသကဲ့သို့ ဝင်းမွတ်အိစက်နေအောင် လှမည့်သူကလေးဖြစ်ပါ၏။

ဓာတ်ပုံကလေးကို မြင်ရရုံနှင့်ပင် ရင်ထဲမှာ အရှိန်အဟုန်ပြင်းစွာ လှုပ်ရှားမိလေသည်။ မျက်နှာလှလှလေးကို တစိုက်မတ်မတ်ကြည့်ရင်း ကြေကွဲမှုဝေဒနာတစ်မျိုးကိုပါ ရောပြွမ်းခံစားရပါ၏။

"ကိုမျိုး စာအုပ်ထဲကတွေ့တော့ ကိုမျိုးရဲ့အမျိုးသမီးပဲဖြစ်ရမယ်"

ရင်ထဲမှာတွေး၍ နှမြောမိသည်။

"ဘာဆိုင်လဲ ... ကြားထဲက ဝင်နှမြောစရာအကြောင်း ဘာရှိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖြေတွေးပေမင့် မရပါ။ ဓာတ်ပုံလေးကို တွေ့ရမြင်ရသည်မှာ အနှစ်နှစ် အလလ၊ ရက်ပေါင်းများစွာက ကွဲကွာခဲ့ရသည့် ငယ်ချစ်ဦးကို အိမ်ရှင်ရော်ချိန်ကျမှ ပြန်တွေ့ရသည့် ရင်နာမှုမျိုးကိုလည်း ခံစားရသည်။ ဓာတ်ပုံကို ရင်ဘတ်ပေါ်မှာ ပြန်တင်ထားကာ စာအုပ်ကလေးကို လှန်ကြည့်မိပြန်သည်။ ခုမှ သည်စာအုပ်ကို လိုလိုလားလား ဖတ်ချင်စိတ်ပြင်းပြလာမိတော့သည်။

ပထမဆုံးစာမျက်နှာမှာ မျိုးသက်ထွန်း၏ အမည်၊ လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ နောက်စာမျက်နှာတိုင်းမှာလည်း အမည်၊ လိပ်စာနှင့် တယ်လီဖုန်းနံပါတ်၊ အချို့မှာ အတန်းပညာ အရည်အချင်းနှင့် မိဘနာမည်ပါပါသည်။ ထူးဆန်းသည်မှာ လိပ်စာရှင်တိုင်းသည် မိန်းကလေးများချည်းဖြစ်နေသည်။ ဖြိုးက နာမည်လှလှလေးများကို လျှောက်ဖတ်ရင်း ဓာတ်ပုံရှင်အမျိုးသမီး၏ နာမည်ကို မှန်းဆကြည့်နေမိသည်။

မိန်းကလေးတော်တော်များများ၏ အမည်နှင့်နေရပ်လိပ်စာများကို စုဆောင်းထားသည်မို့ "ကိုမျိုး ဘာလုပ်ဖို့ စုဆောင်းထားပါလိမ့်"ဟု တွေးမိသည်။ အဖြစ်နိုင်ဆုံးကတော့ ဝါသနာအရပင်ဖြစ်မည်ဟုထင်သည်။ မျိုးသက်ထွန်းသည် ဆွေမျိုးမတော်စပ်သည့် မိန်းကလေးတိုင်း၊ သူ့ပတ်ဝန်းကျင်ကို ရောက်လာသမျှ သူ မပိုး မပန်း၊ ရှိသဲ့သဲ့မလုပ်ဖူးသူဟူ၍ မရှိသလောက်ရှားသည်။ တစ်ယောက်နှင့်တစ်ယောက် 'ဘာဝါသနာပါလဲ'ဟူ၍ စကားစပ်ပြောဆိုမိစဉ်က ...

"ငါတော့ ရည်းစားစကားလိုက်ပြောရတာ ဝါသနာပါတယ်၊ ခံတွင်းတွေ့တယ်"ဟု အားရပါးရပြောခဲ့သည်မဟုတ်လား။



ဖြိုး မိမိကိုယ်မိမိ သတိမထားမိလိုက်ဘဲ အိပ်ရာထက်မှ အလိုအလျောက် ထမိသည်။ ဓာတ်ပုံကလေးကို စာအုပ်ကြားမှာ ပြန်ညှပ်၊ စာအုပ်ကိုင်ကာ ဧည့်ခန်းသို့ထွက်လာမိသည်။ တယ်လီဖုန်းက ဧည့်ခန်းမှာရှိသည်။ စာအုပ်မှာပါသည့် မျိုးသက်ထွန်း၏ တယ်လီဖုန်းနံပါတ်ကို လှည့်နေမိတော့မှ သတိတရားက ကိုယ်မှာ ကပ်လာသည်။

"ငါလုပ်နေတာ မှန်ရဲ့လား"ဟု တွေးမိချိန်မှာ တစ်ဖက်က 'ဟဲလို'ဟူသည့် အသံကို ကြားနေရပါပြီ။

"ကိုမျိုးလား ... ကျွန်တော် ဖြိုးပါ"

"အေး ... ဘယ်လိုဖြစ်တာလဲ၊ ငါ အခု အိမ်ပေါက်ဝလည်း တက်ရော ဖုန်းသံလည်းကြားရတာပဲ၊ ကိစ္စအရေးကြီးလို့လား"

"ကိုမျိုး ဘာပျောက်လဲ"

"ကောင်မလေးတွေ လိပ်စာရေးထားတဲ့စာအုပ်ပါကွာ၊ မင်းတိုလိုက်တာ ငါ မြင်ပါတယ်၊ မင်းထက်လည်လို့ တစ်တန်းမှာ နှစ်နှစ် သုံးနှစ်ဖြေမှ စာမေးပွဲအောင်တဲ့ကောင်ပါကွ"

"စာအုပ်ထဲမှာ ဘာပါသေးလဲ"

"ဟော့ကောင် ... မင်း လှန်လှောကြည့်ပြီးရောပေါ့၊ လိပ်စာတွေချည်းပဲဟာ၊ ဒါ ... ရာစုမှာရှိသမျှ မေဂျာပေါင်းစုံက အချော အလှစာရင်းပဲ၊ လိုလိုမည်မည် မင်းကူးချင် ကူးပါစေဆိုပြီး ပါရမီဖြည့်ခဲ့တာပါ ငါ့လူရာ"

"မဟုတ်သေးဘူး ကိုမျိုး၊ တစ်ခုပါသေးတယ်"

"ဩော် ... ငါ့နမ ဓာတ်ပုံလေး၊ လိုင်စင်ပုံလေးဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ကိုမျိုးနှမလား"

ဆို့တက်လာသည့် ဝမ်းသာလုံးကြီးက နှုတ်ခမ်းဝမှ လျှံထွက်ကာ စကားပြောခွက်ထဲသို့တိုင် ဝင်သွားသလားထင်ရသည်။

"အေး ... အရင်းတော့မှုတ်ဘူး ဝမ်းကွဲ၊ အရင်းက ဟိုချွေးကောင်တွေစစနေတဲ့ ရှုပါနားရွက်လေ၊ ဒီကောင်တွေ စလွန်းလို့ မြန်မြန်အိမ်ထောင်ချပစ်တော့မယ် စိတ်ကူးတယ်ဟ၊ ငါ့ညီမက ဘော်တန်နီမှာ ကျူတာ၊ ငါသာ ဘွဲ့မရသေးတာ"

"ကိုမျိုးနှမက တော်တော်လှတယ်နော်"

"အေး ... အဲ့ဒီကောင်မလေးက မဆိုးဘူး၊ ကြည့်ကောင်းတယ်၊ အဲဒီဓာတ်ပုံတော့ သေသေချာချာ သိမ်းထားကွာ၊ မနက်ဖြန်ကျောင်းလာရင် ယူလာခဲ့၊ မေမေ့ကို ပြန်ပေးရမယ်၊ ဟိုနေ့က မေမေလာတောင်းလို့ မနည်းပြန်ရှာပြီး တွေ့တဲ့စာအုပ်ကြားကောက်ညှပ်လိုက်မိတာကွ၊ အဲဒါ မေမေ့တူမလေ"

"အရင်းလား"

"အင်း ... မင်းက ဘာလုပ်ဖို့မလို့ ဒီလောက်နှိုက်နှိုက်ချွတ်ချွတ် မေးနေတာလဲ"

"ကြိုက်လို့"

"ဟိုက်"ဟူသည့် အာမေဍိတ်သံက နောက်မှ လိုက်သွားတော့သည်။ ရင်ထဲမှာရှိသည့်အတိုင်း နှုတ်မှ လွှတ်ခနဲ ထွက်သွားသည်။ ပြီးမှ 'ဟိုက်'ဟု ရေရွတ်မိသည်။ တစ်ဖက်မှ မျိုးသက်ထွန်းက ရယ်နေသည်။

"ရန်ကုန်မှာ မရှိဘူးကွ၊ နယ်မှာ"

"ဘယ်နယ်လဲ"



"ငါ သေသေချာချာမသိဘူး၊ မောင်နှမတစ်ဝမ်းကွဲချင်းတလည်း တစ်ခါမှ မမြင်ဖူးကြဘူး၊ သူ့မိဘနဲ့ ငါ့မိဘက ငယ်ငယ်တုန်းက စကားမပြောကြဘူးဆိုလား မသိပါဘူး၊ မေမေပဲ သိတယ်၊ ဒါပဲလား ငါ နားချင်ပြီ ဖုန်းချလိုက်တော့မယ်"

"ဟာ ... မချပါနဲ့ဦး ကိုမျိုး"

"ဒါဖြင့်လည်း ပြောကွာ၊ မင်းဟာက နားသိုးကြီးပြတ်ပါလား၊ ငါတောင် နည်းနည်းရုက်စပြုလာပြီ၊ နမကိစ္စဆိုတော့ အစ်ကို ငယ်ထိပ်က ခပ်ကျိန်းကျိန်းရယ်"

မျိုးသက်ထွန်းက သူ့စကားသူ သဘောကျပြီး ရယ်သည်။ ခါတိုင်းဆို ဖြိုးလည်း လိုက်ရယ်ဖြစ်မည်ထင်သည်။ ခုတော့ ရယ်ရန်ဝေးစွ စကားလုံးများကိုပင် သဲကွဲစွာ မကြားလိုက်ရပါ။

"နာမည် ဘယ်သူတဲ့လဲ"

"စုသက်ရည်"

"ဘာ ... စုသက်ရည် ... ဟုတ်လား"

"အေး"

"ကိုမျိုးနှမ အစစ်နော်"

"မင်းက ရေရောထားတယ်များ ထင်နေသေးလို့လား"

"ကြိုက်လို့ပါဆို ... အစ်ကိုရာ"

သည်တစ်ခါတော့ အရဲစွန့်ကာ တမင်တကာပြောပစ်လိုက်သည်။ 'အစ်ကို'ဟုလည်း ခေါ်လိုက်သည်။

"မလွယ်ဘူး၊ မင်းရောဂါက သေနိုင်တယ်"

"အစစ်ပဲ အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ် ... အစ်ကို ... အစ်ကိုနဲ့၊ နေရင်းထိုင်ရင်း ပရိမိုးရှင်းရနေပြန်ပါပြီ"

သို့ထံမှာ နှမတောင်းပေမင့် မျိုးသက်ထွန်းက စိတ်မဆိုးပါ။ သူများနှမလည်း သူက တောင်းနေကျပေကိုး။

"ကူညီပါနော် အစ်ကို"

"တို့က ဆွေမျိုးဆိုပေမယ့် နောက်ပိုင်းတွေက ခပ်ရှုပ်ရှုပ်ရယ်၊ လူကြီးတွေလက်ထက်က ဘာဖြစ်ကြတယ်မသိဘူးကွ၊ ခုမှ ဓာတ်ပုံလောက်ပဲ မြင်ဖူးသေးတာ၊ မင်းထက် ငါက ဘယ်လောက်မှ ပိုမရင်းနှီးဘူး"

"ဘာပဲဖြစ်ဖြစ် အစ်ကို့ညီမ မဟုတ်လား"

"နေပါဦး ဓာတ်ပုံက ကိုယ်တစ်ပိုင်းပုံတည်းပါတာ၊ ကိုယ်လုံးက ရေတိုင်ကီရှိတ် ဖြစ်ချင်ဖြစ်နေမှာ"

"ဖြစ်ပစေ အစ်ကို ရာဝင်အိုးရှိတ်ဆိုလည်းရတယ်"

"သေတော့မှာပဲ"

"တကယ်သေနိုင်တာ"

"ဒါဖြင့်လည်း သေကွာ၊ သေကွာ၊ မင်း အိပ်ရာထဲ ပြန်လှဲပြီးသေ၊ ငါ ဒီမှာ အဝတ်အစားတောင် မလဲရသေးဘူး၊ ဒါပဲ ... ဒါပဲ"

မျိုးသက်ထွန်းက စကားပြောခွက်ကို ဖွတ်ချသွားတော့သည်။ ဖြိုးက စကားပြောခွက်ကိုကိုင်ရင်း ရင်တွင်းမှာ လှုပ်ရှားသလောက် လူက ကြက်သေသေကာ မလှုပ်မယှက် ဖြစ်နေရပါတော့သည်။ နံပါတ်ကိုပြန်လှည့်ဖို့ရာ နောက်တစ်ကြိမ် ထပ်ခေါ်ရမလား စဉ်းစားမိသေးသည်။



သည်မျှထိ အနှောင့်အယှက် ပေးလွန်းလျှင် မတော်ရသေးသည့် ယောက်ဖလောင်းက 'ငါကိုယ်တော်မြတ် နှာကစ်လို့ ကြည်ဖြူတော်မမူဘူး၊ မောင်မင်း'ဆိုပါလျှင် ဒုက္ခ။

မနက်ပိုင်း ဆွမ်းကျွေးပွဲမှာ ပင်ပန်းသွားကြသည့် လူကြီးတွေက ကိုယ်စီကိုယ်ငှ အနားယူနေကြသည်မို့ ဂနာမငြိမ် ဖြစ်နေရသည့်ဖြိုးကို မည်သူမျှ သတိမထားမိကြပါ။ ဖြိုးက အခန်းထဲသို့ ပြန်ဝင် တံခါးကိုချက်ထိုး၍ အကျအနပိတ်၊ အိပ်ရာပေါ်မှာပြန်လှဲ၊ 'စုသက်ရည်' ဓာတ်ပုံကလေးကိုသာ တရှိုက်မက်မက် ငေးကြည့်နေမိတော့သည်။

ဤနေရာမှာ 'ချမ့်ဖူးသော့ရေစက် ပန့်ကဖူးသောသစ္စာ'ဆိုသည့် စကားကို ယုံကြည်မိတော့သည်။ ဓာတ်ပုံကလေးကို မြင်ရသည်နှင့် ပြာဖုံးနေသော မီးခဲကလေးကို ယပ်ခတ်ပစ်လိုက်သည့်နှယ် ရဲခနဲ ထတောက်ရသည့် အဖြစ်ပါတကား။

တမှတစ်ပါး အခြားစိတ်မဝင်စားခဲ့ဖူးသော ဖြိုး ... နွားသိုးကြီးပြတ်၊ နွားငတ်ရေချဆိုသည့်နှယ် အပျိုမြင်တိုင်း လက်ညှိုးထိုးကာ၊ ငမ်းငမ်းတက်တက်သူလည်း မဟုတ်ပါ။ သည့်မတိုင်မီက ဆိုလျှင် အဘယ်မိန်းကလေး တစ်ဦးတစ်ယောက်ကိုမျှလည်း စိတ်မဝင်စားမိပါ။

မိန်းကလေးများနှင့် စကားပြောရလျှင်တောင် ရှက်ချင်ချင်ဖြစ်နေရသေးသည်။

ရည်းစားသနာဆိုသည်ကို အပြင်းပြေထားကြည့်ချင်သူလည်း မဟုတ်ပါ။ ဝါသနာလည်းမပါခဲ့။ အခုမှ မည်သို့ဖြစ်ရသည်ကိုမသိပါ။ မေမေနှင့် ဘိုးဘိုးက ဒါကြောင့် သူ့ကို "လူပျိုကြီးလုပ်လောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် အေးဆေးလွန်းမည့်သူမဟုတ်" ဟု မှတ်ချက်ချခဲ့ခြင်းဖြစ်ပါလိမ့်မည်။

ခုတော့ ဓာတ်ပုံကလေးမြင်ရုံနှင့်ပင် မိန်းကလေးတစ်ယောက်ကို သူ ချစ်မိလေပြီ။

"အချစ်ဆိုတာ ဘယ်လိုများလဲကွယ်"

ပညာရေးမှာ ထိခိုက်မည်စိုးသောကြောင့် ယောင်လို့မျှ တွေးမကြည့်ခဲ့ဖူးသည့် 'အချစ်'သည် နှလုံးသားတွင်းသို့ မည်သည့်အချိန်က ဝင်ရောက်ခိုအောင်းနေပါသနည်း။ ရုတ်တရက် ရှင်သန်ကြီးထွားလာပုံက မြန်ဆန်လွန်းသောကြောင့် ယုံနိုင်စရာပင်မရှိပါ။

အချစ်သည် လူသားတိုင်းအဖို့ မွေးရာပါဗီဇ ဖြစ်ဟန်တူပါ၏။ အချိန်မတန်သေးလျှင် နှလုံးသားတွင်းမှာ ငိုက်မျဉ်းအိပ်ပျော်နေတတ်သည်။ ရုတ်တရက်ကြီး နိုးကြားလာတတ်သေးသည်။ အိပ်ရာမှလန့်နိုးလာသည့် အချစ်သည် နှလုံးသားကို ရိုက်ပုတ်ထုထောင်းကာ ဆန္ဒပြကြသည်။ အချစ်၏ တောင်းဆိုရာကို အဘယ်သို့သော လူသားများမို့ တွန်းလှန်နိုင်ပါအံ့နည်း။

ဖြိုး အိပ်ရာထက်မှ လူးလဲထသည်။ စာရေးစက္ကူကတ်နှင့် ဘောလ်ပင်ကိုယူကာ စာတစ်စောင် ကောက်ရေးသည်။

ရေးပြီးတော့ ... ကိုယ့်စာကိုယ် အပြန်ပြန် အလှန်လှန် ဖတ်ကြည့်တော့ သဘောကျသွားမိသည်။ စာအိတ်တစ်ခုမှာထည့်ကာ ကိုယ့်ပီတိနှင့် ကိုယ်ငြိမ့်နေသည်။ သည်နေ့ ဖြိုး အချိန်ဇယားထဲတွင် တွေဝေငေးမောခြင်းက အချိန်တော်တော် ယူသွားသည်မို့ ဇယားကိုက်လှုပ်ရှားရသည့် ဖြိုး။ သည်နေ့တော့ ဇယားတလွဲ အလုပ်တလွဲ ဖြစ်ရပါချေပြီ။



ညကျတော့ အိပ်မက်ထဲမှာ စုသက်ရည်ကို လက်တွဲ၍ အဓိပတိလမ်းမကြီးပေါ်မှာ လျှောက်ပြေးနေသေးသည်။ မနက်မိုးလင်းသည်နှင့် ကျောင်းတက်ရန်ပြင်ဆင်သည်။ သည်နေ့တော့ ကျောင်းကို အစောကြီးရောက်ချင်သည်။ မျိုးသက်ထွန်းကို ရှာ၍ စာလွှာပါးမည်။ သူ့လုပ်ပုံက နမအတွက် ပေးမည့်စာကို ယောက်ဖလောင်းကတစ်ဆင့် ပို့သည်ဆိုတော့ အတော်ခွတီးခွကျနိုင်သည်။

သို့ပေမင့် နှစ်ဆယ်ရာစုခေတ်နှောင်း အစ်ကိုပေမို့ ဖင်ကျိုန်းသည့်တိုင် နားလည်မှုနှင့် ခွင့်လွှတ်ပေးလိမ့်မည်ဟုထင်သည်။ ပြီးတော့ မျိုးသက်ထွန်းသည် ဖြိုးကို တကယ်ခင်ရှာသူလည်းဖြစ်သည်။ ဖြိုးပုံစံက ယောက်ဖလောင်းအင်တာဗျူးမှာ အမှတ်များများရနိုင်စရာရှိပါသည်။ ဂုဏ်အသိုင်းအဝိုင်းကောင်းသည်။ စီးပွားရေးမှာ အချမ်းသာကြီးမဟုတ်သည့်တိုင် ပြေလည်သည်။ စာကြိုးစား၊ ရိုးသားသည်။ ကဲ ... ဘာလိုသေးလဲ။

မျိုးသက်ထွန်းကို ရှာဖွေဖို့အတွက် စာသင်ချိန်ကိုတော့ အပျက်မခံလိုပါ။ စုသက်ရည်ကိစ္စနှင့်ပတ်သက်၍ ဖြူသည်ဖြစ်စေ၊ မည်းသည်ဖြစ်စေ၊ ကြည်နူးသည်ဖြစ်စေ၊ ကြေကွဲသည်ဖြစ်စေ၊ နှလုံးသား၏ခံစားမှုက တစ်ကဏ္ဍ၊ ပညာရေးက တစ်ကဏ္ဍ၊ သတ်သတ်စီပိုင်းခြားထားရန်လည်း သန္နိဋ္ဌာန်ချလိုက်မိပါသည်။

"ကိုမျိုး"

မျိုးသက်ထွန်းကို ထင်ထားသည့်အတိုင်း အီကိုကင်တင်းမှာပင် တွေ့ရသည်။ သိန်းသန်းအောင်၊ မိုးမြင့်၊ သူရဇော်ပါ ပါဝင်သည်။ သူတို့က အတန်းကျတော့သာ တက်ဖြစ်ချင်မှ တက်ဖြစ်သည်။ ကျောင်းကိုတော့ မှန်မှန်လာသည်။ စောစောလည်းလာကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးချစ်ဆိုင်၏ ဗာဒံပင်ရိပ်များသည် သူတို့အတွက် ဘူမိနက်သန်ပါပေ။ တစ်ခါတစ်ခါ ဌာနချုပ်ပြောင်းသည်ဟုဆိုကာ အခြားစားသောက်ဆိုင်များသို့လည်း သွားတတ်သည်။

"လာ ... သံဘူးသောက်မလား"

ဦးယမ်းဘလူးဆိုင်မှာ ထိုင်နေကြသည်မို့ အအေးသောက်ရန် ဖိတ်ခေါ်လိုက်သည်။ လူကသာ ပေပေတေတေ၊ စာကလည်း မကြိုးစားချင်ပေမင့် မျိုးသက်ထွန်းက သဘောကောင်းကာ အပေါင်းအသင်းများအပေါ်တွင် သည်းခံစိတ်ရှိသူဖြစ်ပါ၏။

"မသောက်တော့ဘူး ကိုမျိုး၊ အိမ်က စားလာတာ၊ ဗိုက်သိပ်ဝနေလို့"

ဘာမျှမစားမသောက်လိုပေမင့် မျိုးသက်ထွန်းနားသို့ ကုလားထိုင်တစ်လုံးဆွဲ၍ ဝင်ကပ်ထိုင်သည်။

"ခါတ်ပုံပါလာလား"

မျိုးသက်ထွန်းက မေးသည်။

"မပါဘူး"

"ယူခဲ့ပါကွာ၊ မေမေ မေးနေရင် ဘယ့်နှယ်လုပ်မလဲ"

"ဘယ်လိုမှမလုပ်နဲ့ ကောင်းအောင်သာ ကြည့်ဖြေလိုက်တော့၊ ခါတ်ပုံကို ကျွန်တော် ပြန်မပေးတော့ဘူး"

"ပြတ်လှချည်လားဟ၊ ငါ့များလည်း အားနာပါဦးကွာ"

တစ်အုပ်စုလုံးက ဖြိုးကို ပြုံး၍ကြည့်နေကြသည်။ သူတို့ကြည့်ပုံက အမြီးငုံးတိကလေး ထွက်ပြူလာသည့် မျောက်ပေါက်စကလေးကို ကြည့်နေပုံနှင့်တူသည်။ မျိုးသက်ထွန်း ကြိုတင်ဖောက်သည်ချထားပြီး ဖြစ်ဟန်တူပါ၏။



သိန်းသန်းအောင်က ဖြိုး၏တင်ပါးရိုးကို ရုတ်တရက်ကြီး လှမ်းကိုင်သည်။ ဖြိုး တွန့်ခနဲထခုန်သည်။

"ဘာလုပ်တာလဲဗျ"

"ဩော် ... ဒီအရွယ်ရောက်လို့မှ အမြီးမပေါက်ရင် ဘာမျောက်လဲလို့ ဆိုရိုးရှိတယ်မဟုတ်လား"

"ဘာဆိုင်လဲ"

"ကိုရွှေဖြိုးမှာ အမြီးကလေး ငုံးတိတိ ထွက်လာပလားလို့ စမ်းကြည့်တာ"

"ကြဲကြဲဖန်ဖန်ဗျာ တော်တော်ရှုပ်တဲ့လူ"

ကျန်လူများက ဝါးခနဲ ဝိုင်းရယ်သည်။ ဖြိုးက လိုက်မရယ်ဘဲ သူ့လက်ထဲမှ စာအုပ်ကလေးကို မျိုးသက်ထွန်းထံ လှမ်းပေးသည်။

"ရော့ ... ကိုမျိုး စာအုပ်"

"ခါတ်ပုံကော ..."

"မပေးတော့ပါဘူးဆို"

"ဟာကွာ ... မင်းကလည်း ပြဿနာ"

"ပျောက်သွားပြီပြောလိုက်တော့ ကိုမျိုးရာ"

"ကာယကံရှင် ကြည်ဖြူမှ ယူပါလားကွာ"

သည်စကားကြားတော့ ဖြိုး တွေခနဲ ဖြစ်သွားသည်။ မျိုးသက်ထွန်း စကားက နည်းလမ်းကျသည်။ မိန်းကလေးတစ်ယောက်၏ ခါတ်ပုံကို ကာယကံရှင်မပေးဘဲ ခွတ်ယူထားသည်ကိစ္စမှာ ယောကျာ်းကောင်းတို့အလုပ် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ခဏယူထားပါရစေဦး ကိုမျိုးရာ၊ ကျွန်တော် ဒီမှာ စာတစ်စောင်ရေးလာတယ်၊ အဲဒီစာ သူ့ကိုပေးပေးပါ၊ သူကငြင်းရင် ဓာတ်ပုံပြန်ပေးပါ့မယ်၊ လက်ခံတယ်ဆိုရင်လည်း ပြန်မပေးတော့ဘူး"

ပြောပြောဆိုဆို စာကို ထုတ်ပေးသည်။ မျိုးသက်ထွန်းက မယူသေးမီ သူရဇော်က လုသွားသည်။

"မင်းကလည်း အပိုင်ပြောနေလိုက်တာ၊ ငါ့နမကို ငါတောင် မမြင်ဖူးသေးဘူး၊ မင်းရဲ့ရည်းစားစာကို ဘယ်လိုလုပ် ပို့ပေးရမှာလဲဟ"

"ဟင် ... ကိုမျိုး လိပ်စာ သိမှာပေါ့"

"မန္တလေးမှာတဲ့၊ အဲဒါတော့ ညက မေမေ့ကို မေးကြည့်ပြီးပြီ"

"ဒီလိုဆို ကျွန်တော့်စာရယ်၊ ကိုမျိုးက အကျိုးအကြောင်းရှင်းပြတဲ့ စာတစ်စောင်ရယ် ရေးပြီးပို့ပေးပါ"

"ဒီကောင် မအူမလည်နဲ့ ခက်တော့တာပဲ၊ မမြင်ဖူးသေးတဲ့ နမဆီ ယောက်ဖလောင်းရဲ့ရည်းစားစာကို ငါက ဖော်ဝပ်ဒင်းလက်တားနဲ့ ပို့ရမယ်ရယ်လို့ပဲ"

ဝါးခနဲ ဝိုင်းရယ်ကြပြန်သည်။

"အရိုင်းကလေးဆိုတော့ ဖြစ်လိုက်ရင် အသည်းအသန်လေ"

မိုးမြင့်က မှတ်ချက်ချသည်။

"ကိုမျိုးတို့က ဘာဖြစ်လို့ မမြင်ဖူးကြတာလဲ၊ တစ်ဝမ်းတည်းကွဲသေးတယ်ဆို"



"အမွေကိစ္စကြောင့် သူ့အမေနဲ့ ငါ့အမေက စကားမပြောဘူးတဲ့၊ မောင်နှမဝမ်းကွဲချင်းလည်း အဆက်အဆံမရှိဘူးပေါ့"

"အခု ဓာတ်ပုံက ဘယ်လိုရတာလဲ"

"အသက်တွေကြီးကုန်တော့ အာဃာတတွေလည်း ပြေပြီပေါ့ကွာ၊ ဆွေမျိုးချင်း ပြတ်နေတာ မသင့်တော်ဘူးဆိုပြီး လူကြီးချင်း စာရေးဆက်သွယ်ကြတယ်၊ ဟိုကလည်း မိသားစုဓာတ်ပုံပို့တယ်၊ ဒီကလည်း ငါတို့မောင်နှမနှစ်ယောက်ဓာတ်ပုံ ပို့တယ်၊ မမြင်ဖူးသေးတဲ့ မောင်နှမချင်း လမ်းတွေ့ရင်တောင် မသိမှာစိုးလို့၊ အဖြစ်ကဒါပဲ"

"ဒီလို အခြေအနေမှာ အောင်သွယ်ရတာ မကောင်းဘူး၊ ရင်းလည်းမရင်းနှီးသေးတော့"

သိန်းသန်းအောင်က ဝင်ပြောသည်။

"အေးလေ ... ဒီမှာဖြင့် ခုမှ ဆွေရယ်မျိုးရယ်ဖြစ်တယ်၊ ဒီကောင်က ကြားထဲကဝင်ပြီး နွားငတ်ရေရျ"

မျိုးသက်ထွန်း စိတ်ဆိုးသောကြောင့်သာ တော်တော့သည်။ ဖြိုးတို့လုပ်ပုံက စိတ်ဆိုးချင်စရာကြီးပါ။

သူရဇော်က ဖြိုး၏စာကို အသံထွက်၍ဖတ်ပြရာ အားလုံးက ဝိုင်းရယ်ကြပြန်သောကြောင့် ဖြိုး ခေါင်းငုံ့နေရသည်။ မဖတ်နှင့်ပြောလည်းရမည့်အစ်စ မဟုတ်သောကြောင့် ကြည့်နေရတော့သည်။

"မင်းစာရေးပုံက ဆယ့်ရှစ်ရာစုခေတ်ဦး စက်မှုတော်လှန်ရေးကာလ အချိန်တုန်းကစတိုင်ကြီးကွ၊ ဒီမှာကြည့်၊ ငါရေးထားတဲ့စာကမှ နှစ်ဆယ့်တစ်ရာစုကို ရှေးရှုတာ၊ မင်းစာနဲ့ ငါ့စာ ရာစုသုံးခုစာလောက်ကွာတယ်"

www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်က သူရေးထားသည့် စာတစ်စောင်ကို ထုတ်ပြသည်။ ခါတိုင်းလည်း ရည်းစားစာများထုတ်ထုတ်ပြတာ ကြားနေကျဖြစ်သည်။ သို့သော်မင့် ဖြိုး တစ်ခါမျှ ယူမဖတ်ကြည့်ခဲ့ပါ။ ခုတော့ စိတ်ဝင်စားစွာ လှမ်းယူမိသည်။ ဆရာမပြလျှင် ငါးပိဖုတ်တာတောင် နည်းမကျဘူးဟု ဆိုရိုးရှိသည် မဟုတ်လား။ သည်နေရာမှာ သည်အုပ်စုကိုပဲ ဆရာတင်ရပါမည်။

"မှ/တစ်ဆင့် ...

၁။ သူမ၏မျက်ဝန်း

၂။ သူမ၏ခံစားတတ်သော နှလုံးသား

သို့

အချစ်ပစ်မှတ် ဗဟိုချက်

နေ့စွဲ။ ။ နှစ်ဆယ်ရာစု နှောင်းခေတ်ပိုင်းကာလ။

အကြောင်းအရာ။ ။ ရွှေလက်တွဲ၍ ချစ်ပွဲဝင်ခွင့် ပြုပါရန် လျှောက်ထားခြင်း။

သူမခင်ဗျား ...

သူမ၏ လှပချောမွေ့သည့် ရုပ်ရည်သွင်လျာ၊ မြတ်နိုးတွယ်တာဖွယ်ရာ ဟန်ပန်အမူအရာနှင့် ချိုသာသည့် စကားသံများကို သက်ခင်ပြတ်လုံ တိမ်းမူးညွတ်နူးမိပါသည့် ကျွန်တော်သည် နှစ်ဆယ်ရာစုနှောင်းပိုင်းကာလတွင် သူမအား မေတ္တာသက်ဝင် ချစ်ခင်မိပါကြောင်းနှင့် တူညီမေတ္တာ တုံ့ပြန်ဖလှယ်မှု ပြုပါရန် ဒူးထောက်တောင်းပန်အပ်ပါကြောင်း။

မိုးမြင့်"

"ဟား ဟား ... ဟား ဟား"



ဖြိုးက အားရပါးရ အော်ရယ်မိတော့သည်။

"အဲဒီစာက မိန်းကလေးတိုင်းနဲ့ အကျုံးဝင်တယ်၊ ကြိုက်ရာလူကို ပေးနိုင်တယ်"

"အကောင်းမှတ်လို့ ဖတ်ကြည့်တာ"

"အဲဒါ အကောင်းပဲ၊ တချို့က ထူးမှခိုက်တယ်၊ ဆန်းမှကြိုက်တယ်"

"ဖော်ပါတော့ မိုးမြင့်ရာ၊ ကမ္ဘာ့လူကြောင်ကြီးများ စာရင်းဝင်သွားပါဦးမယ်"

ပြောပြောဆိုဆို လက်မှနာရီကို ငုံ့ကြည့်သည်။ မတတ်တတ်ထရမ်သည်။

"ကလပ်စ်နီးပြီ ကိုမျိုး၊ ကျွန်တော် သွားတက်ဦးမယ်၊ ကိုသိန်းသန်းအောင်တို့၊ ကိုမိုးမြင့်တို့ မတက်ဘူးလား"

"ကျောင်းလား၊ တက်ဖူးသားပဲ"

သည်လိုဖြေကတည်းက မတက်တော့ဘူးမှန်း သိလိုက်ရသည်။ မျိုးသက်ထွန်းဘက်သို့ လှည့်ကာ ...

"ကိုမျိုးရာ ကျွန်တော့်ကို နားလည်ပေးပါ၊ ကျွန်တော့်ရင်ထဲမှာ တကယ်ခံစားရတာပါ"

"ဟ ... ဖြိုးရဲ့ မင်းကို နားလည်လို့ သည်းညည်းခံနေတာပေါ့၊ နားလည်ရုံတင်မကဘူး၊ ငါနမ ဆွေမျိုးသားချင်းတွေထဲက ဘယ်သူမဆို မင်းလိုကောင်နဲ့တော့ ငါက ဖြစ်စေချင်ပါတယ်၊ ငါသာ လူကောင်းမဟုတ်ပေမယ့် မင်းကိုတော့ လူကောင်းအဖြစ် ငါကလေးစားတယ်၊ လူတော်လို့လည်း အထင်ကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း ဟိုစာကလေးကို တစ်နည်းနည်းနဲ့တော့ ရောက်အောင်ပို့ပေးပါဗျာ"

"ဩော် ... ဖြိုး ... ဖြိုး ဒီတောင်က ကျော်ပါ့မလား၊ ငှက်ဆိုးတွေကလည်း ထိုးလိုက်တာ"

သူရဇော်က ဖြိုးကို သေခါနီးလူမမာသဖွယ် လှမ်းပြောလိုက်သည်မို့ ရယ်ကြရသေးသည်။ စာသင်ချိန်အမီ ကမန်းကတန်းပြေးထွက်သွားသည့် ဖြိုး၏နောက်ပိုင်းကို မျိုးသက်ထွန်းက ငေးကြည့်ကျန်ရစ်ခဲ့ရသည်။

"ဒီကောင် တကယ်စွဲရှာတယ်"

"မင်းနှမဆိုတာရော တကယ်ဟုတ်ရဲ့လား"

"ဩော် ... မိုးမြင့်ရယ်၊ ငါ့နှမမှ ငါ့နှမပါ"

"ဒါဖြင့်လည်း ဖြစ်အောင်လုပ်ပေးလိုက်ကွာ၊ ဖြိုးက လူကောင်းလေး ကြိုးလည်းကြိုးစားတယ်၊ ဖြိုးကိုယ်တိုင်ကလည်း သိပ်စွဲလမ်းနေတော့ ဖြစ်ရှာပါစေကွာ၊ ဖြိုးနဲ့အိုကေရင် မင်းနှမလည်း ကောင်းစားမှာပါ"

"အင်း ... ယောက်ဖလောင်းနဲ့ အောင်သွယ်ပေးဖို့ မောင်နှမချင်း ရင်းနှီးအောင်အလျှင်လုပ်ရဦးမယ်"

"ဖြိုးနှယ်ကွာ နမချင်းတူတူ စုပါနားရွက်ကို ကြိုက်လိုက်ပြီးရော"

"ဒီကိစ္စက ထီးရိုးဝါးထဲ ဆင်တစ်ကောင်လုံးရိုက်သွင်းရသလို တော်တော်ကျပ်မယ့်ပြဿနာပဲ"

* * *



နောက်တစ်လခန့် ကြာသည့်အခါမှာ စုသက်ရှည် မကြာမီ လက်ထပ်တော့မည်ဖြစ်ကြောင်း၊ သူ့မိဘများက သဘောတူပေးစားမည့် သူက လွန်ခဲ့သည့်နှစ်နှစ်ခန့်ကပင် ရွေးချယ်ပေးထားခဲ့ပြီဖြစ်ကြောင်း၊ စုသက်ရှည်ကလည်း ခေါင်းညိတ်လက်ခံပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မည်သို့မျှ မဖြစ်နိုင်ပါကြောင်း၊ ဓာတ်ပုံကိုတော့ ဖြိုးလိုချင်လျှင် ယူထားလိုက်ပါတော့ သည်မျှသာ အတတ်နိုင်ဆုံး လိုက်လျောနိုင်ပါကြောင်း စသည် စသည်တို့ကို မျိုးသက်ထွန်းမှတစ်ဆင့် ကြားသိခဲ့ရလေသည်။

ဖြိုးအဖို့ ပထမဆုံးတိုက်ပွဲမှာ တပ်ပျက်ကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပါ၏။ ရင်တွင်းမှ ခံစားမှုဝေဒနာနေရာမှာ ကျောင်းစာကိုသာ အစားထိုးပြီး ကြိုးစားဖြေသိမ့်ခဲ့ရပါတော့သည်။ သည်နေ့မှစကာ မိန်းကလေးမြင်လျှင် 'ကြောက်ပါပြီ'ဟု အော်ကာ ထွက်ပြေးချင်သည်အထိ ဖြစ်ခဲ့ရသည်။ နှလုံးသားချစ်မြေမှာ အလံဖြူတင်ရသူမို့ ကြေကွဲဝမ်းနည်းမှုဒဏ်ကို ခါးသီးစွာ ခံစားခဲ့ရပါ၏။

သည့်နောက်ပိုင်းတွင် ဖြိုးတစ်ယောက် စကားပိုနည်းသွားသည်။ ပျော်ရိပ်မြူးရိပ် ပိုနည်းသွားသည်။ စာကို ပိုကြိုးစားလာသည်။ ကျူတိုရီယယ်စာမေးပွဲတိုင်းမှာ အမှတ်အများဆုံးချည်း အမြဲရခဲ့သည်။

ခုတော့ သက်မှုကြင်သူကလေးက ယဉ်ယဉ်ကလေး ရှုးနေရှာပါပေါ့လား။ မိမိပေါင်ကို ခေါင်းအုံးကာ ခွေခွေကလေး အိပ်

www.burmeseclassic.com

www.burmeseclassic.com



ပျော်နေရှာပါကလား။ မိမိကိုမြင်သည်နှင့် ကိုကိုဟုဆိုကာ ပြေးဝင်နှီးတွယ်လာသည်က အဘယ်ကြောင့်ပါနည်း။ ကိုမျိုးကကော ကျောင်းမှာ နေ့တိုင်း တွေ့နေပါလျက် စုသက်ရည်အကြောင်း အဘယ်ကြောင့် ပြောမပြခဲ့ပါသနည်း။

အဖြေမရှိသည့် ပုစ္ဆာများက တစ်ညလုံး အိပ်မရသေးသည့် ဖြိုး ဦးနှောက်တွင်းမှာ ဆူဝေကြသည်။ တက္ကသိုလ်ရိပ်သာလမ်းမှ အတွင်းဘက်သို့ ချိုးဝင်ရသည့် လမ်းဆွယ်ကလေးသို့ ဝင်လာခဲ့သည်။ မျိုးသက်ထွန်းတို့အိမ်ကို တစ်ခေါက်မျှ မရောက်ဖူးပေမင့် ရှေ့ကားသွားရာနောက်သို့ လိုက်ရသည်မို့ အခက်အခဲမရှိ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

မျိုးသက်ထွန်းနှင့်တွေ့ပါလျှင် ပြောစရာစကားတွေ၊ မေးရမည့်ပုစ္ဆာတွေ၊ အဖြေသိရမည့် ပဟေဠိတွေက ဖြိုးရင်နှင့်အမျှ ပြည့်လျှမ်းစွာ ဖြစ်ထွန်းကြပါသတည်း။

* * *



## အစဉ်ပဲ ရင်ထဲငြိတွယ်

အကြောင်းအရာများက တိတိပပ ပြည့်ပြည့်စုံစုံ မဟုတ်သည့်တိုင် စုသက်ရည်ဘဝ အကြမ်းဖျင်းကို မျိုးသက်ထွန်း ပြောပြ၍ သိရသည်။ စုသက်ရည်တို့ဘက်မှ ခံစားမှု၊ စုသက်ရည်မိဘများ၏ သဘောထားများကျတော့ သိခွင့်မရပါ။ စုသက်ရည်ဖခင်နှင့် မျိုးသက်ထွန်း မိခင်တို့ မောင်နှမတော်ကြောင်း၊ အသက်ကြီးလာချိန်မှ နှစ်ဖက်အဘယာတများ ပြေပျောက်ကာ ပြန်လည်ဆက်သွယ်ကြောင်း ... စသည် စသည်များသာ။

စုသက်ရည်ကို ပြန်ပို့ပေးခဲ့သည်နေ့က ဖြိုးကိုယ်တိုင်လည်း နွမ်းနယ်ပင်ပန်းနေသည်မို့ မျိုးသက်ထွန်းတို့အိမ်မှာ ကြာကြာမနေဖြစ်ခဲ့ပါ။ နောက်တစ်နေ့ တနင်္လာနေ့ ကျောင်းတက်တော့ ကျောင်းမှာ မျိုးသက်ထွန်းကိုသာ အလျင်ဆုံးတွေ့အောင်ရှာမိသည်။

"ရှာနေတာ ကိုမျိုးရယ် ... လာဗျာ ... ဦးချစ်ဆိုင်မှာ လက်ဖက်ရည်တိုက်ပါ့မယ်"

သည်စကားစုက မည်သည့်လမ်းကို ဦးတည်ကြောင်း မျိုးသက်ထွန်း နားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်ရည်မတိုက်လည်း စုသက်ရည်အကြောင်း ပြော ပြမှာပါကွာ၊ ဟိုကောင်တွေကို စောင့်ဦးစို့"

ဂျပ်ဆင်မျက်နှာစာမှ အင်ကြံပင်ရိပ်ခုံများမှာ ထိုင်ရင်း သူတို့အဖွဲ့ကို စောင့်ရချိန် စုစုပေါင်း ငါးမိနစ်ကို ဖြိုးရင်ထဲမှာ ငါးကမ္ဘာလောက်ထင်သည်။ မျိုးသက်ထွန်း သက်သက်အထာကိုင် ခြင်း မဟုတ်မှန်းတော့လည်း နားလည်သည်။ ဆုံနေကျ သူငယ် ချင်းများကို ဝတ္တရားအရ စောင့်ရခြင်းပါ။သို့ပေမင့် ဤမျှ စောင့် ချိန်ကို ဖြိုး စိတ်မရှည်ချင်။

သူငယ်ချင်းငါးဦး ဦးချစ်ဆိုင် ဗာဒံပင်ရိပ်အောက်သို့ ရောက် သည်။ လေးယောက်ထိုင်စားပွဲမှာ ငါးယောက် ထိုင်ကြသည်။ မျိုးသက်ထွန်းကပင် စကားကို အလျင်ဆုံးစပြောသည်။ အမြဲ့ရွှတ် နောက် ပြောင်ချော်နေခဲ့သော သူ့မျက်နှာ သည်တစ်ခါတော့ တည်နေသည်။

"စုသက်ရည်မှာ သူလည်းကြိုက်၊ မိဘလည်းသဘောတူတဲ့သူ ရှိပြီးပြီလို့ မင်းကို ပြောခဲ့ပြီးသားပဲ ဖြိုး၊ နောက်ပိုင်း စုသက်ရည် တို့အိမ်ကို ရောက်လာတဲ့အကြောင်းကျမှ ဘာဖြစ်လို့မြို့ထားသလဲလို့ မင်း မေးချင်လိမ့်မယ်"

တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြသောကြောင့် မနေ့က အဖြစ်အပျက်ကို အတိုချုံး၍ ဖြိုးက ပြန်ပြောပြသည်။

"စုသက်ရည် စိတ်နောက်သွားပြီ ဖြိုး"

"ဟုတ်ကဲ့ ... အဲဒါလည်း ကျွန်တော် မနေ့က သိခဲ့ပြီးပြီ လေ"



"စိတ်နောက်တဲ့အခါမှာ အနီးစပ်ဆုံး ဆွေမျိုးဆိုလို့ တို့ပဲ ရှိတာနဲ့ မေမေကိုယ်တိုင် မန္တလေးကနေ ခေါ်လာခဲ့တာ"

"သူ့အမေဘက်က အမျိုးတွေကော"

"အတိုးအဘွားလည်း မရှိတော့ဘူး၊ သူ့အမေက တစ်ဦး တည်းသောသမီး၊ အရင်းမရှိဘူး၊ ဝမ်းကွဲတွေပဲရှိတယ်၊ စုသက်ရည် တို့က သိပ်ချမ်းသာတယ်၊ မိဘမဲ့ စိတ်မနှံ့သူတစ်ဦးကို ဟိုအမျိုး ကခေါ်ချင်၊ ဒီအမျိုးကခေါ်ချင်နဲ့၊ ပိုက်ဆံချမ်းသာတာကိုး"

"စုသက်ရည်ဆန္ဒနဲ့ ကိုမျိုးတို့ဆီ လိုက်ခဲ့တာလား"

"စုသက်ရည်ကို အုပ်ထိန်းခွင့်ရဖို့အရေး အမွေလုသလို လုနေကြတယ်၊ တကယ်တော့လည်း အမွေလုတာပါပဲကွာ၊ စုသက် ရည်သာ ဆင်းရဲနေရင် ဘယ်သူမှခေါ်ပြီး ဒုက္ခခံချင်မှာမဟုတ်ပါဘူး၊ အဲ ... ဝိုင်းလုနေသလိုဖြစ်တော့ ရုပ်ကွက်ကောင်စီရယ်၊ဦးချစ်ထွန်း ဒေါ်စုမွန်ရည်တို့ရဲ့ရှေ့နေတွေရယ် ညှိနှိုင်းပြီး မေမေခေါ်စေသတည်း အမိန့်ချပေးလိုက်တာ၊ မေမေက ဦးချစ်ထွန်းနဲ့ မောင်နှမအရင်းကိုး"

"သူ့စီးပွားရေးလုပ်ငန်းတွေကော"

သည်ကိစ္စကို ဖြိုးလည်း စိတ်ဝင်စားပါသည်။ ဘာရယ် မဟုတ်ပါ၊ စုသက်ရည်အတွက် တရားသဖြင့် ဖြစ်စေချင်သည့်ဆန္ဒ သက်သက်ပါ။ သို့ပေမင့် သည်မေးခွန်းကို မေးလျှင် ဖြိုးအပေါ်မှာ အမြင်တစ်မျိုး လွဲနိုင်သည်မို့ မမေးဘဲနေခဲ့သည်။ သူ့ရဲဘော်က ...မေးသောကြောင့် အဆင်ပြေသွားသည်။

"ဒေါ်စုမွန်ရည်ဆိုတဲ့ အမျိုးသမီးကြီးက လုပ်ငန်းကို အစ ကတည်းက ရှေ့နေရှေ့ရပ်နဲ့လုပ်တာ စိတ်ချရတဲ့ မန်နေဂျာလည်း ရှိတယ်၊ အဲဒီလူက ဒေါ်စုမွန်ရည်ရဲ့မောင်နှစ်ဝမ်းကွဲ၊ လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



ဆက်လုပ်ခိုင်းထားတယ်၊ ငွေရေးကြေးရေးကို စာရင်းအင်းနဲ့တကွ အတိအကျ ရှေ့နေသုံးယောက်ရယ်၊ မန်နေဂျာဦးအောင်သိန်းရယ်၊ လေးယောက်သဘောတူမှ စီမံခွင့်ရှိတယ်”

“ရတနာလုပ်ငန်းဆိုတော့ အတုတွေ အစားမသွင်းနိုင်ဘူးလား”

သိန်းသန်းအောင်က ဝင်မေးသည်။

“ဒေါ်စုမွန်ရည်ဟာ သူ့ကိုယ်သူ သေမယ်လို့များ ကြိုသိသလားမသိပါဘူးကွာ”

“ဒေါ်စုမွန်ရည်ဆိုတာ စုသက်ရည်ရဲ့ ‘အမေပေါ့ ဟုတ်လား”

“ဟုတ်တယ် ဖြိုး၊ ဦးချစ်ထွန်းကအဖေ၊ သူလည်း ဆုံးရှာပြီ”

“ခြော် ... ဖြစ်မှဖြစ်ရလေ”

“စုသက်ရည်ဘဝကလည်း သနားစရာကောင်းလိုက်တာ”

မိုးမြင့်က ဖြိုး၏စကားကို ထောက်ခံသလို ဝင်ပြောသည်။

“ဒေါ်စုမွန်ရည်နဲ့ ဦးချစ်ထွန်းဟာ တစ်လနဲ့ရှစ်ရက်ကွာပြီး ဆုံးတယ်၊ ဦးချစ်ထွန်းက အလျင်ဆုံးတယ်၊ ဒီအလျင် တစ်လကျော်က သူ့ချစ်သူ ဆုံးခဲ့တယ်၊ စဉ်းစားကြည့်ကြကွာ၊ စုသက်ရည်မရှူးဘဲ ဘယ်လိုနေတော့မလဲ၊ တကယ့်ကို ပဋာစာရီကိန်းဆိုက်ရှာတာ”

ဖြစ်မှဖြစ်ရလေ စုသက်ရည်။ ဒီလောက်လှ၊ ဒီလောက်ချမ်းသာပြီးမှ ဒီလောက်အဖြစ်ဆိုးရရှာတယ်၊ ဖြိုးရင်ထဲမှာ ကျိတ်၍ သနားခြင်းကြီးစွာဖြစ်မိသည်။

“ဒေါ်စုမွန်ရည်ဟာ ဦးချစ်ထွန်း ဆုံးပြီးတဲ့နောက်မှာ လုပ်ငန်းကို ပြုပြင်တယ်၊ မန်နေဂျာရယ်၊ ရှေ့နေသုံးဦးရယ် ညှိနှိုင်းပြီး သုံးဖို့ငွေကို ဘဏ်မှာအပ်တယ်၊ ပစ္စည်းလာအပ်မှ ရတနာလိုက်



ရှာဝယ်၊ ရတနာတွေ့ရင်လည်း နည်းနည်းပါးပါး ဝယ်ချင်ဝယ်ထား၊ ဘဏ်အပ်ငွေ သုံးသိန်းခွဲနဲ့ပဲ လုပ်ငန်းကို လည်ပတ်တော့မို့ စီစဉ်တယ်၊ ဒါတွေအကုန်လုံးရဲ့ ရပိုင်ခွင့်ကို စုသက်ရည်နာမည်နဲ့ လွှဲတယ်၊ ကျန်တဲ့ပိုက်ဆံတွေ ရတနာတွေကို သူ ဘယ်မှာ ဘယ်လိုသိမ်းလိုက်တယ်မသိဘူး၊ စုသက်ရည်တော့ သိချင်သိမှာပေါ့၊ ဒေါ်စုမွန်ရည်ဆုံးတော့ စုသက်ရည်လည်း စိတ်နောက်၊ ရပ်ကွက်ကောင်စီနဲ့ ရှေ့နေတွေနဲ့ မီးခံသေတ္တာဖွင့်တော့ စာချုပ်စာတမ်းတွေကလွဲလို့ ဘာမှ မရှိတော့ဘူး”

“တစ်ယောက်ယောက်များ လုပ်ကြံသလား၊ မင်း ဘယ်လိုထင်လဲ”

သိန်းသန်းအောင်က ဝင်မေးသည်။

“ရဲဘက်ကလည်း သံသယရှိတယ်၊ မေမေကလည်း အဲဒီလိုပဲထင်တယ်၊ စုံစမ်းစစ်ဆေးမှုတော့ လုပ်နေတယ်၊ ဒေါ်စုမွန်ရည်ကိုယ်တိုင် ရှေ့နေတွေ ဘာတွေနဲ့လွှဲတာတို့ သူပိုင်ရတနာတွေ လုပ်ငန်းမှာ လုံးဝ မသုံးတော့တာတို့ လုပ်ခဲ့တော့ သူ့ဘာသာသူ သိမ်းခဲ့တာလည်းဖြစ်နိုင်တယ်”

ထင်ကြေးအမျိုးမျိုး ဝိုင်းပေးကြသည့်အထဲမှာ ဖြိုးမပါ။ ဖြိုး နှုတ်ဆိတ်နေသည်။ ဖြိုးရင်ထဲမှာ သပွတ်အူလို ရှုပ်နေသည်။ စုသက်ရည်မိဘများဖြစ်ရပ်မှာ သံသယတွေလည်း အများကြီး [illegible]သည်။ စုသက်ရည် ရသင့်ရထိုက်ခံစားသင့် ခံစားထိုက်သည်များကိုလည်း တရားသဖြင့် ရစေချင်သည်။ ဤစေတနာတွေထက် လွန်ကဲကာ ပြင်းပြင်းထန်ထန် ခံစားမိသည်က စုသက်ရည်အပေါ်ကို သနားလွန်းခြင်းပင် ဖြစ်သေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကြိုက်တယ်လို့ပြောခဲ့တဲ့ ငါ့နမဟာ မင်းနဲ့ မဖြစ်နိုင်တော့တဲ့ အခြေအနေကို ငါ ပြောခဲ့ပြီးပြီ၊ နောက် သူ့ချစ်သူ ဆုံးတယ်၊ မိဘဆုံးတယ်၊ စိတ်နောက်ပြီး ငါတို့အိမ်ကို ရောက်လာတယ်၊ ငါက မင်းကို စုသက်ရှည် ငါ့အိမ်ရောက်နေပါပြီလို့ မပြောချင်ဘူး ဖြိုး၊ ငါ့နမမှာ အဖြစ်ဆိုးတွေနဲ့ ကြုံရမှ မင်းကို ငါက မျှော်လင့်ချင်တဲ့သဘောမျိုး ငါ အထင်မခံနိုင်ဘူး"

"ဟာ ... ကိုမျိုး၊ ကျွန်တော် ဒီလိုမထင်ပါဘူး"

ဖြိုးက ကမန်းကတန်း ဝင်ပြောသည်။

"ထင်တာမထင်တာ မင်းအပိုင်းလေ၊ ငါ့စိတ်ထဲမှာ စိတ်နောက်တော့မှ မင်းဘက်လှည့်လာရ ရောက်မှာစိုးတာပဲ၊ အခုမင်း မမျှော်လင့်ဘဲ တွေ့သွားတယ်ဆိုတော့ ငါ လိပ်ပြာသန့်တယ်၊ အဲဒါကြောင့် စုသက်ရှည် ငါ့အိမ်ရောက်နေကြောင်း မင်းကိုမပြောခဲ့တာ၊ မင်း ငါ့အိမ်လည်းလာစရာအကြောင်းမရှိဘူးလေ၊ တမင်ဖုံးထားတာတော့လည်း မဟုတ်ဘူး ဖြိုး၊ ပြောမထွက်လို့ မပြောတာ"

"ကျွန်တော် နားလည်ပါတယ် ကိုမျိုး"

"မင်း ဘယ်လိုမှ သဘောမထားဘူးဆိုရင် ငါ တစ်ခုတော့ ပြောပြချင်တယ်"

"ပြောပါ ကိုမျိုး၊ စုသက်ရှည်နဲ့ ပတ်သက်သမျှ ကျွန်တော် အကုန်သိချင်ပါတယ်"

"မင်း ပြန်သွားပြီး အတော်ကြာတော့ သူ နိုးလာပယ်၊ ကိုကိုရော၊ ကိုကိုရောနဲ့ မေးတာပဲ၊ မင်းကို ဆုံးသွားတဲ့သူ့ချစ်သူလို့ထင်နေရှာသလားမသိဘူး၊ မနေ့က မင်းကို ဆက်ဆံပုံလည်း မေမေက ပြန်ပြောပြတယ်"



"ကျွန်တော်နဲ့ တူလို့လား"

"ချွတ်စွပ်တော့ မဟုတ်ဘူး၊ အရပ်ရှည်တယ်၊ အသားဖြူတယ်၊ နှာတံပေါ်တယ်၊ အဲဒီလောက်ပဲ တူတာပါ၊ နှစ်ယောက်လုံးကတော့ လူချောချည်းပါပဲ"

"နာမည် ဘယ်သူတဲ့လဲ"

မိုးမြင့်က ဝင်မေးသည်။

"မင်းထင်လတ်တဲ့"

"ဘာဖြစ်လို့ ဆုံးတာလဲ"

"သင်္ဘောလိုက်သွားတာ၊ ရေလယ်ခေါင်မှာ သင်္ဘောမီးလောင်ပြီး ဆုံးတယ်၊ ဘာတွေပေါက်ကွဲတယ်ဆိုလား၊ သေသေချာချာ မသိဘူး"

"သြော် ... အဖြစ်များနယ် ဆိုးရန်ကော"

"သူ့အမေကရော"

"လေဖြတ်တာတဲ့၊ မေမေ ပြောတာပဲ၊ ဟိုတစ်ခါ တို့တစ်တွေ အင်းလျားထဲမှာ ရေပြိုင်ကူးပြီးတော့ နောက်တစ်နေ့ ငါ ဖျားပါရောလား၊ နမိုးနီးယားလေ၊ အဲဒီတုန်းက မေမေ ခရီးထွက်သွားတယ်ဆိုတာ ဦးချစ်ထွန်း ရှာပနကိစ္စသွားတာ"

"သြော် ... သူ့အမေကကော"

"ကားတိုက်တာ"

"ဗျာ"

"ပြင်ဦးလွင်အတက်လမ်းမှာ ကားနှစ်စီး ခေါင်းချင်းဆိုင်တိုက်တာ၊ ဒေါ်စုမွန်ရည်က ပွဲချင်းပြီးပဲ၊ ဟိုဘက်က ယာဉ်မောင်းက ကားပေါ်က ခုန်ချတယ်၊ မသေဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကားက ဘယ်သူမောင်းတာလဲ"

"ဒေါ်စုမွန်ရည် ကိုယ်တိုင်ပဲ"

"အမူး မဖြစ်ဘူးလား"

"ဟိုယာဉ်မောင်း ထောင်ကျတယ်လေ"

"ကိုမျိုးက ခင်းထင်လတ်ကို မြင်ဖူးလို့လား"

"မြင်ဖူးတယ်၊ ဒီလူက တို့ထက် စီနီယာကျတယ်၊ ဘီအီးစက်မှုနဲ့ ဘွဲ့ရပြီးပြီ၊ သူ့မိဘတွေက မေမေ့မိတ်ဆွေတွေ၊ သူ့အမေက အထိက ရာဇူးကနေ မာဇူးပြောင်းရတယ်"

"ကိုမျိုးတို့ စုသက်ရည်ကို စိတ်ကျန်းမာရေးဆေးရုံ မတင်ဘူးလား"

"မေမေက မတင်ရက်ဘူးတဲ့၊ ဆေးခန်းသွားပြတဲ့အခါ ပြတယ်၊ အိမ်ကို ဆရာဝန်ပင့်တဲ့အခါပင့်တယ်၊ သူက သိပ်မဆိုးဘူး၊ စိတ်မနှံ့ရုံလေးရယ်၊ ယဉ်ယဉ်ကလေးခေါ်မှာပေါ့၊ ဆူပူဆောင်းကျုန်းတာ ဘာမှ မရှိဘူး"

"ဒါဆိုရင် စိတ်နောက်တာမဟုတ်ဘဲ စိတ်ဆင်းရဲနေတာများလားဗျာ"

"ဘာတစ်ခုမှ သိရှိမှတ်မိခြင်းမရှိဘူး၊ နောက်ပြီး လူလစ်ယင် သူ့ကိုယ်သူ သေကြောင်းကြံတာပဲ"

"ဟာ ... ဒုက္ခပဲ"

"အိမ်မှာ သူ့ကို နေ့တစ်ယောက် ညတစ်ယောက် တမင်စောင့်ကြည့်နေရတာ၊ မနေ့ကတော့ မနက်အစောကြီး ကားမောင်းထွက်သွားပြီး ရေထဲခုန်ချမယ်လုပ်တာဆို၊ မင်းနဲ့ တွေ့ပေလို့"

"ကားတော့လည်း မောင်းတတ်သလား"



"စိတ်နောက်တဲ့သူတွေဟာ အစကလုပ်တတ်တာတွေ အကုန်လုပ်တတ်တယ်ကွ၊ ငါ သူ့ကို စိတ်စမ်းချင်တာနဲ့ ဆယ်တန်းတုန်းက ထရီဂိုတစ်ပုဒ် ချတွက်ခိုင်းတာမှန်လို့"

"ဗြော် ..."

"ဒါပေမဲ့ အခါတစ်ရာလောက်ခိုင်းမှ ထတွက်တာ၊ ငါ့ညီမ မိမိသက်ထွန်းက ညီအစ်မချင်းမို့ ရင်းရင်းနှီးနှီးနေပေမယ့် မရဘူး၊ အသိအမှတ်မပြုဘူး၊ နေမယ့်သာနေနေရတယ်၊ တို့အိမ်သားတွေကိုလည်း အရောမဝင်ဘူး၊ မေးလည်း ဖြေချင်မှဖြေတာ၊ သူ့ဘာသာ တစ်ယောက်တည်း စကားပြောနေတာပဲ"

"ဘာတွေပြောလဲ"

"အများဆုံးပြောတာတော့ သိပ်ချစ်တာပဲ ကိုကိုရယ်တဲ့၊ တစ်ခါတစ်ခါကျတော့ အောက်ချင်းငှက်လိုအချစ်မျိုး၊ အောက်ချင်းငှက်လို သစ္စာမျိုးနဲ့ပါ ကိုကိုရယ်တဲ့"

"ဗြော် ... သူ့ချစ်သူကို အတော်စွဲလမ်းရှာတာကိုး၊ သူ့မိဘတွေရော မတမ်းတဘူးလား"

"မေးကြည့်တယ်၊ ဦးချစ်ထွန်းနဲ့ ဒေါ်စုမွန်ရည် သိသလားဆိုတော့ နုတ်မြည်မှာတဲ့"

"ကိုမင်းထင်လတ်ရောလို့ မေးကြည့်သေးလား"

"နိုင်ငံခြားမှာတဲ့"

"သေတယ်ဆိုတာ မယုံဘူးထင်ပါရဲ့နော်"

"စုသက်ရည်ကို အုပ်ထိန်းခွင့်ရချင်တဲ့သူတွေထဲမှာ သူမတော်လိုက်ရတဲ့ ယောက္ခမလောင်းတွေလည်းပါတယ်"

"ဘာဖြစ်လို့ အုပ်ထိန်းခွင့်ရချင်ရတာတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့သားရဲ့ကိုယ်စားတဲ့၊ သူတို့က ငန်းငန်းတက် ပြိုင်လုတာတော့မဟုတ်ပါဘူး၊ စောင့်ရှောက်မယ့်သူမရှိရင် သူတို့မှာ တာဝန်ရှိပါတယ်တဲ့၊ တာဝန်ယူမယ်တဲ့၊ စုသက်ရည်ရဲ့ ရပိုင်ခွင့်တွေထဲက တစ်ပြားမှ ယူမသုံးပါဘူးတဲ့၊ စုသက်ရည် ကျန်းမာလာမှ သူ့သဘောနဲ့သူ သုံးပါစေတဲ့"

"စေတနာဖြူကြရှာသားပဲ"

"လူကြီးလူကောင်းတွေပဲ ကွာ"

"စိတ်ကျန်းမာရေးဆေးရုံတင်ပါ ကိုမျိုးရယ်၊ ဆေးရုံတင်မှ ဖြစ်မှာပါ"

အစပိုင်းတုန်းက ဖြိုး နှုတ်ဆိတ်ခဲ့သလောက် နောက်ပိုင်းမှာတော့ သူကချည်း ဒိုင်ခံ၍မေးသည်။ စုသက်ရည်နှင့် ပတ်သက်သမျှကို သူ စိတ်ဝင်စားသည်။ စုသက်ရည်အပေါ်မှာ ထားခဲ့မိသည့် မေတ္တာက ယနေ့ထက်တိုင် ရှင်သန်ဆဲပင်ဖြစ်သည်။ စုသက်ရည် ခတ်ပုံကလေးကို မြင်မြင်ချင်း သူ ချစ်မိခဲ့သည်။ စွဲလမ်းမြတ်နိုးတွယ်တာမှုများ အတိုင်းမသိဘဲ ဖြစ်ထွန်းခဲ့သည်။

လက်ထပ်မည့်သူ ရှိပြီးသားဆိုတော့လည်း သူ့စိတ်ကိုသူ ဖြေသိမ့်ခဲ့ရသည်။ မကြုံမဆုံနိုင်တော့သည့်ဘဝမှာ တမ်းတနေလို့လည်းမရနိုင်ပြီ။ သည်သို့ ဖြေသိမ့်ခဲ့ရစဉ်က ရင်နှင့်အမျှ ခံစားခဲ့ရပါသည်။ နှစ်ဖက်မိဘ ကြည်ဖြူကာ သူချစ်ကိုယ်ချစ် အချစ်ချင်း ညီနေကြသည့် ဘဝလမ်းကြောင်းကလေးထံသို့ ဓွတ်တိုးဝင်ဖို့ သူ မကြိုးစားချင်ပါ။

ချစ်သူတို့လျှောက်သော လမ်းကလေးပေါ်မှာ ခင်းထားသည့် ပန်းကလေးများကို နှမ်းချေစေသူ၊ နင်းခြေဖျက်သူမဖြစ်လိုပါ။



ရင်ထဲမှာ နာလာတိုင်း စာကိုသာ ဖိကျက်ခဲ့သည်။ နှလုံးသား၏ နာကျင်မှုဝေဒနာကြောင့် ပညာရေးကိုလည်း အထိခိုက်မခံနိုင်ပါ။ ရင်နာစရာ ခတ်လမ်းကို ကျိတ်၍ ခံခဲ့ပါသည်။

ယခု ... မမျှော်လင့်ဘဲ လာဆုံရသည်။ ဆုံမည့်ဆုံတော့လည်း သူ့ဘဝဆိုးကလေးကိုပါ သိခွင့်ရသည်။ သူ့ခမျာကလေး ကံဆိုးပုံက ကြားရသူတိုင်း ကြေကွဲဆို့နင့်ဖွယ်ရာ ဖြစ်ပါ၏။ မေတ္တာသက်ဝင်မိသူ ဖြိုးအဖို့ကျတော့ သူတစ်ပါးတို့ထက် အတိုင်းအဆ ပိုမိုများပြားစွာ သနားမိပါလေသည်။ မူလက ထားခဲ့မိသည့် မေတ္တာတို့ လျော့ပါးမသွားသည့်အပြင် အရှိန်အဟုန် ပိုမိုပြင်းထန်လာခဲ့သည်။ စုသက်ရည်အတွက်ဆိုပါလျှင် ရင်ကိုခွဲ၍ အသည်းကို ပေးဆက်မှ သူ့ဘဝကလေး ချမ်းမြေ့မည်ဆိုလျှင်လည်း ပေးလှူချင်မိပါ၏။

ချစ်ခြင်းနှင့် သနားခြင်းတို့ တန်းတူဆမ္ပားကာ အတိုင်းမသိ ကြင်နာမိလေသည်။ ဪ ... ကံဆိုးရှာလေခြင်း ဟူ၍ ယူကျုံးမရ ညည်းတွားမိပါတော့သည်။ လက်ဖက်ရည်ဖိုး ရှင်းပေးပြီး ဦးချစ်ဆိုင်မှ ထွက်လာသောအခါ ဖြိုး၏ စာသင်ချိန်နှစ်ချိန်တိတိ လွတ်သွားရသည်။ ဖြိုးဘဝမှာ ပထမဆုံးအကြိမ်အဖြစ် စာသင်ချိန် လက်လွှတ်မိခြင်းတည်း။

※ ❧ ※

"ဖြိုးလား ... မျိုးသက်ထွန်းပါ"

တနင်္ဂနွေနေ့၏ နံနက်ခင်းမှာ မျိုးသက်ထွန်းထံမှ တယ်လီဖုန်းလာသည်။ သည်ကြားထဲ တစ်ပတ်လုံးလုံး မျိုးသက်ထွန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



နေ့တိုင်းတွေ့ပါသည်။ စုသက်ရည် နေကောင်းလား ... ဟု ဖြိုး နေ့တိုင်းမေးသည်။ "ဒီလိုပါပဲ"ဟု နေ့တိုင်း ပြန်ဖြေသည်။ ထူးထူးခြားခြား မပြောဖြစ်ကြပါ။ သည်တစ်ပတ် ကုန်ဆုံး၍ တနင်္ဂနွေနေ့သို့ရောက်မှ မျိုးသက်ထွန်း တယ်လီဖုန်း မဆက်စဖူး ဆက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ ... ကျွန်တော်ပါ ... ပြောပါ ကိုမျိုး"

"စုသက်ရည် တစ်ပတ်လုံးလုံး သိပ်ဆိုးနေတယ်"

"ဗျာ ... ကိုမျိုးပြောတော့ ခါတိုင်းလိုပဲဆို"

"မင်းကို အားနာလို့"

"အားမနာပါနဲ့၊ ကျွန်တော် တတ်နိုင်တဲ့အကူအညီမျိုးလိုရင် ပြောသာပြောပါ၊ ဆိုးတယ်ဆိုတာ ဘယ်လိုဖြစ်တာလဲ"

"အိပ်ဆေးတိုက်ထားလို့ အိပ်ပျော်နေတဲ့အချိန်ကလွဲရင် တစ်ချိန်လုံး ငိုချည်းနေတယ်၊ အစာကျွေးလို့လည်း လုံးဝ မစားဘူး၊ အော်ဟစ် လူးလိမ့်ငိုတာမျိုးလည်း မဟုတ်ဘူး၊ မျက်ရည်တွေ တွေတွေကျပြီး ကိုကိုရေ ... ကိုကိုရေနဲ့ ခေါ်နေတာ"

"သြော်ဗျာ ... ဖြစ်မှဖြစ်ရလေ"

"ဆရာဝန်က သူတွေ့ချင်တဲ့လူရှိရင် ခေါ်ပေးလိုက်ပါတဲ့၊ တို့က ကိုကိုဆိုတဲ့သူက သေသွားပြီလို့ပြောပြတယ်၊ အစကတည်းက ကုခဲ့တဲ့ ဆရာဝန်ဆိုတော့ အလျင်ကမဖြစ်ဘဲ ခုမှဖြစ်လာတာ အကြောင်းရှိမယ်တဲ့၊ မင်းနဲ့ ဆုံခဲ့တဲ့အကြောင်းကို ပြောပြလိုက်တော့ မင်းကို ခေါ်ပေးရင် ကောင်းမယ်တဲ့"

"ပြောရောပေါ့ဗျာ ... လာခဲ့မှာပေါ့"

"အားနာတယ်"



"အားနာစရာမရှိပါဘူး၊ အခုလာခဲ့ရမလား"

"မင်းက အိမ်လည်လေ့ရှိတဲ့ကောင်လည်း မဟုတ်ဘူး"

"ကိစ္စအထူးမရှိလို့ပါ"

"မင်းအိမ်က ကျေနပ်ပါ့မလား"

"ရပါတယ်"

"မင်းတို့မိသားစု အကျင့်စရိုက်ကို ငါ သဘောပေါက်တယ် ဖြိုး၊ မင်းအိမ်ကို ဖွင့်ပြောပြပါ၊ အိမ်က ခွင့်ပြုမှလာပါ၊ မင်း စေတနာအလျောက် ကူညီတာကိုသာ ကျေးဇူးတင်ဝမ်းမြောက်စွာ ခံယူပါရစေ၊ မတရား အခွင့်အရေး တောင်းဆိုရမှာမျိုးတော့ မလုပ်ရက်ဘူး"

"ရပါတယ် ကိုမျိုး၊ ကျွန်တော် ပြောပါ့မယ်၊ အလျင် တနင်္ဂနွေက ကိစ္စကိုလည်း ဖွင့်ပြောပြီးသားပါ၊ အဆင်ပြေမှာပါ"

"အေးကွာ ... ကျေးဇူးအသချေပါ"

စကားပြောခွက်ကိုချပြီး မေမေ့ကို လိုက်ရှာသည်။ မေမေက ဘုရားခန်းမှာ ညောင်ရေအိုးလဲနေသည်။ ဖေဖေက စာကြည့်ခန်းမှာ နယူးစ်ဝိခ်ဖတ်နေသည်။ ကြီးကြီးမေက မီးဖိုချောင်မှာ စီမံနေသည်။ လူကြီးသုံးယောက်ကို တစ်နေရာစီမှ ဖိတ်ခေါ်ကာ ဧည့်ခန်းမှာ စုပေါင်းတိုင်ပင်ရသည်။ ကြီးကြီးမေနှင့် မေမေက မျက်လုံးမျက်ဆန်ပြူးကာ သူတို့သား ဘာများပြောမလို့ပါလိမ့်ဟု၍ သိချင်စိတ်ဆန္ဒစောနေကြတော့သည်။

ဖြိုးက မျိုးသက်ထွန်း ဖုန်းဆက်သည့်အကြောင်းကို ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကျွန်တော် ကူညီချင်ပါတယ်၊ သွားပါရစေလို့ ခွင့်တောင်းတာပါ"

"ရှုပ်ရှုပ်ယှက်ယှက်"

ထုံးစံအတိုင်း ကြီးကြီးမေကတော့ သူ့တူမှ သူ့တူ။ သူ့တူအနီးအနားမှာ ခြင်ဝဲလျှင်တောင် ဝဲပျံလာသည့်ခြင်ကို ကြိမ်လုံးနှင့် လိုက်ရိုက်ချင်သူပါ။

"စိတ်နောက်နေတဲ့ မိန်းကလေးအတွက် အငှားရည်းစားလုပ်ပေးရတာ ကူညီရာမရောက်ဘဲ ဝါးကူလို့ထိုးရာ ရောက်နေဦးမယ်၊ ဟိုခများ ရေနစ်နေရှာတာ၊ မြက်တစ်မျှင်တွေ့လည်း ဖမ်းဆွဲမှာပဲ"

"သမီးချင်း တူမချင်း စာနာပေးပါ ကြီးကြီးမေရယ်၊ ဖြိုးသိပ်ကူညီချင်ပါတယ်၊ ဖြိုးက လူကြီးမိဘမသိဘဲလည်း မကူညီချင်ပါဘူး၊ ဒါကြောင့် ကြီးကြီးမေတို့ဆီမှာ လေးလေးစားစားခွင့်ပန်တာပါ"

"မင်းတို့အရွယ်က သည်းညှာနှ မခိုင့်တခိုင် လေတိုးရင်တောင် ယိုင်တယ်ဆိုတဲ့အရွယ်မို့ သတိပေးရတာဟော့"

ဖြိုးက ကြီးကြီးမေစကားကို ပြုံးမိလျက်ကပင် ဖင်တကြွကြွဖြစ်နေသည်။ မေမေက သားတော်မောင်ကို ရင်တွင်းထိ ဖောက်မြင်အောင် စိုက်ကြည့်သည်။

"လူတစ်ဖက်သားကို ကူညီတယ်ဆိုတာ အင်မတန်မွန်မြတ်တဲ့အလုပ်ပါ သား၊ မေမေ အားပေးပါတယ်၊ ဒါပေမဲ့ မိခင်စိတ်နဲ့ ပြောရရင် သူတစ်ပါးကို ကူညီလိုက်ရလို့ မေမေ့သားမှာ စိတ်ဒုက္ခ လူဒုက္ခ တစ်စုံတစ်ရာ ကျရောက်မှာမျိုးကိုတော့ မေမေ မမြင်ရက်ဘူး၊ အတ္တစိတ်လို့ စွပ်စွဲချင်လည်း စွပ်စွဲပါ၊ မေမေ့အဖို့မှာ သားကပထမ၊ အခြားသူတွေက ဒုတိယပဲ၊ ဒီတော့ သားလည်း သိပ်ဆန္ဒပြင်းနေရင် သွားပါ၊ မေမေ စိတ်ပူရမယ့်အဖြစ်မျိုးသာ ဖြစ်မလာအောင် ကြိုးတင်သတိထားပါ"



"ဟုတ်ကဲ့ မေမေ"

ဖြိုးက ထိုင်ရာမှထသည်။

"သား"

ဖေဖေက ခေါ်ပြန်သောကြောင့် မတ်တတ်ရပ်လျက်ကပင် ထိုင်နေသည့် ဖေဖေ့ကို ပြန်ငုံ့ကြည့်မိသည်။ ဖေဖေ့အကြည့်က စူးရှထက်မြက်လွန်းသည်မို့ ဖြိုးမနေတတ် မထိုင်တတ်ဝင်ဖြစ်မိသည်။ ဖေဖေ့မျက်ဝန်းများက "ငါ မင်းအဖေပါ၊ မင်း အလျှင်လူဖြစ်တာ"ဟု ပြောကြားနေသလားဟု စိတ်ထဲမှာ ထင်မိသည်။

"သတိတမန် ဉာဏ်မြေကတုတ်၊ ပညာစွမ်းချွန်းကဲ့သို့အုပ်တဲ့၊ ကိုယ့်ကိုယ်ကိုယ်ဖျက် သံချေးတက်တဲ့၊ အဲဒီစကားပုံနှစ်ခုကို စိတ်ထဲမှာ စွဲမြဲပြီးရင်၊ ပညာရေးကို ဆံခြည်တစ်မျှင်စာ အထိခိုက်မခံဘူးလို့ ဝံ့ဝံ့စားစား ပြောရဲပြီဆိုရင် အင်မတန်ကုသိုလ်ရတဲ့ အလုပ်ကို သားလုပ်ပါ၊ ကူညီချေပါ"

"ဟုတ်ကဲ့ ... စိတ်ချပါ ဖေဖေ"

ပြောပြောဆိုဆို ချာခနဲ လှည့်ထွက်ခဲ့တော့သည်။

"ကားယူသွားလေ"

ဖေဖေက ကားသော့ကိုကိုင်ကာ အနောက်မှ လိုက်ပေးသောကြောင့် ပြန်လှည့်ယူရသည်။

"ကျေးဇူးအများကြီးတင်ပါတယ် ဖေဖေ ... တကယ်ပဲ"

"သားအဖချင်းပဲကွာ"

www.burmeseclassic.com

www.burmeseclassic.com

မေမေက မရှိုမချဉ် ပြုံးကျန်ရစ်ခဲ့သည်။ ဖြိုး ကားကို မောင်းထွက်ခဲ့ပါတော့သည်။

"လာ ... ဖြိုး"

မျိုးသက်ထွန်းက အိမ်ပေါက်ဝမှဆီးကြိုနေသည်။ ဖြိုးလက်ကို လှမ်းဆွဲကာ အခန်းတစ်ခုထဲသို့ ခေါ်သွားသည်။ အခန်းထဲမှ ရှုခင်းက မမြင်ရက်စရာပါ။

စုသက်ရှည် ... တတွေတွေစီးကျနေသည့် မျက်ရည်များကို တွင်တွင်သုတ်ရင်း ခေါင်းခါနေသည်။ ဒေါ်မိမိထွန်းက ထမင်းပန်းကန်မှာ ဇွန်းတပ်၍ အတင်းလိုက်ခွံ့ပေးနေသည်။ စုသက်ရှည် ငိုနေပုံကလေးမှာ သနားစရာကောင်းလွန်းလှသောကြောင့် ဖြိုးရင်ထဲမှာ ကျင်ခနဲပင် နာသွားရပါ၏။

"စုသက်ရှည်"

မျိုးသက်ထွန်းက လှမ်းခေါ်သည်။ စုသက်ရှည် လှည့်မကြည့်ပါ။ မျက်ရည်သုတ်ရင်း အင့်ခနဲ တစ်ချက်ရှိုက်သည်။

"ဒီမှာ ဘယ်သူလဲ လှည့်ကြည့်ပါဦး"

ဖြိုးတစ်ယောက် အာစေးမိကာ ကြမ်းပြင်မှာ ခြေအစုံကို သံမှိုစွဲထားသကဲ့သို့ ဖြစ်နေသည်။ စုသက်ရှည်က ရုတ်တရက် လှည့်ကြည့်သည်။

"ကိုကို"

အကြည့်ချင်း စက္ကန့်ပိုင်းကလေး ဆုံလိုက်ကြပါ၏။ စုသက်ရှည် မျက်ဝန်းများမှာ တွယ်တာမြတ်နိုးခြင်း၊ ဆာပူ ကြေကွဲခြင်းတို့ပေါင်းစုနေသည်။ စုသက်ရှည် ခုန်ထကာ ဖြိုးထံသို့ ပြေးလာသည်။ ပြေးပွေ့လိုက်ချင်စိတ်ကို မျိုသိပ်ရင်း ဖြိုး ခေါင်းငုံ့ချနေမိ



သည်။ ဒေါ်မိမိထွန်းက ထမင်းပန်းကန်ကို စားပွဲပေါ်တင်ထားခဲ့ကာ ဖြိုးတို့အားမှဖြတ်၍ အခန်းထဲမှ ထွက်သွားသည်။ စုသက်ရှည်က ဖြိုးရင်ခွင်တွင်းမှာ တစ်ကိုယ်လုံး ခိုဝင်သည်။ ဖြိုးလည်တိုင်ကို လက်နှစ်ဖက်နှင့် ဖက်တွယ်သည်။

"သိပ်ချစ်တာပဲ ကိုကိုရယ်၊ သိပ်လွမ်းတာပဲ ကိုကိုရယ်"

မခန်းခြောက်သေးသည့် မျက်ရည်စများအောက်မှ ပါးပြင်မှာ ပန်းသွေးကလေး ဝဲလာသည်။ မျက်ဝန်းများက အချစ်များစွာဖြင့် ရွှန်းလက်နေသည်။ မျက်ရည်စများနှင့် ပြုံးပြနေသည့် သူ့အလှကလေးမှာ မကြည့်ရက်စရာ ဖြစ်နေရပါ၏။ ဖြိုးက ပြန်လည်ဖက်တွယ်ရန် မဝံ့မရဲဖြင့် တောင့်တောင့်ကြီး ရပ်နေမိသည်။

"ထမင်းဝင်အောင် ချော့ကျွေးပေးပါ ဖြိုးရာ"

မျိုးသက်ထွန်းက မသက်မသာပြောရင်း လှည့်ထွက်သွားသည်။ ဖြိုးက သက်ပြင်းမောကို ချသည်။

"ထမင်းစားပါလား စုသက်ရှည်"

"ဟင် ... ကိုကို ဘယ်လိုခေါ်လိုက်တာလဲ"

"စုသက်ရှည် ... လို့၊ မကြိုက်ဘူးလား၊ ဘယ်လိုခေါ်ရမလဲ ပြောလေ"

"ခေါ်နေကျအတိုင်း ညီမလေးလို့ မခေါ်ချင်တော့ဘူးလား ကိုကိုရယ်"

"ခေါ်ပါ့မယ် ... ည ... ည ... ညီမလေး"

အရေးထဲမှာ စကားကြီး ထစ်နေသည်မို့ စုသက်ရှည် ခစ်ခနဲရယ်သည်။

"ထမင်းစားရအောင်နော် ညီမလေး"

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးဆိုသည့် အခေါ်အဝေါ်က မကလက်သောကြောင့် နှုတ်ထွက်ခဲရရာခရှိပါ။ နောက်ပြီး တကယ်လည်း ညီမလေး အရွယ်ဖြစ်ပါ၏။ သူ့ခများကလေး ရှိလှပါမှ ဆယ်ခုနစ် ဆယ့် ရှစ်ပေါ့။

"ကိုကို ဆာတယ်လားဟင်"

စကားပြောပုံမှာ အသံရော အမူအရာကလေးများပါ မူမူ နွဲ့နွဲ့ ချိုချိုသာသာကလေးမို့ နားဝင်ချိုလှပါ၏။

"ကိုကို မဆာပါဘူး ညီမလေးကို ကျွေးမလို့"

"ကိုကိုနဲ့ ညီမလေးနဲ့ တူတူစားမယ်နော်"

"အင်း ... အင်းလေ"

စုသက်ရှည်ကပင် ဖြိုး လက်ကိုဆွဲ၍ ခေါ်လာသည်။ စားပွဲနားမှာရှိနေသည့် ကုလားထိုင်နှစ်လုံးပေါ်မှာ စောစောက ခေါ်မိမိထွန်းနှင့် စုသက်ရှည်တို့ ထိုင်သလိုပင် ထိုင်ဖြစ်ကြသည်။ ဖြိုးက ထမင်းပန်းကန်ထဲမှ ထမင်းနှင့် ဟင်းကိုမျှခပ်ကာ ဇွန်းက လေးနှင့် ခွံ့ပေးသည်။

"ညီမလေး ပါးစပ်ဟ"

"ကိုကို အလျှင်စားလေ"

စုသက်ရှည်က ဇွန်းကို အတင်းလုယူသောကြောင့် ထမင်း စေ့များ ဖိတ်ကုန်သောအခါ စုသက်ရှည် ခစ်ခစ်ရယ်ပြန်သည်။

"ကိုကို ပါးစပ်ဟ"

သူက အလျှင် အတင်းလိုက်ခွံ့သောကြောင့် ဖြိုး ပါးစပ်ဟ ပေးရသည်။ သူ့ကို မကျွေးမိက မိမိ အလျှင်စားနေရသည့်အဖြစ် ကို ရယ်လည်းရယ်ချင်သည်။ စုသက်ရှည်နှင့်ပတ်သက်၍ သူ့တစ်ပါး



အိမ်မှာ ထမင်းစားဖူးသွားပြီဟု တွေးမိလိုက်သည်။ ဖြိုးက တစ် ဖန် ခွံ့ပေးတော့ စုသက်ရှည် မငြင်းဆန်ဘဲ စားရှာသည်။

"ကိုကိုက ကော်ဖီတွေ အရမ်းသောက်ထားလို့ သိပ်မဆာ ဘူး၊ ညီမလေးက ပိုစားနော်"

တစ်ပတ်လုံးလုံး အစာမဝင်ခဲ့သူကလေးကို ချော့ကျွေးရ သည်။

"ကိုကိုနဲ့ လက်ထပ်တဲ့နေ့ကလေ ..."

"မြတ်စွာဘုရား ကာမပိုင်ကြီးနဲ့ပါလား"ဟူသည့် စကားက နှုတ်ခမ်းမှ လျှံထွက်မလာသော်ငြား ရင်တွင်းမှာ ပြင်းထန်စွာ ပေါက်ကွဲသည်။

"မန်ကျည်းပင်ကြီးအောက်မှာ ဒီလိုပဲ တစ်ယောက်နဲ့တစ် ယောက် အပြန်အလှန်ခွံ့ကျွေးခဲ့တာ၊ မှတ်မိသေးလား"

"ဟင့်အင်း မမှတ်မိဘူး"

မှတ်မှမမှတ်မိဘဲ၊ မမှတ်မိဆို ... သိကိုမသိသည့်ကိစ္စ။

"ကိုကိုကလည်း မေ့တတ်လိုက်တာ၊ အရူးလား"

"ကောင်းရောပဲ"

ကိုယ့်နဖူးကိုယ် လက်သီးနှင့် ထုချင်စိတ် ပေါက်သွားသည်။ စုသက်ရှည်က ကိုကိုနှင့် လက်ထပ်တဲ့နေ့ကဟု ပြောသည်။ မျိုးသက်ထွန်းပြောသည့် အကြောင်းအရာများထဲတွင် လက်ထပ် သည့်ကိစ္စမပါ။

"သြော် ... သူ့စိတ်ကမှ မမှန်တာ၊ ပြောချင်ရာပြောမှာပေါ့၊ ဒီအရွယ်ဟာ အိမ်ထောင်ကျရမယ့်အရွယ်လည်း မဟုတ်ပါဘူး" ကိုယ့်စိတ်ကိုယ်ဖြေ၍ တွေးရပြန်သည်။ ကိုယ်ချစ်နေသည့်ဖြိုးက

www.burmeseclassic.com

www.burmeseclassic.com



လေး အိမ်ထောင်ကျဖူးသည်ဆိုတော့လည်း ရင်ထဲမှာ နှမြောမိသည် အမှန်ပါ။

ထမင်းစားပြီးတော့ အခန်းတွင်းမှ ချော့မော့၍ ထုတ်ရသည်။ သည်မိန်းကလေးနှင့် အခန်းထဲမှာ နှစ်ဦးတည်းမနေလိုပါ။ မျိုးသက်ထွန်းနှင့် မိမိသက်ထွန်းတို့က ဧည့်ခန်းမှာ ထိုင်နေကြသည်။ မျိုးသက်ထွန်းက မိမိသက်ထွန်းနှင့် မိတ်ဆက်ပေးသည်။ နားရွက်က သိသိသာသာ ကားနေသောကြောင့် "ဟိုလူတွေ ရှုပါနားရွက် ခေါ်တာ ခေါ်လည်းခေါ်စရာပဲ"ဟု တွေးမိသေးသည်။

"ကိုဖြိုး ... သူ့ကို ရေချိုးခိုင်းပါလား၊ ရေမချိုးတာလည်း တစ်ပတ်ရှိပြီ"

မိမိသက်ထွန်းက တိုးတိုးကပ်ပြောသည်။ တစ်ပတ်လုံးလုံး ရေမချိုးပေမင့် ဆောစောက သူ့ရင်ခွင်ထဲ တိုးဝင်လာစဉ်က ကိုယ်သည်းရနံ့ကလေး မွှေးသည်ဟုပင် ထင်မိပါ၏။ သူ့ခံစားချက်ကို သူ ပြန်ဆန်းစစ်ကြည့်တော့ သည်မိန်းကလေးကို မခွဲနိုင်မခွာရက် စွဲလမ်းမိကြောင်း ဝန်ခံမိပါတော့သည်။

"ညီမလေး ရေသွားချိုးပါလား"

"ဟုတ်ကဲ့ ကိုကို"

စုသက်ရည် ထိုင်ရာမှ ဆတ်ခနဲထသွားသည်။ မိမိသက်ထွန်းကပါ နောက်မှလိုက်သွားသည်။ သူ့ညီမကို သူ စိတ်မချနိုင်ဟန်တူပါသည်။

"ကိုမျိုး"

"ဟော"

"သူ လက်ထပ်ခဲ့ဖူးသလား"



"ကြံကြံဖန်ဖန်ကွာ ဒီအရွယ်ကလေး လက်ထပ်ရမှာလား၊ စားရသောက်ရမဲ့မို့ အားကိုးအားထား ထမင်းကျွေးမယ့်သူရှာရမယ့် ဘဝလည်း မဟုတ်ဘူး ဘာပြောလို့လဲ"

"ကိုကိုနဲ့ လက်ထပ်တဲ့နေ့ကတဲ့"

"သူ့စိတ်ထဲမှာ ဖြစ်စေချင်တာတွေကို တကယ်ဖြစ်တယ် ထင်နေတာပေါ့၊ ဖြိုးရာ၊ ဆရာဝန်ကပြောတယ်၊ မိဘနှစ်ပါးလုံး ဆုံးသွားတော့ သူ့ချစ်သူသာ မသေသေးရင် အားကိုးရမှာပဲဆိုတဲ့ အစွဲအလမ်းဝင်သွားဟန်တူတယ်တဲ့၊ ဒါကြောင့် မိဘဆုံးတာကျတော့ စိတ်ထဲမှာ လက်ခံပြီး ချစ်သူသေတာကို လက်မခံနိုင်ဘဲ ကိုကိုရှိသေးတယ် ထင်တာနေမှာပေါ့တဲ့"

"ဘယ်လိုကုမလဲ"

"ဆရာဝန်က ဆေးရုံတင်ဖို့ပြောတယ်၊ ဆေးရုံမှာဆိုရင်တော့ နှစ်ဆယ့်လေးနာရီလုံးလုံး ကျွမ်းကျင်နားလည်သူတွေ မပြတ်ဘူး၊ သူ့အပြောအဆို အနေအထိုင်ကစပြီး အကဲခတ်နိုင်တယ်၊ စိတ်ရဲ့လိုအပ်ချက်ကို ဖြည့်ဆွမ်းပေးနိုင်တယ်တဲ့၊ ဆေးရုံတင်မှ မြန်မြန်ပျောက်မယ်တဲ့၊ ခက်နေတာက မေမေက ဆေးရုံမတင်ရက်ဘူးတဲ့"

"ပျောက်တော့ ပျောက်မယ်တဲ့လား"

"နောက်ထပ် စိတ်ညစ်စရာမကြုံရဘဲ ဆေးမှန်မှန်သောက်သွားရရင် အနေးနဲ့အမြန် ပျောက်မှာပဲတဲ့၊ စိတ်ထိခိုက်စရာ တစ်ခုခုနဲ့ ထပ်ကြုံရရင်တော့ သွက်သွက်လည်ပြီး လမ်းမကြောင်းလျှောက်ပြေးဖို့ပဲရှိတယ်တဲ့၊ ဒါကြောင့် မင်းလို အားနာစရာနဲ့ အကူအညီတောင်းရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွက် ကိစ္စမရှိပါဘူး ကိုမျိုးရယ်"

ဒေါ်မိမိထွန်းကိုယ်တိုင် စားစရာများကို ဗန်းနှင့်တင်၍ ယူလာသည်။

"စားလိုက်ဦး မောင်ဖြိုး"

"ဟာ … အားနာစရာ အန်တီရယ် နေပါစေ၊ စောစောက လည်း ညီမလေး အဲ … စုသက်ရည်နဲ့ ထမင်းဝင်စားလိုက်ရသေး တယ်"

စုသက်ရည်ကို ညီမလေးဟု လွှတ်ခနဲခေါ်မိသည့်အတွက် ရှက်သွားရသည်။ ဒေါ်မိမိထွန်းတို့က မသိကျိုးကျွန်လုပ်နေသည်။

"စားပါဦး မောင်ဖြိုး၊ အန်တီတို့ ကျေးဇူးတွေလည်း အများကြီးတင်ပါတယ်၊ ဟိုအပတ်ကတော့ တူမတော်မွန်ပြီး မောင်ဖြိုးကို အင်းလျားမှာ မခြေမငံပြောမိတာတွေလည်း အန်တီ တောင်းပန်ပါတယ်"

"ဟာ … ကိစ္စမရှိပါဘူး အန်တီ၊ ကျွန်တော် နားလည်ပါ တယ်၊ ဒါထက် ဆေးရုံတင်ရင် ကောင်းမယ်ထင်ပါတယ် အန်တီ၊ ဟို ကျွန်တော် အကြံပေးတာပါ"

"အေးကွယ် … ဆရာဝန်ကတော့ ပြောပါတယ်၊ အန်တီက သနားနေလို့ သူကလည်း မတက်ချင်ဘူးတဲ့၊ မောင်ဖြိုး ကြည့်ပြော ဦးလေ"

"ဟုတ်ကဲ့ အန်တီ ပြောပါ့မယ်၊ ဆရာဝန်ကိုယ်တိုင် အကြံပြုရင်တော့ မဖြစ်ဖြစ်အောင် လုပ်ရမှာပေါ့"

"ဒီကြားထဲ ကျောင်းတက်နေရတဲ့ ရက်တွေမှာ မောင်ဖြိုး စာကျက်ပျက်မယ်၊ မလာခဲ့ပါနဲ့၊ မလာနိုင်တဲ့အကြောင်းကိုလည်း ကြည့်ပြောသွားပါ၊ နေ့စဉ်မှန်မှန် ရေချိုးဖို့၊ ထမင်းမှန်မှန်စားဖို့ လည်း ပြောပါဦး၊ မင်းပြောရင် နားထောင်လိမ့်မယ်ထင်ပါတယ်"



"ဟုတ်ကဲ့ပါ အန်တီ"

"ဒီကြားထဲကရက်တွေမှာ မျိုးကလည်း မင်းကို အားနာလို့ ခေါ်မပေးနိုင်ပါဘူးလို့ ခွတ်ငြင်း၊ စုသက်ရည်ကလည်း တငိုတည်း ငိုနဲ့ အန်တီဖြင့် စိတ်ညစ်လိုက်တာ လွန်ပါရော"

"မဟုတ်တာ ကိုမျိုးရယ်၊ ပြောရောပေါ့ဗျာ၊ အားနာစရာ မဟုတ်တာ"

"ခက်တယ် ဖြိုးရဲ့၊ စိတ်မနှံ့တဲ့ညီမကို ရည်းစားအငှား လာလုပ်ပေးဖို့ပြောရတာ အစ်ကိုတစ်ယောက်အနေနဲ့ တော်တော်ခွ ကျတာ"

စုသက်ရည်က ရေမိုးချိုး၊ သနပ်ခါးရေကျဲလေးလိမ်း၍ ထွက်လာသည်။ စိတ်လက် လန်းဆန်းကြည်လင်နေသည်မို့ ပင်ကို က လှရသည့်အထဲ ပိုမိုစွဲမက်စရာ ဖြစ်နေပါတော့သည်။ အသား ဝါဝါလေးပေါ်မှ သနပ်ခါး ဖြူစင်းကျားကလေးများကို ဖြိုး ငေး ကြည့်မိပါသတည်း။

"ကိုကိုရေ … ဒီအိမ်မှာ မှန်ကျည်းပင်လည်း မရှိဘူး"

ဖြိုး ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်နေသည်။

"ဒါ ဘယ်သူ့အိမ်လဲဟင်၊ ကိုကို့အိမ်လည်းမဟုတ်ဘူး၊ ညီမလေးအိမ်လည်း မဟုတ်ဘူး"

ဖြစ်ချင်တော့ ဖြိုးက နှစ်ယောက်ထိုင် ကုလားထိုင်မှာမှ ထိုင်မိလျက်သားဖြစ်နေသည်။ မျိုးသက်ထွန်း၊ မိမိသက်ထွန်းနှင့် ဒေါ်မိမိထွန်းတို့က တစ်ယောက်ထိုင်ကုလားထိုင်တွေမှာ ထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ထိုနေ့က ဦးသက်အောင် အိမ်မှာမရှိပါ။ စုသက်ရည် ရေချိုးပြီး ထွက်လာတော့ ထိုင်စရာနေရာ ဖြိုးဘေးမှာပဲ ကျန်သည်။ စုသက်ရည်က ခပ်တည်တည် ဝင်ထိုင်သည်။ စိတ်မမှန်ပေမင့် လူပုံအလယ်မှာ ပူးကပ်ချွဲနွဲ့ရန် မသင့်တော်မှန်း အသိတရားက လေး ရှိရှာသည်။ လူချင်းခွာ၍ ထိုင်ပါ၏။

စုသက်ရည် မကျန်းမာစဉ်က ချစ်သူရည်းစား ရှိခဲ့သည့်တိုင် ကိုယ့်ကိုယ်ကိုယ်ထိန်းကာ ကိုယ်ကျင့်တရား စောင့်ထိန်းသည့် မိန်းကလေး ဖြစ်မှာပဲဟု၍ ဖြိုး တွေးမိသည်။ အထင်ကြီး လေးစားစိတ် ဝင်မိပါ၏။

"ခါတိုင်းဆို ကိုကိုက ခြံထဲမှာပဲနေတာ"

စုသက်ရည် ခြံထဲဆင်းချင်ပုံရသည်။ ဒေါ်မိမိထွန်းက မျက်စပစ်၍ "သွားချင်သွားပါစေ"ဟူသည့် အမူအရာကိုလုပ်ပြသည်။ သူ့ဆွေမျိုးသားချင်းအလယ်မှာ ခြံထဲဆင်းဖို့ခေါ်ရန် ဖြိုး နှုတ်မရဲပါ။

"ကိုကို စကားသိပ်နည်းသွားတာပဲ၊ ဟိုတုန်းကဆို ကိုကိုချည်းပြောတာ၊ ဗမာစကားတွေ မေ့ကုန်ပြီထင်တယ်"

ဖြိုး၏ လည်ချောင်းတွင်းမှာ ပြောချင်သည့် စကားတွေ အများကြီးပါ။ တစ်လုံးနှင့်တစ်လုံး အလုအယက် တိုးထွက်လုမတတ်ရှိပါ၏။ သို့ပေမင့် အသံလှိုင်းများ ရှုံ့တွကုန်သည်လား မပြောတတ်ပါ။

"သွားစို့လေ ကိုကိုရယ်"

သိသိသာသာကြီးခေါ်တော့ ဖြိုး ထလိုက်ခဲ့ရသည်။ မျက်နှာကတော့ ခပ်ပူပူ၊ အရှုံမကလေးအပေါ်မှာ အသားယူရာကျမည်



လားဟု တွေးပူမိသေးသည်။ ခြံထဲရောက်တော့ အပင်ကြီးကြီးဆို၍ ပိတောက်ပင်ပဲရှိသည်။ ထိုအပင်အောက်မှာ သစ်သားတန်းကလေးများ ပတ်လည်ဝိုက်၍ ရိုက်ထားသည်မို့ ထိုင်ရန်အဆင်သင့်ဖြစ်နေသည်။ နှစ်ယောက်ယှဉ်တွဲထိုင်မိတော့ စုသက်ရည်က သိသိသာသာ တိုးကပ်လာသည်။

"သိပ်ချစ်တာပဲ ကိုကိုရယ်၊ သိပ်လွမ်းတာပဲ ကိုကိုရယ်"

ဖြိုး၏ပခုံးထက်မှာ ခေါင်းတင်၍ မှေးသည်။

"ကိုကို"

"ဗျာ"

ယောင်ယမ်းထူးမိခြင်းဖြစ်ပါ၏။

"အဲဒီလိုထူးတတ်တာလေးတစ်ခုပဲ အလျင်နဲ့တူတယ်၊ ကိုကိုက ပြောင်းသွားလိုက်တာနော် ကိုကိုမှဟုတ်ရဲ့လားထင်ရတယ်"

မျက်နှာချင်း ထိလုနီးပါးမို့ ဖြိုးရင်ထဲမှာ စက်သေနတ်တွေ ပစ်ကုန်ပြီထင်သည်။

"ဟင်း"

သက်ပြင်းမောနှင့်အတူ ဖြိုးကိုယ်ကိုယ်ယို့၍ လူချင်းခွာသည်။

"ချစ်ရဲ့လား ကိုကိုရယ်"

"ချစ်ပါတယ် ညီမလေးရယ်၊ သိပ်ကိုချစ်ပါတယ်"

သည်စကားများကို လိုက်လျောညီထွေဖြစ်ရုံ ပြောခြင်းမဟုတ်ပါ၊ ရင်ထဲ အသည်းထဲမှ တကယ်ပွင့်အန် ထွက်ကျလာခြင်းဖြစ်ပါ၏။

"ညီမလေး ကျောင်းလည်းဆက်မတက်ရတော့ဘူး၊ ကိုကိုရဲ့ ဘွဲ့များရသွားပြီလား မသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဩော် … ဖြစ်မှဖြစ်ရလေ သူ့စိတ်ထဲမှာ စွဲလမ်းသမျှ တကယ်ဖြစ်တယ်ချည်း ထင်ရှာပါကလား။

"ညီမလေး ကျောင်းပြီးရင် ကိုကိုနဲ့ ညီမလေးနဲ့ တကယ် အိမ်ထောင်ကျမယ်ဆို ကိုကို"

စုသက်ရည်က အသားချင်းထိအောင် တိုးကပ်လာပြန်သည်။ ဖြိုးရင်ထဲမှာ ဗလောင်ဆူကာ နားတွေပင် အူလာသလားထင်မိသည်။

"ပြောလေ ကိုကိုရယ်"

"ညီမလေးက ဟို … သိပ်နေမကောင်းသေးလို့"

"ဟုတ်တယ် ကိုကိုရဲ့ ညည အိပ်မပျော်ဘူး"

"ညီမလေး နေကောင်းတော့မှ …"

နေကောင်းသွားလို့ကတော့ တမလွန်ချစ်သူအပေါ်မှာ အချစ်ကြီးချစ်တတ်သည့် စွဲလမ်းလွန်းသူကလေးကို ပိုင်ဆိုင်ရန် ဝေးစွ၊ ချစ်ရေးဆိုဖို့ပင်၊ ခပ်ခက်ခက်။ စုသက်ရည်က တိုးကပ်လာပြန်သည်မို့ ဖြိုးက မသိမသာရွှေ့ရပြန်သည်။ သည်အချိန်အခါ သိစိတ်မရှိ၊ မသိစိတ်နှင့် လှုပ်ရှားနေသူ မိန်းကလေးကို ဖြိုး အတတ်နိုင်ဆုံး စောင့်စည်း၍ ဆက်ဆံလိုပါ၏။

"ညီမလေး"

"ကိုကို"

"ကိုကိုက ကျောင်းတက်နေရတယ်"

"ဘယ်ကျောင်းလဲ"

"ရာနူး"

"ဩော်"



"စာမေးပွဲနီးနေလို့ ကိုကို စာကျက်ရဦးမယ်"

"ကျက်လေ"

သူ့ချစ်သူမှာ ကျောင်းသားမဟုတ်တော့ပါ။ ဘီအီးဘွဲ့ တောင် ရပြီးကြောင်း မှတ်မိပုံမရ။ စုသက်ရည်အဖြစ်က မှတ်မိ ချင်တာတွေကိုတော့ မှတ်မိသည် မေ့ချင်တာကျတော့လည်း မေ့နေ သည်။

"နက်ဖြန် ကိုကို မလာဘူး"

"မလာနဲ့လေ"

"သန်ဘက်ခါလည်း ကိုကိုမလာဘူး"

"မလာနဲ့လေ"

"ဖိန်းနွဲခါ …"

"ကိုကိုလာခဲ့တော့ … သုံးရက်ဆက်တိုက် မခွဲနိုင်ဘူး ကိုကိုရဲ့၊ ညီမလေးက ကိုကို့ကို သိပ်ချစ်တာ"

"ကိုကို စာမေးပွဲအောင်မှ လက်ထပ်ရအောင်ကွယ်"

"တကယ် အိမ်ထောင်ကျမှာလား ကိုကို"

"တကယ်အိမ်ထောင်ကျ"ဆိုသည့် စကားက စုသက်ရည် အဖို့တော့ အဓိပ္ပာယ်ရှိပါသည်။ ဖြိုးတော့ နားမလည်ပါ။

"အင်းပေါ့"

"ကိုကို"

"ဗျာ"

"စိန်တွေ ကိုကို ယူထားလားဟင်"

"ဟာ … ကြိကြိဖန်ဖန် ဘယ်ကယူထားရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ခက်များခက်ပါပေါ့။ ဘုန်းကြီးအမှ ရှာပတ်တာကမှ သက်သာဦးမည်။ သူ့ခမျာကလေး စိတ်ချမ်းသာပါစေလို့ လိုက်လျောမိပါမှ စိန်သူခိုးဖြစ်ရမည့်ကိန်းပါလား။

"အဲန်တီမိကမေးတယ်၊ စိန်တွေ ဘယ်မှာလဲတဲ့၊ ညီမလေးလည်း မသိဘူး ကိုကိုရယ်၊ ကိုကို့ကိုများ ပေးထားမိသလားလို့"

"မြတ်စွာဘုရား"

ဒီကလေးမ အန္တရာယ်က သိပ်မသေးပါလား။ သူ့ချမ်းသာမှုတွေက သူ့ကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်သည်။ ချစ်သူ ဝိုင်းဝိုင်းမလည်ပဲ ဒုက္ခဝိုင်းဝိုင်းလည်တော့မည့် အခြေအနေမျိုးပါပဲ။ ပစ္စည်းရေးရာနှင့် ပတ်သက်လာတော့ မည်သူ့ကိုမျှ စိတ်ချလက်ချ ယုံကြည်၍မဖြစ်ပါ။ စိန်ရွှေရတနာဆိုသည်ကလည်း လူသားတိုင်း၏ သည်းခြေကြိုက်မဟုတ်လား။

ချစ်မိသနားမိသူကလေးအတွက် စိုးရိမ်ရပြန်သည်။

"ညီမလေးမှာ စိန်တွေ ရှိလို့လား"

"ရှိတယ် ကိုကိုရဲ့ အများကြီးပဲ … အဖြူရောင်၊ အနီရောင်၊ အစိမ်းရောင်၊ အပြာရောင် အစုံပဲ၊ ရောင်စုံစိန်တွေ၊ နောက်ပြီးတော့ အနက်ရောင်"

စိန်ကတော့ ရောင်စုံရှိသည်ဟူ၍ မကြားဖူးပါ။ နီလာတို့၊ ပတ္တမြားတို့ မြတို့ ဖြစ်နိုင်ကောင်းပါ၏။ အနက်ရောင်ဆိုတာက မဟူရာဖြစ်ကောင်းဖြစ်မည်။ သိပ်အဖိုးတန်လွန်းသည့် အနက်ရောင်ဆိုလျှင်တော့ ပုလဲနက်လို ရတနာမျိုးလည်း ဖြစ်နိုင်သည်။

"အဲဒါတွေ ဘယ်မှာလဲ"

"သိဘူး"



"အဲဒါတွေအကြောင်း ဘယ်သူ့မှမပြောရဘူး၊ သူများမေးရင် ဘာမှ မရှိပါဘူး၊ ဘာမှ မသိပါဘူးလို့ ပြောရမယ်သိလား ညီမလေး"

"ဟုတ်ကဲ့"

"ကိုကိုက ပြောခိုင်းတာလို့ မပြောရဘူးနော်"

"ဟုတ်ကဲ့ ကိုကို"

"ညီမလေးဘာသာ ဘာမှ မသိတာလို့ ပြောရမယ်နော်"

"သိပါတယ် … လူကိုများ အရူးမှတ်နေသလား"

"ကောင်းရောပဲ"

စုသက်ရည် နှုတ်ခမ်းစူ၍ မျက်စောင်းထိုးသည်။ ဖြိုးက စိတ်ကျဉ်းကျပ်ရသည့်ကြားက ရယ်ရသေးသည်။

"ကိုကို"

"ဗျာ"

"အောက်ချင်းငှက်ကလေးတွေအကြောင်း ပြောပြပါဦး"

အ,သည်၊ န,သည်ဆိုချင်ဆိုပါတော့၊ အောက်ချင်းငှက်အကြောင်း ဖြိုး မသိပါ။ ဖြိုးကြားဖူးသည်က မေမေတို့ငယ်ငယ်က နာမည်ကြီးခဲ့သည့် "အောက်ချင်းမ"ဆိုသည့် အငြိမ့်မင်းသမီးပဲ။ ငှက်အကြောင်းတော့မသိပါ။

"ကိုကို မသိဘူး"

"ဩော် … ကိုကိုတစ်ယောက်လည်း ခက်နေပါပြီ၊ ကိုယ့်ဟာ အမြဲပြောခဲ့ပြီး မေ့ပြန်ပြီ၊ ကိုကို ဘယ်လိုဖြစ်နေတာလဲ၊ ဒါ ညီမလေးကိုကိုမှ ဟုတ်ရဲ့လား"

"မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဟုတ်မှမဟုတ်ဘဲ။ စိတ်ထဲရှိသည့်အတိုင်း 'မဟုတ်ဘူး' ပြောချလိုက်မိသည်။ 'ဟင်'ဆိုသည့် အာမေဋိတ်သံကလေးက နှုတ်ခမ်းမှပွင့်ထွက်လာသကဲ့သို့ စုသက်ရည် မျက်ဝန်းမှာ ရေကြည်အိုင်ကလေးတစ်ခု ဖြစ်ထွန်းလာသည်။ ငိုမဲ့မဲ့မျက်နှာလေးနှင့် တိုးကပ်လာပြန်သည်။ ရင်ခွင်ထဲသို့ စုသက်ရည် ရောက်လာတိုင်း ဖြိုး နှလုံးသားမှာ မုံးတွေ တဝုန်းဝုန်းကြဲချလိုက်သလို တုန်ခါမြည်ဟည်းကာ လျှပ်စီးတွေပါ လက်သလားထင်မိပါ၏။

"ဩော်ကွယ် ... မငိုနဲ့လေ ညီမလေးရယ် ... ခေါင်းကိုက်လာဦးမယ်"

"ကိုကိုက ကိုကို မဟုတ်ဘူးဆို"

"ဟုတ်ပါတယ်ကွယ် ကိုကိုပါ ... ညီမလေးရဲ့ ကိုကိုပါ"

သည်စကားကိုပြောရာ၌ ဘာကြောင့်မှန်းမသိ ဝမ်းနည်းကြေကွဲမှုကို ခံစားရမိသည်။

"ဒါဖြင့်ရင် အောက်ချင်းငှက်ကလေးတွေအကြောင်း ပြောပြလေ"

"ညီမလေးကတလဲ ပြောဦးနော်၊ ကိုကို နားထောင်ချင်လို့"

"အောက်ချင်းငှက်မောင်နှံဟာ မခွဲဘဲ အမြဲတူတူနေတယ်တဲ့"

"သိပ်ချစ်ကြတာပဲနော် ညီမလေး"

ကိုကိုလည်း ညီမလေးနဲ့ အဲဒီလို နေချင်လိုက်တာဆိုသည့် စကားစုကိုတော့ ဆက်မပြောဖြစ်တော့ပါ။



"ငှက်ပစ်သမားတွေကြောင့်ပဲဖြစ်ဖြစ်၊ တစ်နည်းနည်းနဲ့ပေါ့ ကိုကိုရယ်၊ တစ်ကောင်သေသွားရင် ..."

သူ့မျက်နှာလေး၊ သူ့စကားလေးများကြောင့် ဖြိုးရင်ထဲမှာ လှိုက်တက်လာသည်။ ကံဆိုးသူမိန်းကလေးကို ရီတနာ့တစ်ခုနှယ် လည်မှာဆွဲ၍ မြတ်နိုးယုယချင်စမ်းပါဘိတော့။

"ကျန်တဲ့တစ်ကောင်ကလေ ... ဟိုအမြင့်ကြီး မိုးကောင်းကင်ကို အမြင့်ဆုံး ... အမြင့်ဆုံး ပျံတက်သွားတယ်တဲ့၊ ပြီးတော့လေ အတောင်သိမ်းပြီး မြေပြင်ကို တစ်ဟုန်ထိုး ထိုးစိုက်ဆင်းတယ်တဲ့၊ အဲဒါလေ ... ရင်ကွဲပြီး သေရှာပါရော"

"ဩော် ... ညီမလေးရယ်"

"ကိုကိုနဲ့ ညီမလေးတို့ ချစ်ကြတာက အောက်ချင်းငှက်လို အချစ်မျိုးနော် ကိုကို၊ ကိုကိုမရှိတုန်းက ညီမလေးလေ လိုက်သေမယ်လို့ သိလား"

"ဟော့ ... နောက်ကို ဘယ်တော့မှ မလုပ်နဲ့နော်၊ ကိုကိုက ညီမလေးနားမှာ အမြဲရှိနေမယ် ... ဟုတ်လား"

"ညီမလေးက သိပ်သစ္စာရှိပါတယ်၊ ကိုကိုမရှိရင် ဘယ်သူ့ကိုမှ ကိုကို့နေရာမှာ အစားမထိုးဘူး၊ ကိုကို ယုံပါနော်၊ ညီမလေးပါ သေပစ်မှာ"

ဖြိုးရင်ထဲမှာ အောင့်ခနဲ ခံစားလိုက်မိရတော့သည်။ ကိုကို့နေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးပါဘူးတဲ့လား ညီမလေးရယ်။ အခု ကိုကို့ကို အစားထိုးနေတာ ညီမလေး စိတ်မမှန်လို့ပါနော်။ မသိစိတ်နဲ့ တွယ်တာနေတာပေါ့နော်။ ညီမလေးသာ စိတ်မှန်သွား

www.burmeseclassic.com

www.burmeseclassic.com



ရင် ဟောဒီ ကိုကိုလက်သစ်ကို ဘယ်ချစ်တော့မှာလဲ ညီမလေး ရယ် ... မင်းနဲ့ ကိုကို မခွဲချင်ဘူး။ စိတ်ပြန်မကောင်းနဲ့တော့ကွယ်၊ ဒီပုံစံနဲ့ပဲ ကိုကို မြတ်နိုးယုနိုင်ပါတယ်။

ငါဟာ တစ်ကိုယ်ကောင်းသမား ဖြစ်တော့မယ် ... ချစ်သူကို တကယ်ချစ်တယ်ဆိုရင် ဒီလိုဘဝမျိုးမှာ နှစ်မထားသင့်ဘူး၊ သူ့ဘဝကလေး ပြန်ကောင်းရမယ်၊ အဲဒီအချိန်မှာ ငါဟာ သူ့နားတောင် ကပ်ခွင့်ရမှာ မဟုတ်တော့ဘူး။ ရှိပေစေတော့၊ တကယ်ချစ်ရင် အနစ်နာခံနိုင်ရမယ်၊ ညီမလေးရယ် ... ကိုကို ရင်ကွဲလို့ သေချင်သေပါစေ၊ ညီမလေးကို ဆေးရုံတက်ဖို့ ကိုကို တိုက်တွန်းမှ ဖြစ်မယ်။

"ညီမလေး"

"ကိုကို"

"ကိုကို့ကို ချစ်လား"

"သိပ်ချစ်တာပေါ့ ကိုကိုရယ်"

"ကိုကို့ပြောစကား နားထောင်နော်"

"ဟုတ်ကဲ့"

"ညီမလေး ထမင်းမှန်မှန်စားရမယ်၊ ရေမှန်မှန်ချိုးရမယ်၊ ဆေးမှန်မှန်သောက်ရမယ်၊ ညကျရင် ကောင်းကောင်းအိပ်ရမယ်၊ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ မကြိုးစားရဘူး၊ မှတ်မိလား"

"ဟုတ်ကဲ့ ကိုကို"

"ပြန်ပြောကြည့်ပါဦး"

"ထမင်းစား၊ ရေချိုး၊ ဆေးသောက်၊ အိပ်၊ မသေနဲ့"



ရုသက်ရည် တခစ်ခစ်ရယ်နေပြန်သည်။

"ပြီးတော့ ညီမလေး နေကောင်းသွားအောင် ဆေးရုံတက်ရမယ်"

"ဟင့်အင်း"

"ဟာ ... ကိုကို့စကား နားထောင်မယ်ဆို"

"အင်း"

"ဆေးရုံတက်ပြီးမှ ညီမလေး ကျန်းမာလာမှာ"

"ဟို ... ကိုကိုနဲ့ တကယ်အိမ်ထောင်ကျရမယ်လား ကိုကို"

ပြောပြောဆိုဆို ဖြိုး ရင်ခွင်တွင်းသို့ မျက်နှာကလေး ထိုးသွင်းပြန်သည်။

"ဒါပေါ့"

"ရှက်စရာကြီးနော် ကိုကို"

"ဘာကိုလဲ"

"သိဘူး"

ရှက်ရယ်ကလေး ရယ်နေသော ညီမလေးကို ကျုံးမွေ့ကာ မည်သည့်လူသား တစ်ဦးတလေမျှ ရှိမနေသည့် ကျွန်းကလေးတစ်ကျွန်းပေါ်မှာ နှစ်ယောက်တည်း သွားနေချင်တော့သည်။

"ဒီအပတ်ထဲမှာ ကိုကို မလာဘူး၊ စာကျက်ရမယ်၊ ကိုကိုတို့ စာမေးပွဲတွေနီးပြီ၊ နောက်တနင်္ဂနွေမှ လာမယ်"

"ဟာ ... အကြာကြီးပဲ"

တနင်္ဂနွေထိ ကြားထဲမှာ ရက်တွေအများကြီး ကြာနေသေးကြောင်းကျတော့လည်း သူ သိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဖုန်းဆက်မယ်လေ"

"နေ့တိုင်းလား"

"အင်းပေါ့"

"ညကိုးနာရီဆက်နော် ကိုကို၊ ကိုကိုနဲ့ စကားပြောပြီးမှ ညီမလေး အိပ်မယ်"

"စိတ်ချ၊ ဆက်မယ်"

"ဒါ ... ဘယ်သူ့အိမ်လဲ ကိုကို"

"ညီမလေးရဲ့အဒေါ်နဲ့ အစ်ကိုတွေ အစ်မတွေလေ"

"ဟုတ်လား ... တစ်ခါမှမမြင်ဖူးတဲ့ အမျိုးတွေကိုကိုရယ်၊ ညီမလေးနေရတာ မပျော်ပါဘူး၊ ကိုကိုနဲ့ မြန်မြန်တူတူနေချင်ပြီ"

"ကိုကို စာမေးပွဲအောင်ရင် တူတူနေမယ်လေ၊ စာမေးပွဲအောင်အောင် စာကျက်လိုက်ဦးမယ်"

"အရမ်းကျက်နော် ကိုကို"

"ဟုတ်ကဲ့ ခင်ဗျ"

"သိပ်ချစ်စရာကောင်းတဲ့ ကိုကိုကြီး"

စင်စစ် ... စုသက်ရည်ထံ နေ့တိုင်းလာချင်ပါသည်။ သို့သော် မိမိဘဝက မပိုင်ဝက်မွေးဘဝမျိုးပါ။ ဆိုင်သာဆိုင်၍ မပိုင်သည့်ဘဝပါ။ နေမြင့်လေ အရှုးရင့်လေဆိုသလို၊ ကြာလေ စွဲလေ ခွဲရခက်လေနှင့် ရင်ကွဲပက်လက် ခံစားရမည့်အဖြစ်ပေမို့ မတတ်သာလို့ ခပ်ခွာခွာကလေး နေပါရစေ ညီမလေးရယ်၊ စိမ်းရက်တယ်ဆိုပါနဲ့ ... ကိုကို့ရင်ထဲမှာ မရှိပါဘူး။



"ပြန်တော့မယ်၊ စာပြန်ကျက်လိုက်ဦးမယ်"ဟု ဆိုကာ နှုတ်ဆက်ရသည်။ မခွဲချင်မှခွဲရက်ပါဘဲ ဖွတ်ပြန်ရခြင်းပါ။ ဖြစ်နိုင်လျှင်တော့ အိမ်ကိုသာ ထမ်းခေါ်သွားချင်မိပါသည်။

"မွှေးမွှေးပေးလေ ကိုကိုရယ်"

မြတ်စွာဘုရား ... ကမ္ဘာပေါ်မှာ ရှိသမျှလက်နက်ခဲယမ်းတို့ ဖြိုးရင်ထဲမှာ ပစ်ခတ်ပေါက်ကွဲကြပြန်သည်။ ဟယ် ... မထူးပါဘူး ငါ့ညီမလေးအရှယ်ပဲ၊ ညီမလေး ... ညီမလေးဟု တွင်တွင်ရေရွတ်ရင်း နဖူးဆံစကလေးကို ငုံ့မွှေးမိတော့သည်။ ချမ်းမြေ့ခြင်းပီတိတစ်မျိုးက တစ်ကိုယ်လုံးမှာ လွှမ်းခြုံသွားသည်။

"သိပ်ချစ်တာပဲ ကိုကိုရယ်၊ သိပ်လွမ်းတာပဲ ကိုကိုရယ်"

မျိုးသက်ထွန်းတို့မိသားစုကို နှုတ်ဆက်၍ ခြံထဲမှထွက်လာချိန်မှာ ရင်ကိုခွဲ၍ အသည်းနှလုံးကို ဖြုတ်ချထားခဲ့ရသည့်နှယ် ခံစားရမိပါ၏။ ရင်ထဲမှာ ဟာနေသည်။ ညီမလေးရေ ... အသည်း နှလုံးသားတင်မကပါဘူး ကလီစာတွေအကုန်လုံး ညီမလေးဆီမှာ ကျန်ခဲ့ပါတယ်၊ ကိုကို့ချစ်သည်းအူလေးရယ်။

✳ ❧ ✳

"ညီမလေးလား"

"ဟုတ်ကဲ့ ကိုကို"

"ကိုကို့ပြောစကား နားထောင်ရဲ့လား"

"စားတယ်၊ ချိုးတယ်၊ သောက်တယ်၊ အိပ်တော့မယ် ကိုကိုရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်လိမ္မာတဲ့ ညီမလေးကွယ်"

"ဒါပဲနော် ကိုကို ... စာကျက်တော့"

စကားပြောရချိန် တိုတောင်းလွန်းသောကြောင့် နေပါဦး ညီမလေးရယ်၊ ကိုကို စကားပြောလို့မဝသေးပါဘူးဟု ပြောချင်သည်။ စုသက်ရှည်အားမှာ အိမ်သားတစ်ဦးဦးတော့ ရှိနေမည်။ စိတ်မနှံ့သူကလေးက 'ဒါပဲ'ဆိုသည့်ကြားမှ မိမိက လေရှည်နေလျှင်လည်း မကောင်းတော့။

"ဒါပါပဲ ညီမလေးရယ်"

မချိမဆံ့ပြောမိသည်။ ပုံပြင်များထဲကလို ဖြစ်ချင်တာတွေ သာအကုန်ဖြစ်လို့ ရမည်ဆိုလျှင် စကားပြောခွက်ထဲသို့ ဝင်သွားချင်သည်။ ကြေးနန်းကြိုးအတွင်းမှ ပြေးသွားချင်သည်။

"သိပ်ချစ်တာပဲ ကိုကိုရယ်၊ သိပ်လွမ်းတာပဲ ကိုကိုရယ်"

သည်စကားစုကလေးနှင့်အတူ စကားပြောခွက်ကို ချသွား ပါပြီ။ ဖြိုးမှာသာ ကိုင်ထားဆဲ၊ ငိုင်ဆဲ၊ ငေးဆဲ။

ဖြိုး၏အချိန်ဇယားလေး ပျက်သွားရပါပြီ။ နံနက်စောစော လမ်းထလျှောက်တာမျိုး၊ အညောင်းပြေစေရန် ခြံထဲတွင် ကစား ခုန်စားလုပ်တာမျိုးကို မလုပ်နိုင်တော့ပါ။ သည်အချိန်တွေမှာ ညီမလေးအကြောင်း စဉ်းစားတွေးတောရသည့်ကဏ္ဍကို အစားသွင်း ရသည်။ စာကျက်ချိန်ကိုတော့ ထိခိုက်မခံနိုင်ပါ။ စာကြည့်ချိန်မှာ စာကြည့်စားပွဲကိုတော့ ထိုင်ဖြစ်အောင်ထိုင်သည်။

စာအုပ်ပေါ်မှာ ညီမလေး၊ ဘောလ်ပင်ကို ထောင်ကြည့်တော့ ဘောလ်ပွိုင့်သေးသေးလေးပေါ်မှာလည်း ညီမလေးမျက်နှာ ပိစိကွေး၊ နံရံပေါ်မှာကျတော့ ညီမလေးကို တစ်ကိုယ်လုံး မြင်နေရသည်။



ညီမလေးရယ် ကိုကို စာကျက်ပါရစေ၊ ကိုကို့ဘဝထဲက ခဏထွက်ပေးပါကွယ်၊ ကိုကိုလေ ယောကျ်ားကောင်းတစ်ယောက် အနေနဲ့ ရောက်တဲ့နေရာကနေ အမြဲကြိုးစားနေချင်တယ်၊ တစ်ချိန် တည်းမှာ သားကျေးမှု၊ မယားကျေးမှု ဖူလုံပြီး၊ ညီမလေးကို ကိုကို့ရှာဖွေစာနဲ့ တင့်တောင့်တင့်တယ်ထားချင်တယ်၊ အင်းလေ ချစ်ခွင့်ရခဲ့ရင်ပေါ့ကွယ်။

ညီမလေးရယ် ခုတော့ ကိုကို့ဘဝထဲက ခဏထွက်ပေးပါ။ ကိုကို စာကျက်ပါရစေ ...။

❋ ☙ ❋

www.burmeseclassic.com

www.burmeseclassic.com



## ဆိုင်းဘုတ်ထိုင် မနိုင်သည့်ပန်း

ကျောင်းသားပေါင်း ထောင်ကျော်ကို အုပ်ချုပ်ရသည့် ကျောင်းဆရာမကြီးက ဖြိုး အခြေပျက်ပုံကို အလျင်ဆုံး အကဲခတ်မိသည်။ သည်တူကလေးကို မျက်ခြည်မပြတ် ဂရုစိုက်နေသည်မို့လည်း စောစီးစွာ သတိထားမိခြင်းဖြစ်ပေါ၏။ ခါတိုင်း ကျောင်းတက်လျှင် ကြော့မော့ဖျတ်လတ်ကာ လန်းဆန်းနေတတ်သည့် ဖြိုး ခုတော့ ခပ်ညှိုးညှိုးဖြစ်နေသည်။

စိတ်ဆင်းရဲခြင်းသည် ကူးစက်ကျရောက်တတ်သည့် ရောဂါတစ်မျိုးဖြစ်ပါလျှင် သည်တူကလေးအတွက် ကာကွယ်ဆေးများ ထိုးနှံပေးထားချင်မိသည်။ ရောဂါက ကူးစက်ကျရောက်နေပြီဆိုလျှင်လည်း သောက်ဆေး ထိုးဆေးများဖြင့် ကုသလိုသည်။ ခေါင်းခပ်ငိုက်ငိုက် အနေအထားဖြင့် ကျောင်းတက်ရန် ထွက်သွားသည့် ဖြိုးကို ကြီးကြီးမေ ငေးစိုက်ကြည့်ကျန်ခဲ့မှန်း ဖြိုး မသိပါ။

ကျောင်းတက်ရာတွင် နေ့ကျွေးလေးလံနေခြင်းသည် ဖြိုး ဘဝသက်တမ်းတစ်လျှောက်မှာ သည်တစ်ကြိမ် ပထမဆုံးဖြစ်ပေါ၏။



လုပ်ရိုးလုပ်စဉ်ဖြစ်နေကျ အမှုဆိုတော့လည်း လူနှင့်စိတ်တို့ ကင်းကွာနေပေမင့် စာသင်ခန်းတွင်းသို့ အလိုလိုရောက်လာပါသည်။ ထူးထူးခြားခြား သိန်းသန်းအောင်ရော မိုးမြင့်ပါ စာသင်ခန်းတွင်းမှာ ရှိနေသည်။

"ဟော ... ဒီလူတွေ ကျောင်းတက်မလို့လား"

"အေး ... စာမေးပွဲက ကုပ်ပိုးကို ခွစီးနေပြီလေ"

သည်လူတွေနှင့်တွေ့လျှင်တော့ အရှုတ်၊ အနောက်ကလွဲ၍ စကားကောင်း ကြားရလေ့မရှိပါ။ ဖြိုး ခေါင်းညိတ်၍ ဝန်ခံလိုက်သည်။

"ဟိုကောင့်နှမ ဆေးရုံတက်ပလား"

မိုးမြင့်စကားက အဆက်အစပ်မရှိပေမင့် ဖြိုး နားလည်သည်။

"မတက်ဖြစ်သေးဘူး"

"မင်းကုတာနဲ့ ရောဂါတစ်ဝက် ပျောက်ပြီထင်တယ်"

"ဒီလိုလည်း မဟုတ်ပါဘူး"

"မင်းကြောင့် တစ်ဝက်ပျောက်သွားရင်လည်း ပျောက်သွားတဲ့နေရာမှာ တခြားရောဂါတစ်ခြမ်း ဝင်လာမှာပဲ၊ ရောဂါနှစ်ခုဝိရောဓိဖြစ်ပြီး အင်း ... ဒီပြဿနာ မလွယ်ဘူး"

ဖြိုးက စကားမပြန်ဘဲ နာရီကိုငုံ့ကြည့်သည်။ ဆရာလာချိန်ထက် ငါးမိနစ်တောင် စွန်းသွားပြီ။ သည်ဆရာက တစ်ခါမှ ဤသို့ နောက်ကျဖူးသည်မဟုတ်၊ ဆရာလာမှလာပါ့မလား။ ဆရာများလည်း သွေးနှင့်ကိုယ်သားနှင့်ကိုယ်မို့ တစ်ခါတစ်ရံတော့လည်း ဖျားနိုင်နာနိုင်ပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ဆရာမလာဘူးဟော့၊ ဒီနေ့ ကလပ်စ်မရှိဘူး"

ဖြိုးစကားမဆုံးမီမှာပင် ကော်ရစ်ဒါဘေးတစ်လျှောက်မှာ ကျောင်းသားတစ်ယောက် အော်၍ ပြေးလာသည်။

"ဆရာ မလာဘူးဟော့"

အတန်းထဲမှ ပြန်အော်ပေးသည်။ ကျောင်းသားကျောင်းသူအချို့ လှုပ်လှုပ်ရွရွဖြစ်သွားသည်။ ထပြန်သည့်သူကလည်း ပြန်ပြီ။

"တောက် ... ကြိုးကြိုးစားစားလာတက်တဲ့နေ့ကျမှ ကလပ်စ်က မရှိဘူးတဲ့၊ ပညာနဲ့ကို အကျိုးမပေးပါဘူး၊ ဟော့ကောင် ... သိန်းသန်းအောင် ငါ့ကို မဟာဘုတ်တိုင်ထူစမ်း၊ ပညာဂြိုဟ် ဘယ်ရောက်နေသလဲလို့"

သိန်းသန်းအောင်က ဘယ်ကဘယ်လို တတ်လာမှန်းမသိ။ ခုတလော ဗေဒင်ချည်းတွက်နေသည်။ မွေးနေ့သက္ကရာဇ်မေး၊ ခုနစ်နှင့်စား၊ မဟာဘုတ်တိုင်ထူသည့်အလုပ်ကို ဟိုလူလုပ် ဒီလူလုပ်နှင့်မို့ မိုးမြင့်က ပြောခြင်းဖြစ်ပါ၏။

စာမေးပွဲကဖြေရတော့မည်။ စာကို ကုန်းနေအောင်ကျက်နိုင်ပါမှ တော်ရုံကျမည့်အချိန်မှာ ဖြိုးတစ်ယောက် စာထဲသို့ စိတ်ကို ရာနှုန်းပြည့်နှစ်၍ မရနိုင်အောင် ဖြစ်နေတော့သည်။

ဩော် ... ညီမလေး နေကောင်းပါစေ၊ ဘေးကင်းပါစေ၊ သူ့ဘဝလေး ဖြောင့်ဖြူးသာယာပါစေကွယ် ...။

❋ ❋ ❋



နောက်တနင်္ဂနွေကျတော့ မိုးလင်းကတည်းက ဖြိုး ခြေထောက်တွေက တက္ကသိုလ်ရိပ်သာလမ်းဘက်ဆီသို့ လှည့်နေတော့သည်။

မရိုးမရွဖြစ်နေသည့် သားအော်မောင်ကို ဖေဖေက သတင်းစာ ဖတ်ရင်း လှမ်းကြည့်သည်။

"ဖြိုး ... ခဏ လာထိုင်ပါဦး သား"

ဖေဖေက ခေါ်သည်နှင့် မေမေရော ကြီးကြီးမေပါ အလိုလို ရောက်လာကြသည်။ ဖြိုး အရိပ်အကဲကို လူကြီးသုံးယောက်လုံးက ဝိုင်းလေ့လာနေဟန်တူပါ၏။ ဖြိုးက ဧည့်ခန်းကုလားထိုင်မှာ ဝင်ထိုင်သည်။ ရင်ထဲမှာ ကျပ်နေ၏။

"ကလေးမလေးရဲ့ အခြေအနေကို ပြောပြစမ်းပါဦး"

"သူ့မှာ သွေးအားနည်းတဲ့ရောဂါရှိလို့ ဆေးရုံတက်ပါလို့ ဖြိုး တိုက်တွန်းရပါတယ်၊ စိတ်ကျန်းမာရေးဆေးရုံမှန်း ညီမလေး အဲ ... စုသက်ရည်က မသိပါဘူး၊ သူ့ရှေ့ရေးအတွက် နားဝင်အောင် ပြောရပါတယ် ဖေဖေ"

"တို့မိသားစုမှာတော့ ဖြိုးကို ခြင်တစ်ကောင်ကိုက်သွားတဲ့ ကိစ္စလည်း အလေးအနက်ပဲဟော့၊ ပေါ့ပေါ့ကလေးမထားနိုင်ဘူး၊ ဆင်ခြေထောက်ရောဂါများ ဖြစ်မလားဆိုပြီး၊ အဆိုးဆုံးဖြစ်နိုင်တဲ့ အန္တရာယ် စတွေးပြီး ပူတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမေစကား၏ အတိမ်အနက်ကို ဖြိုး စဉ်းစားရပါသည်။ စုသက်ရည်နှင့် ပတ်သက်လာသည့် ကိစ္စကို 'ဖြိုးတော့ ခြင်ကိုက်ခံရပြီ"ဟူ၍များ ဆိုလိုချင်သလား။

"အဲဒီမိန်းကလေးကို သားချစ်နေသလား"

"ခင်ဗျာ"

ဖေဖေကတော့ မျက်ရိပ်ပြ၍ တားပါသေးသည်။ သို့ပေမင့် မေမေက သူ သိချင်သည့်ကိစ္စကို မအောင့်နိုင်တော့၊ မိန်းမသားမို့ တဲ့တိုးကြီးပင်မေးချသည်။ ဖေဖေ့လောက်တော့ ဖြိုးအပေါ်မှာ ကိုင်တွယ်ရာတွင် မညင်သာ မလိမ္မာ၊ ပညာမပါ၊ ဖြိုး ခေါင်းငုံ့ ကျသွားသည်။ မေမေ သည်လိုမေးချမည်ဟု ထင်မထားသော ကြောင့် ဖြေဆိုရမည့် ဝါကျကို ပြေပြေချောချော ဖြစ်အောင် ကြိုတင်တည်ဆောက်ထားခြင်းမရှိခဲ့။

သို့ပေမင့် ... ဖြိုး လိမ်လည်ရန်တော့ စိတ်မကူးပါ။ အမှန်ကိုပင် ဖြေမည့်သူဖြစ်ပါသည်။ ယင်းအမှန်ကိုပေမင့်၊ မုသားလည်း မပါ လင်္ကာလည်းချောအောင် ပြောတတ်ဆိုတတ်ဖို့လိုပါသည်။ ခုတော့ ... ဖြိုးမှာ ပြင်ဆင်ပြီးသား ဖြစ်မနေပါ။

"ပြောလိုက်လေ ဖြိုး"

ထပ်မံ မအောင့်အည်းနိုင်သူက ကြီးကြီးမေပါ။ ဖေဖေက ပြောတော့ ပြောကြတော့ ... ဟု အလျှော့ပေးလိုက်ပုံရပါသည်။ ဖေဖေသာဆိုလျှင် ဤကဲ့သို့ တိုက်ရိုက်ကြီးမေးမည်မထင်ပါ။

"ဟုတ်ကဲ့ ... ချစ်နေမိပါတယ်"

"လက်ထပ်ဖို့အထိ ရည်ရွယ်သလား"



မထူးတော့ပြီမို့ သည်မေးခွန်းကို ဖေဖေကိုယ်တိုင် ဝင်မေးပါသည်။

"မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့အထိ မရည်ရွယ်ဘဲအပျော်ချစ်တယ်ဆိုရင်၊ ဖေဖေ့သား လူကောင်းမဟုတ်တော့ပါဘူး ဖေဖေ ... ဒါပေမဲ့ ..."

ဖြိုး ခေါင်းမော့လာသည်။ နဖူးထက်မှာ ဝဲကျနေသည့် ဆံနွယ်တစ်ခွေကို ခေါင်းဆတ်၍ သိမ်းပစ်သည်။ မျက်နှာက ခပ်မော့မော့အနေအထားနှင့် အဝေးသို့ ငေးကြည့်နေသည်။

"ဒါပေမဲ့ ... သူ့ကို ဖြိုး လက်ထပ်ခွင့်ရမယ် မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"သူ စိတ်အနေအထား မမှန်သေးလို့၊ ဖြိုးကို စွဲလမ်းနေတာပါ၊ နေကောင်းသွားရင် ဖြိုးဟာ သူ့အတွက် လူစိမ်းပဲ၊ အဲဒီအခါကျမှ ရင်းနှီးခွင့်ကို ထပ်မံ ကြိုးစားကြည့်ရမှာပါ၊ ရှုံချင်မှလည်း ရမယ်ပေါ့ ဖေဖေ ... လောလောဆယ် ခတ်လမ်းက စုသက်ရည် ဘဝမှာ ကွက်လပ်တွေပါ"

"မိန်းကလေးတစ်ယောက်နဲ့ ရင်းရင်းနှီးနှီးနေရရုံနဲ့ ချစ်မိသွားတယ်ဆိုတော့ သားစိတ်က သိပ်သည်းခိုင်မာမှုနည်းလွန်းမနေဘူးလား"

"မဟုတ်ဘူး ဖေဖေ၊ ဖြိုး သူ့ကို ဖြိုးအသက်နှစ်ဆယ်ပြည့်တဲ့မွေးနေ့ပွဲလုပ်တဲ့နေ့ကတည်းက စချစ်မိတာပါ"

ဖြိုး ခတ်ပုံကလေး တွေ့ရသည့်အကြောင်း ပြန်ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကျတော့လည်း မသည်းလွန်းဘူးလား"

ကြီးကြီးမေ အပျိုကြီးက 'ခါတ်ပုံမြင်ရုံနှင့်ချစ်'ဆိုသည့် အဖြစ်ကို လက်မခံချင်ပေ။

"ဖေဖေ တစ်ခုမေးချင်သေးတယ် ဖြိုး၊ သေသေချာချာ စဉ်းစားပြီးမှဖြေပါ၊ အခု သား ရင်ထဲမှာ ခံစားမှုတစ်မျိုးကတော့ ကိန်းအောင်းနေပြီ၊ ဒီခံစားမှုဟာ နှလုံးသားကို နာကျင်စေသလား၊ ကိုယ့်အတွက် ကိုယ်ကြိုးစားနေရတဲ့ လမ်းကြောင်းပေါ်မှာ ခလုတ် ကန်သင်းဖြစ်နေပြီလား"

"အဲဒီမေးခွန်းကို ဖြိုး ကိုယ့်ဘာသာမေးပြီးသားမို့ ချက်ချင်း ဖြေနိုင်ပါတယ် ဖေဖေ၊ ရင်မောရတာကလွဲလို့ နှလုံးသားမှာ နာ ကျင်လောက်အောင် မခံစားရသေးပါဘူး၊ သူ ကျန်းမာပြီး ဖြိုးဟာ သူ့အတွက် လှုစိမ်းပါဆိုခဲ့ရင်လည်း မနာကျင်သေးပါဘူး၊ အဲဒီအချိန် မှာ ထပ်ကြိုးစားကြည့်လို့ မအောင်မြင်မှ နာကျင်မှာပါ"

"အင်း ... ဆက်ပါဦး"

"ဖြိုးရဲ့ကြိုးစားမှု လမ်းကြောင်းပေါ်မှာ ခလုတ်ကန်သင်း ကြီးတော့ရယ်လည်းမဟုတ်ပါဘူး၊ နေပြောက်ထိုးတာလောက်၊ လေပူတိုက်တာလောက်တော့ အခံရခက်ပါတယ်၊ ဒါပေမဲ့ ဖြိုး ကျော်လွှားလျှောက်လှမ်းနိုင်ပါတယ်၊ ပန်းတိုင်ကို လိုချင်တဲ့ပုံစံနဲ့ ရောက်မှာပါ၊ ရည်မှန်းထားတဲ့ အချိန်အတွင်း ရောက်မှာပါ၊ အဲဒီ အတွက် ကတိပေးပါတယ်၊ ယောက်ျားကတိပါ ဖေဖေ"

ဖေဖေက သူ့ပေါင်ကို သူ့လက်ဝါးနှင့်ပုတ်သည်။ မျက်နှာ မှာ ကျေနပ်နှစ်သိမ့်မှုများ လျှံတက်လာသည်။



"ဖေဖေ ကျေနပ်တယ် ဖြိုး၊ သွား ... သွားတော့လေ၊ ကား ယူသွား"

ဖြိုး ချက်ချင်း ထွက်ခဲ့ပါတော့သည်။

❋ ❧ ❋

"ဟော ... ကိုကိုလာပြီ၊ သိပ်ချစ်တာပဲ ကိုကိုရယ်၊ သိပ် လွမ်းတာပဲ ကိုကိုရယ်"

ဦးသက်အောင်၊ မျိုးသက်ထွန်းတို့ရှေ့မှာပင် ဖြိုးကို ပြေး ဖက်သည်။ ဖြိုးကိုယ်ကြီး မတ်ခနဲ တောင့်သွားရသည်။ မျက်နှာ လည်း ပူသည်။ ရှက်လည်းရှက်သွားမိသည်။ အသားဖြူသူမို့ နားရွက်များ ရဲတက်လာသည်။

"လာလေ ကိုကို၊ ကုလားထိုင်မှာ ထိုင်ကြမယ်၊ ဦးဦးက ညီမလေးကို ကျန်းမာအောင် ဆေးကုပေးမလို့တဲ့၊ ကုရမယ်လား ဟင် ကိုကို"

ဖြိုးလက်ကိုဆွဲခေါ်ကာ ကုလားထိုင်မှာ ဝင်ထိုင်တော့ ဖြိုး က တမင်တကာပင် တစ်ယောက်ထိုင်ကုလားထိုင်မှာ ဝင်ထိုင်သည်။ နှစ်ယောက်ထိုင်မှာသာဆိုလျှင် စုသက်ရည်က သူ့ဘေးမှာ ဝင်ထိုင် လိမ့်မည်မို့ ကြိုတင်ဆင်ခြင်ရခြင်းပါ။ တစ်ယောက်ထိုင်မှာ ထိုင်တော့ လည်း စုသက်ရည်က တခြားမှာ သွားမထိုင်ချေ။ ဖြိုးခြေရင်း ကြမ်းပြင်ပေါ်မှာ ကျုံ့ကျုံ့ကလေးထိုင်ချကာ ဖြိုးပေါင်ပေါ်သို့ လက်တစ်ဖက် လှမ်းတင်ထားသည်။ ဖြိုး ပေါင်သားများ အပူ အအေး မညီမျှတော့ပါ။

www.burmeseclassic.com



စုသက်ရည်နှင့် ထိထားသည့်နေရာက နွေးနေသည်။ သည် အနွေးဓာတ်က ရင်ထဲထိတိုင်ရောက်သည်။

"ဆေးရုံတက်ရမလားဟင် ကိုကို၊ ညီမလေးမှာ ဘာရောဂါမှာလဲမရှိဘဲနဲ့၊ အခု ... ညီမလေး နေကောင်းတယ်"

တကယ်လည်း နေကောင်းနေပါသည်။ မှန်မှန်စား၊ မှန်မှန်အိပ်၊ မှန်မှန်ရေချိုးကာ အလှအပကလေးတွေပင် ပြင်ထားသည်။ သူ့ဘဝ သူမသိတာကလွဲ၍ နာဖျားမကျန်းရောဂါမျိုး မရှိပါ။ တစ်ယောက်တည်း စကားပြောခြင်း၊ အလကားနေရင်း ငိုခြင်း၊ မိမိကိုယ်မိမိ သေကြောင်းကြံခြင်းတို့ လုံးဝမရှိတော့ပါ။ မသိလျှင် လူကောင်းပင်။ လူကောင်းတစ်ယောက်နှင့်မခြား နေနိုင်ပြီဖြစ်ပါ၏။

"ကုရမယ်၊ ဆေးရုံတက်ရမယ်၊ ညီမလေး နေကောင်းပေမယ့် ဒီထက်ကျန်းမာဖို့ လိုသေးတယ်"

"ကုမယ်လေ၊ တက်မယ်လေ၊ ဆေးရုံကဆင်းရင် ကိုကိုနဲ့ တူတူနေရတော့မယ်မဟုတ်လား၊ ဦးဦးနဲ့ အန်တီကို ပြောထားဦးနော် ကိုကို၊ ဆေးရုံကဆင်းရင် ညီမလေးက ကိုကို့အိမ်ကို လိုက်ခဲ့မယ်"

"နေရမှာပေါ့ စုသက်ရည်၊ ဒါပေမဲ့ ကိုယ့်အိမ်ကိုယ်မနေချင်ဘူးလား"

ဦးသက်အောင်က ခပ်ပြုံးပြုံးဝင်မေးသည်။ မျိုးသက်ထွန်းက မျက်နှာပူနေသည့်ဟန်နှင့် ငြိမ်နေသည်။

"ဒီဟာ ... ကိုယ့်အိမ်မှမဟုတ်တာ"

"ရှိတယ်လေ မန္တလေးမှာ၊ မမှတ်မိဘူးလား"

"သြော် ... မန်ကျည်းပင်ကြီးနဲ့အိမ်လား"



"အင်းလေ"

"သူ တော်တော်ပြန်မှတ်မိလာပြီ"ဟု ဦးသက်အောင်က ဖြိုးကို လှမ်းပြောသည်။ ခပ်တိုးတိုးမို့ စုသက်ရည် မကြားနိုင်ပါ။ ဦးသက်အောင်ကလည်း စကားထက် အမူအရာနှင့်သာ ပို၍ အဓိပ္ပာယ်ဖော်သည်။

"အဲဒီအိမ်ကြီးကို ဖေဖေနဲ့မေမေက နတ်ပြည်ကို ယူသွားပြီလေ၊ ရှိမှမရှိတော့တာ"

ဦးသက်အောင် မျက်နှာပျက်သွားသည်။ ကောင်းပြီကောင်းရဲ့ပြောနေရာမှ ဖောက်လာတော့ စိတ်ပျက်သွားပုံရသည်။

"ဦးဦးကပြောတယ် ကိုကို့ကိုကိုနဲ့ မင်္ဂလာဆောင်ရမယ်ဆို"

ဖြိုး ဘာပြောရမှန်းမသိသောကြောင့် ဦးသက်အောင်ကို လှမ်းကြည့်သည်။ ဦးသက်အောင်က ခေါင်းညိတ်ပြသည်။

"ဆောင်ရမှာပေါ့ ညီမလေးရဲ့"

"သတို့သမီးလို ဝတ်ရမယ်ဆို"

"အင်း"

"စိန်တွေ ဆုတ်ဝတ်ရမယ်တဲ့"

"ဟင် ..."

ဖြိုးထံမှ အာမေဋိတ်သံ ထွက်လာသည်။

"စိန်တွေ မြန်မြန်ရှာထားဦးလို့ ဦးဦးကပြောတယ်၊ ဘယ်သွားရှာရမလဲ ကိုကိုရဲ့၊ ညီမလေးမှာ စိန်တွေ ဘာတွေ ဘာမှ မရှိဘူး၊ ညီမလေး ဘာမှ မသိပါဘူး၊ နော် ... ကိုကို"

ဖြိုးသက်ပြင်းကို ကျိတ်ချလိုက်မိသည်။ သည်မိန်းကလေးက သူ သင်ပေးထားသည့်အတိုင်း ပြောရှာသည်။ ရှုးတာတောင်

www.burmeseclassic.com

www.burmeseclassic.com



အရုပ်ပါးကလေးဖြစ်နေသည်။ ကိုကို သင်ပေးထားသည့်အတိုင်း ပြောပါသည်ဟု တိုက်ရိုက်မပြောဘဲ အဆင်ပြေအောင် လှည့်ပတ်ပြောသည်။ စိတ်ရောဂါသည်မှာလည်း သူ့အသိဉာဏ်ကလေးနှင့်သူပင်။

"အလကား မြေဇာဖြစ်ကုန်မှာစိုးလို့ ဖြိုးရဲ့၊ သူ့ပစ္စည်းတွေ သူ ခံစားပါစေတော့လို့"

ဦးသက်အောင်က ရှင်းပြသည်။

"အဲဒါကို ငါက ပြောပါတယ် ဖြိုးရယ်၊ ခု နေမှမကောင်းတာ၊ ဘယ်သိမလဲ၊ နေကောင်းတော့လည်း သူ့ဘာသာ မှတ်မိလာပြီး သူ့ဘာသာယူ၊ သူ့ဘာသာသုံးမှာပါ၊ မပူပါနဲ့လို့၊ လောလောဆယ် ကျန်းမာဖို့သာ အရေးကြီးတာလို့"

"မျိုးပြောသလိုကျတော့လည်း တစ်မျိုးစုရှိုးမှာပဲကွ၊ ပစ္စည်း တစ်ပုံကြီးနဲ့ ဆယ့်ရှစ်နှစ်ရွယ် မိန်းကလေးတစ်ယောက်မှာ အန္တရာယ်မျိုးစုံ ရှိနိုင်တယ်"

"သူ့အမေက စီမံခဲ့ပါတယ် ဖေဖေရာ၊ ရှေ့နေတွေရော၊ သူ့ဦးလေးရော ရှိပါသေးတယ်"

စုသက်ရည်ကို မေ့သွားကြကာ သူ့ကိုရှေ့ထား၍ သူ့အကြောင်းကို ပြောင်ပြောင်ကြီး ဆွေးနွေးနေကြတော့သည်။

"အဲဒီရှေ့နေတွေကလည်း ဥပေက္ခာပြုလိုက်တာ၊ လာပြုမကြည့်ဘူးတဲ့လား"

ဖြိုးက ဝင်မေးသည်။

"လာပါ့ကွာ မင်းနဲ့ မဆုံလို့ပါ၊ ဗုဒ္ဓဟူးနေ့ဆို တစ်ယောက် ရောက်လာပြီ။ အပတ်တိုင်း တစ်ယောက်မဟုတ် တစ်ယောက်



လာတယ်၊ သူ့ဦးလေးဆီက စာရင်းရှင်းတမ်းလည်း ယူလာတယ်၊ အမြတ်ငွေကိုတော့ တစ်လတစ်ခါပေးတယ်၊ ဆေးရုံမတင့်ကောင်းလား အပြစ်တင်လှပြီ"

မျိုးသက်ထွန်းက ဟောဟောဒိုင်းဒိုင်းပင် ပြောသည်။

"ဒီမှာဖြင့်ကွာ ... သူ့အသက်သူ မကြံစည်အောင် မနည်းစောင့်ရှောက်နေရတာ၊ ဟော ... မိတို့ ပြန်လာကြပလား"

ဒေါ်မိမိထွန်းနှင့် မိမိသက်ထွန်းတို့ အပြင်မှ ဝင်လာသည်။

"ကိုဖြိုး ရောက်နေတာကိုး"

မိမိသက်ထွန်းက ဖြိုးကို နှုတ်ဆက်သည်။ ဒေါ်မိမိထွန်းကလည်း ပြုံးပြကာ ဝင်ထိုင်သည်။

"ကိုကိုရေ ... သူတို့မိသားစု ကိုယ်ရေးကိုယ်တာ တိုင်ပင်ပါစေကွယ် ... ညီမလေးတို့ ခြံထဲဆင်းရအောင်နော်"

"အမယ်မယ် ... စုသက်ရည် အပါးမကလေးနော်၊ သူ့ကိုကိုနဲ့ နှစ်ယောက်တည်း စကားပြောချင်တာ သူများ လွဲချနေပြန်ပြီ"

မိမိသက်ထွန်းက စုသက်ရည်ပါးကလေးကို ချစ်စနိုး လိမ်ဆွဲတော့ စုသက်ရည် ရယ်နေသည်။ မျိုးသက်ထွန်းက ရှက်ရယ်ရယ်သည်။ သူက နမပေးရမည့်မောင်ဆိုတော့ ဟိုကျိန်း သည်ကျိန်း ကျိန်းရှာပေမည်။

"ခေါ်သွားကွာ ဖြိုး၊ ခပ်ဝေးဝေးက မျက်နှာပူရတာပဲကောင်းတယ်၊ မနက်ဖြန် ဆေးရုံတက်ဖို့ကိစ္စကိုတော့ သေသေချာချာ မှာထားခဲ့ ဟုတ်လား"

ဖြိုး ခေါင်းညိတ်ပြကာ စုသက်ရည်ကို ခေါ်၍ ခြံထဲဆင်းလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ... မနက်ဖြန် ဆေးရုံတက်ရမယ်၊ ကိုကို လိုက်ပို့မယ်၊ မနက်ဖြန် ကိုကို ကျောင်းမတက်ဘူး၊ ဆေးရုံမှာနေတုန်း ကိုကို လာမတွေ့ဘူး သိလား"

"ဘာဖြစ်လို့လဲ"

"ကိုကို စာမေးပွဲဖြေရတော့မယ်၊ တစ်ပတ်ပဲလိုတော့တယ်"

"ဩော် ... အင်းလေ ညီမလေးတော့ သိပ်လွမ်းမှာပဲ"

"ဆေးရုံကဆင်းလာရင် အဲဒီလို လွမ်းပါစေဦးလို့ ဆုတောင်းပါတီယ် ညီမလေးရယ်"

"ဘယ်လွမ်းတော့မလဲ၊ အဲဒီတော့ ကိုကိုနဲ့ တကယ် အိမ်ထောင်ကျပြီလေ"

"ညီမလေးပြောတဲ့အတိုင်း ဖြစ်ချင်လိုက်တာ"

"ဖြစ်ရမှာပေါ့ ကိုကိုရဲ့"

"ဆေးရုံမှာ ဆရာဝန်တွေ ဆရာမတွေ ပြောတဲ့အတိုင်းနေရမယ်၊ သူတို့စကား နားထောင်ရမယ်နော်"

"ဟုတ်ကဲ့ပါ ... ညီမလေးက ဘာရောဂါလဲဟင်"

"ဟို ... သွေးအားနည်းတာ"

"ဩော် ..."

"ကိုကို စာမေးပွဲရှိလို့ မလာနိုင်တာကို ညီမလေး နားလည်ရမယ်နော်၊ ကိုယ့်ကိုယ်ကိုယ် ဘာမှ မလုပ်ရဘူးနော်"

"အမယ် ... မလုပ်ပါဘူး၊ ဒီတစ်ပတ်လုံး ကိုကိုပြောစကားနားထောင်နေတာပဲဟာ၊ ဆေးရုံကဆင်းရင် ကိုကို စာမေးပွဲပြီးပြီလား"

"ပြီးရောပေါ့"



"ကိုကို လာကြိုနော်"

"ကြိုမှာပေါ့"

"ကိုကို စာပြန်ကျက်ချင်ကျက်လေ၊ ညကျမှ ဖုန်းဆက်ပေါ့"

စုသက်ရည် သိတတ်ပုံကလေးက စိတ်ဝေဒနာသည်ကလေးပါဟု၍တောင် ဆိုရက်စရာမရှိပါ။ သူ့စိတ်ထဲမှာ ဆေးရုံတက်ဖို့၊ ကိုကို စာမေးပွဲအောင်ဖို့နှစ်ခုသာ စွဲမှတ်ထားပုံရသည်။ သူ ဆေးရုံကအဆင်း၊ ကိုကိုက စာမေးပွဲအောင်ပြီးလျှင် ကိုကိုနှင့် တူတူနေရပြီဟုလည်း မှတ်ယူထားပုံရသည်။

"ဒီလိုဆို ... ကိုကို ပြန်မယ်နော်"

"သိပ်ချစ်တာပဲ ကိုကိုရယ်၊ သိပ်လွမ်းတာပဲ ကိုကိုရယ်"

နှုတ်ဆက်စကားကလေးကိုဆိုသည်။ စုသက်ရည်က ဖြိုးရင်ခွင်တွင်းသို့ တိုးဝင်ကာ မျက်နှာကလေး မော့လာသည်။ နှုတ်ဆက်အနမ်းကလေးကို ကြိုဆိုရှာသည်။ သို့သော်ငြား ဖြိုးက အဘယ်သို့နမ်းရက်ပါလေမည်နည်း။ ခုနေတော့ အနမ်းကလေးကို ကြိုဆိုနေသည်။ သူ့စိတ်ဝေဒနာပျောက်ကင်းချိန်မှာ လူစိမ်းတစ်ယောက်က သူ့ပါးပြင်ကို မွေးကြူခဲ့ပါသည်ဆိုလျှင် အဘယ်မျှ ယူကျုံးမရဖြစ်ရှာမည်နည်း။

မိန်းမသားကလေးတစ်ဦးကို ညှာတာရပါမည်။

သူ့ဆံပင် တိုတိုပွပွကလေးကိုသာ ပါးနှင့်ကပ်ထားမိတော့သည်။ ဖြိုးရင်ထဲမှ ဆန္ဒများကို ယောကျာ်းကောင်းပီသစွာ သိမ်းဆည်းရပါသည်။ မနက်ဖြန်ဆိုလျှင် ညီမလေး ဆေးရုံတက်တော့မည်။ မကြာမီ ကျန်းမာလာကာ "ပြည့်ဖြိုးဝေ"ဆိုသည့် လူစိမ်းတစ်ယောက်ကို မေ့သွားပါတော့မည်။ သည်အဖြစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ရင်နှင့်အမျှခံစားရင်း စာမေးပွဲမှာ ဂုဏ်ထူးများစွာနှင့် အောင်မြင်ရန် ကြိုးစားရပါဦးမည်။

❋ ❧ ❋

စုသက်ရည်ကို ဆေးရုံမှာထားခဲ့ရခြင်းအတွက် ဖြိုး ရင်ထဲမှာ ဆွေးဆွေးနင့်နင့်ခံစားပါ၏။ မိမိရင်ထဲမှ နှလုံးသားကို ဆွဲငင်ထုတ်ယူကာ စိတ်ကျန်းမာရေးဆေးရုံ၏ တစ်ခုသော တံစက်မြိတ်မှာ ချိတ်ခဲ့ရလျှင်ပင်, သည်မျှခံစားရပါမည်လားဟု တွေးမိသည်။ ဆေးရုံမှ တာဝန်ကျဆရာဝန်၊ ဆရာမများ၏ ဂရုတစိုက်ကြင်နာမှုများကြောင့်သာ ဖြေသိမ့်နိုင်ခဲ့ပါသည်။

စုသက်ရည်၏ ကြေကွဲဆို့နင့်ဖွယ် ရင်နာစရာ ဇာတ်လမ်းကို ဆေးရုံမှာပြောပြရသည်။ ပထမတစ်ပတ်အတွင်း ဖြိုးကို လာမတွေ့ပါနှင့်ဟုဆိုသည်။

"အခု လူနာရဲ့စိတ်မှာ ကွယ်လွန်သွားပြီဖြစ်တဲ့ သူ့ချစ်သူကို မသေသေးဘူးလို့ ထင်နေတာမဟုတ်လား၊ အဲဒီအထင်စွဲနေသမျှ သူ့ရောဂါမပျောက်ဘူး"

ဆရာဝန်၏စကားကဆေးပညာရှုထောင့်မှ ဖြစ်သော်ငြား ဖြိုးရင်ထဲမှာ နာမိပါသည်။ ဖြိုးသည် ချစ်လှစွာသော ညီမလေးအဖို့ လူစိမ်းတစ်ယောက်အသွင် ပီပြင်ပါလေမှ ညီမလေးရောဂါပျောက်မည်တဲ့ ...။

"ဟေး ... မင်း၊ ပြည့်ဖြိုးဝေ မဟုတ်လား"

ယောက်စ်ဆာဂျင်တစ်ယောက်က ဖြိုးပခုံးကို လာပုတ်သည်။



"ဟာ ... ဟုတ်ပါတယ်၊ ဝမ်းသာလိုက်တာ အစ်ကိုရာ"

"တွေ့ရတာဝမ်းသာပါတယ်"ဟူသည့် အာလာပသလ္လာပစကားသည် ဤနေရာမှာတော့ ဖြိုးအတွက် အံဝင်ခွင်ကျဖြစ်လွန်းသည်။ ဖြိုး တကယ် ဝမ်းသာသွားရသည်။ ဖြိုး သူငယ်ချင်းများထဲမှ ဆေးတက္ကသိုလ်သို့သွားသူတစ်ဦး၏ အစ်ကို ဆရာဝန်လောင်းတစ်ယောက်ပါ။ သူက ဖြိုးထက် အတန်းကြီးပေမင့် ဖြိုးနှင့် တစ်ကျောင်းတည်းထွက်ဖြစ်သည်။ ဖြိုး ခုနစ်တန်းတုန်းက သူက ဆယ်တန်း။ သူ့ညီကျတော့ ဖြိုးနှင့်အတန်းတူ ဖြိုးက သချာအဓိကနှင့် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်သို့သွားစဉ်မှာ သူ့ညီက အစ်ကိုလိုပင် ဆေးတက္ကသိုလ်သို့ သွားခဲ့သည်။

"ကျွန်တော့်ညီမလေး အစ်ကိုရာ ..."

ဖြိုးက အဖြစ်အပျက်များကို ထပ်မံရှင်းပြသည်။

"အဲဒါ အတတ်နိုင်ဆုံး အကူအညီပေးပါဦး၊ သူ့အခြေအနေလည်း ကျွန်တော် ဖုန်းဆက်ပြီးမေးပါရစေနော် အစ်ကို"

"အေးပါ စိတ်ချသွား"

စိတ်ချပါဆိုပေမင့် ဖြိုးရင်ထဲမှာ မငြိမ်းနိုင်ပါ။

"ကျွန်တော် နေ့တိုင်း ဖုန်းဆက်မယ်နော် အစ်ကို"

"ဆက် ... ဆက်၊ တစ်နာရီတစ်ခါဆက်၊ ဒီလောက်အသည်းအသန်ဖြစ်နေပုံထောက်တော့ ဘယ်လိုညီမမျိုးလဲ လို့တောင်မေးချင်လာပြီ ဖြိုးရေ၊ စုသက်ရည်ကို အိမ်ပြန်ခေါ်သွားပြီးဆေးရုံမှာ မင်း တက်နေရစ်ခဲ့ပါလား"

ဆရာဝန်က ရယ်မောနောက်ပြောင်သည်။ ဖြိုး အလိုက်သင့်ရယ်ရပေမင့် ဖြိုးအရယ်မှာ အမြူးမပါပါ။ အပြန်ကျတော့ ဖြိုးနှင့်

www.burmeseclassic.com

www.burmeseclassic.com



မိမိသက်ထွန်းတို့က ကျောင်းမှာဆင်းနေခဲ့သည်။ ဒေါ်မိမိထွန်း၊ မျိုးသက်ထွန်းတို့က အိမ်သို့ တန်းပြန်သွားကြသည်။ ထိုနေ့က ဦးသက်အောင်မပါပါ။ မျိုးသက်ထွန်း ကားမောင်းရသည်။ ဦးသက်အောင်က လေလံပွဲတစ်ခုသို့ သူ့စီးပွားရေးမိတ်ဆွေများနှင့် လိုက်သွားရသည်။

ဦးသက်အောင် ဒေါ်မိမိထွန်းတို့မှာ ပစ္စည်းဟောင်းများ အထူးသဖြင့်တော့ မော်တော်ကား၊ အခြားပစ္စည်းများလည်းပါသည်။ ယင်းတို့ကို လေလံဆွဲ ပြန်လည်ပြုပြင်ကာ ရောင်းချသည်။ အုပ်စုဖွဲ့၍လုပ်ရသော လုပ်ငန်းဖြစ်သည်။ လူချင်းရော ငွေအင်အားချင်းပါ ပူးပေါင်းကာ ဆောင်ရွက်ရသည့် အလုပ်ဖြစ်သည်မို့ အလုပ်ပေါ်လာလျှင် ထလိုက်သွားရသည်က များပါသည်။

သည်နေ့ ညနေပိုင်းမှာ ဖြိုးမိတ်ဆွေ ယောက်စ်ဆာဂျင်ထံ ဖုန်းဆက်၍ အခြေအနေသတင်းမေးသည်။ ကောင်းပါတယ်ကွ ဟူသည့်အဖြေကို ရပါ၏။ နောက်နေ့တွေ ဖြိုး ကျောင်းမတက်တော့သောကြောင့် နေ့ခင်းပိုင်းမှာပင် ဖုန်းဆက်သတင်းမေးနိုင်လေသည်။

"ပြည့်ဖြိုးဝေပါ အစ်ကို"

"အေး ... မင်းကောင်မလေးအခြေအနေ ကောင်းပါတယ်"

"ဟာ ... အစ်ကိုကလည်း၊ ကျွန်တော့်ကောင်မလေး မဟုတ်ပါဘူး"

"ဟော့ကောင် ... ဆရာဝန်ဆိုတာ ဆေးကုရုံအပြင် ဆိုက်ကိုလည်း နားလည်ပါတယ်ကွ၊ တစ်ဖက်သားရဲ့ ရင်တွင်းဝေဒနာကိုလည်း ထွင်းဖောက်မြင်တတ်ပါတယ်"



"ထားပါတော့ အစ်ကိုရာ"

"အဲဒီလိုဝန်ခံစမ်းပါ၊ မင်းသူငယ်ချင်းက မင်းမှာ နမမရှိပါဘူးလို့ ငါ့ကို ပြောပြီးသား"

"အစ်ကိုတို့ အိပ်မွေ့ချပြီး ကုမယ်ဆိုတာ ဘယ်နေ့လဲ"

"နောက်သုံးရက်ဆိုတော့ သောကြာနေ့ပေါ့၊ လွယ်လွယ်ပြောရရင်တော့ အိပ်မွေ့ချပြီး ကုတာပေါ့ကွာ၊ ဆေးပညာအရတော့ လှုံ့မှားပြီး သိနေတဲ့စိတ်၊ မသိစိတ်က သိစိတ်ကို ဖုံးလွှမ်းနေတာကို ကုသပေးမှာ"

"အဲဒါ နည်းနည်းနောက်ဆုတ်လို့မရဘူးလား အစ်ကို"

"ဟကောင်ရ ရောဂါ မြန်မြန်ပျောက်ရင် မကောင်းဘူးလား"

"အဲဒီသောကြာနေ့မှာ ကျွန်တော်တို့ စာမေးပွဲစမယ်"

"ဘာဆိုင်လို့လဲ"

"အစ်ကိုတို့ အဲဒီလိုကုသနေတဲ့အချိန်မှာ ကျွန်တော် ရှိနေချင်လို့ပါ၊ ဖြစ်မလား အစ်ကို"

"မဖြစ်ဘူး၊ ငါက သမားတော်ကြီးလည်းမဟုတ်ဘူး၊ ငါ့ဆရာ သမားတော်ကြီးတွေက အကောင်းဆုံးနဲ့ အဆင်အပြေဆုံး စီစဉ်ကြတာ၊ ထပ်တွန့်လို့ရမလားဟ"

"ဒုက္ခပဲ"

"မင်းကောင်မလေးကို တို့က ဆေးကုပေးမှာ သေကြောကြံတာမဟုတ်ဘူး"

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော်က ရှိနေချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အစရာ ဆရာဝန်လိုင်းလိုက်ရောပေါ့ကွာ၊ ဒါပဲနော်"

"ဟုတ်ကဲ့"

❋ ❧ ❋

"မေမေ ... စုသက်ရည်ကို ... ဟို ... မသိစိတ်နဲ့ သိစိတ်နဲ့ ခွဲခြမ်းစိတ်ဖြာပြီး ကုမယ်ဆိုတာ နက်ဖြန်နော်"

"အေး"

ဒေါ်မိမိထွန်းက ရှမဝမဂ္ဂဇင်းကို ဟိုလှန်သည်လှန်၊ လှန်နေရာမှ ဖြေသည်။ မိမိသက်ထွန်းက သူမ မီခင်နားကိုကပ်ကာ စိတ်ဝင်စားစွာ မေးမြန်းခြင်းဖြစ်ပါ၏။ သည်အချိန်မှာ မျိုးသက်ထွန်းမရှိပါ။ လျှောက်လည်နေသည်။ ညနေ ခြောက်နာရီဆိုသည်မှာ မျိုးသက်ထွန်း အိမ်ပြန်ချိန် မဟုတ်ပါ။ ဦးသက်အောင်က တယ်လီဖုန်းစကားပြောနေသည်။ သူတို့ လေလံဆွဲထားသည့် ပစ္စည်းများကို အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ရေးအတွက် မိတ်ဆွေကုန်သည်များနှင့် တိုင်ပင်နှီးနှောခြင်း၌ အလုပ်ရှုပ်နေသည်။

သည်အိမ်မှာ စုသက်ရည်ကို ဂရုအစိုက်ဆုံးနှင့် စိတ်အဝင်စားဆုံးသူက မိမိသက်ထွန်းဖြစ်ပါ၏။ မျက်နှာကလေး ဖူးရှုနေအောင် လုရှာပေမင့် ကံတရားမလှဘဲ၊ အကျိုးပေးနည်းရှာသူ ခေတ်သစ်မယ်ပဒုမာ ညီမကလေးကို မိမိသက်ထွန်း ကရုဏာများစွာ ထားမိပါသည်။

"မေမေသွားမှာ မဟုတ်လား"

"သွားမှာပေါ့"



"သမီးလေ ... စုသက်ရည်ကို သိပ်သနားတာပဲ မေမေရယ်"

"ဟင် ..."

ဒေါ်မိမိထွန်းက သမီးဖြစ်သူကို လှမ်းကြည့်သည်။ လက်ထဲမှ မဂ္ဂဇင်းစာအုပ်ကို ဘုတ်ခနဲ ပစ်ချသည်။

"ဟုတ်တယ်လေ မေမေရယ် ... မိဘနှစ်ပါးလုံးရော ချစ်သူပါ ရှေ့ဆင့်နောက်ဆင့် တစ်ပြိုင်တည်းလိုလို လက်လွှတ်ဆုံးရှုံးရတော့ ..."

"အင်းလေ ... ဒါကြောင့်မို့ မေမေတို့လည်း အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်နေတယ်မဟုတ်လား"

"ညီအစ်မ တစ်ဝမ်းတည်းကွဲတယ်သာဆိုတယ် သူတို့နဲ့ ရင်းရင်းနှီးနှီး နေခဲ့ရတာမဟုတ်တော့ သူ့မိဘတွေအကြောင်းလည်း သိပ်မသိခဲ့ရဘူး၊ မေမေတော့ သိမှာပေါ့နော်"

"မေမေလည်း လုံးစေ့ပတ်စေ့တော့ မသိပါဘူး မသိခဲ့ပါဘူး၊ ကိုယ့်အစ်ကိုတစ်ယောက် မန္တလေးရောက်နေတယ်ဆိုတာ ကြားတော့မှ စုံစမ်းမေးမြန်းရင်း လူပြောသူပြောများပြီး ပြန်ကြားရသလောက်ပါ"

"မေမေသိသလောက် ပြန်ပြောပြပါ မေမေ ... သမီး သိချင်လို့ပါ၊ သမီး စုသက်ရည်ကို သနားလည်းသနားတယ်၊ စိတ်လည်းဝင်စားတယ်၊ ကိုယ့်ညီမငယ်လေးဆိုပြီးတော့လည်း ချစ်မိတယ်၊ မေမေတို့ မောင်နှမက ဘာဖြစ်လို့ ကွဲသွားတာလဲ ဟင်"

"အမွေခွဲကြတော့ သူနည်းတယ် ငါများတယ်ဆိုတာမျိုးနဲ့ စကားမပြောဖြစ်တာပါ သမီးရယ်၊ မခေါ်ဘဲနေတဲ့အချိန်အတွင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ဟိုမြို့သည်မြို့ ပြောင်းတော့လည်း နေရပ်လိပ်စာ မသိတော့ဘူး၊ ကွဲကွာသွားကြတယ်ပေါ့လေ”

ဒေါ်မိမိထွန်းက ဦးချစ်ထွန်း ဒေါ်စုမွန်ရည်တို့မိသားစု အကြောင်းနှင့် ဦးမင်းထင် ဒေါ်ခင်ခင်လတ်မိသားစုတို့အကြောင်း ပါ သူသိသလောက်ပြောပြသည်။

“ဦးမင်းထင်တို့က သမီးဖေဖေဆီက ကားတစ်စီးနဲ့ ရေခဲ သေတ္တာတစ်လုံးဝယ်ဖူးတယ်လေ၊ ဒါနဲ့ပဲ မိတ်ဆွေဖြစ်ပြီး ခင်သွား တာ၊ သူတို့အကြောင်းတော့ သမီးလည်း သိတယ်မဟုတ်လား”

ဒေါ်မိမိထွန်းက စကားစသည်။

“ကိုမင်းထင်လတ်လိုလူစားမျိုးကို ရည်းစားထားမယ်တောင် မထင်မိဘူး၊ မိန်းမဆိုရင် နည်းနည်းမှ စိတ်မဝင်စားတတ်တဲ့လူ နော် ... မေမေ၊ စုသက်ရည်နဲ့တွေ့မှပဲ ရူးနှမ်းတော့တယ်၊ ဒါပေမဲ့ သက်ဆိုးမရှည်ရှာတော့ သူ့ဘဝကလည်း သနားစရာပဲ၊ သူတို့ဇာတ်ကြောင်းတွေဟာ ကြေကွဲစရာ ပုံပြင်တစ်ပုဒ်လိုပါပဲ မေမေရယ်”

ဒေါ်မိမိထွန်းက ဆွေးမြည့်သည့်လေသံနှင့် ပြောနေသော သမီးကို ငေးကြည့်နေပါသတည်း။

❋ ❧ ❋



၄

## အတိတ်အိုအမြစ်နှမ်းမှ အချစ်ပန်းကလေးတစ်ပွင့်

ခုတင်ထက်မှာ ...

ဆင်စွယ်ပန်းပုရုပ်ကလေးကို အလှပြားလိုက်ချထားသည်နှင့် တူပါ၏။ တရုတ်ပြည်မှလာသော ကြွေယမင်းရုပ်ကလေးလားဟု လည်း ယိုမှားနိုင်ပါသည်။ ပန်းတမော့ပညာရပ်တွင် ပါရဂူမြောက် ကျွမ်းကျင်သူတစ်ဦး ထုလုပ်ထားသည့် ကျောက်ဆစ်ရုပ်ကလေး ဟုလည်း ထင်မှတ်မှားရပါ၏။

လှလွန်းဆွေကလေးသည် လက်ကလေးနှစ်ဖက် သေးမှာချိတ်ကာ ပက်လက်ကလေးအိပ်နေသည်။ မျက်နှာကလေးက မော့မော့ အနေအထားမှာရှိသည်။ လူတစ်ကိုယ်လုံးရှိ ခန္ဓာကိုယ်အစိတ်အပိုင်း အားလုံးအနက် နှုတ်ခမ်းတစ်ခုသာ လှုပ်ရှားနေပါသည်။ သူမဘဝ ဖြစ်စဉ်တစ်လျှောက် သူမ ခံစားချက်များကို ရင်ဖွင့်နေသည်။ စိတ်ကျန်းမာရေးဆရာဝန်ကြီးက ခေါင်းရင်းဘက်မှာ အခြေစိုက်ရပ်နေ သည်။

“သိပ်ချစ်တာပဲ ကိုကိုရယ်”

“သိပ်လွမ်းတာမဲ့ ကိုကိုရယ်”

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို နိုင်ငံခြားကို ထွက်သွားပြီးကတည်းက နေ့တိုင်း နေ့တိုင်း တစ်နေ့တစ်နေ့ကို အကြိမ်ပေါင်း မြောက်မြားစွာ ရေရွတ်မိပါတယ်ရှင်"

"ကိုကို ရန်ကုန်ဆင်းတော့ ချမ်းမြသာစည်လေဆိပ်ကို လိုက်ပို့ခဲ့သေးတယ်၊ အဲဒီတုန်းက စုသက်ရည် တအားငိုတာ ... ကိုကို့ကို အရမ်းအောက်မေ့လို့၊ မခွဲနိုင်လွန်းလို့"

"အန်တီလတ်က စုသက်ရည်ကို လာဖက်တော့ အန်တီလတ် ရင်ခွင်ထဲကို ထွေးခနဲ ခွေကျသွားမိတယ်"

"အန်တီလတ်ရယ် ... ကိုကို့ကို လွမ်းလွန်းလို့ ပြန်ခေါ်ပေးပါ"

"အဲဒီအချိန်မှာ ကိုကို စီးနင်းလိုက်ပါသွားတဲ့ လေယာဉ်ပျံကြီးဟာ မြေပြင်ကနေ ပျံတက်သွားပါပြီရှင်"

"ကိုကို လေယာဉ်ပျံပေါ်မတက်မီအထိ ငိုချင်စိတ်ကို ထိန်းထားခဲ့ပါတယ်၊ ထိန်းတဲ့သိမ်းတဲ့ကြားက မတော်တဆ စီးယိုကျလာတဲ့ မျက်ရည်စတွေကို ကိုကို မမြင်အောင် သုတ်ခဲ့သေးတယ်"

"ကိုကိုရယ်လေ ... ညီမလေးအတွက် နောက်ဆံတင်းနေမှာ စိုးလို့ပေါ့"

"ကိုကို့ကို အဲဒီလောက်ချစ်တာပါ"

"သိပ်ချစ်တာပဲ ကိုကိုရယ်"

"သိပ်လွမ်းတာပဲ ကိုကိုရယ်"

* ❧ *



"ဟိတ် ... ချာတိတ်မ"

စုသက်ရည် ကြားပေမင့် လှည့်မကြည့်ပါ။ ဘယ့်နှယ် ... အသက်ဆယ့်ခုနစ်နှစ်ကြီးများတောင် ရှိမင့်ဟာကို ချာတိတ်မခေါ်တော့ စုသက်ရည် သိပ်မကြည်ပါ။ အိမ်မှာဆိုလျှင် ဖေဖေနှင့် မေမေကလွဲ၍ တစ်အိမ်သားလုံးက "မမလေး"ခေါ်ကြသည်။ သည်သို့ခေါ်ဖို့ရန် မေမေက ညွှန်ကြားထားသည်။ အသက်လေးဆယ်ရှိပြီဖြစ်သော ထမင်းချက် ဒေါ်အေးကလည်း မမလေးဝင်ခေါ်သည်။

"ဒီပါချမ်းမြ"ဟူသည့် အမည်လှလှကလေးတပ်ထားသည့် သူတို့အိမ်မှာတော့ စုသက်ရည်သည်သာဗိုလ်။ အားလုံးက နေရာပေးကာ အလေးထားကြသည်။ စုသက်ရည်ဆန္ဒမှန်သမျှ ပြည့်ဝစေကြရသည်။ ဤမျှ အရေးပေးခြင်းခံရပေမင့် မေမေ့သွန်သင်ဆုံးမမှုများကြောင့် စုသက်ရည်ကလည်း ယဉ်ကျေးခြင်းစွာ ပြန်လည်ဆက်ဆံသည်။

မမလေးအခေါ်ခံရသည်က တခြား။ စုသက်ရည်ဘက်ကလည်း မမတန်မမ၊ ဒေါ်ဒေါ်တန်ဒေါ်ဒေါ် ပြန်ခေါ်ရသည်။ မိမိကို တလေးတစား ဆက်ဆံသူများအား ပြန်လည်ယဉ်ကျေးပျူငှာရပါ၏။ နေရင်းထိုင်ရင်း လာနိမ်သူတစ်ဦးကိုတော့ စုသက်ရည်တို့က လှည့်မကြည့်ရေးချ မကြည့်ဆိုသည့်အထဲက။

"ခေါ်နေတယ်ဟ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ခြံမှလူက စိတ်တိုသံနှင့်ပြောမှ စုသက်ရည် ပေစောင်းစောင်းလုပ်၍ လှည့်ကြည့်သည်။ စုသက်ရည်တို့ တစ်ဖက်ခြံမှာ မနေ့ကမှ လူသစ်များပြောင်းလာသည်။ ရန်ကုန်တက္ကသိုလ်မှ ကထိကတစ်ဦး မန္တလေးတက္ကသိုလ်သို့ ပြောင်းရသည်။ ဤသို့ ပြောင်းရချိန်မှာ သက်ပြည့်ပင်စင်ယူရန် နှစ်နှစ်သာကျန်တော့သည်။ လုပ်ငန်းခွင်မှ အနားယူလျှင် မန္တလေးမှာပင် အခြေချမည်ဟုလည်း စိတ်ကူးသည်။ ထို့ကြောင့် တက္ကသိုလ်မှပေးသော အိမ်တွင်မနေဘဲ ခြံနှင့်တိုက်ကို ကိုယ်ပိုင်ဝယ်လိုက်ခြင်းဖြစ်၏။

ထိုကထိကမှာ သားတစ်ယောက်ပါလာသည်။ ရန်ကုန်စက်မှုတက္ကသိုလ်မှ ဘီအီး(စက်မှု)အောင်ခါစ ပူပူနွေးနွေး အလုပ်လက်မဲ့၊ ယခုအချိန်တွင် ခေတ်အစားဆုံး အသက်မွေးဝမ်းကျောင်းဖြစ်သည့် နိုင်ငံခြားသင်္ဘောလိုင်းမှာ အလုပ်ဝင်ခွင့်ရအောင် ကြိုးစားနေသည်။ စသည် ... စသည်ဖြင့် သတင်းစုံကို စုသက်ရည် ကြားပြီးဖြစ်လေသည်။

"ဒီချာတိတ်မက နားလေးရုံတင်မကဘူး၊ မျက်စိလည်း ဖွေရှာတာကိုး၊ ကျွတ် ... ကျွတ် ... သနားစရာ"

"ဘာရှင့်"

စုသက်ရည်၏မာန်စွယ်ကလေး ငုတ်တုတ်ထထိုင်သည်။ ပေစောင်းစောင်းမကြည့်တော့ဘဲ မျက်နှာချင်းဆိုင် ရပ်ပစ်လိုက်သည်။ ခြံနှစ်ခြံမှာ အုတ်တံတိုင်းခြားနေပါသည်။ တစ်ဖက်ခြံမှ ကာရံခြင်းမဟုတ်ပါ။ စုသက်ရည်တို့ဘက်က ကာရံထားခြင်းဖြစ်ပါ၏။ အုတ်တံတိုင်းအမြင့်မှာ လေးပေတိတိရှိသည်။



ယင်းအုတ်တံတိုင်းပေါ်မှ သံဆူးကြိုး၊ တစ်ခုနှင့်တစ်ခု ငါးလက်မခွာ၍ လေးတန်းတိတိရှိသေးသည်။ သည်အကာအရံသည် 'ဒီပါချမ်းမြေ့'၏ ထည်ဝါမှုအရှိန်အဟုန်ကို ပိုမိုမြင့်မားစေပါသည်။ ခုတော့ ... သည်အကာအရံကို စုသက်ရည် စိတ်တိုချင်ချင်။

အစကတည်းက အုတ်တံတိုင်းကိုသာ ခုနစ်ပေလောက် ကာရံခဲ့လျှင် တစ်ဖက်ခြံမှလူနှင့် ဤသို့ ရင်ဆိုင်စရာ ပြဿနာမရှိပြီ။ ကိုယ်ကလည်း တစ်ဖက်သို့ကျော်၍ မမြင်ရ၊ တစ်ဖက်ကလည်း မြင်ရမည်မဟုတ်။ ခုတော့ အုတ်တံတိုင်းအမြင့် လေးပေသည် တစ်ဖက်ခြံမှာရပ်နေသူ၏ အရပ်အမောင်းကို သုံးပုံနှစ်ပုံခန့်သာ ဖုံးကွယ်ထားနိုင်ပါလေသည်။

သံဆူးကြိုးများကို လှမ်းကိုင်ကာ စုသက်ရည်ကို ခပ်တည်တည် လှမ်းကြည့်နေသူ၏မျက်နှာမှာလည်း ချိုသာခြင်းအရိပ်အရောင်မရှိပါ။

"မင်းကိုခေါ်နေတာ ထူးမှမထူးဘဲ"

"မင်း"ဆိုသည့် အသုံးအနှုန်းက စုသက်ရည်နားထဲသို့ ထော်လော်ကန့်လန့် ခလုတ်တိုက်၍ဝင်သည်။ သည်အသုံးအနှုန်းမျိုး တစ်ခါမျှ အသုံးမခံရဘူးပါ။

"ချာတိတ်မလို့ခေါ်တော့ ဘယ်သူ့ကိုခေါ်မှန်း သိမလား၊ ကျွန်တော့်နာမည် ချာတိတ်မ မဟုတ်ဘူး"

စုသက်ရည်က နာမ်စားတွေ အများကြီးရှိပါသည်။ ဖေဖေ မေမေတို့နှင့် စကားပြောလျှင် သူ့ကိုယ်သူ 'သမီး'ဟုသုံးသည်။ အိမ်မှ အလုပ်သမားများ၊ ဆိုင်မှ အလုပ်သမားများနှင့်ဆိုလျှင် 'မလေး'၊ သူငယ်ချင်းများကျတော့တစ်ခါတစ်ရံ 'စုသက်' တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရဲ့ 'ငါ'"တို့'၊ ကျောင်းမှဆရာမများ၊ ဦးကြီး ဦးလေးအရွယ် အသိမိတ်ဆွေများနှင့်ကျတော့ ရင်းနှီးလျှင် 'စုသက်' သိပ်မရင်းနှီးလျှင် 'ကျွန်တော်'။

ရွှေမန်းသူတွေ ''ကျွန်တော်'ပြောကြသည်ဆိုသည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းခြင်းမဟုတ်ပါ။ ခုခေတ်မိန်းကလေးများက ယောက်ျားလေးများကဲ့သို့ ဆံပင်တိုညှပ်၊ ရှပ်အင်္ကျီဝတ်၊ ကျွန်တော်ပြော စသည့်ကိစ္စများကို မလွဲမသွေ ပါဝင်ဆင်နွှဲသင့်သည့် ခေတ်ရေစီးကြောင်းတစ်ခုနှယ် သဘောထားကြသည်မို့ စုသက်ရည်လည်း မျောပါမိခြင်းဖြစ်လေသည်။

"နေပါဦး မင်း၊ မိန်းမလား၊ ယောက်ျားလား"

"ခင်ဗျား မတွေ့ဘူးလား"

"သိပ်တွေ့တာပေါ့"

"ပြီးရောပေါ့"

"မပြီးသေးဘူး၊ အဲဒီမိန်းမလို့ထင်ရတဲ့ သက်ရှိလူသားကလေးက ဗိုလ်ကေညှပ်ထားတယ်၊ ရှပ်အင်္ကျီဝတ်ထားတယ်၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့ပြောတယ်၊ ငါ သိပ်စဉ်းစားသွားရပြီပေါ့၊ ဒါဟာ ယောက်ျားစိတ်ပေါက်နေတဲ့ မိန်းမလား၊ မိန်းမစိတ်ပေါက်နေတဲ့ ယောက်ျားလားဆိုတာ"

"တစ်ခုမှမဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

စုသက်ရည် ပြန်လှည့်ကြည့်ပြန်သည်။ သည်တစ်ခါတော့ ခါးထောက်ပစ်လိုက်သည်။ မျက်နှာလှသည့် မိန်းကလေးများ ဒေါသထွက်လျှင် ပိုလှသည်။ ကိုယ်လုံးလှသည့် မိန်းကလေးများ



ခါးထောက်ရင်ကော့ ဒေါသကလေးနှင့်ရပ်လျှင် ကိုယ်လုံးပိုလှသည်။

ယခု ကိုယ်လုံးရောမျက်နှာပါလှသည့် မိန်းကလေး၊ စုသက်ရည်၊ ရင်ကိုကော့၊ ခါးကလေးထောက်၍ ဒေါသထွက်ပြနေပါ၏။ အလှပုံရိပ်တစ်ခုသည် စုသက်ရည် ကိုယ်ခန္ဓာမှ ဝဲကျထွက်လာကာ တစ်ဖက်ခြမ်မှ လူရွယ်၏မျက်ဝန်း မှန်ဘီလူးများမှတစ်ဆင့် နှလုံးသားမှာ သွားရောက်ထင်ဟပ်ပါလေတော့သည်။

"နာမည်မှ မသိတာ"

"စုသက်ရည်"

ခြံချင်းသည်လောက်ကပ်နေမှတော့ ယခုမသိလည်း နောက်သိမည့်တူတူ မထူးပါဘူးဟူ၍ ပြောချလိုက်တော့သည်။

"လှလိုက်တဲ့နာမည်လေးကွာ၊ မင်းနဲ့ သိပ်လိုက်တာပဲ"

သည်တစ်ခါတော့ စကားအပြီးမှ လှစ်ခနဲ ပြေးထွက်ခဲ့ပါတော့သည်။

"ဟေး ... ရှာတိတ်မ"

စုသက်ရည် လှည့်မကြည့်ပါ။

"စုသက်ရည်"

နာမည်အကောင်းကို ခေါ်ပေမင့် ပြန်မကြည့်တော့ပါ။ အိုက်ထဲသို့တိုင် ပြေးဝင်လာခဲ့ပါတော့သည်။ စောစောပိုင်းက ခြံထဲမှာ ကြိုးခုန်မည်စိတ်ကူးနှင့် ယူသွားမိသည့် ကြိုးကလေးကိုပင် ပြန်လှည့်မကောက်ဖြစ်တော့ပါ။ ကလေးစိတ်မကုန်သေးသည့် အပျိုဖားဖားမလေးသည် ဆေး၊ စက်မှု၊ ဝိဇ္ဇာသိပ္ပံ၊ စီးပွားရေး၊ ပညာရေး၊ သွား၊ ဒေသတစ်၊ နှစ်၊ သုံး အားလုံးရှိ အလှကေရီ

www.burmeseclassic.com

www.burmeseclassic.com



မကလေးများလို ဖြတ်သန်းကျော်လွှန်နိုင်ခဲ့သည့် ဘီအီး (စက်မှု)တစ်ယောက်၏ နှလုံးသားမှာ တံခွန်ထူ၍ အောင်လံလွှင့်သွားနိုင်ခဲ့ပြီတည်း။

❋ ❧ ❋

"ကျွန်တော် … မင်းထင်လတ်ပါ၊ ဟိုဘက်ခြံကို မနေ့က မှ ပြောင်းလာတဲ့ ကထိက ဦးမင်းထင်နဲ့ ဒေါ်ခင်ခင်လတ်တို့သားပါ"

"ဟောတော့ … ဟိုလူကြီး"

ညှော်ခန်းမှ စကားသံကြား၍ ချောင်းအကြည့် စောစောကလေးကမှ ဘုကျခဲ့ရသည့်သူက စုသက်ရည်တို့ညှော်ခန်းမှာ အဲကျအနထိုင်နေသည်။ မေမေက ထိုင်၍ ဧည့်ခံစကားပြောနေသည်။

"အေးကွယ် … ခြံနီးနားချင်း ကောင်းကောင်းရတော့လည်း စိတ်ချမ်းသာရတာပေါ့၊ ဆွေလိုမျိုးလို သဘောထားဖို့ မင်းမေမေကို ပြောပါ၊ အကူအညီလိုရင်လည်း ပြောပါလို့"

"ဟုတ်ကဲ့ခင်ဗျ … အမှန်က မေမေကိုယ်တိုင်လာဖို့ပါ၊ ပစ္စည်းတွေ ရွှေ့မ,ရင်းနဲ့ မေမေ့ခြေထောက်ပေါ် သေတ္တာလွတ်ကျသွားပြီး ခြေခုံတစ်ခုလုံး ရောင်နေလို့ လမ်းကောင်းကောင်း မလျှောက်နိုင်သေးတာနဲ့"

"ကြည့်ပါလား … မေမေနဲ့ပြောတော့ဖြင့် ယဉ်ကျေးမှုဟုလိုက်ရတာ … ဟင်း" စုသက်ရည် ကျိတ်၍ ဒေါပွရင်း တစ်ယောက်တည်း ရေရွတ်မိလေသည်။



"ဩော် … ဖြစ်မှဖြစ်ရလေကွယ်၊ အန်တီ သတင်းမေးလာပါဦးမယ်၊ မောင်မင်းထင်လတ်မှာ ကိစ္စရှိရင်ပြောပါ"

"ကျွန်တော်တို့မိသားစု မန္တလေးပြောင်းရမယ်ဆိုတော့ ရန်ကုန်မှာ သိပ်ရင်းနှီးတဲ့ ဖေဖေ့မိတ်ဆွေတစ်ယောက်က ဘယ်အရပ်မှာလဲ ဘာလဲမေးရင်း အန်တီတို့နဲ့ ခြံချင်းကပ်လျက်မှန်း သိသွားပါတယ်ခင်ဗျာ၊ အဲဒါ အန်တီနဲ့ ဆွေမျိုးသားချင်းတော်ပါတယ်တဲ့"

"ဘယ်သူပါလိမ့်"

"ဦးသက်အောင်၊ ဒေါ်မိမိထွန်းပါ"

"ဩော် … သူတို့ကိုး၊ အန်တီတို့မှန်း ဘယ်လိုသိပါလိမ့်ကွယ်"

"ဦးသက်အောင် ဒေါ်မိမိထွန်း"ဆိုသည့် အမည်စုံတွဲအပေါ် မေမေ့အံ့သံက အားတက်သရော သိပ်မရှိဟန်ပေါ်နေသလားဟု စုသက်ရည် တွေးမိသည်။ စုသက်ရည် ကြားဖူးနားဝရှိသမျှ ဆွေမျိုးတွေစာရင်းမှာ သည်အမည်တွဲကိုလည်း ကြားဖူးခဲ့သည် မထင်ပါ။

"ဒီလိုပါခင်ဗျာ၊ ကျွန်တော်တို့ ပြောင်းရမယ့်လိပ်စာကို ပြောပြတော့ အန်တီ ဒေါ်မိမိထွန်းက … ဒါဖြင့် ကိုကိုတို့နဲ့ ခြံချင်းကပ်ဖြစ်နေပြီပေါ့လို့ ပြောပါတယ်"

"ဒေါ်မိမိထွန်းဆိုတာက အစ်ကိုကြီးဦးချစ်ထွန်းနဲ့ မောင်နှမလေ"

"ဟုတ်ကဲ့ … ပြောပါတယ်ခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဆွေမျိုးတွေက တစ်မြို့တစ်ရွာ ဖြစ်နေတော့လည်း သူ့ကိစ္စ ကိုယ့်ကိစ္စနဲ့မို့ အကြောင်းကြီးငယ်မရှိရင် မတွေ့ဖြစ်ကြဘူးကွယ်၊ သမီးယောက်မသာဆိုတယ် အန်တီလည်း နာမည်လောက်ပဲ ကြားဖူးတယ်"

"မတွေ့ရတာ အနှစ်နှစ်ဆယ် ကျော်ကျော်လောက်ရှိပြီလို့လည်း ပြောပါတယ်၊ အဲဒါ ... စာရော လက်ဆောင်တွေပါ ကြုံတုန်းပေးလိုက်ပါရစေဆိုတာနဲ့ လာပို့တာပါ အန်တီ"

"အားနာစရာ မောင်မင်းထင်လတ်ရယ် ... တကူးတက ဆောင်ကြဉ်းပေးလာတဲ့ ထူမောင်ကိုလည်း ကျေးဇူးတင်ပါတယ်၊ သတိတရရှိရှာတဲ့ အစ်ကိုကြီးရဲ့ ညီမလေးကိုလည်း ကျေးဇူးတင်ကြောင်း စာရေးပါဦးမယ်၊ အန်တီ့ကို လိပ်စာကလေးပြောပါဦး"

ဆွေမျိုးလည်းဆိုသေး ... လိပ်စာတောင်မသိပါလားဟူသည့် အတွေးကို မင်းထင်လတ်တော့ တွေးမိမတွေးမိ မဆိုနိုင်ပါ။ စုသက်ရည်ကတော့ တွေးလိုက်မိပါ၏။

"စာထဲမှာပါလိမ့်မယ် ထင်ပါတယ် အန်တီ၊ လိုလိုမည်မည် ကျွန်တော်လည်း ရေးပေးခဲ့ပါမယ်"

အခန်းတွင်းမှ ချောင်းနားထောင်သူ စုသက်ရည်က အသံသာကြားရသည်မို့ လက်ဆောင်ပစ္စည်းကိုတော့ မတွေ့ရပါ။

"သမီးရေ ... စုသက်ရည်"

ဟောတော့ မေမေတို့ကတော့ လုပ်ပြီ။ စိတ်ညစ်လိုက်တာ၊ စုသက်ရည်က သူ့ဆံပင် တိုနံ့နံ့ကလေးတွင်းသို့ လက်ငါးချောင်းလုံး ထိုးသွင်းကာ စိတ်ရှိလက်ရှိ ဖွပစ်လိုက်မိသည်။



"သမီးရေ ... မအေးကို ဧည့်သည်အတွက် တစ်ခုခုပြင်ခိုင်းချေပါကွယ်"

"နေပါစေ အန်တီ၊ ကျွန်တော်လည်း ခုပဲ အိမ်က စားခဲ့ပါပြီ"

ဒါဖြင့်လည်း ပြီးရောပေါ့၊ စိတ်တိုတိုနှင့် ခန်းဆီးနံရံကို မျက်စောင်းတစ်ချက် ပစ်ထိုးမိသေးသည်။

"သမီးရေ ... ဟေး သမီး"

"ရှင် ... လာပါပြီ မေမေ"

မတတ်သာတော့၍ ထရသည်။ ဒေါ်အေးကို ကော်ဖီဖျော်ပေးရန် စီစဉ်ခဲ့ရသည်။ ပြီးမှ ဧည့်ခန်းသို့ ထွက်လာခဲ့သည်။ ခြေလှမ်းတို့က မကျေနပ်မှုအရှိန်ကြောင့် ဆတ်တောက်တောက်ဖြစ်နေပြီး မျက်လွှာကိုငုံ့ချထားသည်။ မေမေ့နားမှာ မလွှဲသာ မရှောင်သာ ဝင်ထိုင်ရပါ၏။

လူ့ခွစာကြီးကို မကြည့်ချင်ပါဘူးဟူသည့် အမူအရာကို မင်းထင်လတ် တန်းခနဲ အကဲခတ်မိလေသည်။

"ထိုင်ဦး သမီးရဲ့၊ ဟိုဘက်ခြံကိုပြောင်းလာတဲ့ မောင်မင်းထင်လတ်လေ"

"ဟုတ်ကဲ့"

မော့မကြည့်ဘဲ ခေါင်းပိုငုံ့ပစ်လိုက်သည်။ မျက်ဝန်းက ကြမ်းပြင်ပေါ်မှာမို့ မင်းထင်လတ်၏မျက်နှာ မည်သို့ပုံဖြစ်နေသည် မသိရပါ။ သူ့ခြေဖျားများကို မြင်နေရသည်။ သူ့ခြေဖျားများမှာ သန့်စင်ဝင်းမွတ်ကာ ခြေချောင်းကလေးများ ပေါက်ပုံအစ ကြည့်ကောင်းနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လှူပဟစ်ကိုယ်တွင် ဂရုစိုက်မခံရဆုံးသောနေရာမှာ ခြေထောက်ခြေဖျားပင်ဖြစ်ပါသည်။ အလှအပကို မြတ်နိုးလွန်း၊ တွယ်တာလွန်းကြသူ မိန်းကလေးများပင်လျှင် ဆံပင်၊ မျက်နှာ၊ အဝတ်အစားနှင့် စလင်းဘက်အမျိုးမျိုးအပြင် ဒေါက်ဖိနပ်မျိုးစုံကို စီးချင်သည်အထိ လှဖို့ပဖို့ ရှေ့တန်းတင်ကြသော်လည်း ခြေချောင်းကလေးများ အကြားထိ ချေးတွန်းဖို့၊ ခြေထောက် သနပ်ခါးလိမ်းဖို့ကျတော့ ခုခေတ်မိန်းကလေးတစ်ရာမှာ ငါးဆယ်ပင် သတိတရရှိကြမည်မထင်ပါ။

ယောက်ျားကလေးများဆိုလျှင် မပြောပါနှင့်တော့။ ရုပ်ရည်မည်မျှပင် သန့်ပြန့်စေကာမူ ခြေချောင်းများဆိုလျှင် ညစ်ပတ်ပေရေကာ ဖနောင့်များ ပပ်ကြားအက်ပြီး ယင်းပပ်ကြားအက်များအကြားတွင်လည်း ချေးများဝင်နေတတ်ကြပါသေးသည်။ ဖေဖေဦးချစ်ထွန်းကို ခြေထောက်ညစ်ပတ်လွန်းသည်ဟု မေမေက မကြာခဏ ဗျစ်တောက်ဗျစ်တောက် ဆူတတ်သည်ကို ကြားရဖူးပါ၏။ သည်လူ့ခြေထောက်ကျတော့ တော်ရုံတန်ရုံ မသေမသပ် မိန်းကလေးထက်ဦးထက်ပင် စင်ကြယ်ဖွေးလက်နေတော့သည်။

သည်ပုဂ္ဂိုလ်နှင့်ပတ်သက်၍ ပထမဆုံးသဘောကျမိလိုက်သည့် အချက်တစ်ချက်ပါပေ။ သူ့ခြေထောက်ဘေးနားမှာ အေဒီဒတ်စ်အိတ်ကြီးတစ်လုံး ချထားသည်။ တတောင်ပတ်လည်ခန့်ရှိသည့် လေးထောင့်စပ်စပ် အိတ်ကြီးကို ဇစ်ဆွဲ၍ ပိတ်ထားသည်မို့ အတွင်းမှ ပစ္စည်းများကို မမြင်ရပါ။

"ဒါ … အန်တီ့သမီး စုသက်ရည်တဲ့"



မေမေကတော့ ညှော်ဝတ်ကျေနေခြင်းဖြစ်ပါ၏။ စုသက်ရည်ကတော့ ရင်ထဲမှာ သိပ်မကြည်သည်မို့ ဒေါ်အေး လာချပေးသည့် ကော်ဖီဗန်းကိုပင် လက်ကမ်းမယူမိပါ။ ဒေါ်အေး သူ့ဘာသာ စားပွဲပေါ်တင်သွားသည်ကို သတိထားလိုက်မိသည်။ စုသက်ရည် ကြည်သည့် ညှော်သည်များဆိုလျှင် သူကိုယ်တိုင် စိတ်ပါလက်ပါ ထယူကာ ရွှန်းရွှန်းဝေအောင်ပြော၍ ညှော်ခံလေ့ရှိပါသည်။

"စောစောက ခြံထဲမှာတွေ့ခဲ့ပြီးပါပြီ အန်တီ"

"ဪ … သမီးက မနက်စောစောဆိုရင် ကြိုးဆင်းဆင်းခုန်တယ်ကွယ့်"

"အန်တီဒေါ်စုမွန်ရည် ရှိသလားလို့ မေးမလို့တာ"

"ဟော့ … လူကြီး ပေါ်တင်ကြီး ကုန်းမတိုက်နဲ့"

"ဟဲ့ … သမီးက ဘယ်လိုပြောလိုက်တာလဲ"

မင်းထင်လတ်စကား ဝါကျမဆုံးခင် စုသက်ရည်က ဝင်ပြောသည်။ ခေါင်းကိုလည်း မော့ကြည့်သည်။ သူမပေါ်သို့ ရွှန်းရွှန်းစက်စက် ကျရောက်နေပါသည့် မင်းထင်လတ်၏ မျက်ဝန်းများနှင့် တန်းခနဲ ဆုံသည်။ ရင်ထဲမှာ အဝေးပစ်လက်နက်ကြီးတစ်ခုက 'ဒိန်း' ခနဲ ပစ်ဖောက်သည်။ မေမေ့စကားသံကိုပင် နားလျှံသွားရတော့သည်။

"ကောင်တော့ ရန်ဖြစ်ပြီးပြီနဲ့တူတယ်၊ ဟုတ်လား သမီး"

မေမေက စုသက်ရည်၏ ပခုံးတစ်ဖက်ကို ချစ်စနိုးလှမ်းပုတ်ရင်းမေးပေမင့် စုသက်ရည် ပြန်မဖြေမိပါ။ ခေါင်းငုံ့၍လိုက်မိပြန်သည်။ စားပွဲကိုကြည့်သည်။ စားပွဲပေါ်မှာ စားရန်ရွှန်းလက်နေသည့် မျက်ဝန်းတစ်စုံကိုတွေ့သည်။ ကြမ်းပြင်ပေါ်မှာ ခင်းထား

www.burmeseclassic.com

www.burmeseclassic.com



သည့် မွေးရုပ်ကော်ဇော်ကြီးများကို ကြည့်သည်။ ရွှန်းစိုဝင်းပနေသည့် မျက်ဝန်းစုံကိုပဲ တွေ့သည်။ အေဒီဒတ်စ် အိတ်ကြီးကို ကြည့်မိပြန်သည်။ နှလုံးသားတွင်းထိတိုင် ထိုးဖောက်ဝင်ရောက်မည့် မျက်ဝန်းစုံကိုပင် တွေ့ရသည်။ စင်ကြယ်ဝင်းလက်နေသည့် ခြေစုံကို ကြည့်မိတော့မှ အချစ်ရည်တို့ဖြင့် စိုစိုရွှန်းပါသည့် မျက်ဝန်းကြီးများ ...။

အချစ်ငလျင်ကြောတစ်ခုသည် စုသက်ရည်၏ နှလုံးသားကို ဗဟိုပြုကာ ကီလိုမီတာ ထောင့်ငါးရာအတွင်း ပြင်းထန်စွာ လှုပ်ခတ်ပါလေသည်။ အဆုတ်အသည်း အူသိမ် အူမ ကာလီစာအားလုံး လွင့်စဉ်ပြိုကွဲကာ ရင်ညွန့်၏အစပ်မှာ စုပြုံကျရောက်သည်။ သည်ကုန်းမြေမြင့်မှာ အချစ်သစ်ပင်ပေါက်လေသတည်း။

❋ ❧ ❋

“ချာတိတ်မ”

“နာမည်သိပြီးမှ သူများမကြိုက်တာကို မခေါ်ပါနဲ့”

စုသက်ရည် နှုတ်ခမ်းကလေးကို ချွန်နေအောင် စူထားသည်။ ဘွဲ့ရပြီး အလုပ်မရသေးသည့် မင်းထင်လတ်က စုသက်ရည်တို့အိမ်ဆို့ အမြဲတစေဆိုသလို ကူးလာလေ့ရှိသည်။ ဦးချစ်ထွန်း၊ ဒေါ်စုမွန်ရည်တို့မှအစ ထမင်းချက် ဒေါ်အေး အပါအဝင် တစ်အိမ်သားလုံး တွေ့သည့်သူနှင့် ရင်းနှီးစွာ ပြောဆိုလေ့ရှိပါသည်။

သား ကြီးကြီးမားမားမရှိသော ဦးချစ်ထွန်းတို့အဖို့မှာလည်း မင်းထင်လတ်တစ်ယောက် လူအားဖြစ်ကာ ရင်းနှီးကျွမ်းဝင်လာခြင်းဖြင့် အားကိုးအားထားရနေသည်။



“မင်းမင်းရေ ... မီတာဖြူးစ်ပြတ်လို့ လုပ်ပါဦး”

“ပစ္စည်းဝယ်စရာရှိလို့ မင်း ဦးနဲ့ အဖော်လိုက်သွားလိုက်ပါဦး”

စသည် စသည်ကလေးများက ရံဖန်ရံခါဆိုသလိုမို့ နှစ်အိမ်ထောင် ဆက်ဆံရေးက ပြေပြစ်ချောမွေ့နေသည်။ အိမ်ရှင်မအချင်းချင်းကလည်း တစ်ဦးအိမ်မှ စားကောင်းသောက်ဖွယ်ကလေးများကို ကျန်တစ်ဦးအိမ်သို့ ပို့တတ်သည်အထိ ကျွမ်းဝင်သည်။ ဦးမင်းထင်နှင့် ဦးချစ်ထွန်းတို့သာ အလုပ်ကိုယ်စီ ဗျာများကြသည်မို့ သိပ်မတွေ့ဖြစ်ကြပါ။

သည်မျှပြေလည်ကြပေမည့် မင်းထင်လတ်နှင့် စုသက်ရည်တို့ကျတော့ တွေ့တိုင်း ရန်ဖြစ်နေကြသည်။ မင်းထင်လတ်ကလည်း တွေ့လိုက်တိုင်းစ,သည်။ စုသက်ရည်ကလည်း ကြက်ခေါင်းဆိတ်မခံ။ သူတို့နှစ်ဦးသာလျှင် တကျက်ကျက်၊ ယင်းသို့တကျက်ကျက်ကပင် တစ်ဦးနှင့်တစ်ဦး သံယောဇဉ် အမြစ်တွယ်စပြုသကဲ့သို့ ဖြစ်ရပါတော့သည်။

“ချာတိတ်ကလေးမို့ ချာတိတ်မခေါ်တာ”

“ကျွန်တော်မှ မကြိုက်တာ”

“လာပြန်ပြီလား ဒီကျွန်တော်”

“ဒီလိုပဲ ပြောတတ်တယ်”

“ညီမလေးကလို့ပြောပါလား၊ ရွှေမန်းသူဆိုတာ အင်မတန်ယဉ်ကျေးသိမ်မွေ့တာ သိလား”

“မသိဘူး၊ ကျွန်တော်က ရွှေမန်းသူကပြား ဖြစ်ချင်ဖြစ်မှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေကျမဟုတ်ပါ။ ခါတိုင်းလေသံနှင့်လည်း မတူပါ။ တိုးတိုးရှိုင်းရှိုင်းနှင့် ရင်တွင်းမှ လှိုက်တက်လာသည့် အသံမျိုးမို့ စုသက်ရည် လန့်သွားသည်။ မျက်ဝန်းကလေးများ ပြူးကျယ်ဝိုင်းစက်သွားမိသည်။

"ကျောင်းမှာ ကောင်လေးတွေ ညီမလေးနောက် မလိုက်ဘူးလားဟင်"

ထွင်းဖောက်လုနီးအကြည့်ကို ချက်ချင်းပြင်ကာ ပြောင်ချော်ချော် မျက်နှာပေးလုပ်ပစ်လိုက်သည်။ စုသက်ရည် ရိပ်မိသည်။ ဒီလူကြီးတော့မလွယ်ဘူး ... ဟူ၍လည်း အလိုလိုသိသည်။ ရင်ထဲမှာ ပုစွန်ဆိတ်ကလေး ခုန်နေသည်။

"ပြောလေ"

"ဟာ ... ဘာတွေလာမေးနေတာလဲ"

ငုံ့လုဆဲ မျက်နှာကလေး ငုံ့ကျသွားတော့သည်။

"လိုက်နှောင့်ယှက်ရင် ကိုကို့ကိုပြောနော်"

"သွား ... သွား ... ဘာတွေမှန်းလဲ မသိဘူး"

"မရှက်ပါနဲ့ ... ဒါ လောကဓမ္မတာပဲ၊ ကိုကိုက လက်သီးနဲ့ ပိတ်ထိုးမလို့မေးတာ"

မင်းထင်လတ် လေသံနှင့် စကားများကို ချက်ချင်းပြောင်းပစ်သည်။ 'ကိုကို' 'ညီမလေး' ဟူသည့် နာမ်စားကို တွင်တွင်သုံးနေပြန်သည်။ လှိုင်းထန်နေသော မင်းထင်လတ်ရင်ကို စုသက်ရည် အတိုင်းသား မြင်မိတော့သည်။

ကိုယ်က မိန်းမသား။ ရေလာအောင် မြောင်းပေးရမည့် အမျိုးအစားမဟုတ်ပါ။ စီးကျလာသည့် ရေများကိုသာ တမံထုတ်



"ကြံကြံဖန်ဖန် ပြောပြန်ပြီး ဒီချာတိတ်မ"

မင်းထင်လတ်က လက်သီးဆုပ်၍ စုသက်ရည် ငယ်ထိပ်တည့်တည့်သို့ ထုချရန်ရွယ်သည်။

"ခင်ဗျား သတ္တိရှိရင် ထုကြည့်"

"ထိုင်ငိုမလို့လား"

"ခင်ဗျား လူတစ်ယောက်ကို မစ,ရရင် အိပ်မပျော်ဘူးလား"

"ခင်ဗျား ... ခင်ဗျားနဲ့ကွာ၊ တို့ မကြိုက်ဘူး၊ ကိုကိုလို့ခေါ်"

"အမယ်လေး ... မခေါ်သေးဘူး"

"လာကွာ ... ခြံထဲဆင်းရအောင်"

"ဘာလုပ်ဖို့လဲ"

"စိန်ပြေးတမ်းကစားမယ်"

"ကလေးလေးလား"

"ဒါပေါ့ ... မိန်းမမှ မရသေးတာ ကလေးပဲ၊ ခင်ဗျားက အဖိုးကြီးလား"

"ဟုတ်တယ် ... ဟယ် ... ဟုတ်ဘူး"

သည်တစ်ခါတော့ မင်းထင်လတ်က အော်ရယ်သည်။ စုသက်ရည်က ရှက်ရမ်းရမ်းကာ လက်သီးဆုပ်ကလေးနှင့် လှမ်းထုမည်ပြုပြီးမှ မထုဖြစ်တော့ပါ။ သူစိမ်းယောက်ျားမို့ ဤမျှ ရင်းရင်းနှီးနှီးမနေအပ်ဟု ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် အရှိန်သတ်လိုက်သည်။ စုသက်ရည်၏ သဘောထားကို မင်းထင်လတ်က ရိပ်စားမိသွားသည်။ အရွယ်ကလေးနှင့်မမျှ ထိန်းသိမ်းတတ်သူကလေးပဲ ဟူ၍ အထင်ကြီးလေးစားသွားရပြန်သည်။

"ညီမလေး"

www.burmeseclassic.com

www.burmeseclassic.com



၍ ပိတ်ဆို့ရမည်။ လောလောဆယ်မှာ ရှက်သွေးဖြာပြနေခြင်းဖြင့် သူ့မျက်နှာ ရေစီးကြောင်းကြီး စီးကျလာနိုင်သည်။ ပွင့်လုဆဲဆဲ နှုတ်ခမ်းအစုံကာ ပိတ်ဆို့နေရသည့် သူ့သဘောထားကိုလည်း နားလည်သည်။ နောင်ကို နှစ်ယောက်တည်းမတွေ့အောင်ရှောင်မှ ဟုလည်း ဆုံးဖြတ်မိသည်။

သည်နေ့တော့ ဖေဖေ ဦးချစ်ထွန်းက အရောင်းအဝယ်ကိစ္စနှင့်အပြင်သွားသည်။ မေမေ ဒေါ်စုသက်ရည်က ဆိုင်ထွက်သည်။ စုသက်ရည်သာ စနေနေ့မို့ ကျောင်းပိတ်သောကြောင့် အိမ်မှာရှိနေသည်။ သမီးပျိုကလေးတစ်ဦးတည်းကို အိမ်မှာ စိတ်ချလက်ချ ထားသွားသလား ... ဟူ၍ မိဘများကို အပြစ်မဆိုနိုင်ပါ။ သည်ခြံသည်ဝင်းထဲသို့ ခြံရှင်ကသာ တံခါးဖွင့်မပေးလျှင် မြေကြွက်တစ်ကောင်ပင် ဝင်လာနိုင်စရာလမ်းမရှိ။ အလွန်ဆုံး ဝင်နိုင်ပါမှ ခါချဉ်ကောင်လောက်ပဲ ရှိပါမည်။

မင်းထင်လတ်ကျတော့ အိမ်သားတစ်ပိုင်း ဖြစ်လုနီးပါးမို့ ဒေါ်အေးကိုယ်တိုင် ခြံတံခါးသွားဖွင့်ပေးသောကြောင့် ဝင်လာနိုင်ခြင်းဖြစ်လေသည်။

အခြားလူကြီးများ မရှိတော့လည်း စုသက်ရည်ကပင် ဧည့်ခန်းမှာထိုင်၍ ဧည့်ခံနေရတော့သည်။

"ညီမလေးကိုများ ရိုးသဲ့သဲ့လုပ်တဲ့ကောင်ရှိရင် ပြောသာပြော၊ သိုင်းနဲ့ အုပ်ထည့်ပစ်လိုက်မယ်"

"အမယ် ... ဘာသိုင်းတတ်လို့လဲ"

"လက်သိုင်းနဲ့ရှိန်းပြီး လေသိုင်းနဲ့ တောင်းပန်ပေးမယ်လို့ ပြောတာ"



စုသက်ရည် စိတ်ညစ်လာသည်။ အနေလည်း ကျပ်လာသည်။ တစ်ဖက်သား၏ သဘောကိုလည်း ပကတိလောက်နီးပါး မြင်တွေ့နေရသည်မို့ မျက်နှာမထားတတ်အောင် ဖြစ်နေရသည်။ စုသက်ရည် ပါးပြင်ပေါ်မှာ နှင်းဆီရဲရဲကလေး ပွင့်နေသည်။

"ပြန်တော့ဗျာ ... စာကျက်ရဦးမယ်"

"ညီမလေး စိတ်ညစ်ရင် ကိုကို ပြန်ပါ့မယ်ကွာ"

စိတ်မျက်အားလျော့သံကို ကြားရပြန်တော့လည်း ကြင်နာမှုတို့ ရင်တွင်းမှာ ချက်ချင်းကြီး ဖြစ်ထွန်းကြသည်။

"ဟို ... စာမေးပွဲရှိလို့ပါ"

"အင်းလေ ... ကျက် ... ကျက် ကိုကို ပြန်မယ်"

မင်းထင်လတ်က ထရပ်ကာ ခြေလှမ်းပြင်သည်။

"ဒီမှာ"

ကျောခိုင်းပြီးမှ မင်းထင်လတ် ပြန်လှည့်ကြည့်သည်။

"နေချင်နေဦးလေ"

မိန်းမတို့သဘောမှာ ဤအတိုင်းပင် ဖြစ်ပါသည်။ သူက လိုက်လျှင် ကိုယ်ပြေးချင်သည်။ သူကပြေးတော့ ကိုယ် လိုက်မိပြန်သည်။ တစ်ချိန်တည်းမှာပင် ဆန္ဒနှစ်ခုတို့ ဝိရောဓိဖြစ်ကာ တွေဝေတတ်သည်။ ဆုံးဖြတ်ချက်များကလည်း မိနစ်ပိုင်းအတွင်းတွင်း ချက်ချင်း ချက်ချင်း ပြောင်းလဲသည်။

"ညီမလေး စာကျက်ပါ"

သည်တစ်ခါ မင်းထင်လတ်မျက်နှာ တကယ်ညှိုးသွားသည်။ ခေါင်းကို ခါယမ်းပြပြီးမှ တံခါးမကြီးဆီသို့ ဆက်လျှောက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ တလှုပ်လှုပ်ဖိုနေသည့်ရင်မှာ သနားခြင်း အခိုးအငွေ့တို့ ဖုံးလွှမ်းသွားရပြန်သည်။ စုသက်ရှည် မတားတော့ဘဲ အနောက်မှ လျှောက်လိုက်လာသည်။ မင်းထင်လတ်က သံဆွဲတံခါးမကြီးကို တျော်ဖြတ်ပြီးသည့်အခါမှာ စုသက်ရှည်က တံခါးဆွဲပိတ်ရန် သံဝန်းကလေးများကိုကိုင်၍ ရပ်နေသည်။

တစ်ယောက်နှင့်တစ်ယောက် မျက်ဝန်းချင်း ဆုံတွေ့ချိန် တစ်မိနစ်ခွဲခန့်။

"ညီမလေးကို ... ကိုကို ချစ်တယ်၊ ကိုကို လက်ထပ်ချင်တယ်"

သည်စကားကို ရုတ်တရက် ဆက်တိုက်ကြီး ပြောချကာ ချာခနဲ လှည့်ထွက်သွားတော့သည်။ စုသက်ရှည် မှင်တက်မိ၍ ကျန်ရစ်သည်။ ရင်တွင်းမှာ စူးရှရှ နာကျင်ကျင် ရှိန်းမြမြဝေဒနာ တစ်မျိုး ဖိစီး၍ ကျန်ရစ်ခဲ့ရတော့သည်။ ခပ်သွက်သွက်ထွက်သွားသော မင်းထင်လတ်ကို ငေးငိုင်၍ ကြည့်နေမိတော့သည်။

သည်အခိုက်အတန့်မှာ စုသက်ရှည်၏နှာမ်တရားက မင်းထင်လတ် ကျောပြင်မှာ ကပ်ပါသွားကာ ရုပ်ချည်းသက်သက် ကျန်ရစ်ခဲ့သည့်နှယ်ပါတည်း။

သူလုပ်သွားသည့် အပြုအမူက သူ့ရင်မှာ မည်မျှပြင်းထန်စွာ လှုပ်ရှားသွားရကြောင်း သက်သေထူပြနေပါသည်။ စုသက်ရှည် သက်ပြင်းမောကလေး ငွေ့ငွေ့ချသည်။ ပါးပြင်ပေါ်မှာ နှင်းဆီရဲရဲ၊ နားရွက်ဖျားကလေးများ အေးစက်နာကျင်ကာ ရင်တွင်းမှ ပုစွန်ဆိတ်ကလေး ထ,ထခုန်နေပါတော့သည်။



သံဆွဲတံခါးကိုပိတ်၊ သော့ခတ်ခဲ့ပြီးနောက် အိပ်ခန်းတွင်းသို့ တိုက်ရိုက်ဝင်ကာ အိပ်ရာထက်မှာ မောမောပန်းပန်း လှဲချလိုက်မိသည်။ ခြင်ထောင်အမိုးပေါ်မှာ ပြုံးကြည့်နေသည့် 'ကိုကို့မျက်နှာ'။

❋ ၁၈ ❋

"မမလေး ... တယ်လီဖုန်းလာနေတယ်၊ အခန်းထဲကို ယူခဲ့ရမလား"

ဒေါ်အေးက စကားပြောခွက်ကို အခန်းတွင်းသို့ ယူလာသည်။ ပလပ်ပေါက်မှာ တပ်ပေးသည်။ စုသက်ရှည် စကားပြောခွက်ကို မသည်။

"စုသက်ရှည်ပါ"

"ကိုကိုပါ ... ညီမလေးရယ်"

"ဟင် ..."

သူ့အသံမှာ ဆွေးမြည့်ကြေကွဲရိပ် ထင်နေသည်။

"ညီမလေး စိတ်ဆိုးသွားသလားလို့ပါ"

စုသက်ရှည် မဖြေမိ။

"တကယ်တော့လေ ညီမလေးကို သံဆူးကြိုးတွေကြားကနေ ပထမဆုံးမြင်ရတဲ့နေ့တည်းက ချစ်မိတာပါ၊ ကိုကို ထိန်းခဲ့ပါတယ်၊ ကိုကို လူကြီးမဟုတ်လား၊ ညီမလေး ပညာသင်တုန်းမှာ အနှောင့်အယှက်မပေးချင်ဘူး"

စုသက်ရှည် ငြိမ်နေသည်မို့ တစ်ဖက်မှသာ စကားများကို အမျှင်မပြတ် ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမျိုးသိပ်နိုင်လွန်းလို့ပါ ညီမလေးရယ်၊ ကိုကိုလေ ... ညီမလေးကို သိပ်ချစ်တယ်၊ တကယ် ... ယုံပါလို့လည်း ထပ်ပြောချင်သေးတယ်၊ ညီမလေးကတော့ ကိုကို့ကို မုန်းနေမှာပါ"

"မမုန်းပါဘူး" ... ဟု မည်သို့ပြောထွက်ပါမည်နည်း။ နာကျင်သလိုလို ရှိန်းမြမြဝေဒနာက ရင်ထဲမှာ ဗလောင်ဆူကြပြန်သည်။

"ကိုကိုလေ နက်ဖြန်မနက်အစောကြီး ရန်ကုန်ဆင်းရမယ်၊ နောက်တစ်နေ့မှာ မြန်မာပြည်ကြီးက ခွာရတော့မယ်၊ ကိုကို သင်္ဘောလိုက်ဖို့ လျှောက်ထားတာရပြီ"

"ဟင် ... အဲဒါကို ဘာဖြစ်လို့ အစကမပြောတာလဲ"

စုသက်ရည် ငြိမ်မနေနိုင်တော့ပါ။ ဒေါသသံကလေးနှင့် မေးမိသည်။

"မပြောရက်ဘူး၊ ပြောလို့မထွက်ဘူး၊ ညီမလေးနဲ့ခွဲရမှာ ရင်ထဲက နာလွန်းလို့"

"ဩော် ... မခွဲနိုင်တဲ့သူက နက်ဖြန် ရန်ကုန်ဆင်းမယ်တဲ့လား"

"ညီမလေးက မုန်းနေတာကိုး၊ ကိုကိုသွားရင် ပျော်မယ့်သူဆိုတော့ ..."

"အခုလာခဲ့၊ ဒီဘက်ခြံကို အခုပြန်လာခဲ့စမ်းပါ"

"ဘာလုပ်မလို့လဲ"

"ထုမလို့၊ ရိုက်မလို့၊ အသေသတ်မလို့"

"စိတ်ချ လာခဲ့မယ်၊ သေအောင်သတ်"



အခန်းဝမှာရပ်နေသည့် ဒေါ်အေးကို ဝင်တိုက်မိမတတ် စုသက်ရည် ပြေးထွက်ခဲ့သည်။ အိမ်တံခါးဆီသို့ ပြေးသွားဖွင့်မိသည်။ မင်းထင်လတ်က စုသက်ရည်တို့ခြံထဲသို့ အပြေးတစ်ပိုင်း ဝင်လာသည်။ ခြံထဲမှာပင် နှစ်ယောက်သား ပြေးပွေ့မိတော့သည်။

"ကိုကို"

"ညီမလေး"

အိပ်ခန်းထဲမှလည်း ပြေးထွက်သွားသည်မို့ 'သူ့မမလေး ဘာဖြစ်ပါလိမ့်' ဟု လိုက်ကြည့်မိသော ဒေါ်အေးခမျာ မျှော်လင့်သော မြင်ကွင်းကြောင့် အံ့အားကြီးသင့်သွားရသည်။ ခဏကြာမှ ပြုံး၍ ခေါင်းတဆတ် ဆတ်ညိတ်ကာ သူ့အလုပ်ရှိရာသို့ သူ ပြန်လာတော့သည်။

စုသက်ရည်က သူ့ မျက်နှာကို မင်းထင်လတ်ရင်ခွင်မှာ အပ်ကာ တအင့်အင့်နှင့် ငိုရှိုက်မိတော့သည်။

မင်းထင်လတ်က ထွေးပွေ့ကာ မန်ကျည်းပင်ကြီးအောက်သို့ ခေါ်လာသည်။ သည်အပင်ကြီးက အရိပ်ရသည်။ မြေပြင်ကိုပင် ကမ္ဘလာသဘောထား၍ ထိုင်ချကြသည်။ ထိုင်မိသည်နှင့်တစ်ပြိုင်နက် စုသက်ရည် မင်းထင်လတ် ရင်ခွင်တွင်းသို့ တိုးဝင်၍ ငိုပြန်သည်။

"မငိုနဲ့လေ ညီမလေးရဲ့၊ မောလှပြီ"

ပါးပြင်မှတစ်ဆင့် မေးစေ့ထိစီးကျနေသည့် မျက်ရည်များကို မင်းထင်လတ်က တယုတယ သုတ်ပေးသည်။ မျက်နှာလေးကို ဆွဲမော့ကာ ပြုံးပြုံးကြီးစိုက်ကြည့်နေသည်။

"ပင်ပန်းလိုက်တာ ညီမလေးရယ်၊ တိတ်ပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက နက်ဖြန်သွားတော့မှာ"

ပြောရင်းက တစ်ချက်ရှိုက်မိသေးသည်။

"ညီမလေး လွမ်းလို့လား"

"လွမ်းရုံတင်မကဘူး၊ အသည်းကွဲကျန်ခဲ့မှာ သိလား"

"ညီမလေးက ကိုကို့ကို ချစ်လို့လား"

"ဒီလောက်ချစ်နေရတာ မသိဘူးလား ကိုကိုရဲ့၊ ညီမလေးကို ခွဲမသွားနဲ့၊ ညီမလေး မနေနိုင်ဘူး၊ ကိုကိုနဲ့ မခွဲနိုင်ဘူး"

"ညီမလေးကိုလေ ကိုကို သိပ်ချစ်တာပဲ၊ ပြောလို့တောင် မပြတတ်ဘူး၊ တိတ်တော့နော်"

"ချစ်တဲ့လူကလား ခွဲသွားမှာ"

"မသွားပါဘူး၊ ညီမလေးနဲ့ မခွဲနိုင်တာ"

"ဟင် ... နက်ဖြန်သွားမယ်ဆို"

"မသွားပါဘူး၊ သင်္ဘောကိစ္စက ဘာသံမှ မကြားသေးဘူး"

"ခုနပြောတော့စာစ်မျိုး"

စုသက်ရည် အငိုရပ်သွားသည်။

"ဒါမှ ညီမလေးရင်ထဲက အချစ်တွေ အုံကြွပြီး ပွင့်ထွက်လာမှာ၊ နင်မို့ဆို ဒီဂျစ်ကန်ကန်မလေးက ချစ်ပါတယ်လို့ ပြောမှာမှမဟုတ်တာ"

"ကြည့်စမ်း ... ကြည့်စမ်း၊ သူ သိပ်ဆိုးတာပဲ"

စောစောကပြောခဲ့သည့်စကား 'ထုမလို့၊ ရိုက်မလို့၊ အသေသတ်မလို့'ဆိုသည့်ဝါကျကို ခုမှ အကောင်အထည်ဖော်ဖြစ်တော့သည်။ ထု၊ ရိုက်၊ ဆွဲလိမ်၊ စိတ်ရှိတိုင်း နှိပ်စက်ပစ်လိုက်တော့သည်။



"ချစ်လားဟင် ... ညီမလေး"

"မုန်းတယ်"

ခွဲရတော့မည် ... ဆိုသည့် အပူလုံးကြီးက ခုမှ ကျသွားရသည်။ သည်တော့လည်း ချစ်စိတ်နှင့် ရှက်စိတ်တို့က ရောပြွန်းနေရာယူကြပြန်သည်။

"အညာသူလေး မုန်းလည်းမမုန်းဘဲနဲ့ ညာတယ်"

"သိပ်မုန်းစရာကောင်းတဲ့ လူညာကြီး"

"ပြောပါဦး၊ ကိုကို့ကို ဘယ်တုန်းကစပြီး ချစ်တာလဲ"

မင်းထင်လတ်ကစ,ကာ ပြုံးနေသည်။ စုသက်ရည်ကျတော့ ပြုံးရ ရယ်ရ၊ နှုတ်ခမ်းစူ၊ မျက်စောင်းထိုးရနှင့် သူ့မျက်နှာပြင်မှာ အလှုပ်အရှား များလွန်းနေတော့သည်။

"မမေ့ဆီကို အန်တီမိတို့ပေးလိုက်တဲ့ လက်ဆောင်ထုပ်ကြီးနဲ့ ရောက်လာတုန်းကတည်းက သိလား၊ ကိုကို့ခြေထောက်ကလေး သိပ်လှလို့"

"ဟောဗျာ ... ဒီမျက်နှာတော့ မချစ်ဘူး"

"ယောကျ်ားတွေ ခြေထောက်ညစ်ပတ်ရင် ညီမလေးက သိပ်ရွံတာပဲ၊ ကိုကို့ခြေထောက်က ခြေချောင်းကလေးတွေကစပြီး သန့်ရှင်းနေတယ်"

"ခက်တော့တာပဲ၊ ညစ်ပတ်သွားရင်ကော"

"မုန်းမှာပေါ့"

"ဒီလိုဆိုရင်တော့ ခြေမျက်စိကနေဖြတ်ပြီး ခြေဖျားနှစ်ဖက်ကို ကြိုးနဲ့ချည်၊ လည်ပင်းမှာ ချိတ်ထားတော့မယ်၊ တော်ကြာ ညစ်ပတ်သွားရင် ညီမလေးမုန်းမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို သင်္ဘောလိုက်မယ်ဆိုတဲ့ကိစ္စ ဖျက်လိုက်တော့နော်၊ ညီမလေး မခွဲနိုင်ဘူး"

"အဲဒီအလုပ်က လခကောင်းတယ်၊ နိုင်ငံတကာ အနှံ့လည်း ရောက်ဖူးတယ်"

"ဟင့်အင်း ... ဟင့်အင်း၊ နိုင်ငံတကာလည်ပြီး မိန်းပိုးမယ့် အလုပ် မလုပ်ရဘူး"

"ညီမလေးကို စည်းစိမ်နဲ့ထားနိုင်ဖို့ ရှာရမှာကွ"

"ဘာစည်းစိမ်မှ မခံစားချင်ဘူး၊ ကိုကိုနဲ့တူတူနေရရင် ပြီးရော၊ နော် ... ကိုကိုနော်၊ ညီမလေးကိုချစ်ရင် ကိုယ့်မြန်မာပြည်မှာပဲ ရရာအလုပ်ရှာလုပ်ပါ ကိုကိုရယ်"

မင်းထင်လတ် တွေးတောရပါပြီ။ အစတုန်းကတော့ သင်္ဘောမှမလိုက်ရလျှင် သေရတော့မလောက် ဆန္ဒပြင်းပြခဲ့သည်။ သည်အလုပ်က လောလောဆယ်မှာ ခေတ်အစားဆုံးဖြစ်နေသည်။ မိန်းမလှတော်တော်မှာဆိုလျှင် ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ မေးမှိန်ကုန်ပြီ။

သင်္ဘောသားမှ သင်္ဘောသား၊ သူသာလျှင် ဘုရင်တစ်ဆူ မင်းမူခဲ့သည်မဟုတ်လား။

ခုတော့ ... ချစ်လှစွာသော ညီမလေးကို ခွဲမထားရက်နိုင်။ "နော် ... ကိုကိုနော်"ဆိုသည့် စကားသံ နွဲ့နွဲ့ကလေးကိုလည်း မည်သို့သောယောကျ်ားသားမို့ ဆန့်ကျင်နိုင်ပါအံ့နည်း။

"ကိုကို"

"ဟေ့ ... ပြောလေ"



"ဘာမှ ပြောစရာမရှိဘူး၊ ကိုကိုလို့ခေါ်ရတာ ရင်ထဲမှာ အချစ်တွေ ပြည့်ပြည့်တက်လာလို့၊ ခေါ်လို့ကောင်းလို့ ခေါ်နေတာ ကိုကို"

အစကတော့ ခင်ဗျား၊ ကျွန်တော်၊ ခုများဖြင့် ကိုကို ... ကိုကိုနှင့် တကိုကိုတည်း ကိုကိုနေတော့သည်။ အလျှင်တုန်းက ဘုကျခဲ့သမျှ အတိုးချလို့ ချွဲလိုက်နွဲ့လိုက်သည့်ဖြစ်ခြင်း။ မင်းထင်လတ် ရင်ထဲမှာ အချစ်စိတ်တို့ကလည်း ပြည့်ရ သိပ်ရပါဘိခြင်း။

လောကကြီးနှယ် ပျော်စရာကောင်းလိုက်ပါဘိခြင်း။

❋ ❧ ❋

"အန်တီမွန်က ဘာတဲ့လဲဟင်"

"ဘာတဲ့မှ မလဲဘူး"

"ဩော် ... ရွှေသမက်ကလေး အိမ်ပေါ် တက်ခဲ့တော့လို့ လား"

"သွား"

စုသက်ရည် စိတ်ဆိုးလျှင် 'သွား'ဆိုကာ နှင်ပစ်တတ်သည် ချည်းပါပေ။

ချစ်သူနှစ်ဦး ဆိုပေမင့် လူကြီးတွေ မသိအောင် နိုးကြောင် ခိုးဝှက် ချိန်းတွေ့စရာမလိုပါ။ စုသက်ရည်တို့ ခြံကြီးထဲမှာ အေး အေးဆေးဆေးတွေ့နိုင်သည်။ သည်ချစ်သူစုံတွဲကို နှစ်ဖက်မိဘ များက မူလကပင် ကြည်ဖြူထားကြပြီးသား ဖြစ်နေသည်။ တစ်ဖက် နှင့်တစ်ဖက် ကန့်ကွက်စရာ၊ မကျေနပ်စရာ မရှိကြပါ။

www.burmeseclassic.com

www.burmeseclassic.com



မင်းထင်လတ်တို့မျိုးရိုးက ရိုးသားအေးဆေးကာ ပညာတတ်ဂုဏ်ရှိသရေရှိ မျိုးရိုးဖြစ်သည်။ စုသက်ရည်တို့ကျတော့ ချမ်းသာကြွယ်ဝသည်။ ရွှေနှင့်ငွေ၊ နေနှင့်လထက်ပင် ပိုမိုလိုက်ဖက်ပါသေးသည်။

"အန်တီလတ်က ဘာပြောသေးလဲ ကိုကို"

"ဘာအန်တီလတ်လဲ ပြင်ခေါ်"

"မေမေလတ်ပါတဲ့ရှင်"

"မေမေကပြောတယ် ဘွဲ့ကလေးတစ်ခုရပြီး အလုပ်ကောင်းမရသေးဘူး၊ မိန်းမယူချင်ရသလားတဲ့"

"ဟင်"

"သွား ... ဒီည အရရှိုးခဲ့တဲ့"

"ကြည့်ပါလား ဒီက အဟုတ်မှတ်လို့ စိတ်ကိုညစ်သွားတာပဲ"

"ညီမလေးလို မိန်းကလေးမျိုးကို ဘယ်လို ယောက်ျားမျိုးက မကျေနပ်ဘဲရှိမလဲကွယ်၊ ချောလည်းချော၊ လှလည်းလှ၊ လိမ္မာလည်းလိမ္မာ၊ ပြစ်မျိုးရယ်တဲ့မှ မဲ့မတင်"

နောက်ဆုံးစကားကို သီချင်းလုပ် ဆိုပြနေသောကြောင့် စုသက်ရည် တခစ်ခစ်ရယ်ရပြန်သည်။

"ကိုကို အလုပ်မရှိသေးတာတစ်ခုပဲ ပြဿနာဖြစ်နေတယ်ကွာ"

"ညီမလေးတို့ ရတနာလုပ်ငန်းမှာ ဝင်လုပ်ရင်လည်းရတာပဲ"



"ဘယ်ကောင်းပါ့မလဲ သူ့သမီးယူပြီး သူ့လုပ်ငန်းထဲဝင်လုပ်ဆိုတော့ ကိုကို့ဘက်က အခွင့်အရေးယူလွန်းရာကျတယ်၊ နောက်ပြီး ကိုကို ဝါသနာမပါဘူး"

မင်းထင်လတ် သဘော်လိုက်ရန် ကြိုးစားထားမှုတို့ အကောင်အထည်ပေါ်လာသည်။ ရေနံတင်သင်္ဘောနှင့် လိုက်ရမည်ဟုဆိုသည်။ လခက ကောင်းလွန်းသည်။ မင်းထင်လတ်ကတော့ စွန့်စွန့်စားစား သွားလိုက်ချင်သည်။ ဦးမင်းထင်နှင့် ဒေါ်ခင်ခင်လတ်တို့ကလည်း သဘောတူသည်။ နှစ်နှစ်လောက်တော့ သွားလိုက်ပေါ့ဟုဆိုသည်။ သည်ကြားထဲမှာ စုသက်ရည်က ကျောင်းဆက်တက်နေရမည်။

ဦးချစ်ထွန်းနှင့် ဒေါ်စုမွန်ရည်တို့ကလည်း မဆိုးပါဘူးဟုပြောသည်။ သည်လခမျိုးက ရခဲပါဘိခြင်း။ မင်းထင်လတ်၏စိတ်ကူးထဲမှာတော့ အဆင်ပြေနေသည်။ နှစ်နှစ်လောက်သွား၊ ပိုက်ဆံစု ပြန်လာတော့ ညီမလေးနှင့် တူတူနေ။

"နှစ်နှစ်စာချုပ်နဲ့ တစ်ခေါက်ပဲ လိုက်သွားမယ် စိတ်ကူးပါတယ်၊ တကယ်တော့ နှစ်နှစ်ဆိုတာ ဘာမှ မကြာလိုက်ပါဘူး၊ ကျွန်တော် ပြန်လာရင်တော့ အော့ဖ်ဆက် ပုံနှိပ်စက်နဲ့ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းတွေ ဝယ်လာခဲ့မယ်၊ နောက်ထပ် မလိုက်တော့ဘူး၊ ပုံနှိပ်လုပ်ငန်းကို ကျွန်တော် စိတ်လည်းဝင်စားတယ်၊ ဝါသနာလည်းပါတယ်၊ ပုံနှိပ်တိုက်ဖွင့်ပြီး စီးပွားရေးစောက်ချလုပ်နိုင်တာပေါ့"

သည်စိတ်ကူးကို နှစ်ဖက်မိဘများက ကျေနပ်ကြသည်။ ကာယကံရှင်ကလည်း သွားချင်သည်ဆိုတော့ စုသက်ရည် မတားသာတော့ပါ။ ကျောင်းဆက်တက်ရင်း အလွမ်းဖြေဖို့ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အရမ်းတအားကြီး သိပ်လွမ်းမှာပဲ ကိုကိုရယ်"

မျက်ရည်ကလေး ဝေကာဝဲကာ ပြောရှာသည်။

"ကိုကို လက်ထပ်သွားချင်တယ် ညီမလေးရယ်"

"ဟင် ... ညီမလေး အိမ်ထောင်မကျချင်သေးပါဘူး၊ ငယ်ငယ်လေးရှိသေးတယ်"

"ကိုကိုပြောတာက ရုံးမှာ လက်မှတ်ထိုးသွားမယ်"

"ဒါလည်းမကောင်းပါဘူး၊ လူမသိသူမသိ တိတ်တိတ်ကလေး အိမ်ထောင်သည်ဖြစ်နေရတာ ရှက်စရာကြီး"

"မင်္ဂလာဆောင်ချင်လည်း ဆောင်ပါ၊ ဖေဖေက ဆောင်ပေးဆိုလည်း ဆောင်ပေးမယ်၊ ရုံးမှာ လက်မှတ်ထိုးဆိုလည်း ထိုးသွားတဲ့"

"ဘာဖြစ်လို့ အဲဒီလို လုပ်ချင်တာလဲဟင်"

"ညီမလေးကငယ်သေးတော့ ကိုကို စိတ်မချဘူး၊ နောက်ပြီးလှလည်းသိပ်လှတယ်၊ ပိုက်ဆံတလည်း ချမ်းသာတော့ ချစ်သူဝိုင်းဝိုင်းလည်ဖြစ်နေမှာ၊ ကိုကိုကတော့ ပိုင်ပိုင်နိုင်နိုင် ဖြစ်သွားချင်တာပဲ ညီမလေးရဲ့၊ ဖေဖေနဲ့ မေမေကလည်း သဘောတဲ့"

သည်ကိစ္စကို မင်းထင်လတ်က စပြီး ပူဆာခြင်းဖြစ်ပါ၏။ ဦးမင်းထင်နှင့် ဒေါ်ခင်ခင်လတ်တို့က အရမ်းတိုက်တွန်းလျှင် မိန်းကလေးရှင်ဘက်သို့ မညှာတာရာရောက်မည်၊ မိန်းကလေးရှင်၏ ဆန္ဒအတိုင်းဖြစ်ပါစေဟု ပြောသည်။ ဦးချစ်ထွန်း ဒေါ်စုမွန်ရည်တို့က သမီးကို အိမ်ထောင်သည်ဘဝသို့ မရောက်စေချင်သေးပေ။ တစ်ဦးတည်းသော သမီးကလေးကို မသမာသူများ အတင်းအဓမ္မကြံစည်ကြမှာလည်း စိုးသည်။



ချမ်းသာလွန်းသော မိန်းမလှကလေးအဖြစ် အန္တရာယ်တများလှသည်။ အိမ်ထောင်ရှင် မိန်းကလေးဆိုလျှင် အလိုလိုအကာအကွယ်ရပြီးသားဖြစ်သည်။ လက်ထပ်သွားဖို့ကိစ္စကိုလည်း သဘောတူချင်သည်။ သမီးလေးကိုလည်း နှမြောသည်။ ငယ်ငယ်ရွယ်ရွယ်မှာ အဖိုးကလေးလုပ်ရှာပါစေဦး၊ သားသယ်မအောက်လေးဖြစ်ကာ မိသားစုတာဝန်များတွင် နစ်မွန်းသွားမှာကိုလည်း မကြည့်ရက်ပါ။

"မေမေကပြောတယ် ကိုကို၊ ရုံးမှာပဲ လက်ထပ်တဲ့၊ မင်္ဂလာတော့ မဆောင်နဲ့ဦးတဲ့၊ ပြန်လာမှ မင်္ဂလာဆောင်ပေးမယ်တဲ့၊ လိုရမည်ရ လက်ထပ်စာချုပ်ကလေး ရှိနေတာတော့ ကောင်းတယ်တဲ့၊ ဒါပေမဲ့ ... ဟို ... အဲ ... တကယ့် အိမ်ထောင်မကျရဘူးတဲ့"

"ဟာကွာ"

"ဘာလဲ ကိုကိုက မကျေနပ်ဘူးလား"

"ကိုကို့အဖြစ်က ဒံပေါက်ထုပ်ကြီး ရှေ့ချပေးပြီးမှ ရှစ်ပါးသီလယူခိုင်းတော့ အချိန်က မွန်းလွဲဖို့ တစ်မိနစ်အလို"

"သွား ... လူဆိုး"

စုသက်ရည်က ရှက်ရယ်ကလေးနှင့် တွန်းပစ်သည်။

"အဲဒါ ကျေနပ်ရင်လည်း အကောင်အထည်ဖော်ပေါ့၊ မကျေနပ်ရင်လည်း သဘောပဲ"

စုသက်ရည် မျက်စောင်းကလေးထိုး၍ ပြောသည်။

"ကျေနပ်ပါတယ်၊ ကိုကိုက ညီမလေးကို သိပ်ချစ်တာဝါကွာ၊ ပန်းမခူးရက်တဲ့ ဥယျာဉ်မှူးရဲ့ မေတ္တာမျိုးပါ၊ ပန်းမပန်ရလည်း

www.burmeseclassic.com

www.burmeseclassic.com



အလုကြည့်နေမှာပေါ့၊ မွေးခွင့်မရလည်း အဝေးကနေ ရန့်ရှူမှာပေါ့၊ လက်ထပ်စာချုပ်တော့ ကိုကို တစ်စောင်ယူသွားမယ်နော်"

"ကိုကိုက မယုံဘူးလား"

"ယုံပါဘူး၊ ကိုကိုတို့က အားနွဲ့တဲ့ အမျိုးအစားမို့လား"

"ကိုကို့သဘောပါ၊ ယူချင်ယူသွားလေ၊ ဒါပေမဲ့ တိုင်းပြည်တစ်ခုခုမှာ ကိုကိုချစ်တဲ့ မိန်းကလေးတစ်ယောက်ယောက်ကို ထပ်တွေ့ခဲ့ရင် ညီမလေးကို မချစ်နိုင်တော့ဘူးဆိုတဲ့တစ်နေ့မှာ ညီမလေးကို သနားသောအားဖြင့် လက်ထပ်စာချုပ်ကလေး ပြန်ပို့ပေးပါ၊ ဒီတစ်ခုတော့ ကတိပေးပါ ကိုကို"

"သိပ်ပေးတာပေါ့၊ အဲဒီ လက်ထပ်စာချုပ်ဟာ ညီမလေးဆီကို ကိုကို အသက်ရှင်ရက်နဲ့တော့ ဘယ်နည်းနဲ့မှ ပြန်ရောက်မလာနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကိုက ကမ္ဘာပေါ်မှာ ရှိသမျှ မိန်းကလေးတွေကို ညီမလေးကလွဲရင် ယောကျ်ားချည်းထင်တာ၊ ဘယ်တော့မှ ဘယ်တိုင်းပြည်မှာမှ ဘယ်သူ့ကိုမှ မချစ်မိဘူး၊ စိတ်ချ ကိုကိုပြန်လာမှ လက်ထပ်စာချုပ်ကလေး အတူပါလာမှာပါ၊ ကိုကိုမပါဘဲ လက်ထပ်စာချုပ်ကလေးချည်း ရောက်လာစရာလမ်းမရှိဘူး"

"မခွဲရသေးခင်ကတည်းက အရမ်းအောက်မေ့တာပဲ ကိုကိုရယ်"

"ညီမလေး ရန်ကုန်ကို လိုက်မပို့နဲ့တော့နော်"

"ဟင် ... ဘာဖြစ်လို့လဲ"

"ညီမလေး ... ပင်ပန်းမှာလည်းစိုးတယ်၊ နောက်ပြီး ညီမလေး သိပ်ခံစားရမယ်၊ ကိုကိုလည်း ဖြေသာမှာ မဟုတ်ဘူး၊



ကိုကို့ဘာသာ ရန်ကုန်ဆင်းသွားတော့မယ်၊ ဖေဖေနဲ့ မေမေကိုလည်း လိုက်မပို့နဲ့လို့ ပြောထားတယ်၊ ရန်ကုန်ကနေ ညီမလေးဆီ လှမ်းပြီးဖုန်းဆက်မယ်၊ ဟုတ်လား"

ရုံးမှာ လက်ထပ်သည့်နေ့က ရင်တွင်းခံစားချက်များကို စာမဖွဲ့တတ်တော့ပါ။ ဖွင့်လည်းပြောမပြတတ်ပါ။ ပျော်လည်းပျော်နေသည်။ စိတ်လည်းညစ်မိ၏။ ရင်ထဲမှာ ဟာနေသည့်ကြားက မည်သည့်အရာက တဒိတ်ဒိတ်လာခုန်နေမှန်းမသိပါ။ လက်မှတ်ထိုးစဉ်မှာ လက်ချောင်းကလေးများ တုန်ယင်နေကြသည်။

သည်နေ့က တစ်နေ့လုံး ခြံထဲမှာပင် ဘူမိနက်သန်မှန်ရာ မန်ကျည်းပင်ကြီးအောက်မှာပဲ ဖျာကလေးခင်း၍ တစ်နေကုန် ထိုင်နေကြသည်။ အစားအသောက်များကို သည်နေရာမှာပဲ ယူစားသည်။ စကားတွေ တဖွဖွကြီးပြောကြသည်။ ဝါကျမထပ်ပေမင့် မှရင်းအဓိပ္ပာယ်ကျတော့ အတူတူပါ။

"သိပ်ချစ်တာပဲ ကိုကိုရယ်"

"သိပ်လွမ်းတာပဲ ကိုကိုရယ်"

"နှစ်နှစ်ဆိုတဲ့ အချိန်ကြီးကို ဆွဲချချင်လိုက်တာ"

"သိပ်ချစ်တယ် ညီမလေးရယ်"

"ခွဲထားခဲ့ရမှာ ရင်ထဲမှာ ဟာနေတာပဲ"

"ပါးစောင်မှာ ငုံသွားလို့ရရင် ငုံသွားချင်တယ်"

"သိပ်ချစ်တာပဲ ကိုကိုရယ်"

"သိပ်လွမ်းတာပဲ ကိုကိုရယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com



စီးကျလာသည့် မျက်ရည်များကို ကိုကို မမြင်အောင် သုတ်ရပါသည်။ ကိုကိုတွေ့လျှင် နောက်ဆန့်တင်းကာ စိတ်မချမ်းမသာဖြစ်ရှာမည်စိုးရိမ်သည်။ ကိုကို့မျက်နှာကို တစိုက်မတ်မတ် မျက်တောင်မခတ်တမ်း ငေးကြည့်မိသည်။ ဤပုဂ္ဂိုလ်သည် မိမိ၏ တရားဝင်ခင်ပွန်းသည်ပါတကား ... ဟူ၍ အမြစ်တွယ်သည့် အချစ်နှင့် ချစ်မိသည်။ ကိုကို့အပေါ် ချစ်မိသည့်အချစ်မှာလည်း အနှစ်သာရ ပိုမိုပြည့်လျှမ်းလာသည်။

ကိုကို ရန်ကုန်မှ မထွက်ခွာမီညက မန္တလေးသို့ ဖုန်းလှမ်းဆက်သေးသည်။ ကိုကို့အသံကို နောက်ဆုံးကြားလိုက်ရခြင်းပါ။ ကိုကို့အနေနှင့်လည်း စုသက်ရည်အသံကို နောက်ဆုံးကြားလိုက်ရခြင်းပါပေ။ ကိုကို ထွက်ခွာသွား၍ နှစ်လပြည့်ရန် သုံးရက်အလိုတွင် ကိုကို အလုပ်လုပ်သောသင်္ဘောကုမ္ပဏီမှ သံကြိုးစာတစ်စောင် ရောက်ရှိလာခဲ့ပါ၏။

သည်သံကြိုးစာသည် အကုသိုလ် အစိုင်အခဲကြီးကို ဃယ်ဆောင်လာသည်။ ပူဆွေးသောကများကို သယ်ဆောင်လာသည်။ ကြေကွဲဝမ်းနည်းမှုများ ရောပြွမ်းကပ်ငြိပါလာသေးသည်။

ကျွန်ုပ်တို့သင်္ဘော ပင်လယ်ပြင်မှာ မီးလောင်ပျက်စီးရာတွင် မစ္စတာမင်းထင်လတ် ကွယ်လွန်အနိစ္စရောက်ပါ၍ ကျန်ရစ်သူမိသားစုအား ဝမ်းနည်းစွာ အကြောင်းကြားအပ်ပါသည်။



"အမယ်လေး ကိုကိုရယ်"

စုသက်ရည် ခွေခနဲ လဲကျသွားတော့သည်။

ဖြစ်မှဖြစ်ရလေ ကိုကိုရယ် ... သေလို့တောင်မှ အလောင်းပြန်မရတဲ့ဘဝ၊ သူများနည်းတူ သင်္ဂြိုဟ်ခြင်းအမှုကိုတောင်မှ မပြုရပါလား ... သေပြီဆိုတဲ့ စကားကလေးတစ်ခွန်းနဲ့ တစ်သက်လုံး ဝေးကြပါပေါ့လား ...။

စုသက်ရည် သတိရရချင်း လူးလိမ့်ငိုသည်။ အိမ်ထဲမှ ပြေးထွက်သွားသည်။ ကိုကိုတို့ ခြံထဲဝင်၊ ကိုကို့အိမ်ပေါ်တက်၊ ကိုကို့အခန်းထဲ ပြေးဝင်သွားမိသည်။

"ကိုကိုရေ ... ကိုကိုရေ"

ကိုကို့ကို တွေ့လိုတွေ့ငြား ကိုကို့အခန်းထဲမှာ လှည့်ပတ်ရှာမိသေးသည်။

"သမီး"

"အမယ်လေး အန်တီလတ် ... ကိုကို့ကို မကယ်နိုင်တော့ဘူးလား"

သူ့အခန်းထဲမှာ သည်းထန်စွာငိုကြွေးနေသည့် ဒေါ်ခင်ခင်လတ်က စုသက်ရည် ရောက်လာမှန်းသိသောကြောင့် စုသက်ရည်ရှိရာသို့ လာခဲ့ခြင်းဖြစ်သည်။ သားအမိနှစ်ဦး တင်းကျပ်စွာဖက်၍ အပြန်ပြန်အလှန်လှန် အားပေးရင်း ဖြေမဆည်နိုင်အောင် ကြေကွဲဝမ်းနည်းရပါ၏။

"ဖြေကြတော့ ... ဖြေကြတော့ ... တရားနဲ့သာ ဖြေကြပါတော့"

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းထင်က ငိုသံပါကြီးနှင့်ပြောကာ ကုလားထိုင်ပေါ်မှာ ခေါက်ကျိုးကျနေသည်။ ထိုနေ့မှစကာ စုသက်ရည် နှလုံးသားမှာ ကမ္ဘာမီးလောင်ပါသတည်း။

မကြုံမဆုံနိုင်တော့ပြီမှန်း သိပေမင့် ကိုကို့ကို နေ့စဉ်ရက်ဆက် မျှော်မိသည်။ ခြံရှေ့မှာ ကားသံကြားလျှင် ကိုကို ပြန်လာပြီလားဟု ထွက်ကြည့်မိသည်။ တယ်လီဖုန်းမြည်လာလျှင် ကိုကိုများ ရန်ကုန်ကနေ ဖုန်းဆက်သလားဟု ပြေးကိုင်မိသည်။

ကိုကိုမဟုတ်မှန်း သိလိုက်ရတော့ ရင်ထဲမှာ ဟာကျသွားရသည်။ ကိုကိုရေ ... ညီမလေး မယုံနိုင်ပါဘူးရှင်၊ မယုံပါရစေနဲ့နော် ကိုကို ... တစ်နေ့နေ့တော့ ကိုကို ပြန်လာမှာပါ ... ညီမလေးလေ ကိုကို့ကို သိပ်ချစ်တာပဲ ကိုကိုရယ် ... သိပ်လွမ်းတာပဲ ကိုကိုရယ် ...။

စင်စစ် ... တစ်ယောက်တည်း စကားပြောနေတတ်သည့် အကျင့်၊ ထိုစဉ်ကတည်းက စခဲ့ခြင်းဖြစ်ပါ၏။ လူက တွေဝေငေးမောကာ စိတ်နှင့်လူနှင့်မကပ်ပါ။ ရုပ်ရှိနေသည့်အရပ်မှာ နာမ်တရားက မရှိ။ ရုပ်နှင့်နာမ်တို့ မိုင်ပေါင်းများစွာ ကွာလှမ်းနေသကဲ့သို့ ခံစားရပါ၏။

"ကိုကို ညီမလေးကို မချစ်နိုင်တော့တဲ့ တစ်နေ့မှာ ဒီလက်ထပ်စာချွန်ကလေးကို ညီမလေးဆီ ပြန်ပို့ပေးပါ ကိုကိုရယ်"ဟု တောင်းပန်ခဲ့စဉ်က ...။

"အဲဒီ လက်ထပ်စာချွန်ဟာ ညီမလေးဆီကို ဘယ်တော့မှ ပြန်ရောက်မလာစေရဘူး၊ စိတ်ချ"တဲ့။ ခုတော့လည်း ကိုကိုနှင့်အတူ မီးလောင်ကျွမ်းလေပြီလား၊ ပင်လယ်ပြင်အောက်မှာ နစ်မြုပ်ပျောက်ဝင်လေပြီလား မသိနိုင်တော့ပါ။



ကိုကို့အိမ်ကိုသွား၊ အန်တီလတ်ကို ခွင့်တောင်းပြီး ကိုကို့အခန်းထဲသို့ဝင်၊ ကိုကို့အသုံးအဆောင်ပစ္စည်း လက်ကျန်ကလေးများကို တစ်ခုချင်းကောက်ကိုင်၊ နမ်းကြည့် ရင်မှာပွေ့ ... မျက်ရည်ကလေးများက စီးလို့စီးလို့ ကျလာရပြန်သည်။

ကိုကို့အငွေ့အသက်လေးများ ရင်မှာထင်ဟပ်ကာ နွေးထွေးမှုတစ်မျိုးကို ခံစားရပေမင့် ပြေမပြေနိုင်ခဲ့ပါတကား။

"ကိုကိုပြောခဲ့တာလေ၊ ကိုကို့အချစ်က အောက်ချင်းငှက်လိုအချစ်မျိုးပါတဲ့၊ အောက်ချင်းငှက်များဟာ အဖိုနဲ့အမ တစ်ကောင်နဲ့တစ်ကောင် မခွဲမခွာ အမြဲနေလေ့ရှိတယ်တဲ့။ တစ်ကောင်သေသွားရင် ကျန်တဲ့တစ်ကောင်က မိုးကောင်းကင် ဟိုးအမြင့်ကြီးဆီကို ပျံတက်၊ မြေပြင်ကို အရှိန်ပြင်းစွာထိုးဆင်း၊ ရင်ကွဲပြီး အသေခံတယ်တဲ့၊ အင်မတန် သစ္စာရှိတဲ့ငှက်မျိုးတဲ့"

"ညီမလေးလည်း အောက်ချင်းငှက်လို အချစ်မျိုးနဲ့ပါ ကိုကိုရယ် ... အောက်ချင်းငှက်လိုပဲ သစ္စာတည်ပါမယ် ... ကိုကိုမရှိတော့တဲ့ ဒီကမ္ဘာမှာ ညီမလေးတစ်ယောက်တည်း မကျန်ရစ်ခဲ့ပါဘူး ... ကိုကိုရှိရာ တမလွန်ကို လိုက်ခဲ့မယ်၊ ညီမလေးမှာလည်း အောက်ချင်းအချစ်၊ အောက်ချင်းသစ္စာမျိုးနဲ့ပါ ကိုကို"

"သိပ်ချစ်တာပဲ ကိုကိုရယ်၊ သိပ်လွမ်းတာပဲ ကိုကိုရယ်၊ ကိုကို့ဆီ ညီမလေး လိုက်လာပြီ"

အနားမှာ လူမရှိဘဲ၊ အသံမထွက်ဘဲ စုသက်ရည်တစ်ယောက်တည်း စကားပြောနေပါသည်။ ဦးချစ်ထွန်းနှင့် ဒေါ်စုမွန်ရည်တို့က သမီးကို စက္ကန့်မလပ် ဂရုစိုက်ကာ စောင့်ကြည့်နေသည်ကြားမှ ...

"ဟဲ့ ... သမီး၊ အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ငြိမ်ဏလေးထိုင်နေရာမှ ပြတင်းဘောင်ဆီသို့ လှားခနဲ ခုန်တက်သွားသော စုသက်ရှည်ကို ဒေါ်စုမွန်ရည် အဆွဲမြန်ပေလို့သာ အသက်ချမ်းသာရာရခြင်းဖြစ်ပါ၏။ မဟုတ်လျှင် ... နှစ်ထပ်တိုက်အမြင့်ပေါ်မှ ခုန်ချကာ သေပစ်လိုက်မည်ဖြစ်လေသည်။ ကိုကို ဝယ်ပေးထားသည့် ပိုးပဝါပါးပါးနီနီကလေးကို လည်မှာရစ်၍ တအား ကျုံးဆွဲလိုက်စဉ်ကလည်း ဖေဖေ အဆွဲမြန်၍သာ။ အလိတ်စား ပါးပါးကလေးနှင့် လက်ကောက်ဝတ်သွေးကြောကို တိခနဲ လှီးချပြန်တော့လည်း ဆေးရုံအရောက်မြန်ပေလို့သာ။

"ကိုကိုမရှိတဲ့ ဒီကမ္ဘာမှာ မနေချင်ဘူး၊ ညီမလေး လိုက်ခဲ့ပါရစေ၊ ညီမလေးကိုလည်း ခေါ်ပါ ကိုကိုရယ် ... ကိုကို့နဲ့ မခွဲနိုင်ဘူး၊ ညီမလေးလေ ကိုကို့ကို သိပ်ချစ်တာပဲ ကိုကိုရယ်၊ သိပ်လွမ်းတာပဲ ကိုကိုရယ်"

* ❧ *

"စုသက်ရှည် လိုက်ခဲ့မယ် ကိုကိုရေ ... စုသက်ရှည် သေချင်တယ်၊ မတားကြပါနဲ့၊ သေပါရစေ၊ ကိုကို့နောက်ကိုလိုက်မယ်၊ ကိုကိုမရှိတဲ့ ဒီကမ္ဘာမှာ တစ်ယောက်တည်းမနေခဲ့ဘူး၊ ကိုကို ... ကိုးကိုရေ ... ကိုကို မရှိတော့ဘူး၊ ကိုကို ဆုံးပြီ၊ ကိုကို ညီမလေးကို ခွဲသွားပြီ ... ကိုကိုရေ ..."

ပက်လက်လှန်အိပ်နေသည့် စုသက်ရှည်က ခေါင်းကို ဘယ်ညာ သွက်သွက်ကြီးယမ်းခါသည်။ နှုတ်မှ တတွတ်တွတ် ရေရွတ်ရင်း၊ ခေါင်းယမ်းရင်းမှ လူပါ ကျုံးထလာသည်။



"ကိုကို ဆုံးပြီ"

တအားကျုံးအော်သံက တစ်ခန်းလုံး ဟိန်းသွားသည်။ စုသက်ရှည် ငုတ်တုတ်ကလေး ထထိုင်သည်။ လက်ဝါးပြင်နှစ်ဖက်ထဲ မျက်နှာကို မှောက်ချကာ တအင့်အင့်ငိုကြွေးရှာပါတော့သည်။

"ဟုတ်တယ် စုသက်ရှည် ... ကိုမင်းထင်လတ်ဟာ ကွယ်လွန်ခဲ့ပြီ"

ဆရာဝန်က ဖြည်းညင်းစွာပြောသည်။

"တရားနဲ့ဖြေပါတော့ကွယ်"

စုသက်ရှည်က ငိုရှိုက်ရင်းမှ အသံစိမ်းရှင်ကို မော့ကြည့်သည်။ တစ်ဦးက ထောင်ထောင်မောင်းမောင်း ရုပ်ရည်သန့်ပြန့်သည်။ အသက်လေးဆယ်ကျော် ယောက်ျားဖြစ်သည်။ ဂျူတီကုတ်ကို မြင်ရသောကြောင့် ဆရာဝန်မှန်း သိလိုက်သည်။

နောက်တစ်ဦးက အသက်ငါးဆယ်ဝန်းကျင်၊ ကျော်ချင်လည်း ကျော်မည်။ အမျိုးသမီးကြီးတစ်ဦး၊ သည်မျက်နှာကို စုသက်ရှည် မြင်ဖူးပါသည်။ တစ်ခါတုန်းက ... တစ်ခါတုန်းက တွေ့ခဲ့ဖူးပါသည်။

"အန်တီမိ"

နှုတ်မှ လွှတ်ခနဲ ခေါ်မိသည်။

"ဟုတ်တယ် စုသက်ရှည် ... အစ်ကိုချစ်ထွန်းရဲ့ညီမ အန်တီမိလေ၊ စုသက်ရှည် မှတ်မိလား"

"မှတ်မိပါတယ် ... အန်တီမိရယ်၊ ဖေဖေလည်း မရှိတော့ဘူးနော်၊ ပြီးတော့ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်စုမွန်ရည်က ..."

ဆရာဝန်ကြီးက စကားကို ဝင်ထောက်သည်။

"မေမေက ကားအက်စီးဒင့်ဖြစ်လို့ မေမေရောဟင် ... မေမေရော ... မေမေ ဘာဖြစ်သွားသေးလဲဟင် ... အန်တီမိ"

စုသက်ရည်က ခုတင်ထက်မှ ခုန်ဆင်းကာ ဒေါ်မိမိထွန်းထံ ပြေးသွားသည်။ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်၍မေးသည်။

"အဲဒီကို လိုက်သွားရအောင်၊ စုသက်ရည် သိပ်အားနည်းနေလို့ လမ်းလျှောက်နိုင်အောင် အားဆေးထိုးလိုက်မယ်၊ ခုတင်ပေါ် ခဏလေးပြန်တက်နော်"

ဆရာဝန်ကြီးက စုသက်ရည် လက်မောင်းကို လာကိုင်သည်။ ခုတင်ထက်သို့ မသိမသာ တွန်းပို့သည်။ ပထမတော့ စုသက်ရည် မျက်လုံးအပြူးသားနှင့် ပြန်ကြည့်သည်။ ခုတင်ပေါ် မတက်ပါ။ သည်အချိန်မှာ သူနာပြုဆရာမက ဆေးထိုးအပ် အဆင်သင့်ပြင်ပြီး ပါပြီ။

"သွားလေ စုသက်ရည် ... ဒေါက်တာ့ပြောစကား နားထောင်လိုက်လေ"

ဒေါ်မိမိထွန်းက တိုက်တွန်းတော့မှ စုသက်ရည် ခုတင်ဆီသို့ ပြန်လိုက်လာသည်။ ခွေခွေကလေး လှဲချပေးသည်။ သူ့တင်ပါးဆီမှာ စစ်ခနဲ နာကျင်စေရင်း ဝင်သွားသည့် ဆေးရည်များကို အိပ်ဆေးမှန်း စုသက်ရည် မသိလိုက်ပါ။ သည်တစ်ခါတော့ လူရောစိတ်ပါ တကယ်နားကာ တကယ် အိပ်ပျော်သွားရပြီဖြစ်ပါသတည်း။

❋ ၁၈ ❋



## အချစ်အိပ်မက်တစ်ရေးနိုး

"နေကောင်းရဲ့လား စုသက်ရည်"

ဆရာဝန်ကြီးက ပြုံး၍ နှုတ်ဆက်သည်။

"အိပ်ရာကနိုးလာကတည်းက မနေ့က ဆရာ ... ညာပြီး အိပ်ဆေးထိုးလိုက်တာ မှတ်မိပါတယ် ဆရာ၊ ခေါင်းထဲကလည်း ကြည်ပါတယ်၊ မေမေ မရှိတော့ဘူးဆိုတာလည်း နားလည်လိုက်ပါတယ် ဆရာ"

စုသက်ရည် လဲလျောင်းရာမှ ခုတင်ပေါ်တွင် ကျုံ့ကျုံ့ကလေး ထထိုင်သည်။ ခေါင်းကို ငုံ့၍ ထစ်ခွန်းချင်းပြောသည်။

"အားလုံးကို ပြန်ပြီး မှတ်မိပြီပေါ့"

"မှတ်မိပါပြီ ဆရာ"

"နေကောင်းအောင် စိတ်ကို ထိန်းပြီးနေပါ စုသက်ရည်၊ ပူဆွေးဝမ်းနည်းမှုဆိုတာ လူသားတိုင်းမှာ ရှိကြတာချည်းပါပဲ၊ စိတ်ကို ဖြေရမှာပေါ့၊ ဆရာပြောတာ သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ် ဆရာ"

ခေါင်းငုံ့ဆဲမှာပင် မျက်ရည်များ ဝဲလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငိုချင်စိတ် ဖြစ်လာရင် ငိုချလိုက်လေ၊ ပွင့်အန်ခြင်းဆိုတာ ခံစားမှုကို ကုသခြင်းတစ်မျိုးပါ၊ ပေါက်ကွဲခြင်းဆိုတာသာ မဖြစ်စေနဲ့၊ ကျန်းမာရေးကို ထိခိုက်တယ်"

စုသက်ရည် မျက်ရည်များ ပေါင်ပေါ်သို့ တစ်စက်ချင်းကျလာသည်။

"ခုနေတော့ သိပ်ဝမ်းနည်းနေဦးမယ်၊ ဒီနေ့တစ်နေ့နားပြီးတော့မှ နောက်နေ့တွေမှာ စကားပြောကြတာပေါ့"

ဆရာဝန်ကြီးက နှစ်လိုဖွယ် အပြုံးတစ်မျိုးကို ဖြိန်ဖြိန်ကြီးပြုံးပြသွားခဲ့သည်။ အခြားလူနာများကို ကြည့်ရှုရန် ဆက်လက်ထွက်ခွာသွားပါတော့သည်။ စုသက်ရည် အိပ်ရာပေါ်သို့ ပြန်လှဲချသည်။ မျက်ရည်များ ပါးပြင်မှတစ်ဆင့် ခေါင်းအုံးဆီသို့ စီးဆင်းကြသည်။

အားလုံးကို ပြန်လည်မှတ်မိပြီဆိုတော့လည်း မှတ်မိချင်စရာမကောင်းလောက်အောင် ကြေကွဲဆို့နင့်ဖွယ် ဇာတ်လမ်းကို ပြန်တွေးမိပါ၏။ ရင်နာစရာ ဖြစ်ရပ်များကို ဆက်တိုက်ကြုံတွေ့ခဲ့ရသည်မို့ မိမိကိုယ်မိမိ ကမ္ဘာပေါ်မှာ ကံအဆိုးဆုံး လူသားအဖြစ် သတ်မှတ်မိသည်။

အငိုရပ်သည့်တိုင် ဝမ်းနည်းဆို့နင့်မှုများ ပြေပျောက်မသွားပါ။ အတွေးနွယ်မျှင်ကလေးများ အတိတ်ဆီသို့ ပြန်သွားကြသည်။ အတွေးမျှင်တို့ ခရီးဆန်ကြရာ၌ မိုင်ပေါင်းမည်မျှပင် ရှည်လျားစေကာမူ တစ်ချိန်တစ်ခါက ကြုံဆုံခဲ့ဖူးသည့် "ပြည့်ဖြိုးဝေ"ဆိုသည့် ပုဂ္ဂိုလ်တစ်ဦးကတော့ သူ့အတွေးမျှင် ခရီးစဉ်မှာ ပါမလာခဲ့ပါ။



သည်ကွက်လပ်ကို ကျော်လွှားလွန်မြောက်ပြီးမှ သူ့ရှေ့က အတိတ်နွမ်းများကိုသာ ပြန်လည်တမ်းတမိပါတော့သတည်း။

❋ ၁၈ ❋

စုသက်ရည်သည် ဆေးရုံမှ ဆင်းခဲ့ပါပြီ။ လူကလည်း ထုထုထောင်ထောင် ရှိပါသည်။ ဆေးရုံမတက်ခင် ပြည့်ဖြိုးဝေ ပြောစကား နားထောင်ကာ မှန်မှန်စား၊ မှန်မှန်အိပ်ခဲ့သည့် အကျိုးကြောင့် အားပြတ်နွမ်းနွဲ့ခြင်း မရှိခဲ့ပါ။ ဆေးရုံပေါ်ကျတော့လည်း အစစအရာရာ ဂရုတစိုက် စောင့်ကြည့်ခြင်း ခံရသည်မို့ စိတ်ဝေဒနာ ပျောက်သည်နှင့် အခြားရောဂါဝေဒနာဟူ၍ တစ်ခုမျှကျန်မနေခဲ့ပါ။

သူ့အဖြစ်များက ဆိုးလွန်းသည်မို့ သည်အကြောင်းများကို ပြန်တွေးမိချိန်မှာသာ စိတ်အညှစ်လွန်ပြီး ခေါင်းမူးတတ်ပါသည်။ ကျန်သည့်အချိန်မှာတော့ လူကောင်းပကတိပါ။ သို့ပေမင့် တစ်လတစ်ခါတော့ ဆေးရုံသို့ လာပြရမည်ဟု ဆရာဝန်က ညွှန်ကြားပါသည်။

သူ့အိမ်မှာပဲ ဆက်နေပါဦးဟု ဒေါ်မိမိထွန်းက ပြောသည်။ လေးလေး ဦးအောင်သိန်းကလည်း စုသက်ရည် သဘောပဲဟုဆိုသောကြောင့် ဒေါ်မိမိထွန်းတို့အိမ်သို့ပဲ ဆင်းလာခဲ့သည်။ အဒေါ်ဆိုပေမယ့် ရင်ထဲမှာ ရင်းနီးမှုနည်းသောကြောင့် သိပ်တော့မနေချင်ပါ။

"စုသက်ရည် နေမကောင်းစဉ်က သူတို့ပဲ ကြည့်ရှုထားတာ"

www.burmeseclassic.com

www.burmeseclassic.com



လေးလေး ပြောလျှင် စုသက်ရည် လက်ခံနားထောင်နေကျ ဖြစ်သည်။ "စကားကို နည်းနည်းပြောပြီး၊ အလုပ်ကို ရိုးရိုးဖြောင့်ဖြောင့်နဲ့ များများလုပ်"ဟု မေမေ သွင်းခဲ့သည့် ပုံစံမှာဝင်သော ဦးလေးမို့လည်း စုသက်ရည် အားကိုးသည်။

"လေးလေးကလည်း ရန်ကုန်မှာ အမြဲတစေ မနေနိုင်ဘူး၊ ဟိုမှာ အလုပ်တွေကလည်း ရှိသေးတယ်၊ ညည်းကလည်းဆေးရုံကို ပြန်ပြန်ပြရဦးမှာ၊ လေးလေး တစ်ပတ်တစ်ခါလောက်တော့ ဆင်းလာမယ်၊ မန္တလေးကဆိုင်ကိုတော့ မမမွန် ရှိတုန်းကအတိုင်း စိတ်ချထား၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ အန်တီမိတို့ စောင့်ရှောက်ခဲ့တာကို ကျေးဇူးလည်းတင်ပါတယ်၊ ဒါပေမဲ့ လေးလေးရယ် ကိုယ့်အိမ်ကိုယ့်ရာမှာပဲ နေချင်တယ်"

"ဆရာဝန်က မန္တလေး မပြန်သင့်သေးဘူးတဲ့၊ လေးလေး စီစဉ်ပေးမယ်လေ၊ အိမ်လေး ဘာလေး ငှားတန်ငှားရတာပေါ့"

"ဟင် … ဘယ်သူလာနေပေးမှာလဲ"

"မအေး ခေါ်လိုက်မယ်၊ အစ်ကိုဘခက်လည်း အားနေတာပဲ"

"လေးလေး ကောင်းသလိုသာ စီစဉ်ပါ၊ အန်တီမိတို့အိမ်မှာတော့ သိပ်ကြာကြာ မနေချင်ဘူး""

"ဘာဖြစ်လို့လဲ"

"မသိဘူး လေးလေးရဲ့၊ မနေချင်တာပဲ သိတယ်"

"အေးလေ လေးလေး လုပ်ပါ့မယ်၊ အခုတော့ ခဏနေခဲ့ဦး၊ သူတို့က အစ်ကိုချစ်ထွန်းအမျိုး၊ လေးလေးက မမမွန် အမျိုးဆိုတော့ ဖြုန်းစားကြီး ပြန်ခေါ်လို့လည်း မသင့်ဘူး"



ဦးအောင်သိန်း ပြန်သွားတော့ စုသက်ရည် အားငယ်၍ ကျန်ရစ်ရှာသည်။ သည်အိမ်မှာ မမမိ တစ်ယောက်ကိုတော့ အခြားသူများထက်ပို၍ စုသက်ရည် ခင်တွယ်မိသည်။ မမမိ မျက်ဝန်းများမှာ ကြင်နာခြင်းများ ပြည့်နေတတ်သည်မို့ပါ။

ဦးသက်အောင်၊ ဒေါ်မိမိထွန်းနှင့် မျိုးသက်ထွန်းတို့က တစ်ခွန်းတစ်ပါဒမျှ မဟသောကြောင့် "ပြည့်ဖြိုးဝေ"ကို စုသက်ရည် လုံးလုံးသတိမရပါ။

မမမိ ပြောလာမှ …

"ကိုဖြိုးကို မှတ်မိလား စုသက်ရည်"

"ဟင့်အင်း … ဘယ်က ကိုဖြိုးလဲ"

"သူ့နာမည်က ပြည့်ဖြိုးဝေတဲ့"

"စုသက်ရည် မိတ်ဆွေတွေထဲမှာတော့ အဲဒီနာမည်မျိုးနဲ့လူ တစ်ယောက်မှ မရှိပါဘူး"

"စဉ်းစားပါဦး"

"အမျိုးထဲကလားဟင်၊ ဖေဖေ့အမျိုးတွေဆိုရင် စုသက်ရည်က လူစေ့မှ မသိတာ မမမိရဲ့"

"နားထောင် စုသက်ရည် … သဘောထား မြင့်မြတ်ပြီး အမြတ်မ်း ကြိုးစားနေတဲ့ လူတော်တစ်ယောက်ဟာ စုသက်ရည် နေမကောင်းစဉ်က ဘယ်လိုကူညီခဲ့တယ်ဆိုတာ မမမိ ပြောပြမယ်"

ဖြိုးအကြောင်းကို မိမိသက်ထွန်းက ပုံပြင်တစ်ခုနှယ် စိတ်ရှည်လက်ရှည် ပြောပြပါသည်။ မင်းထင်လတ်ဟု ယုံမှတ်ကာ "ကိုကို" ခေါ်ခဲ့သည့် အကြောင်းများကို ရောက်တော့ စုသက်ရည်

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲမိသည်။ ဖြိုး၏ ယုယကြင်နာပုံကလေးများကို ကြားရတော့ ဝါးအိုးကလေးများနှင့် နားရွက်ဖျား ရဲတက်လာသည်အထိ ရှက်သွေးဖြာရသည်။

ဩော် ... စိတ်ဝေဒနာကို ခံစားနေရစဉ်က လူတစ်ယောက်ကို မိမိဘဝထဲသို့ ဆွဲခေါ်ကာ အသုံးချခဲ့ဖူးသည် ဆိုပါကလား။

"သူဟာ ... အကြင်နာတရား ကြီးမားသလောက် ထိန်းသိမ်းစောင့်စည်းနိုင်တဲ့ လူကောင်းတစ်ယောက်ပဲ စုသက်ရည်"

"ဒီအကြောင်းတွေ ကြားရတော့ အဲဒီလူကို ကျေးဇူးတင်ပါတယ်၊ မမမိရယ် ... အားလည်းနာ၊ ရှက်လည်း သိပ်ရှက်မိတာပါပဲ"

"ပေးလာတဲ့ အခြေအနေပေါ်မှာ အခွင့်အရေး လုံးဝမယူတဲ့ လူမို့ ချီးကျူးစရာလည်း ကောင်းတယ်"

မမမိက "မှွမ်း" လွန်းသောကြောင့် သည်လူ့အပေါ်မှာ မမမိထားရှိမည့် သံယောဇဉ်အတိမ်အနက်ကို စုသက်ရည် တွေးကြည့်မိသည်။

"သူ ... အဲဒီဖြိုးဆိုတဲ့လူက၊ မမမိရဲ့သိပ်ရင်းနှီးတဲ့ မိတ်ဆွေလားဟင်"

"ဘာကိုဆိုလိုတာလဲ စုသက်ရည်၊ ဘယ်လောက်ထိ ရင်းနှီးတာကို မေးချင်တာလဲ၊ တကယ်တော့ အစ်ကို့သူငယ်ချင်းပါ"

"ဟို ... မမမိရဲ့ ဟိုဒင်းလားလို့"

"ဟင့်အင်း"

မိမိသက်ထွန်းက ခေါင်းကို သွက်သွက်ခါယမ်းသည်။



"သူ့ကို မမမိ သိပ်ခင်တယ်၊ အထင်လည်း ကြီးတယ်၊ ရာသက်ပန် ပေါင်းသင်းထိုက်တဲ့ မိတ်ဆွေကောင်းတစ်ယောက်လို့လည်း မြင်တယ်၊ သူက မမမိထက် အသက်ရော အစာန်းပါငယ်ပါတယ်၊ သူ့ကို မမမိ ရိုးရိုးသားသားပဲ ခင်တာပါ"

"သူကကော"

"မထင်နဲ့ စုသက်ရည်၊ ကိုဖြိုး ရင်ထဲ အသည်းထဲက စွဲလမ်းပြီး မက်မောတွယ်တာတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်"

"အစ်ကိုမျိုးတို့ ကျောင်းကပဲလား"

"မဟုတ်ဘူး၊ အဲဒီမိန်းကလေးက စုသက်ရည်"

"ဟင်"

စုသက်ရည် ပါးပြင်အလယ်မှာ နှင်းဆီရဲရဲကလေး ပွင့်အာသွားရသည်။ မိမိသက်ထွန်းက မွေးနေ့ပွဲမှာ ဓာတ်ပုံကလေးရသွားပုံမှ စပြောပြတော့ စုသက်ရည် ရှက်စိတ်မှာ ကြေကွဲစိတ်တို့ပေါင်းစပ်ကာ ခံစားရသည်။ သနားသလိုလိုရှိပေမင့် သည်လူအဘယ်မျှ လူတော်လူကောင်း ဖြစ်နေပါစေ ကိုကို့နေရာမှာ အခြားသူတစ်ဦးကို အစားထိုးဖို့ မစဉ်းစားရက်နိုင်ပါ။

"မမမိရယ် ... စုသက်ရည်အနေနဲ့ ဘယ်လိုမှ လက်ခံစဉ်းစားနိုင်မှာ မဟုတ်ပါဘူး၊ လူတစ်ယောက်ကို အားနာတာနဲ့ ကြိုးရှည်ရှည်နဲ့ လှန်ထားသလို ဒုက္ခပေးနေရာ ရောက်မှာလည်းစိုးတယ်၊ ဒီအတိုင်းဆို ခပ်ကင်းကင်းဆက်ဆံမှ ဖြစ်တော့မယ်"

"ဒါတော့ စုသက်ရည် သဘောပါ၊ စုသက်ရည်ဘဝမှာ ကွက်လပ်ဖြစ်နေတဲ့ အစိတ်အပိုင်းကို မမမိက ပြည့်စုံသွားအောင် စေတနာနဲ့ ပြောပြတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... စုသက်ရည် နားလည်ပါတယ်"

"သူ့ကိုမြင်ရင် စုသက်ရည် မှတ်မိမလားဟင်"

"မမှတ်မိနိုင်ဘူး ထင်ပါတယ် မမမိ၊ စုသက်ရည် စဉ်းစားကြည့်တယ်၊ စိတ်ထဲမှာ ပေါ်မလာဘူး၊ သူ ... စုသက်ရည်ဆေးရုံတက်နေတုန်းက တစ်ခါမှ မလာဖူးဘူးလား"

"ပထမပိုင်းတုန်းကတော့ ဆရာဝန်ကတားတာ၊ စုသက်ရည်နေကောင်းသွားတော့ ကိုမင်းထင်လတ် ဆုံးပြီဆိုတာကို လက်ခံနိုင်တဲ့ အစိတ်အပိုင်းကိုရောက်တဲ့ အချိန်ကိုရောက်တော့၊ ဆရာဝန်က လာချင်လာပစေတော့တဲ့ ..."

"ဒါပေမဲ့ မလာဘူးထင်တယ်၊ စုသက်ရည် နေကောင်းပြီးတဲ့နောက်ပိုင်းမှာ မျက်နှာစိမ်းတစ်ယောက်မှ မတွေ့မိဘူး"

"မေမေက သူ့တူမသူငွေးလေးကို အရရှိုင်သွားမှာစိုးလို့တဲ့၊ ဆရာဝန်က ဆက်ညွှန်ကြားသလိုလိုနဲ့ မလာနဲ့ဦးလို့ တားထားတာ"

"ဩော် ... အဲဒီလို တွေးပူရတာ အားနာစရာကြီး"

"စုသက်ရည်က တွေ့ချင်လို့လား"

"ကိုယ့်ကျေးဇူးရှင်မို့ မြင်ဖူးချင်တာပေါ့ မမမိရယ်၊ ကျေးဇူးလည်း ဆပ်ချင်ပါတယ်၊ ဒါပေမဲ့ မဖြစ်နိုင်တဲ့ မျှော်လင့်ချက်တော့ ပေးမထားချင်ဘူး"

"တို့ညီမက ကိုမင်းထင်လတ် အပေါ်မှာ သေသည်အထိသစ္စာရှိနေလိုက်တာ"

"မမမိရယ် ... ကိုကိုက ပြောခဲ့တာပါ၊ သူ့အချစ်ဟာ **အောက်ချင်းအချစ် အောက်ချင်းသစ္စာမျိုးပါတဲ့**"

---



"စုသက်ရည် သိပ်ငယ်သေးတယ်လေ၊ စကားကို အကုန်မပြောနဲ့၊ ဒီလိုပဲ အောက်ချင်းအချစ် အောက်ချင်းသစ္စာမျိုး အသစ်တစ်ဖန် ပြန်လည်ရှင်သန်လာတာမျိုး ဖြစ်ချင်ဖြစ်ဦးမှာပေါ့"

"ဟင့်အင်း ... မဖြစ်နိုင်တော့ဘူး ထင်ပါတယ်၊ ဒါပေမဲ့ စုသက်ရည်ရဲ့ကျေးဇူးရှင်ကိုတော့ မြင်ဖူးထားချင်ပါတယ်"

"ဟိုကလည်း လာတွေ့ချင်လှပြီ၊ မေမေ့ကို မမမိ နားချပေးပါ့မယ်၊ လာပါစေတော့လို့"

"ဟုတ်ကဲ့၊ သူ့ကျေးဇူးကိုတော့ အသိအမှတ် ပြုချင်ပါတယ်"

"ဒါပေါ့ ... ဆေးရုံတင်ဖြစ်တာတောင် သူ့ကျေးဇူးပဲ၊ မေမေတို့ တူမအပေါ် ချစ်တတ်ပုံ လွဲမှားတာကလေ စိတ်ကျန်းမာရေးဆေးရုံ မပို့ရက်ပါဘူးဆိုပြီး အိမ်မှာထားတာကို အကြာကြီး"

ဩော် ... သူ့ကြောင့် လူကောင်းဖြစ်ခဲ့ရတာတဲ့လားကွယ်။

❋ ❋

စုသက်ရည် ဆေးရုံတက်နေသည့် ရက်အတွင်းမှာ ဖြိုးစာမေးပွဲ ဖြေရပါသည်။ ဆရာဝန်များကလည်း ဖြိုးကို လာမတွေ့ပါနှင့်ဟု ဆိုသည်။ မိမိချစ်သူ မဟုတ်သူတစ်ဦးအား ချစ်သူအဖြစ် လွဲမှားစွာ ယုံကြည်နေမှုကို ဖြတ်ထားသင့်သည်ဟု အကြံပေးကြသည်။ ထို့ကြောင့် ဖြိုး စုသက်ရည်ကို သွားမတွေ့ရပါ။ မတွေ့ဖြစ်ပါ။ စာမေးပွဲများ ပြီးသွားသည့်တိုင် စုသက်ရည် ဆေးရုံမှာရှိနေသေးသည်မို့ ထိုရက်များအတွင်း မျိုးသက်ထွန်းကိုသာ ဖုန်းဆက်၍ သတင်းမေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးတို့ ကျောင်းပိတ်ရက် တစ်ဝက်လောက် ကုန်သွားမှ ဆေးရုံမှ ဆင်းလာခဲ့သည်။ ဆေးရုံတက်ရက် တစ်လခန့်ကြာပါ၏။ ရောဂါပျောက်ကင်းပြီး အားလုံးကို ပြန်လည်သိရှိမှတ်မိကာ ဆေးရုံဆင်းလာပြီဖြစ်ကြောင်း မျိုးသက်ထွန်းက ဖုန်းဆက်သတင်းပေးသည်။ ဖြိုး ရင်ထဲမှာ မီးရထားနှစ်စီး အပြိုင်ခုတ်မောင်းနေသည်။ စုသက်ရည်သည် မိမိကို မည်ကဲ့သို့ ဆက်ဆံလေမည်နည်း။ မိမိကို မှတ်မှ မှတ်မိပါ့မလား။ ပြေးတွေ့လိုက်ချင်ပါ၏။

သို့ပေမင့် ... မျိုးသက်ထွန်းက တနင်္ဂနွေနေ့ ကျောင်းပိတ်ရက်ကျမှ လာပါဟု ပြောသည်။ ဒီကြားထဲမှာ ဖြိုးအကြောင်းကို စုသက်ရည်အား ပြောပြပါရစေဟု ဆိုသည်။ ဖြိုးမကျေမနပ်နှင့် ခေါင်းညိတ်ရသည်။ ရင်ထဲမှာ မကျေနပ်မှုက မိမိဆန္ဒနှင့် ဆန့်ကျင်၍သာ ဖြစ်ရပါ၏။ စင်စစ် ... မျိုးသက်ထွန်း၏စကားက နည်းလမ်းကျနေသည်။ အင်း ... စောင့်ပေဦးတော့ ... ရက်ပေါင်း ခုနစ်ရာ။

မျှော်လင့်တမ်းတခြင်းကြီးစွာ စောင့်စားခဲ့ရသည့် တနင်္ဂနွေနေ့သို့ တိုင်ခဲ့ပါပြီ။

ဖြိုးတစ်သက်တာမှာ ဒီနေ့ ရေချိုးချိန် အကြာဆုံးဖြစ်သည်။ ပင်ကိုက ဖြူသည့်အသားကို "ဝိုက်လိုတပ်စ်"ဆပ်ပြာမွှေးနှင့် တစ်ကိုယ်လုံး လျှောက်တိုက်သည်။ တစ်ခါမျှ ရေမွှေးပေါင်ဒါ သုံးဖူးသူ မဟုတ်သောကြောင့် သည်နေ့ကျမှ ထူးထူးခြားခြားသုံးရန် ရှက်နေသည်။

ဖေဖေကလည်း ... ယောက်ျားလေး ရေမွှေးသုံးတာလောက် အမြင်ကတ်တာ မရှိတော့ဘူး၊ မသကာ ကိုယ်လိမ်းပေါင်ဒါလောက်



သုံးချင်သုံးပေါ့ဟု ... ပြောဖူးသည်။ ကိုယ်လိမ်းပေါင်ဒါဘူးကလည်း အဆင်သင့် ရှိမနေပါ။ မေမေ့ဆီမှ ... ကြီးကြီးမေဆီမှ သွားယူလိမ်းလျှင်တော့ ရသည်။ သို့ပေမင့် ... မိန်းမပိုးသည့်ကိစ္စဆိုသည်မှာ ရပ်သိရွာကျော် ဖြစ်လို့လည်း ကောင်းသည်မဟုတ်။ မလိမ်းဖြစ်တော့ပါ။ သည်တော့ ဆပ်ပြာမွှေးကိုပဲ ဖိတိုက်ရသည်။

မှန်ရှေ့မှာရပ်ကာ ခေါင်းဖြီးတော့လည်း အချိုးကမကျနိုင်။ ဆံပင်က သည်နေ့မှ သခင်အရှင်းကြီးကို သစ္စာဖောက်နေသည်။ စင်စစ် ... သက်မဲ့ဆံပင်ကတော့ ခါတိုင်းလိုပါပဲ၊ ဖြိုးကိုက စိတ်တိုင်းမကျနိုင်ခြင်း ဖြစ်ပါ၏။ နက်ပြာရောင်တီရှပ်ကို ဂျင်းဘောင်းဘီပြာနှင့် ဝတ်ကြည့်တော့ လိုက်လွန်းအားကြီးနေသည်။ ဂျင်းဘောင်းဘီအပြာရင့်ကို ပုံသေထားကာ တီရှပ်ကို အပြာနုရောင်နှင့် လဲပြန်တော့ အပေါ်နု၊ အောက်ရင့် မိန်းမဆန်နေပြန်သည်။

တီရှပ်နက်ပြာရောင်က သူ့အသားဖြူဖြူနှင့် ပိုလိုက်သည် ထင်သောကြောင့် လဲဝတ်ပြန်သည်။ ဘောင်းဘီကို အဖြူဆွတ်ဆွတ် တက်ထရက် လဲဝတ်သည်။ ကိုယ့်ကိုယ်ကိုယ် စိတ်တိုင်းကျသွားတော့ မှန်ရှေ့မှ ထွက်လာခဲ့သည်။ ရင်ထဲမှာ ပုစွန်ဆိတ်ကလေး ဝင်ခုန်နေသလား။

"ဘာလဲ ချစ်သူလောင်း အင်တာဗျူးလား"

"ဟာဗျာ ... ကြီးကြီးမေကလဲ"

အဖိုးကြီးကတော့ 'အလိုက်မသိ အားမနာ တဲ့တိုးကြီး'ပဲ မေးသည်။ ရှက်ကိုးရှက်ကန်းဖြစ်ကာ နားရွက်များ ရဲတက်သွားသည့် တူတော်မောင်ကို ကြီးကြီးမေက ငေးကြည့်ရင်း တဟားဟား ရယ်၍ကျန်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အိဂျစ်နှင့် အစ္စရေးတို့၏ ခြောက်ရက်စစ်ပွဲ စစ်မြေပြင်က ရင်ထဲသို့ ရောက်နေသလား ထင်မိပါ၏။ ရင်ထဲမှာ လှုပ်ရှားလွန်းသောကြောင့် လှကို ကြိုးစား၍ ငြိမ်သက်ထားရသည်။ ကားစတီယာရင်ကို ကိုင်ထားသည့်လက်များ သိသိသာသာကြီး တုန်ယင်နေသည်။

"ညီမလေးက မှတ်မိမှာတဲ့လား"

"ဘယ်ကလူကြီးလဲလို့ မျက်နှာလွှဲသွားမှာလား"

"မောင်းထုတ်တဲ့အဆင့်အထိတော့ မရက်စက်တန်ကောင်းပါဘူး ထင်ပါရဲ့"

"မှတ်မိပါပြီတဲ့ ချစ်နေဦးမှာတဲ့လား"

"သိပ်ချစ်တာပဲ ကိုကိုရယ်၊ သိပ်လွမ်းတာပဲ ကိုကိုရယ် ဆိုပြီး ရင်ခွင်တွင်းများ ပြေးဝင်လာခဲ့ရင် ဒီတစ်ခါတော့ တအားပြန်ပြီး ကျုံးအဖက်ပဲ"

ကိုယ့်အတွေးကိုယ် သဘောကျကာ မျက်နှာက ပြုံးပြုံးကြီး ဖြစ်သွားမိသည်။

"ကွယ်လွန်သွားပြီဖြစ်တဲ့ သူ့ချစ်သူအပေါ်မှာ အောက်ချင်းငှက်လို သစ္စာစောင့်သိနေမယ်ဆိုရင် ငါလိုလူတစ်ယောက်ကို အစားထိုးနိုင်ပါ့မလား"

စိတ်ပျက်လက်ပျက်ဖြစ်ကာ မျက်နှာညှိုးသွားမိပြန်သည်။ ပြည်လမ်းမကြီးတစ်လျှောက် ကားမောင်းလာရင်း မျက်နှာက ပြုံးတစ်ခါ မဲ့တစ်ခါ ဖြစ်နေရတော့သည်။ ကမာရွတ်မီးပွိုင့်သို့ အရောက်မှာ လှည်းတန်းဈေးဘက် လှည့်ဝင်ကာ နှင်းဆီပန်းကလေးများ ဝယ်ရကောင်းမလားလို့ တွေးမိသေးသည်။



"ကလက်တက်တက်နဲ့ ရှက်စရာများ ဖြစ်နေမလား"

စဉ်းစားဆဲမှာပင် ကားရပ်ပုံက တက္ကသိုလ်ရိပ်သာလမ်းဘက်ဆီသို့ ကွေ့ရန်နေရာယူပြီးသား ဖြစ်နေသည်။ ဝယ်ခွင့်မရတော့ပါ။ ဆုံးဖြတ်ချက်က အလိုလိုချပြီးသား ဖြစ်သွားတော့သည်။

"နေနှင့်ဦး ညီမလေးရယ်၊ ကိုကို့ကို သိပ်ချစ်ပါတယ်လို့ ပြောတဲ့အခါကျမှ လှည်းတန်းဈေး တစ်ဈေးလုံးမှာရှိတဲ့ နှင်းဆီပန်းတွေ၊ စံပယ်ပန်းတွေ၊ ဂန္ဓမာပန်းတွေ၊ ဒေလီယာပန်းတွေ၊ မေမြို့သစ္စာပန်းခိုင်ကြီးတွေပါမကျန် ဝယ်ပေးမယ်"

အိမ်ကို မသိမသာ ခဲထားမိသည်။ မျိုးသက်ထွန်းတို့အိမ်က တက္ကသိုလ်ရိပ်သာလမ်းတော့ လမ်းပါပဲ၊ သို့ပေမင့် လမ်းသွယ်ကလေးဖြစ်၍ မြေနီလမ်းထဲသို့ ဝင်ရသည်။ အစက ခြံကျယ်ကြီးများ၏၊ နောက်ပိုင်းကို ခွဲရောင်းသည့်အခါ ဘေးကလမ်းလုပ်ပေးရသည်မို့ လမ်းသွယ်ကလေး ဖြစ်သွားဟန် တူပါ၏။ မျိုးသက်ထွန်းတို့၏ တစ်ထပ်တိုက်ပြာပြာ၊ နောက်တိုတို ဘေးလျားလျားကလေးရှေ့မှာ ကားထိုးဆိုက်သည်။

ရင်ထဲမှာ ပုစွန်ဆိတ်ကလေး ခုန်မနေပါ။ စက်သေနတ်တွေပစ်နေသည်။

"လာ ... ဟော့ကောင်ကြီး"

မျိုးသက်ထွန်းက ပြုံးရွှင်ပျော့ာစွာ ဆီးကြိုသည်။ ဖြိုးသည် သူ့အတွက် သူငယ်ချင်း ဖြစ်သလို သူ့ညီမ၏ကျေးဇူးရှင်တစ်ဦးလည်း ဖြစ်နေရသည် မဟုတ်လား။

"အတော်ပဲ ကိုဖြိုး၊ ဒီနေ့ မီးရှည်လုပ်တယ်၊ ကိုဖြိုး ဝက်သားစားရဲ့လား"

www.burmeseclassic.com



မိမိသက်ထွန်းသည် ဖြိုးကို အမြဲတစေ ဖော်ဖော်ရွေရွေ ဆက်ဆံလေ့ရှိပါ၏။ ဖြိုးမှာသာ စုသက်ရည်ဇောကပ်နေရသည်မို့ မိမိသက်ထွန်းကို သိပ်တရင်းတနှီးကြီး မနေဖြစ်ခဲ့ပါ။ သည်နေ့တော့ ရင်ထဲမှာ အရမ်းလှုပ်ရှားနေသည်။ ပျော်သလိုလိုလည်း ခံစားမိသည်။ စိုးရိမ်ကြောင့်ကြမှုတွေကလည်း အတိုင်းမသိ လွှမ်းမိုးသည်။ မည်သည့်ခံစားချက်မျိုးဟူ၍ မပြောတတ်ပါ။ စိတ်ခေါက်တက်ကြွခြင်း တစ်မျိုးကိုတော့ ခံစားရပါ၏။ မျက်စိက ဝေ့ဝဲကာ စုသက်ရည်ကိုပင် ရှာမိ၏။

"စားပါတယ်၊ မိမိက ကျွန်တော့်ကို ဘာလူမျိုး ထင်နေလို့လဲ"

"အမယ် ... မထင်ပါဘူး၊ ထင်ရင်လည်း ဗမာလူမျိုးချောချောလေးလို့ပဲ ထင်ပါတယ်၊ တချို့တွေက ဝက်သား အမဲသား ရှောင်တတ်လို့ မေးတာပါ"

ဖြိုးက ကုလားထိုင်မှာ ထိုင်ချသည်။ မျိုးသက်ထွန်းလည်း ထိုင်သည်။ မိမိ သက်ထွန်းက မတ်တတ်ရပ်နေဆဲ။ ဦးသက်အောင်နှင့် ဒေါ်မိမိထွန်းတို့ကို မတွေ့ရပါ။

"စုသက်ရည် မရှိဘူးကွ"

"ဟင်"

"မေမေနဲ့ မေမေက ကားနဲ့လိုက်ပို့ကြတယ်၊ စုသက်ရည် ကားနဲ့လေ"

ဖြိုးရင်ထဲမှာ ဆို့တက်သွားသည့် အလုံးကြီးက ပြန်တော့ကျပါသည်။ အစာအိမ်တွင်းသို့ မရောက်ဘဲ ရင်ညွန့်နားဆီမှာ တစ်နေသည်။



"စုသက်ရည်က အစတုန်းက ကားမောင်းတတ်တယ်၊ စိတ်နောက်သွားတော့လည်း တစ်ခါတစ်ခါ ကားမောင်းပြီး ထွက်သွားတတ်တာ မင်း သိသားပဲ၊ အခု စိတ်ပြန်ကောင်းတော့ ကားပြန်မောင်းတတ်သေးရဲ့လားလို့ စမ်းကြည့်တာ၊ ဟိုဖီးယက်နီနီလေးက စုသက်ရည့် ကားလေ၊ မန္တလေးက ယူလာတာ"

"သြော် ... ကျွန်တော်က ကိုမျိုးတို့မှာ ကားနှစ်စီးတောင်မို့ ထောလှချည်လား ထင်နေတာ"

"နာမည်ကြီး ထမင်းငတ်ကွ၊ မေမေ့ဝင်ငွေကောင်းတယ် ဆိုပေမယ့် တို့မိသားစု သုံးကြပုံက ရှာသမျှ အကုန်ကုန်တာ"

မိမိသက်ထွန်းက ဗန်းကလေးပေါ်မှာ မုန့်ပွဲများပြင်၍ ပြန်ထွက်လာသည်။

"အစ်ကိုကလည်း ညည့်သည်ကို မုန့်ကျွေးခါနီး မျိုမကျအောင် ဘာတွေလျှောက်ပြောနေတာလဲ"

မိမိသက်ထွန်းက ဖြိုးထက် နှစ်နှစ်ခန့် ကြီးပါသည်။ မျိုးသက်ထွန်းဆိုလျှင် လေးနှစ်ခန့်ကြီးသည်။ သို့ပေမင့် မိန်းကလေးတို့သဘာဝက ငယ်ချင်နုချင်သည်မို့ ဖြိုးကို ရွယ်တူကဲ့သို့ပင် ဆက်ဆံသည်။

ဖြိုးက နားလည်စွာ "မမမိ" မခေါ်ဘဲ "မိမိ"ပဲ ခေါ်တော့သည်။

"စားလို့ကောင်းလား ကိုဖြိုး"

"ဟုတ်ကဲ့ ... ကောင်းပါတယ်"

"မနေ့တုန်းက မေမေက မြီးရှည် လုပ်စားကြရအောင်ဆိုတော့ စုသက်ရည်က သူ လုပ်တတ်တယ်တဲ့၊ သူ့ဘာသာသူ

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်တာ၊ မေမေကလည်း လွှတ်ပေးထားတယ်၊ သူ့စိတ်အခြေ အနေကို သိချင်လို့"

"အခု အားလုံး နေကောင်းနေပြီ မဟုတ်လား ကိုမျိုး"

"ကောင်းတယ် ထင်ရတာပဲ၊ ငါ့ကိုလည်း သူ့အစ်ကိုမှန်း သိတယ်၊ မိမိကိုလည်း မှတ်မိတယ်၊ သူ ဓာတ်ပုံ မြင်ဖူးထားတာ ကိုး၊ ဖေဖေနဲ့ မေမေကတော့ မန္တလေးရောက်ဖူးကြတဲ့သူတွေဆို တော့ သူ သိတယ်လေ"

"ဩော် ... ဘယ်တုန်းက ရောက်လို့လဲ"

"ဦးချစ်ထွန်း ဆုံးတုန်းက"

"ဟောဒီ အစ်ကိုဟာလေ၊ ကိုယ့်ဘကြီးကိုယ် ခေါ်ပုံက ဦးချစ်ထွန်းတဲ့"

"ဟ ... ဘကြီးသာဆိုတယ်၊ တစ်ခါမှလည်း မတွေ့လိုက် ဘူး၊ အမျိုးတော်မှန်းသိပြီး ဘကြီးလို့ ဆိုတာ၊ စကားတောင် မပြောဖူးလိုက်ဘူး"

"ဟော ... ပြန်လာကြပြီ ထင်တယ်"

ကားသံကြားရသောကြောင့် မိမိသက်ထွန်းက မတ်တတ် ထရပ်ကာ ပြောသည်။ အိမ်ပေါက်ဝသို့ ထွက်သွားသည်။ ဖြိုး ရင်ထဲမှာ ဒိန်းကနဲ ခုန်သွားသည်။ စကိုင်းလက် အာကာသယာဉ် ပျက်စီးပေါက်ကွဲကျရာမှာ အစိတ်အပိုင်းတစ်ခုက ဖြိုး ရင်ဘတ်ကို လာမှန်သလား ထင်ရသည်။

သူ ... လာပြီ။ ညီမလေး ... ကိုကိုကို မှတ်မိပါ့မလား။

လှည့်ကြည့်ချင်လွန်းသောကြောင့် တမင်မကြည့်ဘဲ မြီးရှည် ကိုသာ သဲကြီးမဲကြီး ငုံ့စားနေလိုက်တော့သည်။



"လာ ... စသက်ရည်၊ ဒီမှာထိုင်ဦး"

မိမိသက်ထွန်းက လက်ကိုဆွဲ၍ ခေါ်လာသည်။

"ဩော် ... မောင်ဖြိုး ရောက်နေသလား"

"ဟုတ်ကဲ့ အန်တီ"

ဒေါ်မိမိထွန်းကို လှည့်အကြည့်မှာ စသက်ရည်ကို ဖွတ်ခနဲ တွေ့လိုက်ရပါသည်။ ဖြိုးကို ကြည့်မနေပါ။ ခေါင်းကလေး ငုံ့ ထားသည်။ သူ့ဆံပင် လေဒီဒိုင်ယာနာပုံကလေးမှ ဆံပင်တိုတို ကလေးများက နဖူးတစ်ပြင်လုံးကို အုပ်မိုးနေသည်။ သည်အခိုက် တွင် အကြည့်များ ဆုံမလားဟု မျှော်လင့်ထားမိသည့် ဖြိုးမှာ ရင်ထဲမှာ နင့်သွားရတော့သည်။

ငယ်စဉ် ကလေးဘဝမှာ လျှောစီးရသကဲ့သို့ မြင့်မားမတ် စောက်သည့် လျှောပေါ်မှ အကိုင်အတွယ်မရှိ လျှောကျရသည့် နှယ် သူ့စိတ်ဓာတ်များ မြေကြီးသို့တိုင် ဒုတ်ဒုတ်ထိ ရောက်သွား ရပါတော့သည်။ ပြန်စားကြည့်သည့်အခါမှာ မြီးရှည်က လုံးဝ အရသာမရှိတော့ပါ။ တစ်ဇွန်း နှစ်ဇွန်း ဆက်စားပြီး ချထားလိုက် တော့သည်။ စိတ်သည် အာရုံငါးပါးလုံးကို လွှမ်းမိုးပါ၏။ စိတ် ပျက်သွားသည်နှင့် အရသာတို့ ကင်းမဲ့သွားကြသည်။

ဩော် ... ဒီလိုပဲ ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပြီးသားပဲ၊ ဒီလိုဖြစ်ရင် ဘယ်လိုပြန်ကြိုးစားမယ် ဆိုတာလည်း ဆုံးဖြတ်ပြီး သားပဲ၊ အရာရာမှာ ဇွဲမလျှော့တတ်တဲ့ ငါ့စိတ်တွေ ဘယ်လိုဖြစ် ကုန်ပြီလဲ ကျိတ်တွေးမိရင်းက ပါးစပ်ကို လက်သုတ်ပဝါနှင့် နာ နာဖိသုတ်နေပါတော့သည်။

"လူငယ်တွေ စကားပြောကြဦးနော်"

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်အောင်က ဖြိုး ပခုံးကို ရင်းနှီးစွာ တစ်ချက်ပုတ်သွားသည်။ ဖြိုးက အလိုက်သင့်ပြန်ပြုံးပြကာ "ဟုတ်ကဲ့ ... ဟုတ်ကဲ့" ဆိုရသည်။ ဒေါ်မိမိထွန်းကလည်း အခန်းတွင်းသို့ ဝင်သွားသည်။

လူမှုရေးနားလည်ကာ သဘောကောင်း အလိုက်သိသည့် လူကြီးများအဖြစ် ဖြိုး ကျိတ်၍လေးစား ကျေးဇူးတင်လိုက်မိသည်။ ဖြစ်နိုင်လျှင်တော့ ကိုမျိုးရော မိမိသက်ထွန်းပါ ရှိမနေစေချင်ပါ။ သို့သော်ငြားလည်း ... ဤမျှထိတော့လည်း သူတို့လိုက်လျောကြမည်မဟုတ်။ ဖြိုးကို လူကောင်းတစ်ဦးအနေနှင့် သဘောကျကြမည်။ စုသက်ရည် မကျန်းမာစဉ်ကလည်း အကူအညီ ယူခဲ့ရသည်မို့ ကျေးဇူးတင်ကြမည်။

ဖြိုးနှင့် စုသက်ရည်တို့ သဘောချင်းညီမျှလျှင် ကန့်ကွက်စရာမရှိ၊ စုသက်ရည်ဘက်က သဘောမကျလျှင်တော့လည်း ဖွတ်တိုက်တွန်းကြမည် မဟုတ်ဟု ဖြိုး တွေးထင်မိသည်။ ဖြိုးမှ ဖြိုးဟူ၍ မက်လောက်အောင် ဖြိုးမှာက လူလတ်တန်းစားသာသာကလေး နေနိုင်ရုံနှင့် မကြာမီ ဘွဲ့ကလေးတစ်ခု ရမည့်သူသာ ဖြစ်သည်။

ဥစ္စာပေါများလွန်းခြင်း၊ ပညာအရည်အချင်း မြင့်မားလွန်းခြင်း၊ ရာထူးဂုဏ်သိန် ကြီးမားလွန်းခြင်းဟူသည့် အရည်အချင်းများ ရှိမနေပါ။ ဖြိုးမှာရှိသည့် အရည်အချင်းက လူတော်လူကောင်း၊ အမြဲကြိုးစားနေမည့်သူ၊ မိဘမျိုးရိုးကစ၍ သဘောထားမြင့်မြတ်သူများ ဒီလောက်ပဲ ဖြစ်သည်။ စုသက်ရည်က သာမန်မိန်းကလေး ဆိုလျှင်ဖြင့် ဤမျှလောက်ကိုပင် တော်လှပြီ၊ ကောင်းလှပြီဟု ဆိုရမည်။



ဒေါ်မိမိထွန်းတို့ မေးနေကြသည့် ရတနာထုပ်ကြီး ရှာမတွေ့ဘူးပဲ ထားပါဦး၊ ဘဏ်အပ်ကာ လုပ်ငန်းမှာ လုညှိလည်သုံးစွဲငွေ၊ မန္တလေးရှိ တိုက်နှင့်ခြံနှင့်၊ ဒေါ်စုမွန်ရည် မဆုံးမီကလေးမှာ "နွေစံအိမ်"အဖြစ် သွားဆောက်နေသော ပြင်ဦးလွင်မှ ဆောက်လက်စတိုက်တန်းလန်း၊ ဖီးယက်ကားနီကလေးကတစ်စီး၊ ဤပစ္စည်းများနှင့်ဆိုတော့ စုသက်ရည်သည် သာမန်မိန်းကလေး မဟုတ်တော့ပါ။

ဈေးတွက်နှင့် တွက်လို့ကတော့ ဖြိုးသည် စုသက်ရည်၏ ဘဝအဖော်မွန်အဖြစ် အမှတ်တစ်ရာပြည့်အောင် မရနိုင်ပါ။ မသကာ ရလှပါမှ ခုနစ်ဆယ်၊ ဂုဏ်ထူးမှတ်မှ ထွက်ပါ့မလား၊ ကျောင်းစာမေးပွဲများတွင် ဂုဏ်ထူးချည်း ထွက်ခဲ့သော ဖြိုးမှာ စုသက်ရည်၏ ဘဝအဖော်မွန် စာမေးပွဲကျကာမှ ဂုဏ်ထူးမှတ်နှင့် ဝေးနေရတော့သည်။

"အဲဒါ ... ပြည့်ဖြိုးဆေလေ၊ စုသက်ရည် မှတ်မိလား"

မျိုးသက်ထွန်းက မိတ်ဆက်ပေးသည်။ ဖြိုးက စုသက်ရည်ကို လှမ်းကြည့်နေသည်။ စုသက်ရည်က မျက်လွှာကိုပင့်၍ တစ်ချက်ကြည့်သည်။ အကြည့်ချင်းဆုံချိန်မှာ ရင်ခုန်လိုက်ဖို့ သတိမရပါ။ ဖြိုးရင်ထဲမှာ တမ်းတခြင်းများက အတိုင်းမသိ ကြီးစိုးနေသည်။ စုသက်ရည် မျက်လွှာပြန်ချသည်။

"အစ်ကိုမျိုးနဲ့ မမမိတို့က ပြန်ပြောပါတယ်၊ ကျွန်မကိုအကူအညီ ပေးခဲ့တယ်တဲ့"

"ကောင်းရောပဲ"ဟုသာ ထအော်ချင်တော့သည်။ "ကျွန်မ" ဟူသော အသုံးအနှုန်းက နွေးဆဲ၊ လှိုက်ဆဲ၊ ခုန်ဆဲ ... ဖြိုးနှလုံးသားကို ရေခဲရေနှင့် ဖြန်းခနဲ ပက်ပါသတည်း။

www.burmeseclassic.com



"ကျေးဇူးအများကြီး တင်ပါတယ် ကိုပြည့်ဖြိုးဝေ၊ တကယ်ပါ၊ ကျေးဇူးရှင်အဖြစ် အမြဲမှတ်ထားပါ့မယ်"

"ဩော် ... ကိုပြည့်ဖြိုးဝေတဲ့လား ညီမလေးရယ်" ဖြိုး ရင်ထဲမှာမော၍ နုံး၍ ခွေကျသွားတော့သည်။

"မမမိတို့၊ အစ်ကိုမျိုးတို့ သူငယ်ချင်းတွေ စကားပြောကြပါ၊ စုသက်ရည် ကုန်းတော်ပေါ်တက်ရတာ နည်းနည်းပင်ပန်းလာလို့ ခဏနားပါရစေ၊ ခွင့်ပြုပါ ကိုပြည့်ဖြိုးဝေ",

ပြောပြောဆိုဆို ထသွားသည်။ ဖြိုး ရင်ထဲမှာ ဟာ၍ကျန်ရစ်ခဲ့တော့သည်။ သူ့အစ်ကိုမျိုး၊ မမမိတို့နှင့်ပြောတော့ "စုသက်ရည်"တဲ့၊ ဖြိုးနှင့်ကျတော့ "ကျွန်မ"ခွဲခြားမှုက အထင်းသားပေါ်သည်။ ဖြိုးကို ချစ်သူတစ်ဦးနှယ် ဆက်လက်တွယ်တာဖို့ဝေးစွ၊ ဆွေမျိုးသားချင်းများနှင့်တောင် တန်းတူထား၍ မဆက်ဆံချင်ပါတကား။

"ဖြိုး"

မျိုးသက်ထွန်းအသံမှာ ကရုဏာလှိုင်းများ စီးဝင်နေသည်။

"ငါပြောတယ် ဖြိုး၊ မင်းကို သူ စိတ်မမှန်စဉ် မင်းထင်လတ်နဲ့မှားပြီး ချစ်သူအဖြစ် ဆက်ဆံခဲ့တယ်လို့၊ အဲဒါ ရှက်နေတာဖြစ်ချင်ဖြစ်မှာပါ"

ဖြိုးက ကြမ်းပြင်ကို စိုက်ကြည့်နေသည်။

"မိကလည်း ကိုဖြိုးဓာတ်ပုံကိုပြပြီး မေးပါတယ်၊ အခုစိတ်မှန်လာတော့ ကိုဖြိုးနဲ့ ကိုမင်းထင်လတ်နဲ့ တူတယ်လို့ စိတ်က ထင်သေးသလားလို့"

ဖြိုး မိမိသက်ထွန်းကို မော့ကြည့်သည်။



"မတူပါဘူးတဲ့၊ ဒါပေမဲ့ တစ်မျိုးစီ ချောကြပါတယ်တဲ့"

ဩော် ... ချောသတဲ့လား၊ ဒီကမ္ဘာမှာ လူချောတွေသာ ရှားပါးပစ္စည်းဆိုလျှင်ဖြင့် ကိုရွှေဖြိုးတို့ မျှော်လင့်ချက်ရှိတန်ကောင်းရဲ့၊ ခုတော့လည်း မြန်မာပြည်မဆိုထားနှင့်၊ ရန်ကုန်မြို့ပေါ်တွင်ပင် လုံချောတွေက ရိုက်သတ်လို့မကုန်အောင် ပေါလိုက်မည့်ဖြစ်ခြင်း၊ လူချောတွေအစား လူပေါတွေဟုတောင် ဆိုနိုင်ကောင်းပါရဲ့။

"ကိုဖြိုးကို သူ့ချစ်သူနေရာမှာ အစားမသွင်းနိုင်ပါဘူးတဲ့၊ ကျေးဇူးတွေတော့ အများကြီးတင်ပါတယ်တဲ့၊ အဲဒါကို ဖွင့်ပြောရခက်လို့၊ ကိုဖြိုးလည်း သူကိုယ်တိုင် ဘာပြောမလဲဆိုတာ ကြားချင်မှာပဲလို့"

မိမိသက်ထွန်းက ရှင်းပြနေသည်။

"မင်းကို ငါ ဝန်ခံစရာတစ်ခုရှိတယ် ဖြိုး"

ဖြိုးအကြည့်က မျိုးသက်ထွန်းဆီသို့ လွှဲပြောင်းရပြန်သည်။

"မင်း စုသက်ရည်ရဲ့ဓာတ်ပုံကိုတွေ့ပြီး ပေးခိုင်းခဲ့တဲ့စာလေ၊ အဲဒါကို ငါမပေးခဲ့ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"အပေးရခက်လို့ပဲ၊ မင်း စဉ်းစားကြည့်လေ၊ လူချင်းတောင် မမြင်ဘူးသေးတဲ့ မောင်နှမကြားမှာ ဒီအလုပ်မျိုး ဘယ်လုပ်လို့ကောင်းမလဲ၊ ဒါပေမဲ့ စုသက်ရည် အကြောင်းကိုတော့ တီးခေါက်ကြည့်ပါတယ်၊ အဲဒီတုန်းကတည်းက မင်းထင်လတ်နဲ့ ကြိုက်နေကြပြီ၊ ဒါကြောင့်မို့ မင်းကို ငါပြန်ပြောခဲ့တာတွေကတော့ အကြောင်းအရာ အမှန်တွေပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကိုမျိုး ပြောတာ"

"မင်း ငါ့ကို စိတ်ဆိုးလည်း ခံရမှာပဲ"

"မဆိုးပါဘူး၊ ကျွန်တော့်ဘာသာ မှန်တာပဲ၊ ကိုမျိုးဘက်က နေကြည့်တော့ ကိုမျိုး ပြောသလိုပါပဲ၊ အပေးရခက်မှာပေါ့"

"အဲဒီစာကို ငါက အခုမှပေးလိုက်တယ်၊ ဟိုတုန်းကတည်းက မင်းဟာ အဲဒီလိုမျိုး စိတ်ဝင်စားခဲ့ပါတယ်လို့ ပြောလိုက်တယ်"

"ဪ ... သူက ဘာတဲ့လဲ"

"မင်းထင်လတ်ဟာ သူ့ရင်ထဲမှာ မသေဆုံးသေးပါဘူးတဲ့၊ တကယ်တမ်းသာ မင်းထင်လတ်က. သူ့ရင်ထဲမှာ သေဆုံးရင် သူလည်း လောကကြီးမှာ ကျန်မနေခဲ့ချင်ဘူးတဲ့၊ ဒါကြောင့်မို့ မင်းရဲ့စာကို သူ့မှာ ဘာခံစားချက်မှ မရှိပါဘူးတဲ့"

"ကောင်းရောပဲ"ဟု ထအော်လိုက်ရလျှင် ရင်တွင်းခံစားမှုများ ပေါ့ရှတ်သွားမှာစိုး၍သာ ငြိမ်နေရသည်။ သူ့ဝသီအတိုင်း ထအော်ချင်စိတ် ဖြစ်မိပါသည်။

"သူ စိတ်မမှန်စဉ်က ကူညီဖူးခဲ့တဲ့သူ တစ်ယောက်အနေနဲ့ မဟုတ်ဘဲ သူ့ကိုဓာတ်ပုံမြင်တာနဲ့ စွဲလမ်းမိတဲ့သူအဖြစ် ကျွန်တော် အကြိမ်ကြိမ် ထပ်ကြိုးစားမယ် ကိုမျိုး၊ ကျွန်တော်ဟာ လွယ်လွယ်နဲ့ ခွဲလွှာတတ်တဲ့သူ မဟုတ်ဘူး"

"ဟင် ... ကိုဖြိုး၊ သူ စိတ်ညစ်ပြီး နေမကောင်းပြန်ဖြစ်မှာ စိုးရတယ်"

မိမိသက်ထွန်းက ညီမအတွက် စိတ်ပူသွားသည်။

"ကျွန်တော်က ချစ်နေတဲ့သူပါ မိမိ၊ သူ စိတ်ညစ်အောင် မလုပ်ရက်ပါဘူး။ သူ့ရင်ထဲမှာ မင်းထင်လတ်ဟာ သေကိုသွား



ရမယ်၊ အဲဒီနေရာမှာ ပြည့်ဖြိုးဝေ ဆိုတာ အစားဝင်ချင်ဝင်၊ မဝင်ချင်နေ၊ လောကကြီးမှာ မရှိတော့တဲ့ လူတစ်ယောက်ကို သေပြီလို့ အသိအမှတ်ပြုနိုင်မှ ပကတိစိတ်မှန် ဖြစ်မယ်"

"ဖြိုး ... မင်းလည်း တော်တော် ဖွဲ့ကြီးတဲ့ကောင်ပဲ"

"ကျွန်တော့်ကို ချစ်တာ မချစ်တာက အကြောင်းမဟုတ်ဘူးပဲထားဦး ကိုမျိုး၊ သူ မင်းထင်လတ်အပေါ် စွဲလမ်းနေတဲ့စိတ်ကိုတော့ ပြေပျောက်စေရမယ်၊ ဒီလောက် စွဲလမ်းနေရင် ကိုမျိုးနှမ တစ်နေ့နေ့မှာ သူ့ကိုယ်သူ သေကြောင်းမကြံဘူးလို့ ဘယ်သူ အာမခံမလဲ၊ သူက ဟို ... ဘယ်လိုပြောရမလဲ၊ သိပ်စိတ်ကူးယဉ် သိပ်ကဗျာဆန်ပြီး ချစ်သူသေရင် လိုက်သေရမယ်ဆိုတာမျိုးတွေး နေတာ"

"**အောက်ချင်းအချစ် အောက်ချင်းသစ္စာ**မျိုးကိုပဲ သူ တန်ဖိုးထား လေးစားတယ်လို့ ပြောသေးတယ် ကိုဖြိုးရဲ့"

"အောက်ချင်းငှက်တွေ တစ်ကောင်နဲ့တစ်ကောင် သိပ်ချစ်တာ၊ သစ္စာသိပ်ရှိကြတာ၊ အတုယူစရာမေတ္တာအကြောင်းပါ မိမိ၊ ဒါပေမဲ့ သူတို့က အသိဉာဏ်မရှိတဲ့ သတ္တဝါ၊ လူဆိုတာ အသိဉာဏ်ရှိတယ်၊ အကြောင်းမဲ့ လိုက်သေတာကို တိရစ္ဆာန်တွေ လုပ်ကြပေမယ့် လူက မလုပ်သင့်ဘူး"

"မင်းက ဘာလုပ်ဦးမလို့လဲ"

မျိုးသက်ထွန်းက စိတ်ပူစွာ မေးသည်။

"စုသက်ရည်ရဲ့အချစ်ကို ရယူဖို့ကြိုးစားတဲ့နေရာမှာ ကျွန်တော် သေမှခွဲလွှာမယ်၊ အဲဒါက တစ်ကဏ္ဍ၊ သူဟာ အသက်ငယ်သေးတယ်၊ မိဘလည်းမရှိတော့ဘူး၊ သူ့ဘဝမှာ ပညာဆက်

www.burmeseclassic.com

www.burmeseclassic.com



ရှာရဦးမယ်၊ တစ်နေ့နေ့မှာ လူတစ်ယောက်ကို မလွဲမသွေ အိမ်ထောင်ပြုရမယ်၊ ဒါဟာ လုပ်သင့်လုပ်ထိုက်တဲ့ အချက်ဆိုတာကို နားလည်သဘောပေါက်အောင် ပြောရမှာက တစ်ကဏ္ဍ၊ အဲဒီကဏ္ဍနှစ်ရပ်ကို ဆက်ကြိုးစားမယ်၊ အကောင်အထည်ဖော်မယ်"

"သူ့ကိုမရတဲ့အတွက် မင်းက လူပျိုကြီး လုပ်နေဦးမှာလား"

ဖြိုး ရယ်သည်။

"အဲဒီအတွက်တော့ လူပျိုကြီးလုပ်ဖို့ ဆုံးဖြတ်ချက် မချပါဘူး ကိုမျိုး၊ နောက်ထပ် သဘောကျတဲ့လူ မတွေ့ရင်သာ ကြိုးစားဝမ်းစားလည်း မရှာချင်တဲ့အတွက် လူပျိုကြီး ဖြစ်ချင်ဖြစ်မယ်၊ အကြောင်းကြောင်းတွေ တိုက်ဆိုင်ပြီး တွေ့လာခဲ့ရင်တော့ ထပ်လည်း ချစ်မိဦးမယ် ဆိုရင်တော့ ကျွန်တော် လူပျိုကြီးမလုပ်ပါဘူး ကိုမျိုး"

"အဲဒါပဲ ... ယောက်ျားတွေကို အဲဒါ မုန်းတာ"

မိမိသက်ထွန်းက မျက်စောင်းထိုး၍ ဝင်ပြောသည်။

"မင်းစကားကို ယောက်ျားချင်းသာ နားလည်နိုင်တယ် ကိုဖြိုး၊ ဒီစကားကို မိန်းကလေးတွေရှေ့မှာ ကြပ်ကြပ်ချပြော၊ မင်းကို ဘယ်ကောင်မလေးကမှ ကြိုက်မှာမဟုတ်ဘူး ... ဟားဟား"

"အင်း ... ကဗျာဆန်မှ မိန်းမရမယ်ဆိုရင်တော့ ကျွန်တော့်တစ်သက်မှာ မိန်းမရဖို့ မလွယ်ဘူး"

"အမယ် ... ဒီလိုလည်း မဟုတ်ပါဘူး၊ ကဗျာဆန်မှသာ မိန်းမရမယ်ဆိုရင် လောကမှာ ကဗျာဆရာတွေချည်း မိန်းမရကွန်မှာပေါ့"



နည်းပြဆရာမသာ ဖြစ်နေသည်။ မိမိသက်ထွန်း ပြောပုံက ကလေးဆန်ဆန်ကလေးမို့ မျိုးသက်ထွန်းရော၊ ဖြိုးပါ ရယ်မိကြသည်။ မိမိသက်ထွန်းက နှုတ်ခမ်းစူနေသည်။ ဖြိုးလည်း မကြာခင် နှုတ်ဆက်၍ ထပြန်ခဲ့ပါ၏။ အပြန်ခရီးတွင် ကားမောင်းနေသည့် ဖြိုးလက်တို့က တုန်ယင်ခြင်းမရှိဘဲ နွေးထွေးလွန်းနေတော့သည်။

မြသော် ... ရင်ထဲက ခံစားချက်ကို နားဝင်ချိုအောင် ပြောနိုင်တာ အရည်အချင်းတစ်ခု ထင်ပါရဲ့ မိန်းကလေးရယ်။

ဖြိုး ရင်ထဲမှာ ဗလာ။

* *

www.burmeseclassic.com



## အသွင်စိမ်း အမြင်စိမ်း စိမ်းရင့်ရင့်စိမ်း

ကျောင်းမဖွင့်သေးသောကြောင့် ဖြိုးမှာ အားချိန်တွေရှိပါ၏။ သို့ပေမင့် ... သူ့အိမ် သူ့ရာကို နေ့တိုင်းသွားကာ မိန်းမပိုးရသည့်အလုပ်မှာ သိပ်တော့မကောင်းလှပါ။ အုပ်ထိန်းသူ ဂျူကြီးတွေကိုလည်း အားနာရသည်။ မနေနိုင်လွန်း၍ သွားမိပြန်တော့ စုသက်ရည်က ထွက်မတွေ့ပါ။ ခေါင်းကိုက်လို့၊ ဗိုက်နာလို့ အကြောင်းအမျိုးမျိုးတွေကိုသာ လက်ခံရရှိသည်။ ဦးသက်အောင်နှင့် ဒေါ်မိမိတွန်းတို့၏ ဆက်ဆံမှုကလည်း သိသိသာသာ ပြောင်းလဲသွားသည်။

ဖြိုး နားလည်ပါသည်။ သူတို့တူမ လက်မခံဘဲ မကြာခဏ လာရောက်သည် ဆိုတော့လည်း အဘယ်သို့သော အုပ်ထိန်းသူမျိုးမှ ကြည်ဖြူကြမည် မဟုတ်ပါ။ ထူးဆန်းသည်က မျိုးသက်ထွန်း၊ သူကပါ မလာစေချင်သည့် အရိပ်အရောင်တွေ ပြလာသည်။ သည်အိမ်မှာ ဖြိုးကို လိုလိုလားလား လက်ခံစကားပြောသည့်သူ ဟူ၍ မိမိသက်ထွန်း တစ်ယောက်သာရှိသည်။ သူကလည်းကျောင်း



တွေ ပိတ်ထားပေမင့် စာပေးစာယူသင်တန်းများ၊ လုပ်သားကောလိပ်စာမေးပွဲများ စောင့်ရသည့်ကိစ္စတွေနှင့် အခါခပ်သိမ်း အိမ်မှာမရှိပါ။

စုသက်ရည် နေထိုင်ရာ မျိုးသက်ထွန်းတို့အိမ်သည် ဖြိုးအတွက် အမြဲတစေ တံခါးဖွင့်ပေးထားမည့်အိမ် မဟုတ်တော့ဖြိုး သွားလို့ သိပ်မကောင်းသည့် အခြေအနေသို့ ရောက်လာသည်။

"ပုန်းလိုက်စမ်း စုသက်ရည်၊ မင်းက ဝသုန္ဒြေ ရှိနတ်သမီးကလေးမို့ မြေဆီလွှာ အထပ်ထပ်ကြားမှ ပုန်းနေနိုင်မလား၊ တို့ကပဲ တွေ့အောင်ရှာနိုင်မလား"

ခုတော့ စုသက်ရည်ကို မျက်နှာချင်းဆိုင် စကားပြောဖို့ အခွင့်အရေးကိုမျှ မရနိုင်တော့ပါပြီ၊ သိပ်ချစ်တာပဲ ကိုကိုရယ်၊ သိပ်လွမ်းတာပဲ ကိုကိုရယ် ... ဟူသည့် အသံကလေးကို နားထဲမှာ ကြားယောင်မိတိုင်း ရင်ထဲမှာ နွေးခနဲ ... နွေးခနဲ ဖြစ်ရသည်။ တစ်ဖက်သတ် ချစ်ရသည့်ဒုက္ခ၏ ဖိစီးနှိပ်စက်ခြင်းကို ရေရေလည်လည် ခံရပြီဖြစ်ပါ၏။

အိမ်ခန်းထဲမှာ စိတ်ဂနာမငြိမ်တိုင်း လမ်းသလားနေသည့် ဖြိုး၊ တစ်ခုခုကို ဆုံးဖြတ်ချက် ကျမိသွားသည့်နှယ် ဧည့်ခန်းသို့ ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားသည်။ စကားပြောခွက်က ဧည့်ခန်းမှာရှိသည်။

"စုသက်ရည်နဲ့ စကားပြောချင်လို့ပါ"

"ဩော် ... ဖြိုး၊ စုသက်ရည် မရှိဘူး"

"ကိုမျိုးရယ် ကျွန်တော့်စိတ်ထားကို ကိုမျိုးလည်း အသိပါ၊ စုသက်ရည်က ပြတ်ပြတ်ငြင်းရင် ကျွန်တော် နောက်ဆုတ်မှာပါ၊

www.burmeseclassic.com



ခုတော့ ကြိုးစားခွင့်တောင် မပေးကြတာကတော့ ရက်စက်လွန်းတယ်လို့ ကျွန်တော် စွပ်စွဲချင်လာပြီ ကိုမျိုး"

"ဟ... ကောင်ကြီး၊ စုသက်ရည် အိမ်မှာ တကယ်မရှိတာ၊ မန္တလေးက သူ့ဦးလေး လိုက်လာလို့ တူဝရီးနှစ်ယောက် ကိစ္စရှိလို့ ထွက်သွားတယ်"

မျိုးသက်ထွန်း စကားတွေက နည်းလမ်းကျပါ၏။ စကားတွေကသာ နည်းလမ်းကျပေမင့် ဘာမှန်းမသိ၊ တစ်ခုခုတော့ တစ်ခုခုပဲဟူ၍ ဖြိုးရင်ထဲမှာ ကျိတ်၍ နိုးလို့ခုလု ဖြစ်နေသည်။ ဘဝင်မကျနိုင်အောင် ဖြစ်နေရသည်။ မျိုးသက်ထွန်းတို့ မိသားစုမှာ အကြောင်းတစ်ခုခုတော့ ရှိနေပြီ။ ရှိနေသည့် အကြောင်းကိုသာ ဘာမှန်းမသိတာဟူ၍ ဖြိုးရင်ထဲမှာ အလိုလို ခံစားမိပါ၏။

"ဘာကြောင့် ဒီလိုထင်ရသလဲ"ဟု မေးလာကြပါအံ့၊ ရှင်းမပြတတ်ပါ၊ သူတို့ပြောစကားများကို ပြန်ပြောပြလို့ကတော့ ဘေးလူများက "ဟုတ်သားပဲ သူတို့ပြောတာ မှန်သားပဲ"ဟူ၍သာ မှတ်ချက်ကြပါလိမ့်မည်။

ရင်ထဲမှာ ဆို့နေသည့် လေပူအလုံးကြီးကို မှုတ်ထုတ်ပစ်သည်။ "ဘာလုပ်ရပါ့၊ စုသက်ရည်နဲ့တွေ့အောင် ဘယ်လိုကြံရပါ့မလဲ"အတွေးများက ယောက်ယက်ခတ်သည်။ စုသက်ရည်နှင့် ပတ်သက်သော ခံစားမှုကို အမှန်အတိုင်း ဝန်ခံရပါလျှင် စုသက်ရည်ကို သိပ်ချစ်သည်မို့ ရယူပိုင်ဆိုင်ခွင့်ကို ကြိုးပမ်းချင်သည်။ ယင်းသို့ ကြိုးပမ်းမှုကလေးကိုတောင်ရမို့ ခဲယဥ်းနေသည့်အဖြစ်မို့လည်း ပို၍မခံချင် ဖြစ်မိသည်။ မခံချင်စိတ်ဖြင့် မရ,ရအောင် ကြိုးစားချင်စိတ်က အသည်းအသန် ဖြစ်မိပြန်သည်။



"စုသက်ရည် တစ်နေ့နေ့တော့ မင်းကို ရင်ခွင်ထဲမှာ ယုယုယယ ပွေ့ပိုက်ထားနိုင်ရမယ်၊ အဲဒီလိုဖြစ်အောင် တို့ကြိုးစားမယ်၊ ညီမလေးလို့ မခေါ်ချင်ဘူး၊ ကိုကိုဆိုတဲ့ အသုံးအနှုန်းကို မသုံးနဲ့၊ အဲဒါတွေက ကုန်လွန်ခဲ့တဲ့ အတိတ်ပဟောင်းတွေ"

❋ ❋

"ခံစားမှုပုံဆောင်ခဲ"များက ရင်တွင်းမှာ မတင်မကျနှင့် တထွေးတနင်ကြီး ဖြစ်နေသည်။ နေမထိ ထိုင်မထိဆိုသည့် စကားစု၏ အနက်အဓိပ္ပာယ်ကို ယခုမှ တိတိကျကျ သဘောပေါက်ရသည်။ စိတ်ဂနာ မငြိမ်ပါလေတိုင်း လမ်းထလျှောက်သည်။ ခြေလှမ်းများကို ဒေါသထွက်သည်။ ကုလားထိုင်မှာ ဝင်ထိုင်သည်။ ညောင်းညာထုံကျင်မှုကြောင့် စိတ်တိုသည်။

အတွေ့မခံသည့် စုသက်ရည်ကို အခဲမကြေပါ။

ချစ်သည့်အကြောင်းကို မျက်နှာချင်းဆိုင်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့် ရချင်သည်။ သူ ငြင်းချင်လည်း ငြင်းပါ။ လက်ခံရေး၊ ငြင်းဆိုရေးက သူ့ကိစ္စ သူ့ဆန္ဒ မဟုတ်လား၊ ဆွေးနွေးခွင့်မရမီက ကြိုတင်ရှောင်ရှားနေခြင်းကိုတော့ ဖြိုး လက်မခံနိုင်ပါ။ စကားပြောခွက်ကို တစ်နေ့လျှင် ဆယ်ကြိမ်ထက်မနည်း လှမ်းကြည့်မိသည်။ နံပါတ်လှည့်၍ ခေါ်ချင်စိတ်ကို ထိန်းရသည်။ ယောကျ်ားမာနကို အကျမခံချင်တိုင်း၊ ဆောက်တည်ရာမရ ခံစားမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းသံ မြည်လာသည်။ ဖြိုး သွားမကိုင်ပါ။ သူ မျှော်လင့်ထားသူထံမှ မဖြစ်နိုင်မှန်း သိသောကြောင့် ဖတ်လက်စ စာအုပ်ထဲမှာပင် စိတ်ကို ဖွတ်နှစ်ထားလိုက်သည်။ ကြီးကြီးမေ ညွှန်ကြားချက်ဖြင့် ဦးပုည၏ဆဒ္ဒန်ဆင်မင်းဝတ္ထုကို ဖတ်နေခြင်း ဖြစ်ပါ၏။

"ဖြိုးရေ ... ဖုန်း"

ဖေဖေ့ခေါ်သံကြားမှ စာအုပ်ကို ချထားခဲ့ကာ မီမီအိပ်ခန်း မှသည် ဧည့်ခန်းဆီသို့ ထွက်ခဲ့သည်။ လှုပ်ရှားမှုများ နှေးကန်ကြ ပါ၏။

"ပြည့်ဖြိုးဝေပါ"

"ဖြိုးလား ... ငါ မျိုးသက်ထွန်း"

"ခြော်"

တုန်ခါမှု အရှိန်တစ်မျိုး ရင်ထဲမှာ ဖြတ်ပြေးသွားသည်။

"မင်း အားရဲ့လား၊ ငါပြောစရာရှိလို့ မင်းက အချိန်စာရင်း ခွဲပြီး နေထိုင်လှုပ်ရှားတဲ့ကောင်မို့ မေးရတာ"

မျိုးသက်ထွန်း စကားများက ရေးမှုအတိုင်း ရင်းနှီးမှုကို ပြကြပါ၏။ သို့ပေမင့် အသံကတစ်မျိုးဖြစ်နေသလား။ ဖြိုးစိတ် ထင်၍လည်း ဖြစ်နိုင်ပါသည်။ မလုံမလဲသံမျိုးလားဟု သံသယဖြစ် သည်။

"အားပါတယ် ကိုမျိုး၊ ပြောပါ"

"ပြောရမှာက စုသက်ရည်နဲ့ ပတ်သက်လို့ပဲ၊ ဒီလိုပြောရတာ မျက်နှာလည်း နည်းနည်းပူတယ်၊ ဒါပေမဲ့ မင်းနဲ့ငါဟာ သူငယ်ချင်း တွေ၊ အချင်းချင်း ရိုးသားပွင့်လင်းကြရမယ် မဟုတ်လား ဖြိုး"



"ရပါတယ်၊ ကိုမျိုး ပြောချင်တာ ပြောပါ"

"စုသက်ရည်နဲ့ ငါနဲ့ မောင်နှမ မတော်ဘူးတဲ့"

"ဗျာ"

"အေး ... ဘာ့ယ်လိုမတော်သလဲ ဆိုတာ ရှင်းပြရရင် တစ် ယောက်ယောက်ရဲ့ ငယ်ကျိုးငယ်နာတွေ ပေါ်ကုန်မယ်ကွာ၊ အဲဒါ တော့ မပြောချင်ဘူး၊ မောင်နှမအရာမှာ ရှိကြပေမယ့် သွေးသား မစပ်ဘူးလို့ပဲ နားလည်လိုက်တော့ကွာ"

တစ်ဖက်မှ စကားပြောနှုန်း အသံလှိုင်း နှေးကွေးသွားသော ကြောင့် ဖြိုးဘက်မှ အာရုံစိုက်စိုက်မှုနှုန်း တိုးမြင့်လာသည်။

"မေမေက ငါ့ကို စုသက်ရည်နဲ့ ပေးစားချင်သတဲ့လေ"

"ခြော်"

"ကောင်းရောပဲ"ဟု မပြောလိုက်မိအောင် မနည်းကြိုး ဆင်ခြင်လိုက်ရပါ၏။ ဖြိုးရင်ထဲမှာ အောင့်သွားသည်။ မြက်ခနဲ နာကျင်သွားသည်။ ကိုမျိုးကိုလား၊ စုသက်ရည်ကိုလား၊ ဒေါ်မီမီ ထွန်းကိုလား မဝေခွဲတတ်ပါ။

"မင်းနဲ့ ငါဟာ သူငယ်ချင်းတွေမို့ ငါဟာ ကြားထဲက ဖြတ်ခုတ်တာမျိုးလုပ်ဖို့ စိတ်ကူးမရှိဘူး ဆိုတာတော့ မင်း ယုံစေ ချင်တယ်"

ဖြိုး စကားမပြန်မိပါ။ ငြိမ်၍နားထောင်နေသည်။ တစ်ခါ တစ်ရံ အတွင်းစိတ်နှင့် အမြင်ပန်း အမှုအရာတို့ ဆန့်ကျင်ဘက် ဖြစ်တတ်ပါ၏။ အတွင်းစိတ်က လှုပ်ရှားလွန်းသည့် အခါမှာ ကိုယ်ခန္ဓာက ငြိမ်ကျသွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေက ဘယ်လိုပဲပြောပြော မင်းနဲ့ စုသက်ရည်နဲ့ ပြေလည်ကြတယ်ဆိုရင် ဒီကြားထဲမှာ ငါ ဘယ်လိုမှ ဝင်ပါမလာဘူးဆိုတာလည်း မင်း ယုံပါ"

မျိုးသက်ထွန်းဆိုသည့် "ကိုမျိုး"အကြောင်းကို ဖြိုး ပြန်စဉ်းစားကြည့်မိသည်။ ကိုမျိုးသည် ပျော်ပျော်ပါးပါး နေတတ်သည်။ အဝရေရှိန်မှာ သက်သက်သာသာနှင့် စိတ်ချမ်းသာ လက်ချမ်းသာ ချောနေတတ်သည်။ ဖခင်ဦးသက်အောင် ရှာဖွေပေးသမျှ ကြွင်းကြကင်းစွာ သုံးနေချင်သည်။ အရွယ်ငယ်နိုက်မှာ ပျော်ဖို့သာ အဓိကထား၍ ပညာကိုပင် အပတ်တကုတ် ရှာဖွေလိုသူ မဟုတ်ပါ။

သို့ပေမင့် လူညစ်၊ လူကောက်၊ လူစဉ်းလဲ မဟုတ်ပါ။ ပေါင်း၍သင်း၍ကောင်းသော သူငယ်ချင်းမျိုး ဖြစ်သည်။ တစ်ဖက်သားအပေါ်တွင် အနိုင်ယူလိုစိတ်လည်း ကင်းသည်။ မှုမှုတတဆက်ဆံတတ်သည်။ ကိုမျိုး လူဆိုးမဟုတ်ပါ သူ့အတွက်တော့ ကောင်းချင်မှ ကောင်းမည်။ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေသူ ဟုတ်ချင်မှ ဟုတ်မည်။

တစ်ပါးသူအတွက်တော့ အဆိပ်အတောက် ကင်းသည့် သူငယ်ချင်းမျိုးပါ။ ကိုမျိုး စကားကို ဖြိုး ယုံလိုက်ပါ၏။

"ငါ ... စုသက်ရည်ကို မင်းအတွက် စဉ်းစားဖို့ အကြိမ်ကြိမ်ပြောခဲ့ဖူးပါတယ်"

"ယုံပါတယ်"

"သူ ပြတ်ပြတ်သားသား ငြင်းပါတယ်၊ ဒီတော့ မင်းမှာ မျှော်လင့်ချက် မရှိတော့ဘူးဆိုတာ သေချာသွားတယ် မဟုတ်လား"



"အခု ကိုမျိုးကိုရော လက်ခံသလား"

"အဖြေမပေးသေးဘူး"

"ကိုမျိုးကရော"

"စုသက်ရည်က ငါ့ကို လက်ခံသည်ဖြစ်စေ၊ ငြင်းပယ်သည်ဖြစ်စေ မင်းနဲ့ ငါနဲ့ ခင်မင်ရင်းနှီးမှုကို ထိခိုက်လျော့ပါးမှု မဖြစ်စေချင်ဘူး၊ တစ်ကဏ္ဍစီ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီကိစ္စကို မင်းကို ပြောပြရမှ လိပ်ပြာသန့်မှာမို့ ပြောရတာပါ၊ နောက်ပြီး ဖြစ်ချင်မှလည်း ဖြစ်မှာပါ၊ ဖြစ်ဖြစ်၊ မဖြစ်ဖြစ် နောက်မှ သိရတာထက်စာရင် ငါ့ဘာသာ ပြောရတာက ပိုကောင်းတယ်လေ"

"ဟုတ်ပါတယ်"

"ငါ့ကို အထင်မလွဲဘူး မဟုတ်လား"

"မလွဲပါဘူး"

"မောင်နှမ တကယ်မဟုတ်တာကိုလည်း ယုံပါ"

"ယုံပါတယ်၊ တစ်ခုပဲ ကျွန်တော် သိချင်ပါတယ်"

"ဘာလဲ"

"ကိုမျိုးကို စုသက်ရည်က လက်ခံ မခံဆိုတာ"

"အကြောင်းထူးရင် သိရမှာပေါ့ ဖြိုး"

"ကောင်းပါပြီ"

စကားပြောခွကို ပြန်ကျသွားသည့်နှုန်းက လာကိုင်စဉ်ကထက် ပိုမိုနေးကန်သည်။ မည်သူ့ကိုမှန်းတော့ မသိပါ။ ဖြိုးရင်ထဲမှာ စိတ်ဆိုးနေသည်ဟု ထင်သည်။ တစ်ယောက်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ပါဝဲ။ စုသက်ရည်ကိုလား၊ မဟုတ်ပါ၊ သူ လက်ခံလိုသူကို လက်ခံမည်။ ငြင်းဆိုလိုသူကို ငြင်းမည်။ သူ့ကိုယ်ပိုင်အခွင့်အရေးပဲ။

ကိုရိုးကိုလား မဟုတ်ပါ။ စုသက်ရည်လို အဆင်းလှ၍ ဥစ္စာပေါသော မိန်းကလေးတစ်ဦးကို မိမိမှာ လက်ရှိချစ်သူ ရည်းစားရှိနေသည့် ယောကျ်ားလေးတိုင်း အနည်းနှင့်အများ စိတ်ဝင်စားကြမှာပါပဲ၊ အပြစ်တင်စရာ မရှိပါ။

ဒေါ်မိမိထွန်းကျတော့ကော ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲကို ဖိတ်ဆိုသည့် စကားပုံမှာ ရိုးလွန်းတောင် အားကြီးနေပါပြီ။ ဒေါ်မိမိထွန်း ကြားဖူးနားဝမရှိဘဲ နေပါ့မလား၊ လက်တွေ့မကျင့်သုံးဘဲ နေပါ့မလား၊ သူလည်း ပုထုဇဉ်မိန်းမသား။

ကံကိုသာ ယိုးမယ်ဖွဲ့ရမည့်ထင်သည်။

"ကံဆိုတာ လူကလုပ်တာ၊ ကံကိုယုံပြီး နာမကျက်ဘဲ စာမေးပွဲ ဖြေကြည့်ပါလား၊ ဟာ ... ရှုပ်တယ်ကွာ၊ တော်ပြီ၊ ဦးပုညဝတ္ထုပဲ ပြန်ဖတ်တော့မယ်"

အခန်းထဲပြန်ဝင်၊ ခုတင်ပေါ်မှာ ပြန်လှဲ၊ ဝတ္ထုစာအုပ်ကို ကောက်ကိုင်သည်။ ဆက်ဖတ်သည်။ ဦးပုည အဖွဲ့အနွဲ့ ကောင်းလွန်းသည်မို့ စူဠသုဘဒ္ဒာကို မျက်စိထဲမှာ ကွင်းကွင်းကွက်ကွက် မြင်ယောင်လာမိသည်။ သို့ပေမင့် စူဠသုဘဒ္ဒာဆင်ဖြူမ၏ မျက်နှာပြင်မှာ စုသက်ရည်က နေရာယူနေပါတော့သည်။

* * *



## တွယ်တာတယ်ဆိုတာ ဝေဒနာ

တတိယနှစ် သင်္ချာအဓိကသမားများထဲတွင် ဂုဏ်ထူးအများဆုံးနှင့် အောင်ခဲ့သည့်ဖြိုး၊ စတုတ္ထနှစ်တက်ရန် ကျောင်းစဖွင့်လျှင်ဖွင့်ချင်း ဂုသိုလ်ကံက ဖြိုးကို မျက်နှာသာပေးခဲ့သည်။ တတိယနှစ်တုန်းကတော့ ဖြိုးကို ရီဂျင်နယ်မှ အမှတ်အများဆုံးနှင့်လာသူမို့ ခံနံပါတ်တစ် ရခဲ့သည်။ စတုတ္ထနှစ်ကျတော့ အမှတ်အနည်းအများနှင့် မစဉ်းသော်ငြား မူလခုံနံပါတ်ကိုက တစ်မို့ တစ်ပဲပြန်ရသည်။

ခုံနံပါတ်တစ်ရသူမှာ အားလုံးထဲတွင် အတော်ဆုံးဟု သတ်မှတ်ခြင်း ခံရသူမို့ ဖြိုးနှင့် အပေါင်းအသင်း လုပ်ချင်သူ ယောကျ်ားကလေး မိန်းကလေး မိတ်ဆွေတွေ ပေါများလှပါ၏။ ဖြိုး၏ဘိုးဘွားက စာကြိုးစားတာတစ်ကလ္လာ၊ မိတ်ဆွေပေါင်းသင်းတာ တစ်ကလ္လာ ဘက်စုံဖွံ့ဖြိုးရမည်ဟု ဩဝါဒ ပေးခဲ့သောကြောင့် ဖြိုးကလည်း ပေါင်းတတ် သင်းတတ် ဖြစ်လာခဲ့ပါ၏။ မနှစ်ကထက်စာလျှင် သူငယ်ချင်းမိတ်ဆွေ ပိုများလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မနှစ်က သူငယ်ချင်း သင်္ချာအဓိကမှ သိန်းသန်းအောင်နှင့် မိုးမြင့်တို့အနက် မိုးမြင့်က အောင်၍ သိန်းသန်းအောင် ခမျာ မအောင်ရှာပါ။ သိန်းသန်းအောင် မဟုတ်ဘဲ သိန်းသန်းရှုံး ဖြစ်ကျန်ရစ်ခဲ့သည်။ သူရဇော်က ရုက္ခဗေဒ စတုတ္ထနှစ်သို့တက်သည်။ မျိုးသက်ထွန်းကတော့ တတိယနှစ်မှာ နှစ်ခါကျမို့ ကျောင်းတက်ခွင့် မရတော့ပါ။ ပြင်ပမှ ဖြေရမည်။

နောက်ဆုံးနှစ်မို့ သူရဇော်သည် ကျောင်းမှန်မှန်တက်ကာ စာကြိုးစားတော့မည်ဟု ဆုံးဖြတ်ချက် ချသည်။ ဖြိုးနှင့်တွဲဖက်အဖြစ် မိုးမြင့်သာ ကျန်သည်မို့ အခြားသူငယ်ချင်းများနှင့် ထပ်တွဲမိကြသည်။ ယောကျ်ားကလေးတို့ ဖွဲ့စုံမှာ နှစ်ဦးတည်းသီးသန့်အတွဲအဖြစ် နေထိုင်လေ့ မရှိကြပါ။ အနည်းဆုံး လေးငါးယောက်တော့ စုဝေးနေလေ့ရှိပါ၏။ ထပ်မံရရှိသည့် သူငယ်ချင်းများထဲမှာ ပါလာသည့် အောင်ကျော်ဦးက "ပညာရေးတက္ကသိုလ်" သို့ သွားရန် ဖြိုးနှင့် မိုးမြင့်ကို အဖော်စပ်သည်။

"ကိုဖြိုး ... အိမ်ကကား လာကြိုမှာလား"

"ဟင့်အင်း ... မနက်တုန်းကသာ ဖေဖေ ရုံးအသွားနဲ့ကြုံလို့ ဝင်ပို့သွားတာ၊ အပြန်တော့ ကိုးပဲစီးသွားမယ်"

"အချိန်ရသေးရင် ပညာရေး သွားရအောင်"

သည်နေ့ ဖြိုးတို့ စာသင်တန်းများ နေ့လယ်နှစ်နာရီမှာ ပြီးသည်။ အိမ်ပြန်ရန်ပဲ ရှိတော့သည်။

"မင်းတ ငါတော့ မခေါ်ဘူး၊ ဖြိုးမှလားကွ"

မိုးမြင့်က အောင်ကျော်ဦးဗိုက်ကို လက်သီးနှင့် လှမ်းထိုးရင်း ရယ်သည်။



သုံးဦးသား အဓိပတိလမ်းမကြီးအတိုင်း လျှောက်လာခဲ့သည်။ ခြင်္သေ့တံခါးမှထွက်ကာ တက္ကသိုလ်ရိပ်သာလမ်းကို ဖြတ်ကူးသည်။ တက္ကသိုလ်ဆေးရုံရှေ့မှ ဖြတ်ကာ သထုံလမ်းမှဝင်လာခဲ့သည်။ သထုံလမ်းမှာ အလွန်အေးချမ်းသာယာကာ လမ်းလျှောက်၍ အလွန်ကောင်းသောလမ်း ဖြစ်ပါ၏။ လမ်း၏ တစ်ဖက်တစ်ချက်မှာ ပိတောက်ပင်ကြီးများ အုပ်မိုးနေသောကြောင့် ပိတောက်လမ်းဟုပင် ခေါ်ကြသည်။ ပိတောက်လမ်းအတိုင်း စကားတပြောပြောနှင့် လျှောက်လာကြရာ ယောကျ်ားခြေလှမ်းမို့ တစ်ခဏလေးနှင့်ပင် ပညာရေးတက္ကသိုလ်သို့ ရောက်သည်။

"ထင်တဲ့အတိုင်းပဲ၊ ငါ့အစ်မက ကိုယ်လုံးကိုယ်ထည်သေး ပြီး အဟာရဓာတ်ချို့တဲ့ရှာတော့ မုန့်ဆိုင်မှာရှာရင် အမြဲတွေ့တယ်"

အောင်ကျော်ဦး လက်ညှိုးညွှန်ရာသို့ လှမ်းကြည့်သောအခါ မုန့်ဟင်းခါးဆိုင်မှာ ထိုင်နေသည့် ရာဝင်အိုးရှိတ်နှင့် အသားညိုညို အမျိုးသမီးတစ်ဦးကို တွေ့သည်။ သူ့ခမျာ အသားကညို၊ ဝတ်စားဆင်ယင်မှုကလည်း ရိုးသားရသည့်အထဲ ကိုယ်လုံးကိုယ်ထည်က ဝလွန်းအားကြီးနေသည်။

"မမညို"

"စုသက်ရည်"

ခေါ်သံနှစ်ခုက ပြိုင်တူထွက်လာသည်မို့ အမျိုးသမီးနှစ်ဦးလုံး ပြိုင်တူပြန်လှည့်ကြည့်သည်။ အောင်ကျော်ဦးနှင့် သူ့မမညို၊ သူတို့မောင်နှမ မည်သည့်စကားတွေ ပြောကြမှန်းမသိတော့ပါ။ ဖြိုး ကြားလည်း မကြားတော့ပါ။ စုသက်ရည် ဘေးမှခုံတွင် ဝင်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်သည်။ မိုးမြင့် တစ်ယောက်သာ ယောင်ချာချာနှင့် ရပ်နေမိတော့သည်။

"စုသက်ရှည်"

"အော် ... ကိုပြည့်ဖြိုးဝေ"

အတုလောက်နီးနီး ကော့ညွှန်းနေသည့် မျက်တောင်များက စင်းကျသွားသည်။ မျက်ဝန်းချင်းမဆိုင်ဘဲ မျက်လွှာချသည်။

"ကျွန်တော်တွေ့ဖို့ အမျိုးမျိုး ကြိုးစားခဲ့ပါတယ် စုသက်ရှည်၊ မန္တလေး ပြန်သွားပြီဆိုလို့ မန္တလေးတောင် လိုက်တော့မလို့"

"ကျွန်မ နေမကောင်းစဉ်က အစစအရာရာမှာ ဖေးမကူညီခဲ့တာတွေကို ကျေးဇူးအများကြီး တင်ပါတယ်"

"အချိန်ရမလားဟင် ... စုသက်ရှည်၊ စကားတွေအများကြီး ပြောချင်တယ်၊ မန္တလေးမပြန်ဖြစ်ဘူးလား၊ အခု ဘယ်မှာနေလဲ၊ ကိုမျိုးတို့အိမ်မှာ မနေတော့ဘူးဆို"

မေးသည့်မေးခွန်းတွေက များလွန်းသောကြောင့် စုသက်ရှည် ဘာကစဖြေရမှန်း မသိပါ။ နှုတ်ခမ်းကလေးနှစ်ခု ပွင့်သွားရုံ ပြုံးပြသည်။

"ဘယ်လိုလဲ စုသက်ရှည်၊ စကားမပြောချင်ဘူးလား၊ ကျွန်တော့်ကို ရိုးရိုးမိတ်ဆွေတစ်ယောက်လို အလာပသလ္လာပပြောသလိုမျိုးတောင် မပြောနိုင်ဘူးလား"

"ဒီလိုမဟုတ်ပါဘူး၊ မေးတဲ့မေးခွန်းတွေက များလွန်းလို့"

"စုသက်ရှည် ဖြေချင်တာက စဖြေပေါ့"

"မုန့်စားပါဦးလား"



"ဟာ ... ဒါ မေးခွန်းရဲ့အဖြေမှ မဟုတ်တာ၊ စားလည်း မစားချင်ပါဘူး၊ စကားပဲ ပြောချင်တယ်"

"ငါးများလည်း သက်ရှိသတ္တဝါတစ်ကောင်လို အသိအမှတ်ပြုကြသေးရဲ့လား ... ဟော"

မိုးမြင့်ထံမှ မကျေနပ်သံကြီး ထွက်လာမှ သူ့ကိုသတိရတော့သည်။

"အော် ... ကိုမိုးမြင့်၊ ဒါ စုသက်ရှည်လေ၊ ကိုမျိုး ညီမ"

"ဟုတ်ကဲ့ ခင်ဗျာ၊ တွေ့ရတာ အများကြီး ဝမ်းသာပါတယ်၊ မုန့်ဟင်းခါးပါ စားရရင် ဒီထက်ပိုဝမ်းသာမှာပဲ"

မိုးမြင့်က ခုံမှ ကုလားထိုင်တစ်လုံးကို ဆွဲထိုင်ပြီး သူ့ဝါသနာအတိုင်း စပ်ဖြဲဖြဲပြောသည်။

"ဒါ ... ကျွန်တော့်အစ်မလေး ညိုညိုဝင်းတဲ့၊ သူက ပြည့်ဖြိုးဝေ၊ သူက ကိုမိုးမြင့်"

အပြန်အလှန် မိတ်ဆက်အပြီးမှာ ညိုညိုဝင်းက မုန့်ဟင်းခါး သုံးပွဲထပ်မှာသည်။

"နေပါစေ မညို၊ ကျွန်တော် မစားတော့ဘူး၊ နှစ်ပွဲပဲမှာပါ၊ ကိုအောင်ကျော်ဦးနဲ့ ကိုမိုးမြင့်တို့ စားကြပါ"

"ဘာလဲ ... မင်းက ရင်ပြည့်ရင်ကယ်ပြီး သေတော့မှာမို့ မစားတာလား"

"မဟုတ်ပါဘူး ကိုမိုးမြင့်၊ ကျွန်တော် စုသက်ရှည်နဲ့ [illegible]လျှားခဏသွားမလို့၊ ဟိုကျမှ ဘူးသီးကြော် စားတော့မယ်"

"ကောင်းစားလှချည့်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝသီပါနေတော့လည်း မတတ်နိုင်ဝါ။ စကားပြောလျှင် အပြောင်အနောက်က ကိုးဆယ်ရာခိုင်နှုန်း ပြောမိလျက်သား ဖြစ်နေတော့သည်။ မိုးမြင့်က ပြောပြီးမှ သူ့ပါးစပ်သူပိတ်ကာ အားနာပါးနာ ရယ်နေသည်။

"သွားစို့လေ ... စုသက်ရည်"

တစ်ဖက်မှ အဖြေမရမီ ဖြိုးက ဆုံးဖြတ်ချက်ချပြီးသား ဖြစ်နေသည်။ စုသက်ရည်က ဝေခွဲမရပုံနှင့် ဖြိုးကို မော့ကြည့်သည်။ ညိုညိုဝင်းကို ပြန်လှည့်ကြည့်သည်။

"ကိစ္စရှိရင် သွားလေ စုသက်ရည်"

ပြည့်ဖြိုးဝေ မျက်နှာပေါ်မှ ခံစားမှုအနေအထားကို ညိုညိုဝင်း အကဲခတ်သည်။ စုသက်ရည်နှင့်ပတ်သက်လာလျှင် သည်အချိန်မှာ လူသတ်ပြီးမှ စုသက်ရည်ကို ခေါ်သွားရလျှင်တောင် ဝန်မလေးဘဲ လုပ်တော့မည့်ပုံပေါ်နေသည်။ စုသက်ရည် မျက်နှာပြင်ခံစားမှုက လည်း 'တွယ်တာပတ်သက်မှုများ'ကို ဖော်ပြနေသည်။

သူတို့ချင်း တစ်ခုခုတော့ တစ်ခုခုပဲဟု တွက်ဆသည်။ တစ်ယောက်တည်း ဝကွက်၍ အပ်လိုက်ရန်က စုသက်ရည် ကြည်ဖြူလျှင် အကြောင်းမဟုတ်၊ စုသက်ရည် မကြည်ဖြူပါက သူစိမ်းယောက်ျားကလေးတစ်ဦးထံမှာ စိတ်မချပါ။ ချစ်သူချင်းဆို လျှင်တော့ ညာတာကြင်နာမည်။ ဟိုလူက တစ်ဖက်သတ်လိုက် နေပြီး စုသက်ရည်က တုံ့ပြန်မှုမရှိလျှင်တော့ စုသက်ရည်ဘက်မှ ရပ်တည်ပေးချင်သည်။ စုသက်ရည်မျက်နှာထားက တွေဝေသည့်ပုံစံ မို့ ညိုညိုဝင်းပါ ဆုံးဖြတ်ရခက်သွားသည်။

"မမညို လိုက်ဆိုလည်း လိုက်ခဲ့မယ်လေ"



"ဒီမှာခင်ဗျ၊ မမညိုရဲ့ သုံ့ပန်းချင်းမကလေးကို ဖြုတ်တစ် ကောင်မနားစေရဘဲ ပြန်ခေါ်လာခဲ့ပါ့မယ်၊ ဘယ်ကို ပြန်ပို့ရမလဲ သာပြောပါ"

ဖြိုးက ပြောင်ပြောင်ပင်ပြောသည်။ အောင်ကျော်ဦးမျှာ လည်း ဘယ်ရှုထောင့်က ဝင်ပါရမှန်းမသိသောကြောင့် မုန့်ဟင်းခါး ကို ခပ်ရက်ကြီးတန်းလန်း ပါးစပ်ထဲမသွင်းသေးဘဲ လှည့်ကြည့် နေသည်။ စုသက်ရည်ထံမှ သက်ပြင်းကလေး ကျိတ်ချသံကြားရ သည်။

"ရာဇူးထဲလောက်ဆို မဖြစ်ဘူးလား"

"ဖြစ်တာကတော့ ဒီမှာလည်းဖြစ်တာပဲ၊ ကျွန်တော်က သိချင်တာတွေမေးမယ်၊ လိုချင်တာတွေ တောင်းဆိုမယ်၊ အဲဒီစကား တွေကို တစ်ကမ္ဘာလုံးကြားအောင် ကျွန်တော် ပြောရဲတယ်၊ လူဦးရေသန်းပေါင်း လေးထောင်ကျော် အကုန်ကြားပစေ၊ ဂရုမစိုက် ဘူး၊ စုသက်ရည်ကို ငဲ့ညှာလို့ အေးအေးမယ့်နေရာကို ရွေးတာ"

"ဒါဖြင့်လည်း သွားလေ"

ညိုညိုဝင်းဘက် လှည့်ကြည့်ပြန်သည်။

"စုသက်ရည် လိုက်သွားဦးမယ် မမညို"

"အေး ... အေး ... အခု နှစ်နာရီဆိုတော့၊ ဘယ်အချိန် ရောက်လာမလဲ"

"လေးနာရီပေါ့ မမညို"

"ကောင်းပြီ"

"သွားမယ်နော် ဪ ... သွားပါဦးမယ် ကိုအောင်ကျော်ဦး နဲ့ ကိုမိုးမြင့်"

www.burmeseclassic.com

www.burmeseclassic.com



စုသက်ရည်က ကျန်ရစ်မည့်သူအားလုံးကို နှုတ်ဆက်သည်။

"ဟုတ်ကဲ့ခင်ဗျ ... ယောကောင်၊ ငါတို့ ဒီကပဲ တန်းပြန်တော့မယ်"

မိုးမြင့်က ဖြီးဘက်လှည့်ပြောသည်။

"ဟုတ်ကဲ့ ... ကျွန်တော်လည်း အင်းလျားကနေ အိမ်ပဲပြန်မယ်၊ သွားပါဦးမယ် မမညို"

"ကောင်းပါပြီ"

ဘုမသိဘမသိဖြစ်ကျန်ရစ်ခဲ့သည့် ညိုညိုဝင်းနှင့် အောင်ကျော်ဦးတို့ကို၊ မိုးမြင့်က ရှင်းပြနေလိမ့်မည် ထင်ပါသည်။ မိုးမြင့်က စုသက်ရည်ကို သည်နေ့မှ လူကိုယ်တိုင်မြင်ဖူးပေမင့် ဓာတ်ပုံကို တွေ့ဖူးထားခဲ့ပြီးပြီ၊ အကြောင်းစုံကိုလည်း ကာယကံရှင်ဖြီးနီးပါး သိထားသူဖြစ်ပါ၏။

"ဒီဘက်ကိုလာပါ ကိုပြည့်ဖြိုးဝေ၊ စုသက်ရည်မှာ ကားပါတယ်"

ဖီးယက်နီနီကလေးပါပဲ၊ မလှမ်းမကမ်းမှာရပ်ထားသည်။

"ကိုပြည့်ဖြိုးဝေ မောင်းမလား"

"ဟုတ်ကဲ့ ... မိန်းကလေးတစ်ယောက် မောင်းတဲ့ကားကို အေးက ထိုင်မစီးချင်ဘူး"

ပြည့်ဖြိုးဝေက စတီယာရင်နောက်မှ ဝင်ထိုင်သည်။ စုသက်ရည်က အေးမှပင် ဝင်ထိုင်သည်။ နောက်ခုံသို့ မသွားပါ။

"ဘယ်ကိုသွားချင်လဲ စုသက်ရည်"

ဖြိုးက ကားကို စက်မနှိုးသေးဘဲ၊ စုသက်ရည်ဘက် လှည့်မေးသည်။



"စောစောကပြောတော့ အင်းလျားဆို"

"စုသက်ရည် သွားချင်ရဲ့လားလို့ပါ"

"ဘာဖြစ်လို့လဲ"

"စုသက်ရည် ... ဟို ... အဲ ... နေမကောင်းတုန်းက ရောက်ခဲ့ဖူးတယ်လေ၊ မှတ်မိတယ်မဟုတ်လား"

"လှေလှော်စက်တိုက်အသင်းရှိတဲ့ ကျွန်းဘက်ကိုကူးတဲ့ တံတားဖြူလေးပေါ်တက်ပြီး ခုန်ချမလို့လုပ်တုန်းက ကိုပြည့်ဖြိုးဝေ ကူညီခဲ့တဲ့ကိစ္စကို ပြောတာလား"

"အင်း ... နေကောင်းကာစမှာ၊ အဲဒီနေရာရဲ့ အနီးတစ်ဝိုက်ကို ပြန်သွားသင့်ရဲ့လားလို့ တွေးလိုက်မိလို့ပါ"

"ဖြစ်ပါတယ်၊ သိပ်ဝေးတော့လည်း ကားပေါ်မှာတင် အချိန်တွေအများကြီးကုန်မယ်၊ နောက်ပြီး စုသက်ရည်ကလည်း ကောင်းကောင်းကျန်းမာနေပါပြီ"

"အို ... ကေ"

ဖြိုးက လေတစ်ချက်ချွန်လိုက်မိသည်။ ရင်ထဲမှာ ဘာကြောင့်များ အလိုလိုကြည်နူးလာမိပါလိမ့်။ စက်နှိုးသည်။ ကားဘီးစလိမ့်သည်။ ဖြိုးရင်ထဲမှာ တလှပ်လှပ်ခုန်လာသည်။ အပျော်လွန်ခြင်းတော့ မဟုတ်ပါ။ စိတ်ညစ်စိတ်ဆိုးခြင်းလည်း မဖြစ်ပါဘဲမို့ စိတ်လှုပ်ရှားခြင်းတစ်မျိုးဟု မှတ်ယူရတော့မည်။

"ဒီဟာ ... ဒီကားကို ဒုတိယအကြိမ် မောင်းခြင်းပေါ့နော်"

"ဪ ... စုသက်ရည် အကုန်မှတ်မိသေးသား"

www.burmeseclassic.com

www.burmeseclassic.com



"ပထမတုန်းကတော့ မမမိပြောပြလို့ သိရတာပါ၊ တဖြည်းဖြည်းနဲ့ အကုန်ပြန်မှတ်မိလာသလိုပဲ၊ တိတိကျကျမဟုတ်တောင် မက်ဖူးခဲ့တဲ့ အိပ်မက်တစ်ခုလိုတော့ သတိရပါတယ်"

ကားနှင့်ဆိုတော့ ချက်ချင်းလိုပင် အင်းလျားသို့ရောက်သည်။ ဟိုတစ်ခါ စုသက်ရည် လာဖူးသည့်နေရာသို့ပဲ လာကြသည်။ ရေစပ်အနီးမှာချထားသည့် စားပွဲခုံကလေးနားမှာပင် သွားထိုင်ကြသည်။ အကြော်ဆိုင်မှ ဘူးသီးကြော်၊ ပုစွန်ကြော်၊ အာလူးကြော် မျိုးစုံအောင် လာချပေးသည်။ စုသက်ရည်က မျက်လွှာချ၍ ထိုင်နေသည်။

"စားလေ ... စားပါဦး"

ဖြိုးက အာလူးကြော်တစ်ဖတ်ကို ကောက်ယူကာ စုသက်ရည် ပါးစပ်နားသို့ အတင်းထိုးပေးနေသောကြောင့် စုသက်ရည်က လှမ်းယူလိုက်ရသည်။ လက်အားသွားသော ဖြိုးက ရေနွေးကြမ်းငှဲ့ကာ စုသက်ရည်ရှေ့သို့ ထိုးပေးပြန်သည်။

"အခု ကိုပြည့်ဖြိုးဇေနဲ့ လိုက်လာတာလေ"

စုသက်ရည်က အာလူးကြော်ကို ဝါးပြီးသည်နှင့် စကားစသည်။

"ဆိုပါဦး"

"စုသက်ရည်ဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်အားကိုးပြီး လူကြီးတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် အသိအမှတ်ပြုပြီးလိုက်လာတာ"

"ဘယ်လို ..."



"စုသက်ရည်မှာ မိဘမရှိပါဘူး၊ ညီကိုမောင်နှမ အရင်းအချာလည်းမရှိဘူး၊ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးရတယ်၊ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် လူကြီးဖြစ်ပြီလို့ သတ်မှတ်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ဖို့ ကြိုးစားရတယ်"

"ဪ ... ဘဝကို သတ္တိရှိရှိနဲ့ ရင်ဆိုင်မယ့်သဘောပေါ့"

"ဟုတ်ပါတယ်၊ နောက်ပြီး ကိုပြည့်ဖြိုးဇေကိုလည်း ကျေးဇူးရှင်မိတ်ဆွေစစ်အဖြစ် အသိအမှတ်ပြုတာလည်း တစ်ကြောင်းပါ"

"ဒီလိုလိုက်ပါလာတဲ့အတွက် ကျွန်တော် ကျေးဇူးအရမ်းတင်တယ်၊ ကျွန်တော်က တစ်ဖက်သတ်ခံစားရသူမို့ သိပ်ပျော်မိတယ်၊ ဒါပါပဲ စုသက်ရည်၊ စုသက်ရည်ကို ကျွန်တော် မလေးမစားမ်ထီမဲ့မြင်သဘော မထားပါဘူး"

စုသက်ရည်က သူ့ကိုယ်သူ ကာကာကွယ်ကွယ်ပြောသည်။ ဖြိုးကတော့ ပွင့်ပွင့်လင်းလင်းပဲပြောသည်။

"ဟိုတုံတားလေးရဲ့ လက်ရန်းပေါ်မှာ စုသက်ရည် တက်ထိုင်နေတာမှတ်မိလား"

စုသက်ရည် ခေါင်းညိတ်သည်။

"ကျွန်တော် စုသက်ရည်ကို ပြောချင်တာတွေ နောက်မှပြောပါ့မယ်၊ သိချင်တာတွေ မေးပါရစေ"

"မေးလေ"

"မန္တလေးပြန်သွားပြီဆိုပြီး ..."

"အန်တီတို့အိမ်မှာ နေလို့မဖြစ်တော့လို့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မဖြစ်ရတာ၊ အဲ ... အဲ ... ဖြတ်ပေးပါရစေဦး၊ အန်တီတို့က စုသက်ရည်အပေါ်မှာ ကောင်းကြတာလား၊ ဆိုးကြတာလား၊ တစ်ခါတစ်ခါကောင်းသလိုလို၊ တစ်ခါတစ်ခါကျတော့ ဆိုးသလိုလိုပဲ၊ ခွဲခွဲမရဘူး"

"ကောင်းကြပါတယ် ကိုပြည့်ဖြိုးဝေ၊ ကောင်းတဲ့ဘက်က ပိုပါတယ်"

"ကောင်းတဲ့ဘက်ကပိုတယ်ဆိုတော့ ဆိုးတာရှိသေးလား"

"ဆိုးတယ်တော့လည်း ပြောလို့မရပါဘူးလေ"

"ဒါဖြင့် ဘာဖြစ်တာလဲ"

"စုသက်ရည်ကို အစ်ကိုမျိုးနဲ့ လက်ထပ်စေချင်လို့တဲ့"

"အဲဒီအကြောင်းကို ကိုမျိုး ပြောပြတယ်၊ တော်ကြာ မောင်နှမ၊ နောက်တော်တော်ကြာတော့ မောင်နှမမဟုတ်ပြန်ဘူး ဆိုတော့ နားရောမျက်စိပါ ချာလပတ်ယမ်းသွားတယ်"

စုသက်ရည် ခပ်ပြုံးပြုံးကလေး ဖြစ်သွားသည်။

"ဒါပေမဲ့ ဘယ်လိုကြောင့် မောင်နှမမတော်ပြန်ဘူးဆိုတာ စုသက်ရည် ပြောချင်မှပြောပါနော်၊ မပြောလည်းရပါတယ်"

"ပြောမှာပါ ကိုပြည့်ဖြိုးဝေ၊ ကိုပြည့်ဖြိုးဝေက စုသက်ရည်ရဲ့ ကျေးဇူးရှင်ပဲ၊ ပြောမှတော့ အကုန်လုံးပေါ့၊ မဟုတ်ဘူးလား"

"သဘောပါ"

"စုသက်ရည်က မေမေဦးချစ်ထွန်းရဲ့သမီးရင်း မဟုတ်ပါဘူးတဲ့၊ မေမေ ဒေါ်စုမွန်ရည်ရဲ့သမီးသာ ဖြစ်ပါတယ်တဲ့၊ ဒီလောက် ပြောရင် ကိုပြည့်ဖြိုးဝေ နားလည်မှာပါ"



"သြော် ... ဒီလိုဆိုတော့လည်း ခွေမျိုး ဘယ်တော်တော့မလဲလေ"

"ဒီကိစ္စကို စုသက်ရည်ကိုယ်တိုင် မသိခဲ့ဝါဘူး၊ အခု နေကောင်းမှ အန်တီမိက အစ်ကိုမျိုးနဲ့လက်ထပ်ဖို့ နားချရင်းပြောပြမှသိရပါတယ်၊ အဲဒီကိစ္စကို စုသက်ရည်က လက်မခံတော့ မျက်နှာတွေက မသာမယာကြတော့ဘူး၊ ဒါနဲ့ စုသက်ရည် ဆင်းလာတာပါ"

"ဖြစ်မှဖြစ်ရလေ ... မိန်းကလေးတစ်ယောက်တည်း ရန်ကုန်မှာ ဘယ်သွားနေလဲ"

"စုသက်ရည်ရဲ့ဦးလေးလည်း မန္တလေး မပြန်သေးဝါဘူး၊ အဆောင်မှူးဆီခွင့်ပန်ပြီး မမညိုရယ် စုသက်ရည်ရယ် တည်းခိုခန်းတစ်ခုမှာ ခဏနေပါတယ်"

"တော်ပါသေးရဲ့နော် ... ဦးလေး မပြန်သေးလို့"

"ဦးလေးသာ ပြန်သွားရင်လည်း စုသက်ရည် ဆက်နေရမှာပါ၊ ဦးလေးကို သံကြိုးရိုက်ပြီး ခေါ်ရမှာပေါ့၊ စုသက်ရည်က ဆေးရုံကို နှစ်ပတ်တစ်ခါပြန်ပြရဦးမှာ"

"စုသက်ရည်မှာ ပြဿနာအခက်အခဲတွေ ဘယ်လိုကိစ္စမျိုးမဆို အကူအညီလိုလာခဲ့ရင် ကျွန်တော့်ကို သတိရပါ စုသက်ရည်"

"သတိရပါတယ်၊ တကယ်ပြောတာပါ၊ ဦးလေးလည်း ရှိနေလို့ပါ"

ဖြိုး တော်တော်ကျေနပ်သွားမိသည်။ စကားပြောရင်းက ဝင်ဖြိုးက အကြော်ကလေး ကောက်ယူပေးလိုက်၊ ရေနွေးကြမ်းငှဲ့ပေးလိုက် လုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်းလျားရေပြင်ကို ဖြတ်တိုက်လာသည့်လေမှာ ရေနံ့က လေးသင်း၍ပါလာသည်။

"ကိုမျိုးက လက်ခံတယ်ဆိုတာ ကျွန်တော် နည်းနည်းတော့ အံ့သြတယ်"

"ယောက်ျားကလေးပဲရှင်"

"ဟာ ... ဒီလိုတော့မပြောပါနဲ့၊ ကျွန်တော်သာဆိုရင် ကိုယ်မချစ်တဲ့ မိန်းကလေးကို လက်မခံပါဘူး"

စုသက်ရည် ရင်ထဲမှာ ဖြိုးကို မိတ်ဆွေကောင်းတစ်ယောက် အဖြစ် ခင်မင်စိတ်များဖြစ်ထွန်းလာမိသည်။ သည်လူ ... လူကောင်း တစ်ယောက်ပဲဟူ၍ အသိအမှတ်ပြုမိသည်ကတော့ ကြာပါပြီ။ စုသက်ရည် ကျွန်းမာလာစကတည်းက ဖြစ်ပါ၏။

"တွေ့တုန်းတွေ့ခိုက်မှာ ကျွန်တော့်ရင်ထဲက စကားတွေ ပြောခွင့်ပြုပါ စုသက်ရည်၊ ဒါကလည်း ကိုမျိုးကို ငြင်းတယ် ဆိုတာသိပြီးမို့ ပြောမယ့်စကားပါ"

သည်စကားကို စလာတော့ စုသက်ရည် မျက်လွှာကလေး အလိုလိုငိုက်ကျသွားတော့သည်။ သူပြောမည့်စကားတွေကို အတိ အကျမဟုတ်သည့်တိုင် ခြုံ၍ သိထားပြီးသားမဟုတ်လား။ ပြောပါ ဟုလည်း ခွင့်မပေးချင်ပါ။

မဖြစ်နိုင်သည့် ကိစ္စကို စလုံးရေ မစပါ နှင့်တော့၊ မပြော ပါနှင့် ... ဟူ၍ တားမြစ်သည်ထိတော့လည်း တစ်ဖက်သားကို ဒုမရက်စက်ချင်ပါ။

နေကြာပွင့်အသေးစားကလေးများနှင့်တူသော မြက်ပန်း ဝါဝါကလေးတစ်ပွင့်ကို ဆွဲမိဆွဲရာလှမ်းခူးလိုက်မိသည်။ စုသက်



ရည်၏ ရှက်စိုးရှက်ကန်းအမူအရာကလေးက ဖြိုးမျက်ဝန်းတွင်း သို့ အရှိန်နှင့်တိုးဝင်သည်။ နှလုံးသားတွင်းမှာ ရပ်တန့်နားခိုသည်။

"စုသက်ရည်ကို ကျွန်တော် ချစ်တယ်၊ တကယ်တော့ အဲဒီစကားဟာ မလုံလောက်ပါဘူး၊ ဒီထက် ပိုပြီးထိရောက်တဲ့ စကားလုံး ရှာမတွေ့လို့ပါ"

စုသက်ရည်က ခေါင်းငုံ့နေသည်မို့ ဖြိုးက အားရပါးရ စိုက်ကြည့်ခွင့်ရနေသည်။ ခုနေခါ ... တန်ခိုးကူဒ္ဒိပါဒ်တစ်မျိုးကို ရခဲ့ပါလျှင် စုသက်ရည်တစ်ကိုယ်လုံးကို လည်ချောင်းဝနားမှာ မျိုထားချင်သည်။ ရင်ထဲထိတိုင် ကျရောက်သွားလျှင်တောင် စေးမှာလား စိုးရိမ်မိပါ၏။ စုသက်ရည်ကို ဖြိုး သည်လောက်ချစ် ပါသတည်း။

"ကျွန်တော့်တစ်သက်တာမှာ မိန်းကလေးတစ်ယောက်ကို ပထမဆုံး ချစ်ဖူးခြင်းပါ၊ ချစ်တယ်ဆိုတဲ့စကားကို ပထမဆုံး ပြောဖူးခြင်းပါ"

စုသက်ရည် ခေါင်းငုံ့ဆဲက သက်ပြင်းကလေးတစ်ချက် ရှိုက်သည်။ ခြော် ... ငါနှယ် လိုက်မလာမိလျှင် အကောင်းသား။

"စုသက်ရည် သိပြီးသားပါ ... မာတ်ပုံကလေးတွေကတည်း က စ,ချစ်ပါတယ်၊ အဲဒီလိုဆိုတော့ ပေါ့ရွှတ်ရွှတ်ကြီးလို့များ မထင်လိုက်ပါနဲ့၊ ငုံနေတဲ့ ကုမုဒြာကြာပန်းလေးပါ စုသက်ရည်၊ စုသက်ရည်ဆိုတဲ့ လရောင်နဲ့ ဖြန်းခနဲအတွေ့မှာ ဖြန်းခနဲ ပွင့်သွား ရတာမျိုးပါ"

မထူးတော့ပါဘူး ... ပြောချင်ရာ ပြောစေတော့ဟုသည့် အဓိပ္ပာယ်နှင့် စုသက်ရည် ငြိမ်၍သာ နားထောင်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"စုသက်ရည် စဉ်းစားကြည့်ပါ ... စုသက်ရည်နဲ့ နီးနီးကပ်ကပ်နေခွင့်ရတဲ့အခါမှာ ..."

"အယ် ..."

စုသက်ရည် ရှက်ယောင်ယမ်းနှင့် ခေါင်းကလေးမော့ကြည့်မိသည်။

"သိပ်ချစ်တာပဲ ကိုကိုရယ်ဆိုပြီး ရင်ခွင်ထဲ ပြေးဝင်လာတဲ့ မိန်းကလေးကို ..."

"အာ ... ဘာတွေ လျှောက်ပြောနေတာလဲ"

"အခွင့်အရေးယူချင်စိတ်နဲ့ ပြုမူတယ် အထင်ခံရမှာစိုးလွန်းလို့ သိပ်ချစ်တဲ့စိတ်ကို အနိုင်နိုင် အောင့်ထားပြီး ထိန်းခဲ့သိမ်းခဲ့ရတာတွေ လွယ်မယ်များထင်သလား စုသက်ရည် ... ဟင် ... ချစ်တယ်ဆိုတာထက် ပိုချစ်မိလို့ ဥယျာဉ်မှူး ပန်းမခူးရက်တဲ့မေတ္တာမျိုးပါ"

စုသက်ရည် ခေါင်းကလေး ပြန်ငုံ့ကျသွားပြန်သည်။ "ငါနယ် ပျော့ညံ့လိုက်တာ၊ ဒီစကားတွေ ကြားရမယ်မှန်းသိလျက်သားနဲ့ မလိုက်နိုင်ပါဘူးလို့ မငြင်းနိုင်လောက်အောင် စိတ်ဓာတ်တွေ ညံ့ဖျင်းလို့" စုသက်ရည် ကိုယ့်ကိုယ်ကိုယ်ပဲ ဒေါသထွက်မိတော့သည်။

"စုသက်ရည်ကို ချစ်ပါတယ်ဆိုတဲ့လူတွေ ဒုနဲ့ဒေး ရှိမှာပါ၊ သူစိမ်းတွေထဲကလည်းရှိမယ်၊ မိဘဆွေမျိုးတွေထဲကလည်းရှိမယ်၊ ကျွန်တော့်အချစ်ကို မည်သူနဲ့မဆို ယှဉ်ရဲပါတယ်၊ အဲဒါတွေအားလုံးပေါင်းပြီးမှ ကျွန်တော်တစ်ယောက်တည်းနဲ့ ယှဉ်ရမယ်ဆိုလည်း ကျွန်တော့်ဘက်ကတော့ လျော့နည်းနေမှာ မဟုတ်ပါဘူး၊ အဲဒါကို ယုံပါ စုသက်ရည်ရယ်"



နောက်ဆုံးဝါကျမှာ 'ရယ်'ကလေးနှင့် အဆုံးသတ်မိသည်။ ရင်တွင်းခံစားချက်က မချိမဆံ့ဖြစ်လာကြောင်း စကားလုံးများက သက်သေပြသည်။ မျက်နှာပြင် ခံစားမှုအနေအထားက သက်သေပြသည်။

"ကိုပြည့်ဖြိုးဝေ ပြောစရာတွေ ကုန်ပြီလား"

"ဟင့်အင်း ... မကုန်သေးပါဘူး၊ ပြောလို့လည်း ဘယ်တော့မှဆုံးမှာ မဟုတ်ဘူး၊ စကားလုံးပြောင်းမယ်၊ ဝါကျတည်ဆောက်ပုံကွဲလွဲမယ်၊ ဒါပေမဲ့ အဆုံးမရှိတဲ့ စကားတွေရဲ့အဓိပ္ပာယ်ကတော့ တစ်မျိုးတည်းပါ၊ စကားနှစ်လုံးတည်းနဲ့ပဲ ပြည့်စုံပါတယ်၊ ကျွန်တော်ထပ်ပြီး ပြောပါရစေ၊ ကျွန်တော်လေ စုသက်ရည်ကို ... ချစ်တယ်"

စုသက်ရည် သတ္တိကလေးများကို တစ်စစီ လိုက်ကောက်ကာ ပေါင်းစည်းယူရသည်။ တုံ့ပြန်စကား ဆိုနိုင်ဖို့အတွက် ခွန်အားတွေကို မွေးယူရသည်။ မိတ်ဆွေကောင်းတစ်ဦးနှယ် ခင်မင်မိသူ ... အားကိုးမိသူဟုပဲ ဆိုချင်ဆို ... သည်လူတစ်ဦးအပေါ်မှာတော့ ရင်ထဲရှိသမျှ ဖွင့်ပြချင်မိပါ၏။

"ပထမဆုံးပြောချင်တာက အန်တီမိတို့နဲ့ သဘောကွဲလွဲတဲ့ကိစ္စပါ"

"စုသက်ရည်ရဲ့ ပြဿနာတစ်ခုအဖြစ် တင်ပြချင်တင်ပြပါ၊ ကျွန်တော် ကူလို့ရတဲ့ကိစ္စဆိုရင် ကူညီပါ့မယ်၊ ဒါပေမဲ့ ... စုသက်ရည်ဟာ အန်တီမိတူမမို့လို့ ကျွန်တော်ချစ်တာ မဟုတ်ဘူး၊ ချစ်လို့ ချစ်တာ"

"ဟုတ်ပါပြီ ... စုသက်ရည်ရဲ့ လက်ငင်းပြဿနာတွေကို အလျဉ်တင်ပြချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

"မေမေက မန္တလေးမှာ တိုက်တစ်လုံး၊ ပြင်ဦးလွင်မှာ ဆောက်လက်စတိုက်တစ်လုံး၊ လုပ်ငန်းအတွက် ငွေသုံးသိန်း ချန်ထားခဲ့ပါတယ်"

"အင်း ... ကျွန်တော် သိပြီးပါပြီ"

"အဲဒါတွေဟာ ဖေဖေ့ပစ္စည်းတွေချည်းပါတဲ့၊ တရားဥပဒေ ကြောင်းကကြည့်ရင် လင်ပစ္စည်း မယားက တစ်ဝက်ပဲပိုင်တယ်ဆို"

"အဲဒါ ရှေ့နေတွေ ပိုသိမှာပါ စုသက်ရည်"

"ဦးလေးကတော့ မဟုတ်ဘူးပြောတာပဲ၊ မန္တလေးပြန်မှ စုသက်ရည့် ရှေ့နေတွေနဲ့ တိုင်ပင်ကြည့်ရဦးမယ်၊ အန်တီမိမိက မေမေ့နှမရင်းအဖြစ် တစ်သိန်းခွဲနဲ့ တိုက်တစ်လုံး၊ ခွဲပေးဖို့တောင်းတယ်"

"တာဆိုင်လဲ၊ စုသက်ရည်ဆိုတဲ့ သမီးတစ်ယောက်လုံး ကျန်ခဲ့သေးတာ"

"စုသက်ရည်က ဖေဖေ့သမီးရင်းမဟုတ်ပါဘူးတဲ့၊ ဒါတွေ ပြောရတာ ရင်ထဲမှာ မကောင်းလိုက်တာ"

စုသက်ရည် မျက်ရည်ကလေးများ ဝဲလာသည်။

"မကောင်းရင်လည်း မပြောပါနဲ့လားကွယ်"

ဝေ့ဝဲလာသည့် မျက်ရည်စများကို သုတ်ပေးနိုင်သည့်အခွင့် အရေးမျိုးများ ရချင်စမ်းပါဘိ။

"ပြောလိုက်ရမှလည်း ရင်ထဲမှာ ပေါ့သွားမယ်ထင်မိပါတယ်၊ စုသက်ရည်မှာ ဦးလေးနဲ့ ရှေ့နေတွေရှိနေပေမယ့် သူတို့က ရွယ် တူတန်းတူမဟုတ်ဘူး၊ ဘယ်လိုပြောရမလဲ ကိုပြည့်ဖြိုးဝေ၊ အရွယ်



ညီ ခံစားမှုရနိုင်တဲ့ ရင်းရင်းနှီးနှီးမိတ်ဆွေ၊ သူငယ်ချင်း စုသက် ရည်မှာ မရှိပါဘူး၊ ညီအစ်မရှိရင်လည်း အကောင်းသား၊ မမညီ ကလည်း ပြောပြရင် ထိုင်နားထောင်တတ်တာ"

ဟုတ်ရှာမှာပဲ ... ဟု တွေးမိသည်။

"ဆက်ပြောလေ စုသက်ရည်"

စုသက်ရည် မျက်ရည်သုတ်နိုင်ရန် သပေါ့ဖျာကြမ်းကလေး ပေါ်မှာ ချထားသည့် စုသက်ရည် လက်ကိုင်ပဝါကလေးကိုပင် ကောက်ယူပေးရသည်။ ဖြိုးမှာ လက်ကိုင်ပဝါ ပါမလာပါ။ စုသက် ရည်က လှမ်းယူပြီး မျက်ဝန်းထောင့်ကို မသိမသာတို့သည်။

"မေမေက သိပ်လှပါတယ်၊ ဘွဲ့လည်းရတယ်၊ တစ်ဦးတည်း သော သမီးပါ၊ ပစ္စည်းတော့ မရှိပါဘူး၊ ရိုးသားခြင်းနဲ့ ပညာ အခြေခံရှိခြင်းဟာ မေမေတို့မျိုးရိုးဂုဏ်ပါ၊ ဖေဖေက သိပ်ချမ်းသာ ပါတယ်၊ ဖေဖေ့ရထနာထုပ်ကို ဟို ... စုသက်ရည် စကားရိုင်းရင် ခွင့်လွှတ်ပါနော်၊ အန်တီမိစကားနဲ့ ပြန်ပြောရရင် ဖေဖေ့ရတနာ ထုပ်ကို မိန်းမတစ်ယောက်၊ ဘွဲ့တစ်ခု၊ တိုက်တစ်လုံးနဲ့ လဲရတယ် တဲ့"

"ဪ ..."

"ဒါကြောင့်မို့ အဲဒီအမွေတွေဟာ စုသက်ရည်နဲ့ မဆိုင်ပါ ဘူးတဲ့၊ မေမေ့ဝေစုဖြစ်တဲ့ တစ်ဝက်ကိုသာ ရသင့်ပါတယ်တဲ့၊ ပစ္စည်းတွေ မဖြိုကွဲစေဖို့ အစ်ကိုမျိုးနဲ့ လက်ထပ်စေချင်တယ်လို့ ပြောတာပါ"

"နေပါဦး ... စုသက်ရည်၊ အဲဒီအတွက် အထောက်အထား ဘာရှိလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မေမေကိုယ်တိုင် ရေးထားတဲ့စာ ရှိတယ်"

"ဘယ်လိုရတာလဲ"

"ဖေဖေနဲ့ မေမေ့ကို လူကြီးတွေက ပေးစားမယ်ဆိုတော့ မေမေက သူ့အဖြစ်အပျက်ကို ဖေဖေ့ဆီ စာရေးပြီး ဝန်ခံပါတယ်၊ ဖေဖေကလည်း ဒီစာကိုသိမ်းထားပြီး မေမေ့ကို ခွင့်လွှတ်ကြည်ဖြူစွာ ယူခဲ့တာပါ၊ စုသက်ရည် တစ်သက်တာမှာလည်း ဖေဖေဟာ ဖခင်ရင်းနဲ့ လုံးဝမခြားပါဘူးရှင်၊ မေမေ့လက်ရေးနဲ့စာကိုသာ မတွေ့ရရင် စုသက်ရည် ယုံမှာတောင် မဟုတ်ပါဘူး၊ ဒီကိစ္စကို မေမေဟာ ဆုံးတဲ့အချိန်ထိ စုသက်ရည်ကို ဖွင့်ပြောမသွားပါဘူး"

"ဒါ ... လျှောက်ပြောနေသင့်တဲ့ ကိစ္စမဟုတ်ဘူးလေ၊ အန်တီမိက ဒီစာကို ဘယ်လိုရတာလဲ"

"ဖေဖေဆုံးတော့ သူ့ လာတယ်လေ၊ ဖေဖေ့ပစ္စည်းတွေကို မွှေတယ်၊ အဖိုးတန်တွေတော့ မဟုတ်ပါဘူး၊ ဖေဖေ့အဖေလက်ထက်က ဆေးကျမ်းတွေဆိုလား၊ မေမေကလည်း သောကကြီးနဲ့ဆိုတော့ ဘာမှ စစ်စစ်ဆေးဆေး လုပ်မနေပါဘူး၊ ရှာချင်တာရှာပစေဆိုပြီး လုံးဝမစပ်စုပါဘူး၊ မေမေက သိပ်သဘောကောင်းတာပဲ၊ အဲဒီတုန်းက ရသွားတယ်"

"နို့ ... စုသက်ရည် ဖခင်ရင်းကကော"

"အင်မတန် သနားစရာကောင်းတဲ့ သာမန်ရဲဘော်ကလေးပါတဲ့၊ မေမေ့ဘက်က သဘောမတူလို့ တိတ်တဆိတ် လက်ထပ်ကြပါတယ်၊ အဲဒီတုန်းက တပ်ရင်းက မန္တလေးမှာပါ၊ မေမေနဲ့ တွေ့ကြတယ်၊ နောက်ပြီး တပ်ရင်းတစ်ရင်းလုံး ပြောင်းရတော့ မေမေက လိုက်သွားဦးမလို့ပဲတဲ့၊ မိဘတွေက လက်ထပ်ပြီးကြောင်း



ကိုလည်း မသိသေးဘူး၊ သိလည်း သဘောမတူဘူး၊ မေမေလည်း ကျောင်းမပြီးသေးတာနဲ့ နေခဲ့ပါတယ်၊ မကြာခင် ရှေ့တန်းထွက်ရပြီး တိုင်းပြည်အတွက် အသက်ကိုစွန့်လှူသွားရပါတယ်တဲ့"

"သြော် ... ဖြစ်မှဖြစ်ရလေ၊ အဲဒါတွေ စာထဲမှာပါသလား"

"ဟုတ်ကဲ့ ... မေမေ့ကိစ္စကို လူကြီးတွေသိပြီး ဒုက္ခရောက်နေတုန်း ဖေဖေနဲ့တွေ့ပြီး ပေးစားကြတာပါ၊ မေမေက လုံးစေ့ပတ်စေ့ ဝန်ခံခဲ့တဲ့စာကို ရေးတာပါ"

"အဲဒါတွေက အတိတ်ဟောင်းတွေပဲ စုသက်ရည်၊ စိတ်မကောင်း ဖြစ်နေလို့လည်း ပြုလို့ပြင်လို့ရတဲ့ကိစ္စ မဟုတ်တော့ဘူး၊ ခုလောလောဆယ် ဘာလုပ်သင့်သလဲ ဆိုတာသာ စဉ်းစားရမယ်ပေါ့"

"အဲဒါကိုပဲ ကိုပြည့်ဖြိုးစေနဲ့ တိုင်ပင်တာပါ"

"ရှေ့နေတွေနဲ့ တိုင်ပင်မယ်၊ ပေးရတယ်ဆိုရင်လည်း တစ်သိန်းခွဲနဲ့ တိုက်တစ်လုံး ခွဲပေးလိုက်ပေါ့"

စုသက်ရည်က ဖြိုးကို ခဏခဏ မော့ကြည့်သည်။ သူ့အကြည့်မှာ အဓိပ္ပာယ်တစ်မျိုးတော့ ပါဝင်သည်။ သူ့ပစ္စည်းမဟုတ်တိုင်း လက်လွှတ်စပယ် ပြောရက်လေခြင်းဟူ၍ မကျေနပ်သည့် အဓိပ္ပာယ်လား၊ စုသက်ရည်နှင့် ပတ်သက်သည့် ဥစ္စာနေအပေါ်မှာ တပ်မက်မှုကင်းသည့် ဖြိုးကို လေးစား အထင်ကြီးသွားသည့် အဓိပ္ပာယ်လား၊ တစ်ပါးသူတော့ မဝေခွဲနိုင်ပါ။ ကာလကံရှင်မှ သိမည်ဖြစ်ပါ၏။

"ဒါပေမဲ့ အန်တီမိတို့က စုသက်ရည်မှာ မေမေ တိုက်တိုက်ကလေး ချန်ထားခဲ့တဲ့ ပစ္စည်းတွေ ရှိသေးတယ်၊ ထင်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင်တော့ ကိုမျိုးနဲ့ လက်ထပ်ဖို့ကိစ္စကို လွယ်လွယ်ကူကူနဲ့ လျှော့ပေးမှာ မဟုတ်ဘူး၊ ဒီကိစ္စမှာ သူတို့တစ်အိမ်သားလုံး အလိုတူ အလိုပါလား၊ ဟုတ်လား"

"မမမိက စုသက်ရည် နေကောင်းခါစ တစ်ခုခု ပြန်ဖြစ်သွားမှာစိုးလို့ အကျပ်မကိုင်ဖို့ ပြောတဲ့ပါတယ်၊ အစ်ကိုမျိုးက စိတ်ပါပုံရပါတယ်၊ အန်တီမိကတော့ မျက်လုံးတွေကို မီးဝင်းဝင်းတောက်နေတာပဲ"

"ဦးသက်အောင်ကကော"

"ဖျောင်းဖျနစ်သိမ့်စကားလောက်သာ ဝင်ပြောလေ့ရှိပါတယ်၊ မီလုပ်ပုံတွေ မဟုတ်သေးဘူး၊ မဟုတ်သေးဘူးနဲ့ ပြောပါတယ်"

"ဒီလောက်ဖြစ်နေရင်လည်း ငွေသုံးသိန်းရော တိုက်နှစ်လုံးစလုံးပါ ပေးလိုက်စမ်းပါ စုသက်ရည်၊ စိသမလောဘသမားတွေနဲ့ မယှဉ်တာ ကောင်းတယ်၊ မြတ်စွာဘုရားက ဟောခဲ့တယ်၊ အသေဝနာစ ဗာလာနံတဲ့"

"အြော် ... ကိုပြည့်ဖြိုးစေရယ်၊ စုသက်ရည်ရှာ ပြီးခဲ့တဲ့နှစ်၊ ပထမနှစ်မှာ ကျောင်းတက်လို့မှ တစ်လမပြည့်သေးဘူး ကိုကိုဆုံးကြောင်း ကြေးနန်းရ"

"ကိုကိုဆုံးကြောင်း ကြေးနန်းရ"ဆိုသည့် စကားကိုပြောရာ၌ စုသက်ရည်က မျက်လွှာချ၍ ပြောသည်။ စုသက်ရည်ကို တရှိက်မက်မက် စိုက်ကြည့်နေသည့် ဖြိုးက သည်စကားကျတော့ မျက်နှာလွှဲပစ်သည်။ "ကိုကို"ဟူသည့်စကားသည် နှစ်လုံးတည်းပေမင့် ဖြိုးရင်ထဲမှာ ညှုကလီးယားဗုံးနှစ်လုံးထက် ပြင်းထန်စွာ ပေါက်ကွဲသည်။



"ဖေဖေက အဆိပ်မိ ..."

"ဟင် ... စုသက်ရည် ဖေဖေက လေဖြတ်တာဆို"

"လေဖြတ်သလို ဗုန်းခနဲ လဲကျပြီးဆုံးသွားတာပါ၊ မေမေက စိတ်မသင်္ကာလို့ ဆေးရုံပို့ပြီး ပို့စ်မော်တမ် လုပ်ကြည့်တော့ အစာအိမ်ထဲမှာ အဆိပ်တွေ့တယ်၊ မေမေတောင် တော်တော်လေး စစ်ဆေးမေးမြန်းခြင်း ခံရပါသေးတယ်"

"ဒါ လုပ်ကြံခံရတာပေါ့၊ အဲဒီကိစ္စတွေ ကျွန်တော် မသိဘူး"

"အဲဒီအမှုကို မမမေကိုယ်တိုင် ဖွင့်ထားဆဲပါ၊ စုံစမ်းစစ်ဆေးဆဲပါ"

"ဪ ... စုသက်ရည်ရယ်၊ အကြောင်းက ဆိုးလိုက်တာ" သည်စကားစုကို ဖွင့်မပြောရက်သောကြောင့် ရင်ထဲမှာပင် မြည်ကြွေးရသည်။ သူ့ခမျာကလေး မရှုးဘဲ အဘယ်မှာ ခံနိုင်စွမ်းပါတော့မည်နည်း။ သွက်သွက်ကြီးများပင် လည်လောက်ပါပေ၏။

"နောက် ... မေမေက ကားတိုက် ဆိုပြန်တော့ စုသက်ရည်လည်း စိတ်ကယောက်ကယက် ဖြစ်ရော"

"ဒီအဖြစ်ဆိုးတွေကို ဒီလောက်နဲ့ နိဂုံးချုပ်သင့်ပြီကွယ်"

ရင်ထဲမှ စေတနာကို လှိုက်လှိုက်လှဲလှဲ ဖော်ပြမိတော့သည်။

"စုသက်ရည် ကျောင်းထွက်လိုက်ရတယ်လေ၊ စုသက်ရည်မှာ ဆယ်တန်းအောင်လက်မှတ်ကလေး တစ်စောင်ပဲ ရှိတယ်၊ ကျောင်းဆက်မတက်ရတော့ဘူးလား၊ ဘာနဲ့ကျောင်းတက်ရမလဲ၊ ဘာနဲ့စားရမလဲ ကိုပြည့်ဖြိုးဝေ၊ ပစ္စည်းမက်လွန်းလို့တော့ မဟုတ်ပါဘူး၊ ဘဝရပ်တည်မှုအတွက် မပြည့်စုံသေးလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပေးချင်စိတ်ရှိရင် ပေးသာ ပေးလိုက်ပါ၊ ကျွန်တော် ရှိပါတယ် စုသက်ရှည်၊ ဘွဲ့ရရင် ကျူတာဝင်လုပ်မယ်၊ မာစတာဆက်တက်မယ်၊ နိုင်ငံခြားသွား ပညာသင်မယ်၊ အေအယ်လ်ဖြစ်မယ်၊ လက်ချာရာဖြစ်မယ်၊ ကျွန်တော်က ပါမောက္ခထိ လုပ်မယ့်သူပါ စုသက်ရှည်"

"အဲဒါ ..."

"စုသက်ရှည် တာဝန်ကို ကျွန်တော် ယူမှာပေါ့၊ ကျွန်တော် လုပ်ကျွေးမှာပေါ့ စုသက်ရှည်၊ အလျှံမဖယ်ရင်တောင် ဝမ်းဝစေရမယ်၊ ခါးလှစေရပါမယ်"

"စုသက်ရှည်ကြောင့် ကိုပြည့်ဖြိုးဝေရဲ့တက်လမ်းမှာ အနှောင့်အယှက် မဖြစ်ဘူးလား"

"မဖြစ်ပါဘူး၊ အချစ်ကအချစ်၊ ပညာကပညာ၊ တစ်ကဏ္ဍစီ ထားပါတယ်၊ ဘာဆိုင်လဲ စုသက်ရှည်၊ ဒီနေ့အဖို့ရာမှာ ရေချိုးလိုက်ရလို့ ထမင်းမစားတော့ဘူးဆိုတဲ့သူ ရှိလို့လား၊ ထမင်းကအဟာရဖြစ်ဖို့ စားရတယ်၊ ရေက သန့်ရှင်းမှုအတွက် ချိုးရတယ်"

ဖြိုးစကားများက စုသက်ရှည်သာ ပုံ၍အားကိုးပစ်လိုက်ချင်သူ ဆိုပါက အားတက်စရာပါ။ စုသက်ရှည် ရင်ထဲမှာ ဖြိုးကိုပိုလို့အထင်ကြီးမိသွားပါ၏။ သည်လူ ယောကျ်ားကောင်းပေပဲဟုမှတ်ယူသည်။ ဪ ... ငါ့အစ်ကိုရင်းပဲ ဖြစ်လိုက်ပါတော့ အားကိုးလိုက်ရမည့်ဖြစ်ခြင်း။

"အချစ်ဆိုတာ နှလုံးသားက မွတ်သိပ်စွာ တောင့်တလာတဲ့ဆန္ဒပါ စုသက်ရှည်၊ ပညာရေးနဲ့ ဘဝတက်လမ်း ဆိုတာက ရပ်တည်နိုင်မှုအတွက် ကြိုးစားခြင်းပါ။ ထမင်းချည်း ဖိစားပြီး ရေမ



ချိုးဘဲနေရင် ဗိုက်တော့ဝပါရဲ့ လူကညစ်ပတ်နေမယ်၊ ရေချည်းချိုးပြီး ထမင်းမစားဘဲနေရင် သန့်တော့ သန့်ရှင်းပါရဲ့၊ အဟာရပြတ်လို့ သေဖို့ပဲရှိတယ်"

"ဒါပေမဲ့ ..."

"နေဦး ... ကျွန်တော် ပြောဦးမယ်၊ စကားပုံကတော့ သိပ်ရှီးပါတယ်၊ သစ်ပင်မှန်ရင် အမြစ်ရှိထယ်၊ လူမှန်ရင် အချစ်ရှိတယ်တဲ့၊ သစ်ပင်တစ်ပင်ဟာ အမြစ်ရှိမှ ခိုင်မြဲစွာ ကုပ်တွယ်ထားလို့ရတယ်၊ လေပြင်းမုန်တိုင်းဒဏ်ကို ခံနိုင်တယ်၊ မပြိုမလဲဘူးပေါ့၊ လူမှာလည်း အချစ်ရှိမှ ဘဝရဲ့အခက်အခဲတွေကို ရင်ဆိုင်ဖြေရှင်းရတာ ပိုပြီး အဓိပ္ပာယ်ပြည့်စုံတယ်၊ အားမာန်ပိုပြည့်ဝတယ်"

"စုသက်ရှည်လေ ..."

စုသက်ရှည်စကားစကို မဆက်သေးဘဲ ဖြိုးကို ငေးကြည့်သည်။ ကော့ရွှန်းသည့် မျက်တောင်များ အလယ်မှ မျက်ဝန်းမှာကြင်နာခြင်း အရိုးအငွေ့များ ဝေ့ဝဲနေသည်။

"ကိုပြည့်ဖြိုးဝေ အဲဒီလို တွယ်တာလာမှာစိုးလို့ တမင်ရှောင်ခဲ့ပါတယ်၊ ဆေးရုံကဆင်းကာစ ပထမဆုံး တွေ့ချိန်တုန်းကတည်းက 'ကျွန်မ'လို့ ပြောပြီး ရင်းနှီးမှုကို တားဆီးခဲ့ပါတယ်"

"ဘယ်ရမလဲ စုသက်ရှည်၊ အဲဒါတွေ ... အဲဒါတွေမတိုင်မီကတည်းက တွယ်တာပြီးသား၊ မြတ်နိုးပြီးသား၊ အချစ်ကအမြစ်တွယ်ပြီးသား လူတစ်ယောက်ရဲ့မေတ္တာရေစီးကြောင်းကိုတမံတုတ်လို့ ရကောင်းသတဲ့လား"

"ကင်းကင်းပြတ်ပြတ် ဆက်ဆံလွန်းတော့လည်း ကျူးရှင်းကန်းရာရောက်မှာ စိုးပြန်တယ်၊ နောက်ပြီး ကိုပြည့်ဖြိုးဝေကို

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေကောင်းတစ်ယောက် အဖြစ်နဲ့ အားကိုးချင်မိတာလည်း အမှန်ပါ၊ ငယ်ပေါင်းသူငယ်ချင်း တစ်ယောက်နဲ့ ပြန်ဆုံရသလို စိတ်ထဲမှာလည်း ရင်းရင်းနှီးနှီးခင်မင်ချင်ပါတယ်"

"ကျွန်တော်ကကျတော့ ခင်မင်ရင်းနှီးရရုံနဲ့ တင်းတိမ်နေချင်သူ မဟုတ်ဘူး"

ဖြိုးစကားသံက အားတက်သရောရှိလှသည်။ စကားပြောရာ၌ မာန်ပါသည်။ စုသက်ရည် သက်ပြင်းမောကို ငွေ့ငွေ့ကလေးချသည်။ တိုးတိမ်လှသည့် သက်ပြင်းသံကို တစ်ရံမလပ် အာရုံစိုက်နေသူ ဖြိုးက ကြားဖြစ်အောင် ကြားသည်။

"ကိုပြည့်ဖြိုးဝေ အောက်ချင်းငှက် အကြောင်း ကြားဖူးလား"

"စုသက်ရည် ကိုယ်တိုင် ခဏခဏပြောပြလွန်းလို့ သိပ်ကြားဖူးတာပေါ့၊ တစ်ကောင်သေရင် နောက်တစ်ကောင်က မိုးကောင်းကင်အမြင့်ကြီးထိပျံတက်၊ အတောင်ကိုရုပ်ပြီး မြေကြီးပေါ်ကို ရင်ဘတ်နှင့် တစ်ရှိန်ထိုး ထိုးစိုက်ချပြီး အသေခံတယ်ဆိုတာကို ပြောမလို့ မှတ်လား"

"စုသက်ရည် အချစ်က အောက်ချင်းငှက်လိုအချစ်မျိုးပါရှင်"

"အောက်ချင်းငှက်တွေ အဲဒီလိုအသေခံတယ်ဆိုတာ ဘယ်သူက စောင့်ကြည့်နေလို့ သိတာလဲ၊ ဟုတ်ရော ဟုတ်ရဲ့လား၊ ဒဏ္ဍာရီများလား စုသက်ရည်"

"ဒဏ္ဍာရီ ဖြစ်ချင်ဖြစ်ပါစေ၊ ဒဏ္ဍာရီထဲကလိုပဲ စုသက်ရည် ဖြစ်ချင်တယ်"



"ထားပါတော့ စုသက်ရည်၊ အဲဒါကိုမှ တကယ့်အချစ်လို့ မြင်တယ်လား"

စုသက်ရည် ခေါင်းညိတ်ပြသည်။

"ကိုကို ဆုံးတော့လေ စုသက်ရည် တိုက်ပေါ်က ခုန်ချဖို့ တစ်ကြိမ် ကြိုးစားဖူးခဲ့ပါတယ်၊ မေမေ အချွဲမြန်လို့ မသေဖြစ်ခဲ့ပါဘူး၊ နောက်ထပ်လည်း သေပစ်ဖို့ ကြိုးစားချင်စိတ်က ရင်ထဲမှာ အမြဲရှိတယ်"

"ဘယ်လိုပဲဖြစ်ဖြစ် ချစ်တတ်လွန်းတဲ့ စုသက်ရည် နှလုံးသားကို ချီးကျူးပါတယ်"

"နောက်တော့လေ ... မေမေ ငိုလွန်းတာနဲ့ သေချင်စိတ်ကို ကြိုးစားပြီး ဖျောက်ဖျက်ပစ်ရပါတယ်၊ ဖေဖေကလည်း တရားဓမ္မနဲ့ ဆုံးမစကား ပြောပါတယ်"

"အင်းလေ၊ ကိုယ်က အချစ်အတွက်နဲ့ အသက်ကိုစွန့်သွားတဲ့အချိန်မှာ ရင်ကွဲပြီး ကျန်ရစ်ရှာမယ့် မိဘကိုလည်း ထည့်တွက်ဦးမှပေါ့"

"ဖေဖေ ရုတ်တရက်ကြီး ဆုံးသွားတော့ မြင်းမိုရ်တောင်ကြီး ပြိုကျသွားသလို အားကိုးရာမဲ့သွားလိုက်တာ၊ ရင်ထဲမှာ အားငယ်ဝမ်းနည်းလိုက်တာ၊ ကိုကို ဆုံးတုန်းက ခံစားမှုနဲ့ ဖေဖေဆုံးတော့ ခံစားမှု၊ အဲဒီနှစ်ခု မတူဘူး"

"ဘယ်ဟာက ပိုပြင်းထန်သလဲ"

"နှစ်ခုလုံး တစ်မျိုးစီ ပြင်းထန်ကြတာပါပဲ၊ ဖေဖေကို ဖခင်ရင်းလို့ပဲ ထင်ထားတာကိုး၊ အခု ဖခင်ရင်း မဟုတ်ဘူးဆိုတော့လည်း အချစ်ပေါ့မသွားပါဘူး၊ ချစ်နေတာပါပဲ၊ ကိုကို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ခံစားရတာက ရင်ထဲမှာ မချိမဆံ့ ပေါက်ကွဲရတာမျိုးပါ၊ ဖေဖေ့အတွက်ကျတော့ တစ်ကိုယ်လုံးမှာရှိတဲ့ အားအင်တွေကို စုပ်ထုတ်ခံလိုက်ရသလို ခွေကျသွားတာမျိုးပါ"

"တစ်မျိုးစီ ဆိုပေမယ့် နှစ်မျိုးလုံးဟာ အပြင်းအထန်ကြီးပါပဲ စုသက်ရည်၊ တော်ရုံတန်ရုံ မိန်းကလေးဆိုရင် အဲဒီကတည်းက ခံနိုင်ရည်ရှိမှာ မဟုတ်တော့ဘူး"

"မေမေ ကျန်နေသေးလို့ ထင်ပါတယ်၊ ဖေဖေ ဆုံးပြီးတာနဲ့ မေမေက ပြင်ဦးလွင်ခြံထဲက သစ်သားအိမ်ကလေးကို ကိုယ်တိုင်ပြင်ဆောက်ပြီး ရေနေတွေဘာတွေနဲ့ စီစဉ်တော့တာပဲ၊ မေမေဟာလည်း သူ့ကိုယ်သူ သေမယ်မှား ထင်သလား မသိပါဘူးရှင်၊ မေမေကိုယ်တိုင်က ကိုကို့ကိုအရမ်းတ,ပါတယ်၊ ကိုကိုသာရှိနေရင် သမီးကလေး စုသက်ရည်ကို စိတ်ချခဲ့ပါတယ်လို့ တဖွဖွပြောပါတယ်"

"အဲဒါတွေ ကျွန်တော် သိပါတယ် စုသက်ရည်၊ စုသက်ရည်ကို ကုပေးတဲ့ ဆရာဝန်နဲ့ ကျွန်တော် တွေ့ပြီးပါပြီ"

"ဪ ..."

"စုသက်ရည်ကို လူပြိန်းနားလည်အောင် လွယ်လွယ်ပြောရရင် ... အိပ်မွေ့ချတဲ့ သဘောပေါ့လေ၊ မသိစိတ်ရဲ့ခံစားမှုကို အိပ်မွေ့ချပြီး မေးကြည့်တော့ ကိုကိုသာ ရှိနေရင် ဒီလိုမဖြစ်ပါဘူး ဆိုတာကို ပြောတယ်တဲ့"

"ဟုတ်ပါတယ်၊ မေမေ ကားချင်းတိုက်တယ်လည်း ကြားရရော မေမေရေလို့ တစ်ခွန်းတည်း ခေါ်လိုက်နိုင်တယ်၊ အဲဒီအချိန်မှာ ကိုကို့မျက်နှာကို ဖြုန်းခနဲ မြင်မိပါတယ်၊ နောက်ပြီး စုသက်ရည် သတိလစ်သွားတော့တာ၊ ဘာတွေဖြစ်မှန်း မသိတော့ပါဘူး"



"ဆရာဝန်က ပြောတယ်၊ မိခင်ကိုယ်တိုင်က တ,ခဲ့တဲ့ ချစ်သူမို့ မိခင် ကားချင်းတိုက်တယ်လည်းဆိုရော ချစ်သူကို ခြေးသတိရ၊ ချက်ချင်းကြီး သတိလစ်သွားလို့ စုသက်ရည် စိတ်မမှန်တဲ့အချိန်မှာ မိခင်နဲ့ဖခင် ဆုံးတယ်ဆိုတာကိုသာ စိတ်ကလက်ခံလိုက်တယ်၊ ချစ်သူဆုံးတာကို လက်မခံဘူး၊ သိ်ရှိစေချင်တာကိုး၊ ရှိစေချင်လွန်းတော့ မသိစိတ်ထဲ ရှိလာတယ်"

"ဆရာဝန်က ရှင်းပြတယ်လား"

"အင်း ... မသိစိတ်ထဲမှာ ချစ်သူရှိနေတယ်၊ မသေဘူး၊ တွေ့လည်း မတွေ့ရဘူးဆိုတော့ ရှိသလို ထင်လိုက်၊ မရှိသလို ထင်လိုက်နဲ့ မရှိဘူးထင်တဲ့ အချိန်တွမှာ သေကြောင်းကြံစည်တာတဲ့"

"ဘယ်တုန်းက သွားတွေ့လိုက်တာလဲဟင်"

"စုသက်ရည် ဆေးရုံကဆင်းပြီးမှပါ၊ များသောအားဖြင့်တော့ စိတ်ကျန်းမာရေးကုဆရာဝန်တွေဟာ သူတို့လူနာအကြောင်း သူတစ်ပါးကို ပြောလေ့မရှိပါဘူး၊ အဲဒီဆရာဝန်ရဲ့ညီက ရိဂျင်နယ်မှာ ကျွန်တော်နဲ့ တူတူအောင်ခဲ့တဲ့သူပါ၊ ကျွန်တော် သိပ်ချစ်နေပြီး လက်ထပ်ဖို့ ရည်ရွယ်မိတဲ့ မိန်းကလေးဆိုလို့လည်း ပြောပြတာပါ"

စုသက်ရည် မျက်နှာကလေး ရဲတက်သွားရပြန်သည်။

"ကျွန်တော့်ကိုတွေ့တော့ ကိုမင်းထင်လတ်လို့ ထင်ပြီး အားကိုးစိတ် ဖြစ်လာတာဟာ ရောဂါအတွက် ကုထုံးတစ်မျိုးဖြစ်သွားပါတယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအပြက် ကိုပြည့်ဖြိုးဝေကို ကျေးဇူးတွေ အနန္တ တင်နေတာပါ"

"ကျွန်တော်တို့ စကားပြောတာ လည်လည်သွားတယ်၊ စုသက်ရည်ကပဲ ပညာသားပါပါ လှည့်ပတ်နေတာလား မသိဘူး"

"မဟုတ်ပါဘူး၊ တမင်လှည့်ပတ်တာတော့ မဟုတ်ပါဘူး၊ စုသက်ရည်ကိုယ်တိုင် သိပ်ပြောချင်တဲ့ စကားတွေမို့ လျှောက်ပြောနေမိတာပါ"

"ဒါဖြင့်လည်း ဆက်ပြောပါ၊ ကျွန်တော်ကတော့ စုသက်ရည်နဲ့ ထိုင်စကားပြောနေရရင် ဘယ်လိုအကြောင်းအရာပဲဖြစ်ဖြစ် ဝင်မယ့်နေကိုတောင် ဆွဲထားချင်သူပါ၊ ပြောဗျာ ... ပြောသာပြော"

စုသက်ရည် မျက်နှာကလေး ပြုံးလာသည်။ လှသောသူများ လန်းလန်းဆန်းဆန်းကလေး၊ ရွှင်ရွှင်ကြည်ကြည်ကလေး၊ ချိုချိုအီအီကလေး ပြုံးပြီဆိုလျှင် ပို၍ ပို၍ လှပါပေသည်။

"ဆေးရုံကဆင်းတော့ကာ ကြားရတဲ့သတင်းတွေ၊ ကြုံရတဲ့အဖြစ်တွေက ပြန်မရှုးတာ ကံကောင်း"

"ဒီတစ်ခါ စိတ်ရောဂါပြန်ဖြစ်ပြီး ကျွန်တော့်ကို ကိုမင်းထင်လတ်နဲ့ မှားဦးမယ်ဆိုရင်တော့ ကျွန်တော့်ကိုယ်ကျွန်တော် တာဝန်မယူတော့ဘူးနော်"

"အိုး ... ဘာမှန်းလဲ မသိဘူး"

သည်စကားမှာ ရင်းနှီးဟန်များ ပြည့်လျှမ်းလွန်းသောကြောင့် ဖြိုး သဘောကျသွားရပါ၏။



"ခုတော့ စုသက်ရည် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံဖို့ စိတ်ကူးမရှိတော့ပါဘူး၊ စုသက်ရည် ဆက်လက် အသက်ရှည်နေဖို့ လိုသေးတယ်လို့ နားလည်လာမိပါတယ်"

"ဒါ မှန်တာပေါ့"

"စုသက်ရည်မှာ တာဝန်တွေ အများကြီး ကျန်နေပါသေးတယ်၊ ဖေဖေနဲ့ မေမေ ဆုံးရတာဟာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားဆိုတာ ဆက်စုံစမ်းရဦးမယ်"

"အဲဒီတာဝန် ကျွန်တော့်ကို တစ်ဝက်ခွဲမပေးချင်ဘူးလား"

"ပြောခဲ့ပြီကော ကိုပြည့်ဖြိုးဝေရယ်၊ အောက်ချင်းငှက်လို အချစ်မျိုးကို တန်ဖိုးထားတယ်၊ အောက်ချင်းငှက်လို သစ္စာမျိုးကို ရင်မှာပိုက်ထားချင်မိပါတယ်၊ ကိုကို့ကို သစ္စာမဖောက်ချင်ပါဘူး၊ ကိုကို့အပေါ် သစ္စာဖောက်သူတစ်ယောက် အဖြစ်ကို ကျရောက်မသွားစေရအောင် ကိုပြည့်ဖြိုးဝေက ကူညီလိမ့်မယ် ထင်ပါတယ်"

"ကောင်းရောပဲ"

ဖြိုးကပဲ ဟက်ဟက်ပက်ပက် ရယ်သည်။

"ဘာရယ်တာလဲ"

"စကားအရာမှာ ပညာပါလွန်းလို့ပါ၊ ကျွန်တော့်ကို ဆန္ဒစောလွန်းတယ်လို့ အပြစ်တင်ချင်လည်း တင်ပါ၊ ကျွန်တော်ပွင့်ပွင့်လင်းလင်း မေးပါရစေ"

"မေးလေ"

"ကျွန်တော် စုသက်ရည်ကို သိပ်ချစ်တယ်၊ အဲဒါယုံလား"

စုသက်ရည် ခေါင်းညိတ်ပြသည်။

"လက်ထပ်ဖို့အထိ ရည်ရွယ်တယ် ဆိုတာကော ယုံလား"

www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ်"

"ကျွန်တော်ဟာ လူဆိုးလား၊ လူညံ့လား၊ လူပျင်းလား၊ လူဖျင်းလား"

"ဟင့်အင်း ... လူတော်တစ်ယောက် ဖြစ်သလို လူကောင်း တစ်ယောက်လည်း ဖြစ်နေပါတယ် ကိုပြည့်ဖြိုးဝေ"

"ထားပါတော့ စုသက်ရည်၊ ကျွန်တော်ဟာ စုသက်ရည် ရရှိမယ့် အမွေအနှစ်တွေကို မျှော်လင့်နေတဲ့ ဣတ္ထိယသိုက်သမား များလား"

"အို ... မဟုတ်ဘူးဆိုတာ ယုံပါတယ်"

"ကျွန်တော့်အနေနဲ့ စုသက်ရည်တို့အဆင့်ကို လှမ်းမမှီနိုင်တဲ့ ဘဝမျိုးလား"

"ဒါလည်း မဟုတ်ပါဘူး"

"အချစ်ဆိုတာကို ခဏလေး ဘေးချိတ်ထားရအောင်နော်၊ ကျွန်တော်လို လူတစ်ယောက်ဟာ မိန်းကလေးတစ်ယောက်အတွက် သင့်တင့်လျောက်ပတ်ခြင်း မရှိဘူးလား ပြောပါဦး စုသက်ရည်"

"ကိုပြည့်ဖြိုးဝေဟာ မငြင်းသင့်တဲ့ လူတစ်ယောက်ပါ၊ ဒါက အချစ်ဆိုတာကို ဘေးချိတ်ထားရရင် ပြောတာပါ"

"ဟုတ်ပြီ၊ တခြားအချက်တွေ ငြင်းစရာမရှိဘူးဆိုတော့ အချစ်အကြောင်းကိုပဲ ဆွေးနွေးရမယ်၊ စုသက်ရည် ကျွန်တော့်ကို မချစ်ဘူးလား"

"စုသက်ရည် ချစ်ခဲ့ဖူးပြီးပါပြီရှင်၊ အချစ်ဆိုတာ စုသက်ရည်မှာ မရှိတော့ပါဘူး၊ ကိုပြည့်ဖြိုးဝေကိုမှ မဟုတ်ပါဘူး။ ဘယ်သူ့ကိုမှ ချစ်စရာအချစ် မရှိတော့ပါဘူး"



"စုသက်ရည် ဗုဒ္ဓဘာသာလား"

"ဟုတ်တယ်လေ"

"သံသရာဆိုတာကို ယုံသလား"

"ယုံတာပေါ့"

"သတ္တဝါတစ်ဦးဟာ ဒီဘဝမှာ သေဆုံးပြီးတဲ့အခါ နောက်ဘဝ ပြန်လည်ဖြစ်ထွန်းတယ် ဆိုတာကော ယုံသလား၊ ဆိုပါတော့ လူတစ်ယောက် သေသွားတယ်၊ အဲဒီလူဟာ နောက်ဘဝပြန်ဖြစ်တယ်၊ လူဖြစ်ချင်ဖြစ်မယ်၊ ခွေးဖြစ်ချင် ဖြစ်မယ်၊ နတ်ဖြစ်ချင် ဖြစ်မယ်၊ အဲဒါ ယုံလား"

"ယုံတာပေါ့၊ နောက်ဘဝရှိတယ်ဆိုတာ ယုံတယ်"

"ဘဝတစ်ခု ချုပ်ငြိမ်းသွားရင် နောက်ဘဝတစ်ခု ပြန်လည် ဖြစ်ထွန်းတယ် ဆိုတာကို လက်ခံနေမှတော့ အချစ်တစ်ခု ချုပ်ငြိမ်းသွားပြီးတဲ့အခါမှာ နောက်အချစ်သစ်တစ်ခု ပြန်လည်မဖြစ်ထွန်းသင့်ဘူးလား"

စုသက်ရည် မဖြေပါ။ နှုတ်ဆိတ်နေသည်။

"လူတစ်ယောက် သေသွားပြီး လူပြန်ဖြစ်ရင် ဘဝမှာအဆင့်အတန်း နိမ့်လည်းမသွားဘူး၊ မြင့်လည်းမလာဘူး၊ တန်းတူပဲ၊ နတ်ဖြစ်ရင် အဆင့်မြင့်သွားမယ်၊ ခွေးဖြစ်ရင် အဆင့်နိမ့်သွားမယ် နော်၊ ဟုတ်လား စုသက်ရည်"

"ဟုတ်ကဲ့"

"အချစ်တစ်ခု သေသွားပြီးနောက်မှာ ထပ်မံဖြစ်ထွန်းလာတဲ့ အချစ်သစ်ဟာ မူလအချစ်နဲ့ညီရင်လည်း ညီမယ်၊ ပိုပြီးအဆင့်မြင့် ချင်လည်း မြင့်မယ်၊ နိမ့်ချင်လည်း နိမ့်မယ်ပေါ့၊ စုသက်ရည်ရယ်၊

www.burmeseclassic.com

www.burmeseclassic.com



လူသေပြီး ချွေးဖြစ်တဲ့ကိန်းကို ဆိုက်ချင် ဆိုက်ပါစေ၊ ကိုမင်းထင် လက်အပေါ်မှာ ချစ်ခဲ့တဲ့ အချစ်ကို မမီတောင်မှ သူ့ထက်လျော့နည်းတဲ့ အချစ်မျိုးတောင် ထပ်မံမပေါက်ဖွားနိုင်ဘူးတဲ့လား"

"စကားအရမှာတော့ ကိုပြည့်ဖြိုးဝေ နိုင်ပါတယ်"

"မဟုတ်ပါဘူး၊ ကျွန်တော့်ကို မချစ်နိုင်လို့ဆိုရင် လက်ခံချင်ပါသေးတယ်၊ သြော် ... ငါ့ကိုမချစ်လို့ဘဲကိုးလို့ မုန်းရာပေသကိုးလို့ ဖြေယူနိုင်ပါတယ်"

"မုန်းတော့ မမုန်းပါဘူး၊ တကယ်ပါ"

"ထားပါတော့၊ စုသက်ရည် ဖြေပုံက အချစ် သေသွားပြီဆိုတာကို ကျွန်တော်က လက်မခံနိုင်တာ၊ အချစ်ဆိုတာ သေတတ်တဲ့ အမျိုးအစား မဟုတ်ဘူး၊ သေရင်လည်း အသစ်တစ်ဖန်ထပ်မံ ရှင်သန်လာရဦးမှာပဲ"

"ကိုပြည့်ဖြိုးဝေဘက်က တွေးတော့လည်း မှန်တာပဲ၊ စုသက်ရည်ဘက်က တွေးတော့လည်း စုသက်ရည် မှန်တာပဲ"

"တစ်နဲ့နှစ်ပေါင်းရင် သုံးဆိုတဲ့အဖြေတစ်ခုပဲ အမှန်ရှိတယ် စုသက်ရည်၊ လေးလည်း မှန်တာပဲ၊ ငါးလည်း မှန်တာပဲလို့ ပြောလို့မရဘူး"

"အဲဒါက သင်္ချာကိုးရှင့်၊ ခုဟာက နှလုံးသားရဲ့ခံစားမှုပဲဟာ"

"စုသက်ရည် ဘယ်လိုပဲ လှည့်ပတ်ပြောပေမယ့် ကျွန်တော့်ကို မချစ်နိုင်လို့ ပြောနေတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါပြီ၊ အချစ်သေသွားတာတော့ မဟုတ်ပါဘူး၊ အခု ကျွန်တော့်ကို မချစ်နိုင်သေမယ့် ချစ်နိုင်မယ့်သူ တစ်ဦးဦးကိုတော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ စုသက်ရည် တွေ့လာမှာပါ"



"အဲဒီစကားအတွက် အငြင်းပွားရရင် စကားတွေက ပြန်လည်လာဦးမယ်"

"ဟုတ်ပါတယ် ထားလိုက်ပါတော့၊ စုသက်ရည်ရဲ့ရင်ထဲမှာ ကျွန်တော့်အတွက် နေရာမရှိဘူးလို့ပဲ မှတ်ယူလိုက်ပါ့မယ်"

"စုသက်ရည် အနေနဲ့ ကိုပြည့်ဖြိုးဝေကို အစ်ကိုရင်းတစ်ယောက်လို ခင်မင်အားကိုးချင်နေသေးပါတယ်၊ ကိုပြည့်ဖြိုးဝေ စိတ်မဆိုးဘူး ဆိုရင်ပေါ့"

"ရပါတယ်၊ ပြန်ချစ်တယ် ဆိုရင်သာ ဝမ်းသာကျေနပ်ရမှာ၊ ပြန်မချစ်တဲ့အတွက် စိတ်ဆိုးစရာ မရှိပါဘူး"

"ကျေးဇူးတင်ပါတယ် ကိုပြည့်ဖြိုးဝေ၊ တကယ်ပြောတာပါ"

"စုသက်ရည် မန္တလေးကို ဘယ်တော့ပြန်မလဲ"

"ဆရာဝန်က မန္တလေး မပြန်သင့်သေးဘူးတဲ့၊ ခံစားမှုအဟောင်းတွေ အသစ်ပြန်ဖြစ်မယ်တဲ့"

"ဘယ်သူနဲ့ နေမလဲ၊ ခုလို တည်းခိုခန်းမှာချည်းနေပြီး မမညို ညညလာအိပ်ပေးနေတာလည်း သိပ်မကောင်းဘူး"

"ဦးလေးက အိမ်ငှားပေးမလား၊ အိမ်ဝယ်ပေးမလား မသိဘူး၊ လိုက်ရှာနေတယ်"

"အဖော် ဘယ်သူရှိမလဲ"

"မန္တလေးတိုက်မှာ ထားခဲ့ရတဲ့ ဒေါ်ဒေါ်အေး"

"မိန်းမသားနှစ်ယောက်တည်းလား"

"မမညိုလည်း အဆောင်က ပြန်ထွက်မယ်၊ စုသက်ရည်နဲ့ လာနေမယ်"

"ဘာထူးလဲ မိန်းမသားချည်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အနီးစခန်းမှာ ဘကြီးလူပျိုကြီးတစ်ယောက် ရှိသေးတယ်"

"အဲဒီဘကြီးက ဘာလုပ်ကိုင်စားသောက်နေလဲ၊ သူ့အလုပ်က ထားခဲ့လို့ ရ၊မရဆိုတာက ရှိသေးတယ်"

"အဝေးပြေးကားတွေ မောင်းနေတယ်၊ ဝညာမှမရှိတာ"

"အသက်ကရော"

"ငါးဆယ့်ကျော်ရုံလေးပဲ ရှိပါသေးတယ်၊ ကျန်းကျန်းမာမာပါ၊ စကားပြောရင်တော့ ဘုနဲ့ကန့်လန့်ချည်း ပြောတတ်တယ်"

"အဲဒီလိုလူမျိုးမှ ကောင်းတယ်"

"အဲဒီဘကြီးက ဖေဖေနဲ့မေမေ သေဆုံးရပုံကိုလည်း နည်းနည်းမှ မကျေနပ်ဘူး၊ စုသက်ရည်ကိစ္စမှာ ဦးလေးနဲ့ ရှေ့နေတွေရှိနေလို့၊ နောက်ပြီး အန်တီမိက အဒေါ်အရင်း၊ အင်းလေ ... အမျိုးမတော်တာ သိမှမသိကြတာကိုး၊ အဒေါ်ရင်းဆိုတော့လည်း ဘကြီးတို့ လေးလေးတို့က သိပ်မပြောသာဘူး၊ သူတို့က ဝမ်းကွဲတွေမဟုတ်လား"

"ခုတော့လည်း ပြောရေးဆိုခွင့် ပြန်ရမှာပေါ့"

"ဟုတ်ကဲ့ ... အန်တီမိတို့နဲ့ အမွေကိစ္စကလည်း ရင်ဆိုင်ရဦးမယ် မဟုတ်လား၊ ဆေးရုံကိုလည်း နှစ်ပတ်တစ်ခါ လေးခေါက်သွားပြီးရင် တစ်လတစ်ခါ ချက်က်အပ်ပ်သွားရဦးမယ်၊ ရန်ကုန်မှာနေတာ အကောင်းဆုံးပဲတဲ့"

"အင်း ... မဆိုးပါဘူး၊ စောင့်ရှောက်မယ့်သူတွေက စိတ်ချရလောက်ပါတယ်၊ ဒါပေမဲ့ စုသက်ရည် ... သတိကိုတော့ မလစ်စေနဲ့၊ အမြဲသတိဝီရိယနဲ့ နေပါ"



"လေးလေးက ပြောတယ်၊ အိမ်ဝယ်မယ်ဆိုရင် လုပ်ငန်းမှာ ငွေရင်းနည်းသွားမယ်တဲ့၊ မန္တလေးတိုက်ကို ရောင်းမလားတဲ့"

"စုသက်ရည် သဘောကကော"

"ဆွေမျိုးတွေ အားလုံးက မန္တလေးမှာဆိုတော့ မန္တလေးပြန်ပြီး အခြေချရမှာမို့ သိပ်မရောင်းချင်ပါဘူး၊ ရန်ကုန်မှာနေတဲ့ခဏ၊ ငှားပဲနေချင်ပါတယ်၊ သန့်သန့်ပြန့်ပြန့်ထဲကလည်း လိုချင်တယ်၊ ပိုပြီး အားကိုးရအောင် ကိုပြည့်ဖြိုးဝေတို့ အနီးအနားမှာများ ငှားမယ့်အိမ် မရှိဘူးလား"

"ကျွန်တော် ... အသည်းတစ်ခြမ်း ငှားရန်ရှိနေပါတယ်ဗျာ"

"သွား ... အကောင်းမှတ်လို့"

"သွား"လို့ ပြောမိတော့ ကိုကို့ကို သတိရ တမ်းတလိုက်ပါဘိခြင်း၊ ကိုကိုနှင့် တူတူပျော်ခဲ့ကြစဉ်ကဆိုလျှင် ...

"စုသက်ရည် ရင်ထဲမှာလေ ကိုပြည့်ဖြိုးဝေကို အစ်ကိုရင်းတစ်ယောက်ပဲ ဖြစ်ပါစေတော့လို့ အမြဲဆန္ဒဖြစ်နေပါတယ်၊ တကယ်ပြောတာပါ"

"မဆိုးပါဘူး"

ဖြိုးက ပြုံးစိစိလုပ်ကာ နောက်တောက်တောက် ပြောသည်။

"ပြန်ကြစို့နော် ... စုသက်ရည်အတွက် ပြောတာပါ"

ဖြိုးက လက်ပတ်နာရီကို ငုံ့ကြည့်ရင်းပြောသည်။ စုသက်ရည်က ခေါင်းညိတ်ပြသည်။ ဖြိုးက အကြော်ဖိုးရှင်းသည်။ ခဏတော့ထရပ်သည်။ ဘာကြောင့်မှန်းမသိ သတိမထားလိုက်မိခင်မှာပင် စုသက်ရည်ကို လက်ကမ်းမိလျက်သား ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဪ ... စုသက်ရည်၊ မတ်တတ်ထရပ်ဖို့ ကိစ္စလေးမှာ တောင်မှ ဖေးမချင်စိတ်တွေ ဖြစ်မိတယ်။

စုသက်ရည်က ခဏတော့ ကြောင်သွားသည်။ သို့ပေမင့် ချက်ချင်းဆိုသလိုပင် ကမ်းလာသည့်လက်ကို လှမ်းဆွဲသည်။ အားယူ၍ထသည်။ ဖြိုး၏ အတိုင်းမသိ မေတ္တာများက လက်ချင်း ဆုံရာမှ လာရောက်စုပေါင်းကြသည်။ စုသက်ရည်၏ လက်မောင်းသားများကတစ်ဆင့် ရင်ထဲသို့တိုင် စီးဝင်ရာမှာ စုသက်ရည်အတွက် ခွန်အားအသစ်များစွာကို ဖြစ်ထွန်းစေပါသတည်း။

"လူ့ဘဝနဲ့ သေဆုံးပေမယ့် ခွေးပြန်ဖြစ်ရရင်တောင် ကျေနပ်ပါတယ်ဆိုတဲ့ကောင်ကို ဘဝကူးခွင့်မပေးဘဲ တစ္ဆေသရဲဘဝမှာ ထားတော့မှာလားဟင်"

စုသက်ရည် နှုတ်ခမ်းကလေး ပွင့်ရုံပြုံးသည်။

"တစ္ဆေသရဲဆိုတာလည်း ဘဝတစ်မျိုးပဲမဟုတ်လား"

"ဘုန်းချင်းမမျှလို့ လူတွေနားကို မကပ်နိုင်ဘူးတဲ့"

"လက်ကိုတောင် ဆွဲခေါ်နေပြီပဲ အစ်ကိုရယ်"

"ဗျာ ... စုသက်ရည် ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တယ်"

"အစ်ကို ... လို့၊ မကြိုက်ဘူးလား၊ တကယ့်မောင်နှမဘဝ မျိုးမှာ နေချင်တယ်"

"အစခဏတော့ ရပါတယ်"

"ဘယ်တော့ကျရင် မရဘူးလဲ"

"ယောက်ဖလောင်း ဆိုတာများ ပေါ်ပေါက်လာရင်တော့ ဒီအစ်ကိုက ဓားချင်းယှဉ်ခုတ်မယ့် အစ်ကိုမျိုးနော်၊ သဘောတူ ကြည်ဖြူမှာမဟုတ်ဘူး"



"ဒီညီမက အပျိုကြီးလုပ်မှာ"

"အချိန်က စကားပြောပါလိမ့်မယ်"

"စောင့်ကြည့်ပေါ့"

"စိတ်ချ ... အမြဲကြည့်နေမှာ"

လက်ချင်းချိတ်၍ ကားဆီသို့ လှမ်းလာကြသည်။ စုသက်ရည်၏ ရင်ထဲမှ သဘောထားအမှန်နှင့် ခံစားမှုတို့ကို သိရတော့ ဖြိုး အပြစ်မတင်ရက်ပါ။ သူ့ခမျာကလေးက ဖြူဖြူစင်စင် ချစ်ပြီး အားကိုးချင်ရှာတယ် ... ဟု တွေးကာ အချစ်မှာ အသနား တွေ ပိုလာရတော့သည်။

"အမျိုးသား အသားဖြူပုံက စိမ်းဖန့်ဖန့်နဲ့၊ အမျိုးသမီးဖြူ တာကျတော့ ဝင်းမှည့်နေတာပဲ၊ နှစ်ယောက်လုံးကလည်း ချော လိုက်ကြတာ၊ သီတာဒေဝီနဲ့ ရာမမင်းသားလား မှတ်ရတယ်"

အနားမှဖြတ်သွားသော မိန်းကလေးအုပ်စုက ကျယ်ကျယ် လောင်လောင် မှတ်ချက်ချသွားကြသောကြောင့် စုသက်ရည်က သူ့လက်တလေးကို ရှက်ယောင်ယမ်းနှင့် ဆောင့်ရုန်းလိုက်မိပါ တော့သည်။

"ပုန်းမနေနဲ့ဦးနော် စုသက်ရည်၊ ကျွန်တော်နဲ့ အမြဲဆက် သွယ်ပါ၊ ပြဿနာ အခက်အခဲတွေအားလုံးကို တိုင်ပင်ပါ"

"မောင်နှမတွေပဲ အစ်ကိုရယ်၊ အားကိုးမှာပေါ့"

✻ ❧ ✻

www.burmeseclassic.com

www.burmeseclassic.com



## ပိုင်ဆိုင်ရမလား စွန့်လွှတ်ရမလား အဖြေရယ်က ပိုးတဝါး

"နေကောင်းလား ... စုသက်ရည်"

"ဟုတ်ကဲ့ ... လာပါ အစ်ကို"

စုသက်ရည်က သူ့အိုးသူ့အိမ်နှင့်နေပြီဆိုတော့ ပြည့်ဖြိုးဝေ အချိန်မှန်ရထားကြီးက တနင်္ဂနွေနေ့တိုင်း ဆိုက်ရောက်လာပါသည်။ ကမ္ဘာအေးဘုရားလမ်းမကြီးမှ အနည်းငယ် ဝင်ရသည့် ရေကူးရပ်ကွက်မှာ စုသက်ရည် အိမ်ငှားနေသည်။ မြေအကျယ် ပေငါးဆယ်၊ ရှစ်ဆယ်အတွင်းမှ ပေအစိတ် ပေငါးဆယ် တစ်ထပ်သစ်သားအိမ်ကလေးဖြစ်ပါ၏။ စိတ်ကျန်းမာရေးဆေးရုံနှင့်လည်း နီးနားသောကြောင့် သည်ရပ်ကွက်မှာပင် နေဖြစ်ခြင်းဖြစ်ပါ၏။

ဒေါ်အေးက ချက်ပြုတ်စီမံသည်။ ဘကြီးဘခက်က ခြံတွင်းမှာ စိုက်ပျိုးသည်။ ခြံကို ပြုပြင်သည်။ ညိုညိုဝင်းက ကားမောင်းပေးသည်။ သည်အိမ်မှာ အနည်းဆုံး တစ်နှစ်ခန့်တော့ နေဖြစ်မည်ဟု ယူဆသောကြောင့် စုသက်ရည် စိတ်ချမ်းသာရေးအတွက် ဘကြီးက ပန်းမန်ကလေးများ ဝေဝေဆာဆာ ပွင့်နေစေရန် ခြံကို မွမ်းမံခြင်းလည်းဖြစ်သည်။



ဦးလေးနှင့် ရှေ့နေများကတော့ မကြာခဏ လာရောက်တွေ့ဆုံကာ တိုင်ပင်နှီးနှောခြင်း၊ အားပေးစကားပြောကြားခြင်းနှင့် ငွေစာရင်းရှင်းခြင်း အလုပ်များကို ပြုလုပ်ပါသည်။ စုသက်ရည်က ကောင်းစွာကျန်းမာလာပြီဆိုပေမင့် အမြဲတစေ ညှိုးနွမ်းနေသည်။ သူများတကာ ဆယ်ကျော်သက်မကလေးတို့နှယ် စိတ်လက်ပေါ့ပါးကာ ကြည်ရွှင်လန်းဆန်းခြင်း မရှိသေးပါ။

သည်သို့ ညှိုးခွေနွမ်းရော်နေသည့် ကာလပတ်လုံး မန္တလေးအိမ်သို့ မပြန်သင့်သေးဟု ဆရာဝန်က မှတ်ချက်ချသောကြောင့် ရန်ကုန်မှာပင် ဆက်လက်နေထိုင်ရပါဦးမည်။

သည်ဝင်း၊ သည်ခြံနှင့် သည်အိမ်သည် မကြီးမငယ် အတန်အသင့် ကောင်းမွန်သည်ဆိုပေငြား မန္တလေးက ခြံကြီးဝင်းကျယ် ခမ်းနားလှသည့် တိုက်ကြီးနှင့်နှိုင်းယှဉ်လျှင်တော့ ဆီးစေ့နှင့် မြင်းမိုရ်တောင်လို ကွာခြားချင်တိုင်း ကွာခြားနေပါတော့သည်။

"ဒေါ်ဒေါ်အေးရေ ... အစ်ကို့ကို တစ်ခုခုကျွေးရအောင်နော်"

အိမ်ပေါက်ဝသို့ထိ ထွက်ကြိုကာခေါ်လာပြီး ကုလားထိုင်များပေါ်မှာ ထိုင်ဖြစ်ကြသည်နှင့် စုသက်ရည်က လောကွတ်ပျူငှာစကားကို ဆိုသည်။

"နေပါစေလား စုသက်ရည်၊ စားချင်လို့လာတာမှ မဟုတ်တာ"

"ဩော် ... ဒီအစ်ကိုကလည်း ဘယ်သူ့သည်ကတော့ စားချင်သောက်ချင်လို့ လာမလဲ၊ ကိစ္စနဲ့လာတာပဲပေါ့၊ ဒါပေမဲ့ ဆီးကြိုကျွေးမွေးရတာက အိမ်ရှင်ရဲ့ ဝတ္တရားမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"နေရထိုင်ရတာ အဆင်ပြေတယ်မှုတ်လား"

"ပြေပါတယ်"

"နေလို့ကော သေသေချာချာကောင်းရဲ့လား"

"တစ်ခါတစ်ခါတော့လည်း မျက်ရည်ကျတာပေါ့ အစ်ကိုရဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့သူတွေကို လွမ်းရဆွေးရတာရော၊ ကိုယ့်ဘဝကိုယ် ဝမ်းနည်းမိတာကော၊ စေ့စေ့တွေးရင် ဖြေနိုင်စရာမရှိပါဘူး အစ်ကိုရယ်၊ အဲဒီအခါတွေမှာ ငိုမိရင် သုံးရက်လောက်ဆက်ပြီး ခေါင်းမူးနေတယ်"

"တော်ကြာ နေပြန်မကောင်းဖြစ်မှာစိုးရတယ်၊ စိတ်ညစ်စရာတွေ မတွေးမိအောင် စိတ်ကို အလုပ်ပေးထားပါလား"

"ဘယ်လိုပေးရမလဲ"

"ရည်းစားထားလိုက်ပါလား"

"သွား ... စကားကောင်းပြောရင် နောက်ပြီ"

"အကောင်းပြောတာ၊ စိတ်ကို အလုပ်ပေးရအောင် သက်သာတဲ့နည်းက ဒီနည်းပဲကျန်တော့တယ်၊ ခွဲလည်းမလိုဘူး၊ ပိုက်ဆံလည်းမကုန်ဘူး"

"ဒါ ... အစ်ကိုက နှမတစ်ယောက်ကို ပြောရမယ့်စကားလား"

"ဪ ... ဆွေမျိုးမစပ် ခွတ်ကြီး မောင်နှမတော်နေတော့လည်း ဘဂ်လားတောင် ပြောင်းချင်စိတ်ပေါက်လာပြီ"

"ဘာဖြစ်လို့လဲ"

"ဘင်္ဂလာပြောင်းပြီး မောင်နှမတော်မှ ဘင်္ဂလားမောင်နှမ"



စုသက်ရည် တခစ်ခစ်ရယ်သည်။ စိတ်လိုက်မာန်ပါကလေးဖြစ်လာသည်မို့ ကုလားထိုင်ချင်း ယှဉ်၍ထိုင်နေသော ဖြိုး၏လက်ပြင်သားကို ဖြန်းခနဲလှမ်းရိုက်မိသည်။ ထိုအချိန်မှာပင် ဒေါ်အေးက ကော်ဖီလာချပေးသည်။

"စကားပြောရင် လက်မပါကြေးကွာ"

"စုသက်ရည်က မောင်နှမရင်းလို သဘောထားလို့ပါ"

"ဒီဘက်က အဲဒီလို ပြန်မထားနိုင်တော့ မခက်ဘူးလား"

"အစ်ကိုရယ် အဲဒီအကြောင်း မပြောပါနဲ့လား"

"ဒါဖြင့် ဘယ်အကြောင်းပြောရမလဲ၊ ချစ်တဲ့အကြောင်း မပြောရရင် လက်ထပ်ချင်တဲ့အကြောင်းကို ပြောမရလား၊ ဒါမှမဟုတ်ရင် အာခံတွင်းမှာ ငုံထားချင်တဲ့အကြောင်း ပြောရမလား"

"ကြည့်လေ ... ပြောလေ ကဲလေပဲ"

စုသက်ရည် စိတ်မဆိုးနိုင်ဘဲ မျက်စောင်းကလေးသာ ထိုးမိသည်။ ဖြိုးကို ရင်ထဲမှာ ခင်နေသည်။ အားလည်း ကိုးသည်။ ချစ်သူတစ်ယောက် အနေနှင့်တော့ ချစ်နိုင်မည် မထင်ပါ။ စုသက်ရည် ရင်ထဲမှာ ချစ်ခဲ့ဖူးပြီးပြီ၊ ကိုကို့ကိုလေ။

ညိုညိုဝင်းက အိမ်ရှေ့မှ စကားသံများ ကြားသောကြောင့် ထွက်လာသည်။

ဖြိုးနှင့် ပတ်သက်သမျှ အကြောင်းစုံကို စုသက်ရည်က ညိုညိုဝင်းအား ပြန်ပြောပြထားပြီးပါပြီ။

"ဟော ... မမညို"

"ရောက်တာ ကြာပလား ကိုဖြိုး"

www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်ကြီးက ရှည်သောကြောင့် များသောအားဖြင့် ကိုဖြိုးဟုသာ အခေါ်များကြပါ၏။ စုသက်ရည် တစ်ယောက်သာ အစ်ကို မခေါ်မိက ကိုပြည့်ဖြိုးဝေဟုပဲ တွင်တွင်ခေါ်ခဲ့သည်။

"ခုပဲ ... မမညို"

"စုသက်ရည်ကလေ ... ကိုဖြိုးနဲ့တွေ့မှပဲ ပြုံးဖော်ရယ်ဖော် ရတော့တယ်၊ ကျန်တဲ့အချိန်တွေ သိပ်မှိုင်တာပဲ"

မှိုင်ရှာပေမပေါ့၊ သူ့အဖြစ်က မှိုင်ရုံမက စက္ကန့်နှင့်အမျှ ချုံးပွဲချ ငိုနေထိုက်သည့် အဖြစ်ဆိုး မဟုတ်လား။

"ဒါကြောင့်လည်း ကျွန်တော်က တမင်တကာ ရယ်စရာ များများ ပြောပေးပါတယ်"

"ကျွန်မတို့ကတော့ ဆရာမ လုပ်မယ့်သူမို့လား မသိဘူး၊ အသက်ထက်ပိုပြီး အတွေးရင့်နေတော့ ရယ်စရာစကား ပြောဖြစ်ခဲ့တယ်"

ညိုညိုဝင်းက မျက်နှာတည်သည်။ သဘောကောင်းသည်။ စုသက်ရည်ကို သိပ်ချစ်ပြီး သိပ်သနားသည်။ ကူညီစောင့်ရှောက်လိုသည်။ သို့ပေမင့် စကားကို ရယ်ပွဲဖွဲ့ကာ မပျော်ပျော်အောင် လုပ်တတ်သူ မဟုတ်ပါ။ ညိုညိုဝင်းတောင်မှ မတတ်ပါဘူးဆိုလျှင် ဒေါ်အေးနှင့် ဘကြီးခက်တို့ ပိုမတတ်တော့မပေါ့၊ သည်တော့လည်း ဖြိုးလာလျှင် စုသက်ရည် ပျော်သည်မှာ အဆန်းမဟုတ်တော့ပါ။

ဖြိုးလာလျှင် ပျော်သည်။ ဖြိုးကို မျှော်သည်။ ဖြိုးကို ခင်သည်။ ရေနစ်သူ၏ ဘဝမျိုးမှ စုသက်ရည်ခမျာ ဖြိုးဆိုသည့် မြက်ကလေးတစ်ပင်ကို တွယ်တာချင်ရှာပါ၏။ ဖြိုး ဖြစ်စေချင်



သည့် ဘဝမျိုးကိုကျတော့လည်း မလိုက်လျှောနိုင်ပြန်ပါ။ စုသက်ရည် သဘောကို နားမလည်ပါက လှည့်စားတတ်သူ မိန်းကလေး တုပင် စွပ်စွဲလောက်ပါသည်။ သို့ပေမယ့် ဖြိုးက စုသက်ရည် သဘောကို နားလည်သည်။ ထို့ကြောင့်လည်း ပိုပိုချစ်၊ ပိုပိုသနား မိလေတော့သည်။

"မမညိုကို တစ်ခုတော့ ပြောချင်ပါတယ်"

"ဘာများလဲ ကိုဖြိုး"

"ကျွန်တော် ... စုသက်ရည်ကို ချစ်တာ မမညို သိပြီးသား လားလို့ပါ"

"အို"

စုသက်ရည်က ရှက်စနိုးဟန်ကလေးနှင့် ခေါင်းငုံ့ကျသွားသည်။

"ဆိုပါဦး"

"ဒီတော့ ... ကျွန်တော်ကတော့ အခွင့်သင့်တိုင်း အရေးဆို နေမှာပဲဆိုတာ မမညိုကို အစ်မကြီး၊ အမိအရာထားပြီး ကြိုတင် အသိပေးတာပါ"

"ဩော်"

ကာယကံရှင် စုသက်ရည် မဆိုထားဘိ၊ ညိုညိုဝင်းပင်လျှင် နည်းနည်း တော့ ရှက်သွားရသည်။

"ဒီကိစ္စကို စုသက်ရည်က ငြင်းတယ်ဆို"

"ငြင်းပါတယ် မမညို၊ ဒါပေမဲ့ ကျွန်တော်က လျှော့မယ့် သူ မဟုတ်ဘူး၊ သူ့ဘဝကလေး သာသာယာယာ ပျော်ပျော်ရွှင်

www.burmeseclassic.com

www.burmeseclassic.com



ရှင်နဲ့ မြင်ချင်တာရော၊ ကျွန်တော်ကိုယ်တိုင် စွဲလမ်းမက်မောတာရောပေါ့လေ"

"အဲဒီကိစ္စကို ဘကြီးခက်ကလည်း ပြောပါတယ်၊ စုသက်ရည်ကို လူကောင်းသူကောင်း တစ်ယောက်ယောက်နဲ့ အခြေတကျ မြင်ချင်တယ်တဲ့၊ ဘာပဲဖြစ်ဖြစ် စုသက်ရည် ဘဝမှာ အားကိုးအားထား ယောကျ်ားသား လိုတယ်လေ၊ ဒါပေမဲ့ ဆေးအတွက်လေး ဆိုတာလို ဖြစ်မှာလည်း စိုးရသေးတယ်"

"ကျွန်တော့်အတွက်တော့ စုသက်ရည် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဘယ်တော့မှ မဖြစ်စေရဘူးလို့ ရဲရဲကြီး အာမခံဝံ့ပါတယ်"

"ဒါတော့ ... ကိုဖြိုး စိတ်လည်းမဆိုးပါနဲ့၊ လူတစ်ယောက်အကြောင်းဆိုတာ စောင့်ကြည့်မှ သိရမှာမို့ ကျွန်မတို့ကတော့ ခုပြော ခုယုံ မလုပ်နိုင်ပါဘူး"

ကျောင်းဆရာမလေးကတော့ တဲ့တိုးကြီးပင် ပြောချသည်။ ဖြိုး စိတ်မဆိုးပါ။ တဲ့တိုးကြီးပေမို့ နားဝင်မချိုသည့်တိုင် မှန်သော စကားမေ့ပဲ။

"ကြည့်ပါဦး ... စုသက်ရည်ကို ရှေ့ထားပြီး စုသက်ရည်အကြောင်း ပြောနေလိုက်ကြတာ၊ စုသက်ရည်က အရုပ်ကျနေတာပဲ"

စုသက်ရည် နှုတ်ခမ်းစူပါလေပြီ။

"အရုပ်မဟုတ်လို့ပေါ့၊ အရုပ်သာဆိုရင် ..."

မချင့်မရဲ ဖြစ်လာသည်မို့ ဖြိုးက အံကိုကြိတ်၍ ပြောသည်။ ဝါကျကို အဆုံးမသတ်ပါ။ ညိုညိုဝင်း အဖို့မှာသာ ဆက်ထိုင်နေရ



ခက်၊ ထသွားရခက်နှင့် ခွကျလှတော့သည်။ ချစ်သည့်အကြောင်းကို အခွင့်ကြုံတိုင်း ပြောနေတော့ ပြောင်ပြောင်ကြီး ထိုင်နားထောင်ရအောင် ကိုယ့်ကိုပြောသည်လည်း မဟုတ်။ အနေခက်လှပါ၏။ ထသွားရပြန်ကလည်း စုသက်ရည်ကို မညှာတာရာ ရောက်မည်။

အဓိက,က စုသက်ရည်။ သူ့ စိတ်ချမ်းသာဖို့၊ သူပျော်ဖို့သည်သာ အဓိကမဟုတ်လား။ ဖြိုး၏စကားများအပေါ်မှာ စုသက်ရည် စိတ်ဆင်းရဲသလား၊ အကဲခတ်ကြည့်တော့ စိတ်ဆိုးပုံ၊ စိတ်ဆင်းရဲပုံမရပါ။ နှုတ်ခမ်းစူထားပေမင့် သည်နှုတ်ခမ်းစူစူကလေးပေါ်မှာပင် ပီတိတစ်မျိုးကို တွေ့မြင်ရသည်ဟု ထင်သည်။ မထူးပါဘူး၊ စောစောကလည်း တဲ့တိုးကြီး ပြောချပြီးတော့မှ ခုလည်းတုတ်ထိုးအိုးပေါက်ပဲပေါ့။

"ကိုဖြိုး ပြောတဲ့စကားတွေကို ပြောင်ပြောင်ကြီး ထိုင်နားထောင်နေရမှာတော့ မျက်နှာပူတယ်ကွာ၊ ကိုယ်နဲ့လည်း ဆိုင်တာမဟုတ်၊ ကိုယ့်ပြောတာလည်းမဟုတ်၊ အဃ် ..."

ပြောရင်းက စကားမှားသွားသောကြောင့် ညိုညိုဝင်း ရှက်တီးရှက်ကန်း ရယ်သည်။ စုသက်ရည် နှုတ်ခမ်းစူ ပြေသွားကာ ရယ်နေသည်။

"အဲ ... အဲ ... ဒီနေရာမှာ မမညို ဆက်ထိုင်နေပေးဖို့ လိုသေ--ား စုသက်ရည်၊ မလိုတော့ဘူးဆိုရင် ကိုယ့်စာကိုယ်ပြန်ကျက်တာ အန္တရာယ်ကင်းလိမ့်မယ် ထင်တယ်"

"သဘော ... သဘော၊ မမညိုကြီး နည်းနည်းမှ မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သဘောဆိုရင်တော့ အခန်းထဲ ပြန်ပြေးပြီဟော့"

ညိုညိုဝင်းက ပြောပြောဆိုဆို ထသွားတော့သည်။

"အစ်ကို ... ဒီမှာ မနက်စာ စားသွားမလား"

"တကယ်တမ်း လိုအပ်နေတာက အစာအဟာရမဟုတ်ဘူး၊ မေတ္တာအဟာရ"

"ဒီဘူတာချည်းပဲ ပြန်ပြန်ဆိုက်တယ်၊ ခက်တော့တာပဲ"

"လွှန်းပျံရထားကြီးကို၊ နှလုံးသားနှစ်ခုကြားမှာ ခေါက်တုံ့ခေါက်ပြန် ပြေးဆွဲနေတဲ့ ရထားကြီးလေ၊ လွှန်းပျံဆိုတဲ့အတိုင်း လွှမ်းပြီးမပြန်ရဖို့ပဲ အရေးကြီးတယ်"

"အစ်ကိုက ဒါချည်း ပြောနေတော့ စုသက်ရှည် စိတ်ညစ်လာပြီ"

"ဒီလိုဆိုလည်း မိနစ်ပိုင်းလောက် အောင့်ထားလိုက်မယ်လေ"

"ဒါကလွဲလို့ မပြောတတ်တော့ဘူးလား"

"ဟင့်အင်း"

"ခက်တဲ့ အစ်ကိုပဲ"

"ဟိုတုန်းကလို ပြောပါဦးလား"

"ဘယ်လိုလဲ"

"သိပ်ချစ်တာပဲ ကိုကိုရယ်၊ သိပ်လွမ်းတာပဲ ကိုကိုရယ်တဲ့"

စုသက်ရှည်မျက်နှာ ညှိုးခနဲ ကျသွားတော့သည်။ ကြေ ကိုကို့ကို တမ်းတခြင်းများစွာနဲ့ သတိရလိုက်တာရှင်၊ ညီမလေးရဲ့ ကိုကို၊ အယ်ဘာဝများ ရောက်နေရှာပါလိမ့်၊ ဖေဖေနဲ့ မေမေရော အားလုံးပဲ ကောင်းရာမွန်ရာ သုခဘုံမှာ စံစားနိုင်ကြပါစေ။



စုသက်ရှည် မျက်နှာ ညှိုးကျသွားသည်ကို ဖြိုးက သတိထားလိုက်ပါသည်။ သူ့စကား မှားသွားပြီဟုလည်း သိလိုက်သည်။ သူကတော့ စုသက်ရှည် သူနှင့် တရင်းတနှီးနေစဉ်က အသုံးအနှုန်းတလေးမို့ ပြောမိခြင်း ဖြစ်ပါ၏။ သည်စကား အသုံးအနှုန်းက စင်စစ် သူ့အတွက် မဟုတ်ပါတကား။ ဖြိုး ရင်ထဲမှာလည်း နင့်သွားသည်။ စုသက်ရှည်သာ မျက်နှာညှိုးသည်မဟုတ်။ ဖြိုးကိုယ်တိုင်လည်း မျက်နှာပျက်သွားသည်။

စုသက်ရှည် မျက်နှာညှိုးသွားသည်ကို ဖြိုး သတိထားမိသည့်နည်းတူ ဖြိုး မျက်နှာပျက်သွားသည်ကိုလည်း စုသက်ရှည် သိလိုက်ပါသည်။ တကယ်တော့ သူတို့နှစ်ဦးမှာ တစ်ဦးကိုတစ်ဦး စကြွန့်မလပ် အပြန်အလှန် အာရုံစိုက်နေမိကြပါ၏။ အပြန်အလှန်တွယ်တာမှုကလည်း ခိုင်မြဲလှပါ၏။ တွယ်တာပုံနည်းချင်းသာ ကွာခြားချင် ကွာခြားပါလေမည်။

"လာမယ့်တနင်္ဂနွေမှာ ဖေဖေနဲ့ မေမေရော ကိုကို့အတွက်ပါ ဆွမ်းကျွေးရရင် ကောင်းမယ်"

"ကောင်းသားပဲ"

"ကိုကို့အတွက် အန်တီလတ်တို့က ဆွမ်းသွပ်ပေးခဲ့တယ်၊ ဖေဖေ့အတွက်ကျတော့ မေမေနဲ့အတူ စုသက်ရှည်ပါ ရေစက်ချအမျှဝေခဲ့ရပါတယ်၊ မေမေ့ကိစ္စကျတော့ စုသက်ရှည် စိတ်အယောက်ကယက် ဖြစ်သွားတာနဲ့ လေးလေးတို့ အန်တီမိတို့ပဲ လုပ်လိုက်ကြရတယ်၊ သုံးယောက်လုံးအတွက် စုသက်ရှည် ကိုယ်တိုင် အမျှဝေရရင် ကောင်းမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်းတာပေါ့၊ ကျွန်တော် ဘာလုပ်ပေးရမလဲ၊ လိုတာပြောလေ"

အမျှဝေလိုပါသည်ဆိုသည့် စကားကြောင့် ဖြိုး အားတက်မိ ရပြန်သည်။ အမျှဝေသည် ဆိုကတည်းက "ကွယ်လွန်ခဲ့ပြီ"ဆို သည်ကို လက်ခံခြင်း အဓိပ္ပာယ်သို့ သက်ရောက်သည်။

"ဒေါ်ဒေါ်အေးနဲ့ မမညိုနဲ့ စုသက်ရည်ပါဆိုရင် စိစဉ်လို့ ရပါပြီ၊ အိမ်နီးပါးချင်းတွေလည်း ဖိတ်ကျွေးချင်တယ်၊ အစ်ကိုက တော့ မနက်အရုဏ်အမီ လာမလား၊ ညကတည်းက ဘကြီးခက် နဲ့အတူ လာအိပ်ပေးမလားဟင်၊ အစ်ကို့အိမ်ကိုလည်း ခွင့်တောင်း ရဦးမှာပေါ့"

"ညဘက်သွား လာအိပ်ဖြစ်ရင်တော့ ကိုယ့်အိမ်ကလွဲပြီး တခြားအိမ်မှာ ပထမဆုံး အိပ်ဖူးခြင်း ဖြစ်မှာပဲ"

"အစ်ကို့ဘဝကလည်း ရိုးသားလိုက်တာ"

"အဲဒါ ... စုသက်ရည် မကြိုက်ဘူးလား"

"စုသက်ရည်ရဲ့ဘဝက အစ်ကို့ဘဝလောက် မရိုးသားဘူး"

"နေမကောင်း ဖြစ်ခဲ့တာကို ပြောတာလား"

"မဟုတ်ဘူး၊ ရှိသေးတယ်"

"သြော် ... ချစ်သူရှိခဲ့ဖူးတာကို ပြောချင်တာပေါ့"

"မဟုတ်ဘူး၊ ရှိသေးတယ်"

"မသိတော့ဘူး"

"တစ်နေ့ကျရင်တော့ စုသက်ရည်ရဲ့ဘဝ အစ်ကို့ကို ပြောပြ ပါ့မယ်၊ ခုတော့ မပြောချင်ဘူး"



"ပြောချင်တဲ့အချိန်ကျမှ ပြောပါ၊ မပြောလည်းရတယ်၊ ပြောလည်း အကြောင်းမထူးဘူး၊ ချစ်တာက ချစ်တာပဲ"

"ဟော ... မောင်နှမချင်းပါဆို"

"အဲဒါကြောင့် ဘင်္ဂလားကို ပြောင်းမယ် ပြောတာပေါ့"

"အစ်ကိုက စကားတတ်တိုင်း ဒီဘက်ချည်း လှည့်ပတ်ပြော နေတာပဲ"

"စကားတတ်တာ မဟုတ်ပါဘူး၊ စကားများတာပါ၊ စကား များသလို အချစ်တွေလည်း အများကြီးရှိတယ်၊ ဘယ်လောက်များ လဲ သိလား"

"သိဘူး"

"ဘင်္ဂလားအော်နဲ့ အပြည့်"

"ကတ်သီးကတ်သတ် ပြောပြန်ပြီ"

"ဘင်္ဂလားပင်လယ်အော်ထဲမှာ ရှိနေတာ ရေတွေမဟုတ်ဘူး၊ ကျွန်တော့်အချစ်တွေ၊ အစကတော့ ထုထည်အစိုင်အခဲကြီးနဲ့ပါပဲ၊ တုံ့ပြန်မေတ္တာကို မရတော့ ခံစားမှုအပူမီးနဲ့ ထိတွေ့ကြတယ်၊ မာတ်ပြုကြတယ်၊ အဲဒါ အရည်တွေ ဖြစ်သွားရော၊ အဲဒီဓာတ်ရဲ့ နာမည်ကို သိလား၊ အယ်လ်အိုဗီအီး ... တဲ့"

စုသက်ရည် ရယ်မိပြန်ပါသည်။ ဖြိုးက ချစ်သည့်အကြောင်း ကို မနားတမ်းလည်း ပြောသည်။ ပြောတိုင်းလည်း ရယ်စရာ စလေးများညှပ်၍ ပြောတတ်သည်။

"မမမိဟာ ရုပ်ကလေးလှသားပဲ၊ ဘွဲ့လည်း ရပြီးပြီ၊ လောလောဆယ် ကျူတာဝင်လုပ်နေသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



“အဲဒါ ဘာဖြစ်လဲ၊ ရေလွှဲမြောင်းကြီး ဖောက်မလို့လား။ ဘင်္ဂလားပင်လယ်အော်ထဲကရေတွေ မိမိဆီ ပို့တော့မယ် ထင်တယ်”

“ဒါပေါ့”

“လှတယ်၊ ချောတယ် ဆိုရင် ချစ်ရရောလား”

“အင်းလေ … ယောကျ်ားတွေရဲ့အချစ်က မျက်စိမှာ တည်တယ်ဆို”

“လှတဲ့သူကိုသာ ချစ်ရမယ်ဆိုရင် မိမိကိုတော့ မချစ်ဘူး၊ မယ်စကြဝဠာတွဲ ရသွားတဲ့ ဖိလစ်ပိုင်မယ်ကလေးကို ချစ်မှာပေါ့”

“ပညာလည်း တတ်သေးတယ်လေ”

“အဲဒီမှာအရဆိုရင် ကထိက အပျိုကြီးမမတွေကိုပဲ မျက်စပစ်တော့မယ်၊ ပါမောက္ခတွေထဲမှာတောင် ရှိသေးတယ်”

“ငရဲကြီးတော့မှာပဲ အစ်ကိုရယ်”

“စုသက်ရည် စကားအတိုင်း ပြောရတာလေ”

“မမိကို မချစ်ဘူးလား”

“မချစ်ဘူး”

“ဘာဖြစ်လို့လဲ”

“မချစ်တာဟာ ချစ်ကိုမချစ်လို့ပဲ … ရှင်းပလား၊ စုသက်ရည်ကို ချစ်တာဟာ ချစ်ကိုချစ်လို့ပဲ၊ စုသက်ရည်လှလို့ ချစ်တာလားလို့ မေးမယ်ဆိုရင် စုသက်ရည်လောက်လှတဲ့ မိန်းကလေးတွေ လိုက်ရှာရင် လူဦးရေသန်းပေါင်း သုံးဆယ်ကျော်မှာ တစ်ယောက်မဟုတ် တစ်ယောက်တော့ တွေ့မှာပေါ့”



“မကပါဘူး၊ အများကြီး ရှိမှာပါ”

“ပိုက်ဆံချမ်းသာတယ် ထင်ပြီး ချစ်တယ်များ မှတ်နေသလား”

“မမှတ်ပါဘူး၊ ရှိမှလည်း သိပ်မရှိတာ”

“အိုနာစစ်သမီးနဲ့ရလည်း မြန်မာပြည်မှာတော့ ယောကျ်ားလေးက လုပ်ကျွေးရတာပဲ”

“ဒါဖြင့် ဘာဖြစ်လို့ … အာ … ဘွာတေး … ဘွာတေး”

“ချစ်တယ်ဆိုတာ ကြိုက်လို့၊ မြတ်နိုးလို့၊ တွယ်တာလို့၊ နွဲ့လမ်းလို့၊ တစ်သက်လုံး တူတူနေချင်လို့”

“ဘွာတေးပါဆို”

စုသက်ရည်၏ စကားပြောဟန်ကလေးတွေက မှုနွဲ့နွဲ့လေး ဖြစ်လာသည်။ မိန်းကလေး မဟုတ်လား။ တွယ်တာသူ၊ အားကိုးသူများနှင့်ဆိုလျှင် ချွဲချင်သည်။ နွဲ့ဆိုး ဆိုးချင်သည်။ စုသက်ရည်အဖို့ လောလောဆယ်မှာ အရင်းနှီးဆုံးသူဟူ၍ ဖြိုးတစ်ယောက်သာ ရှိတော့သည်ကဲ့သို့ ဖြစ်နေရသည်။ သည်သို့သော မှုနွဲ့ဟန်ကလေးများသည် ကြိုးအဖြစ်သို့ ပြောင်းလဲကာ ဖြိုး၏နှလုံးသားကို အထပ်ထပ် ရစ်ပတ်ကြပါကြောင်း စုသက်ရည် သတိထားမိဟန် မတူပါ။

သည်နေ့တော့ စုသက်ရည်နှင့် ထမင်းလက်ဆုံ စားဖြစ်သည်။

သည်ထမင်းဝိုင်းမှာ ကားပြင်ရာမှ ပြန်ရောက်လာသည့် ဘကြီးခက်နှင့် ညိုညိုဝင်းတို့ပါ ဝင်စားကြသည်။ ဖြိုးက သူ့အိမ်

www.burmeseclassic.com



သူ့ရာများ မှတ်နေသလား မသိပါ။ စုသက်ရည် ပန်းကန်တွင်းသို့ ဟင်းများ ခပ်ခပ်ထည့်ပေးနေသည်။

"စားလို့ကောင်းရဲ့လား စုသက်ရည်၊ ချဉ်ရည်ဟင်းကို ရွှဲရွှဲဆမ်းပါလား"

"ဦးချတာဆိုရင်လည်း ငါ့ပန်းကန်ထဲကိုသာ ထည့်ဖို့ရှိတာပေါ့ မောင်ဖြိုး"

ဘကြီးခက် စကားကြောင့် ဝိုင်းရယ်ကြသည်။

သူ့တူမကို မျှိုထားတော့မလောက် ချစ်ပြနေသည့် ဖြိုးကို မျက်စိနောက်သည့်ကြားက သဘောကျနေရတော့သည်။

"ထမင်းစားလိုက်ရလို့ အစာအဟာရ ပြည့်သွားပေမယ့် မေတ္တာအဟာရ ငတ်မွတ်ဆဲမို့ ဗိုက်ပြည့်ပေမယ့် နှလုံးသားမပြည့်ဘူး စုသက်ရည်ရယ်"

စားသောက်ပြီးစီးတော့ ဖြိုးက ပြန်ရန်နှုတ်ဆက်သည်။

"စုသက်ရည် ထဘီဖိုးရှာနိုင်အောင် အိမ်ပြန်ပြီး စာကျက်လိုက်ဦးမယ်နော်၊ ကမ္ဘာလဆန်း တစ်ရက်နေ့မှ ချစ်မယ်ဆိုလည်း ဘိုးဘွားရိပ်သာက စောင့်ပါမယ်"

"ဩော် ... ခက်တော့တာပဲ အစ်ကိုရယ်"

"သိပ်ချစ်တာပဲ စုသက်ရည်၊ သိပ်လွမ်းမှာပဲ စုသက်ရည်"

"တော်ပါတော့ အစ်ကိုရယ်၊ နားထောင်ရတဲ့လူက အားနာလာပြီ"

ဖြိုး ပြန်သွားတော့ စုသက်ရည်က မျက်စိတဆုံး ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။



"မောင်နှမရင်းပဲ ဖြစ်လိုက်ပါတော့ အစ်ကိုရယ်၊ ကိုကိုရေ ညီမလေး ကိုကို့ကို သစ္စာရှိစွာ ချစ်နေဆဲပါရှင်၊ သိတယ်မှတ်လား **အောက်ချင်းအချစ်၊ အောက်ချင်းသစ္စာ**ပါ ကိုကိုရယ်"

✻ ❧ ✻

www.burmeseclassic.com

www.burmeseclassic.com



## တစ်ခုလေးပွေ မွှေးသည့်နွေ

မုဒုံမှာနေသည့် မေမေ့သူငယ်ချင်း၏သမီးက စီးပွားရေးတက္ကသိုလ်တက်ရန် ရောက်လာခြင်းကြောင့် ဖြိုးဘဝထဲသို့ မိန်းကလေးတစ်ဦး၏ အမည်တစ်ခု ထွင်းဖောက်ရောက်ရှိလာခဲ့ပါ၏။

"ဖြိုးရယ် မေမေနဲ့က ညီအစ်မလို ချစ်ကြတယ်၊ နောက်ပြီး သူက ဖြိုးဘိုးဘိုးရဲ့တပည့်လည်း ဖြစ်ခဲ့ဖူးတယ်လေ၊ ဘိုးဘိုးပါမောက္ခချုပ် ဖြစ်စဉ်က မေမေနဲ့ သူနဲ့ တက္ကသိုလ် တူတူတက်ခဲ့ကြတာ၊ သူ့သမီး ရန်ကုန်ရောက်လာတော့ ဖြိုးက ကျောင်းမှာ အစစအရာရာ ကူညီပါ"

မေမေ ပြောစဉ်ကတော့ ဖြိုးစိတ်ထဲမှာ အမှတ်မထင်ပါပဲ၊ သည်ကလေးမသည် ဖြိုးအတွက် သည်မျှ အရေးပါအရာရောက်မည့်သူဟူ၍လည်း တွေးထင်မထားခဲ့ပါ။ မေမေခိုင်းသောကြောင့် ဂန္ဓမာဆောင်သို့ သွားတွေ့ရသည်။ မေမေကြော်ပေးလိုက်သည့် ငါးပိကြော်နှင့် သရက်သီးသနပ်၊ အရိုးတောင်းလက်ဖက်ထုပ်စသည်တို့ကို သွားပို့ရသည်။ မေမေတို့များ အခိုင်းရက်စက်ပါပေ၏။ စားစရာများအပြင် သနပ်ခါးတုံးတွေလည်း ပါသေးသည်။



"ကျွန်တော်က ပြည့်ဖြိုးဝေပါ၊ ဒေါ်ခင်မေလေးသားပါ၊ မေမေက လက်ဆောင်တွေ ပို့ခိုင်းလိုက်လို့"

မိတ်ဆက်စကားကို ဆိုရာတွင် မျက်နှာပြင်တို့ နီရဲနေကြ မည်ထင်သည်။ ကြည့်ပါဦးတော့ သူတို့မိန်းကလေးတွေများ စပ်ပဲစပ်စုနိုင်လွန်းသည်။ "မိုးငြိမ်းအေး ဧည့်သည်လာသည်"ဟု ဆိုထားပါလျက် တစ်ပြုံကြီး ဆင်းလိုက်လာကြသည်။ မိုးငြိမ်းအေး၏ ဧည့်သည်ကို ပြူးတူးပြဲတဲ ကြည့်ကြသည်။ အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားပေမို့ ကိုယ်က ဥဒေါင်းငှက်ပဲ ထားပါဦး၊ ကျိုးကန်းအုပ်အလယ်မှာ တစ်ကောင်တည်း ချပေးလိုက်လို့ကတော့ နှုတ်သီးနှင့် ဝိုင်းအဆိတ်မခံရလျှင်ပင် ကံကောင်းလှပြီ။

မိုးငြိမ်းအေးသည် စုသက်ရည်ထက် များစွာပို၍ ဖော်ရွေပျူငှာခြင်း ပြုပါ၏။

"ကြည့်ပါဦးရှင့်၊ အန်တီလေးကလည်း ပေးလိုက်တဲ့လက်ဆောင်တွေ အများကြီးပဲ၊ အစ်ကို သယ်လာရတာ ပင်ပန်းလိုက်တာ"

"ဟာ ... ရပါတယ်"

"အစ်ကိုက မြေးတွေအားလုံးထဲမှာ ဖေဖေကြီး အချစ်တော်ဆို"

"ခင်ဗျာ"

"ပါမောက္ခ လုပ်ရမယ်ဆို"

"ဟာ ... ဖြစ်ချင်မှ ဖြစ်မှာပါ"

"သိပ်ဖြစ်တာပေါ့ အစ်ကိုရဲ့၊ ဟောဒီ မိုးငြိမ်းသူငယ်ချင်းက အစ်ကို့ကို သိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘေးနားမှာ ထိုင်နေကြသည့် မိန်းကလေးအုပ်စုထဲမှ တစ်ယောက်ကို လက်ညှိုးထိုးပြသည်။ လက်ညှိုးထိုးခံရသည့် မိန်းကလေးက ရယ်နေသည်။

"အစ်ကိုက သင်္ချာမှာ ခုနပါတ်တစ်ဆိုတော့ မိုးငြိမ်းတို့အိမ်ကိုမှာ အစ်ကို့သတင်းက မွှေးနေတာရှင့်"

"ဟာ ... ဟုတ်မယ် မထင်ပါဘူး"

"သိပ်ဟုတ်တာပေါ့ အစ်ကိုရဲ့၊ စာတော်သလောက် အတွဲလည်း မရှိသေးဘူးတဲ့၊ ခစ် ... ခစ်"

ကိုယ်ကလေးကို တသိမ့်သိမ့်ခါ၍ ရယ်သည်။

"အဲဒီသတင်း မှန်ရဲ့လား အစ်ကို"

"ဟို ... ဟို ... ဟုတ်"

"ယုံပါတယ် အစ်ကိုရယ် ... မိန်းကလေးတွေနဲ့စကားပြောရတာကို ဒီလောက် ရှက်နေကတည်းက Brand New မှန်း သိပါတယ်"

ကောင်မလေးတွေ ဝိုင်းရယ်ကြသည်။

"မာမိနဲ့ အန်တီလေးက သိပ်ခင်ကြတာတဲ့၊ မာမိက မှာလိုက်ပါတယ်၊ ရန်ကုန်မှာ ဆွေမျိုးအိမ်တစ်အိမ် ရှိတယ်လို့သဘောထားရမယ်တဲ့"

"ဟုတ်ကဲ့"

"ခင်ခင်မင်မင် ရင်းရင်းနှီးနှီးထဲက ယောကျာ်းလေးမိတ်ဆွေ တစ်ယောက်လောက်တော့ ရှိဖို့လိုတယ် အစ်ကိုရဲ့၊ မိုးငြိမ်းက ရန်ကုန်မှာ လည်ဝယ်တာ မဟုတ်ဘူး"



"ဟုတ်ကဲ့ ... ရပါတယ်"

"ဩော် ... အစ်ကို့ခမျာလည်း ဟုတ်ကဲ့နဲ့ ရပါတယ်ပဲ ပြောတတ်ရှာတယ်"

ကောင်မလေးတွေ ဝိုင်းရယ်ကြပြန်သည်။

မေမေ ပြောပြလိုက်သောကြောင့် မောင်နှမသုံးဦးအနက် အစ်ကိုနှစ်ယောက်၏ညီမ အငယ်ဆုံး၊ တစ်ဦးတည်း ဖြစ်နေရသည့် သမီး၊ အစ်ကိုတွေနှင့် ရင်ပေါင်တန်းကာ ယောကျာ်းအမူအရာ တစ်ပိုင်းခန့် ဝင်နေသည့် မိန်းကလေး၊ သွက်လက်ချက်ချာသည်။ ရင်းနှီးပွင့်လင်းသည်။ အစ်ကိုနှစ်ဦးက ဆယ်တန်းပင် မအောင်ကြသောကြောင့် သူမကျကာမှ စီးပွားရေးတက္ကသိုလ်သို့ ရောက်လာသောကြောင့် မိသားစုမှ အစွမ်းကုန် အရေးပေးခြင်း ခံထားရသည်၊ ...သည် စသည်တို့ကို သိခဲ့ပြီးသား ဖြစ်ပါ၏။

ကြို၍သာသိမထားပါက မိုးငြိမ်းအား ဆက်ဆံပုံမှာ ကလက်ဆည့်ဘက်သို့ပင် ယိမ်းချင်သည်။ သူ့အကြောင်း သိထားတော့လည်း အစ်ကိုတွေကြားက ညီမငယ် အဘယ်မှာ ထောင့်ကျိုးပါ ...နည်း ... ဟူ၍ နားလည်မိပါ၏။

"ဗိုလ်ချုပ်ဈေးတို့ ဈေးသစ်တို့ စိန့်ဂျွန်းဈေးတို့လည်း သွားချင်တယ် အစ်ကိုရဲ့၊ ဒီကောင်တွေကိုတောင် ကြွားထားရတာ၊ ...ထိုကားနဲ့ သွားမယ်လို့၊ အန်တီလေးက အစ်ကို့ကိုပို့ခိုင်းတဲ့"

"ဟုတ်ကဲ့"

"ရုပ်ရှင်လည်း လိုက်ပြရမယ်နော်၊ ကားမောင်းပြီး ကြိုပို့...အတွက် အစ်ကိုက ဒကာခံပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားသံ့ သဘောကျကာ ရယ်ပြန်ပါသည်။ ရယ်လိုက်တိုင်း ပါးခွက်ဝိုင်းဝိုင်းကလေးက လက်မတစ်စိတ်ခန့် ချိုင့်ချိုင့်သွားသည်။

"အစ်ကိုက ရပါတယ်ချည်း ပြောတော့ ဒီဆန်းအေးကစပြီး ချောဆွဲရလိမ့်မယ်၊ ဘယ့်နယ်လဲ"

"ခင်ဗျာ ... ဒီဆန်းအေး"

"အစ်ကို မအားလို့လား"

"ဟုတ်ကဲ့ ... ဆွမ်းကျွေးတစ်ခုရှိလို့"

"ဘာကျွေးမှာတဲ့လဲ အစ်ကို"

"ကြက်သားနဲ့ ပလာတာ ထင်တာပဲ"

"ပွတာပဲ၊ မိုးငြိမ်းတို့အဖွဲ့က တီးဝိုင်းလေ သိတယ်မှတ်လား၊ အားလုံး အစားပုပ်ချည်းပဲ၊ မိုးငြိမ်းတို့ပါ လိုက်ခဲ့မယ် ဆွမ်းကျွေးကမှ ရုပ်ရှင်သွားမယ်၊ ရုပ်ရှင်ကပြန်တော့ စိန်ဂျွန်းဈေးဝင်မယ်၊ စိန်ဂျွန်းဈေးက ဆန်းအေးဖွင့်တယ်ဆို"

"ကောင်းရောပဲ"ဟူ၍သာ ညည်းလိုက်ချင်ပါတော့သည်။

"မှုံမှာဆို ကိုကိုကြီးနဲ့ ကိုကိုလေး သွားလေရာ မိုးငြိမ်းလျှောက်လိုက်တာ အစ်ကိုရဲ့၊ သူတို့တွေ ကရာတေးသင်လည်း မိုးငြိမ်းပါတာပဲ"

"သြော် ... ငါ့နယ်၊ မိန်းမချောက်လောင်းကလေးနဲ့ လာတွေ့နေပါပေါ့လား"ဟူ၍ ကျိတ်ညည်းမိပါတော့၏။

"တက္ကသိုလ်ကျောင်းသူဆိုပြီး ဂျာနယ်လုပ်နေရတာ မိုးငြိမ်းစိတ်အညစ်ဆုံးပဲ၊ ဒီကောင်တွေက လျှောက်လိမ့်ဖို့ထက် မျက်နှာကို ဆေးသုတ်ဖို့လောက်ပဲ စိတ်ကူးနေတာ၊ အာ"



သူ့သူငယ်ချင်းမကလေး တစ်ဦးက ဆွဲဆိတ်သောကြောင့် မိုးငြိမ်းအေးက ကျောကလေးကော့၍ အော်သည်။

"လောကမှာ အပျိုလုပ်ရတဲ့ အလုပ်ကို အမုန်းဆုံးပဲ"

"သြော် ... နင်က လုပြီးသားကိုးဟဲ့၊ တို့က ဆေးသုတ်မှ အရောင်ထွက်တော့လည်း သုတ်ရတယ်"

"မလှလည်း မသုတ်ပါဘူး"

"ပြောအားရှိတော့လည်း ပြောပေါ့ ငမိုးရဲ့"

သူတို့ချင်းချင်း ခေါ်ပုံကိုက "ငမိုး"တဲ့၊ မိုးငြိမ်းအေးမျက်နှာမှာ သူ့စကားနှင့် ညီပါပေသည်။ သနပ်ခါးပေါင်ဒါ တစ်စက်မျှ မရှိပါ။ ပြောင်စင်ဝင်းမွတ်ကာ မူလအသားရောင်ကိုက လက်နေသည်။ မိန်းကလေးတွေ ရှိသမျှ မျက်ခုံးအကုန်ရိတ်ပစ်၊ နုတ်ပစ်ကာ သေးသေးမျှင်မျှင်ကလေး ဆွဲသည့်ခေတ်တွင် အမျိုးဖြစ်လာဝါလျက် သူ့မျက်ခုံးထူထူတုတ်တုတ်ကြီးက နှာခေါင်းထိပ်မှာ လာဆက်နေသေးသည်။

သူ့မျက်လုံးများက ဝိုင်းစက်အရှည်လည်ကာ စကားသံတွေ ထွက်ကျလာတော့မလား ထင်ရသည်။ "စကားပြောသောမျက်လုံး"များပါပေ။ ရှိသမျှ ဆံပင်များကို သိမ်းရုံး၍ နဖူးပြောင်ထားလိုက်သေးသည်။ မည်သို့မျှ ခေတ်မမီတော့ပါသည့် ဆံပင်သုံးတောင့်ထွာကို ကျစ်ဆံမြီးကြီးတစ်ချောင်းတည်းကျစ်၍ ချထားသည်။

"အဆန်း"တွေကြားမှ "အရိုး"ဆိုတော့လည်း အမြင်သန်းကာ လှချင်တိုင်း လှနေပါတော့သည်။ ယောကျ်ားစိတ်ပေါက်ကာ မိန်းမပိုးချင်သည်အထိ တစ်ဖက်စွန်းသို့ ရောက်မရောက်တော့မသို

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။ သူ့အမူအရာ အပြောအဆိုများကတော့ သူ့အစ်ကိုတွေ၏ ဟန်များ လွှမ်းမိုးနေပါတော့သည်။

"ဆွမ်းကျွေးအမီ လာခေါ်နော် အစ်ကို၊ ဟုတ်လား"

"ဟို ... ကျွန်တော်က ညကတည်းကများ သွားအိပ်ဖြစ်မလားလို့"

"သွားအိပ်ဖြစ်လည်း အရုဏ်အမီ လာပြေးခေါ်ပေါ့ အစ်ကိုရာ၊ အစ်ကို ညသွားအိပ်ပေးရတဲ့အထိ ရင်းနှီးနေမှတော့ အစ်ကို့ညီမတွေ ညည့်မြှောင်လိုက်လာတာ ကိစ္စမရှိပါဘူး၊ ဟုတ်တယ်မှတ်လား"

"ဟုတ်ကဲ့"

"ဘယ်အချိန် အပြီးလုပ်ထားရမလဲ အစ်ကို၊ အဲဒါ ဒီကောင်တွေကြောင့် မေးရတာ၊ မိုးငြိမ်း တစ်ယောက်တည်းသာဆို အိပ်ရာထဲ၊ မျက်နှာသစ်ပြီးတာနဲ့ အပြင်ထွက်လို့ရပြီ"

ခေါင်းတောင်မဖြီးတော့ဘူးလားဟူ၍ တွေးလိုက်မိပါ၏။

သည်တစ်ခါတော့ ဖြိုးပါ ရော၍ ပြုံးစိစိဖြစ်လာမိသည်။ မိုးငြိမ်းအေး အမူအရာမှာ ကလက်တက်တက် ပျံတန်တန် မဟုတ်ဘဲ ကလေးဆိုးကလေးသဖွယ် ဖြစ်နေတော့သည်ဟု ဖြိုး မှတ်ချက်ချလိုက်မိပါတော့သည်။

"ကျွန်တော် ပြန်ပါဦးမယ်"

စကားရှိန် တန့်သွားခိုက် ဖြိုး ကမန်းကတန်း နှုတ်ဆက်သည်။

"ဆန်ဒေးမနက် လာခေါ်မှာလား အစ်ကို"



"ကျွန်တော် ကြိုးစားပါ့မယ်"

"စိတ်ညစ်လိုက်တာ ... လောကကြီးမှာ တွေ့ဝေတဲ့သူတွေ၊ ပြေတ်သွားတဲ့သူတွေကို အမုန်းဆုံးပဲ သိလား"

"ဟုတ်ကဲ့ ... သိပါတယ်၊ ခင်ဗျားလေး ချစ်စရာလည်းမလိုပါဘူး"ဟုသာ ရင်ထဲရှိသည့်အတိုင်း ပြောချချင်မိတော့သည်။

"ပြန်မယ်နော် ... အားလုံးပဲ"

ဖြိုး ထရပ်သည်နှင့် မိုးငြိမ်းအေးကလည်း အတူထရပ်သည်။ အဆောင်စကြံဝထိ လျှောက်လိုက်လာသည်။

"အစ်ကို"

ဖြိုး မထူးဘဲ ပြန်လှည့်ကြည့်သည်။

"ကျွန်တော်လို့ မပြောပါနဲ့၊ ဟုတ်ကဲ့လို့ မပြောပါနဲ့၊ နင်ငါလို့ ပြောပါ အစ်ကိုရဲ့၊ ဟုတ်ကဲ့အစား အင်းကိုသုံးပါ"

"ကောင်းပါပြီ ခင်ဗျား"

ဖြိုးက ကိုယ်ကိုကိုင်းညွတ်၍ ရိုသေဟန်ပြုကာ ပြောသည်။ အလေးစိတ်နှင့် ကောင်မလေးကို မခင်ချင်၍ မရတော့ပါ။ ရင်ထဲမှာ ရင်းနှီးသွားမိပါတော့သည်။ ဖြိုးက ကားပေါ်တက်၍ ဆောင်းထွက်လာချိန်မှာ မိုးငြိမ်းအေး လက်ကလေးပြ၍ ကျန်ခဲ့ပါသတည်း။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



ရေစက်ခွက်ကလေးကိုင်ထားသည့် စုသက်ရည် မျက်ရည် တပေါက်ပေါက်ကျနေသည်။ တစ်စက်ချင်းကျလာသည့် ရေစက်ကလေးများနှင့်အပြိုင် မျက်ရည်ဥကလေးများက ပုလဲနှစ်ရောင် ပါးပြင်ပေါ်သို့ တစ်ပေါက်ချင်းကျနေရှာသည်။ နီးကပ်စွာ ထိုင်နေသည့် ဖြိုးက စုသက်ရည်ကိုပင် ငေးကြည့်နေမိသည်။ ဖြိုးရင်ထဲမှာ မချိပါ။ သည်မိန်းကလေးကို ထွေးပွေ့ကာ ဖြေသိမ့်ပေးချင်စိတ်များ အတိုင်းမသိ စိုးမိုးမိပါတော့သည်။

တရားဆုံးသည်နှင့် စုသက်ရည်က ဖန်ခွက်တွင်းမှ ရေများကို ဇလုံထဲသို့ အကုန်သွန်ချသည်။ ကိုယ်ကလေးကို အနည်းငယ် မတ်သည်။ ကွယ်လွန်သူ မိဘနှစ်ပါးကို အမျှဝေသည်။ ကိုကို့ကို အမျှဝေသည်။ သူ့ချစ်သူသည် ဤကမ္ဘာမှာ သက်ရှိထင်ရှားမရှိတော့ပြီဖြစ်ကြောင်း ကြေကွဲဆို့နင့်စိတ်အပြည့်နှင့် လက်ခံလိုက်မိခြင်းပါ။ စိတ်မမှန်စဉ်ကတော့ ကိုကို ရှိနေသေးသည်ဟုပင် ထင်ခဲ့ရှာသည်။ ခုတော့လည်း ပြုပြုသမျှ ကုသိုလ်အစုစုကို အမျှဝေရပါပြီ။

ဘုန်းကြီးများ ပြန်ကြွသွားပြီးသည်နှင့် စုသက်ရည် အခန်းထဲသို့ ဝင်သွားတော့သည်။ မည်သူ့ကိုမျှ စကားမပြောပေ။ ဒါ။ ဆွမ်းကျွေးသို့ ကြွရောက်လာသည့် ဧည့်သည်များကို ညိုညိုဝင်းနှင့် ဘကြီးခက်တို့ကပင် ဧည့်ခံစကားပြောရပါ၏။ အောင်ကျော်ဦးက ဖြိုးနှင့်အတူ၊ မုန့်ပန်းကန်များ လိုက်ချပေးပါသည်။



"ကိုအောင်ကျော်ဦးကရော ... စုသက်ရည်နဲ့ အမျိုးတော်သေးလား"

"မတော်ဘူးဗျ ... ကျွန်တော်က မမညိုရဲ့အဖေဘက်က၊ စုသက်ရည်က မမညိုရဲ့အမေဘက်ကဆိုတော့၊ တစ်ဖက်စီလေ၊ ခုမှ သိကြရတာ"

ဧည့်ပါးချိန်မှာ အောင်ကျော်ဦးနှင့် ဖြိုးတို့ပါ စားပွဲတစ်လုံးတွင်ဝင်၍ မုန့်ထိုင်စားသည်။ စကားစမြည်ပြောဖြစ်ကြသည်။

"ကျွန်တော်တို့ငယ်ငယ်က လူကြီးတွေပြောပြလို့ ကြားဖူးတဲ့ ပဋာစာရီဆိုတာ စုသက်ရည်ကျမှ ကိုယ်တွေ့ကြုံရတော့တယ်၊ သူ့ခမျာ ပဋာစာရီကိန်း တကယ်ဆိုက်ရှာတယ်"

အောင်ကျော်ဦးက စုသက်ရည်အတွက် ကရုဏာစကားဆိုရှာပါ၏။

"သူ့တစ်ယောက်တည်းဘဝကို ဘယ်လောက်ကြာကြာ ရပ်တည်နိုင်မလဲ၊ အိမ်ထောင်ရက်သား ကောင်းကောင်းကျစေချင်တယ်ဗျာ"

ဖြိုးက စားလက်စကိုရပ်၍ အောင်ကျော်ဦးကို လှည့်ကြည့်သည်။

"ကျွန်တော် ... သူ့ကို သိပ်ချစ်တာပါ၊ ဒါပေမဲ့ ..."

"သူ ငြင်းတယ်လား"

"မေ်ာင်လို့မလိုပဲ သိယောခဲ့တွယ်တယ်တဲ့၊ သူ့ရင်ထဲမှာ သူ့ချစ်သူဟာ မသေသေးဘူးတဲ့"

"ခင်ဗျားလို လူတစ်ယောက်ကို မငြင်းသင့်ပါဘူးဗျာ"

"နှလုံးသားနဲ့ ပတ်သက်တဲ့ကိစ္စဆိုတော့လည်း"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုဖြိုး ခင်ဗျား ဖွဲ့မလျှော့ပါနဲ့လို့ ကျွန်တော် တိုက်တွန်းချင်တယ်၊ သူ ခင်ဗျားအပေါ်မှာ စိတ်မရှိင်းပါဘူး"

"မမုန်းပေမယ့် ချစ်မှမချစ်တာ"

"အချစ်ဆိုတာ နေရာဌာန၊ ကာလဒေသ အလျောက်၊ အပြောင်းအလဲ ရှိတတ်ပါတယ်၊ အချိန်က စကားပြောပါလိမ့်မယ်"

"ခင်ဗျားစကားကြားရတာနဲ့ နည်းနည်းတောင်ပျော်သွားပြီ"

ဖြိုးက ပြုံး၍ စားလက်စကို ရပ်သည်။

"ဝပြီလား"

"ခင်ဗျားစကားကြောင့် ရင်ထဲမှာ ပြည့်သွားတယ်"

အောင်ကျော်ဦးက ရယ်သည်။

"ကျွန်တော်ကတော့ မပြည့်သေးဘူး၊ ထပ်စားရဦးမယ်"

အောင်ကျော်ဦး ပလာတာတစ်ချပ် ထပ်ထည့်သည်။

"ဟေး ... အစ်ကို"

အိမ်ကလေးရှေ့မှာ ဖြိုးတို့အိမ်ကကား ထိုးဆိုက်လာသည်။ ဖြိုး ညက လာမအိပ်သော်လည်း မနက်အစောကြီး ဘုန်းကြီးအမီ ထလာခဲ့သည်။ ကားယူမလာပါ။ ယခု သူ့အိမ်မှကားဆိုက်လာတော့ ရုးစမ်းစိတ်နှင့် မော့အကြည့် ယောကျ်ားစိတ်သုံးပိုင်းတစ်ပိုင်းနှင့် မိန်းကလေးက ခုန်ပေါက်ဆင်းလာသည်။ ထဘီဝတ်ထားပေမယ့် အင်္ကျီက ရှပ်အင်္ကျီ၊ မျက်နှာမှာ သနပ်ခါးပါးကွက်ကျားတင်၍ ရှည်လျားလှပါသည့် သူ့ကျစ်ဆံမြီးကြီးကို ထုံးစံအတိုင်း လည်ပင်းမှာ တစ်ပတ်ပတ်ပြီးမှ ရင်ညွှန့်ပေါ်ချထားသည်။



အိမ်ကကျဉ်းကျဉ်းမို့ အိမ်ရှေ့မှာ ရပ်သည်ဆိုလျှင်ပင် ဧည့်ခန်းကို အတိုင်းသားမြင်နေရပါ၏။ ဧည့်ခန်းမှလူကလည်း အိမ်ပေါက်ဝမှလူကို မြင်နေရသည်။

"ဘယ်လိုလဲ ဧည့်သည်ကို မခေါ်ဘူးလား"

ဗရုတ်မလေး နှုတ်ခမ်းစူသည်။

"လာလေ ... တစ်ယောက်တည်းလား"

"ဘယ်နှယောက်လာရမှာလဲ"

ဖြိုးက ထရပ်ကာ တံခါးဝသို့ လျှောက်လာသည်။ အောင်ကျော်ဦးက လှမ်းကြည့်နေသည်။ မမညိုက အိမ်ရှင်မို့ မဖိတ်ခေါ်ဘဲ ရောက်လာသည့် ဧည့်သည်ပေမင့် ခရီးဦးကြိုပြုပါ၏။

"လာလေ ညီမ ... ကိုဖြိုး ခေါ်ပါ"

မိုးငြိမ်းအေး အိမ်ထဲသို့ဝင်လာသည်။ မမညို နေရာချပေးသောကြောင့် အောင်ကျော်ဦး စားလက်စစားပွဲမှာပင် ထိုင်ဖြစ်သည်။

"ဘာလို့ လာမခေါ်တာလဲ"

ထိုင်မိသည်နှင့် ရန်တွေ့တော့သည်။

"ကြိုးစားမယ်လို့ ပြောသားပဲ"

"သြော် ... ကြိုးစားချက် မအောင်မြင်ဘူးပေါ့ ... လူညံ့ [illegible]"

ဖြိုးက ပြန်လည်ချေပမနေတော့ဘဲ မမညိုတို့ အောင်ကျော်ဦးတို့နှင့် မိတ်ဆက်ပေးသည်။

"ညီမ ဆံပင်ကြီးကို ချစ်လိုက်တာ"

ဆရာမလေးက ဆံပင်ကြီးကို သဘောကျနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်တွေကတော့ အပြေါ်သား၊ နင့်အစ်ကို အလကား မလာပါဘူးတဲ့၊ မိုးငြိမ်းက လာမှာပါလို့ပြောထားတာ၊ အခု မိုးငြိမ်းရှုံးပြီ၊ အဲဒါ အစ်ကို့ကြောင့်သိလား"

ကုတ္တိလိုင်၊ ပုလ္လိုင် သိပ်ခွဲမနေသည့် ချာတိတ်မက လွယ်လယ် ခေါင်ပေမင့် ဖြိုးဗိုက်ခေါက်ကို ဆွဲလိမ်သည်။

"သူတို့ကဖြင့် အိပ်လိုက်ကြတာသိုးလို့၊ မိုးငြိမ်းကဖြင့် စောစောစီးစီးထပြီး အလုပ်ပြင်ထားရတဲ့"

"လုပ်ပါ့ဗျာ ... လုပ်ပါ့"

ဖြိုးက ပါးကွက်ကျားကြီးကို ကြည့်၍ ရယ်သည်။

"စိတ်ပေါက်ပေါက်နဲ့ သုံးဘီးငှားပြီး အစ်ကို့အိမ် လိုက် သွားတာပေါ့၊ အန်တီလေးဆီမှာ လိပ်စာမေးပြီး ဆက်လိုက်လာ မလို့၊ အန်တီလေးက ကားယူသွားဆိုလို့၊ နင့်မို့ဆို သုံးဘီးနဲ့ပဲ လာမှာ"

"အခု မိုးငြိမ်း မောင်းလာတာလား"

"ဒါပေါ့"

"ပေါက်ကျော်မရယ်"

"အမယ် ... ကားမောင်းတာများ အဆန်းလုပ်လို့"

မမညိုက "စားပါဦး"ဟု ဆိုသည်မို့ မိုးငြိမ်းက ကြက်သား ဟင်းရည်များကို ပလာတာပေါ်သို့ဆမ်းကာ သူ့အိမ်သူ့ရာနယ် အားရပါးရ စားနေပါတော့သည်။

"ကလေးလေးလိုပဲ၊ ချစ်စရာလေး ... ဒါ ကိုဖြိုး ညီမလား"

ဟန်ဆောင်ခြင်းကင်းသည့် အမူအရာကလေးများက ချစ် စရာလေးမို့ ညိုညိုဝင်းက မြင်မြင်ချစ်ခင်သွားတော့သည်။



"ဟုတ်ကဲ့ မမညို"

"ဟင့်အင်း ... မဟုတ်ပါဘူး မမညို၊ အစ်ကိုနဲ့ ဘာမှ မတော်ပါဘူး၊ သူ့လိုအစ်ကိုမျိုးလည်း မလိုချင်ပါဘူး၊ မုဒ့်က ကိုကိုကြီးနဲ့ ကိုကိုလေးဆိုရင် သွားလေရာခေါ်တာ၊ ဒီအစ်ကိုက ဖွတ်ကြား"

ပလုတ်ပလောင်းစားရင်း ရန်တွေ့နေသေးသည်။

"မိုးငြိမ်းကလေ လုပ်မယ်ဆိုရင် လုပ်ရမှ၊ အစ်ကိုက သိပ် တွေဝေတာ၊ အလကား အစ်ကို အညံ့စား၊ အစ်ကို့မေမေနဲ့ မိုးငြိမ်းမာမိနဲ့က သူငယ်ချင်းတွေ မမညိုရဲ့"

"ဪ..."

သည်စကားသံများကို သုံးထပ်သား ပျဉ်တစ်ချပ်သာခြားပါ သည့် အိပ်ခန်းတွင်းမှ စုသက်ရည် အကုန်ကြားရသည်။ မိန်းမ သားပေမို့ မသိမသာ ထကြည့်ပြီးပါပြီ။ မုန့်စားပြီးသည်နှင့် ဖြိုး နားမှာ သွားကပ်ထိုင်နေသည်ကိုလည်း မြင်လိုက်ရပါ၏။ မိန်းမ သားဆိုသည်က ယောက်ျားများနှင့် ဗီဇချင်းခြားနားကြသည်။ ယောက်ျားတို့ကတော့ အရှိကိုအရှိအတိုင်းသာ၊ လက်တွေ့ကျကျ မြင်တတ်၊ ပြောတတ်၊ တွေးတတ်သည်။

မိန်းမသားတွေကျတော့တစ်မျိုး၊ စိတ်ခံစားရာမှာ အတွေး ကပါသည်။ လျှော့လျှော့ပေါ့ပေါ့ကလေး တွေးတတ်သလို သဝန် တိုသိုက်ကလေးလည်း မြင်ကြည့်တတ်သည်။ ဖြစ်ရပ်တစ်ခုပေါ်မှာ အသည်း၍ စိတ်အားလျှင်အားသလို အတွေးပင်လယ်ပေါ်မှာ စာတတ် သင်္ဘောကြီးတစ်ခုကို စာတတ်အိမ်တည်ကြည့်မိသည်။ နိဂုံးချုပ် ကြည့်သည်။ ဪ ... နေနှင့်လ၊ ရွှေနှင့်မြတို့လိုပါပဲလား ...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့ ပြန်မှာလဲ အစ်ကို၊ ညှေ့သည်တောင် တော်တော်စဲသွားပြီ"

"တော်ကြာမှပြန်မယ်၊ ညည်း ပြန်ချင်ပြန်တော့"

"အမယ် မပြန်ပါဘူး၊ အစ်ကို့ကို ညည်းရဦးမယ်၊ ရုပ်ရှင်လိုက်ပြ"

"တို့ ဒီနေ့မအားဘူး"

"မိုးငြိမ်းအတွက် အားပေးရမှာပေါ့၊ မရပါဘူးနော်၊ မိုးငြိမ်းဆန္ဒ ဆိုရင် ကိုကိုကြီးနဲ့ ကိုကိုလေးဆို ဘယ်တော့မှ မငြင်းဘူး"

"အဲဒါက ညည်းအစ်ကိုတွေကိုး"

"အစ်ကိုကကော အစ်ကိုမဟုတ်ဘူးလား၊ အစ်ကိုနော်၊ သူစိမ်းစကား တော်တော်ပြော၊ အန်တီလေးနဲ့ ပြန်တိုင်မယ်၊ ဈေးကိုင်တိုင်း တန်ဖိုးတက်မယ်များ ထင်နေသလား မသိပါဘူး"

သူ့အပြုအမူကလေးများက ချစ်စရာဟန်ကလေးပေမင့် ဖြိုး အကြီးအကျယ် စိတ်ညစ်မိတော့သည်။ သည်တောက်တဲ့မလေးကို ခွာချလို့မရလျှင် သည်နေ့အဖို့ စုသက်ရှည်ကို အဘယ်မှာ ချစ်ရေးဆိုခွင့်ရပါတော့မည်နည်း။ သည်နေ့တော့ ဘာပဲဖြစ်ဖြစ် ဖွင့်ပြော၊ အခွင့်အရေးကို ဖွင့်တောင်းကာ စုသက်ရှည် အရှည်မျှော်သည်အထိ ကပ်နှုးရန် ရည်ရွယ်ထားပါသည့် စိတ်ကူးကြီးတစ်ခုလုံး ရေထဲမျှောပါပြီ။

"ညည်းလေး ငါ့ကို ဒုက္ခပေးရအောင် ရန်ကုန်ပြောင်းလာတာထင်ပါရဲ့"



"အဲဒီလိုထင်လေ ဒုက္ခပေးလေပဲမှတ်၊ မကြည်ဖြူလေ ဖွတ်ယူလေပဲ"

အောင်ကျော်ဦးက ထသွားကာ ဘကြီးခက်နှင့်အတူ စားပွဲခုံများ ဝိုင်းသိမ်းပေးနေသည်။ ဖြိုးကလည်း ကော်ဇောများ ထလိပ်သည်။

မိုးငြိမ်းအေးက ညိုညိုဝိုင်းနှင့် ထိုင်စကားပြောနေသည်။ ညိုညိုဝိုင်းက အိမ်ရှင်ဆိုပေမင့် မိုးငြိမ်းအေးအသံချည်း ကြားနေရတော့သည်။

"ဒီနေ့အဖို့တော့ ခင်ဗျား ဖီလင်အောက်ပြီ၊ စုသက်ရှည်နှင့်သည်း ကပ်ခွင့်ရမှာ မဟုတ်တော့ဘူး"

"အစစ်ပဲဗျို့၊ ဒီအတိုင်းဆိုရင် ရုပ်ရှင်ရုံထဲလိုက်ပြီး ဝင့်ခံရတော့မယ်ထင်တယ်၊ မေမေကလည်း သူ့သူငယ်ချင်းသမီးကလေးမို့ အရေးက ပေးပါဘိသနဲ့"

အားလုံး သိမ်းဆည်းပြီးချိန်ထိ စုသက်ရှည် အခန်းထဲမှ ထွက်မလာပါ။ အစပိုင်းတုန်းကတော့ စိတ်မကောင်းရှာ။ သူ့ဘာသာယူနေပါစေဟု သဘောထားလိုက်ကြသည်။ အခန်းအောင်းချိန်ကြာလာတော့ စိတ်ပူလာကြတော့သည်။

"စုသက်ရှည် နေလို့မကောင်းရဲ့လား၊ ဝင်ကြည့်ပါဦးလေ"

ဖြိုးကပင် စတင်ပြောမိသည်။

"နေရှာပါစေလို့ ထားထားတာ"

"ဘာမှ မစားရသေးဘူး မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... တစ်ခုခုတော့ ခေါ်ကျွေးဦးမှပဲ"

အိပ်ခန်းထဲဝင်ခေါ်ဖို့ကျတော့ ညိုညိုဝင်းမှ သင့်တော်မည် မဟုတ်လား၊ တော်မတော်၊ သင့်မသင့်ကို မစဉ်းစားရပါလျှင် ဖြိုးက သူကိုယ်တိုင် ဝင်မွေ့ထုတ်လာချင်မိပါ၏။ ညိုညိုဝင်း အခန်းတွင်းသို့ဝင်သွားသည့်အခါ အိပ်ရာထက်မှာ ခွေနေသည့် စုသက်ရည်ကို တွေ့ရပါ၏။

"တစ်ခုခုလာစားလိုက်ဦးလေ စုသက်ရည်"

"ရင်ထဲမှာ ပြည့်နေလို့ပါ မမညိုရယ်၊ ဘာမှ စားချင်စိတ်မရှိဘူး"

"ဒီနေ့မှာ စုသက်ရည်ရင်ထဲက ခံစားချက်တွေ အသစ်ဖြန့်ဖြစ်မယ်ဆိုတာ မမညို ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ ကိုယ့်ကျန်းမာရေးက ရှိသေးတယ်၊ ကော်ဖီဖြစ်ဖြစ် သောက်လိုက်ပါလား၊ မမညို ယူလာရမလား"

"နေပါစေ မမညို၊ စုသက်ရည် ထွက်ခဲ့ပါ့မယ်၊ ဟို ... အစ်ကို့မိတ်ဆွေမကလေးလည်း ရှိတယ်မဟုတ်လား၊ စုသက်ရည် ထွက်ဧည့်ခံလိုက်ဦးမယ်"

ပြောပြောဆိုဆို စုသက်ရည် လဲလျောင်းနေရာမှ ထလိုက်သည်။

"အေး ... စုသက်ရည် စိတ်မကောင်းဖြစ်နေတုန်းမို့ မမညို ဝင်မခေါ်တာ၊ ကိုယ့်ဆွမ်းကျွေး လာစားမှတော့ ထွက်ဧည့်ခံရမှာပေါ့၊ တခြား ဘယ်ဧည့်သည်မှ မရှိတော့ဘူး၊ ကိုဖြိုးနဲ့ အောင်ကျော်ဦးပဲကျန်တယ်"



ညိုညိုဝင်းက လှမ်းတွဲသည့်အခါမှာ စုသက်ရည် လက်ဖျားအလေးများ အေးစက်နေကြသည်။

တိမ်ညိုမည်းများကြောင့် မှောင်နေသည့် ညအခါ တိမ်တိုက်ထဲမှ လမင်းကြီး ထွက်ပြူလာသည်လားဟု ယိုးမှားချင်စရာပါ။ ဈေးတော့သည့်မျက်နှာ၊ ညိုးနွမ်းသည့် အမူအရာကလေးများနှင့် လုပ်လီလုပ်လဲ့ လျှောက်လှမ်းလာသည့် စုသက်ရည် အမူအရာမှာ ချော့မော့လိုက်ချင်စရာ ဖြစ်နေပါတော့သည်။

ညိုညိုဝင်းနှင့် စုသက်ရည်က ဖြိုးတို့သုံးယောက်နားမှာပင် လာထိုင်သည်။

"အဲဒါလေ မမညို ညီမလေး စုသက်ရည်တဲ့၊ သူ့မိဘများနဲ့ သူ့အစ်ကိုအတွက် ရည်စူးပြီး ဆွမ်းကျွေးတာ၊ စုသက်ရည် သူက မိုးငြိမ်းအေးတဲ့၊ ကိုဖြိုး မိတ်ဆွေ"

"ခုလို လာပြီး ချီးမြှင့်တာ ကျေးဇူးအများကြီး တင်ပါတယ်"

မိုးငြိမ်းအေးက စုသက်ရည်ထက် တစ်နှစ်၊ တစ်နှစ်ခွဲခန့်တော့ ကြီးမည်ထင်ပါသည်။

"မမညို ညီမကလည်း လှလိုက်တာ"

ဇရုတ်မကလေးကတော့ ထင်ရာစွတ်တင်သည်။ သူပြောချင်တာပဲ ပြောသည်။

"အခု ဆွမ်းကျွေးတာ ကွယ်လွန်သွားကြရှာပြီဖြစ်တဲ့ မိဘနှစ်ပါးနဲ့ စုသက်ရည်ရဲ့ခင်ပွန်းအတွက်"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



အဲ့အားသင့်ဟန်က လေးယောက်လုံးမှာ ထွက်ပေါ်ကြပါ၏။ စုသက်ရှည် လက်ထပ်ပြီးကြောင်း မည်သူမျှ သိမထားကြပါ။ ညိုညိုဝင်း၊ အောင်ကျော်ဦးနှင့် ဖြိုးတို့သုံးယောက်လုံး အံ့အားသင့်သွားကြသည်။ မိုးငြိမ်းအေးကတော့ မှဆိုးမပါဆိုသည့် ငယ်ငယ်လှလှကလေးကို သနားစိတ်နှင့် အံ့သြသည်။ သည်အရွယ်ကလေး၊ မိမိထက်ပင် ငယ်ဦးမည့် မိန်းကလေး ဘယ်အရွယ်က လက်ထပ်၍ ဘယ်သို့သော အကြောင်းနှင့် မုဆိုးမဖြစ်ရရှာပါသနည်း။

"စုသက်ရှည်ရဲ့ခင်ပွန်းက တိုင်းတစ်ပါးမှာ ဆုံးပါတယ်၊ မိဘတွေကတော့ မန္တလေးမှာ ဆုံးကြရှာတာ"

"ဩော် ... ဖြစ်မှဖြစ်ရလေ"

မိုးငြိမ်းအေး စုတ်တသတ်သတ်နှင့် သနားမဆုံးနိုင်တော့ပါ။

"ဘာတွေ ပြောနေတာလဲ စုသက်ရှည်၊ ကိုမင်းထင်လတ်နဲ့ စုသက်ရှည်နဲ့ ဘယ်မှာလက်ထပ်ဖြစ်သေးလို့လဲ"

စုသက်ရှည် စိတ်ပြန်ဖောက်သလား၊ ညိုညိုဝင်း ရင်ထဲမှာ ပူသွားသည်။

"တရားဝင်ကို လက်ထပ်ဖြစ်ကြပါတယ် မမညို၊ နောက်တော့ လက်ထပ်စာချုပ် ပြပါ့မယ်"

"ဩော်"

ဘာပြောရမှန်းမသိသည့် ညိုညိုဝင်းက "ဩော်"ဟုပြောသည်။ ဖြိုး ရင်ထဲမှာတော့ နင့်ခနဲ နာသွားရရှာပါသတည်း။

"ကိုအောင်ကျော်ဦးက ဟိုဘက်ဒီဘက် စပ်ကြေးကြေးဆိုရင် မောင်နှမ ဆိုပါတော့၊ ကိုပြည့်ဖြိုးဝေကတော့ စုသက်ရှည် မကျန်းမာစဉ်က ကူညီခဲ့တဲ့ မိတ်ဆွေပါ"



"ကိုပြည့်ဖြိုးဝေ"ဟူသည့် အသုံးအနှုန်းတွင်းသို့ ကော်ဒိုက်ယမ်းများ သွတ်အလိုလို ဝင်ရောက်ကာ ဖြိုး ရင်ထဲမှာ လာရောက်ပေါက်ကွဲပါလေ၏။

"မမညိုနဲ့ ကိုအောင်ကျော်ဦးတို့ကိုတော့ ဆွေမျိုးတွေမို့ ကျေးဇူးတင်ကြောင်း မပြောတော့ဘူးနော်၊ ကိုပြည့်ဖြိုးဝေ မနက်အစောကြီးကတည်းက ပင်ပန်းနေရတာ အားလည်းနာ၊ ကျေးဇူးလည်း အများကြီးတင်ပါတယ်"

"စုသက်ရှည်"

ဖြိုးအသံက ဟိန်းထွက်လာသည်။ "ခင်ဗျားလေးဘာသဘောနဲ့ ဘာအကွက်တွေထွင်ပြီး ကျုပ်ကို ညှဉ်းဆဲပြန်တာလဲ"ဟုမေးချင်လှလှ၊ စုသက်ရှည်က ဖြိုးကို လှည့်မကြည့်ပါ။

"ဒီက မိုးငြိမ်းအေးက စုသက်ရှည်ထက် ကြီးကောင်းကြီးပါလိမ့်မယ်၊ ဒါပေမဲ့ စုသက်ရှည်က အိမ်ထောင်သည်မို့ ဝါကြီးပါတယ်၊ ညီမလေးလို့ပဲ ခေါ်မယ်နော်"

"ခေါ်ပါ ... ခေါ်ပါ စုသက်ရှည်"

"ညီမလေးရဲ့အစ်ကိုလည်း ပင်ပန်းလှပါပြီ၊ ပြန်ခေါ်သွားပါတော့နော်၊ ကိစ္စပြီးလို့ နှင်တာမဟုတ်ပါဘူး၊ သိပ်အားနာလို့ပါ၊ ဘယ်လိုမှ မထင်ပါနဲ့နော်"

"ဟာ ... မထင်ပါဘူး၊ မိုးငြိမ်းတို့လည်း ပြန်တော့မယ့်ဆဲဆဲပါ"

"ညီမလေးရော၊ ကိုပြည့်ဖြိုးဝေကိုပါ ကျေးဇူးတွေ ထပ်ထပ်လဲလဲတင်ကြောင်း ပြောပါရစေ တကယ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျုံ့ကျုံ့ကလေး ထိုင်နေသည့် စုသက်ရည်။ မျက်နှာကလေး ညှိုးကျနေသည့် စုသက်ရည်၊ စကားအဆုံးမှာ ညိုညိုဝင်းကို မှီချ လိုက်သည်။ ညိုညိုဝင်းက ပခုံးကိုလှမ်းဖက်၍ ထိန်းပေးသည်။

“ဘာဖြစ်လဲ စုသက်ရည်၊ ခေါင်းမူးလို့လား”

“ဟင့်အင်း … ဖေဖေတို့ မေမေတို့နဲ့ ကိုကို့ကိုရော သိပ် … သိပ်သတိရလွန်းလို့ပါ မမညိုရယ်”

မျက်တောင်ကော့နှစ်တန်းပြေး အတွေ့ မျက်ဝန်းအမိုတ်မှာ မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလာတော့သည်။

“ကွယ် … ညီမရယ်၊ တရားနဲ့သာ ဖြေပါတော့၊ အမျှအတန်းလည်း ဝေပြီးပြီပဲ”

ညိုညိုဝင်းက မျက်ရည်စများ သုတ်ပေးသည်။ အောင်ကျော်ဦးက ဘာလုပ်ရမှန်း မသိသောကြောင့် ငုတ်တုတ်ထိုင်ကြည့်နေသည်။ ဖြိုးတစ်ယောက်မှာတော့ … ဖြစ်များဖြစ်နိုင်လျှင် ရှိသမျှ လူများကို တွန်းဖယ်၊ စုသက်ရည်ကို ဝင်ပွေ့၊ အိမ်ကိုသာ ထမ်းခေါ်သွားချင်ပါတော့သည်။ စုသက်ရည် ဆိုပါသော နုလုံးသားမဲ့သည့် မိန်းကလေးသည် သူ့ကို စည်းစနစ်၍ ပိတ်ပင်ပါချေပြီတည်း။ သည်အသိကိုတော့ ရင်နှင့်အမျှ နာကြည်းရင်း ပိုင်ပိုင်မြဲမြဲ သဘောပေါက်မိပါတော့သည်။

“လာ … လာ … အိပ်ရာထဲ ပြန်လှဲနေကွယ်”

ညိုညိုဝင်းက တွဲထူသည်။ စုသက်ရည် ထရပ်သည်။ ခြေလှမ်းကလေးများ ယိုင်နဲ့နေသည်။ ခေါင်းကလေး ငုံ့ထားသည်။ ကျဆင်းလာသည့် မျက်ရည်ပေါက်များက သူမသွားရမည့်ခရီး



လမ်းမှာ တစ်စက်ချင်း တစ်စက်ချင်း လမ်းခင်းပေးသကဲ့သို့ ဖြစ်နေပါလေသည်။

ဩော် … မျက်ရည်စက်တွေကို လမ်းခင်းပြီးမှ လျှောက်လှမ်းသတဲ့လား စုသက်ရည်၊ ဖြိုး ရင်ထဲမှာ မချိတင်ကဲဖြစ်ရသည်နှင့်အမျှ မျက်နှာထားပါ အိုကျသွားရလေသည်။ အိမ်ရှင်ကလည်း ပြန်ပါတော့ဟု ဆိုသည်။ အိမ်ရှင်ကိုယ်တိုင် နေထိုင်မကောင်းဖြစ်နေပြန်သည်ဆိုတော့ မသိသားဆိုးရှား၊ ဆက်ထိုင်နေလို့ကောင်းနိုင်ပါတော့မည်တဲ့လား။

“မိုးငြိမ်း … လာ ပြန်စို့”

သံပြတ်နှင့် ခေါ်သည်။

“ပြန်ပါဦးမယ် ကိုအောင်ကျော်ဦး၊ ခင်ဗျားရော ပြန်လိုက်မလား”

“နေပစေ လမ်းမှမကြုံတာ၊ ကျွန်တော်က မြို့ထဲပြန်ရမှာ”

“ကားဂိတ်မှာ ချထားပေးခဲ့မယ်လေ”

“ဒါဖြင့်လည်း လိုက်မယ်”

အောင်ကျော်ဦးပါ ထလိုက်လာသည်။

“ကျွန်တော် ပြန်လိုက်ဦးမယ် ဘကြီးခက်”

“အေး … အေး”

အောင်ကျော်ဦးက နှုတ်ဆက်ပေမင့် ဖြိုးက နှုတ်ဆက်[illegible] [illegible]နေသည်။ ခုနေခါမှာ တစ်လောကလုံးကို မေ့နေချင်ပါ၏။

ကားဂိတ်မှာ အောင်ကျော်ဦးကို ချပေးပြီးသည်နှင့် သာလီ[illegible]လေး တွက်ထိုးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို စုသက်ရည်ကို ကြိုက်နေသလား"

ဖြိုး မိုးငြိမ်းအေးကို လှည့်မကြည့်ပါ။ အဖြေလည်း မပေးပါ။ ရှေ့တူရူ သို့သာ ကြည့်နေသည်။ သူ့မျက်နှာက ရွာချတော့မည့် မိုးသက် လေနှင်များကဲ့သို့ ရီဝေအုံ့ဆိုင်းကာ မှိုင်းမှုန်နေတော့သည်။ တိတိ ပပ ဆိုရပါမူ ပြိုတော့မည့်မိုးနှယ် ငိုတော့မည့်မျက်နှာ။

"ဟင် ... အစ်ကို မေးနေတယ်"

မိုးငြိမ်းအေးက ဖြိုး လက်မောင်းကို ကိုင်လှုပ်သည်။

"ကြိုက်နေတာ မှတ်ဘူး၊ ယူမလို့"

ဖြိုး စိတ်တိုတိုနှင့် ဘုဆတ်ဆတ်ပင်ဖြေသည်။

"မိုးငြိမ်း သဘောမတူဘူး"

"ညည်း သဘောတူတာ မတူတာ အကြောင်းမဟုတ်ဘူး"

"သိပါတယ်၊ ဟိုက မကြည်တာက အကြောင်းဆိုတာ"

ဖြိုး မျက်မှောင်ကိုကုတ်လျက်က အံကိုတွင်တွင်ခဲမိသည်။ ဘာကြောင့်များ ရတ်တရက်ကြီး တင်းမာသွားရတာလဲ စုသက်ရည်ရယ်၊ အပြောင်းအလဲက မြန်လှချည့်၊ နောက်ပြီး သူ ... သူ မုဆိုးမလေးတဲ့၊ ဖြစ်မှဖြစ်ရလေ အချစ်ရယ်။

"အန်တီလေးလည်း သဘောတူမှာ မဟုတ်ဘူး"

ဖြိုး စကားမပြန်ပါ။

"စုသက်ရည်ဟာ ချောပါတယ်၊ လှလည်းသိပ်လှတယ်၊ ဘာမှအပြစ်ဆိုစရာ မရှိဘူးပဲထား၊ လူပျိုနုနုထွတ်ထွတ်ကလေးကို မုဆိုးမတစ်ယောက်နဲ့ ပေးစားလောက်အောင် ဘယ်မိဘမှ သဘောထားမကြီးနိုင်ဘူး"



"ဒီအရွယ်ဟာ မုဆိုးမ ဖြစ်ရမယ့် အရွယ်လား"

"ဖြစ်ချင်ဖြစ်မှာပေါ့၊ အိမ်ထောင်ကျတာ စောမယ်၊ လက်ထပ်ပြီး ရက်ပိုင်း လပိုင်းမှာ ယောကျ်ားသေမယ်ဆိုရင် မုဆိုးမ ဖြစ်မှာပေါ့"

"ငါ မယုံဘူး"

"ဩော် ... ကာယကံရှင် ကိုယ်တိုင်က ပြောနေမင့်ဟာ"

"တမင် ပြောချင်ပြောမှာ"

"တခြားဟာတွေသာ တမင်ပြောချင်ပြောမယ်၊ ကိုယ့်ကိုယ်ကိုယ် မုဆိုးမပါဆိုတာတော့ ဘယ်သူက တမင်ပြောမှာလဲ"

"မသိဘူးဟာ ... တော်တော့"

ဖြိုး စိတ်တိုတိုနှင့် အော်ပစ်သည်။ မိုးငြိမ်းအေးက သည်တစ်ခါတော့ နှုတ်လှန်မထိုးပါ။ ဖြိုးခံစားချက်ကို နားလည်ဟန်နှင့် ငြိမ်နေသည်။ ကားကို ဖြိုးတို့ခြံထဲသို့ မောင်းဝင်သည်။ နှစ်ယောက်လုံး ဆင်းကြသည်။ ဖြိုး အိပ်ခန်းတွင်းသို့ တန်းဝင်သွားသည်။

"သား ... ပြန်လာပလား၊ ဩော် ... မိုးငြိမ်းလည်း ပါလာတာကိုး"

ကြီးကြီးမေ စကားသံကို ဖြိုး မကြားပါ။ တစ်လောကလုံး ...သံမှလဲ မကြားနိုင်တော့ပါ။ မကြားလိုတော့ပါ။ ခုနေခါမှာ ...မြင်အာရုံ၊ အကြားအာရုံ၊ အာရုံငါးပါးမျှမက၊ မနောအာရုံအပါ ...၊ အာရုံခြောက်ပါးစလုံး ခန်းခြောက်နေသည့်အရပ်မှာ ရုပ်မဲ့ ...မဲ့ ဒြပ်မဲ့အဖြစ်သာ တည်ရှိချင်ပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



မိုးငြိမ်းအေး ဘယ်အချိန် ပြန်သွားသည် မသိလိုက်ပါ။ ဒေါ်ခင်မကြီး၊ ဒေါ်ခင်မလေးတို့ ဘာတွေပြော ဘာတွေတိုင်ပင်ကြသည်ကိုလည်း ဖြိုး မသိလိုက်ပါ။

မိုးငြိမ်းအေး ဆိုသည့် လေပွေသည် ဖြိုးဘဝ အချစ်နွယ်မျှင်ကလေးတွေကြားမှာပဲ မွှေလေမလား၊ စုသက်ရည် ရွက်ကြွေမလေး၏ နွမ်းရွက်လေးတွေကိုပဲ ဝှေ့ယမ်းလွှင့်ရှားစေမည်လား၊ မည်သူမျှ ကြိုတင်မတွေးခဲ့နိုင်ပါ။

နွေလွင်ပြင်မှာ ဖြိုးတစ်ယောက်တည်းရယ် ...။

❋ ❧ ❋



## ဘဝငွေ့ ဒိုးငွေ့ ဖြိုးရင်ထဲမှာငွေ့

ဖြိုး ခြံထဲမှာ ထိုင်နေသည်။

တစ်ပင်လုံး ဝါထိန်အောင် ပွင့်နေသည့် ငုပင်ကြီးအောက်မှာ အုတ်ခဲတစ်လုံးချ၍ထိုင်ကာ မြေပြင်ကိုပဲ သဲမဲကြည့်နေသည်။ သူ့မျက်ခုံးတန်းနှစ်ခုက ထိလုနီးပါး ရှုံ့တွနေသည်။ မတွေးနိုင်ဘဲ မရှိနိုင် ... ဆိုသည့် စကားပုံတင်စားချက်ကို ယခုတော့ ... ဖြိုး ကောင်းကောင်းကြီး သဘောပေါက်ပါပြီ။

စုသက်ရည်ဆိုသည့် မိန်းကလေး ... မြေပြင်ပေါ်မှာ သူ့ချစ်မှား သည်မိန်းကလေးကို မုန်းမေ့ပစ်နိုင်သည့်စွမ်းအား မရှိပါ။ ချစ်ခွင့်ကိုလည်း မရပါ။ ဖြိုးအဖြစ်မှာ ယခုမှ မတွေးနိုင်မရှိနိုင်။ လည်ချောင်းဝမှာ နင်နေသည့် အပုလုံးက ထွေးလို့လည်းမရ။ မျိုလို့လည်းမကျ။ သစ်ကိုင်းခြောက်တစ်ခုကိုယူ၍ မြေပြင်ပေါ်မှာ တောင်ခြစ် မြောက်ခြစ် လုပ်သည်။ ကြက်ခြေခတ်များ ရှုပ်ရှက်ခတ်ကုန်သည်။

ကြက်ခြေခတ်များ အလယ်မှာ စုသက်ရည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လိုဖြစ်သွားတာလဲ ... အခြေအနေက ဘာဖြစ်လို့ ရုတ်တရက်ကြီး တင်းမာသွားရတာလဲ ... အစ်ကိုလို့ ခေါ်ကာ တရင်းတနှီး ဆက်ဆံသည့် အခြေအနေမှ ကိုပြည့်ဖြိုးဝေ ... ဟု ပြောင်းခေါ်ကာ စိမ်းစိမ်းကားကား ဆက်ဆံလိုက်ပုံများ မိုးငြိမ်းအေး ဗရုတ်မနှင့်များ အထင်လွဲလေသလား။ ဒီဂြိုဟ်ကောင်မလေးကို ဇယားရှုပ်တယ်။ အတွေးစတစ်ခုကို ပဲပင်ပေါက်တစ်ပင်နှင့် တင်စားရပါလျှင် ဖြိုး ရင်ထဲမှာ ပဲပင်ပေါက် ဆယ်ပိသာ။

နောက်တစ်နေ့မှာ ဖြိုး စုသက်ရည်တို့ အိမ်သို့ သွားခဲ့သေးသည်။ မနေ့က "ကိုပြည့်ဖြိုးဝေ"ဟု ခေါ်ကာ အကြည့်စိမ်းကြီးနှင့် ဆက်ဆံလိုက်ပုံကို တိတိပပ အဖြေရှာရန်ပါ။ သို့ပေမင့် စုသက်ရည် ထွက်မတွေ့ခဲ့ပေ။ အရှည်သဖြင့် ဆက်ဆံနေခြင်းဖြင့် မဖြစ်နိုင်သည့် ဇာတ်လမ်းမှာ မျှော်လင့်ချက် သံသရာ ရှည်ရန်သာ ရှိပါသည်။ လူချင်းမတွေ့ကြတာ အကောင်းဆုံးပါ ... နောက်နောင်ကိုလည်း ဘယ်တော့မှ လာမတွေ့ပါနှင့်တော့ ... ဟူသည့် ရက်စက်သော စကားလုံးများကို မမညိုမှတစ်ဆင့် ရရှိခဲ့သည်။

"ကိုဖြိုးရယ် ... သူ့သဘောက ရှင်းပါတယ်၊ သူ ကိုဖြိုးကို ပြန်မှမချစ်နိုင်တာ၊ ကိုဖြိုးကို နှိပ်စက်သလိုပဲ ဖြစ်နေတော့မပေါ့"

မမညိုကတော့ အားနာပါးနာနှင့် ရှင်းပြရှာပါသည်။

"အဲဒီလိုဖြစ်တာက ရုတ်တရက်ကြီးမို့ပါ မမညို၊ မိုးငြိမ်းနဲ့ ကျွန်တော့်ကိုများ အထင်လွဲလို့လား ... မမညို သိရင် ပြောပါဗျာ"

"မလွဲပါဘူး၊ ဘာလွဲစရာရှိလို့လဲ၊ ဖြစ်စေချင်တာမျိုးလောက်သာ ရှိရင်ရှိမှာပေါ့၊ ကိုဖြိုးနဲ့ ပတ်သက်ပြီး လုံးဝလက်မခံနိုင်ပါဘူးဆိုတာ စိတ်ကို ယတိပြတ် ဆုံးဖြတ်လိုက်ပြီတဲ့၊ နောက်ပြီး ... သူက မုဆိုးမတဲ့ ကိုဖြိုးရယ်"



"မဖြစ်နိုင်တာဗျာ"

"မိန်းကလေးတစ်ယောက်ဟာ လက်မထပ်ရသေးဘဲနဲ့တော့ ကိုယ့်ကိုယ်ကိုယ် မုဆိုးမလို့ ပြောမယ်မထင်ပါဘူး ကိုဖြိုး၊ တကယ် ဟုတ်လို့သာ နေမှာပါ"

"ဟုတ်ချင်လည်း ဟုတ်ဗျာ ... မုဆိုး ဘယ်နှခါ မ,မ, ... လက်ရှိကာမပိုင် မရှိရင် ကျွန်တော် နောက်မဆုတ်ဘူး၊ ကလေးတွေ တစ်ဒါဇင် ပါချင်ပါဦး"

"ဩော် ... ကိုဖြိုး၊ အဲဒါ သိပ်မွန်နေတုန်း ပြောတဲ့စကားပါ၊ အိမ်ထောင်သက် ကြာလာတာနဲ့အမျှ ဒါတွေဟာ ပြစ်ချက် အမည်းစက်တွေ ဖြစ်လာမှာပါ"

"စုသက်ရည်နဲ့ ပတ်သက်ရင် ကျွန်တော် တစ်သက်လုံး မွန်သွားမှာပဲ မမညို"

"စကားကို အကုန်မပြောပါနဲ့ ကိုဖြိုး၊ ယောကျ်ားတွေမွန်နေအောင်ချစ်တယ်၊ တုန်နေအောင်ချစ်တယ်ဆိုတာ ချစ်သူရည်းစား ဘဝမှာပါ၊ အိမ်ထောင်ကျခါစ တစ်နှစ်၊ နှစ်နှစ်သာဟ၊ လေး,ငါး နှစ်ဆိုရင်ပဲ အရှိန်သေပါပြီ"

"ကျွန်တော်က အဲဒီလို ယောကျ်ားစားမျိုး မဟုတ်ဘူး"

"ယောကျ်ားတစ်ရာမှာ တစ်ရာလုံး အဲဒီလို ယောကျ်ားချည်းပါပဲ ကိုဖြိုး ... ကြင်နာတတ်တဲ့ ယောကျ်ားမျိုးကတော့ အတ္တာ အနည်ထိုင်ပြီး သံယောဇဉ် အမြစ်တွယ်သွားကြတယ်၊ အကြင်နာ ခံတဲ့ ယောကျ်ားမျိုးကတော့ အချစ်ပြယ်ပြီး အသစ်ရှာကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ငန်းငန်းတက်တဲ့ အရှိန်ကတော့ သေသွားကြတာ ပါပဲ။ယောက်ျားတိုင်းပါကွယ့်၊ အဲဒီအချက်တော့ ကိုဖြိုး မငြင်းပါနဲ့"

"ထားပါတော့ ... ကျွန်တော်က မေတ္တာအနည်ထိုင်ပြီး သံယောဇဉ် အမြစ်တွယ်မယ့် အမျိုးအစားထဲမှာ မပါနိုင်ဘူးလား"

"ပါနိုင်တယ်ပဲ ထားပါ၊ ယောက်ျားတွေ ဘာမက်သလဲ ဆိုတာပဲ သေသေချာချာ ပြန်စဉ်းစားပါဦး"

"ကျွန်တော်တော့ ဘာမှမမက်ဘူး"

"ကိုဖြိုးတို့ အတောင်နှစ်ဆယ်ဝတ် မင်းယောက်ျားတွေ အလွန်မက်၊ အလွန်တန်ဖိုးထားတဲ့ ဂုဏ်တစ်ခုလေ"

"အဲဒါ ဘာလဲ မမညို"

"အပျိုဆိုတဲ့ ဂုဏ်ပဲ"

ဖြိုး ငိုင်ကျသွားသည်။

"ကိုယ်ချစ်သူ ကိုယ့်ဇနီးဟာ ယင်ဖိုတောင် မသမ်းဖူးတဲ့ အပျိုစင်ကလေး၊ ရည်းစားတောင် မထားခဲ့ဖူးတဲ့ ခြောက်ပစ်ကင်း သဲလဲစင်ကလေး ဆိုတာလေ၊ အဲဒါတော့ ယောက်ျားတိုင်း မက် ကြပါတယ်၊ ကိုဖြိုးလည်း မက်ပါတယ် ကိုဖြိုး၊ မငြင်းပါနဲ့"

ဖြိုး ခေါင်းငုံ့နေသည်။

"ဣန္ဒြေဆိုတာ မိန်းမသားတွေရဲ့ ထူးထူးခြားခြား ဂုဏ်ပုဒ် ကြီး မဟုတ်လား၊ လျှပ်ပေါ်လော်လီတဲ့ မိန်းကလေးကို ဘယ် ယောက်ျားလေးကမှ အထင်မကြီးဘူး"

သည်စကားစုများအတွင်း ဖြိုး ဘာတစ်ခွန်းမျှ ဝင်မပြော မိပါ။



"မမညို ပြောချင်တာက အိမ်ထောင်ရေးတစ်ခုကို စဉ်းစား တဲ့အခါမှာ အပျိုစင်ဆိုတဲ့ ပြဿနာဟာ သိပ်စကားပြောပါတယ် ကိုဖြိုး၊ စုသက်ရည်ဟာ မုဆိုးမကလေးပါ"

"မမညို ပြောတာကို ကျွန်တော် မငြင်းပါဘူး မမညို၊ ဒါပေမဲ့ စုသက်ရည်ဟာ မုဆိုးမလေးပဲထားပါ၊ သူ ... မုဆိုးမ ဖြစ်ပြီးမှ ကျွန်တော်နဲ့ လာတွေ့ရတယ်၊ ကျွန်တော့်ကိုသိလိက ဒီလောက်ပဲ ပါတာကိုး မမညို၊ သူ မုဆိုးမဖြစ်ရတဲ့ကိစ္စဟာလည်း လျှပ်ပေါ်လော်လီခြင်းကင်းလို့ ကျွန်တော် ခွင့်လွှတ်နိုင်ပါတယ်"

"ချီးကျူးပါတယ် ကိုဖြိုး၊ စိတ်ဓာတ်ကိုလည်း လေးစား ပါတယ်၊ ဒါပေမဲ့ ခွင့်လွှတ်ရတဲ့ အစိတ်အပိုင်း ဆိုကတည်းက ပြစ်ချက်တစ်ခု ဖြစ်နေပြီ မဟုတ်လား"

ဖြိုးက သက်ပြင်းမောကို တပင်တပန်း မှုတ်ထုတ်လိုက် သည်။

"စုသက်ရည်က ကိုဖြိုးကို အစ်ကိုရင်းတစ်ယောက်လိုသာ ခင်မင်အားကိုးရာတာပါ ကိုဖြိုးရယ်၊ ချစ်သူ ခင်ပွန်းအဖြစ်လည်း ချန်နိုင်ဘူး၊ သူ့မှာ ပြစ်ချက်ကလည်း ရှိနေတယ်၊ စေ့စေ့တွေး ဆော့ ရေးရေးပေါ်ဆိုတာ မဟုတ်ပါဘူး၊ သေသေချာချာတွေးလေ ထင်ထင်ရှားရှား သဘောပေါက်လေပါ၊ အရှည်မှာ မဖြစ်နိုင်ပါ ဘူး ကိုဖြိုး၊ မဖြစ်နိုင်တဲ့ ဓာတ်လမ်းကို ခုကတည်းက တိကနဲ ဖြတ်ချတာ သဘာဝကျပါတယ်၊ စိတ်ကိုဖြေပါ ကိုဖြိုးရယ်၊ မညို ဒီလိုပဲ တောင်းပန်ပါရစေတော့"

"မမညို ... သူငယ်ချင်း မိတ်ဆွေ အဖြစ်အောင်မှ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဪ့ကွယ် ... အနေနီးလေ သံယောဇဉ်ကြီးလေ ဖြစ်ရင် ကိုဖြိုးမှာသာ ဒုက္ခပိုမယ်၊ ကိုဖြိုးကို ညာတာပါ ကိုဖြိုးရယ်၊ စုသက်ရည်ကို နားလည်ပါ"

သည်လိုနှင့်ပင် ဖြိုး အလံဖြူတင်၍ ပြန်ခဲ့ရပါ၏။ သို့ပေမင့် ရင်ထဲမှာတော့ မကျေလည်ပါ။ ကျေနပ်နှစ်သိမ့်မှု မရှိပါ။ ချော်တိုင်တစ်ခုကိုတက်ရာ၌ ထိပ်ဆုံးသို့ရောက်ရန် လက်တစ်ကမ်းအလိုမှာမှ အောက်ခြေသို့ ပြန်လျှောကျရသည်ဟု ထင်မိသည်။ ဖြိုးဆိုသည့် ဖြိုးက လွယ်လွယ်နှင့် ဇွဲကိုမလျှော့ချင်ပါ။ တက်ရေးမလွယ်သည့် ချော်တိုင်တစ်ခုကို အောက်ခြေမှစကာ ပြန်တက်ရန် ကြိုးပမ်းဦးမည့်သူပါ။

မမညို စကားများကို ပြန်လည်ကြားယောင်လာမိပေမင့် ကျေကျေနပ်နပ် လက်ခံလိုစိတ် မရှိပါ။ မမညို စကားများက ယဉ်ထာဘူတကျပေမင့် ဖြိုး စိတ်ကြိုက်နှင့် မကိုက်ညီပါ။ သစ်ကိုင်းခြောက်တစ်ချောင်းနှင့် ကြက်ခြေခတ်များ ရှုပ်ယှက်ခတ်အောင် ခြစ်ယမ်း၊ ခေါင်းကိုငိုက်စိုက်ချရင်း၊ ခြံကျယ်ကြီးတွင်းမှာ တစ်ကိုယ်တည်းထိုင်ရင်း တင်းကျပ် မွန်းသိပ်နေပါတော့သည်။

ကိုယ့်အတွေးနှင့်ကိုယ်မို့ အနီးသို့ တစ်စုံတစ်ယောက် ရောက်လာသည်ကို သတိမထားမိပါ။ ခြေသံကိုလည်း မကြားမိပါ။

"သား"

ခေါ်သံကြားမှ မော့ကြည့်တော့ မေမေ၊ ဒေါ်ခင်မေလေး။

"ဘာဖြစ်နေလဲ သား"

ချစ်လှစွာသောသား မျက်ရှုကြေးမုံကြင်မဝကို တစ်ရံမလပ် အကဲခတ်နေသည့် မေမေက သား၏အခြေပျက်ပုံကို ရိပ်စားမိ



ဟန်တူပါ၏။ ဖြိုးက မပြောသေးဘဲ ဒေစီပင်တန်းကလေးများနား မှာချထားသည့် အုတ်ခဲရှည်တစ်လုံးကို သွားယူလာသည်။ ဖုန်ခနဲ ဖုန်ခနဲ မှုတ်ကာ သဲများ ဖုန်များ ခါပေးသည်။ သူ့မိခင်ထိုင်ရန် ချပေးသည်။ မေမေ ထိုင်ပြီးခါမှ ...

"ရင်ထဲကို သပွတ်အူတစ်ခု ရောက်နေလို့ မေမေရေ"

မျက်နှာကို ခပ်ပြုံးပြုံးထား၍ ပြောသည်။ သူ့အမူအရာက သူ့နှလုံးသားကို မီးပြင်းတိုက်နေသည်မို့ လောင်မြိုက်လွန်းလှပါသော ခံစားချက်ကို အားကိုးလှသည့် မိခင်ကြီး၊ တစ်နည်းအားဖြင့်ဆိုရပါမူ၊ မေမေ့ လက်သုံးစကားအတိုင်း ဆိုရပါမူ၊ အကောင်းဆုံးသော မိတ်ဆွေစစ်ဆိုပါသည့် မေမေ့ထံမှာ ရင်ဖွင့်လိုဟန်ရှိပါသည်။ မေမေ့အကြံဉာဏ်ကို တောင်းခံလိုလှပါသည်။ သို့ပေမင့် သည်အပူ 'မေမေ့ကိုတော့ မကူးစက် မလောင်ကျွမ်းစေလိုပါ။ ထို့ကြောင့် ခပ်ပြုံးပြုံးမျက်နှာလေးကို တမင်ထားခြင်း ဖြစ်ပါ၏။

"မိဘဆိုတာ သားတို့လို ဆယ်ကျော်သက်တွေရဲ့ မှီခိုအားထားရာ ရင်ခွင်ပဲဖြစ်တယ်၊ တိုင်ပင်နီးနှော ဆိုးတိုင်ပင်ကောင်း ဆိုင်ဝင် ပြောလို့ဆိုလို့ အကောင်းဆုံးသော၊ အရင်းနှီးဆုံးသော မိတ်ဆွေစစ်လည်း ဖြစ်တယ်လို့ မေမေ ပြောခဲ့တယ် မဟုတ်လား သား"

"ဟုတ်ပါတယ် မေမေ၊ ဖြိုးလည်း မေမေ့ကို ပြောပြမလို့ပါ"

စုသက်ရည်နှင့် ပတ်သက်သမျှ မေမေ့ကို ပြောပြသည်။ နောက်ဆုံးအခြေအနေထိပါပဲ။ မေမေက ဖြိုးမျက်နှာကို စေ့စေ့ ကြည့်၍ နားထောင်သည်။ ဖြိုးစကား ဆုံးသည်အထိ တစ်လုံးတစ်ပါဒမျှ ထပ်မထောက်ပါ။

www.burmeseclassic.com



"အဲဒါပါပဲ မေမေရယ်၊ သူ့စကားတွေက ယထာဘူတကျပါတယ်၊ ဒါပေမဲ့ ဖြိုးဘဝင်မကျဘူး မေမေရဲ့၊ သပွတ်အူကြီးမျိုထားရသလိုပဲ၊ ဖြိုး ရင်ထဲမှာ ရှုပ်နေတယ်"

"အင်း ... စကားအသွားအလာ ကြည့်ရတာနဲ့ အဲဒီမိန်းကလေးကို မေမေ အထင်ကြီးလိုက်တာ"

"ခင်ဗျာ ... မေမေက အထင်ကြီးတယ်၊ ဟုတ်လား"

"အင်မတန် တိကျပြတ်သားပြီး လုပ်သင့်လုပ်ထိုက်တဲ့ လမ်းမှန်ကို ရွေးချယ်လုပ်ကိုင်သွားနိုင်တဲ့ မိန်းကလေးပဲ ဖြိုးရဲ့"

မေမေက ဖြိုးကို ရံဖန်ရံခါသားဟု ခေါ်တတ်သလို၊ ဖြိုးဟုလည်း ခေါ်တတ်ပါ၏။

"သူ့ဘက်ကကြည့်ရင် သူလုပ်တာ မှန်တယ်"

"ဒါပေမဲ့ ..."

"သြော် ... သားရယ်၊ သူကမှ တစ်ပင်လဲမှ တစ်ပင်ထူဆိုတာမျိုး မလုပ်ချင်တာကိုးကွယ့်၊ သူ ဒီလိုပဲ လုပ်ရမှာပေါ့၊ သူက သားကို မချစ်နိုင်ပေမယ့် မိတ်ဆွေသဘောဆက်ဆံ ကြိုးရှည်ရှည်နဲ့လှန်ထား၊ ဖြိုးဆီကရနိုင်မယ့် အကူအညီမျိုး ခံယူဆိုတာမျိုး လုပ်နေနိုင်သားပဲ၊ ဒါပေမဲ့ သူ ဒီလိုမလုပ်တာ ဖြိုးကို ညာတာ၊ ဖြိုးကို ငဲ့တာပဲ"

"သူ့ ... သူ့ရင်ထဲမှာ ..."

ဖြိုးက စကားစကို ရပ်ထားသည်။

"ပြောလေ ... သား"

"သူ ... ဖြိုးကိုချစ်ချင်ချစ်နေမှာပါ မေမေ၊ ဖြိုးတော့ အဲဒီလိုပဲ ထင်မိတယ်"



"ဘာကြောင့် ထင်ရတာလဲ"

"မပြောတတ်ပါဘူး၊ သူ့အလိုလို ထင်နေတာပါ၊ တစ်ခါတစ်ရံမှာ နှုတ်ကဖွင့်ဟဝန်မခံကြပေမယ့်၊ ရင်ထဲက အလိုလိုသိနေတတ်တဲ့ အကြောင်းအချက်တွေ ရှိပါတယ်"

"ဟုတ်ချင်လည်း ဟုတ်မယ်ပေါ့"

"သူက ကျန်းမာရေးမကောင်းဘူး၊ စိတ်နောက်ဖူးတယ်၊ ဘွဲ့မရဘူး၊ တစ်ကောင်ကြွက် မုဆိုးမကလေး ဖြစ်နေတယ်၊ အဲဒီချွတ်ယွင်းချက်တွေကြောင့် ဖြိုးနဲ့မတန်ဘူးလို့ထင်ပြီး တမင်သက်သက် လူစွမ်းကောင်းလုပ်ပြီး နောက်ဆုတ်တာများလား မေမေရယ်"

"အဲဒါလည်း ဖြစ်နိုင်ပါတယ်"

"နောက်ပြီး မေမေရယ်၊ သူ့အသက်ကလေးက ရှိလှပါမှ အသက်ရှစ်ဆယ့်ကိုးပါ၊ သူ ... မင်းထင်လတ်နဲ့ တွေ့ကြစဉ်ကဆို အသက်ခုနစ်လောက် ရှိဦးမယ်၊ သူ့မိဘတွေကလည်း ချမ်းချမ်းသာသာပါ၊ ဒီအရွယ်ကလေးကို ယောက်ျားပေးစားဖို့ အကြောင်းလည်း ခိုင်ခိုင်လုံလုံ မရှိပါဘူး၊ မုဆိုးမဆိုတာ မင်းထင်လတ် သေဆုံးတာနဲ့တစ်ပြိုင်နက် ညာတာဖြစ်ချင်ဖြစ်မှာပါ"

"ညာတယ်ဆိုတာထက် အမှန်ကို ရိုးရိုးသွားသား ဖွင့်ဟခဲ့တာလို့ မေမေက ပိုထင်တယ်"

"ဖြိုးကတော့ ဘွဲ့ရ အလုပ်ရပြီးရင် သူနဲ့လက်ထပ်ချင်တာပါ၊ ဒီလို လက်ထပ်လိုက်လို့လည်း ဖြိုးကို ဘိုးဘိုးဈေးခွဲပေးမဲ့ ခရီးလမ်းကတော့ ချော်မထွက်စေရပါဘူး၊ အိမ်ထောင်ပြုတာ သက်သက်၊ ကြိုးစားမှုက သက်သက်လို့ တစ်ကြိမ်စိတ်ထားပြီးပါပြီ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ်တော့ စာကျက်ပျက်နေပြီ သားရယ်"

"စိတ်ရှုပ်လွန်းလို့ ဘာမှမလုပ်ဘဲ ထိုင်ငိုင်နေမိတာပါ မေမေ၊ အဲဒါ နှစ်ဆယ့်လေးနာရီထက် မပိုစေရပါဘူး၊ စာပြန်ကျက်မှာပါ၊ စိတ်ညစ်တာက တစ်ပိုင်း၊ ကျောင်းစာက တစ်ပိုင်းလို့ သဘောထားပါမယ်"

"အင်း ... မေမေ့သားက အဲဒီလို လိမ္မာလေ မေမေတို့ဘက်က သားအတွက် ရယူလိုစိတ် ပြင်းပြလေပဲ"

"ခင်ဗျာ ... ဘာကိုပါလဲ မေမေ"

"ခြောက် ... အဲဒီကလေးမ"

"စုသက်ရည်ပါ မေမေ"

"အင်း ... စုသက်ရည်က တွေးပေးရရင် ရိုးသားတယ်၊ လိမ္မာတယ်၊ စိတ်ကောင်းရှိတယ်၊ ကံနည်းရှာတယ်ဆိုပြီး သနားမိပါတယ်၊ တူမသားချင်းများလို ကူညီစောင့်ရှောက်ချင်စိတ်လည်း ဖြစ်မိပါတယ်၊ ဒါပေမဲ့ ..."

မေမေက သူ့စကားကို မဆက်သောကြောင့် ဖြိုးက ကြားချင်စောဖြင့် မော့ကြည့်သည်။

"ဖြိုးဆိုတဲ့ လူတော်လူကောင်း သားလိမ္မာရဲ့ မိခင်အနေနဲ့ တွေးရရင်တော့ သားရယ်၊ စောစောက မေမေ ပြောခဲ့သလို ရယူလိုစိတ်တွေ များမိတာပဲ၊ စုသက်ရည်လိုပဲ လိမ္မာပြီး၊ သူ့လိုပဲ ချောမောလှပတဲ့ ဘွဲ့ရပညာတတ်၊ အမျိုးနနထွတ်ထွတ်ကလေး ဆိုတာမျိုးကို မျှော်မှန်းမိတာပေါ့ သားရဲ့၊ မိဘမေတ္တာကို၊ မိဘစေတနာကို"



ဖြိုး ခေါင်းပြန်ငုံ့ကျသွားသည်။ မြေပြင်ပေါ်မှ ကြက်ခြေခတ်များကို စိုက်ကြည့်နေသည်။

"မေမေ ပြောတာက သဘောမတူဘူးလို့ ဆိုချင်တာ မဟုတ်ပါဘူး၊ ကောင်းသည်၊ သာ၍ ကောင်းသည်၊ အကောင်းဆုံးဆိုတာမျိုးတွေ ယှဉ်ရွေးကြကြေးဆိုရင် မိဘတိုင်းဟာ ကိုယ့်သားသမီးကို အကောင်းဆုံး ဖြစ်စေချင်ကြတာပဲ မဟုတ်လား၊ ဒါပေမဲ့ မေမေတို့လို မိဘမျိုးဟာ ဘယ်ကိစ္စမှာမှ ပြင်းပြင်းထန်ထန် ကန့်ကွက်ခြင်း၊ အဓမ္မတိုက်တွန်းခြင်းမျိုး မလုပ်ပါဘူး၊ တစ်ခုပဲရှိတယ်"

ဖြိုးက သူ့မိခင်ကို ပြန်မော့ကြည့်သည်။

"သားမျှော်လှမ်းမယ့်လမ်းကိုတော့ ချောမောစေရမယ်၊ သားမျှော်မှန်းထားတဲ့ ပန်းတိုင်ကိုတော့ အရောက်သွားနိုင်ရမယ်၊ ဒီတစ်ခုတော့ မေမေတို့က ပုံစံချပေးရုံလိမ့်မယ်"

မေမေက ပြုံး၍ပြောသောကြောင့် ဖြိုးကပါ ရောနှောပြုံးမိသည်။

"လူဆိုတာ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်လည်း ကိုယ်လုပ်နိုင်တယ်၊ ဆိုးအောင်လည်း ကိုယ်ပဲလုပ်နိုင်တယ်၊ ကိုယ့်ခြင်းချမ်းသာဖို့ ဘယ်သူမှ လာလုပ်မပေးနိုင်ဘူး၊ ကိုယ့်ဘာသာ [illegible]နေတာ၊ ဟုတ်ရဲ့လား သား"

"ဟုတ်ပါတယ် မေမေ"

"ပြဿနာတစ်ခုနဲ့ကြုံတိုင်း ကိုယ်နဲ့တကွ ကိုယ့်အသိုင်းအဝိုင်းအတွက်ပါ အကောင်းဆုံး အဖြေရှာပါ ဖြိုး၊ အရှည်သဖြင့် [illegible]ရမယ့် ကိစ္စမျိုးနဲ့ ကြုံလာရင် အခုခဏ စိတ်ဆင်းရဲခံ [illegible] ဖို့အကျိုးရှိတယ်၊ ရောဂါပျောက်ဖို့ဆိုရင် ဆေးခါးကြီး

www.burmeseclassic.com

www.burmeseclassic.com



လည်း သောက်သင့်တယ်၊ ခါးသီးတဲ့ဒဏ်ကို မခံနိုင်ရင်လည်း ရှူးဂါးကုတ်တက် Suger Coated သကြားအုပ်ပြီး မျိုချပေါ့ သွားရယ်၊ ဒါပါပဲ၊ မေမေ ဒီလောက်ပဲ ပြောချင်တယ်၊ နေရာတကာမှာ အသိဉာဏ်ကို အသုံးချပါ"

မေမေက ဖြိုး၏နားရွက်နောက်နား မကျတကျ မရှည်တရှည် ဆံပင်များကို တစ်ချက်နှစ်ချက် သပ်ပေးပြီး ထသွားတော့သည်။ မေမေ့စကားများက ပညာသားပါလွန်းသောကြောင့် နားလည်နိုင်အောင် မနည်းကြိုးစားရပါ၏။ မြေပြင်ပေါ်မှ ကြက်ခြေခတ်များက ဖြိုး ရင်ထဲသို့ ရောက်လာသည်။ နောက်ကျို ရှုပ်ထွေးခြင်းဝေဒနာသည် ငယ်ထိပ်ထိတိုင် ဆူဝေကြပါသတည်း။

✻ ❧ ✻

အထက်တန်းကျောင်းများ နွေရာသီ ကျောင်းပိတ်ရက်နှင့် တက္ကသိုလ်များ နှစ်ဝက်ကျောင်းပိတ်ရက်တို့ တိုက်ဆိုင်နေပါ၏။ ဖြိုး အိမ်မှာ နားနေရသလို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေကြီးလည်း အိမ်မှာရှိနေသည်။ ကြီးကြီးမေသည် ကျောင်းသားပေါင်းထောင်ကျော်ကို အုပ်ချုပ်ရာ၌ အလွန်နာမည်ရသူပါ။ ကြိမ်နှင့်တန်သူကို ကြိမ်၊ စကားနှင့်တန်သူကို စကား၊ ချော့တန်ချော့ ခြောက်တန်ခြောက်။

ဒေါ်ခင်မေကြီး၏ အုပ်ချုပ်မှုအောက်မှာ ကျောင်းပြေးများလည်း ကျောင်းမှန်မှန် တက်လာသည်။ ဆေးခြောက်သမားများ ဆေးဖြတ်ကြသည်။ မိဘဆရာသမားများကို စော်ကားရိုင်းပျ



နှုတ်လုန်ထိုးလိုသူများ ယဉ်ပါးလိမ္မာလာကြသည်။ သည်သို့ဖြစ်ရန် ကြီးကြီးမေ လက်ကိုင်ထားသည့် နည်းများစွာရှိပါ၏။ လက်တွေ့ကျကျလည်း အသုံးချခဲ့သည်။ သို့ပေမင့် ... ဖြိုးနှင့် ဖဲ့တ်သက်လာတော့ ပြုစုပျိုးထောင်နည်း တစ်ရာတို့ကို ကြီးကြီးမေ မေ့လျော့သည်။

မနက်ပြန် ညပြန် စိပ်နေသည့် စိပ်ပုတီးကိုလည်း ချည်သည့်နေရာမှာ လွှတ်ချခဲ့မိမှန်း မသိပါ။

"ဒီမှာ ကိုချေဖြိုးရဲ့ ... ကုသိုလ်ရခဲလားဆိုပြီး ကူညီမိကာမှ မှုဆိုးမနဲ့ အိမ်ထောင်ကျရမည့်ကိန်း ဆိုက်လို့ကတော့ ကြီးကြီးမေတို့က လက်သင့်မခံနိုင်ဘူး"ဟူ၍ ခပ်ပြတ်ပြတ်ပင် ပြောလာသည်။

မေမေကတော့ သိပ်မတားပါ။

"ဘယ့်နှယ်ကွာ ... ကိုယ်တစ်သက်လုံး ကျွဲလို နွားလိုရုန်းကန်ပြီး ရှာဖွေကျွေးမွေးရမယ့် မိန်းကလေးဟာ ကိုယ်ကရည်းမှန်မှ ကိုယ့်ကိုလည်း ပြန်ချစ်မှပေါ့၊ ကိုယ်ချစ်သက်သက်နဲ့တော့ ပျော်ရွှင်ရနိုင်ပါဘူး"

... ဟူ၍တော့ ပြောပါသည်။ နားလည်စိတ် အပြည့်အဝရှိသည့် မိဘနှစ်ပါးမို့ သားဖြစ်သူကို အတင်းအဓမ္မ ချုပ်ကိုင်မှုတော့ မေမေရော မေမေပါ မလုပ်ကြပါ။

"တစ်ခုတော့ ရှိတာပေါ့ကွယ် ... မိန်းမတစ်ယောက်ကို ချစ်ချင်သူနဲ့ဝတ်သက်သမျှ ဆိုးမွေလည်း ကိုယ်ပဲခံ၊ ကောင်းမွေလည်း ကိုယ်ပဲခံရမှာ၊ အေးလူဆိုတာကတော့ ဆိုးနေရင် သနားပေး၊ ကောင်းရင်ချီးကျူးမယ်၊ ဝိုင်းခံလို့လည်း မရဘူး၊ ဝိုင်းခံချင်

www.burmeseclassic.com



လို့လည်း မရဘူး၊ ကိုယ့်စိတ်သာကိုယ် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချပါ ... သားကြိုက်လို့ကတော့ ချွေးမလည်း အမြီးဖြတ်ပြီးပေးစားမှာပဲ၊ တို့က ချွေးမယောက္ခမ ဖြစ်ရတာကနောက်၊ သားက ချွေးမလင် ဖြစ်ရမှာက အရင်ပဲ၊ ခုဟာက ချွေးမလည်းမဟုတ်သေးပါဘူး"

ဖေဖေ့စကားများက တိကျပြတ်သားပါ၏။

"သားကောင်မလေးက သိပ်အဆိုးကြီးလည်း မဟုတ်ဘူး၊ အကောင်းဆုံးလည်း မဟုတ်လှဘူး၊ စိတ်နိုင်ရင် ကြိုက်သလိုသာ လုပ်ပါ၊ စိတ်ညစ်ပြီး ထိုင်မှိုင်နေတာသာ ဖေဖေ မကြိုက်တာ၊ ယောကျ်ားဆိုတာ တွေဝေခြင်း ကင်းရတယ်၊ ဒါပဲ"

ဖေဖေနှင့် မေမေက တိုက်တွန်းခြင်း မပြုသကဲ့သို့ အမြွလည်း မတားကြပါ။ ကြီးကြီးမေကတော့ ဖွတ်ကြီးပင် တားပါ၏။ အုပ်ထိန်းသူသုံးဦး ခံယူချက်ချင်း မညီကြသေမင့် တစ်နေရာမှာကျတော့လည်း တစ်ထပ်တည်း သွားကျသည်။

"သား လက်ခံနိုင်မယ်ဆိုရင် မိုးငြိမ်းအေးနဲ့ ဖြစ်စေချင်တယ်"

ဟူသည့် စကားစုပင် ဖြစ်ပါသတည်း။ ကြီးကြီးမေကြိုက်၊ ဖေဖေကြိုက်၊ မေမေကလည်းကြိုက်၊ အန်တီဒေါ်ခင်မေလတ်နှင့် ဘိုးဘိုးဦးအောင်ထိုက်တို့ကပါ ဝိုင်းကြိုက်နေကြပါသည့် သတို့သမီးလောင်းမှာ မိုးငြိမ်းအေးပင် ဖြစ်နေရပါတော့သည်။ တက္ကသိုလ်များ နှစ်ဝက်ကျောင်းပိတ်ရက်မို့ သည်ကောင်မလေး မုဒုံပြန်သွား၍သာ တော်တော့သည်။ ရှိများရှိနေလျှင် ချောင်းပေါက်မတတ် လာနေမည်ဖြစ်ပါ၏။



မိုးငြိမ်းအေး ခမျာကတော့ မုဒုံမှ ကိုကိုကြီး ကိုကိုလေးတို့ အစား ရန်ကုန်မှာ အစ်ကိုတစ်ယောက် ရသည့်နှယ် ရင်းနှီးတွယ်တာခြင်းဖြစ်ပါ၏။ သူ့အမူအရာများ ရဲတင်းရင်းနှီးသော်မင့် ဖြိုး အပေါ်တွင် တိမ်းညွတ်သည့် အမူအရာ၊ မဆွတ်မိက ညွတ်ချင်သည့် အမူအရာမျိုး မတွေ့ရပါ။ ပကတိရိုးသားရှာပါ၏။ သို့သော်မင့် လောလောဆယ် ဖြိုး ခံစားနေရသည့် ဝေဒနာကို မိုးငြိမ်းအေးကြောင့်ပါဟု စွပ်စွဲ၍ မရသည့်တိုင် မိုးငြိမ်းအေး အနေဖြင့် တစ်စိတ်တစ်ပိုင်းတော့ ပါဝင်နေသည်ဟု ဖြိုး ထင်မိပါသတည်း။

❋ ၁၈ ❋

www.burmeseclassic.com

www.burmeseclassic.com



## ချစ်ဦးသူတွက် ရတက်ငွေ

သည်ရက်များအတွင်းမှာ ဖြိုးထံသို့ စာနှစ်စောင် ရောက်သည်။ မျက်နှာစိမ်းတစ်ဦး လာရောက်တွေ့ဆုံသည်။ စာနှစ်စောင်က မုဒ့ုံမှ မိုးငြိမ်းအေးထံမှတစ်စောင်၊ စုသက်ရည်ထံမှတစ်စောင် ဖြစ်လေသည်။

"ကိုပြည့်ဖြိုးဝေ ...

တင်ရှိခဲ့ဖူးတဲ့ ကျေးဇူးအန္တကို အသက်နှင့်ခန္ဓာတည်မြဲနေသမျှ သတိရနေပါမယ်၊ ကိုပြည့်ဖြိုးဝေရဲ့ ရင်ထဲက ဆန္ဒများကို ယတိပြတ် ငြင်းဆိုပါတယ်၊ ဘယ်လိုမှမဖြစ်နိုင်တဲ့ ဇာတ်လမ်းတစ်ပုဒ်မှာ နိဂုံးကောင်းစေဖို့အတွက် တွယ်မိတဲ့ သံယောဇဉ်ကို တိခနဲဖြတ်တာသာလျှင် အမှန်ကန်ဆုံးနဲ့ အကောင်းဆုံးနည်းလမ်း ဖြစ်ပါတယ်။

မောင်လို နှမလို မိတ်ဆွေဖြစ် ဆက်ဆံနေရင်တော့ ကိုပြည့်ဖြိုးဝေ အတွက် မျှော်လင့်ချက်တွေ ကြီးထွားလာနိုင်စရာအကြောင်း ရှိတာမို့ တစ်ခါတစ်ရံက သိကျွမ်းခင်မင်ခဲ့ဖူးကြတဲ့အဖြစ်ကိုပါ မေ့ထားကြပါစို့။



ကျွန်မလည်း မန္တလေးကို ပြန်သွားပါပြီ။ ကျွန်မထံကို စာနဲ့ပဲဖြစ်ဖြစ်၊ လူကိုယ်တိုင်ပဲဖြစ်ဖြစ် ဘယ်လိုမှ မဆက်သွယ်စေလိုပါ၊ ကိုပြည့်ဖြိုးဝေအတွက် မြော်ခြင်းသာ ဖြစ်တယ်ဆိုတာ နားလည်ပါ။ ဒီတစ်သက်မှာတော့ ကိုပြည့်ဖြိုးဝေရဲ့ဆန္ဒကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ပါကြောင်း ဝမ်းနည်းစွာ ငြင်းဆိုလိုက်ပါတယ်။

စုသက်ရည်"

"ဩော် ... မန္တလေးတောင် ပြန်သွားမှကိုး"

စုသက်ရည်၏စာက "ငယ်စာရင်းဖျက်ခြင်း"ပင် ဖြစ်ပါ၏။ မိတ်ဆွေဖြစ်တောင် မဆက်ဆံလိုတော့ကြောင်းကို တိတိပပ ပြောကြားလိုက်ခြင်းပင် ဖြစ်ပါ၏။ ခုတော့လည်း သူစိမ်းပြင်ပြင်ဖြစ်ကြရပါပြီတကား။

မိုးငြိမ်းအေးထံမှစာက သူ့ဝသီအတိုင်း ဟောဟောဒိုင်းဒိုင်း ရေးထားသည်။ သူ့စာကိုဖတ်နေရင်းပင် နှုတ်ခမ်းစူလိုက်၊ ပါးဖောင်းလိုက်၊ မျက်စောင်းထိုးလိုက် လုပ်နေမည့် အမူအရာကို မြင်ယောင်လာမိလေသည်။

"အစ်ကို ...

ဘယ်လိုလဲ၊ ဘာအကွက်တွေ ထွင်တာလဲ၊ မာမီတို့က အပြတ်မကြည်ချင်စရာ ကောင်းတယ်၊ မိုးငြိမ်းကို အစ်ကိုနဲ့ စေ့စပ်ပေးမလို့တဲ့၊ ဘယ်ဖြစ်မလဲ၊ အဲဒါ အစ်ကို ရေရေလည်လည်ငြင်းဦး၊ တွေဝေမနေနဲ့ဦး။

မာမီက မိုးငြိမ်းငြင်းတော့ အရမ်းဆူတယ်၊ အစ်ကိုတာဝန်ယူပြီးငြင်းပါ၊ အစ်ကိုဖျက်မှ ပျက်မယ့်ကိစ္စ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေပြီ၊ အပြတ်ဖျက်နော်၊ ဒါပဲ၊ ဖွတ်ပေးစားရင် ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်မယ်၊ အစ်ကို့ကိုတော့ မယူဘူး သိလား။

အစ်ကို့မချောလေးကို ခိုးပြေးပါလား၊ သူနဲ့အစ်ကိုနဲ့ သိပ်လိုက်တာပဲ၊ မတုန်မလှုပ် မြဲစိစိနဲ့၊ အဲဒါကို မိန်းမ ဤမြွေလို့ သတ်မှတ်ရင်လည်း မိုးငြိမ်းကို နန့်ပျာပျာ၊ ပျံတန်တန် ခေါ်ချင်ခေါ်ပါ။

မိုးငြိမ်း ကျောင်းဖွင့်ရင် မာမီ လိုက်ပို့လိမ့်မယ်၊ အစ်ကိုငြင်းရင်ငြင်း၊ မငြင်းရင် သေပြီသာ မှတ်ပေတော့၊ အစ်ကိုနဲ့သာ တူတူနေရင် မထုံတက်တေးကြီးကို စိတ်မရှည်တာနဲ့ပဲ မိုးငြိမ်း အသက်တိုမယ်၊ လုံးဝမယူနိုင်ပါဘူး၊ တကယ်လို့ အစ်ကိုကမိန်းမ၊ မိုးငြိမ်းက ယောကျ်ားဆိုရင်တော့ အစ်ကို့ကို နည်းနည်းစဉ်းစားမယ်။

ခုတော့ ... ဒိုးဆလန်၊ တင်းဆလန်၊ ဆလန်ဆယ်ခါ ပေးလိုက်မယ် ...

အစ်ကို့ကို မကြိုက်ဘူး။

မိုးငြိမ်းအေး"

"ဩော် ... မချွေစာလေး၊ ကျုပ်ကလည်း ခင်ဗျားကိုမကြိုက်ပါဘူး"

ဖြိုးက ခေါပွပွနှင့် တစ်ဦးတည်း ရေရွတ်သည်။ မေမေ့အား မိုးငြိမ်းစာကိုပြတော့ မေမေက အားရပါးရရယ်သည်။

"ချစ်စရာကောင်းလိုက်တဲ့ ကောင်မလေး၊ တကယ့် ကလေးလေးလိုပဲ"



"အမယ်လေး ... မေမေသာ ချစ်နေ၊ ဖြိုးစိတ်ထဲမှာတော့ မျောက်လေမွေ့နဲ့ ကျီးကန်းနဲ့ စပ်ဖောက်ထားသလား မှတ်တယ်"

"သားကလည်းကွယ်၊ မပြောကောင်း ပြောကောင်း"

"ကျီးကန်းလို တည်ငြိမ်ခြင်းကင်းပြီး မျောက်လေမွေ့ထက် ဆော့သေးတယ် မေမေရဲ့"

"ကလေးစိတ်ကလေးမို့ပါကွယ်"

"သူ့လိုပဲ ဖြိုးကလည်း ဆလန်ပါပဲ"

"သားက သားမိန်းကလေးကို မျှော်လင့်နေသေးတာမို့လား"

"သူ့ကိုလည်း လုံးဝမျှော်လင့်ချက်မထားတော့ပါဘူး မေမေ၊ သူက ယတိပြတ် ငြင်းပြီးပါပြီ"

"အချိန်က ကုစားသွားပါလိမ့်မယ် သားရယ်၊ မေမေ့သားလို လူလိမ္မာ ပညာတတ်အဖို့မှာ ဦးပုညစာထဲကလို ဗျာဆံဝိုက်၊ ဗျာဆံခါ၊ အပျိုတွေလာလွန်းလို့၊ ငါဆရာတော်ကျောင်းပေါ်က၊ ကြိမ်ဆော်လို့ချရသေးသည် ... ဆိုတဲ့ အဖြစ်မျိုး နေမှာပါ"

"ဗျာဆံဝိုက် ဗျာဆံခါ၊ အပျိုတွေလာပေမယ့် ... အဲဒီအပျိုတွေက စုသက်ရည်မှ မဟုတ်တာ မေမေရာ"... ဟု ဖြိုးမပြောဖြစ်တော့ပါ။

ဩော် ... စုသက်ရည်၊ မင်းကို မေ့နိုင်ဖို့ ကြိုးစားရမယ် ချစ်ရယ်၊ အပြောလွယ်ပေမယ့် မေ့ဖို့မလွယ်ပါဘူး၊ တို့ရင်ထဲက အချစ်တလည်း **အောက်ချင်းအချစ် အောက်ချင်းသစ္စာ** မျိုးပါကွယ်။

❋ ၁၈ ❋

www.burmeseclassic.com

www.burmeseclassic.com



လာရောက်တွေ့ဆုံသည့် လူစိမ်းက စုသက်ရည်၏ဦးလေး တစ်ဝမ်းကွဲတော်သူ ဦးအောင်သိန်း။

"ကိုဖြိုးအကြောင်းကို စုသက်ရည်ဆီက ကြားရကတည်းက ဦးလေး ခင်မင်နေမိတာပါ"

တူအရွယ် သားအရွယ်ပေမင့် "ကိုဖြိုး"ဟုခေါ်သည်။ စကားပြောရာတွင် ရည်မွန်သလောက် အထက်တန်းကျလှသည်။ ဂုဏ်သရေရှိ လူကြီးလူကောင်းပုံ ပေါ်ပါ၏။

"သူ နေကောင်းရဲ့လား"

"ကောင်းပါတယ် ... စိတ်နည်းနည်း မချမ်းသာရှာတာက လွဲရင်ပေါ့လေ၊ စိတ်ချမ်းသာစရာ လမ်းကလည်း မရှိဘူး၊ သူ့အဖြစ်ကလည်း သိပ်ဆိုးခဲ့တာ မဟုတ်လား"

"ဦးလေး ... ကျွန်တော့်ကို လာတွေ့ရတဲ့အကြောင်းကို အမိန့်ရှိပါဦး"

"စုသက်ရည်မှာ အန္တရာယ်နဲ့ ကြုံတွေ့ရတော့မယ်ထင်လို့"

"ခင်ဗျာ"

"စုသက်ရည်မှာ အန္တရာယ်တစ်ခုခု ရှိနိုင်တယ် ကိုဖြိုး"

"ဦးလေး ဘာကိုဆိုလိုမှန်း ကျွန်တော် သဘောမပေါက်ပါဘူး"

"ဒီလို ကိုဖြိုးရယ်၊ အစ်ကိုဘခက်က ကိုဖြိုးကို သိပ်ခင်တယ်၊ ကိုဖြိုး ရှိးသားတာ၊ စုသက်ရည်အပေါ်မှာ ညှာတာတွေကို



လည်း နားလည်တယ်၊ အဲဒါ ကိုဖြိုး အကူအညီ လိုချင်လို့ လာခဲ့တာပဲ ဆိုပါတော့"

ဦးအောင်သိန်းက ဖြိုးနားသို့ကပ်၍ ရှည်လျားစွာသော ဝါကျများစွာကို ပြောပြသည်။ ဖြိုးက မျက်တောင်ပင်မခတ်မိဘဲ အာရုံစိုက်၍ နားထောင်ရသည်။ ဖြိုး မျက်နှာမှာ စိုးရိမ်ခြင်း စိတ်တိုဒေါသထွက်ခြင်း စသည့် ခံစားချက်များ တစ်ခုပြီးတစ်ခု ပေါ်နေသည်။ အားတက်သရော ပုံစံလည်း ပေါ်သည်။ ဦးအောင်သိန်း၏ ဝါကျများဆုံးတော့ ဖြိုး ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

"ဒီကိစ္စ စုသက်ရည် သိသလား ဦးလေး"

"မသိဘူး၊ အစ်ကိုဘခက်နဲ့ ဦးလေးနဲ့ တိုင်ပင်ပြီးစီစဉ်တာ"

"ကျွန်တော့်အပိုင်းကိုတော့ စိတ်ချပါ"

"ကျေးဇူးပါပဲ ကိုဖြိုးရာ၊ အစ်ကိုဘခက်က ဒါကြောင့်လည်း ကိုဖြိုးဆို လွတ်တာပါပဲ"

"အခု မန္တလေးအိမ်မှာ ဘကြီးခက် ရှိလား ဦးလေး"

"ရှိပါတယ်"

"မမညိုကော"

"သူက ပညာရေးတက္ကသိုလ် တက်နေတဲ့လူပဲ၊ ရန်ကုန်မှာပေါ့၊ သူတို့ လက်တွေ့တန်းပြတွေ ဆင်းနေရတယ်၊ နှစ်တစ်ဝက်ကြီး အဆောင်ပြန်ဝင်လို့ မရတော့ အောင်ကျော်ဦးတို့ အိမ်ပြောင်းနေရတယ်၊ သူ့ခမျာလည်း စုသက်ရည်အတွက် ကသီလင်တ ဖြစ်ရှာတယ်"

"အန်တီမိတို့နဲ့ အမှုဖြစ်သေးတယ်ဆို၊ အကြောင်းစွ"

"စုသက်ရည် နိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒီတစ်ခုကလေးတော့ သူ စိတ်ချမ်းသာစရာ ရှိသွားပဲ"

"ဒါပေမဲ့ စုသက်ရည်က ခွဲတော့ ခွဲပေးဦးမှာပါ။ သူပေးမယ်လို့ ပြောတယ်"

"ဦးလေးကို တစ်ခုတော့ မေးချင်ပါတယ်၊ ဒါကလည်း စုသက်ရည်အတွက် စိုးရိမ်လို့ပါ၊ ဒီလိုမေးမိတဲ့အတွက် ကျွန်တော့်အပေါ် အထင်အမြင် လွဲမှာလည်း စိုးပါတယ်"

"မေးပါ ကိုဖြိုးရဲ့၊ ကိုဖြိုးစိတ်ဓာတ်ကို သိပြီးသားပါ"

"လူတွေပြောနေကြသလို စုသက်ရည် သိပ်ချမ်းသာလားလို့ပါ"

"နည်းနည်းပါးပါး ချမ်းသာတာတော့ ကိုဖြိုးလည်း အသိပါ၊ စုမွန်ရည်ရတနာခန်းမရဲ့ လှည့်လည်သုံးစွဲငွေနဲ့ အဆောက်အအုံ တန်ဖိုးတွေပဲ တွက်ကြည့်ပေါ့"

"ဒီထက်မကဘူးလားလို့ပါ"

"မမွန်ဆီမှာ စုဆောင်းသိမ်းဆည်းထားတဲ့ ရတနာတွေတော့ ရှိမှာပေါ့ ကိုဖြိုး၊ ဒါပေမဲ့ ဘယ်သူမှ ရှာမတွေ့ဘူး၊ စုသက်ရည်ကလည်း ဘယ်မှာထားခဲ့မှန်း မသိဘူးတဲ့"

"တခြားလူတွေကတော့ စုသက်ရည် သိတယ် ထင်နေမှာပဲ"

"သိချင်လည်း သိမယ်ပေါ့၊ မသိဘူး ဆိုတာလည်း ဟုတ်ချင်ဟုတ်မှာပဲ"

"အင်း ... ပစ္စည်းဥစ္စာဆိုတာ ပေါများလွန်းတော့ အန္တရာယ်ပဲ"



"ကဲ ... ကိုဖြိုး၊ ဦးလေး ပြန်ဦးမယ်၊ ကိစ္စရှိရင် မန္တလေးကို ဖုန်းဆက်ပါ၊ ဦးလေး အိမ်မှာရော၊ စုမွန်ရည် ရတနာခန်းမမှာပါ တယ်လီဖုန်း ရှိပါတယ်၊ ရုံးချိန်ဆိုရင်တော့ ဆိုင်ကိုဆက်ပေါ့၊ ကျန်တဲ့အချိန်ကိုတော့ အိမ်ကိုဆက်ပါ"

ဦးအောင်သိန်းက တယ်လီဖုန်းနံပါတ်နှစ်ခု ရေးပေးသည်။

"ဪ ... ဒါက စုသက်ရည်ရဲ့အိမ် တယ်လီဖုန်းနံပါတ်၊ သိလိုချင်မည် ယူချင်ယူထားလေ၊ ဒါပေမဲ့ ကိုဖြိုးမှန်းသိရင် စုသက်ရည်ကတော့ လက်ခံစကားပြောမယ် မထင်ဘူး"

နောက်တယ်လီဖုန်းနံပါတ်တစ်ခု ထပ်ရေးပေးပြန်သည်။

"သူပြောတာ မပြောတာ အရေးမကြီးပါဘူး ဦးလေး၊ သူ့အတွက်ဆိုရင် ကျွန်တော်က ဘာကိုမှ မမျှော်လင့်ဘဲ ကူညီမယ့်သူပါ"

"ကျေးဇူးပါပဲ ကိုဖြိုး ... ကဲ ... ပြန်မယ်နော်"

ဦးအောင်သိန်း ကိုယ်တိုင် မန္တလေးမှ ရန်ကုန်သို့ တကူး[illegible] ဆင်းလာတွေ့သည်မို့၊ သူ့ရင်ထဲမှာ တော်တော်ပူပူပင်ပင်[illegible]လို့ပဲဟူ၍ ဖြိုး တွေးမိလေသည်။ ဖခင်က အဆိပ်မိ၊ မိခင်[illegible]ချင်းတိုက်၍ သေဆုံးခဲ့ပြီးပြီ။ ယခု စုသက်ရည်မှာလည်း[illegible] အန္တရာယ်မျိုး ရှိနေပြီဆိုတော့ ဖြိုး လက်ပိုက်ကြည့်မနေ[illegible] မဆိုင်ပါဘူးဟူ၍ ဘေးထွက် ထိုင်မနေနိုင်ပါ။

ဪ ... ချစ်ရယ်၊ မင်းအတွက်ဆိုရင် အသက်ကိုပဲ စွန့်ရ[illegible] ..."

✳ ✳

www.burmeseclassic.com



"ဟော ကိုဖြိုး၊ ဘယ်က မျက်စိလည်လာတာလဲ၊ လာပါ၊ လာပါ၊ မရောက်တာ ကြာလှပြီ"

"ဒီကိုပဲတမင်လာတာ မိမိရဲ့၊ ကိုမျိုး ရှိလား"

"ရှိတယ် ... ရှိတယ် ... အစ်ကိုရေ ကိုဖြိုးလာတယ်"

မိမိထွန်းက ဖြိုးကို လှိုက်လှိုက်လှဲလှဲ ခရီးဦးကြိုပြုသည်။

"ဟာ ... ဖြိုး၊ ပေါ်တော်မူကြီး"

တစ်ချိန်က စုသက်ရည်နှင့် ပတ်သက်၍ စကားပြောရန် မျက်နှာပူကာ ခပ်တန်းတန်း ဖြစ်သွားခဲ့ဖူးသည်ကို လုံးဝအမှတ်မထားဟန်ဖြင့် မျိုးသက်ထွန်းကလည်း ဝမ်းသာအယ်လဲ နှုတ်ဆက်သည်။

"လာ ... ထိုင်၊ မင်း စုသက်ရည်ကော"

"ဟာ ... ကိုမျိုးကလည်း"

"ပြောတတ်ဘူးလေ၊ စွံများ စွံပြီလားလို့"

မောင်နှမနှစ်ယောက်လုံးက လောကွတ်ပျူငှာ ကြိုဆိုသည်မို့ ဖြိုးအတွက် အဆင်ပြေသွားရသည်။ ဧည့်ခန်းမှာ ဝင်ထိုင်သည်။

"အန်တီတို့ ဦးတို့ရော နေကောင်းကြလား"

"ကောင်းတယ်၊ ကိစ္စရှိလို့ အပြင်သွားကြတယ်"

"ကိုဖြိုးတို့များ စုသက်ရည် မရှိကတည်းက လာတောင် မလည်ဘူး"

မိမိထွန်းက စကားနာထိုးသည်။



"လာချင်ပါတယ် မိမိရဲ့၊ အိမ်ရှင်တွေက လိုလိုလားလား ရှိရဲ့လားလို့ပါ"

"မင်း အဲဒီစကားမပြောနဲ့ ဖြိုး၊ မင်းနဲ့ ငါနဲ့ သူငယ်ချင်း ဖြစ်တာ စုသက်ရည်နဲ့ ဘယ်လိုမှ မပတ်သက်ခင်တုန်းက မှတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ဘာက ဘာဖြစ်နေသေးလို့လဲ"

"ကိုမျိုးက စုသက်ရည်နဲ့ လက်ထပ်မယ်ဆိုတော့လည်း နည်းနည်းမျက်နှာပူလို့"

ဖြိုးက ပြုံးစစလုပ်၍ ပြောသည်။

"အောင်မယ် ... မျက်နှာပူတာလား အူနကျွဲခတ်တာလား ရှင်းရှင်းပြောစမ်းပါ၊ မင်း စုသက်ရည်က မကြည်ပါဘူးကွ"

"ကိုမျိုးကရော ... ကြည်တယ်လား"

"ဟ ... စုသက်ရည်လို မိန်းကလေး ကိုယ့်နှမ မဟုတ်ဘူးဆိုတော့လည်း မကြည်စရာ ဘာရှိလဲ"

မျိုးသက်ထွန်းက ပြောပြီးရယ်သည်။

"ကြည်တယ်ဆိုပေမယ့် မင်းလို မအိပ်နိုင်၊ မစားနိုင်တော့လည်း မဖြစ်ပါဘူး၊ သူက မကြည်ဘူးဆိုတော့လည်း ဖြိုးတာပဲ၊ [illegible]တော ခုထိ ... အဲ"

"လှိုင်းကြီးလည်း လေအောက်ပါပဲ၊ ယောကျ်ား[illegible] [illegible]ချွန်က မိုးရွှန်တမွှတ်၊ ကြယ်ကိုဆွတ်လည်း မလှမ်း[illegible]တမ်း [illegible]တဲ့"

"ဟာ ... ကောင်းကြီး၊ တယ်ဟုတ်လိုက်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ နေ့ကောင်းရက်သာ ရွေးဖို့ပဲ ရှိတော့တယ်၊ ကျွန်တော် စာမေးပွဲပြီးတာနဲ့ လက်ထပ်ဖို့ပဲ"

"ကွန်ဂရက်ကျူလေးရှင်းပေါ့၊ တယ်စွံတဲ့ကောင်၊ ဒါနဲ့တောင် ဘယ်က ကျွန်တော့်စုသက်ရည်ရမှာလဲတဲ့"

မျိုးသက်ထွန်း၏ ဝမ်းသာအားရဟန်ကို တကယ်မှ ဟုတ်ရဲ့လား၊ ဟန်ဆောင်နေသလားဟု ဖြိုး အကဲခတ်သည်။ ဟန်ဆောင်တာ ဆိုလျှင်တော့ အကယ်ဒမီ ရလောက်သည်။ မိမိထွန်းကို လှမ်းကြည့်တော့ ဝမ်းသာပုံလည်း မပြပါ။ မကျေမနပ်ဖြစ်ဟန်လည်း မရှိပါ။ သူမနှင့် မဆိုင်၍ အေးထွက်ထိုင်နေသည်ဟူသည့် ပုံစံမျိုးကဲ့သို့ ဖြစ်နေသည်။

"ကိုမျိုးလည်း စုသက်ရည်ကို ကြည်တာပဲ မှတ်လား"

"မင်းဟာလေ တော်တော် ခွကျတဲ့ကောင်၊ ကြည်တော့ ကြည်တာပေါ့၊ အလကားနေရင်း သက်သောင့်သက်သာ ဆိုတော့လည်း ကြည်တာပေါ့ဟ၊ သူက မကြည်တော့လည်း ပြီးပါပြီလို့ ပြောထားသားပဲ၊ ငါကလွဲတဲ့ တခြားသူဆိုရင် မင်းနဲ့ဆိုတော့ မင်းအတွက် ငါက ဝမ်းသာမပေးရဘူးလား၊ မင်းက နေရင်းထိုင်ရင်း ငါ့ကို ရန်သူလို သဘောပိုက်ပြီလား ဖြိုး၊ ဟုတ်လား"

မျိုးသက်ထွန်း လေသံပြောင်းသလို မျက်နှာထားပါ တင်းမာလာ၏။

"ကိုဖြိုးက စုသက်ရည်နဲ့ ပတ်သက်လာလျှင် တစ်ကမ္ဘာလုံးကို ရန်သူလို သဘောထားနေတော့တာပဲနော်"

ငြိမ်ငြိမ်ကလေး ထိုင်နားထောင်နေသည့် မိမိထွန်းက ခုမှ ဝင်ပြောသည်။



"ဒီလိုမဟုတ်ပါဘူး မိမိရယ်၊ ကျွန်တော် ပြောမှားဆိုမှား ရှိရင် ခွင့်လွှတ်ပါ ကိုမျိုး"

"ရပါတယ်"

"ဒါနဲ့ ကိုမျိုးတို့ စုသက်ရည်နဲ့ အမှုဖြစ်ကြသေးတယ် ထင်တယ်"

"ဖြိုး ... မင်း သိပ်စော်ကားလာပြီ၊ အမှုဖြစ်တာ မဟုတ်ဘူး၊ ရှေ့နေတွေနဲ့ စကားပြောကြတာ၊ တစ်ဖက်နဲ့တစ်ဖက် တောင်းဆိုတဲ့အဆင့်ပဲ၊ တို့ ရှုံးတယ်၊ တစ်ပြားမှမရဘူး၊ ဒါပေမဲ့ အဲဒါ မေမေနဲ့ဖြစ်တဲ့ကိစ္စ၊ ငါတို့မောင်နှမနဲ့ ဘယ်လိုမှ မပတ်သက်ဘူး၊ အဲဒါ မင်းသိပြီးသားကိစ္စဖြစ်ရက်နဲ့ တမင်မေးတာ၊ ချော်လဲနေတဲ့ လူကို တံတွေးနဲ့လှမ်းထွေးချင်တဲ့ သဘောပဲ၊ မင်းပြန်တော့ ဖြိုး"

ဖြိုး ထိုင်ရာမှ ထရပ်သည်။ စိတ်ကို အနိုင်နိုင် ထိန်းထားရဟန်တူသော မျိုးသက်ထွန်းကို ငုံ့ကြည့်သည်။ မိမိထွန်းကို လှမ်းကြည့်သည်။

"အားလုံးကို ခွင့်လွှတ်ပါလို့ပဲ တောင်းပန်ခဲ့ပါတယ် ကိုမျိုး၊ ကျွန်တော် ပြန်ပါဦးမယ်၊ ပြန်မယ်နော် မိမိ"

မိမိထွန်းက ခေါင်းညွတ်ပြပေမယ့် မျိုးသက်ထွန်းကလှည့်၍ပင် မကြည့်တော့ပါ။ ထိုင်နေလျက်က ရှေ့တူရူသို့ပင် စိုက်ကြည့်နေသည်။ သူ့မျက်ဝန်းများမှာ ဒေါသနီးတွေ ရီဝေဆုံဆိုင်းနေသည်။ မျိုးသက်ထွန်း စိတ်ဆိုးပြီပေါ့။ ဆိုးပါစေ၊ သည်လိုစိတ်ဆိုးပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ တမင်တကာ တကူးတက လာခဲ့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



စုသက်ရည်ခရေ မင်းအတွက်ဆိုရင် ကိုယ်ဆိုတဲ့ ဖြိုးတစ်ယောက်ဟာ စေသည့်ကျွန်၊ ထွန်သည့်နွားပါလားကွယ်။ ထမ်းပိုးတပ်ယင်လည်း ရုန်းဖို့အဆင်သင့် ဖြစ်နေပြီ။ အဲဒါလေ မင်းသိရဲ့လား။ မင်းကို ချစ်လွန်းလို့၊ သိပ်ချစ်လွန်းလို့ပါ။

မျိုးသက်ထွန်းတို့အိမ်မှ အပြန်လမ်းတွင် ဖြိုးနှလုံးသားက စကားပြောလာခဲ့ပါသတည်း။

ကားယူမလာသောကြောင့် မျိုးသက်ထွန်းတို့ခြံထဲမှ လမ်းလျှောက်၍ ထွက်လာခဲ့သည်။ ကုက္ကိုင်းလမ်းဆုံဘက်သို့ သွားမည်။ အဲသည်ကမှတစ်ဆင့် မြို့ထဲသို့ ဘတ်စ်ကားစီးသွားမည်။ မြို့ထဲက နာမည်ကြီး ဆေးခန်းတစ်ခုသို့ သွားရမည်။ ဆေးစပ်သူ ကွန်ပေါင်ဒါအဖြစ် လုပ်ကိုင်နေသည့် ဦးမြမင်းနှင့် သွားရောက်တွေ့ဆုံရပါမည်။ တွေ့ဆုံရမည် ဆိုခြင်းထက် လေ့လာအကဲခတ်ရမည်ဆိုပါက ပိုမိုမှန်ကန် တိကျမည်ဖြစ်ပါ၏။

အမှတ်(၅)ကားပေါ်တွင် ကျပ်သိပ်နေသည့် လူများမှာ ဖြိုးရင်တွင်းမှ အတွေးမျှင်များလောက် ပြည့်သိပ်မွန်းကျပ်မည်မထင်ပါ။ အတွေးပင်လယ်ကြောမှာ မိနစ်ပေါင်းများစွာ ကူးခတ်ရုန်းကန်ပြီးပါမှ ဖြိုး ရောက်လိုရာ ဆေးခန်းသို့ ရောက်လာပါ၏။

ဤဆေးခန်းမှာ ပြင်ပလူနာများကိုလည်း လက်ခံကုသသည်။ မွေးလူနာအချို့ကိုလည်း လက်ခံသည်။ အခြားရောဂါနှင့် တက်ရောက်ကုသသူများကိုတော့ ညအိပ်ညနေ လက်မခံပါ။ ဆရာဝန်များက ကြည့်ရှုကုသရာ၌ အဆင်သင့် ဝယ်ယူသုံးစွဲရသည့် ဆေးအရည်၊ အခဲ၊ အတောင့်များကိုလည်း သုံးသည်။ ချောင်းဆိုးပျောက်ဆေး၊ ကလေးနှာခေါင်းပိတ်လျှင် နှာခေါင်းထဲသို့ အစက်



ချရန် ဆေးများကျတော့ ဆေးခန်းမှာပင် ဖော်စပ်သည်။ ထို့ကြောင့် ကွန်ပေါင်ဒါ ဆေးစပ်သမား ထားရှိခြင်းဖြစ်သည်။

စားပွဲတစ်လုံးချကာ ထိုင်နေသည့် စာရေးမလေးထံသို့ ဦးတည်၍ သွားသည်။

"လူနာအသစ် မှတ်ပုံတင်မယ်လား"

စာရေးမကလေးက ပျူငှာစွာဆိုသည်။

"မဟုတ်ပါဘူး ခင်ဗျာ၊ ဦးမြမင်းနဲ့ တွေ့ချင်လို့ပါ"

"ဪ ... ဒီကနေ တည့်တည့်ဝင်သွားပါနော်၊ စင်္ကြံဘေးက အခန်းတွေကို ကျော်သွားပါ၊ ပထမဆုံးခန်းက ဆရာဝန်အခန်း၊ ပြီးတော့မှ နောက်ဆုံးအခန်းက ဆေးစပ်ခန်းပါ၊ အဲဒီမှာ ဦးမြမင်း ရှိပါတယ်"

"လက်ဝဲဘက်လား၊ လက်ယာဘက်လားခင်ဗျ"

ယေအစိတ် ပေငါးဆယ် တစ်တိုက်လုံးကို အလယ်ကောင်မှ စင်္ကြံလမ်းချန်၍ ဝဲယာအခန်းများ ဖွဲ့ထားသည်မို့ မေးရခြင်းဖြစ်ပါ၏။

"ဟုတ်ပါရဲ့၊ လက်ဝဲဘက်အစွန်ဆုံးခန်းပါ၊ လက်ယာဘက်က လူနာခန်းတွေပါ၊ အဲ ... လက်ယာဘက် နောက်ဆုံးခန်းက ဆွေးခန်းနော်၊ ဝင်မသွားနဲ့ဦး၊ ဦးမြမင်းရဲ့ ဆေးစပ်ခန်းနဲ့ မျက်နှာချင်းဆိုင်ပေါ့"

နှုတ်ချိုသူ စာရေးမလေးက ပြုံး၍ပြောသည်။ စင်္ကြံဘေး အခန်းနံရံများတွင် ကပ်ချထားသည့် ခုံရှည်များမှာ လူနာဆိုးဦး နှံ့သာရှိသည်။ ဖြိုးက မျက်စိကို ဝေ့ဝဲ၍ကြည့်သည်။

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ခွင့်ပြုပါနော်"

www.burmeseclassic.com

www.burmeseclassic.com



ချိုသာစွာ နှုတ်ဆက်တော့ စာရေးမလေး ခေါင်းညိတ်ပြသည်။ ဖြိုးက လူနာများရှေ့မှ ကိုယ်ကိုယို့၍ လျှောက်လာခဲ့သည်။ ဦးမြမင်း အခန်းနားသို့ အရောက်မှာ စကားသံများက ဆီးကြိုနေသည်မို့ ဦးမြမင်းထံမှာ ဧည့်သည်ရှိနေကြောင်း သိလိုက်ရသည်။ အခန်းတံခါး ပိတ်ထားပေမင့် အသံကြားနေရသည်။ ဖြိုး ဝင်မတွေ့သေးဘဲ ရပ်စောင့်သည်။ အသံများကို အမှတ်မထင် နားစွင့်မိပါ၏။

"မင်း သိပ်ကြီးကျယ်မနေနဲ့ မိမိ၊ ဒီလောက်ပိုက်ဆံဟာ မင်းအတွက် ဘာမှပြောနေစရာ မလိုဘူး၊ မင်းယောက်ျား လေလံတစ်ခါဆွဲတိုင်း ငွေတွေ ဖွေးခနဲရတာ၊ မြေနဲ့ ကားနဲ့ တိုက်နဲ့"

"ဒီလောက်ပိုက်ဆံက တစ်ကြိမ်ဆိုရင်တော့ အကြောင်းမဟုတ်ဘူးပေါ့ရှင်၊ ရှင့်ဟာက လေးကြိမ်ရှိခဲ့ပြီ၊ ဒီတစ်ခါပါနဲ့ဆို ငါးကြိမ် သိရဲ့လား … ငါးကြိမ်"

နှစ်ယောက်လုံး၏ လေသံများက ခက်ထန်မာကျောနေကြသည်။ ဦးမြမင်းဟု ယူဆရပါသော ယောက်ျားသံမှာ "မိမိ"ဆိုသည့် စကားလုံးပါလာသောကြောင့် အစကတည်းက စွင့်ထားမိသည့်နားကို ပိုစွင့်မိသည်။

"မင်းခိုင်းလို့ ငါ လုပ်ရတဲ့ အလုပ်က ဆယ်ကြိမ်စာရှိတယ်ဆိုတာရော သတိရသေးရဲ့လား"

"ဖြစ်မှ မဖြစ်မြောက်တာ"

"ဖြစ်တာ မဖြစ်တာ ငါ့အလုပ်မဟုတ်ဘူး၊ ငါ့အပိုင်းကတော့ တာဝန်ကျေတယ်"



"ဟုတ်ပါတယ်၊ ရှင့်ကိုလည်း တာဝန်မကျေဘူးလို့ ဘယ်သူက ပြောလို့လဲ၊ မဖြစ်မြောက်တော့ ကျွန်မမှာလည်း ပေးစရာမှ မပြေလည်တာ"

"အဲဒါ မင်းကိစ္စပဲ၊ ငါနဲ့မဆိုင်ဘူး"

"ရှင် ဒီလိုပြောလို့ ဖြစ်မလား"

"ဘာလို့မဖြစ်ရမှာလဲ"

"ရှင် ဘယ်လိုလူလဲ၊ နားလည်မှုလည်းမရှိ၊ အကြင်နာတရားလည်း ခေါင်းပါး"

"ဟ … အကြင်နာတရားရှိရင် မင်းခိုင်းတဲ့အလုပ်ကို လုပ်ကိုမလုပ်ခဲ့ဘူး၊ နားလည်မှုရှိလို့ မင်းဆီမှာ ငါပြောနေတာ"

"ကျွန်မကလည်း မပြေလည်လို့ တောင်းပန်နေတာ"

"မင်းအကြောင်း ငါ မသိရင် ခက်မယ်"

"အောင်မယ် … ရှင်ကော အတူတူနဲ့ အနုနု"

"မင်းက ခိုင်းစရာရှိတော့ ငါ့ကိုဆွဲထည့်၊ စံစရာရှိတော့ နောက်လင်နဲ့"

"ရှင် ဒီလိုမပြောနဲ့"

"ပြောကို ပြောရဦးမယ်၊ မင်းလင် အကောင်းစားကြီး၊ ဘယ်ကိုစက်ကျနေသလဲဆိုတာရော သိရဲ့လား"

"အဲဒါ သူ့ကိစ္စပဲ"

"ဩော် … ဩော် … တော်တော်လည်း သည်းခံခွင့်လွှတ်နိုင်စွမ်း ကြီးမားရှာတာကိုး"

အရေးကောင်းလျှင် ဒိန်းခေါင်းဖျက် ဆိုသည့် စကားပုံက ရှိသင့်ရိုးပြား၊ သည်နေရာမှာတော့ သည်စကားပုံသည်သာလျှင်

www.burmeseclassic.com

www.burmeseclassic.com



အသင့်တော်ဆုံးဖြစ်သည်။ အခန်းဝမှာ အူကြောင်ကြောင် ရပ်နေသည့် ဖြိုးနားသို့ ဆေးခန်းရှေ့မှာ စာရေးမလေး ရောက်လာသည်။

"ယော ... ရှင် တွေ့ပြီးပလား"

ပြုံး၍နှုတ်ဆက်ကာ ဦးမြမင်း၏အခန်းနှင့် မွေးခန်းနှစ်ခုကြား စင်္ကြံအဆုံးမှာရှိသည့် ရေချိုးခန်းတွင်းသို့ ဝင်သွားသည်။ ဟင်း ... ဖြိုး သက်ပြင်းမောကြီးကို မှုတ်ထုတ်သည်။ တော်ပါသေးရဲ့၊ သူက ခရီးကြို လမ်းကြို သဘောမျိုးလောက် နှုတ်ဆက်သွားပေလို့ ... ဘုရား ... ဘုရား၊ အခန်းတံခါး ဆွဲဖွင့်ကာ ဦးမြမင်း ညည်းသည်စောင့်နေတယ်လို့များ ပြောချလိုက်လျှင် ဖြိုးအတွက် မဟာပြဿနာ။

"မင်း ပြန်တော့ မိမိ၊ ငါလိုချင်တာ မပါဘဲ လူချည်းမလာခဲ့နဲ့၊ ဒါပဲ"

ဖြိုး စင်္ကြံအတိုင်း သုတ်ခနဲ ပြန်ထွက်လာသည်။ ဦးမြမင်းအခန်းတွင်းမှ ထွက်လာမည့်သူမှာ သူ ထင်ထားသည့်လူသာ ဖြစ်ပါက မျက်နှာချင်းဆိုင် တန်းခနဲ ဆုံ၍မဖြစ်ပါ။ ဆေးခန်းဝသို့ရောက်သည်နှင့် ပလက်ဖောင်းပေါ်သို့ ဆင်းသည်။ အုတ်လှေကားကလေး တစ်ထစ်တည်းကို နင်းမနေတော့ဘဲ ကျော်ဆင်းခဲ့သည်။ လမ်းဘေးဝဲယာသို့ကြည့်ကာ တစ်ဘက်ကမ်းသို့ လျင်မြန်စွာကူးသည်။

ရှေ့သို့ အနည်းငယ်ဆက်လျှောက်ကာ ဆေးခန်းနှင့် လွယ်ခုတ်နေရာသာသာမှာ ရှိနေသည့် ကွမ်းယာဆိုင်ကလေးရှေ့မှာရပ်သည်။

"အချိုတစ်ယာ၊ မူစကီးတစ်ယာ"



ကွမ်းယာ စားလေ့ရှိသူ မဟုတ်ပါ။ ကြားဖူးနားဝနှင့် မှာလိုက်သည်။ လမ်းတစ်ဘက်ခြမ်းကို ကျောပေးနေရာမှ ကိုယ်ကို စောင်း၍ မသိမသာ လှည့်သည်။ ဆေးခန်းထဲမှ မျက်နှာထားတင်း၍ ထွက်လာသူကို ဖြိုး မြင်လိုက်ပါ၏။ ဟုတ်ပါသည်။ ဖြိုးထင်သည့်သူပါပဲ။

ဒေါ်မိမိထွန်း။

❋ ❧ ❋

ဖြိုးတို့တက္ကသိုလ်များ ပြန်ဖွင့်ပါပြီ။ မိုးငြိမ်းအေးနှင့်အတူ စိုးခင်ဝါ ပါလာသည်။ ဖြိုးတို့အိမ်မှာ တည်းသည်။ ဖြိုးနှင့် မိုးငြိမ်းအေးတို့အတွက် ရှေ့ရေးနောက်ရေးများကို တိုင်ပင်နိုးနောကြလိမ့်မည်ဖြစ်ကြောင်း အထူးတွေးတောနေစရာ မလိုပါ။

လျှော့ရဲ့ရှာ တုပ်နှောင်ခဲ့ရာမှ ဝက်အူကျပ်ပေးချင်သည့်အနှများကို မသိမသာပြသည်။ ကျောင်းအုပ်ဆရာမကြီးကတော့ အုပ်ထိန်းကြားခဲ့ဖူးသမျှ ဖို့ဘော်ဝင်စ ကလေးလူငယ်များ စိတ်ပညာကို မေ့လျော့နေပါပြီ။ ခုလောက်ဆို ပညာရေးတက္ကသိုလ်မှာ သင်ခဲ့ရဖူးသည့် စိတ်ပညာစာအုပ်များ၊ Guidance ဟု ခေါ်ပါသည့် ဦးဆောင်လမ်းညွှန် ထိန်းကျောင်းမှုစာအုပ်များ အားလုံးလည်း မြင်ကိုက်လောက်ပါပြီ။

သွယ်ဝိုက် သိမ်းသွင်းခြင်းအမှုကို မပြုပါ။

"ဖြိုးနော် ... ကြီးကြီးမေ ရင်ကွဲပြီး သေတာကို မြင်ချင်သလားဟဲ့ ... ဟုတ်လား၊ မင်းကို ငယ်ငယ်တုန်းက နမ်းခဲ့ဖူးသမျှ ... မြင်ရှုတ်ထုတ်ပစ်ချင်တယ် ဖြိုးရဲ့ ... သိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမဟုတ် မိန်းမ,မဟုတ် ကောင်မလေး မိုးငြိမ်းအေး က ဖြိုးကို မကြည့်ပါဘူး၊ အပြတ်ငြင်းနော် ပြောထားခဲ့ဖူးပေမင့် ပွတ်သီးပွတ်သပ် အင်မတန်နိုင်သည်။

"အစ်ကို ... လာပါ၊ ဒါလေးနည်းနည်း ရှင်းပြစမ်းပါ"

စာပြခိုင်းလိုခိုင်း။

"မိုးငြိမ်း"

"ဘာတုံး"

"ကြည့် ... ထူးပုံကိုက၊ ဒါကြောင့် ညည်းကို မယူချင်တာ"

"အမယ်လေး ... ဒီကကော ယူချင်လွန်းလို့"

ပြောလည်းပြော လက်ကလည်း ပါသည်။ ဖြိုး မိုက်ခေါက်ကြီးများက မိုးငြိမ်းအေး လက်ချောင်းကလေးများတွင်သို့ ကျရောက်ရပါ၏။

"နာတယ်ဟ"

"လဲသေ"

"မသေနိုင်သေးဘူး၊ စုသက်ရှည်ကိုမှ မရသေးတာ"

"ဆယ်ဘဝတောင် မရဘူး"

"ပါးစပ်ပုပ်ကြီးနဲ့"

"မနက်ပြန် ညပြန် သွားတိုက်ထားတာ"

သူ့ပါးစပ်ကိုဟာလျက် ဖြိုးမျက်နှာနားသို့ လာကပ်ပြ သည်။ သည်ကောင်မလေးနှင့်တော့ တော်တော့ကို ခက်နေပါပြီ။ မျက်နှာချင်းက အလွန်ဆုံးဝေးလှပါမှ တစ်လက်မ။ သူ့မိခင်မ



ခင်ဗို့ သူကလည်း အခွင့်တော်င်းကာ အဆောင်မဝင်သေးပါ။ ဖြိုးတို့အိမ်မှာပဲ နေသည်။ သူ့နေပုံထိုင်ပုံများကို အုပ်ထိန်းသူလူကြီးများက ပီတိစိမ့်ရင်း ကြည့်နေကြမည်မှာ မလွဲပါ၊ ဖြိုး သက်ပြင်းအောက် မှုတ်ထုတ်ရပြန်သည်။

နောက်တစ်နေ့မှာ ဦးမြမင်းနှင့်သွားတွေ့သည်။ ညဘက်ကျတော့ မန္တလေးကို ဖုန်းဆက်သည်။

"ဦးလေး အောင်သိန်းလား၊ ဦးလေး ဝယ်ခိုင်းတဲ့စန္ဒရားက ဈေးကြီးနေတယ်"

"စန္ဒရားက အကောင်းစားမို့လို့လား"

"အကောင်းဆုံး အမျိုးအစားဖြစ်ကြောင်း အာမခံတယ်တဲ့"

"ဘယ်လောက်တဲ့လဲ"

"တစ်သောင်းခွဲ"

"ပစ္စည်းပြရဲ့လား"

"ဈေးတည့်မှ ပြမယ်တဲ့"

"ထုံးစံမှ မဟုတ်တာ၊ ပစ္စည်းကြည့်ပြီးမှ ဈေးဆစ်မှာပေါ့၊ ဦးလေး ရန်ကုန်ကို ဆင်းလာခဲ့မယ်လေ"

"ဟုတ်ကဲ့၊ ရောက်ရင် ကျွန်တော့်ဆီ လာဦးမလား"

"လာမှာပေါ့၊ ဒါပဲနော်"

စကားပြောခွက်ကို ချလိုက်တော့ မိုးငြိမ်းအေး အရှုပ်မလေး ... နေသည်မှာ။

"စန္ဒရားခေတ်လည်း မဟုတ်တော့ဘဲနဲ့၊ ဘယ်လိုလူတုံးက ... ဝယ်မှာတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"တယ် ... ဒီချာတိတ်မ၊ ငါ ပိတ်ထုလိုက်ရ"

မိုးငြိမ်းအေး ဇက်ကလေး ပုဝင်သွားသည်။ ဖြိုးက လက်သီးဆုပ်ကြီးကို မြှောက်ဆဲမှာ မိုးငြိမ်းအေးမိခင်က ထမင်းစားခန်းမှ ထွက်အလာ ...

"အမယ်လေးတော် ... ကျုပ်သမီးကို ဒီလိုတော့ မနှိပ်စက်ပါနဲ့"

ရင်ဘတ်ကိုဖိ၊ မျက်လုံး မျက်ဆန်ပြူးသည့် အမူအရာကို တမင်တကာ လုပ်ပြပြီးမှ ရယ်သောကြောင့် ဖြိုးပါ ရောချရက် ရယ် ရယ်မိပါတော့သည်။

မိုးငြိမ်းအေးမိခင်နောက်မှ ကပ်ပါလာသည့် ကြီးကြီးမေကတော့ ဖြိုးကို မျက်မှောင်ကုတ်၍ ကြည့်နေသည်။

"ကိုရွှေဖြိုး ... မင်းမလည်းပဲ နောက်ဆုံးနှစ်ရောက်လို့ စာမေးပွဲ နီးခါမှ စာကြည့်ချိန်ဇယား တခြား၊ မင်း တခြားပါလား။ ဒီအတိုင်းဆိုရင် ပါမောက္ခပဲ ဖြစ်မလား၊ ပါမောက္ခအိမ်မှာ သစ်ပင်စိုက်ရတဲ့ မာလီကုလားပဲ ဖြစ်မလား"

နှုတ်မှ ဖွင့်ဟမဆိုကြား၊ ရင်ထဲမှာတော့ ပဲ့တင်ထပ်သွားသည်။ ကြီးကြီးမေ အဖို့ရာမှာတော့ မိုးငြိမ်းအေးနှင့် မည်မျှပင် သဘောတူစေကာမူ သူ့တူ သူ့သား ကောင်းစားရေးသည်သာ ဦးစားပေး အဆင့်တစ် ဖြစ်ပါသတည်း။

* ၁၈ *



ဦးအောင်သိန်းသည် စုသက်ရည်၏ ဦးလေးဖြစ်ကြောင်း၊ စုသက်ရည်နှင့် ပတ်သက်သည့် အရှုပ်တော်ပုံတွေမှာ ဖြိုးတစ်ယောက် ပါဝင်နေကြောင်းများကို ကြီးကြီးမေ မည်သို့သိသွားသည် မဆိုနိုင်ပါ။ ဖြိုးကို အနေအထိုင် အသွားအလာ ဆင်ခြင်ရန် တင်းကျပ်စွာ ပြောလာသည်။ ဖေဖေကတော့ ...

"ယောကျ်ားလေးပဲ မမကြီးရယ်၊ ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်တဲ့အရွယ်လည်း ရောက်နေပြီ၊ အသက်လည်း နှစ်ဆယ်ကျော်ပြီ၊ ဘွဲ့လည်းရတော့မယ်၊ သူညံ့ရင် သူခံရလိမ့်မယ်၊ သူတော်ရင် သူ ကောင်းစားလိမ့်မယ်"

ဟု ပြောပါ၏။

"ဟိုတစ်နေ့က ခြံထဲဝင်လာတဲ့ လူမိုက်ဂိုက်နဲ့ကောင်ကို [illegible] ငါ မသင်္ကာဘူး၊ ဒီနားတစ်ဝိုက်မှာ မရှိတဲ့နာမည်ကို ရှာ [illegible]ပြီး၊ သက်သက်မဲ့ အိမ်ကိုအကဲခတ်တာ"

"သူ့ဘာသာသူ သူ့ကိစ္စနဲ့သူ မေးတာကော မဖြစ်နိုင်ဘူး [illegible] ကြီးကြီးမေ"

"အလိုတော် ... တို့ဒီမှာနေလာတာ နှစ်ပရိစ္ဆေဒကြာညောင်း [illegible] တစ်ခါမှ ရှုပ်ရှုပ်ယှက်ယှက် မရှိခဲ့ဘူး၊ အရက်သောက်ပြီး [illegible] ခြံထဲဝင်လာတဲ့ လမ်းသရဲ သုံးကောင်ကိုရော ဘယ် [illegible]"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း သူ့ဘာသာ ရန်ဖြစ်၊ လိုက်ထိုးတော့လည်း ကြောက်တဲ့လူက နီးရာခြံထဲ ဝင်ပြေးလာတာ နေမှာပေါ့"

စစ်စစ် သည်လူငယ်သုံးယောက်ကို ဖြိုးကိုယ်တိုင် မသက်သေ လှပါ။ ဒါတောင် ကျောင်းမှာ ဖြိုးကို တစေ့တစောင်း လိုက်ကြည့် သလိုလို ဖြိုးပတ်ဝန်းကျင်မှာ အမြဲရှိနေတတ်သည့် လူတစ်ယောက် အကြောင်းကို ကြီးကြီးမေ မသိရှာသေးပါ။

"ဖြစ်ရပ်တွေက နီးကပ်လွန်းတယ်၊ ဒါဟာ သာမန်တိုက် ဆိုင်မှု မခေါ်နိုင်ဘူး"

ကြီးကြီးမေ စကားကို ဖြိုးကိုယ်တိုင် လက်ခံချင်မိပါ၏။

"ကျုပ်ကတော့ ဘာတစ်ခုမှ ရှုပ်ရှုပ်ယှက်ယှက် မကြိုက်ဘူး၊ အေးအေးဆေးဆေး ရိုးရိုးသားသား ဆိုလို့ကတော့ ဘယ်မိန်းမ ယှဉ်ယှဉ်"

"အခု ဖြိုးက မိန်းမယူမယ်လို့လည်း မပြောသေးပါဘူး ကြီးကြီးမေရဲ့"

"မပြောလို့သာပဲ၊ ပြောများပြောရင် ကလေးတစ်ဒါဇင် လောက် ရပြီ"

"ခက်တာပဲ ကြီးကြီးမေရယ်"

"ကျုပ်ကလည်း အဲဒီလိုပဲ ညည်းချင်တာ"

"အဲဒါကြောင့် ကြီးကြီးမေ အပျိုကြီး ဖြစ်နေတာ"

ဖြိုးက ကြီးကြီးမေ ရင်ခွင်မှာ ခေါင်းဝင်ခွေ့ရင်း ရယ်၍ပြော သည်။ သည်တော့လည်း ကြီးကြီးမေ လက်များက ဖြိုးဆံပင်ကို အလိုလို သပ်ပေးမိလျက်သား ဖြစ်သွားရတော့သည်။



"လိမ္မာစမ်းပါ သားရယ်၊ သားစုသက်ရည်ဟာ သိပ်အဆိုး ကြီးတော့ မဟုတ်ပါဘူး၊ သားအတွက် အကောင်းဆုံး မဖြစ်နိုင် တာ တစ်ခုပါပဲ၊ ကြီးကြီးမေတို့ကတော့ သားကို အကောင်းဆုံး နဲ့ပဲ ဖြစ်စေချင်တယ်"

"ဟင် ... ကြီးကြီးမေကလည်း စုသက်ရည် အကြောင်း ဘယ်လိုသိထားလို့လဲ"

"သိအောင်လည်း စုံစမ်းတယ် သား၊ မြင်အောင်လည်းကြည့် ပြီးပြီ"

"ဟော ... ကြီးကြီးမေလည်း စုံထောက်ဒေါ်စံရှား ဖြစ်နေပါ ရောလား"

"ပိုက်ဆံချမ်းသာပြီး ငွေရေးကြေးရေး ပြဿနာကြောင့် အရှုပ်အရှင်းတွေ ဖြစ်နေတာနဲ့၊ မုဆိုးမ ဖြစ်နေတာကလွဲရင် ဘယ်ပြီး ဣန္ဒြေရှိတဲ့ မိန်းကလေးပဲ၊ အဲဒီအချက်ကလေးတွေရှုပ် နေတော့လည်း ကြီးကြီးမေ ရင်ထဲမှာ မအေးနိုင်ဘူး သားရဲ့"

ကြီးကြီးမေက အချိုသပ်၍ ချော့ပြန်သည်။

"အသိအလိမ္မာနဲ့ ဣန္ဒြေရှိပုံချင်းသာ ယှဉ်ပြိုင်ရရင် မိုးငြိမ်း အေးတောင် လိုက်မမီပါဘူး"

"အလကျတော့ကောဟင် ကြီးကြီးမေ"

"ရုပ်လှတာ ပြုတ်သောက်လို့ မရဘူး"

ကြီးကြီးမေ စကားသံ ပြန်မာလာပြန်သည်။

"ကြီးကြီးမေရဲ့ မိုးငြိမ်းအေးကလည်း ဖြိုးကို မကြိုက်ပါ ဘူး ကြီးကြီးမေရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ချစ် နှမချစ် သံယောဇဉ်မျိုးနဲ့တော့ တွယ်တာရှာပါတယ်"

"ဒီလို သံယောဇဉ်ဖြစ်နေလေ လက်ထပ်ဖို့ မနီးစပ်လေပဲ၊ ဘာသံယောဇဉ်မှ မရှိတာကမှ လွယ်ဦးမယ်"

"သူ့အမေလည်း သူ့သမီးကို ပြောမရတာနဲ့ စိတ်ပျက်ပြီး ပြန်တော့မယ်"

"မိုးငြိမ်းက ယောကျ်ားစိတ် တစ်ပိုင်းလောက် ဝင်နေတာ"

"ဒီကောင်မလေးလည်း အပျိုကြီး ဖြစ်ဦးမယ်ထင်တယ်"

"ကြီးကြီးမေကော ငယ်ငယ်တုန်းက ယောကျ်ားစိတ်ဝင်ခဲ့လို့ အပျိုကြီး ဖြစ်ခဲ့တာလားဟင်"ဟု မေးမိလျှင် ကြီးကြီးမေလက်ဆစ်များက ဖြိုးငယ်ထိပ်ဆီသို့ ခေါင်ခနဲ ကျရောက်လာမည်စိုးသောကြောင့် မမေးဖြစ်တော့ပါ။

သည်အခိုက်မှာပင် တယ်လီဖုန်းက မြည်လာသည်။ ဖြိုးက သွားကိုင်သည်။ ကြီးကြီးမေက နားစွင့်သည်။

"ဩော် ... မမညိုလား"

သည်နာမည် ကြားသည်နှင့် ကြီးကြီးမေမျက်နှာ မကြည်တော့ပါ။ စုသက်ရည်ကိုတောင် မြင်ဖူးပြီးပါပြီဆိုသည့် ကြီးကြီးမေသည် ညိုညိုဝင်းကိုလည်း မမြင်ဖူးသည့်တိုင် အမည်ကိုတော့ ကြားဖူးပြီးသား ဖြစ်ပါလိမ့်မည်။ မြင်ဖူးချင်လျှင်တောင် မြင်ဖူးနိုင်ပါ၏။

"စုသက်ရည် ရန်ကုန်ပြန်ရောက်နေတယ် ကိုဖြိုး"

"ဟင် ... ဘယ်မှာနေလဲ"



"အရင်အိမ်ကလေးကို ပြန်မှမအပ်ခဲ့တာ၊ ခဏပိတ်ထားခဲ့တာမို့ အဲဒီအိမ်မှာပဲ"

"မမညိုရောပဲလား"

"အေးပေါ့၊ ဘကြီးခက်နဲ့ ဒေါ်ဒေါ်အေးဝါ အတူတူပဲ"

"ကိစ္စရှိလို့လား"

"မယ်ဒီကယ်ချက်ကအပ်ပ် လာလုပ်တာ၊ အားလုံးကောင်းသွားပါပြီ၊ ဘာရောဂါမှ မရှိတော့ဘူးတဲ့"

"ကောင်းနေတာ ကြာပြီပဲ"

"ကောင်းတော့ ကောင်းတယ်၊ ခုတော့ ရှင်းရှင်းလင်းလင်းကောင်းသွားပြီ ဆိုပါတော့၊ ခေါင်းတွေ ဘာတွေလဲ မမူးတော့ဘူးတဲ့"

"ဝမ်းသာလိုက်တာ မမညို၊ တကယ်ပါ"

"ကျေးဇူးပဲ ကိုဖြိုး၊ ကိုဖြိုး အကြောင်းတွေလည်း ကြားပါတယ်"

"ဟာ ... ဘာတွေလဲ"

"မိုးငြိမ်းအေးနဲ့ အဆင်မပြေဘူးဆို"

"မမညိုရယ်၊ ကျွန်တော့်ရင်ထဲမှာ ဘယ်သူ လွှမ်းမိုးနေတယ်ဆိုတာ မမညို အသိဆုံးပါ၊ ပြီးတော့ မိုးငြိမ်းကလည်း ကျွန်တော့်ကို အစ်ကိုတစ်ယောက်လိုပဲ သံယောဇဉ်ရှိတာပါ"

"စုသက်ရည်က ကိုဖြိုးကို မိုးငြိမ်းအေးနဲ့ ဖြစ်စေချင်တာ"

"လူကြီးတွေအားလုံးရဲ့ ဆန္ဒကလည်း အဲဒီအတိုင်းပါပဲ"

"လူငယ်ချင်းက ရိုးသားလွန်းတော့လည်း လက်လျှော့ကြသလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကို အုပ်ထိန်းတဲ့ လူကြီးမိဘတွေက သိပ်ခေတ်မီတယ် မမညိုရဲ့"

"ဘယ်လိုလဲ"

"သင့်တော်တာကို ချပြမယ်၊ လက်မခံချင်လည်း ရတယ်၊ မသင့်တော်ရင် တားမယ်၊ တားမရလည်း လုပ်သာလုပ်ဆိုတဲ့ အထဲက"

"ချစ်ဖို့ကောင်းလိုက်တဲ့ မိဘတွေနော်"

"ကိုယ်ဖြစ်ရင် ကိုယ်ခံပဲ၊ တတ်နိုင်သလောက်တော့ ကူညီစောင့်ရှောက်မယ်ပေါ့၊ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်း တိုင်ပင်လို့ ရပါတယ်၊ မြို့ထားရင်သာ စိတ်ဆိုးမှာ"

"ဒါပေါ့"

"သိပ်မဆိုးဘူး၊ လက်ခံနိုင်တဲ့ အစိတ်အပိုင်းဆိုရင် ကြည့်နေမယ်၊ သိပ်ဆိုးတယ် လက်မခံနိုင်တဲ့ အစိတ်အပိုင်း ဆိုရင်တော့လည်း မိဘနဲ့သားသမီးပေမယ့် ဤဘဝ ဤမျှသာပဲတဲ့၊ စိတ်ထားကလည်း ပြတ်သားတယ်၊ ခေတ်လည်းမီတယ်၊ သားသမီးအပေါ်မှာ ချစ်တတ်ပုံကလည်း နည်းလမ်းမှန်တယ် မမညိုရဲ့"

စင်စစ် ... သည်စကားစုများ မမညိုကိုပြောပြစရာ သိပ်တော့ မလိုပါ။ ကြီးကြီးမေရှေ့မှာမို့ တမင်ပြောခြင်းဖြစ်လေသည်။ ကြီးကြီးမေတို့ ဖေဖေတို့ မေမေတို့၏ နည်းညွှန်လမ်းပြမှုများကို ဖြိုး ကောင်းစွာသဘောပေါက်ပါကြောင်း သိစေချင်ပါသည်။ ဖြိုးကလည်း နှလုံးသားရေး ဖြစ်ရပ်တစ်ခုကို စဉ်းစားဆုံးဖြတ်ရာ၌ နှလုံးသားတစ်ခုတည်း ရှေ့တန်းတင် ဦးစားပေးကာ မိုက်မဲဇွေဆွဲစွာပြုမူလိမ့်မည်မဟုတ်ကြောင်း ကြီးကြီးမေ သိစေချင်လှပါသည်။



ကြီးကြီးမေကို တိုက်ရိုက်ပြော၍ မရဘူးလားဟု ... မေးနိုင် ပါ၏။ ရတော့ရပါသည်။ သို့သော်မင့် မမညိုကဲ့သို့သော စုသက်ရှည် အသိုင်းအဝိုင်းမှာပင်၊ ဖြိုးက သည်သို့ ပြောဆိုကြောင်းကိုပါ ကြီးကြီးမေ သိစေချင်၍ဖြစ်ပါ၏။

"မမညိုက ဆရာမလောင်းဆိုတော့ ကိုဖြိုးမိဘတွေ သားသမီး အုပ်ချုပ်ပုံကို သိပ်သဘောကျတာပေါ့၊ ဟုတ်တယ်လေ၊ နခေတ် မိဘတွေ၊ နခေတ် သား သမီးကို ကိုင်ရတွယ်ရတာ၊ ဒီနည်းမှပဲ ဖြစ်မယ်"

"မိဘတွေက တရားမျှတတော့လည်း ကျွန်တော့်ဘက်က လိမ္မာပြဖို့ တာဝန်တစ်ရပ် ဖြစ်လာတော့တာပေါ့ မမညို၊ အခု ကျွန်တော့်ရင်ထဲမှာ လိပ်ခဲတည်းလည်း ပြဿနာတွေ ဘယ်လောက်ပဲရှုပ်ရှုပ်၊ စာတော့ ကြိုးစားလျက်ပါပဲ"

"ချီးကျူးပါတယ် ကိုဖြိုး"

"ကျွန်တော် စကားစပ်မိတာနဲ့ ပြောချင်တာတွေ လျှောက်ပြောနေတယ်၊ မမညို ဘာများပြောချင်သလဲဆိုတာတောင် မမေး ရသေးဘူး"

"ဟုတ်ပါရဲ့ ... မမညိုလည်း ပြောမယ့်ကိစ္စ မေ့သွားတယ်၊ အန်တီမိတို့အကြောင်း ကြားပြီးလား"

"ဟင့်အင်း ... ဘာဖြစ်လို့လဲ"

"အဲဒါတွေကို စုသက်ရှည်က ကိုဖြိုးကို ပြောပြချင်လို့တဲ့၊ ကိုဖြိုး ဒီနေ့အားလား"

"အားတာပေါ့ တနင်္ဂနွေပဲ"

"စာကျက်တဲ့အချိန်များ ဖြစ်နေမလားလို့"

www.burmeseclassic.com

www.burmeseclassic.com



"စာကျက်ချိန်တော့ မဟုတ်ပါဘူး၊ တိုင်းမ်တေဘယ်လ်မှာ အခုအချိန်က ဗဟုသုတ ပြင်ပစာပေ ဖတ်ချင်ဖတ်၊ ကစားခုန်စား တစ်ခုခုလုပ်ချင်လုပ်ဆိုတဲ့ အချိန်ပါ၊ ဒါပေမဲ့ အဲဒါတွေ မလုပ်ဖြစ်တာတောင် ကြာသွားပါပြီ၊ ခုတလော ... အဲဒီအချိန်တွေဆို လူကြီးတွေနဲ့ပဲ ထိုင်စကားပြောဖြစ်ပါတယ်"

"အားရင် ခဏလာနိုင်မလား၊ ဦးလေး ဦးအောင်သိန်းလည်း ရောက်နေတယ်"

"ဟုတ်လား ... လာခဲ့မယ်လေ၊ အိမ်ရှင်က ကြည်ဖြူရဲ့လား"

"တွေ့ချင်လို့ မှာတောင်မှာနေပြီပဲ ကိုဖြိုးရယ်"

"ဘာဖြစ်လို့ သူကိုယ်တိုင် ဖုန်းမဆက်တာတဲ့လဲ"

"ပြောတတ်ဘူး၊ တွေ့ရင်မေးကြည့်"

"အင်းလေ ... အခုလာခဲ့ရမှာလား"

"အင်း ... မနက်စာ ဒီအိမ်မှာ စားပါတဲ့"

"ကျွန်တော် ထမင်းစားပြီးသွားပါပြီ"

"ဒါဖြင့်လည်း နေ့လယ်စာ တစ်ခုခုစားတာပေါ့"

"ကောင်းပါပြီ"

"ဒါပဲနော်"

"ဟုတ်ကဲ့"

ဖြိုးက စကားပြောခွက်ကိုချသည်။ သူ့ကို မမိုတ်မသုန် စိုက်ကြည့်နေသည့် ကြီးကြီးမေ၏ မျက်ဝန်းများနှင့်ဆုံသည်။

"ရန်ကုန်ရောက်လာပြန်ပြီတဲ့လား"

ကြီးကြီးမေက တန်းခနဲ မေးသည်။

"ဟုတ်ကဲ့"



"လာခဲ့ပါဦးတဲ့လား"

"ဟုတ်ကဲ့"

"အခုချက်ချင်း သွားမလို့မဟုတ်လား"

"ဟုတ်ကဲ့"

"သူ့စိတ်ရောဂါ ကောင်းကောင်း ပျောက်သွားပြီတဲ့လား"

"ဟုတ်ကဲ့"

"ဒီမှာ ဖြိုး၊ တခြားဟာတွေ ဘာမှ မပြောချင်ပါဘူး၊ သူ့ [illegible]ည်ဥစ္စာတွေကိုလည်း မမက်ဘူး၊ ပစ္စည်းသခ်ါရ၊ လူသခ်ါရပဲ၊ [illegible]အမျိုးတွေက သူ့ပိုက်ဆံတွေ လိုချင်လို့ ရှုပ်ရှုပ်ယှက်ယှက် [illegible]များတွေ ဖြစ်နေတယ်ဆိုရင်လည်း ဒါတွေဟာ တစ်နေ့နေ့မှာ [illegible]နည်းနည်းနဲ့ ဖြေရှင်းပြီးသားဖြစ်ပြီး ပြေလည်သွားမှာပဲ"

"ဟုတ်ကဲ့"

"ကိုယ်ယူထားရတဲ့မိန်းမဟာ တစ်ချိန်က ယောကျ်ားရခဲ့ဖူး [illegible]ဆိုတဲ့ အမည်းစက်ဟာ အိမ်ထောင်ရေးမှာ အရှည်သဖြင့် [illegible]သာနိုင်ဖို့မလွယ်ဘူး၊ ဒီတော့ ကြီးကြီးမေ ပြောလိုက်မယ် [illegible]လည်း ဦးနှောက်ကောင်းတဲ့လူတစ်ယောက်မို့ သေသေချာချာ [illegible]ပါ"

"ဟုတ်ကဲ့"

"မင်းကောင်မလေး အပျိုစစ်စစ်ဆိုရင် အခု တစ်ခါတည်း [illegible] ထမ်းခေါ်လာခဲ့တော့"

[illegible] ပါးစပ်အဟောင်းသား ပွင့်သွားရသည်။ 'ဟုတ်ကဲ့' [illegible]သေတော့။ 'ဟုတ်ကဲ့' ပြောလို့ရသည့်ကိစ္စ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



စုသက်ရည်က မဆိုးမလေးမဟုတ်လား၊ ဖြိုး ဟုတ်ကဲ့မဆိုတော့ဘဲ ကြိုးကြိုးမေရှေ့မှ ကိုယ်ကိုယို့၍ လှမ်းထွက်လာခဲ့ပါတော့သည်။

"ဪ ... စုသက်ရည် ... တို့ ... ခေတ်ကြီးငါးခေတ်ကို သင်ရတုန်းက အရင်းရှင်ခေတ်မှာ အလုပ်သမားတွေရဲ့ဘဝဟာ ခေါ်သည့်အခါသွားရ၊ နှင်သည့်အခါပြန်ရနှင့် ဘဝအာမခံချက်မရှိဘဲ မတည်မငြိမ်ဖြစ်ရသည်တဲ့။ ခုလည်း တို့ဘဝကအဲဒီလိုပဲ၊ မင်းက မေတ္တာအရင်းရှင်လေ၊ အချစ်တွေကို စုဆောင်းပြီး အရင်းအနှီးတစ်ခုအဖြစ်နဲ့ လက်ဝယ်ပိုင်ထားတဲ့ အချစ်အရင်းရှင်၊ တို့က မင်းရှေ့မှာ ခစားပြီး တို့ရဲ့အချစ်လုပ်အားတွေကို လာရောင်းရတဲ့ အချစ်အလုပ်သမား၊ မင်းဆီက အချစ်လုပ်အားခအဖြစ် တို့ ပြန်လည်ရယူချင်တာကတော့ အနိမ့်ဆုံးအဆင့်ရဲ့ အချစ်အသက်မွေးမှုစရိတ်၊ ဒါပေမဲ့ တို့အချစ်တွေကို မင်းက ခေါင်းပုံဖြတ်နေတယ်လို့တော့ မဆိုရက်ပါဘူးကွယ်၊ မဆိုရက်ပါဘူး"

ရင်ထဲမှာ ပွဲတင်ထပ်သည့် စကားသံများအကြားဝယ် အချစ်အမြောက်ကြီးများ အချက်တစ်သန်းဖျောက် ပစ်ဖောက်ကြပါသတည်း။

ဖြိုးရင်ထဲမှာ ကုန်းပေါ်ရောက်နေသည့် ငါးပြေမကလေး မသေမရှင် ထ,ခုန်နေပါတော့သည်။

❋ ❧ ❋



"စားပါ ကိုပြည့်ဖြိုးဝေ"

စုသက်ရည် မျက်နှာထားနှင့်လေသံက စိမ်းလွန်းဟန်မထင်ပြား စိမ်းသည့်ဘက်သို့ လှပါ၏။

"ကျွန်တော် မုန့်စားချင်လို့လာတာ မဟုတ်ဘူး"

"ဪ"

ကြေကွဲရိပ်ကလေးက စုသက်ရည် မျက်ဝန်းများအတွင်းမှာ ဖြတ်ပြေးသည်။

"စုသက်ရည်ကို ကူညီခဲ့တာ အကြိမ်ကြိမ်မို့ စုသက်ရည်ရဲ့ကျေးဇူးရှင်ကို မုန့်ကလေး တစ်လုတ်တစ်ဆုပ်တော့ ပြန်ပြီးကျေးဇူးဆပ်ပါရစေ"

"အစကတည်းက ကျေးဇူးပြန်ဆပ်ဆိုတဲ့စိတ်နဲ့ ကူညီခဲ့တာလည်း မဟုတ်ဘူး"

ဖြိုးလေသံများ ပြတ်တောက်မာကျောနေသည်။ ဘာကြောင့်မှန်းတော့ မသိပါ။ လေသံကိုက သူ့အလိုလို ပြတ်တောက်မာထျော့နေခြင်းဖြစ်ပါ၏။ သည့်နှယ် ပြတ်ပြတ်တောက်တောက်မာမာကျောကျော ပြောဖို့လည်း မရည်ရွယ်ခဲ့ပါ။ ခုနေခါ စိတ်ကိုသာဖထိန်းကြေးဆိုလျှင် သည်မိန်းကလေးကို ပခုံးပေါ်မှာထမ်း၍ ကြိုးကြိုးမေနှင့် အလွန်ဝေးကွာလှပါသည့် ဆန့်ကျင်ဘက်အရပ်အရွန်အဖျား တစ်နေရာကို ပြေးသွားချင်လှပါ၏။

ဪ ... ရင်မောရပါဘိခြင်း စုသက်ရည်။

www.burmeseclassic.com

www.burmeseclassic.com



"စုသက်ရည် မကျန်းမာစဉ်က ကူညီခဲ့ဖူးတာတွေ ..."

"ထားပါ စုသက်ရည်၊ အဲဒါ ကိုယ့်ဝင့်နဲ့ကိုယ်ပါ"

"အခုလည်း ကိုပြည့်ဖြိုးဝေရဲ့ကျေးဇူးကြောင့် ဖေဖေနဲ့ မေမေ့ကို သတ်တဲ့တရားခံ ပေါ်ပါပြီ"

"ဟင် ... ဘယ်လို"

"ဖေဖေဟာ လေဖြတ်ပြီးဆုံးရတာ မဟုတ်ပါဘူး၊ လုပ်ကြံခံရတာပါ၊ ဒါပေမဲ့ ဖေဖေ့ကို လုပ်ကြံတာတော့လည်း မဟုတ်ပါဘူး"

ရင်ထဲမှာ မပြည့်ဝသည့်ဆန္ဒများ မေ့လျော့သွားကာ စုသက်ရည် စကားကို အာရုံစူးစိုက်၍ နားထောင်မိသည်။

"အန်တီမိနဲ့ ဦးမြမင်းနဲ့ကို ဖမ်းလိုက်ပြီ"

"ဟုတ်လား"

"ဦးမြမင်းဆိုတာ အန်တီမိရဲ့ ဟိုအလျင်တုန်းက ခင်ပွန်းလေ၊ ကွဲသွားတာ"

"ဦးသက်ထွန်းက နောက်အိမ်ထောင်လား"

"ဟုတ်ကဲ့ ... အစ်ကိုမျိုးက ဦးသက်ထွန်းကပါလာတဲ့ သားတဲ့၊ အန်တီမိနဲ့ မွေးတာက မိမိထွန်းတစ်ယောက်တည်းတဲ့"

"ဩော် ... ရှုပ်နေတာပါပဲလား"

"စုသက်ရည်ဟာလည်း ဖေဖေ့သမီးရင်းပါပဲတဲ့"

"ဩော်"

"ဟို ... မေမေ့လက်ရေးနဲ့စာက၊ အန်တီမိ လုပ်ကြံပြီး ရေးထားတာ၊ ဦးမြမင်း ရေးပေးတာ၊ သူက လက်ရေးတူအောင် တုရေးတဲ့နေရာမှာ ပါရဂူလေ၊ ချက်လက်မှတ်မှာ လက်မှတ်အတု



ထိုးပြီး ထောင်ကျခဲ့ဖူးသေးတော့ လက်ရေးလောက်တော့ အပျော့ ဆော့၊ လွယ်လွယ်လေး ရေးနိုင်တယ်၊ မေမေ့မိဘတွေက ဖေဖေ ရှိသားလွန်းလို့ ပေးစားတာပါ၊ မေမေ့မှာ ချစ်သူတော့ရှိခဲ့ဖူးတယ်၊ ဒါပေမဲ့ ရှုပ်ရှုပ်ယှက်ယှက် မဖြစ်ခဲ့ပါဘူး"

"ဒါတွေ ဘယ်လိုသိတာလဲ"

"ခု ... စစ်တော့ အားလုံးပေါ်တာပေါ့၊ မမမိသာ စုသက် ရည်နဲ့ ညီအစ်မတစ်ဝမ်းကွဲတော်တာ၊ အစ်ကိုမျိုးနဲ့ကျတော့ ဘယ် တော်ပါ့မလဲ"

"မောင်နှမ မတော်တာကို သူ့ဘက်ကကိစ္စတော့ ဖုံးထား ပြီး တခြားဘက် လှည့်ထွက်သွားတာတော့ မကောင်းပါဘူး"

"ဦးဦးက သူ့သား ငယ်ငယ်ကလေးကတည်းက အန်တီမိနဲ့ အိမ်ထောင်ကျတာ၊ မိထွေးဆိုတာသိသွားရင် သား အရွယ်ရောက် သွားတဲ့အခါမှာ ထိန်းရကျောင်းရခက်မှာစိုးလို့ အမေရင်းလို့ပဲ ပြောထားတာတဲ့"

"ဒါကြောင့် စုသက်ရည်နဲ့ ကိုမျိုးကို ပေးစားချင်တာကိုး၊ ဒါ ... ဦးရဲ့ဆန္ဒဖြစ်ဖို့များတယ်"

"စုသက်ရည် ပိုက်ဆံသိပ်ချမ်းသာတယ်ထင်လို့ ဖြစ်စေချင် တာပါ"

"သိပ်မချမ်းသာဘူးပဲ ထားပါဦး၊ ချမ်းတော့ချမ်းသာပါတယ် ... စုသက်ရည် မိဘတွေအကြောင်း ပြောပါဦး"

"အဲဒီအကြောင်းရော အစအဆုံး ပြောပြချင်လွန်းလို့ ကိုပြည့် ဖြိုးကို တမင်မှာတာပါ၊ အေးအေးဆေးဆေး မဟုတ်လား၊ ဖိုးပြည့်တာပါဦး၊ ဒါ ... စုသက်ရည်ကိုယ်တိုင် လှမ်းတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဖြိုး ငြင်းမနေတော့ဘဲ မြီးရှည်ပန်းကန်ကို မ,ယူသည်။ တစ်ဖွန်းခပ်စားကြည့်သည်။ မြီးရှည်ပန်းကန်ထဲမှာ နန်းကြီးဖတ်များကိုမမြင်ဘဲ စုသက်ရှည်ကိုသာ မြင်မိသည်။ ဟင်းချိုသောက်ရန် လှမ်းခပ်တော့ ဟင်းရည်များအကြားမှာ စုသက်ရှည်။

အတိတ်မြို့ရိုးကို ပြန်လည်တူးဆွပါသည့် မိန်းမလှကလေး စုသက်ရှည်။

✻ ❧ ✻



## ထွန်းခဲ့သည့်အတိတ်အို

"စုသက်ရှည်"

အမည်ကလေးက လှသည်။ ရုပ်ကလေးက ချောသည်။ အဝအကျိုးပေး အလွန်ကောင်းသေးသည်ဆိုတော့၊ သည်မိန်းကလေး၏ဘဝမှာ လိုလေသေးမရှိတော့ပါ။ ဖေဖေ ဦးချစ်ထွန်းနှင့် ဒေါ်စုမွန်ရှည်တို့၏ တစ်ဦးတည်းသော သမီးကလေးဖြစ်သည်။ ဦးချစ်ထွန်း၊ ဒေါ်စုမွန်ရှည်တို့သည် မန္တလေး၊ ပြင်လွင်ဦးတစ်ဝိုက်မှာ ချမ်းသာကြွယ်ဝခြင်းဖြင့် ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်များဖြစ်ပါ၏။

မန္တလေး ဈေးချိုတွင်းမှာ စိန်ရွှေရတနာဆိုင်ကြီး ရှိသည်။ ဆိုင်ရောင်းကုန်ဝယ် ပြုလုပ်သူချင်းတူပေမင့် ကန်စွန်းရွက်ရောင်းသူ အထည်ရောင်းသူနှင့် စိန်ရွှေရတနာရောင်းသူတို့မှာ အနိုင်းနှိုင်းများ ကွာခြားသည်။ ထိုနည်းတူ အမြတ်အစွန်းချင်း ကွာခြားသည်။ ထည်ဝါခြင်းမားမှုခြင်းလည်း ကွာခြားသည်။ ကုန်သည်လောကထဲမှာ စိန်ရွှေရတနာကုန်သည်သည်သာ အမြင့်ဆုံးအဆင့်မှာ ရှိနေသူများပါ၏။

www.burmeseclassic.com



ဦးချစ်ထွန်း ဒေါ်စုမွန်ရည်တို့က စိန်ရွှေရတနာကို ပွဲစားပြုလုပ်သူမဟုတ်ပါ။ ပွဲခလောက်ကို ဦးနှောက်ရှုပ်ခံ၍ ခေါင်းထဲမှာထည့်၍ စဉ်းစားမည့်သူများ မဟုတ်ပါ။ စိန်အစရှိသည့် တန်ဖိုးကြီးရတနာများကို လာရောင်းသူရှိလျှင် ပစ္စည်းကို သဘောကျလျှင် ဝယ်သည်။ ကြိုက်ဈေးမရမချင်း ငွေကို သိပ်ထားနိုင်သည်။ ကြိုက်ဈေးရမှ ပြန်ရောင်းသည်။

သည်အချိန်မှာပင် ကိုကို့မိသားစု မန္တလေးသို့ ပြောင်းလာခဲ့သည်။ ကိုကိုက အန်တီမိထံမှ လက်ဆောင်ပစ္စည်းများနှင့်အတူ အာဃာတမြေ စာတမ်းရှည်ကြီးကိုပါ ယူဆောင်လာခဲ့ပါသည်။

"တို့လိပ်စာကို ဘယ်လိုရတယ် မသိဘူးနော် မွန်မွန်"

ဦးချစ်ထွန်းက ဆေးပြင်းလိပ်ကိုခဲလျက်၊ ဒေါ်မိမိထံမှစာကို ကိုင်ထားရင်း ဇနီးသည်ကို လှမ်းပြောသည်။

"စုံစမ်းမှာပေါ့ အစ်ကိုကြီးရယ်၊ မန္တလေးမြို့ပေါ်မှာတော့ ဦးချစ်ထွန်း ဒေါ်စုမွန်ရည် ဆိုတာ ဘယ်သူ့မေးမေး ရမှာပဲ"

"ကလေးတွေလည်း လူလားမြောက်လာကြပါပြီတဲ့၊ ကုန်လွန်ခဲ့တဲ့ ဖြစ်ရပ်တွေကို မေ့ပစ်ပြီး ခင်ခင်မင်မင် နေကြပါစေတဲ့၊ မွန်မွန် ဘယ့်နှယ်သဘောရသလဲ"

"ကောင်းရာ ကောင်းကြောင်း ပြေပြေလည်လည်ကိစ္စပဲ အစ်ကိုကြီးရဲ့၊ ကလေးချင်း ရန်ဖြစ်ရင်တောင် တစ်ယောက်က တို့ခေါ်ကြစို့လို့ ပြောလာရင် ကျန်တစ်ယောက်က ပြန်ခေါ်ရတာပဲ၊ ငြင်းလို့ ဘယ်ကောင်းမလဲ၊ အစ်ကိုကြီးက သိပ်စိတ်မပါဘူးလား"

"မိမိထွန်းဟာ မွန်မွန် ထင်ထားတာထက် အများကြီးပိုလည်တယ်နော်"



"မွန်မွန်တို့ကလည်း အဖျင်းအ,အတွေ့မှ မဟုတ်တာ၊ သူဘာလုပ်နိုင်မှာလဲ၊ ပြဿနာရယ်လို့ ဖြစ်လာတော့လည်း တစ်မျိုးပေါ့၊ အခုကိစ္စမှာတော့ သူ့ဆန္ဒက အကောင်းဘက်ကို ညွှန်းနေတာ အဆက်အဆံ မလုပ်ချင်ပါဘူးဆိုရင် အစ်ကိုကြီး အလွန်ဖြစ်သွားလိမ့်မယ်"

"အင်းလေ ... မွန်မွန့်သဘောပဲ၊ သမီးဓာတ်ပုံတောင်းတာတော့ ပေးမလို့လား"

"ပေးရမှာပေါ့၊ သူတို့မောင်နှမချင်း ညီအစ်မချင်း မြင်ဖူးကြရှာပါစေ၊ မျိုးသက်ထွန်းနဲ့ မိမိသက်ထွန်းတို့ ဓာတ်ပုံတွေလည်း ပါလာတဲ့ဥစ္စာ"

"ဒီလိုဆိုလည်း မွန်မွန်ပဲ စာပြန်လိုက်လေ"

"လက်ဆောင်ကလေးတွေလည်း ပေးရဦးမယ်၊ သူဝယ်ပို့လိုက်တာတွေကလည်း နည်းနည်းနောနော မဟုတ်ဘူး"

"မွန်မွန် ကောင်းမယ်ထင်သလိုသာ လုပ်ပါ"

ဦးချစ်ထွန်းက စာရွက်ကို စာအိတ်တွင်းသို့ ပြန်ထည့်သည်။ စာရွက်ပေါ်မှာ တင်ထားသည့် တူနှင့် တူမတို့၏ ဓာတ်ပုံများကို တစ်ခါစီ ထပ်ကြည့်ပြီးမှ ဓာတ်ပုံရော စာအိတ်ပါ ဒေါ်စုမွန်ရည်ထံသို့ လှမ်းပေးသည်။ ဒေါ်စုမွန်ရည်က စာအိတ်ညိုကြီးတစ်ခုတွင်းသို့ စုပေါင်းထည့်သည်။

"အဲဒီ မမမိက မွန်မွန်ထက် ကြီးမှာပေါ့နော် အစ်ကိုကြီး"

"အင်း ... အစ်ကိုကြီးအောက် တစ်နှစ်ပဲ ငယ်တာပေါ့"

"သူ အိမ်ထောင်ပြုတာကို မကျေနပ်တာနဲ့ အစ်ကိုကြီးတို့က နှုတ်ဆိတ်လိုက်တာလား၊ ဟုတ်လား အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်ပြုတာကိုလည်း မကျေနပ်ဘူး၊ သူ ထွက်သွားတော့ ဖေဖေမမှာဘူး၊ အိပ်ရာထဲမှာ ပက်လက်ကလေး ဖြစ်နေတဲ့ ဖေဖေ့ကို အိမ်ဖော်တွေနဲ့ ပစ်ထားခဲ့ပြီး၊ ယောကျ်ားနောက်လိုက်သွားတယ်ဆိုတာ ဘယ်လောက်ရက်စက်သလဲ၊ အစ်ကိုကြီးကလည်း အိမ်မှာမရှိဘူး၊ ပြန်ရောက်တော့ ဖေဖေ့အသက် တဲတဲကလေးကျန်တယ်၊ မိမိထွန်း ပုလဲနက်ကြီးခိုးသွားလို့ ပြောပြီး အသက်ထွက်သွားရှာတာပဲ၊ ဘယ်လောက် စိတ်နာစရာကောင်းလဲ မှန်မှန်စဉ်းစားကြည့်လေ"

ထိုစဉ်က ဦးရာကျော်၊ ကိုချစ်ထွန်းနှင့် မိမိထွန်းတို့ သားအဖသုံးယောက် မြိတ်မြို့မှာနေကြသည်။ စစ်အတွင်းက မမျှော်လင့်ဘဲ ရရှိခဲ့သည့် ရတနာထုပ်ကြီးပိုက်ကာ မြိတ်မြို့သို့ ပြောင်းရွှေ့သွားချိန်ကျတော့ မြန်မာပြည် လွတ်လပ်ရေးရပြီး၍ လေး,ငါးနှစ်ပင်ရှိပြီ။ ဦးရာကျော်က သူ့မှာရရှိထားသည့် ရတနာတွေထဲမှာ ပုလဲမပါ။ ပုလဲစစ်များ စုလိုသေးသည်ဟု ပြောသည်။ ပုလဲငုပ်ခြင်းလုပ်ငန်းကို ပြုလုပ်ရန် စိတ်ကူးသည်။ အရင်းအနှီး လိုအပ်လာပါလျှင် ရှိပြီးရတနာများထဲမှ အချို့တစ်ဝက်ကို ထုခွဲနိုင်သည်။

ကုသိုလ်ကံ တက်ချိန်ဟု ဆိုရမည်လား မသိနိုင်ပါ။ ပုလဲငုပ်သည့် လုပ်ငန်းမှာလည်း အောင်မြင်သည်။ မြိတ်မြို့ပေါ်မှာ သားအဖသုံးယောက် နေကြပေမင့် ရံဖန်ရံခါဆိုသလို ပုလဲငုပ်စေးသည့် ဆလုံများနေထိုင်ရာ မြိတ်ကျွန်းစု ဆလုံရွာလေးများသို့ ဖအေတလဲ သားတလဲ သွားရသည်။ ကိုချစ်ထွန်းသည် နှလုံးရည်သမား မဟုတ်သော်ငြား၊ အကြမ်းပတမ်း လက်ရုံးရည်အလုပ်များဆိုလျှင် ဦးရာကျော်နှင့်တန်းတူ ပင်ပန်းခံနိုင်သည်။



တစ်ကြိမ်တော့ ရှားရှားပါးပါး ထူးထူးဆန်းဆန်း ဆီးကင်းခန့်ရှိသည့် ပုလဲနက်ကြီးတစ်လုံးကို ရခဲ့သည်။ ဦးရာကျော်သည် ထခုန်သည်အထိ ဝမ်းမြောက်ဝမ်းသာ ဖြစ်လေသည်။ "ငါ့မှာ ရတနာတွေစုံပြီ"ဟုလည်း အားတက်သရော ပြောသည်။ ထိုပုလဲနက်ကြီးကို အလွန်သဘောကျ နှစ်ခြိုက်သည်။ ချက်ချင်းပင် ရွှေနှင့်ကွင်းကာ လက်စွပ်လုပ်ဝတ်တော့သည်။

"ပုလဲနက်ဆိုတာ နက်မှောင်နေသလားဟင် အစ်ကိုကြီး"

"ပုလဲနက် ဆိုပေမယ့် အရောင်အမျိုးမျိုးရှိတယ်လို့ ကြားဖူးတာပဲ၊ တခြားပုလဲနက်မျိုးတော့ တွေ့လည်းမတွေ့ဖူးဘူး၊ အစ်ကိုကြီးတို့ရတဲ့ ပုလဲနက်က အမည်းဖျော့ရောင်လို့ ခေါ်ရမယ်၊ ဟို ... မီးခိုးရင့်ရင့် အရောင်မျိုးဆိုပါတော့ အဲဒီအနက်ရောင်ပေါ်မှာ အပြာရောင်၊ အနီရောင်၊ အစိမ်းရောင်တွေက ဘယ်တဘယ်လို လာလက်နေမှန်း မသိဘူး"

"ဟို ... ကနုကမာရောင် တောက်သလို နေမှာပေါ့နော်၊ ကနုကမာလည်း အဖြူပဲ၊ ဒါပေမဲ့ အနီရောင် အပြာရောင်တွေ လက်နေတယ်"

"ဟုတ်တယ် ... ဟုတ်တယ်၊ အဲဒီလို အရောင်တောက်တာ"

"မမမိက ဘယ်လိုယူသွားတာလဲ"

"အဲဒီတစ်ခေါက်မှာ ဖေဖေက အသက်ကြီးပြီ၊ မမာဘူး လူကြီးရောဂါပေါ့၊ ငယ်ငယ်တုန်းက သိပ်ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ရတဲ့ ဒဏ်တွေလည်း ပိတယ် ထင်ပါရဲ့ကွယ်၊ အစ်ကိုကြီး က ဆလုံရွာတွေကို လိုက်သွားရတယ်"

"အဲဒီတုန်းက အစ်ကိုကြီး ဘယ်အရွယ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အစိတ်၊ မိမိထွန်းက နှစ်ဆယ့်လေးနှစ်၊ ဖခင်မုဆိုးဖိုကြီးနဲ့ အပျိုကြီး လူပျိုကြီး လုပ်နေကြတာ၊ သူက အိမ်ထောင်ထိန်းသိမ်း၊ အစ်ကိုကြီးက ဖခင်နဲ့ ဒိုးတူပေါင်ဖက် ရှာပေါ့လေ"

"အင်း ... ပြောပါဦး"

"ဖေဖေက မမာ၊ အစ်ကိုကြီးက မရှိ၊ အဲဒီအချိန်မှာ မြိတ်မြို့ခံ သူငယ်ချင်းနဲ့ အလည်လိုက်လာတဲ့ ကောလိပ်ကျောင်းသားနဲ့ ချမြင် ချကြိုက်ကြသတဲ့၊ ဒီလောက် သမာဓိနဲ့ နေလာပြီးမှ ဖြစ်ချင်တော့လည်း တစ်မြို့တစ်ရွာသားကို ချက်ချင်းယုံပစ်လိုက်တာ ဖေဖေက သိတော့ ဆူတယ်"

"သဘောမတူဘူးလား"

"မတူဘူး၊ ဖေဖေတို့ ပေးစားချင်တဲ့လူ ရှိတယ်၊ သူက မယူချင်ဘူး၊ အရုပ်ဆိုးလို့တဲ့"

"ဩော်"

"အဲဒါ ဟိုကျောင်းသားက ကျောင်းပိတ်ရက်ကုန်လို့ ရန်ကုန်ပြန်မယ်လုပ်တော့ ကြိုက်ကြတာလဲ ဆယ့်လေးငါးရက်ရှိသေးတယ်၊ မမာသယ် ဖခင်ကြီး အိပ်ပျော်နေတုန်း ပုလဲနက်လက်စွပ်ကို ဆွဲချွတ်တယ်၊ ဖေဖေက နိုးသွားပေမယ့် မတားနိုင်ဘူး၊ ပါးစပ်နဲ့ပဲ အော်နိုင်တာပေါ့လေ၊ မိမိထွန်းက သူ့ဆင်ထားတဲ့ လက်ဝတ်လက်စားတွေနဲ့ ပုလဲနက် လက်စွပ်ကြီးယူပြီး တစ်ခါတည်း လိုက်သွားတော့တယ်"

"ဖြစ်မှဖြစ်ရလေ၊ အစ်ကိုကြီးတို့ဖေဖေ သနားစရာနော်"

"ကျေးစွပ်တာလေ မွန်မွန်ရဲ့ ဘယ်ကောင်းစားမှာလဲ"

"ဟင် ... ဘာဖြစ်သေးလို့လဲ"



"ရန်ကုန်ရောက်တော့ သူ့ယောက်ျား သုံးဖြုန်းပစ်တာ လက်ဝတ်လက်စားတွေလည်း ကုန်ရော၊ လင်မယားလည်းကွဲရော"

"မျိုးသက်ထွန်းတို့အဖေ မဟုတ်ဘူးလား"

"ဒါက နောက်အိမ်ထောင်၊ ဖေဖေ့ရှာပန ပြီးကတည်းက အစ်ကိုကြီးလည်း မြိတ်မြို့က လုပ်ငန်းတွေ လက်စသတ်တယ်၊ ရန်ကုန်လိုက်ပြီး မိမိထွန်းကို သတ်မလို့"

"လိုက်ရှာတော့ တွေ့ရောလား"

"ဒေါသတွေ အရှိန်းထွက်နေတုန်းက မတွေ့ဘူး၊ စိတ်နည်းနည်းပြေတော့မှ ယောက်ျားနဲ့ကွဲ၊ လက်ဝတ်လက်စားတွေကုန်နေတဲ့ ဒုက္ခသည်အဖြစ် တွေ့ရတော့လည်း မသတ်ရက်တော့ဘူး"

"အင်းပေါ့လေ"

"သူ့ကို ပြန်ခေါ်တယ်၊ မလိုက်ဘူး၊ အမွေခွဲဖို့ပဲ သူက တောင်းတယ်"

"ပေးခဲ့ရဲ့လား"

"ပုလဲနက်ကြီးကောလို့ မေးတော့ အဲဒီတစ်ခု ကျန်သေးတယ် ဆိုတာနဲ့ ရတနာထုပ်ကို တစ်ဝက်တိတိ ခွဲပေးခဲ့ပြီး ပုလဲနက် ပြန်ယူလာခဲ့တယ်"

"ဟင် ... ဒါဖြင့် အစ်ကိုကြီးဆီမှာပေါ့"

"အယူသည်းတယ်လို့ ပြောချင်ပြောတော့ မွန်မွန်ရေ၊ အစ်ကိုကြီး စိတ်ထဲမှာ ခိုက်တယ်ထင်လို့ အစ်ကိုကြီး သိပ်ချစ်တဲ့ မွန်မွန်နဲ့ သမီးကလေးကို မပြရဲဘူး၊ တွေ့ရင် လိုချင်မယ်၊ ဝတ်ချင်မယ်၊ ဝတ်လိုက်ရင်လည်း ဒုက္ခတွေ့မယ်လို့ ထင်မိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရတနာဆိုတာ သက်မဲ့ပစ္စည်းပါ အစ်ကိုကြီးရယ်၊ အဆင်တန်ဆာအဖြစ် အသုံးဝင်တာကလွဲလို့ လူကို ဘာမှမလုပ်နိုင်ပါဘူး၊ အဲဒီအတွက် ဖွဲလမ်းပြီး စိတ်မကောင်းမဖြစ်ပါနဲ့၊ မမမိ အကြောင်း ဆက်ပြောပါဦး"

"ဆက်ပြောရရင် အခုလူနဲ့ အိမ်ထောင်ဆက်ကျတယ်ကွာ၊ သူ့ဆီက ပုလဲနက်သွားယူပြီး ရတနာထုပ်တစ်ဝက် ခွဲပေးပြီးခဲ့တဲ့ နောက်ပိုင်း တစ်ခါမှ မတွေ့တော့ဘူး၊ စိတ်နာနာနဲ့ ဖြတ်ထားတယ်၊ သူ ဘယ်နေမှန်းတောင် သူ့စာရမှသိတာ၊ သူကတော့ စုံစမ်းတယ် ထင်ပါရဲ့ လိပ်စာနဲ့ အတိအကျသိတယ်၊ အစ်ကိုကြီးလည်း အောက်ပြည်အောက်ရွာ စိတ်နာနာနဲ့ မန္တလေးတက်လာပြီး ဒီမှာ မွန်မွန်နဲ့ လာတွေ့တာပဲ"

"အသက်တွေလည်း ကြီးကုန်ကြပြီ အစ်ကိုကြီးရယ်၊ စိတ်ချမ်းသာဖို့ပဲ အဓိကထားပါ"

"အားကိုးအားထား သားကလည်းမရှိ၊ သမီးကလေးလည်း မသူတော်နဲ့ တွေ့မှာစိုးတယ်၊ ချက်ချင်းကြီး မဟုတ်တောင် သင့်တော်ရာရာကလေးများရှိရင် သမီးအတွက်တွေ့ရင် ကြည့်ထားပါဦး"

"ဟုတ်တယ် ... မွန်မွန်လည်း တခြားကိစ္စတွေကျတော့ ခေါင်းအေး တည်ငြိမ်ပေမယ့် သမီးအကြောင်း တွေးလိုက်ရင် သိပ်စိတ်ပူတာပဲ၊ ခုခေတ်လူငယ်ကလေးတွေထဲမှာ မွန်မွန်ကြည့်လို့ရတဲ့သူ မရှိသလောက်ပါပဲ အစ်ကိုကြီးရဲ့"

"မွန်မွန့်လို ခေတ်ပညာတတ်တောင် ဒီအရွယ်မှာ သမီးရှင်အနေနဲ့ ဒီစိတ်မျိုးဖြစ်တော့ အစ်ကိုကြီးလို ခေတ်မမီတဲ့ တောသား



ဆို မပြောနဲ့တော့၊ ခုခေတ်ကြီးမှာ ကောင်လေးတွေလည်း ကြည့်သို့မရဘူး၊ ရုပ်ရှင်တွေလည်း မျက်စိနောက်တယ်၊ သီချင်းတွေလည်း နားအူတယ်"

ဦးချစ်ထွန်း၏ စကားအဆုံးမှာ ဒေါ်စုမွန်ရည်က တခစ်ခစ် ရယ်မိလေသည်။ ရိုးသားကာ စိတ်ကောင်း နှလုံးကောင်းရှိသူ၊ သဘောထား မြင့်မြတ်ပြည့်ဝသူ၊ မိမိအပေါ် လိုလေသေးမရှိ အလိုလိုက်ကာ ချစ်တတ်လွန်းသူ ခင်ပွန်းသည်အား စေ့စေ့ကြည့်ကာ အတိုင်းမသိ ချစ်ကြည်ညိုမိပါတော့သည်။

✳ ❧ ✳

သမီးကလေးအတွက် စိတ်မချနိုင်သော မိဘနှစ်ပါးတာ ဆောင်းနိုးရာရာကို ကြည့်ရာမှာ "မင်းထင်လတ်"ကို တွေ့သည်။ အသိကတစ်ဦး၏သား၊ စက်မှုအင်ဂျင်နီယာဘွဲ့ရထားသူ၊ ရည်မွန် ၍ လူကြီးသူမ လေးစားတတ်သော ခေတ်လူငယ်၊ အကျင့်စာရိတ္တ ကောင်းမွန်သူ။

ဦးမင်းထင်+ဒေါ်ခင်ခင်လတ်တို့ အဖို့မှာလည်း စုသက်ရည်လို ကလေးမျိုးကို မည်သည့်အကွက်က လှည့်ကြည့်လို့မှ ငြင်းချက်မရှိ။ မငြင်းရက်၊ မငြင်းချင်သည့် အဖြစ်မျိုးသာမကပါ၊ သဘောတူ နှစ်ခြိုက်စရာကြီးများပင် ဖြစ်နေရသေးသည်။ သူတို့ ၏ တစ်ဦးတည်းသောသားသည် ခုနစ်ပြည်ထောင်မင်းသားများ ကိုးစွပ်ပွဲ၊ ကြင်ရာတော်လောင်း အရွေးခံပွဲမှာ အောင်ပန်း ဆွတ်ခူးဖို့က လွယ်ချင်လွယ်ဦးမည်။ စုသက်ရည်ဆိုသည့် ပင်တိုင်စံ သမီးကလေးမျိုးနှင့် ကြုံဆုံဖို့ရာက ပိုမိုခက်ခဲပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်သောမိဘ သဘောတူကြသည်။ လူငယ်ချင်းက အချစ်ချင်း ညီသည်။ ကိုကိုနှင့် လက်ထပ်ဖြစ်ခြင်းသည် နှုတ်ရေးသည့်ဖူးစာပါပဲ၊ အစစအရာရာမှာ ပြေပြစ်ချောမောခဲ့ပေမင့် ...

လှံထမ်းလာလျှင်သာ မြင်ရမည်။ ကံကိုတော့ မည်သူမျှကြိုတင်မမြင်နိုင်ခဲ့ပါ။ ကံဆိုးမိုးမှောင်ကြီးသည် သူတို့မိသားစုနှစ်ခုကို ဖုံးလွှမ်းဝါးမျိုခဲ့သည်။ ဦးမင်းထင်၊ ဒေါ်ခင်ခင်လတ်တို့က သားဆုံးသည်။ စုသက်ရည်က အချစ်ဆုံးသည်။ အချစ်ပျောက်သည့် ဖုန်းဆိုးမြေမှာ စုသက်ရည်ဆိုသည့် ပန်းကလေးတစ်ပွင့် ကြိမ်မီးအုံးသည်သို့ ညှိုးချုံးရမည့် အဖြစ်ဆိုးကြီးနှင့် ကြုံကြိုက်ခဲ့ရပါသတည်း။

❋ ❧ ❋



## ကြွေဆိုးရယ်က မိုးနယ်သို့ရွေ

မင်းထင်လတ် ကွယ်လွန်ခဲ့သည့် ရက်ပိုင်းအတွင်း ခြံနှစ်ခြံလုံးရှိလူများ မည်သူမျှ စိတ်လက်မချမ်းသာကြပါ။ ခြံနှစ်ခြံလုံးမှာ တိတ်ဆိတ်နေသည်။ ဆူဆူညံညံ စကားသံများ မကြားရ၊ ခွေးသိုကက်ဆက်ဖွင့်သံလည်း မကြားရ၊ တချောင်ချောင်မှာ ထိုင်နိုင်နေလေ့ရှိပါသော စုသက်ရည်ကို မိခင်ကြီးက အာရုံမပြတ်ချောင်းကြည့်နေရသည်။ စုသက်ရည် နှုတ်ခမ်းကလေးများ လှုပ်ကာအသံမထွက်ဘဲ စကားပြောသည့်အကျင့်ကို ထိုအချိန်မှ စရခြင်းဖြစ်ပါ၏။

"သိပ်ချစ်တာပဲ ကိုကိုရယ်၊ သိပ်လွမ်းတာပဲ ကိုကိုရယ်"

စုသက်ရည် ရင်တွင်းမှာ ပြေပြေရာမရှိခဲ့ပါ။ ဒေါ်ခင်ခင်လတ်၏ ပရိဒေဝကျတော့ ခင်ပွန်းသည်က ထိန်းပေးခဲ့ရသည်။ မျှော်ခင်တစ်ဦးပေမို့ အဖြစ်ဆိုးရှာသည့် သားအတွက် ဦးမင်းထင်ကိုယ်တိုင် ယူကျုံးမရပါ။ သို့ပေမင့် ယောကျ်ားသားဆိုတော့လည်း ဆင်ခြင်ရပါတော့မည်။ သားရဲ့သတင်းဆိုးအတွက် အိမ်မှာထိုင်၍

www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်နေရအောင် ကထိကရင့်မကြီးက ခွင့်ယူပါသည်ဆိုလျှင်လည်း လူကြားလို့မတော်ပါ။

ကျောင်းတက်စာပြ လုပ်ရတော့လည်း စိတ်ပြေလက်ပျောက်ဖြစ်ရပါ၏။ သည်ကိစ္စမှာ အလျှင်ဆုံး ဖြေဆည်နိုင်သူက ဦးမင်းထင်ဖြစ်သည်။ ဇနီးသည်ကို တရားပြရသည်။ သားအမိ သုံးယောက်သာရှိသည့်အိမ်မှာ သားကကွယ်လွန်၊ ခင်ပွန်းသည်က အလုပ်သမားဆိုတော့ တစ်ဦးတည်းကျန်သူ ဒေါ်ခင်ခင်လတ်မှာ တရားမွေ့ဘက်သို့သာ တိမ်းညွတ်ရတော့သည်။ တရားမဖက်ပါက ရင်အေးနိုင်စရာမရှိပါတကား။

ဒေါ်ခင်ခင်လတ်က စိပ်ပုတီးကိုင်ကာ သားကို အမျှအတန်းဝေနေချိန်မှာ စုသက်ရည်ကတော့ တစ်ဦးတည်း စကားပြောနေသည်။

"သိပ်ချစ်တာပဲ ကိုကိုရယ်၊ သိပ်လွမ်းတာပဲ ကိုကိုရယ်"

ဦးချစ်ထွန်းနှင့် ဒေါ်စုမွန်ရည်တို့မှာ သမီးကလေးအတွက်ရင်ထုမနာ ရှိလှပါတော့သည်။ သမီးကလေးအဖြစ်ကို မမြင်ရက်ကြပါ။ သမီး၏အပူက မိဘနှစ်ပါးကို ကူးစက်သည်။ သမီးကိုနေ့ရော ညပါ အရိပ်ကြည့်နေကြရပါ၏။ ဘယ်အချိန်မှာ လူအလစ်စောင့်ပြီး ကိုယ့်အသက်ကိုယ် ကြံစည်လေမလဲ ဟူ၍ အမြဲတွေးတော ပူပန်နေရသည်။ ဒေါ်စုမွန်ရည်အဖို့ ညရေးညတာမှာ သုံးနာရီခန့်ထိ ဆက်တိုက်အိပ်ပျော်နေသည့်ညပင် မရှိသလောက်ဖြစ်ရပါတော့သည်။

"မွန်မွန် ခုတလော ပိန်သွားတာပဲကွယ်၊ ကျန်းမာရေးဂရုစိုက်ပါဦး"



ဦးချစ်ထွန်းကျတော့ကော သမီးကို ပူရသည်ကတစ်မျိုး၊ ဆွဲချလိုက်သည့်နှယ် ပိန်ကျသွားသည့် ချစ်ဇနီးအတွက် စိုးရိမ်သောက ဖြစ်ရသည်ကတစ်မျိုး။

"ညညမှာ တစ်ညမှာ အေးအေးဆေးဆေး မအိပ်နိုင်ဘူးအစ်ကိုကြီး၊ မွန်မွန် အိပ်ပျော်နေတုန်း သမီးက သူ့ကိုယ်သူ တစ်ခုခုလုပ်လိုက်မလားဆိုပြီး အိပ်လည်း မှေးခနဲလောက်ပဲ အစ်ကိုကြီးရဲ့၊ အကြာကြီး အိပ်မနေရဲဘူး"

"ညညလည်း ငါးခါလောက်ထကြည့်၊ နေ့ခင်းလည်းတစ်ချက်မှ အလစ်မပေးရဲတော့ မွန်မွန်မှာ အိပ်ချိန်ဆိုတာ လုံးဝမရှိတော့ဘူး၊ ထမင်းကော စားနိုင်ရဲ့လား"

"အအိပ်ပျက်တော့ အစားပါ လိုက်ပျက်တယ် အစ်ကိုကြီးရဲ့"

"အားဆေးလေး ဘာလေး ထိုးပါလား"

ဒေါ်စုမွန်ရည်က ရှက်ကိုးရှက်ကန်း ပြုံးပြီးမှ ပြောသည်။

"မွန်က ဆေးထိုးရမှာလောက် ကြောက်တာမရှိတော့ဘူး၊ ဘာလည်း မဟုတ်ဘဲနဲ့၊ ဆေးထိုးအပ်ကြီး လာတာကိုပဲ သိပ်ကြောက်တာ"

အသက်လေးဆယ်အရွယ်မှာပင် ငွားငွားစွင့်စွင့် ပွင့်နေသည့် ...ဝန်းကြီးနှယ် လှရက်နိုင်လွန်းပါသည့် ဇနီးသည်၏ ရှက်ပြုံး... ဦးချစ်ထွန်းက တွယ်တာစွာ ငေးစိုက်ကြည့်မိသည်။ ပြော...ရ ကံကောင်းလေစွ။ လှလည်းလှ၊ ချောလည်းချော၊ ...တော်၊ လိမ်လည်းလိမ္မာ အဖိုးတန်လိုက်တာ လွန်ပါရော။

"ဒါဖြင့်လည်း အားဆေးပဲ သောက်ပေါ့၊ မကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ၊ အားဆေးဆိုမှ သတိရတယ်၊ မမမိ လက်ဆောင်ပေးလိုက်တဲ့ အထဲမှာ အားဆေးတွေလည်းပါတယ်၊ အစ်ကိုကြီးဖို့က ဂျယ်ရီယာဗစ်တဲ့၊ မွန့်ဖို့က ပလူဗင်မင်တဲ့"

"အဲဒါ မသောက်ဘူးလား"

"အစ်ကိုကြီးကို ဂျယ်ရီယာဗစ် မွန် နေ့တိုင်းတိုက်နေတာပဲ၊ အစ်ကိုကြီး ထမင်းစားပြီးတိုင်း သောက်နေတဲ့ ဆေးဟာလေ၊ အညိုနုနဲ့ အညိုရင့် နှစ်လုံးတွဲသောက်နေရတာ ဂျယ်ရီယာဗစ်ပေါ့"

"သိပါဘူး၊ အစ်ကိုကြီးက မွန်မွန် တိုက်ရင် ဘာဆေးလဲ မမေးမနေတော့ဘဲ မျိုချလိုက်တာ၊ မွန်မွန်တိုက်တဲ့ ဆေးဆိုရင် သေဆေးတောင် သောက်ပါတယ်"

ဒေါ်စုမွန်ရည် ပြုံးမိပြန်သည်။ သည်တစ်ခါတော့ ပီတိပြုံး ဖြစ်ပါ၏။

"အဲဒါ အစ်ကိုကြီးအတွက် ဂျယ်ရီယာဗစ်ကုန်ရင် ပလူဗင်မင် ဆက်တိုက်ရအောင်၊ မွန် မသောက်ဘဲ ချန်ထားတယ် အစ်ကိုကြီးရဲ့၊ ပလူဗင်မင်က သိပ်ဈေးကြီးတာ"

"မဟုတ်တာကွယ်၊ မွန်မွန်လည်း သောက်ပါ၊ ဈေးကြီးတော့ကော အစ်ကိုကြီးတို့က ဝယ်မသောက်နိုင်တာမှ မဟုတ်တာ"

"သောက်တော့ သောက်နိုင်တာပေါ့၊ ဒါပေမဲ့ မမမိ တကူးတကနဲ့ စေတနာထားပြီး ပို့ရှာတဲ့ဆေးမို့ အစ်ကိုကြီးကိုပဲ တိုက်ချင်တယ်၊ အစ်ကိုကြီးက လူကြီးမို့လား၊ မမမိလည်း ကုသိုလ်ရပါစေတော့လို့"

ဂျယ်ရီယာဗစ် ကုန်သွားသည့်အခါမှာ ဦးချစ်ထွန်းအား ပလူဗင်မင်ပဲ ဆက်တိုက်သည်။



တစ်ညနေ ...။

ညစာစားအပြီး အားဆေးသောက်ပြီးနောက် ဧည့်ခန်းမှာ သားအမိ သားအဖ သုံးယောက်လုံး ထိုင်နေကြစဉ် ...

"မွန်မွန်"

မပီမသ၊ ဝိုးတဝါးသံကြီးနှင့် တစ်ခွန်းသာခေါ်နိုင်ပြီး ဦးချစ်ထွန်း လဲကျသွားတော့သည်။

"အမယ်လေး ... သမီး လုပ်ပါဦး၊ ဆရာဝန်ဆီ ဖုန်းဆက်ပါ"

သူတို့မိသားစုမှာ ရင်းနှီးခင်မင်လှသည့် မိသားစုဆရာဝန် ရှိသည်မို့ သည်ဆရာဝန်ကိုပဲ ခေါ်နိုင်းရသည်။ ဒေါ်စုမွန်ရည်က ဦးချစ်ထွန်းကို ပွေ့ထားသည်။

"အစ်ကိုကြီး ... အစ်ကိုကြီး"

ချစ်လှစွာသော ခင်ပွန်းသည်၏ ပါးနှစ်ဖက်ကို လက်မသက်ညိုးတို့နှင့် ညှပ်ကိုင်ရင်း ဆွဲ၍ ဆွဲ၍ ခေါ်ပါ၏။ နှုတ်မှ တဖွဖွ ခေါ်ရှာပါ၏။

ဒေါ်အေးက မီးဖိုထဲမှ ပြေးထွက်လာသည်။

"ဟာတော့ ... အစ်ကို လေဖြတ်တယ် ထင်တယ်၊ ဟုတ်သား မမ"

ဒေါ်စုမွန်ရည် ခေါင်းယမ်းသည်။ မည်သည့်အဓိပ္ပာယ်မှန်း မသိပါ။ လေဖြတ်တာမဟုတ် ဟူ၍ ငြင်းချင်သည်လား၊ ပြောတတ်ဘူးဟု ဆိုချင်သည်လား မသိနိုင်ပါ။ ဒေါ်အေးက ခြေဖျား လက်ဖျားဆွဲနှိပ်၊ အမျိုးမျိုး လုပ်နေသည်။ ကြံရာမရတိုင်း လုပ်မိလုပ်ရာ လုပ်ခြင်းသာ ဖြစ်ပါ၏။ ဒေါ်စုမွန်ရည် ငိုရှာပါလေပြီ။ ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရင့်ပေမင့် အချစ်မှာ အိုမင်းခြင်း မရှိပါ။ မျက်ရည်စိုစွတ်သော ပါးပြင်နှင့် ဦးချစ်ထွန်း၏ပါးကို ထိကပ်ထားသည်။

"အစ်ကိုကြီးရယ်"

တယ်လီဖုန်း ကမန်းကတန်း ပြေးဆက်သည့် စုသက်ရည် အနီးသို့ ပြန်ပြေးကပ်လာသည်။

"ဖေဖေ ... ဖေဖေ"

သူမကျတော့ သူ့ဖေဖေ တစ်ကိုယ်လုံးကို ဆွဲ၍ ဆွဲ၍ ခါသည်။

"ဖေဖေ သတိရလားဟင်၊ ဖေဖေ ... ဖေဖေ"

ဆရာဝန်ရောက်လာသည့်အခါမှာ ဦးချစ်ထွန်း အသက်မရှိတော့ပါ။

"ဘယ်လိုဖြစ်တာလဲ ဒေါ်စုမွန်ရည်"

"ရုတ်တရက်ကြီးပါ ဒေါက်တာ၊ ထိုင်နေရာကနေ လဲကျသွားပါတယ်"

ဒေါ်စုမွန်ရည် ပါးပြင်ပေါ်မှာ မျက်ရည်များ စီးကျလာပြန်သည်။

"ဖေဖေ ... ဖေဖေရယ်"

အင့်ခနဲ ရှိုက်လိုက်သည့် သမီးကလေး စုသက်ရည်ကို ဒေါ်စုမွန်ရည် ပြေးဖွေ့သည်။ သူ့ပါးပြင်မှ မျက်ရည်စများကို လျင်မြန်စွာ သုတ်သည်။ ခေါင်းတစ်ချက်ဆတ်၍ အံကိုခဲပစ်သည်။ မေးကြောကလေး တင်းတင်းထား၍ ရင်ထဲမှ အပူလုံးကို မျိုချသည်။ သမီးကို စေ့စေ့ကြည့်၍ ကြိုးစားပမ်းစား ပြုံးပြသည်။ မချိ



သည့်ကြားက ပြုံးရသည့်အပြုံးပေမို့ နှုတ်ခမ်းထောင့်စွန်းကလေး အောက်သို့ ကွေးကျနေသည်။

"မေမေ ရှိတယ်လေ သမီးရယ်"

"ရယ်"ဟူသည့် နောက်ဆုံးအသံမှာ ငိုသံကလေးစွက်ကာ အက်တက်တက် ဖြစ်သွားရှာပါ၏။ သည်သမီးကလေးမှာ ထပ်ဆင့်ကြုံရရှာသည့် ရင်နင့်စရာအဖြစ်ကို "မိခင်ကျန်ရစ်ပါသေးသည်" ဟူသည့် မေတ္တာတံတိုင်းဖြင့် ကာရံတားဆီးလိုက်ခြင်း ဖြစ်ပါတော့သည်။ မိသားစုဆရာဝန်မှာ သည်သားအမိအဖြစ်ကို ကြည့်ရင်း စိတ်မကောင်းနိုင်တော့ပါ။

ဆရာဝန်များအဖို့ လူသေသည်မှာ အဆန်းမဟုတ်တော့ပါ။ ဆေးကျောင်းသားဘဝကတည်းက လူသေအလောင်းကောင်များနှင့် နပန်းလုံးရမတတ် နီးကပ်စွာ ဆက်ဆံခဲ့ဖူးပြီး ဖြစ်ပါ၏။ သို့ပေမဲ့ သည်တစ်ခါတော့ ဆရာဝန်ကိုယ်တိုင် ကြေကွဲဆို့နင့်မိပါတော့သည်။ ခင်ပွန်းသည်အတွက် ရင်ထုမနာ ခံစားရသည့်ကြားက သောကအပူခဲများကို မျိုချကာ သမီးရှေ့က မားမားရပ်ပေးနေရှာသည့် မိခင်မေတ္တာကို တလေးတစားကြီး ဖြစ်သွားရပါသတည်း။

"ဖေဖေ့ကို မကယ်နိုင်တော့ဘူးလား ဒေါက်တာရယ်"

စုသက်ရည်ထံမှ မချိတင်ကဲသံကလေး ထွက်ပေါ်လာပြန်သည်။

"သမီး ... မျက်စိဖွင့်၊ မေမေ့ကိုကြည့်စမ်း၊ ဟောဒီမှာ ... မေမေရှိပါသေးတယ် သမီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



မျက်စိကလေး စုံမှိတ်၍ ငိုနေရှာသည့် သမီးကို ညင်သာစွာ လှုပ်ခါသည်။ ပြောရင်းက မျက်ရည်များ တသွင်သွင်စီးကျသည်။ လက်နှစ်ဖက်က သမီးကို ပွေ့ထားရသောကြောင့် မျက်ရည်မသုတ်အားပါ။ ခေါင်းကိုငုံ့ယမ်း၍ မျက်ရည်များဖြင့် ရွှဲနေသည့် ပါးပြင်ကို ပခုံးနှင့်သာ ပွတ်၍ ပွတ်၍ သုတ်ရသည်။ ဒေါ်စုမွန်ရည်၏ အဖြစ်မှာ မြင်ရသူတိုင်း ကြေကွဲဆို့နင့်ရပါတော့သည်။

❋ ❧ ❋

"နောက်ဆုံး သူစားသွားတဲ့ အစာတွေကို သတိရသလောက် ပြန်ပြောပြပါ"

တာဝန်ခံရဲအရာရှိ ကိုယ်တိုင် ဒီပါချမ်းမြသို့ ရောက်လာသည်။ အိမ်သားအားလုံးကို စစ်ဆေးမေးမြန်းသည်။ သမီးကလေး စုသက်ရည်ကိုတော့ သက်ညှာသည့်သဘောဖြင့် မေးမြန်းစစ်ဆေးခြင်းမပြုပါရန် ဒေါ်စုမွန်ရည်က တောင်းပန်ထားရသည်။ သူ့ခမျာ အချစ်ဆုံးသူကို လက်လွှတ်ဆုံးရှုံးရပြီး မကြာမီ ဖခင်ကြီး မျက်ကွယ်ပြုပြန်သည်ဆိုတော့ သူ့အဖြစ်က ဖြေသာစရာမမြင်ပါ။ ရဲအရာရှိက စုသက်ရည်ကို သက်ညှာသည့်သဘောဖြင့် စစ်ဆေးမေးမြန်း မနေတော့ပါ။ အိမ်ရှိအလုပ်သမားများကို စစ်မေးပြီးနောက် ဒေါ်စုမွန်ရည်ကို နောက်ဆုံးမှမေးသည်။

စင်စစ် ဒေါ်စုမွန်ရည် ကိုယ်တိုင် မကျေနပ်သောကြောင့် မိသားစုဆရာဝန်မှတစ်ဆင့် ဆေးရုံကြီးသို့ပို့ကာ ပိုစ်မော်တမ် လုပ်ပေးပါဟု တောင်းဆိုခဲ့ခြင်းဖြစ်သည်။ အပေါ်ယံ စစ်ဆေးခြင်း



အားဖြင့်တော့ ဦးနောက်သွေးကြော ရုတ်တရက် ပြတ်သွားသည်ဟုပဲ ခန့်မှန်းရပါသည်။ ရင်ကိုခွဲကြည့်တော့မှ အစာအိမ်ထဲမှာ ပြင်းထန်လှပါသည့် စိုင်ယာနိုက်အဆိပ်တစ်မျိုးကို တွေ့ရသည်။ သည်အမှုသည် သာမန်လူသတ်ခြင်းမဟုတ်၊ တစ်စုံတစ်ယောက်၏ ဝေယာဂဖြင့် လုပ်ကြံခံရခြင်း ဖြစ်ရပါတော့သည်။

"ထမင်းစားပြီးပြီးချင်းပါပဲရှင်"

"အဲဒီထမင်းဟင်းတွေရဲ့ အမျိုးအမည်ကို ဒေါ်စုမွန်ရည် မှတ်မိသေးသလား"

"မှတ်မိပါတယ်၊ မှတ်မိဆို ကျွန်မတို့အိမ်မှာ ဝက်သားဟင်း[illegible] တစ်လကို တစ်ခါပဲချက်လို့ပါ၊ အစ်ကိုကြီးကဝတော့ မိသားစုဆရာဝန်က ဝက်သားမစားဖို့ တားပါတယ်၊ အစ်ကိုကြီးကလည်း ဝက်သားတော်တော် အဆီတုံးမှ ကြိုက်တာမို့ တစ်လတစ်ခါတော့ ချက်ဖြစ်ပါတယ်၊ တစ်ခါထက်လည်း ပိုမချက်ပါဘူး"

"ဒါဖြင့် အဲဒီနေ့က ဝက်သားဟင်းပေါ့၊ ပြီးတော့ကော"

"မန်ကျည်းရွက်ဟင်းပါ၊ အဲဒါအပြင် ပဲပုပ်ထောင်းနဲ့ ကြက်သားကြော်"

"အဲဒီဟင်းတွေ ဘယ်သူချက်ပါသလဲ"

"မအေး ချက်ပါတယ်၊ မီးဖိုထဲကို မအေး တစ်ယောက်ပဲ ဝင်ပါတယ်၊ ဒါပေမဲ့ ..."

"ပြောပါခင်ဗျာ"

"မအေးနဲ့ ပတ်သက်ပြီး ကျွန်မတော့ ဘယ်လိုမှမထင်မိပါ[illegible] သူက ရိုးသားပြီး အလွန်သစ္စာရှိသူပါ"

"ထမင်းစားပြီးတော့ကော"

www.burmeseclassic.com

www.burmeseclassic.com



"အားဆေးသောက်ပါတယ်၊ အဲဒီအားဆေးက ကျွန်မလည်း သောက်တာပါ"

"ဘာဆေးလဲ ခင်ဗျာ"

"ပလူဇင်မင်ပါ"

"လက်ကျန်ရှိသေးလား"

"ရှိပါသေးတယ်"

ဒေါ်စုမွန်ရည်က ထယူပေးသောကြောင့် ရဲအရာရှိက ဆေးပုလင်းကို သိမ်းဆည်းသည်။

"ဒေါ်စုမွန်ရည်က ဦးချစ်ထွန်းသေပုံ မရိုးသားဘူးလို့ ဘာကြောင့် ထင်ရတာလဲ ခင်ဗျာ"

"မိသားစုဆရာဝန်ကလည်း ပြောပါတယ်၊ အစ်ကိုကြီး သေဆုံးပုံက အဆိပ်တစ်ခုခု မိသလိုပဲတဲ့၊ ပို့စ်မော်တမ် လုပ်ကြည့်ဖို့ ကောင်းတယ်ဆိုလို့ ကျွန်မလည်း သဘောတူပါတယ်၊ ထင်တဲ့အတိုင်း အစာအိမ်ထဲမှာ အဆိပ်တွေ့တယ် ဆိုတော့ မစဉ်းစားတတ်အောင်ပါပဲရှင်၊ အဲဒါနဲ့ စခန်းကို ကျွန်မကိုယ်တိုင်လာပြီး တိုင်ချက်ဖွင့်ခဲ့တာပါ၊ မိသားစုဆရာဝန်လည်း ပါပါတယ်"

"တစ်ဆိတ်ခင်ဗျာ ... စိတ်လည်းမရှိပါနဲ့၊ ဒေါ်စုမွန်ရည် သိပ်ပြီးသောကရောက်နေတုန်း မေးခွန်းတွေ ထပ်တလဲလဲ မေးရတာ အားလည်းနာပါတယ်"

"မေးပါရှင် မေးပါ၊ ကျွန်မအတွက် ကိစ္စမရှိပါဘူး"

"ဦးချစ်ထွန်းရဲ့ပစ္စည်းတွေဟာ ဦးချစ်ထွန်းဘက်က ပါလာတာလား၊ ဒေါ်စုမွန်ရည်တို့ လက်ထက်ပွားလားလို့"



"အစ်ကိုကြီးဆီမှာပါလာတဲ့ အရင်းအနှီးပေါ်မှာ မူတည်တဲ့ လက်ထက်ပွားတွေပါ"

"ဦးချစ်ထွန်း ကွယ်လွန်ရင် ဒီအမွေတွေ ဘယ်သူရမလဲ"

"ဒါတော့ ရှင်းပါတယ်၊ ကျွန်မမှ မသေသေးပဲ၊ ကျွန်မရမှာပေါ့၊ ကျွန်မသေရင်တောင် သမီးကလေး ကျန်သေးတယ် သမီးရမှာပေါ့"

"ဒေါ်စုမွန်ရည်တို့မှာ စီးပွားပြိုင်ဘက်အနေနဲ့ ရန်သူတွေ ဘာတွေများ"

"မရှိပါဘူးရှင်၊ သူများဝမ်းထဲ ဘယ်လိုနေမယ်တော့ မသိဘူးပေါ့၊ ဒါပေမဲ့ ရှိမယ် မထင်ပါဘူး"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ ဒီလောက်ပါပဲ"

ရဲအရာရှိက ဆေးပုလင်းကို ယူသွားသည်။ ဆေးတောင့်များကို တစ်ခုချင်း ခွဲကြည့်သည်။ ရိုးရိုးသားသား အားဆေးများသာ ဖြစ်သည်။ အဆိပ်ပါသည့် ဆေးတောင့် တစ်တောင့်မျှ မတွေ့ရပါ။

"သမီး နေကောင်းရဲ့လားဟင်"

ကိုယ်တိုင် ပူဆွေးမှုကို အောင့်အည်းမျိုသိပ်ကာ သမီးကို သာ အရိပ်ကြည့်နေရတော့သည်။

"ကောင်းပါတယ် မေမေ၊ ခေါင်းထဲက မူးမူးနေတာ တစ်ခုပါပဲ"

"အစားအသောက်ကို မှန်မှန်စားပါ သမီးရယ်၊ မေမေ့မှာ သမီးလေး တစ်ယောက်တည်းကို စုပုံချစ်နေရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စုမွန်ရည်က စုသက်ရည်ကို ကလေးလေးနယ် ထွေးပွေ့ထားသည်။ စုသက်ရည် မျက်ရည်များ စီးကျလာသည်။ ဒေါ်စုမွန်ရည် ခမျာ သူ့မျက်ဝန်းတွင်းမှာ ခိုတွယ်လာသည့် မျက်ရည်စများကို အကျမခံနိုင်ပါ။ အံကြိတ်၍ တင်းရပါသည်။ သမီးကလေး အားငယ်ရှာမည်။ ကိုယ့်မျက်ရည်စကို တားဆီးရင်းက သမီးပါးပြင်ပေါ်မှ မျက်ရည်စများကို သုတ်ပေးနေရသည်။

"မေမေရယ် ဖေဖေရော ကိုကိုရော ကံဆိုးကြရှာတယ်နော်၊ ဥပဒ္ဒေဝကကံနဲ့ ဆုံးကြရရှာတယ်"

"ဖြေပါ သမီးရယ်၊ သူ့ကုသိုလ်၊ သူ့အကျိုးပေးနဲ့ လာကြတာ၊ မေမေတို့ သမီးတို့လည်း တစ်နေ့ ဒီလမ်းကို လိုက်ကြရမှာပဲ၊ ဘယ်ပုံဘယ်နည်း လိုက်ရမယ်သာ မသိတာ မှတ်လား"

"ဘယ်လောက်ပဲဖြေဖြေ ဝမ်းနည်းတာကို တားလို့မရဘူး မေမေရဲ့"

"မေမေတို့မှာ အားကိုးအားထား ယောကျ်ားသားမရှိဘူး၊ မောင်မင်းထင်လတ် ရှိရင်လည်း အကောင်းသား၊ ဒီတော့ သမီးကိုပဲ မေမေ အားကိုးရမယ်၊ သမီးက စိတ်ကိုတင်းပြီး ကျောင်းပြန်တက်ပါ"

"ရန်ကုန်က အန်တီမိတို့နဲ့ နီးနီးနားနားဆိုလည်း အကောင်းသားနော်၊ မေမေ၊ သမီးမှာ အစ်ကိုတစ်ယောက် ရှိသေးတယ်ဆို"

"ရှိတော့ ရှိပါရဲ့ ... မမမိလည်း အစ်ကိုကြီးဆုံးတုန်းက ရောက်လာပြီး အစ်ကိုကြီးဗိုရိုထဲက ဘာစာအုပ်တွေဆိုလား မသိပါဘူး သမီးရယ်၊ မေမေလည်း လိုက်မကြည့်ပါဘူး၊ မွေ့နှောက်



ယူသွားတာသာ ကြည့်တော့၊ ရက်လည်အောင်တောင် မနေဘူး ပြန်သွားတယ်၊ သိပ်အားကိုးလို့ရမယ့်ပုံ မပေါ်ပါဘူး"

"သိပ်စိတ်မညစ်ပါနဲ့နော် မေမေ၊ သမီး ကျောင်းပြန်တက်ပါမယ်"

ဒေါ်စုမွန်ရည် မည်မျှပင် ဟန်ဆောင်ပြနေပေမင့် အားငယ်သည့်စိတ်က စကားထဲမှာ အလိုလိုပါလာသည်။ စုသက်ရည်က မိခင်ကြီး၏ ခံစားချက်ကို နားလည်လာမိပါသည်။ သမီးက မိခင်ကို တစ်ပြန်တလှည့် အားပေးရှာပါ၏။ သူတို့သားအမိမှာ တစ်ဦးကိုတစ်ဦး အပြန်အလှန် အားပေးရင်း ကိုယ့်ခံစားချက်ကို ကိုယ်ဖုံးဖိမျိုသိပ်ကြရပါတော့သည်။

"သမီးရယ် ... တကယ်လို့ မေမေများ မရှိခဲ့ရင်လေ"

"အို ... မေမေ"

"ဝမ်းမနည်းပါနဲ့ သမီး၊ လူဆိုတာ သေမျိုးချည်းပါပဲ၊ ကျန်းကျန်းမာမာရှိတုန်း မှာသင့်တာကို မှာထားရမယ်"

စုသက်ရည် အင့်ခနဲ တစ်ချက်ရှိုက်မိပြန်သည်။ သူ့ကျတော့ ငယ်ကျော်သက်ကလေးပေမို့ မိခင်ကြီး အားမငယ်ရအောင် သူ့ခံစားချက်များကို ဖုံးဖိရာ၌ ဒေါ်စုမွန်ရည်လို မပိရိပါ။ မငိုတော့ပါဘူးဟု အားတင်းထားသည့်ကြားက မျက်ရည်များ စီးကျလာရပြန်သည်။

"မေမေလိမ်းတဲ့ အုန်းဆီပုလင်း သိတယ် မှတ်လား၊ အဲဒီ တရိမ်း ခေါင်းလိမ်းဆီ ပုလင်းခွံလေ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးက အဲဒီခေါင်းလိမ်းဆီတော့ အင်မတန်ကြိုက်တာ၊ ဘယ်ဈေးဖြစ်ဖြစ် အမြဲဝယ်လိမ်းခဲ့တယ်၊ ပုလင်းခွံတွေ အများကြီးရှိတယ်၊ သမီး သိတယ်မှတ်လား"

"ဟုတ်ကဲ့ မေမေ"

"သမီးဖေဖေကလည်း လူထူးဆန်း သမီးရဲ့၊ ပုလင်းခွံက အစ သဘောကျတယ်၊ သူ ရှာဖွေသိမ်းဆည်းထားသမျှ ရတနာတွေကို အဲဒီခေါင်းလိမ်းဆီပုလင်းတွေနဲ့ ထည့်ပြီး သိမ်းထားတယ်"

"ဘာတွေလဲ မေမေ"

"အစုံပဲ၊ အများဆုံးကတော့ စိန်တွေ၊ သမီးဘိုးဘိုးလက်ထက်က ပုလဲနက်ကြီးလည်းပါတယ်၊ လုပ်ပြီးသား လက်ဝတ်လက်စားတွေရောပေါ့၊ အဲဒါတွေ အကုန်လုံးသိမ်းဖို့ ပြင်ဦးလွင်ကအိမ်ကို မေမေ တိုက်ပြင်ဆောက်နေတယ်၊ အဲဒီမှာ အုတ်နံရံထဲမှာ အံဝှက်သဘောမျိုး လုပ်မယ်"

"ပန်းရံဆရာတွေ မသိနိုင်ဘူးလား"

"ဟင့်အင်း ... မေမေကိုယ်တိုင်လုပ်မှာ၊ သမီးဘိုးဘိုးရှိတုန်းကဆို ဘိုးဘိုးက လက်သမားအတတ်ရော၊ ပန်းရံအတတ်ပါ အကုန်တတ်တာ၊ အိမ်မှာ မီးသွယ်မီးဆင်တာတောင် ဘိုးဘိုးကိုယ်တိုင်လုပ်ခဲ့တယ်၊ သစ်သားကို ကြက်ဖရုပ်ထုပြီး ဆေးခြယ်၊ တိုက်ကြက်ရှေ့မှာ ချပေးတော့ ကြက်အရှင်မှတ်ပြီး ခွပ်တယ်၊ မေမေက ဖေဖေ့လောက် လက်ရာမမြောက်ပေမယ့် နည်းနည်းပါးပါးတော့ တီးမိခေါက်မိ ရှိပါတယ် သမီးရဲ့"

"မေမေလုပ်ရင် ပင်ပန်းမှာပေါ့၊ သမီးလည်း လိုက်မယ်လေ"



"နေပစေ ... ရပါတယ်သမီးရဲ့၊ သမီးကိုလည်း လမ်းသိမ်ဆွဲ ထွက်စေချင်ဘူး၊ အန္တရာယ်ဆိုတာ မြင်နိုင်တာ မဟုတ်ဘူးကွယ်၊ ခုဝဲ သမီးဖေဖေကိုကြည့်"

စုသက်ရည်က ဒေါ်စုမွန်ရည့် ရင်ခွင်ထဲသို့ တိုးကပ်သည်။ စိတ်အားငယ်ရာလွန်းသောကြောင့် မိခင်၏ရင်ခွင်မှာ ခိုလှုံခြင်းဖြစ်ပါ၏။

"အြော် ... မောင်မင်းထင်လတ်သာရှိရင် ..."

ဒေါ်စုမွန်ရည် ဝါကျကို အဆုံးမသတ်နိုင်တော့ပါ။ သမီးကို တင်းတင်းဖက်သည်။ သမီးခေါင်းကိုနှိမ်၍ ရင်ခွင်ထဲထည့်သည်။ စီးကျလာသည့် မျက်ရည်များကို ဆယ်ကျော်သက် သမီးငယ်လေး မမြင်စေလိုပါ။

သည့်နောက်ပိုင်းမှာ ဒေါ်စုမွန်ရည်သည် ရှေ့နေသုံးဦးနှင့် သူ့မောင်တစ်ဝမ်းကွဲ ဦးအောင်သိန်းတို့ကို ခေါ်ယူတိုင်ပင်သည်။ အချုပ်စာတမ်းများ၊ လုပ်ပိုင်ခွင့်များကို စီမံသည်။ မန္တလေးနှင့် ပြင်ဦးလွင်ကို သူ့ကိုယ်ပိုင်ကားကလေး သူကိုယ်တိုင်မောင်း၍ ကူးချည်သန်းချည် လုပ်သည်။

"ဆွေမျိုးသားချင်းတွေထဲမှာ ဘယ်သူ့ကိုတော့ ယုံရမယ်၊ ဘယ်သူ့ကိုတော့ မယုံရဘူးဆိုတာ မေမေ ဖွင့်မပြောချင်ဘူး၊ သမီးကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ပါ၊ ဟန်ဆောင်သောမိတ်ဆွေသည် ရန်သူထက် ဆိုးရွားသည်ဆိုတဲ့ စကားပုံကို သမီး အမြဲသတိရပေါ့"

ဒေါ်စုမွန်ရည်က မှာစရာစကား မကျန်အောင် မှန်ခဲ့သလားမသိနိုင်ပါ။ လုံးစေ့ပတ်စေ့ သွန်သင်ညွှန်ကြားသည်။ ကြမ္မာဆိုး

www.burmeseclassic.com

www.burmeseclassic.com



သည် လူမကိုပါ မျက်စောင်းထိုးနေပြီမှန်း ကြိုတင်သိထားလေ ရော့သလား။

ပြင်ဦးလွင်သို့အသွား၊ နေ့တစ်နေ့မှာ ...

စုသက်ရည် ကျောင်းပြန်တက်ပြီမို့ ကျောင်းမှအပြန် စာကျက်နေသည်။ စာကျက်ရင်းက ခြံထဲသို့ မျှော်မျှော်ကြည့်သည်။ လက်မှနာရီကိုကြည့်လိုက် စာပြန်ကျက်လိုက်နှင့် လူ့ရောစိတ်ပါ ဂနာမငြိမ်ရှိလှသည်။

"ဒေါ်ဒေါ်အေး၊ မေမေ ဒီနေ့ နောက်ကျလိုက်တာနော်"

"ဟုတ်ပါရဲ့၊ လေးနာရီတောင်ထိုးပြီ၊ ခါတိုင်းဆို သုံးနာရီလောက် ပြန်တတ်ပါတယ်"

ဒေါ်စုရည်မွန်က "စုမွန်ရည်ရတနာခန်းမ"သို့ မသွားတော့ပါ။ ဦးအောင်သိန်းကို လွှဲထားသည်။ ပြင်ဦးလွင်မှာ ဝယ်ထားသည့် နွေရာသီစံအိမ်ကလေးကို တိုက်ပြင်ဆောက်ရာသို့ နေ့တိုင်းသွားရောက်ကြည့်ရှုစီမံသည်။ နံနက်ပိုင်း ထမင်းစားပြီးလျှင် ကားကို ကိုယ်တိုင်မောင်း၍ ထွက်သွားသည်။ ညနေဘက် သုံးနာရီခန့်ပုံမှန် ပြန်လာပါသည်။

"အဲဒီအိမ်မှာ ဖုန်းမသွယ်ရသေးဘူးနော်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်အေး၊ ဖုန်းရှိရင်လည်း အကောင်းသား။ မေးကြည့်ရတာပေါ့၊ စုသက် စိတ်ပူလိုက်တာ"

ညှော်ခန်းမှာထိုင်ရင်း စာကျက်နေသည့် စုသက်ရည် စာအုပ်ကို စားပွဲပေါ်သို့ ပစ်ချသည်။ တံခါးဝဆီသို့ ထလျှောက်လာသည်။ ခြံဝဆီသို့ မျှော်ကြည့်သည်။

"လိုက်သွားရရင် ကောင်းမလားဟင် ဒေါ်ဒေါ်အေး"



"မဟုတ်တာ၊ မမလေး လိုက်မသွားပါနဲ့၊ လိုက်သွားစေချင်ရင် ဒေါ်ဒေါ်အေး လိုက်သွားပေးမှာပေါ့၊ အဲဒီလိုဆိုရင်လည်း မမလေးမှာ အဖော်မကျန်ပြန်ဘူး၊ အပုတို့ ခိုင်မတို့ကလည်း ကလေးသာသာဆိုတော့ ဘာမှအားမကိုးရဘူး"

ဒေါ်အေးအပြင် လက်တိုလက်တောင်းအဖြစ် မိန်းကလေးနှစ်ဦး အဖော်ရှိနေပါသေးသည်။ သို့ပေမင့် သည်ကလေးမများက ဆယ့်ခြောက် ဆယ့်ခုနစ်ဆိုတော့ စုသက်ရည်နှင့်မှ ရွယ်တူလျှင်တူ၊ မတူလျှင် ငယ်ချင်ငယ်ကြပါဦးမည်။ အားမကိုးလောက်ပါ။

"စုသက်က ကိုယ့်အိမ်ထဲမှာကိုယ် နေခဲ့ရမှာပဲ၊ ခြံတံခါး၊ အိမ်တံခါး လုံလုံပိတ်ထားရင် ရပါတယ်၊ အန်တီလတ်တို့ခြံဘက်ထားနေရင်လည်း ဖြစ်တာပဲ၊ ဒါမှမဟုတ် ဒေါ်ဒေါ်အေးနဲ့ စုသက်တူတူသွားရင်ကော"

"ဒီတော့လည်း ဒီအိမ်ကြီးမှာ အပုတို့ချည်း စိတ်မချပါဘူး၊ သူတို့နေရဲမှာလည်း မဟုတ်ဘူး"

"ဒါဖြင့်ရင် အိမ်စောင့်လည်းကျန်အောင် စုသက် နေခဲ့ပါ့မယ်၊ အန်တီလတ်ကို ဖုန်းဆက်ပြီး စုသက်နဲ့ ခဏနေပေးဖို့ အတူအညီ တောင်းကြည့်ရင် ကောင်းမယ်ထင်တယ်နော်"

"ကောင်းသားပဲ"

အန်တီလတ်ကိုတော့ စုသက်ရည် အားမနာပါ၊ ဆွေမျိုးပေါက်ဖော်ကြီးဆိုလျှင် လူသိနတ်ကြား မဟုတ်သည့်တိုင် စုသက်ရည်၏သဘောကမူ ပြောလျှင် ဖြစ်နိုင်သည် မဟုတ်ပါလား။

ဒေါ်အေးက ပြင်ဦးလွင်သို့ လိုက်သွားရန်ပြင်သည်။ သူတို့အိမ်မှာ နောက်ကားတစ်စီးလည်း ကျန်သေးသည်။ စုသက်ရည်စီး

www.burmeseclassic.com

www.burmeseclassic.com



သည့် ဗီးယက်–၁၁၀၀ နီနီရဲရဲကလေး။ ယာဉ်မောင်းလည်းရှိသည်။ ဒေါ်စုမွန်ရည်က ဖယ်မလီယာတူးဒိုးနှင့် မောင်းတက်သွားခြင်းဖြစ်သည်။

ယာဉ်မောင်းက ကားကို အိမ်ရှေ့ပေါ်တီကိုအောက်သို့ ယူလာသည်။ ဒေါ်အေး တက်ထိုင်သည်။

"မမလတ်ဆီ ဖုန်းဆက်ဦးလေ မမလေး"

"ဟုတ်ပါရဲ့"

"တံခါးလုံလုံ ပိတ်ထားပါနော်"

"ဟုတ်ကဲ့၊ စိတ်ချသွားပါ"

ဒေါ်အေး ထွက်သွားသည်။ စုသက်ရည်က တံခါးကိုသော့ခတ်ပိတ်သည်။

"အပုနဲ့ နိုင်မတို့ရေ မမလေးနားမှာ လာနေကြစမ်းပါ"

မီးဖိုထဲသို့လှမ်း၍ အသံပြုသောအခါ အပုရော နိုင်မပါ ထွက်လာသည်။ မွေးရည်ကော်ဇောကြီးများ ခင်းထားသည့် ကြမ်းပြင်ပေါ်မှာ ထိုင်ကြသည်။ စုသက်ရည်က တယ်လီဖုန်းရှိရာသို့ လျှောက်လာသည်။ စကားပြောခွက်ကို မ,သည်။

"သမီး စုသက်ပါ၊ အန်တီလတ်လားဟင်"

"ဩော် ... အေး၊ ဘာကိစ္စရှိသလဲ သမီး"

"မေမေ ပြင်ဦးလွင်ထွက်သွားတာ ကြာနေလို့၊ ဒေါ်ဒေါ်အေး ကားတစ်စီးနဲ့ ထပ်လိုက်သွားပါတယ် အန်တီလတ်"

"အေး ... အန်တီလတ် ဘာလုပ်ပေးရမလဲ သမီး"

"အိမ်မှာ စုသက် တစ်ယောက်တည်း ဖြစ်နေလို့ပါ၊ ဟို ... အပုနဲ့ နိုင်မတော့ ရှိပါတယ်"



"ဘာလုပ်ရမလဲ၊ သူတို့လည်း သမီးနဲ့ရွယ်တူ ငယ်ငယ်ကလေးတွေပဲဟာ၊ အန်တီလတ် လာစောင့်ပေးရမလား"

"ဟုတ်ကဲ့၊ အန်တီလတ်အားရင် စုသက်နဲ့အတူ ခဏလောက် လာနေပေးပါလို့ အကူအညီ တောင်းချင်လို့ပါ"

"အေး ... လာခဲ့မယ်၊ ဒါပဲနော် သမီး"

"ဟုတ်ကဲ့ ... ကျေးဇူးပါ အန်တီလတ်"

စကားပြောခွက်ကို ဖြည်းညင်းစွာ ချသည်။ ကိုကို့မေမေနှင့် စကားပြောလိုက်ရတော့ ကိုကို့မျက်နှာကို မြင်ယောင်လာမိပြန်သည်။ ဩော် ... ကံဆိုးရှာတဲ့ ကိုကို၊ ကိုကိုရေ ... ကိုကို့ကို ညီမလေး အမြဲချစ်နေမယ်၊ သိပ်ချစ်တာပဲ ကိုကိုရယ်၊ သိပ်လွမ်းတာပဲ ကိုကိုရယ်။

အလှပြပစ္စည်းကလေးများ ထည့်ထားသည့် ဗီရိုက ဧည့်ခန်းနံရံမှာ ကပ်ထားသည်။ ယင်းဗီရိုပေါ်မှာ တယ်လီဖုန်းထားရှိသည်။ ဧည့်ခန်းကြီးကလည်း အကျယ်ကြီးဆိုတော့ တယ်လီဖုန်းနှင့် ဧည့်ခန်းအလယ်မှာ ချထားသည့် ဆိုဖာဆက်တီများ ဆယ့်ငါးပေ၊ ဆယ့်ရှစ်ပေခန့်တော့ ကွာလှမ်းပါ၏။ ယင်းဆယ့်ရှစ်ပေနီးပါးခရီးကို လျှောက်လှမ်းဆဲ ... ကိုကို့မိခင်၏ အကြင်နာစကားကို ရင်မှာလိုက်နွေးဆဲ ... ကိုကို့မျက်နှာကို မြင်ယောင်နေမိဆဲမှာ ...။

တယ်လီဖုန်းက မြည်လာသည်။ စုသက်ရည် နောက်ပြန်လှည့်၍ တယ်လီဖုန်းရှိရာသို့ သွားရသည်။ စကားပြောခွက်ကို ယူသည်။

"ဒေါ်စုမွန်ရည်အိမ်ကပါလား ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ယောက်ျားသံ။ တစ်ခုခု ဖြစ်တော့မည်ဆိုလျှင် ရင်ထဲက ဒိတ်ခနဲ ကြိုတင်သိလိုက်လေ့ရှိသော စိတ်ကလေး၏ စေ့ဆော်မှုကြောင့်လား မဆိုနိုင်ပါ။ စုသက်ရှည် ရင်ထဲမှာ ဒိုင်းခနဲ မြည်ဟည်းသွားသည်။ စိတ်ထဲမှာ လေးသွားသည်။

"ဟုတ်ကဲ့ရှင် ... မေမေ ဘာဖြစ် ..."

သည့်နှယ်ပင် မေးမိသည်။ ရင်ထဲမှာ တဒိုင်းဒိုင်း ခုန်လာသည်။

"ပြင်ဦးလွင်ကအဆင်း လမ်းမှာ ကားချင်းတိုက်မိလို့"

"အမယ်လေး ... မေမေ ဒုက္ခဖြစ်ပြီ၊ ကိုကိုရေ ..."

တစ်ဖက်ကစကားကို ဆုံးအောင်နားမထောင်လိုက်နိုင်တော့ပါ။ ရင်ခေါင်းကြီးတစ်ခုလုံး ပွင့်ထွက်သွားသလား ထင်ရသည်။ မေမေ့ဒုက္ခကို ကယ်တင်ပေးပါရန် ကိုကို့ကိုတ,ရင်း စုသက်ရှည် ဝုန်းခနဲ လဲကျသွားတော့သည်။ စကားပြောခွက်က ကြိုးတန်းလန်းနှင့် အောက်သို့ပြုတ်ကျသွားသည်။ အပုနှင့် ခိုင်မတို့ စုသက်ရှည်ကို ပြေးပွေ့ကြသည်။

"မမလေး ... မမလေး"

စုသက်ရှည် သတိလစ်သွားရှာပြီ။ လောကကြီးတစ်ခုလုံး မှောင်အတိကျကာ ဘာကိုမျှ မမြင်ရတော့ဘဲ မိုက်ခနဲ လဲအကျမှာ သိစိတ်တို့ စုသက်ရှည်ကိုယ်မှ ဖယ်ခွာသွားကြသည်။ ခေါ်ခင်ခင်လတ် ရောက်လာသည့်အခါမှာ သတိလစ်နေသည့် စုသက်ရှည်ကို "မမလေး ... မမလေး"ဟု တွင်တွင်ခေါ်ရင်း ငိုနေသည့် အပုနှင့် ခိုင်မတို့ကို တွေ့ရပါတော့သည်။



သည့်နောက်ပိုင်း ... မေမေ့ရှာပန မည်သည့်နည်းဖြင့်မြေကျသွားမှန်း၊ မည်သူတွေ လာရောက်ကူညီ ဆောင်ရွက်ကြမှန်း၊ စုသက်ရှည်အတွက် ပြဿနာများ မည်သည့်အဆင့်ထိ တက်ကုန်မှန်း တစ်ခုမျှ မသိတော့ပါ။ ဖေဖေနှင့်မေမေသည် စုသက်ရှည်ကို လူ့ပြည်မှာ အထီးတည်း ချန်ရစ်ကာ နတ်ပြည်သို့ တက်သွားပြီဟု၍ ရင်ထဲမှာ အလိုလိုသိနေသည်။

"မှောင်မင်းထင်လတ် ရှိရင် သိပ်ကောင်းမှာပဲ"ဆိုသည့် အမေ့စကားသံကို ကြားယောင်နေမိသည်။ ကိုကိုက နိုင်ငံခြားမှာ ဘာသွားလုပ်နေပါလိမ့်၊ ညီမလေးနားမှာ ဘာလို့ရှိမနေပါလိမ့်၊ ပြဿနာအားလုံး မပီပိုးဝါးဖြစ်ကာ လောကကြီးတစ်ခုလုံး စိတ္တဇဆန်ခဲ့ရပါတော့သည်။

"သိပ်ချစ်တာပဲ ကိုကိုရယ် ... သိပ်လွမ်းတာပဲ ကိုကိုရယ်"

သည်စကားစုကို တွင်တွင်ရွတ်ရင်း သိစိတ်ဟူသမျှ လုံးဝပျောက်ကင်းသည့် "စိတ်ရောဂါဝေဒနာသည်ကလေး စုသက်ရှည်"အဖြစ်သို့ ရောက်ရှိခဲ့ရပါတော့သတည်း။

❋ ❧ ❋

www.burmeseclassic.com

www.burmeseclassic.com



## မကြင်သာ၊ ရင်နာရမှုများပါပဲ

ကိုယ့်သက်မျှကြင်သူ ချစ်မဝ ကြင်မရဲ နှလုံးသည်းပွတ်ကလေးက လူတစ်ယောက်နှင့် တကယ် တရားဝင်လက်ထပ်ပြီးစီးပါကြောင်း နားနှင့်ဆတ်ဆတ်ကြားရတော့ ဖြိုးရင်ထဲမှာ နင့်သွားရသည်။ ကာယကံရှင်ကိုယ်တိုင်က စိကာပတ်ကုံး ရှင်းပြသည်ဆိုတော့လည်း "မယုံပါဘူး"ဟု လှည့်ပတ်တွေးတောလို့မရတော့ပါ။

သည်အသက်အရွယ်ကလေးမှာ သည်လောက် ဆိုးရွားကာဘဝနှင့်မမျှအောင် ခံစားရရှာသည့် အဖြစ်ဆိုးများကြောင့် ရင်နင့်၊ အသည်းနင့်၊ သနားကြင်နာခြင်း ဖြစ်မိပါ၏။ အကြင်နာမဲ့ လွင်တီးခေါင်မှ ဒုက္ခမုန်တိုင်းကြားတွင် ရပ်တည်နေရသူကလေးကို ရင်ခွင်တွင်းသွင်းကာ အနန္တ မေတ္တာများဖြင့် လွှမ်းခြုံကာကွယ်ပေးလိုသည်။ သူ့ဘဝကလေး ပျော်ပါစေတော့ရယ်လို့။

"နောက်ပိုင်း ဖြစ်ရပ်တွေကတော့ ကိုပြည့်ဖြိုးဝေလည်း သိပြီးသားတွေပါ၊ စုသက်ရည်ဘဝက အဲဒီလို ဆိုးခဲ့ရတာမို့ ဒုက္ခဆိုတာကို အလူးအလဲ ခံခဲ့ရတာပါရှင်"



"ဒါတွေကို အသေးစိတ် မဟုတ်တဲ့တိုင်အောင် အကြမ်းဖျင်းကတော့ ကျွန်တော် သိပြီးသားတွေပါ၊ အခု အန်တီမိတို့နဲ့ ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပါဦး"

"လေးလေး ... ဟို ... ဦးအောင်သိန်းလေ၊ လေးလေးလိုက်စုံစမ်းတော့ ကိုပြည့်ဖြိုးဝေရဲ့အကူအညီ အများကြီးပါခဲ့တယ်ဆိုတာလည်း သိရပါတယ်"

"ကျွန်တော့်အပိုင်းကတော့ ထားပါတော့"

"ဦးမြမင်း ဆိုတာ အန်တီမိရဲ့ အရင်ကခင်ပွန်းပါ"

"အဲဒါတော့ ဦးလေး ပြောပြခဲ့ဖူးလို့ သိပါတယ်"

"ကောလိပ်ကျောင်း တက်ခဲ့ဖူးပေမယ့် တေပေပြီး ဘာဘွဲ့မှမရခဲ့ဘဲ စာမေးပွဲတွေကျပြီး ထွက်ခဲ့ရတာတဲ့၊ အန်တီမိ ပစ္စည်းတွေကို သုံးဖြုန်းလို့ကုန်တော့ ဆင်းရဲတော့လည်း လင်မယားတကျက်ကျက်ပေါ့၊ အဲဒါနဲ့ ကွဲခဲ့ကြတာ"

"အခု ဘယ်လိုပြန်တွေ့ကြတယ် မသိဘူး"

"အဲဒါတော့ မပြောတတ်ပါဘူး၊ ပလူဖင်မင်အားဆေးတောင့်အစ်ရာပါတဲ့ ပုလင်းထဲမှာ တစ်တောင့်ကို အဆိပ်တွေထည့်ပေးလိုက်တာ ဦးမြမင်းပါတဲ့"

"အန်တီမိ စိတ်ကူးပေါ့လေ၊ ဟုတ်လား"

"ဟုတ်ကဲ့၊ ဗလူဗင်မင်က မေမေ့အတွက်ဆေးပါ၊ သေစေချင်သာက မေမေ့ကိုပါ"

"စုသက်ရည့်မေမေကို ဘယ်လိုရန်ငြိုးတွေ ရှိခဲ့လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



“မရှိပါဘူး၊ မေမေမရှိရင် ဖေဖေ့ကို ပြန်ကပ်နိုင်မှာပဲ၊ ဖေဖေ့ကို ကပ်ချုံပြီး နောက်ထပ် ရတနာသစ္စေ့ရအောင် နှူးမှာပေါ့၊ တဖြည်းဖြည်းနဲ့ အကုန်လုံးရဖို့လည်း မျှော်လင့်တယ်ထင်ပါရဲ့”

“စုသက်ရှည်ဖေဖေက ပေးမှာမို့တဲ့လား”

“စုသက်ရှည်တို့ သားအဖနှစ်ယောက်တည်း ဆိုတော့လည်း ကြံစည်ရလွယ်မှာပါ၊ စုသက်ရှည်ကိုပါ သေစေဖို့ ရည်ရွယ်ချက်ရှိချင်ရှိမှာပေါ့၊ အန်တီမိကစပြီး ဒီစိတ်ကူးရတာတော့ မဟုတ်ဘူး၊ ဦးမြမင်းက စပေးတဲ့ အကြံဉာဏ်တဲ့၊ ဦးမြမင်းကျတော့လည်း ဖေဖေ့အကြောင်းကို သိနေတာကိုး”

“ကိုယ့်တူမအရင်းလေးကို ကြံစည်ရက်မယ်တဲ့လား”

“ဩော် ... ကိုပြည့်ဖြိုးဝေရယ်၊ ဖခင်ရင်းကိုတောင် မော နေတုန်း ရှိပစ္စည်းတွေ ဆွဲချပြီး ဆင်းသွားရက်၊ ထားပစ်ခဲ့ရက်သေးတာပဲ”

“ဟုတ်မှာပဲလေ”

“မေမေ့အတွက် ဆေးထဲမှာ တစ်တောင့်ကို အဆိပ်ထည့်ပေးလိုက်တာ၊ ဖေဖေကစားမိသွားတော့ မေမေ့ကိုထပ်ပြီး လုပ်ကြံပြန်တယ်၊ အဲဒါတွေ အားလုံးကို ဦးမြမင်းက ဦးဆောင်ပြီး ကြံစည်တာတဲ့”

“စုသက်ရှည် မေမေ ကားချင်းတိုက်တာလည်း မတော်တဆ မဟုတ်ဘူးပေါ့”

“ဟင့်အင်း ... ဝင်တိုက်ပြီး လူသေမှုနဲ့ ထောင်ထဲဝင်သွားတဲ့သူက ဦးမြမင်းတပည့်တဲ့၊ ပိုက်ဆံတော့ နင့်နေအောင် ပေးရမှာပေါ့”



“မသေရင် ဘယ်လိုလုပ်မလဲ”

“တစ်နည်းမဟုတ် တစ်နည်း ရှိမှာပေါ့ ကိုပြည့်ဖြိုးဝေ၊ မေမေ ကျွန်ရစ်ခဲ့လို့ သူတို့အကြံအစည် အောင်မြင်မှာမှ မဟုတ်တာ”

“ကျွန်တော် သိတာက ဗလူဗင်မင်ထဲမှာ အဆိပ်ထည့်တဲ့ အဆင့်ထိပါပဲ၊ ဦးမြမင်းကို မသင်္ကာတာနဲ့ ဦးလေး သွားစုံစမ်းခိုင်းလို့ စုံစမ်းရတယ်၊ ကျွန်တော်ကိုယ်တိုင် သွားတွေ့ပြီး အဲဒီဆေးမျိုး သွားဝယ်ကြည့်သေးတယ်၊ လွယ်လွယ်နဲ့ ဝန်မခံဘူး၊ ရှိပါဘူးချည်း ငြင်းလွှတ်တယ်”

“နောက်တော့ တစ်သောင်းခွဲနဲ့ ဈေးတည့်တယ်ဆို၊ လေးလေးကို စန္ဒရားရဲ့ဈေးက တစ်သောင်းခွဲဆိုပြီး ဖုန်းဆက်တာ သိပါတယ်”

“ဒါထက် ဒီကိစ္စတွေမှာ ဦးသက်အောင်က အလိုတူအလိုပါလား၊ ကိုမျိုးတို့၊ မိမိတို့ကကော”

“ဦးဦးက ပစ္စည်းတွေတော့ လိုချင်ပါတယ်၊ ရုံးဖြင့်ကန့်ကွက်မှာ ရင်ဆိုင်ရတာတော့ ဦးဦး တိုက်တွန်းလို့ပါ၊ မေ့ဖေ ဆုံးတာကိုလည်း လေဖြတ်တယ်ပဲ ထင်ထားတာပါ၊ အသက်ကိုကြံစည်တာကျတော့ ဦးဦးရော ကိုမျိုးနဲ့ ဓမမိပါ မသိပါဘူး၊ ဦးဦးလည်း မပါဝင်ပါဘူး၊ အန်တီမိ တစ်ယောက်တည်း ဦးမြမင်းနဲ့ တိုင်ပင်ပြီး လုပ်တာ”

“ဦးမြမင်းနဲ့ အန်တီမိနဲ့ ပြန်ဆက်မိကြတာ ဦးသက်အောင် ... သေချာနှပ်နေဝါ့မလား စုသက်ရှည်”

www.burmeseclassic.com

www.burmeseclassic.com



"ဦးမြမင်းဆီကိုသာ အန်တီမိကသွားတာ၊ ဦးမြမင်းကမလာဘူး။ လာလည်း ဦးဦးက အရင်တုန်းက မြင်ဖူးထားတာမှ မဟုတ်တာ၊ ဘယ်သိမလဲ"

"စုမှသိတာပေါ့၊ ဟို ... အန်တီမိရဲ့အရင်အိမ်ထောင်ဆိုတာလေ"

"ဟုတ်ကဲ့"

"အခု အန်တီမိကို အဖမ်းခံရတော့ ဦးသက်အောင် မပါဘူးပေါ့"

"ဟင့်အင်း ... ဦးဦးက သိပ်ရှက်နေတယ်၊ ဦးဦးက ဥပဒေလွတ် အပိုင်စီးချင်တာ၊ အစ်ကိုမျိုးကလည်း ရှက်လွန်းလို့ တဗျစ်တောက်တောက်နဲ့တဲ့။ သူတို့ထဲမှာ မမမိ တစ်ယောက် သနားစရာအကောင်းဆုံးပဲ၊ သဘောကောင်းရှာပါတယ်"

"ဦးအောင်သိန်းရော ... အခု"

"ရဲစခန်းကို သွားပါတယ်၊ ဒီကိစ္စမှာ လေးလေးက တရားလိုပါ၊ မသင်္ကာမှုနဲ့ ရဲစခန်းမှာ အမှုဖွင့်ပါတယ်၊ သူစုံစမ်းလို့ရသလောက် ရဲကိုဖွင့်တိုင်ပင်ပါတယ်၊ ရဲက လိုက်စုံစမ်းလိုက်တော့ အမှုမှန်ပေါ်သွားတာပါ၊ ဒီကိစ္စထဲမှာ ကိုပြည့်ဖြိုးဝေ အကူအညီအများကြီးပါတာမို့ အဲဒီအတွက် ကျေးဇူးအများကြီး တင်ပါတယ်ရှင်"

"သြော် ... ကျေးဇူးတင်ကြောင်း စကားလေးတစ်ခွန်းကိုများ တကူးတက ခေါ်ပြောရတာကိုး"

"ကိုပြည့်ဖြိုးဝေတို့ရဲ့ ငြိမ်းချမ်းအေးဆေးတဲ့ မိသားစုထဲမှာ စုသက်ရည်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ကြရတာကိုလည်း နည်းနည်းမှ စိတ်မကောင်းပါဘူး"



"မဖြစ်စလောက်ကလေးပါ စုသက်ရည်၊ ကိစ္စမရှိပါဘူး"

"အို ... ဘယ်ကမဖြစ်စလောက်ရမှာလဲ၊ လေးလေးကခိုင်းလို့၊ ကိုပြည့်ဖြိုးဝေက အစ်ကိုမျိုးတို့အိမ် သွားရတယ် မဟုတ်လား၊ မခံချင်အောင် ပြောရမယ်လို့လည်း မှာလိုက်သေးတယ်ဆို"

"အင်း ... စုသက်ရည်နဲ့ လက်ထပ်တော့မယ်လို့ ပြောခဲ့တယ်"

ဖြိုးက စိတ်ပေါက်ပေါက် ရှိသည်နှင့် ဘွင်းဘွင်းကြီး ပြောချသည်။ စုသက်ရည်က မျက်လွှာကလေး မသိမသာချသည်။

"အဲဒါကို အန်တီမိက ယုံလည်းမယုံဘူး၊ တကယ်ဖြစ်မှာလည်း ကြောက်တယ်၊ ကိုပြည့်ဖြိုးဝေနောက်ကို လူတွေလွှတ်ပြီး လိုက်ကြည့်ခိုင်းတယ်တဲ့"

"ဒါလား ... ရိပ်မိသားပဲ ခြံထဲတောင် လမ်းသရဲတွေ ဝင်လာသေးတယ်လေ"

"ဘာပဲဖြစ်ဖြစ် အန္တရာယ်ပါပဲ ကိုပြည့်ဖြိုးဝေ၊ မဆီမဆိုင် ခံပါရတဲ့အတွက် ခုလို ကြုံရတာကို အများကြီး အားနာပါတယ်၊ စိတ်လည်းမကောင်းပါဘူး"

"ကိစ္စမရှိပါဘူး၊ အန္တရာယ်မှန်းသိတဲ့ကြားက လိုလိုချင်ချင် ရှာတိုးဝင်တဲ့ ပိုးဖလံပါ"

ဖြိုးအသံမှာ မကျေမနပ် ဖြစ်နေသည်။ စုသက်ရည် သူ့ကို ဆက်ဆံပုံက သာမန်မိတ်ဆွေတစ်ယောက်နှင့်သာဖြစ်၍ ဟိုစဉ်က "အစ်ကို" ခေါ်ကာ ရင်းရင်းနှီးနှီး နေခဲ့ဖူးသည့် ပုံမျိုးတောင် မဟုတ်ပါ၊ ခပ်စိမ်းစိမ်းသာ ဆက်ဆံခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက် ပေါ့ပေါ့ဆဆကလေး သဘောမထားပါဘူးရှင်၊ ကျေးဇူးကို သေသေချာချာ ဆပ်ချင်လို့ပါ"

"ဒေါ်စုသက်ရည် သူဌေးမကြီးခင်ဗျား၊ ကျွန်တော်က မနေနိုင် မထိုင်နိုင်၊ ဆတ်ဆော့ပြီး ကူညီခဲ့တာပါ။ ကျေးဇူးဆပ်ခံချင်လို့ မဟုတ်ပါဘူး"

တတ်နိုင်ဘူး၊ ယောကျ်ားပေမယ့် ငေါ့တော့တော့ပဲ ပြောမိသည်။ တစ်ခါတစ်ခါတော့ မတုန်မလှုပ် နေပြနေသည့် ပိုးတောင့်တဲ့မလေးကို ကိုင်ဆောင့်ချင်သည်အထိ ဖြစ်မိသည်။ မျှော့ကြီးသဖွယ်၊ ဟင်းလိုက် လျှော့လိုက်နှင့် တော်တော်အပေါင်းရခက်သည့် မုဆိုးမငယ်ငယ်ကလေး။

သည်အတွေးက ဝင်လာပြန်တော့ ရင်ထဲမှာ လေးတက်သွားရပြန်သည်။ ကြီးကြီးမေက အပျိုစစ်စစ်ကလေးသာ ဆိုရင် တစ်ခါတည်း အိမ်ကိုထမ်းခေါ်လာခဲ့ဟူ၍ မှာလိုက်သည်မဟုတ်ပါလား။ သူ မုဆိုးမလေး ဖြစ်နေသည့်အတွက် သူ့အပေါ်မှာ ချစ်မိသည့် အချစ်ကတော့ လျော့မသွားပါ။ သို့ပေမင့် ... အမုန်ကို ဝန်ခံရပါမူ ခိုးလိုးခုလုကလေး၊ မတင်မကျကလေးတော့ ဖြစ်ရပါသည်။ ယောကျ်ားမဟုတ်လား၊ ယောကျ်ားတို့ထုံးစံက ကိုယ့်မှာသာ လက်ဝဲရံ လက်ယာရံ၊ ရှေ့ရံ၊ နောက်ရံ၊ ရံချင်တိုင်းရံ၊ ပွေချင်တိုင်းပွေ၊ ရောဂါဖြစ်ဦးမလား။ ပင်နီဆီလင်ထိုးရလွန်းသောကြောင့် တင်ပါးသား ဆန်ခါပေါက် ဖြစ်ချင်ဖြစ်ရော။ ကိုယ့်မိန်းကလေးကျတော့ ခြောက်ပြစ်ကင်း သဲလဲစင်မှ။

အချစ်မလျော့ပါပဲ ဘဝင်မကျ ဖြစ်နေမိသည့် အတွက်လည်း ကိုယ့်ကိုယ်ကိုယ် စိတ်တိုသည်။ ခုနေခါများ စကားကောင်းကို



ပြောချင်ပါ။ ရန်ဖြစ်စရာလူ မရှိလျှင် ကိုယ်စောင့်နတ်နှင့်ပင် ဖြစ်ရဖြစ်ရ။

"ဘာပဲဖြစ်ဖြစ် ကျေးဇူးရှင်ကို ကျေးဇူးဆပ်ရမှာက စုသက်ရည်ရဲ့ဝတ္တရား၊ နောက်ပြီး ... စုသက်ရည်အပေါ် စေတနာထားတဲ့သူမို့၊ လူကြီးမိဘနေရာမှာထားပြီး တိုင်ပင်ချင်တာလေးလည်း ရှိပါတယ်"

"ပြောပါဦး"

"အရင်ပြောချင်တာက မိတ်ဆွေကောင်းလို့ သဘောထားပြီး တိုက်တွန်းချင်တာပါ၊ ကိုပြည့်ဖြိုးဝေနဲ့ မိုးငြိမ်းအေးတို့ကိစ္စ"

"နေပါဦး၊ အဲဒီကိစ္စက ဒေါ်စုသက်ရည် ရင်ထဲကို ဘယ်ချောင်က ဝင်သွားပါလိမ့်"

မှတ်ထား၊ သူက "ကိုပြည့်ဖြိုးဝေ"ဆိုတော့ ကိုယ်က "ဒေါ်စုသက်ရည်"ခေါ်ပစ်လိုက်သည်။ စုသက်ရည် မျက်နှာက အပြုံးအရယ်မရှိ၊ တင်းမာသည်လည်း မဟုတ်၊ သားရေမျက်နှာဖုံး တစ်ခုကိုများ စွပ်ထားရော့သလား။

"ဖေဖေတို့ မေမေတို့နဲ့ ကိုကို့အတွက် ဆွမ်းကျွေးနေ့မှာ ရောက်လာကတည်းက ဒီမိန်းကလေးဟာ ကိုပြည့်ဖြိုးဝေအတွက် အစစအရာရာ အဆင်ပြေမယ့်သူဆိုတာ သိလိုက်နိုင်ပါတယ်"

"အဲဒီကိစ္စကို မိုးငြိမ်းအမေတောင် လက်မြှောက်ပြီးနေခဲ့ပါပြီ၊ အဲဒီကလေးမက ယောကျ်ားယူချင်တာမှတ်ဘူး၊ မိန်းမယူနိုင်ပြင်းနေတာခင်ဗျ"

"နောက်တစ်ခုက ပြောချင်တာက စုသက်ရည် ကိစ္စပါ"

www.burmeseclassic.com

www.burmeseclassic.com



စုသက်ရည် ကိစ္စဆိုတော့ ဖြိုးမျက်ဝန်းများ အရောင်လက်လာသည်။

"လေးလေးက ပြောပါတယ်၊ စုသက်ရည်ရဲ့ဘဝ၊ စုသက်ရည်ရဲ့စီးပွားရေးလုပ်ငန်းတွေ၊ စုသက်ရည်ရဲ့အသက်အရွယ်၊ ဒါတွေအားလုံးအတွက် စုသက်ရည် အိမ်ထောင်ပြုသင့်တယ်တဲ့"

"ရိုးရိုးစည်းစိမ်စွန့်ပြီး မယ်သီလရှင်လုပ်လည်း ဖြစ်ပါတယ်"

"အန်တီလတ် ... အဲ ... အန်တီလတ် ဆိုတာ စုသက်ရည်ယောက္ခမပါ"

"သိပါတယ်"

"အန်တီလတ်ကလည်း တိုက်တွန်းပါတယ်"

"သားတစ်ယောက် ကျန်သေးတယ်တဲ့လား"

"မဟုတ်ပါဘူး၊ ကိုကိုက တစ်ဦးတည်းသောသားပါ"

"ဪ ... ဪ"

"အဲဒါ စုသက်ရည် အိမ်ထောင်ပြုတဲ့အခါမှာ စုသက်ရည်ရဲ့ကျေးဇူးရှင်ဖြစ်တဲ့ ကိုပြည့်ဖြိုးဝေကို မင်္ဂလာဦးကသိုလ်အဖြစ်နဲ့ ကျေးဇူးဆပ်ချင်လို့ပါ"

"သတို့သမီးကို ကန်တော့ဖွယ်ပစ္စည်းအဖြစ်နဲ့ လှူရင်တော့ မဆိုးပါဘူး"

"စုသက်ရည် စိတ်ကူးက ကိုပြည့်ဖြိုးဝေ လက်ထပ်တဲ့အခါမှာ မြင်ဦးလွင်မှာ မေမေဆောက်ခဲ့တဲ့ တိုက်နဲ့ခြံကို လက်ဖွဲ့ချင်တာပါ"

ဖြိုး ထိုင်နေရာမှ ထရပ်သည်။



"ခဏနေပါဦး၊ အဲဒီခြံထဲက ဆောက်လက်စတိုက်မှာ မေမေထားခဲ့တဲ့ ရတနာတွေ ပြန်ရပါတယ်၊ ဒါဟာလည်း ကိုပြည့်ဖြိုးဝေရဲ့ကျေးဇူးကြောင့်ပါ"

ဖြိုးက ရပ်နေဆဲ၊ စုသက်ရည်ကို ငုံ့ကြည့်ဆဲ ...

"စုသက်ရည် စိတ်ပြန်ကောင်းလာပြီး အားလုံးကို ပြန်သတိရတဲ့အခါမှာ ရတနာတွေအကြောင်း ဘယ်သူ့မှမပြောရဘူး၊ မသိပါဘူး၊ မရှိပါဘူးလို့ ပြောရမယ်လို့ ဟို ... စုသက်ရည် နေမကောင်းစဉ်က ကိုပြည့်ဖြိုးဝေ သင်ပေးခဲ့တာ ပြန်အမှတ်ရပါတယ်"

"အဲဒီတော့ ..."

"ဆေးရုံတင်ဖြစ်တာလည်း ကိုပြည့်ဖြိုးဝေ ကျေးဇူးပါ၊ အန်တီမိ သဘောနဲ့ဆို ယဉ်ယဉ်ကလေး ရူးနေတဲ့ဟာမကို ဆေးကုတော့ဘဲ ခင်ပွန်းသည်ဘက်က ပါလာတဲ့သားနဲ့ နေရာချပေးမယ် ထင်ပါတယ်၊ ကိုပြည့်ဖြိုးဝေကို ကိုကိုလို့ထင်ပြီး စကားကုန်ပြောမယ်ထင်လို့ ကိုပြည့်ဖြိုးဝေကို အိမ်မှာဝင်ထွက်စေခဲ့တာပါ၊ ဒီချင်တာရရင် ဆေးကုဖြစ်မယ် မထင်ပါဘူး"

"ဒါ ... ကျေးဇူးတင်စရာ မဟုတ်ပါဘူး"

"ကျေးဇူးအသင်္ချေပါ ... စိတ်ပြန်ကောင်းလာတာရော ... အမှန်ပေါ်အောင် ကူညီတာရော၊ အဲဒါတွေအတွက် စုသက်ရည် ကျေးဇူးဆပ်ပါရစေ"

"တော်ပါပြီ ဒေါ်စုသက်ရည်၊ လူတစ်ယောက်ရဲ့သိက္ခာနဲ့ ကိုယ်ကျင့်တရားကို စော်ကားလာရင် ဘယ်လိုရှုမျိုးမှ သည်းခံလို့မရပါဘူး၊ ဒါပေမဲ့ ကျွန်တော်ဆိုတဲ့ ငနွားက အဲဒီအဖိုးတန်အပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ထိ သည်းခံဆဲပါ၊ အဲ ... နှလုံးသားကို စော်ကားလာရင်တော့ သည်းမခံနိုင်ဘူး၊ ဒါပါပဲ၊ ကျွန်တော် ပြန်လိုက်ပါဦးမယ်"

စုသက်ရည်မျက်နှာ မည်သို့ဖြစ်ကျန်ရစ်မည်ကို လှည့်မကြည့်ဘဲ ထွက်လာခဲ့တော့သည်။ စိတ်လည်းတို၊ ဒေါသလည်းထွက်၊ ခုနေများ မျက်စိရှေ့ ကိုးရိုးကားရားတွေ့လာလျှင် ဆွဲထိုးပစ်ချင်မိသည်။ အိမ်ပေါက်ဝမှာတွေ့သည့် ခဲလုံးကလေးများကို ဖိနပ်ဦးဖြင့် ကန်ပစ်ခဲ့မိသည်။

အိမ်ကလေးက မကျဉ်းမကျယ် သပ်သပ်ရပ်ရပ်ကလေးဖြစ်သလို၊ ခြံကလည်း မကျဉ်းမကျယ်ပင် ဖြစ်၏။ အိမ်ရှေ့မှာ မြေပိုပေနှစ်ဆယ်ခန့်ရှိသည်။ ဘေးဘက်မှာတော့ နှစ်ဆယ့်ငါးပေ၊ ပေသုံးဆယ်ခန့်များ ရှိမလား မဆိုနိုင်ပါ။ အိမ်ကခြံထောင့်ကို ကပ်ဆောက်ထားသောကြောင့် မြေပိုက တစ်ဖက်ပဲရှိပါ၏။

ဖြိုးက ခြံထဲမှထွက်မည်အပြု စုသက်ရည်၏ ဖီးယက် ၁၁ဝဝ နီနီရဲရဲကလေး ခြံဝသို့ ဦးတည်လာသည်။ ဖြိုးက ဘေးကပ်ပေးသောကြောင့် ကားက ဆက်ဝင်လာသည်။ ကားပေါ်မှာ မမညို။ ဘကြီးခက်က မောင်းသည့်နေရာမှာ။

"ဟေး ... မောင်ဖြိုး၊ ပြန်တော့မလို့လား"

ဘကြီးခက်က ကားကို ဖြိုးနားမှာ ရပ်သည်။ မမညိုက ကားပေါ်မှ ဆင်းလာသည်။

"ကိုဖြိုး လာမယ်မှန်းသိလို့ မမညို ဒီနားခဏလေးသွားလိုက်တာ။ မဟုတ်ရင် ဒေါ်ဒေါ်အေးနဲ့ နှစ်ယောက်တည်း စိတ်ချမှာမဟုတ်ဘူး၊ ကိုဖြိုး ပြန်တာ မြန်လှချည်လား"



"ဟုတ်ကဲ့ ... ပြန်တော့မယ် မမညို၊ နေကောင်းတယ်နော် ဘကြီးခက်"

"အေး ... ကောင်းတယ်၊ မောင့်အောင်သိန်းနဲ့ တွေ့ရအောင် မစောင့်တော့ဘူးလား"

"မစောင့်တော့ပါဘူး ဘကြီးခက်"

"ကိစ္စအထူးရှိနေလို့လား၊ အချိန်ရရင် ခဏနေပါဦးလား ကိုဖြိုး"

ဘကြီးခက်ကို ကြည့်နေရာမှ မမညိုကို ပြန်လှည့်ကြည့်သည်။ မမညိုမျက်ဝန်းတွေကို ဖြိုးကို တားနေသည်။

"အချိန်ရတယ် မှတ်လား ကိုဖြိုး"

ဖြိုး ဘာပြန်ဖြေရမှန်း မသိပါ၊ တွေဝေနေသည်။ နေလည်း နေချင်သည်။ နေလည်း မနေချင်။

"စုသက်ရည်နဲ့ ဘာတွေပြောဖြစ်ကြသလဲ သိချင်တယ်"

မမညိုက ဖွင့်မေးသည်။ ဘကြီးခက်က ကားပေါ်ပြန်တက်ကာ အိမ်ဘေးဂိုဒေါင်ဘက်သို့ ဆက်မောင်းသွားတော့သည်။

"ဒီလောက်ကတော့ မတ်တတ်ရပ်ပြောလည်း ရပါတယ် မညို"

"နေပူကြီးထဲမှာ ကိုဖြိုးရယ်"

"ဒီနေမျိုး ဆယ်စင်းထွက်ဦး ကျွန်တော့်ရင်ထဲက အပူကို မမီပါဘူး"

"မကြည်ဘူးလား"

"ကြည်သလား မကြည်ဘူးလား မမညိုပဲ စဉ်းစားကြည့်ပါ။ သူလည်း ယောကျ်ားယူတော့မယ်တဲ့၊ ကျွန်တော့်လည်း

www.burmeseclassic.com

www.burmeseclassic.com



မိန်းမယူပါတဲ့၊ ကျွန်တော့်ကို ပြင်ဦးလွင်က နွေရာသီစံအိမ်ကို လက်ဖွဲ့မယ်တဲ့၊ ကျေးဇူးဆပ်တာတဲ့၊ ဟဲ ဟဲ ... ဒေါ်စုသက်ရည်တို့က သိပ်ချမ်းသာတယ် မှတ်လား၊ တကယ်ရက်ရောတယ်ဗျာ၊ ဟဲ ဟဲ"

ဖြိုးက မခိုးမခန့် ရယ်သည်။ ပခုံးနှစ်ဖက်ကို ဟန်မပါပါ တွန့်ပြသည်။ မှုန်းတည့်နေက ဖြိုးနှင့် မမညိုတို့အပေါ်သို့ စူးစူးစိုက်စိုက် ထိုးကျနေသည်။ နေပူကြောင့်လား၊ ရင်ပူကြောင့်လား မဆိုနိုင်ပါ။ ဖြိုးရော မမညိုပါ မျက်မှောင်ကလေးတွေ တွန့်နေကြသည်။

"လာပါဦး ကိုဖြိုးရယ်၊ အိမ်ထဲ ပြန်မဝင်ချင်ရင်တောင် ဟိုဂေါ်သဇင်ခြုံ အရိပ်ကလေးအောက်ပဲဖြစ်ဖြစ် ဝင်ထိုင်ရအောင်ပါ၊ နေသိပ်ပူပါတယ်"

ကျောင်းဆရာမလောင်း အပျိုကြီးမို့သာ ဆင်ခြင်နေရသည်။ ညိုညိုဝင်း စိတ်ထဲမှာ ဖြိုးကို လက်ဆွဲ၍ပင် ခေါ်ချင်မိသည်။ ခုနေခါမှာ မမညို မဟုတ်ဘဲ မိုးငြိမ်းအေးသာဆိုလျှင် ဖွတ်ဆွဲခေါ်မှာပဲဟုသည့် အတွေးကို ဖြိုးလည်း တွေးမိပါ၏။ မိန်းမသားတစ်ဦးက သည်လောက် ခေါ်နေတော့လည်း အားနာရသည်။ ပြီးတော့ ဆွဲငင်အားတစ်မျိုးကလည်း ဤအိမ်ကလေးအတွင်းမှာ ရှိနေသေးသည်။

ဖြိုး... ညိုညိုဝင်းရှေ့မှပင် ဦးဆောင်ထွက်လာသည်။ သူက ယောက်ျားသား မဟုတ်လား၊ မိန်းကလေးတစ်ဦးနောက်မှ ကောက်ကောက်ပါအောင် လိုက်ရသည့် အဖြစ်မျိုးကို မလိုလားပါ။ ဂေါ်သဇင်ခြုံရိပ်ကို သွားဖို့ဆုံးဖြတ်ပြီဆိုလျှင် ဖြိုးကသာ အရင်ရောက်



အောင် သွားချင်သည်။ မည်သည့်မိန်းကလေးနှင့်မဆို သူသာလျှင် ဦးဆောင်စီစဉ်သူ ဖြစ်ရမှ သူ ကျေနပ်မည် ဖြစ်ပါ၏။

"ရော့ ... ဒီအုတ်ခဲကလေးနဲ့ ခုထိုင်ပါ မမညို"

ဖြိုးယူလာသည့် အုတ်ခဲကလေးကို ဆွဲထိုင်၍ ညိုညိုဝင်း ပြုံးမိသည်။ ဤယောက်ျားသည် ယောက်ျားဆန်သော ယောက်ျား၊ အားကိုးထိုက်သော ယောက်ျားပါတကား။

"စုသက်ရည်ကို မမညို နားချပါတယ် ကိုဖြိုး၊ သူက ကိုဖြိုးကို မိုးငြိမ်းအေးနဲ့ပဲ ဖြစ်စေချင်နေတယ်၊ လူကြီးမိဘတွေကလည်း သဘောတူကြမယ် ထင်တယ်"

"တူကြပါတယ် မမညို၊ ဒါပေမဲ့ လူငယ်နှစ်ဦးက မောင်လိုနှမလိုထက် မပိုကြလို့ လူကြီးတွေလည်း လက်လျှော့ကုန်ပါပြီ။ နေပါဦး၊ မိုးငြိမ်းနဲ့ ကျွန်တော်နဲ့ ဖြစ်စေဖို့အတွေးက စုသက်ရည်ခေါင်းထဲကို ဘယ်လိုများ ရောက်သွားရတာတဲ့လဲဗျာ၊ စုသက်ရည်နဲ့အပြောင်းအလဲက ရုတ်တရက်ကြီး မြန်ဆန်လွန်းလို့"

"ဆွမ်းကျွေးတဲ့နေ့ကပဲ ကိုဖြိုး၊ မိုးငြိမ်းအေး ရောက်လာပြီး ကားပြောတာတွေ သူ ကြားတယ်၊ ကိုဖြိုးဆောမှာ မိုးငြိမ်းအေးဆိုတဲ့ မိန်းကလေးတစ်ယောက် အဆင်သင့် ရောက်လာပြီလို့ သူ ရှူးလိုက်တယ်တဲ့"

"ကောင်းရောပဲ၊ တစ်ဖက်သတ် ကောက်ချက်ချခြင်းဆိုတာ သိပ်တရားမျှတတဲ့ အတွေးအခေါ်ပေါ့၊ မမညို သိပ်ကောင်းပါတယ်"

ညိုညိုဝင်းက ပြုံးသည်။ မျက်နှာထား မှုန်မှိုင်းကာ စိတ်တိုနေသည့် ဖြိုးကိုကြည့်ရင်း ရယ်ချင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခု ... သူက ဘယ်သူနဲ့ ယူမလို့တဲ့လဲ၊ အဲ ... မမညို ဖြေချင်မှဖြေပါလေ"

"ဖြေချင်ပါတယ် ကိုဖြိုးရဲ့၊ မန္တလေးကပါပဲ၊ ရှေ့နေတွေက ပြောလာတာ၊ အန်တီမွန် မှာသွားတဲ့အထဲမှာ အဲဒီလူနဲ့ လက်ထပ်ဖို့လည်းပါတယ်တဲ့၊ ရှေ့နေသုံးယောက်ရယ်၊ လေးလေးရယ်၊ အန်တီလတ်ရယ်ကို ပြောခဲ့တာတဲ့၊ အန်တီမွန်ဟာ သူ့ကိုယ်သူလည်း တစ်နည်းနည်းနဲ့ လုပ်ကြံခံရမယ်ဆိုတာ ကြိုတွေးနိုင်ခဲ့တယ်ထင်ပါရဲ့၊ အားလုံးကို ခထောင့်စေ့အောင် စီမံသွားခဲ့တယ်၊ ဟို ... အန်တီလတ် ဆိုတာရော သိရဲ့လား"

"သိပ်သိတာပေါ့၊ အတိတ်အိုက ယောက္ခမအနှမ်း"

ဖြိုးစကားကြောင့် ညိုညိုဝင်း တခစ်ခစ်ရယ်မိသည်။

"စုသက်ရည် ဒီလောက်ဒုက္ခရောက်နေတဲ့ တစ်ချိန်လုံးမှာ အဲဒီပုဂ္ဂိုလ်က ဘယ်ဝင်ရိုးစွန်းမှာ သွားအိပ်ပျော်နေခဲ့သတဲ့လဲ"

"တမ္ဘာအနောက်ဘက်ခြမ်းမှာ ရောက်နေတယ်၊ သင်္ဘော လိုက်သွားလို့၊ ခုမှ ပြန်ရောက်လာတာ"

"သင်္ဘောသားတို့မှ အိမ်ထောင်ပြုပါမယ်လို့ ဘယ်ဘုရား လက်ထက်မှာ ဝန်ခံကတိပေးခဲ့သလဲမသိဘူး"

"ခေတ်ကိုက သင်္ဘောသားခေတ်ကိုး ကိုဖြိုးရဲ့"

"ကောင်းရောပဲ ... ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ ကြားရင် ချုံးပွဲချငိုဖို့မဲရှိတော့ဘယ်၊ တော်ပြီဗျာ ... ပြန်တော့မယ် မမညို"

"တစ်ခုလောက်တော့ ကူညီနိုင်ရင် ကူညီပါဦးလို့ တောင်း ပန်ချင်သေးတယ် ကိုဖြိုးရဲ့"



"ပြောပါ ... စုသက်ရည် မင်္ဂလာဆောင်မှာ လူရိုရိုလုပ်ပေး ရမှာလား"

"ဟာ ... ဒီလောက်မရက်စက်ပါဘူး ကိုဖြိုးရဲ့၊ လေးလေးက ညရထားနဲ့ မန္တလေးပြန်မယ်၊ ဟိုမှာ 'စုမွန်ရည်ရတနာခန်းမ' ကို ပစ်ထားရတာလည်းကြာပြီ၊ ခဏတော့ ပြေးကြည့်ရဦးမယ်"

"လက်မှတ် သွားဝယ်ပေးရမှာလား"

"မဟုတ်ပါဘူး၊ ကိုဖြိုးကို ဒီလို လက်တို့လက်တောင်းကိစ္စ ကလေးတွေမှာ အကူအညီတောင်းမတဲ့လား"

"ဒါဖြင့် ... ပြောလေ"

"အန်တီမိတို့နဲ့ အမှုရက်ချိန်းတွေ ရှိသေးတယ်၊ စုသက်ရည် က တရားလိုပေမယ့် တရားခံဖြစ်နေတဲ့ အန်တီမိကို ရှေ့နေ ပြန်ငှားပေးထားသေးတယ်၊ ရုံးမှာ ရင်ဆိုင်ရတာ မျက်နှာပူစရာ လည်းကောင်းပါတယ် ကိုဖြိုးရယ်၊ လေးလေးကလည်း မရှိတော့ ကိုဖြိုးများ စုသက်ရည်အတွက် အဖော်လိုက်ပေးနိုင်မလားလို့ပါ၊ အားကိုးအားထား ယောက်ျားမရှိလို့၊ ဘကြီးခက်ကလည်း ရုံးမြင် တနားခေါ်လို့မဖြစ်ဘူး၊ ရုံးခန်းထဲမှာ လူသတ်မှုဖြစ်လိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"အန်တီမိကိုတွေ့ရင် လည်ပင်းညှစ်သတ်မလို့တဲ့၊ စုသက် ရည်က ရှေ့နေပြန်ငှားပေးတာကိုပဲ စိတ်ဆိုးလွန်းလို့၊ စုသက်ရည် ကိုထားပြီး မန္တလေးပြန်တော့မယ်ဆိုလို့ မနည်းတောင်းပန်ထား ရတာ၊ အဲဒါ ကိုဖြိုး ကူပါဦး"

"ရပါတယ် မမညို"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး စုသက်ရည်က သူ ပြန်ရှာတွေ့တဲ့ ရတနာတွေကို အစိုးရဆီမှာ တရားဝင် ရောင်းချင်တယ်တဲ့၊ လက်ထဲမှာလည်း မထားချင်ဘူး၊ အဲဒီကိစ္စလည်း ကိုဖြိုး ကူညီစုံစမ်းပေးပါဦး၊ ဘယ်လိုလုပ်ရမလဲဆိုတာ"

"ရပါတယ် မမညို"

"ကိုဖြိုး အကူအညီတွေယူပြီး ကိုဖြိုးဆန္ဒကျတော့လည်း မလိုက်လျောပြန်ဆိုတော့ သိပ်အားနာတာပဲ"

"နင်နဲ့ ငါနဲ့ မခေါ်လို့ နားရွက်တံတွေးဆွတ်မယ်ဆိုတဲ့ သေးသိမ်တဲ့စိတ်ထားမျိုး မရှိပါဘူး မမညို၊ မိန်းမသားတွေချည်းမို့ အကူအညီလိုနေတယ်ဆိုရင် စုသက်ရည်ကိုမှ မဟုတ်ပါဘူး၊ ဘယ်မိန်းမသားကိုမဆို ကိုယ်တတ်နိုင်တဲ့ဘက်က ကူညီပါတယ်"

"ကျေးဇူးအများကြီးပါ ကိုဖြိုးရယ်၊ တကယ်ပြောတာပါ"

"ပြန်တော့မယ် မမညို၊ လိုတဲ့အခါ ဖုန်းဆက်ပါ"

"ကိုဖြိုး စာကျက်ရမယ့်အချိန်တွေကို လုသုံးနေရတော့ ကိုဖြိုး မိဘတွေက ကြည်ဖြူရဲ့လား"

"ဘယ်ကိစ္စနဲ့မှ စာကျက်ချိန်ကို အလျှော့မခံပါဘူး၊ တခြားအချိန်တွေကိုပဲ ဖဲ့သုံးတာပါ၊ စာကျက်ချိန်လျော့သွားရင်လည်း ညဘက်အိပ်ချိန်ထဲကယူပြီး ထပ်ဖြည့်ပါတယ်"

"တကယ်တော်ပြီး တကယ်ကြိုးစားတဲ့ ယောကျ်ားကောင်းပဲ ကိုဖြိုးရယ်၊ မမညို တကယ်ချီးကျူးပါတယ်"

"အဲဒီလို လူတော်လူကောင်းတွေကို မိန်းမတွေက မကြိုက်ဘူး မမညို"

ဖြိုးက ပြောပြောဆိုဆို ထိုင်ရာမှထသည်။



"ကိုဖြိုး"

လှမ်းထွက်ရန်ပြင်နေရာမှ မမညိုကို သမင်လည်ပြန် ပြန်လှည့်ကြည့်သည်။ မမညို သာမန်မိန်းမသားအရုပ်ပေမို့ ဖြိုးက ငေးကြည့်ရသည်။

"ကိုဖြိုးချစ်တဲ့ မိန်းကလေးဟာ အိမ်ထောင်ကျဖူးခဲ့တာကိုကော ကိုဖြိုး ဘယ်လိုခံစားရသလဲဟင်၊ ဒါ ... မမညို သိချင်လို့ မေးတာပါ"

"ဘယ်ကြိုက်ပါမလဲ မမညို၊ ဒါ အမှန်ကို ဝန်ခံတာပါ၊ ဒါပေမဲ့ ..."

ဖြိုးက တံတွေးကိုမျိုချသည်။ ရင်ထဲမှာ အစိုင်အခဲဖြစ်နေသည့် ခံစားချက်များကို တံတွေးနှင့်ရော၍ မျိုချရခြင်းပါ။ ဖြိုး ရင်ထဲမှာ လောကကြီးတစ်ခုလုံးကို မကျေမနပ်ဖြစ်နေရသည် မဟုတ်လား။

"လက်ရှိကာမပိုင်မရှိဘူး၊ ကျွန်တော်ကလည်း သိပ်ချစ်နေတယ်ဆိုရင်တော့ ကုန်လွန်ခဲ့တဲ့ အတိတ်နွမ်းကို ပြည်ဖုံးကားချပေးရတော့မှာပဲ၊ နှလုံးသားမြို့ဟောင်းကို ပြန်လည်တူးဆွခြင်းကြောင့် တွေ့ရမယ့် အချစ်သမိုင်းဝင် ခံစားချက်တွေကို ဘာဖြစ်လို့ ပြန်ကြည့်နေတော့မလဲ"

"ရင်ထဲမှာ တစိမ့်စိမ့်နဲ့ နာကြည်းတာမျိုး၊ ဟို ... ဖြစ်မှ ဖြစ်ရလေ၊ ဖြစ်မှဖြစ်ရလေဆိုတာမျိုး"

"အဲဒါမျိုးက ကျွန်တော့်လက်ထဲမှာပိုင်ပြီးမှ ဖောက်ပြန်သွားရင်သာ ဖြစ်ရမယ့်ခံစားချက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ် ကိုဖြိုးရယ်၊ ကိုဖြိုး စကားတွေကို မမညို ယုံလည်းယုံ၊ လက်လည်းလက်ခံပါတယ်"

"ဟဲ ဟဲ ... မမညို ကျွန်တော် အပြောကောင်းတယ်ထင်ပါရဲ့၊ တောပြောင်းပြီး ဆန်ကောရောင်းရင်တောင် အရင်းပြုတ်တာနဲ့ ထင်းခုတ်ပြီး ပြန်ခဲ့ရမယ့်ကောင်ပါ၊ လမ်းကသာဆီးပြီး တင်းပုတ်နဲ့ မထုပါနဲ့လို့၊ ဟဲ ဟဲ ... ဒီတစ်ခါ တကယ်ပြန်ပြီ မမညို"

ဟဲ ဟဲ၊ ဟဲ ဟဲ နှင့် မခိုးမခန့်ရယ်ပစ်ရသည်က ရင်ထဲမှာ နည်းနည်းပါးပါးတော့ ပေါ့ပါးသွားသည်။ နေပူထဲမှာပေမင့် ခေါင်းငိုက်စိုက်မချဘဲ မိုးမိုးမတ်မတ် သွက်သွက်လက်လက် လျှောက်လှမ်းသွားသည့် ဖြိုးဆိုသည့် ယောက်ျားတောင်းတစ်ယောက်ကို မျက်ဝန်းသုံးစုံ၊ စုစုပေါင်း ခြောက်လုံးက ငေးစိုက်ကြည့်၍ ကျန်ခဲ့သည်။

ဘကြီးခက် ... ညိုညိုဝင်း ... စုသက်ရည်။

ညိုညိုဝင်းက ဂေါ်သဇင်ခြံနားမှာ၊ ဘကြီးခက်က ကားဂိုဒေါင်နားမှာ၊ စုသက်ရည်က အိမ်ကလေး၏ ပြတင်းပေါက်ဖာခန်းဆီး နောက်ကွယ်မှာ နေရာသုံးခုမှ လူသုံးဦး၏ ခံစားချက်များသည် တစ်နေရာတည်းမှာ ထပ်တူများ ညီနေလေရော့သလား ...။

❋ ❧ ❋



## အင်းလျားမှာ သာသည့်လရောင်

ရုံးချိန်းရက်များတွင် ယောက်ျားဖော်အဖြစ် ကူညီလိုက်ပေးပါရန် ပြောထားပေမင့် 'ကိုဖြိုး လာပါဦး' ... ဟူ၍ မမညိုက တစ်ခါမျှ ဖုန်းမဆက်ခဲ့ပါ။ ဖုန်းဆက်ခေါ်လျှင်လည်း သွားရောက်ကူညီလိုက်မည်။ ဖုန်းမဆက်လျှင်လည်း ကိုယ့်ဘာသာ အေးဆေးနေတော့မည်ဟု ဖြိုး စိတ်ဆုံးဖြတ်ထားသည်။ ရင်ထဲမှာတော့ ချမ်းမြေ့ကြည်နူးခြင်း ကင်းပါသည်။ စိတ်ညစ်လာလျှင် စာထကျက်ခဲ့လိုက်သည်။ ရင်ထဲမှ ဝေဒနာကို ကျောင်းစာဖြင့်သာ အစားထိုးကုစားခဲ့ပါ၏။

သည်ရက်များအတွင်း၊ ကျောင်းတက်ချိန်နှင့် စာကျက်ချိန်မှလွဲလျှင်၊ စုသက်ရည်ကို တစ်စက္ကန့်မျှ မမေ့ပါ။ ကျောင်းတက်ချိန်နှင့် စာကျက်ချိန်မှာတော့ စုသက်ရည်ကို တမင်မေ့ထားခဲ့ပါသည်။

သည်နေ့တော့ စုသက်ရည်ကို မေ့ထားရသည့် အချိန်ကများသည်။ ဗုဒ္ဓဟူးဆိုလျှင် ဖြိုးတို့ သချာၤအဓိက နောက်ဆုံးနှစ်

www.burmeseclassic.com



သမားများ စာသင်ချိန်တွေ ပြည့်နှက်နေသည်။ ညနေ လေးနာရီ ထိုးမှပဲ စာသင်တန်းများ ကုန်ဆုံးတော့သည်။

"အင်း ... တစ်နေ့တာ ကုန်ပြန်ပြီပေါ့"

ဆရာ ထွက်သွား၍ ကျောင်းသားများ ဆူညံလာချိန်မှာ မည်သူကမှန်းမသိ တစ်ယောက်က ထအော်သည်။ ခုမှ လွတ်လပ်ပေါ့ပါးသွားဟန်တူပါ၏။ ဖြိုးက စာအုပ်များကို ကောက်ထပ်ကာ ထရပ်သည်။ ခါးဆန့်၍ ကိုယ်ကို ဘယ်ညာလှည့်သည်။ သည်အချိန် မတက်မီက တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှာ စာသွားဖတ်နေခဲ့သည်။ ယခုအတန်းဆက်တက်ရသည်ဆိုတော့ ခါးညောင်းနေသည်။

"ပြန်မလား ဖြိုး"

"ဟုတ်ကဲ့ ကိုမိုးမြင့် ... လေးနာရီ ထိုးနေပြီ"

ခါတိုင်း အတန်းများ စောစောပြီးလျှင် အိမ်မပြန်ဘဲ စာကြည့်တိုက်သွားတတ်သည်မို့၊ မိုးမြင့် မေးခြင်းဖြစ်ပါ၏။ သူတို့ နောက်တန်းမှာထိုင်နေသည့် အောင်ကျော်ဦးက ဖြိုး ပခုံးကို လှမ်းပုတ်သည်။

"နေပါဦးလား အိမ်ပဲ ပြန်ဖူးသားပဲ"

"ကိုဦး ဘာလုပ်စရာရှိလို့လဲ"

"ဘုတ်ကလပ်ဘက် သွားရကောင်းမလားလို့"

"ကိုဦးတို့ ပြိုင်ပွဲနီးပလား"

အောင်ကျော်ဦးက လေ့လျော်အသင်းမှာ ပါဝင်သည်။

"မဟုတ်ပါဘူး၊ ဘူးသီးကြော်သွားစားမယ်"



"ဟာ ... ဒီအချိန်ကြီး မစားတော့ပါဘူး၊ ညနေစာလည်း နီးနေပြီ"

ထပြန်ကြသည့်သူများ ကုန်သလောက်ပင် ရှိသွားသည်။ စကားပြောနေကြသည့် ဖြိုး၊ မိုးမြင့်နှင့် အောင်ကျော်ဦးတို့အပြင် ကျောင်းသားသုံးယောက်သာ ကျန်တော့သည်။ ကျောင်းသူများပင် မကျန်တော့ပါ။

"ဒါပေမဲ့ ... ခင်ဗျား၊ ဘူးသီးကြော် မလွဲမသွေ စားရမယ်ဗျာ"

"မစားတော့ဘူး၊ ကိုဦးက ဘာကိစ္စ ဒီလောက်ကျွေးချင်နေတာလဲ၊ တယ်လည်းထူးဆန်းပါလား"

"မကျွေးပါဘူး၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ်စားမှာ"

"ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဆို ... ပိုတောင်မစားဖြစ်သေးတယ်"

"စားဖြစ်ရမယ်၊ သူများကိုလည်း ဝယ်ကျွေးရလိမ့်မယ် ဆဒင်ဟောလိုက်မယ်၊ သွေးထွက်အောင်မှန်စေရမယ်"

"မဖြစ်နိုင်ဘူး"

"ဟာကွာ ... ဓာက်ဖြတ်ကြေးတောင် လောင်းချင်တယ်"

"ကိုဦး လည်ပင်းပြတ်ကြီးနဲ့ ဖြစ်သွားမှာပေါ့"

"ဟော့ ... ကုန်းပိုးပြီး၊ ကွန်မိုကေးရှင်း တစ်ပတ်ပြေးကြေးလောင်းမလား"

"စိန်လိုက်ဗျာ၊ ကျွန်တော်လည်း ဝယ်မစားဘူး၊ ဘယ်သူ့မှ ဝယ်မကျွေးဘူး၊ ဒီညနေပြောတာနော်"

"အေးပါ ဒီညနေပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



“ဒါဖြင့် သေချာတယ်၊ လောင်းမယ်၊ အခုပဲ အိမ်ပြန်တော့မယ်ဗျာ”

“အေး ... အေး ... ပြန်ပြန်”

“မနက်ဖြန်ခါ ... ခင်ဗျား ကျွန်တော့်ကို ကုန်းပိုးပြီးပြေးပေတော့”

“အေးပါ ... ဘယ်သူပြေးရမလဲ ... စောင့်ကြည့်ပါ”

ဖြိုးက စာသင်ခန်းထဲမှထွက်လာသည်။ အောင်ကျော်ဦးနှင့် မိုးမြင့်တို့က စပ်ဖြဲဖြဲနှင့် လိုက်ပါလာသည်။ စာသင်ခန်းမှအထွက် စကြီအတိုင်းလျှောက်ရန် ကိုယ်ကိုအကွေ့ ...။

“ဟာ”

ကော်ရစ်ဒါမှာ လမင်းကြီးသာနေသည်။ နေမဝင်သေးပါဘဲ လထွက်သည့်ညနေခင်းပါတကား။

စုသက်ရည်၊ ညိုညိုဝင်းနှင့်အတူ ကော်ရစ်ဒါမှာ ရပ်နေသည်။ စောစောတုန်းက ဖြိုးနေရာမှ မမြင်ရပါ။ အောင်ကျော်ဦးက မြင်ထားသည်။ ထို့ကြောင့် ဇက်ဖြတ်ကြေးလောင်းခြင်း ဖြစ်ပါသတည်း။

“နေကောင်းလား စုသက်ရည်”

စုသက်ရည် မျက်နှာကလေး ဖြူဖျော့နေသည်။ ညိုညိုဝင်းလက်ကို ဆုပ်ကိုင်ထားသည်။ မိမိနှင့် မကျွမ်းသောအရပ်၊ မိမိကိုယ်တိုင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကျောင်းသူ မဟုတ်ပါဘဲ စာသင်ခန်းနားသို့ လာရသည်ဆိုတော့ လက်ဖျားကလေးများ အေးစက်နေပါ၏။ တက္ကသိုလ်၏ အရှိန်အဝါက နည်းမှမနည်းပဲ။

“ဖြိုး ... တို့ကို ကုန်းပိုးတော့မလား”



အောင်ကျော်ဦးက ရယ်၍ပြောသည်။ ဖြိုး မကြားလိုက်ပါ။ သူ့ကို မမိုတ်မသုန် စိုက်ကြည့်နေသည့် စုသက်ရည်၏ ရီဝေရွှန်းလဲ့ပါသော မျက်ဝန်းများနှင့် စက္ကန့်မလွတ် ရင်ဆိုင်နေရ၏။ စုသက်ရည်မျက်နှာ မပြုံးမရယ် ခပ်တည်တည်ဆိုပေမင့် ကြေကွဲရိပ်ငွေ့ငွေ့လွှမ်းသည်။ တစ်စုံတစ်ခုကိုများ ဝမ်းနည်းနေရှာသလား။

“တောက် ... နှာသကွာ၊ ဒီလိုမှန်းသိရင် စောစောက ငါလည်း လောင်းပါတယ်၊ ဖြိုး ... ငါ့ကိုပါ ပိုးကွာ”

မိုးမြင့်က ဝင်နောက်ပြန်သည်။

စုသက်ရည် နှုတ်ခမ်းကလေးများ တဆတ်ဆတ် တုန်လာသည်။ မျက်နှာကလေး မှဲ့ရိပ်သမ်းလာသည်။ မျက်ရည်စများ ခိုတွယ်လာသည်မို့ မျက်ဝန်းများပင် ပိုလက်လာသည်။ ရင်ထဲမှာ ပြောချင်သည့် စကားများ မျက်လုံးတွင်းမှ ထွက်လာတော့မလား ထင်ရသည်။ ရွှန်းရွှန်းစိုသည့် မျက်ဝန်းအကြည့်သည် ပင့်ကူအိမ်အမြှင်သို့များ ပြောင်းလဲသွားလေသလား၊ ဖြိုး၏နှလုံးသားများက ရင်ထဲမှ ခုန်ပျံထွက်လာကာ သွားရောက်ကပ်ငြိကြပါသတည်း။

သူတို့ကို စကားမပြောနိုင်သည့် ဖြိုးကို အောင်ကျော်ဦးနှင့် မိုးမြင့်က ကြည့်၍ရယ်သည်။

“မညိုကို ကျွန်တော် လိုက်ပို့ရမှာ မဟုတ်လား”

အခြေအနေက သည်အတိုင်း ပေးလာပြီမှန်း အောင်ကျော်ဦး သိသည်။ ကြိုတင်မေးခွန်းထုတ်သည်။

“အေး”

ဆုပ်ကိုင်ထားသည့် စုသက်ရည်လက်များကို ဖြေချကာ ညိုညိုဝင်းက အောင်ကျော်ဦးဆီသို့ လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း လမ်းကြုံတယ်ဟေ့၊ အတူတူလိုက်ခဲ့မယ်"

မိုးမြင့်က ဝင်ပြောသည်။

စင်စစ် ... အကြည့်ချင်း ပြိုင်နေကြသည့် သူနှစ်ဦးကြားမှာ ငွေငွေဝေါင်ဝေါင်ကြီး ရပ်မနေချင်၍ ပြောခြင်းပါ။ သို့ပေမင့် အစ်မရှေ့မှာဆိုတော့ အောင်ကျော်ဦးက နေရင်းထိုင်ရင်း သဝန်တိုနေသည်။

"မင်းလမ်းမင်း သွားပါတော့လား"

"ခွေးကောင် ... ဟိုနှစ်ယောက်ကြားမှာ ငေါင်မနေချင်လို့ ပြောတာဟ"

"သိဘူးလေ၊ ရတဲ့အကွက် ဖမ်းထွင်နေသလားလို့"

"စိတ်ချ၊ သူများတွေ ဝမ်းဆက်ချုပ်ဝတ်နိုင်တဲ့ ပါတိတ်စကို ထဘီချည်း ချုပ်ရင်တောင် ကွင်းကျဉ်းနေမယ့် မင်းအစ်မကို ငါ မပြစ်မှားပါဘူး"

မိုးမြင့်က တိုးတိုးပြောပေမင့် လူချင်းက နီးကပ်လှသည်မို့ ညိုညိုဝင်း ကြားသွားတော့သည်။ မျက်စောင်းတစ်ချက် လှမ်းထိုးကာ ရှေ့မှထွက်သွားသောကြောင့် အောင်ကျော်ဦးက ပြေးလိုက်ရသည်။ မိုးမြင့်က တဟားဟား ရယ်သည်။ နောက်တော့ သူပါ လိုက်သွားကာ ညိုညိုဝင်းကို တတွတ်တွတ် တောင်းပန်ရတော့သည်။

ကော်ရစ်ဒါမှာ လူရှင်းနေသည်။ ရှင်းဆို ဖြိုးနှင့် စုသက်ရည် မှလွဲ၍ တစ်ယောက်မျှ မရှိတော့ပါ။

"စုသက်ရည်"ဟု ခေါ်ကာ ပြေးပွေ့လိုက်ချင်ပေမင့် အခွင့် မသာသူမို့ ဖြိုး မပွေ့သာပါ။



"ကိစ္စရှိလား စုသက်ရည်"

စုသက်ရည် ခေါင်းငုံ့အကျမှာ မျက်ရည်စက်တစ်ပွင့် လွင့်ခနဲ စဉ်ကျသည်။

"ဟင် ... မငိုပါနဲ့ စုသက်ရည်၊ ဘာဖြစ်သလဲ၊ ကျွန်တော့်ကို ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ"

စုသက်ရည် ခေါင်းငုံ့ဆဲ။ စုသက်ရည်၏ မျက်ဝန်းတူရှုသို့ ဖြိုးပါ လိုက်ငုံ့ကြည့်မိသည်။ ကော်ရစ်ဒါကြမ်းပြင် သမံတလင်းပေါ်သို့ မျက်ရည်စက်များ တစ်ပေါက်ပြီးတစ်ပေါက် ကျနေရှာပါလား။

"စုသက်ရည်"

ဖြိုး မနေနိုင်ပါတော့။ စုသက်ရည် လက်ဖျားကလေးကို လှမ်းဆွဲသည်။ မေးဖျားကို ဆွဲမော့သည်။ လက်နှစ်ဖက်စလုံး အလုပ်ရသွားတော့သည်။ ပါးပြင်ပေါ်မှာ မျက်ရည်စီးကြောင်းများနှင့်ပေမင့် စုသက်ရည် ပြုံးလာသည်။ ပြုံးရိပ်ဆင်ပါသည့် ငိုမျက်ဝန်းတို့သည် စိန်နှစ်ပွင့်အလား ထင်မှတ်မှားရပါ၏။

"ဘူးသီးကြော် မကျွေးတော့ဘူးလား အစ်ကို"

"ဟာ ... သိပ်ကျွေးတာပေါ့ စုသက်ရည်"

ကိုဦးရေ ... နက်ဖြန်ကျရင်တော့ ခင်ဗျားကို ကုန်းပိုးပြီး အစ္စာတစ်ပတ် ပတ်မယ်ဗျ၊ ရင်ထဲမှ အော်ပြောရင်း စုသက်ရည် လက်ကလေးကို ပိုင်ပိုင်မြဲမြဲ ဆုပ်ကိုင်သည်။

စုသက်ရည်၏ မျက်ဝန်းများမှာ ဖြိုးလိုချင်သည့် အဖြေကို ရှာတွေ့ရှိရသည် မဟုတ်လား။ ရိုးသားအေးဆေးပေမင့် ဖြိုး မှားကြီးမဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ... ဖြိုးတဲ့ သိတယ် မှတ်လား၊ လူလည်ကြီးသား သမီးလေ၊ မိန်းကလေးတစ်ယောက်ကို လက်ဆွဲ၍ ချစ်သူ့နယ်မြေ အင်းလျားရင်ခွင်သို့ တွဲခေါ်ခဲ့ပါပြီတည်း။

※ ❧ ※

"ရော့ .. စားလေ စုသက်ရည်"

ဘူးသီးကြော်ကို တစ်ကိုက်စာ အနေတော်ဖဲ့၍ အချဉ်ရည် ကလေးတို့ပြီးမှ ပါးစပ်ထဲသို့ ခွံ့ပေးရန်ပြင်သည်။

"ပါးစပ်ဟာလေ"

"ဟင့်အင်း ... လူတွေနဲ့"

"ရှိ ဘာဖြစ်လဲ"

"ရှက်တယ်"

"မရှက်ပါဘူး၊ သူတို့လည်း တူတူပဲဟာ"

သည်အချိန်တော့ အင်းလျားမှာ အတွဲကလေးများ စည်ကား လေ့ရှိပါသည်။ အဆောင်နေ မိန်းကလေးများ ကိုယ့်ဧည့်သည်ကို အဆောင်မှာ ဧည့်မခံဘဲ အင်းလျားစောင်းမှာ ဧည့်ခံကြသည်လည်း ရှိသည်။ အင်းလျားစောင်းမှာ ဧည့်ခံသည်ဆိုကတည်းက မည်သို့ သော ဧည့်သည်မျိုးပါနည်း။ စဉ်းစားစရာ လိုမည်မထင်ပါ။

မိုးကောင်းကင်ကို ကြယ်တာရာများနှင့် တန်ဆာဆင်ထား သည့်နယ်၊ အင်းလျားစောင်းကို ချစ်သူစုံတွဲကလေးများက တန် ဆာဆင်ထားပါသည်။ အင်းလျားသည် ပန်းချီကားတစ်ချပ်ဟု ဆိုပါစို့။ မောင်နှံငှက်ကလေးများကဲ့သို့ တောင်ပံယှက်နေကြသည့် သူများက ဆေးစက်ကလေးများနှင့် တူပါသည်။



"အချဉ်ရည်က သိပ်များစပ်နေသလားဟင်"

"မစပ်ပါဘူး၊ ဘာဖြစ်လို့လဲ"

"စုသက်ရည် မျက်ရည်ဝဲနေသလားလို့"

"ဘယ်မှာဝဲလို့လဲ"

စုသက်ရည်က မျက်စောင်းကလေးထိုး၍ ပြောသည်။

"မိန်းမလှကလေးတွေ မျက်စောင်းထိုးရင် ပိုလှတယ်ဆိုတဲ့ စကားကို ခုမှပဲ ယုံတော့တယ်"

"ဘယ်မှာလှလို့လဲ"

လှပါတယ်ဆိုမှ မျက်စောင်းကို ထပ်ထိုးပြနေသည်။

"မျက်စောင်း ခဏခဏထိုးပြမနေနဲ့၊ ပြည့်ဖြိုးဝေကိုယ်တော် ကြီး ရူးနှမ်းလျှောက်တော့မှာနော့"

"အာ ... ဘာတွေ လျှောက်ပြောနေတာလဲ"

"ချစ်လို့"

"ဟော့ဒီ အစ်ကိုဟာလေ"

"ဘာလဲ ... ချစ်တဲ့အကြောင်း မပြောရဘူးလား"

"မပြောနဲ့ပေါ့"

"ချစ်တဲ့အကြောင်း မပြောရရင် ကြိုက်တဲ့အကြောင်း၊ မြတ်နိုးတွယ်တာတဲ့အကြောင်း၊ စုံမက်တဲ့အကြောင်း၊ နှလုံးသား ထဲမှာ ဝင်ရောက်ပုန်းအောင်းနေတဲ့ မေတ္တာအကြောင်း"

"တော်ပါ ... သူ ဝေါဟာရကြွယ်ကြောင်း ကြွားနေတာ"

"အချစ်အကြောင်း သိကောင်းစရာများလို့ ဗဟုသုတဖြစ်စေ လို့"

"အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ပျော်လား"

"သိပ်ပျော်"

"အစ်ကိုရေ"

"ဗျာ"

"စုသက်ရည်လေ အစ်ကို့ဆီ ဘာဖြစ်လို့ လိုက်လာသလဲ သိလား"

"သိသားပဲ"

"ပြောပါဦး"

"ပြည့်ဖြိုးဝေဆိုတဲ့ ဖွဲ့သမားလေးကို ဆုတွေချမလို့ လိုက်လာတာ"

"သွား ... ဟုတ်လည်း ဟုတ်ပဲနဲ့"

"စုသက်ရည်က အစ်ကို့ကို ဘယ်တုန်းကစပြီး ချစ်တာလဲ၊ ဟင်"

"ချစ်တာကတော့ အင်းလျားမှာ ပထမအကြိမ် ဘူးသီးကြော်စားတုန်းကလို့ ထင်တာပဲ"

"ဒါနဲ့များ"

"ဩော် ... အစ်ကိုရယ်၊ စုသက်ရည်က မိန်းမသားပါ၊ တွေးတော ဆင်ခြင်စရာတွေ အများကြီး ရှိပါတယ်၊ ချစ်သူချင်း လမင်းမှာ ဆုံတယ်လို့ ပြောကြတယ် မဟုတ်လား၊ ခဏ ခဏ မျက်နှာပြောင်းရတော့လည်း လမင်းကြီးကို ရှက်တယ်"

"အဲဒီလို မပြောနဲ့ကွယ်၊ ဒါကို မျက်နှာများတယ်လို့ မခေါ်နိုင်ပါဘူး"



"စုသက်ရည်လေ အစ်ကို့ကို ချစ်လွန်းလို့ လိုက်လျောရတာပါ၊ စုသက်ရည်ရဲ့ ဆန္ဒက အချစ်တွေကို ရင်ထဲမှာပဲ သိမ်းထားတော့မလို့"

"ဘယ်ရမလဲကွာ၊ သက်ရောက်မှုတိုင်းမှာ တူညီသော တုံ့ပြန်ချက် ရှိတယ်မဟုတ်လား၊ ဒီဘက်က အချစ်ဆွဲငင်အားက လည်း နည်းနည်းနောနောမှ မဟုတ်တာ၊ ကောင်မလေးတစ်ယောက် လိုက်လာရတာပဲ ကြည့်တော့"

"စုသက်ရည်ကို စိတ်မနာဘူးလား"

"ဘာလို့ နာရမှာလဲ"

"အခုတင်းလိုက် အခုလျှော့လိုက်နဲ့"

"ကိုယ့်အချစ်က သားရေကြိုးလိုပဲ၊ သားရေကြိုးချစ်သူ ... အောင့်သည်းအူ"

"စိတ်မပျက်ဘူးလား"

"မပျက်ပါဘူး၊ ချောတိုင်တက်တဲ့ လူလိုပေါ့၊ အမြင့်ကို ရောက်သွားလိုက် ပြန်လျှောကျလိုက်နဲ့၊ အစ်ကိုက အချစ်ချောတိုင်တက်သမား"

"အစ်ကို့ကို သိပ်သနားတာပဲ"

"စုသက်ရည် ဆယ်တန်းတုန်းက ဘောဂဗေဒ သင်ရတယ် မှတ်လား"

"အင်း"

"အရင်းရှင်တွေအကြောင်း သိတယ်မှတ်လား"

"ခေါင်းပုံဖြတ်တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"အရင်းရှင်ခေတ်မှာ အလုပ်သမားတွေရဲ့ဘဝဟာ ခေါ်သည့်အခါသွားရ၊ နှင်သည့်အခါ ပြန်ရနှင့် မတည်မငြိမ် ဖြစ်ကြရသည်တဲ့"

"အစ်ကိုက ခနဲ့တာပေါ့လေ"

"အစ်ကို့ဘဝဟာလည်း စုသက်ရည် အလုပ်ဖုရားမရဲ့လက်ခုပ်ထဲမှာ လူးလာဆန်ခတ်၊ ကပြောင်းကပြန် ဖြစ်ရသည်တဲ့"

"အစ်ကို့ကို မေ့လိုက်ပါလို့ ပြောသားပဲ"

"အလုပ်သမားတွေဟာလည်း အခမ္မစေခိုင်းတဲ့စနစ်၊ မရှိပေမယ့် သူတို့ရဲ့ စားဝတ်နေရေးအတွက် သူတို့ရဲ့လုပ်အားကို အရင်းရှင်ဆီမှာ သွားမရောင်းဘဲ နေမှမနေနိုင်တာ၊ အခုလည်း ... စုသက်ရည်က မေ့လိုက်ပါလို့ ဘယ်လိုပဲပြောပြော အချစ်ဘဝရပ်တည်ရေးအတွက် စုသက်ရည်ဆီမှာ အချစ်တွေကို လာပုံမပေးဘဲ နေမှမနေနိုင်တာ"

"စကားတတ်တိုင်း ပြော"

စုသက်ရည် မျက်စောင်းထိုးပြန်သည်။

"လှလိုက်တဲ့ မျက်စောင်းသိုင်း"

"အို ... မျက်စောင်းထိုးတာ သိုင်းမှမဟုတ်တာ"

"အဲဒါလည်း သိုင်းတစ်မျိုးပဲ၊ တစ်ဖက်သားရဲ့နှလုံးသားကို လာရောက်တိုက်ခိုက်တယ်"

"အစ်ကို့ကို မေးမလို့"

"မေးစေသတည်း"

"စုသက်ရည်ကိုလေ ..."

"ပြော"



"အစ်ကိုက ဟို ... ချစ်တယ်လို့ ပြောတာလေ"

"အဲဒါ ဘာဖြစ်လဲ၊ အရင်ကလည်း ချစ်တာပဲ၊ အခုလည်း ချစ်နေတယ်၊ နောက်လည်း ဆက်ချစ်နေဦးမှာပဲ"

"အစ်ကို လက်ထပ်နိုင်မှာလား"

"မိန်းကလေးတစ်ယောက်ကို လက်မထပ်နိုင်ဘဲ အပျော်ချစ်တယ်ဆိုတာ ယောကျ်ားစုတ်၊ ယောကျ်ားမှဲ့၊ ကြာကူရှိအချောင်သမား ... အယုတ်တမာ"

"အို ... တော်ပါတော့"

"အစ်ကိုက အဲဒီလို လူစားမျိုး မဟုတ်ဘူး"

"စုသက်ရည်က မုဆိုးမမို့ သေချာအောင် မေးရတာပါ"

"သောနုတ္တိုရ်ကြီးကိုယ်တိုင်မခဲ့လည်း ချစ်မိမှတော့ မခွဲချင်[illegible] စုသက်ရည်"

စုသက်ရည်က ခစ်ခနဲ ရယ်သည်။

"လာပြန်ပြီကွယ့် အရယ်သိုင်း၊ အဲဒါလည်း နှလုံးသားကို [illegible]နှက်သတ်ပုတ်ခြင်း တစ်မျိုးပဲ"

"စုသက်ရည်လေ ... အစ်ကို့ကို"

"သိပ်ချစ်တာပဲလားဟင် ... စုသက်ရည်"

စုသက်ရည် ခေါင်းကလေး ညိတ်ပြသည်။

"ဟောကွာ ... လူမြင်ကွင်းကြီးမှာ"

[illegible]ဘာ ထခုန်မတတ် ဝမ်းသာအားရ ပြောသည်။

"ဘာဆိုင်လဲ၊ ချစ်တယ်ဆိုတာ လူမြင်ကွင်းမှာ ပြောလို့ [illegible]"

"ရတော့ ရတာပေါ့၊ ဒါပေမဲ့ မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုစကားကလည်း"

"စကားတော့ ပြောလို့ရတယ်၊ ကျိုးပွဲပြီး မွေ့ယမ်းပစ်လိုက်ချင်တာ၊ အဲဒါ မရဘူး"

"ပျော်လားဟင် အစ်ကို"

"အပျော်လွန်ပြီး အခိုးအငွေ့တောင် ဖြစ်တော့မယ်"

"ဒီထက် ပိုပျော်စရာကို ပြောဦးမယ်"

"မနက်ဖြန် လက်ထပ်ရမယ်လား"

"မဟုတ်ပါဘူး ... ဒါက၊ အစ်ကို ကျောင်းပြီးမှ"

"ဒါဖြင့် ဘာလဲ"

"စုသက်ရည်လေ ... ဟို ..."

"ပြောကွာ ... စိတ်မရှည်ဘူး"

စုသက်ရည်က ရှက်ကိုးရှက်ကန်း ဖြစ်နေသည်။ နှုတ်ခမ်းကလေးပွင့်ရုံ၊ လှုပ်ရုံကလေး တိုးတိုးတိမ်တိမ် အသံကလေးဖြင့် ပြောသည်။

"စာချုပ်မှာ လက်မှတ်ထိုးပြီး လက်ထပ်ခဲ့ပေမင့် တကယ် အိမ်ထောင်မကျခဲ့ပါဘူး အစ်ကို"

"ဘယ်လို"

"ဥပဒေကြောင်းအရ မုဆိုးမလို့ ခေါ်နိုင်ပေမယ့် စုသက်ရည် အပျိုပါ အစ်ကိုရယ်"

"ဩော် ... ကွယ်"

စုသက်ရည်က ခေါင်းကလေး ငုံ့သွားသည်။ ဖြိုး ရင်ထဲမှာ လှုပ်ရှားသွားသည်။ ပျော်သည်။ ပို၍ပျော်သည်။ အပျော်ဆုံး ...

"ယုံရဲ့လား အစ်ကို"



"ယုံပါတယ် စုသက်ရည်"

"မမေက စာချုပ်မှာ လက်မှတ်ထိုးပြီး လက်ထပ်ခိုင်းပေမယ့် တကယ် အိမ်ထောင်မကျရဘူးတဲ့၊ အဲဒါ ... ဟို ... ကိုကိုကလည်း နားလည်ရှာပါတယ်၊ လိုက်လျောရှာပါတယ် အစ်ကို"

"အစ်ကို ယုံပါတယ်ကွယ်"

"အစ်ကို ပိုပျော်သွားလားဟင်"

"နည်းနည်းတော့ ပိုပျော်ပါတယ် စုသက်ရည်၊ ဒါပေမဲ့ စုသက်ရည်က ပြန်ချစ်ပါပြီ ဆိုကတည်းက သိပ်ပျော်ခဲ့တာရယ်၊ ကိုယ် ခွင့်လွှတ်ကြည်ဖြူပြီးသား အစိတ်အပိုင်း ဖြစ်နေတာရယ်ကြောင့် နှစ်အောင်စလောက်ပဲ ပိုပျော်တယ်"

ဖြိုးက မချိုမချဉ် ပြုံးပြသည်။ စုသက်ရည်က ဘူးသီးကြော်ခြင်းကန် တင်ထားသည့် စားပွဲခုံကလေးအောက်မှ လက်လျှိုကာ ဖြိုးကို လှမ်းဆိတ်သည်။

"အား ... မမေ့ချွေးမ ဖြိုးကို နှိပ်စက်နေပြီဗျ"

"အစ်ကို့ မမေက ကြည်ဖြူမှာလား အစ်ကိုရယ်"

"မမေနဲ့က ပြေပြီးသားပါကွယ်၊ ခက်နေတာက ကြီးကြီးမေပါ၊ အခုဆိုရင် ကြီးကြီးမေနဲ့ ပတ်သက်တဲ့ အစိတ်အပိုင်းပါ ပြေလည်သွားပါပြီ"

ဖြိုးက ကြီးကြီးမေ စကားများကို ပြန်ပြောပြသည်။ "အပျိုစင်ဆိုရင် တစ်ခါတည်း ထမ်းခေါ်ခဲ့"ဆိုသည့် စကားများ။

"စုသက်ရည်လေ အစ်ကို့ကို တွယ်တာစိတ်နဲ့ ချစ်ခဲ့ပေါ့ကတည်း ဒါပေမဲ့ ကိုကို့အပေါ် သစ္စာဖောက်ရာကျမှာစိုးလို့ ရင်ထဲက အချစ်သစ္စာကို သိမ်းထားခဲ့တာပါ၊ ဆွမ်းကျွေးတဲ့နေ့ကမှ ..."

www.burmeseclassic.com

www.burmeseclassic.com



"မိုးငြိမ်း သာသနာဖျက် ရောက်လာလို့ မဟုတ်လား"

"မိုငြိမ်းအေးနဲ့ သိပ်အဆင်ပြေမယ့် အစ်ကိုဘဝကို ချောမော သာယာပါစေဆိုပြီး ရှောင်ပေးလိုက်တာပါ၊ စုသက်ရည် ဘယ်လိုပဲ ရှောင်ရှောင် အစ်ကိုတို့ချင်း အဆင်မပြေဘူး ဆိုတော့မှ ..."

"ဘာလို့ ခုထိကြာအောင် အချိန်ဆွဲရတာတဲ့တုန်း"

"မမညိုက သူ့ အစ်ကိုနဲ့ စကားပြောကြည့်ချင်သေးတယ် ဆိုပြီး စုသက်ရည်တို့အိမ်ကို အစ်ကို နောက်ဆုံးလာတဲ့နေ့က ဖိုင်နယ်အင်တာဗျူးလေ"

"မြင်ဘက်မရှိ ပန်းဝင်တယ်လား"

စုသက်ရည်က ခေါင်းညိတ်ပြသည်။

"လေးလေးနဲ့ ဘကြီးခက်ကတော့ အစ်ကိုဘက်က ဖြစ်နေတာ ကြာလှပါပြီ"

"ဒါနဲ့များ ..."

"ဪ ... အစ်ကိုရယ်၊ စုသက်ရည်က မိန်းမသားဆိုတော့ စဉ်းစားနိုင်မှ တော်ရုံကျမယ် မဟုတ်လား"

"ကိုယ်တို့ယောကျ်ားတွေကျတော့ကော ဆူးပေါ်ဖက်ကျလဲ ဆူးကျိုး၊ ဖက်ပေါ်ဆူးကျလည်း ဆူးကျိုး ... တဲ့"

"သွား ..."

စုသက်ရည်က ပြုံးပြုံးကလေး စိုက်ကြည့်နေပြသည်။

"ဒီနေ့ကစပြီး အစ်ကိုလို့ မခေါ်နဲ့တော့"

"အစ်ကိုဆိုတာ ကောင်းသားနဲ့"

"မောင်မကြိုက်ဘူး အချစ်ရဲ့"



"ဟော ... ဒါက ဘယ်လိုဖြစ်သွားရတာလဲ"

"မောင့်ကို မောင်လို့ခေါ်ရမယ်"

"ခေါ်ရဲပါဘူး၊ ရှက်တယ်"

"မောင့်မှာလည်း အောက်ချင်းငှက်ရဲ့ မေတ္တာမျိုးနဲ့ပါ၊ စုသက်ရည်ကို မရလို့ သူများကို အစားမထိုးနိုင်ပါဘူး၊ အခု ဆုံပြီလား"

"ယုံပါပြီ မောင်ရယ်"

"ဒီကမ္ဘာမှာ စုသက်ရည် သက်ရှိထင်ရှား ရှိနေသမျှ ကာလပတ်လုံး သေတစ်ပန် သက်တစ်ဆုံး သစ္စာမြဲသွားမယ် ဆိုတာကိုရော"

"ယုံပါတယ် မောင်ရယ်"

"ကဲ ... ထ ပြန်ကြစို့၊ စုသက်ရည် ပြန်ချင်နေပြီ၊ မောင် သိတယ်၊ မနက်ဖြန်ကျတော့မှ တွေ့ကြမယ်၊ မောင်လည်း ပြန်မှ ဖြစ်မယ်၊ နောက်ထပ် ဆယ့်ငါးမိနစ်လောက် ဆက်ကြာနေမိရင် မောင်ပြန်ပို့မိမှာ မဟုတ်တော့ဘူး"

ဖြိုးက ထရပ်သည်။ လက်ကမ်းပေးသည်။ စုသက်ရည်က ဖြိုးသက်ကို လှမ်းဆွဲ၍ အားယူထသည်။ လက်သန်းများကလေး ချင်းချိတ်ကာ ယှဉ်၍လျှောက်လာကြသည်။ ကားမပါသောကြောင့် လမ်းကြောင်း ပြန်ကြရပါမည်။

ခုတော့ လက်တွဲမပျက် လျှောက်လှမ်းလာကြသည်။ အင်းလျားကန်ကျောင်းက သာယာလွန်းသည်။ လေပြည်ကလေးများမှာ အချစ်နံ့ကလေးများ ကြိုင်နေသည်။ ရေပြင်အနှံ့၊ အချစ်ရည်များ ဆင်းဆင်းချော်ဝင်နေသည်။ သစ်ပင်ကြီးငယ်တိုင်းမှာ အချစ်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



ကလေးများ ပွင့်နေကြသည်။ မြေပြင်ပေါ်မှာ အချစ်မှုန်ကလေးများ ပြန့်ကျဲနေသည်။ မိုးကောင်းကင်မှာ အချစ်တိမ်ထုကြီးများ လွှမ်းခြုံထားသည်။

အချစ်ကမ္ဘာကြီးပေါ်မှာ ရှိသမျှ သက်ရှိသက်မဲ့ မှန်သမျှ အချစ်စိတ်များ မိုးမွှန်နေကြပါသတည်း။

စာချစ်သူတိုင်းကိုချစ်တဲ့

နေနွယ်ဇင်မြင့်

www.burmeseclassic.com